www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရှောင်ပြိုင်

မဂ္ဂဇင်း

ဣန္ဒာသဃ လိုတိုင်းရ ဂါထာ (စာ-၆၃)






Graphic;
Soe
Win
Htun


- သမိုင်းထွန်းပြောင် ရွှေနတ်တောင် (စာ-၃၅)
- လိုအင်ပြည့်ဝ ရွှေနတ်မ (စာ-၄၀)
- ပထမ်ထွက်ရပ်ဝင်ရပ် ရွှေနတ်မကျင့်စဉ် (စာ-၄၃)
- ရှိုးပူဇော် ဖျည်းလေ့စမပုံတော် (စာ-၄၆)
- ဘေးအန္တရာယ် ကြောင်နှင့်ကွယ် (စာ-၅၅)
- ဣန္ဒာသဃ နေသိဒ္ဓိ ငွေလာဘ်ခေါ်ယတြာ (စာ-၆၁)


www.burmeseclassic.com

www.burmeseclassic.com

**လာဘ်မိုးစွေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘာတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မင်္ဂလာစွယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၆-ခုနှစ်၊ ဇူလိုင်လ၊ အမှတ် (၂၇၀)

မောင်မောင်မြင့်အေး စီစဉ်မှုမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်
အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၃၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်
စာအုပ်ချုပ် - ရှုကီး။ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - အောင်နိုင်လတ်၊ စံလွင်မောင်၊ ဖိုးအောင်၊ ကိုကိုကြီးတို့က ပန်းချီခွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း။ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း။ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ။ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ။ ထူးခြားသော စေတီပုထိုးများ။ ရဟန်းသံဃာများအကြောင်း။ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ။ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း။ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း။ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

မဂ္ဂပစ္စယော

မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၊ အမှတ် (၂၇၀)

# မာတိကာ

## ရောင်ပြန် ကဗျာ

ဖျာပုံနီလုံဦး၊ မောင်မိုးလှိုင်(သစ္စာမြေ)၊ မောင်ခင်မှိုင်း(ချောက်)၊
ရဲမြင့်နောင်၊ တက်လူ၊ ကိုရိုးမြတ်(ရဘဲမြေ)၊
သွေးရည်၊ အောင်သျှင်သူ(မဟာမြေ)

## ရောင်ပြန် အခန်းဆက်ရသ


တေဘုမ္မာဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု(၁၉)
မောင်ဟိန်းကျော် ——— ၁၈၈

မွန်းတည့်ချိန်မှာ အရိပ်ရှာသူ(၁)
ကျော်မြသန်း ——— ၂၀၂

ဂန္ဓီရမိုးကောင်းကင်မှ ကြယ်စင်(၃)
မြနန်းရှင် ——— ၂၁၄

တောကြီးတစ္ဆေ(၃)
တာတေကြီး ——— ၂၂၈

ဘဝအသချေ(၁)
မင်းသိမ် ——— ၂၃၈






စာ- ၂၃၈

ထူးခြားဆန်းပြားသည့်

## နိုဗြောစာဗျာဒိတ်ပေး

ပုဒ္ဓဝင်ဘုရားပွဲတော်

■ ညွန့်ညွန့်



စာ-၂၉

## သစ္စာဝါဒီ ဘိုးဘိုးကြီး

ဟိန်းထက်ချွန်





စာ-၆၉

## အာဟာရပြည့်၊ ဆေးဖက်ဝင်

## စားပင်သီးနှံများ

■ သုတေသီသရုပ်ပြ

စာ-၁၉၈





www.burmeseclassic.com


www.burmeseclassic.com

# ခရီးဆုံးမှတ်တိုင်

ဖျာပုံ နီလုံဦး

* ဘယ်ခရီး
မိုင်တိုင်အထိ
လျှောက်နေရမည်
ငါမသိ။

* ငါသိသောအခါ
ဇရာဒုလ္လဘ
အနိစ္စ။ ။




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အဖေနဲ့ သား

## မောင်မိုးလှိုင်(သစ္စာမြေ)

* ဇာတ်အစဉ် မသွေလွဲတဲ့မူ
(သတ်ရင်သေရဲတဲ့သူ)
တစ်ချိန်တစ်ခါက ရာဇဝင်အဖြေ
ဗိမ္ဗိသာရ ဘုရင်'အဖေ'။

* ဘဝဇာတ်ဇယားမှာတော့
အဖသတ်သားရယ်လို့
နံပါတ်တစ်စွဲကာ ကမ္ဘာပတ်
အဲဒါ (သား)အဇာတသတ်ပေါ့။ ။




www.burmeseclassic.com

www.burmeseclassic.com




# ရွှေသမင်

သွေးရည်

- သူယောင်ဆောင်
အပူကောင် နေတာ်လျှပ်ကိုလာ့
ရေမှတ်လို့ဆင်း။

- နွှေမင်းမူ
မြေသင်းပူကာ ဆူတော့
အလျှံတာလူလူ ဝင်းပါလို့
နေပူပူ လေထုတွင်းမှာ
အလင်းယိုင်ခြင်း။ ။

www.burmeseclassic.com

www.burmeseclassic.com

# ကယ်တင်စောင်မ မြတ်ဗုဒ္ဓ

အောင်သျှင်သူ(မဟာမြေ)



* မြင်ကြားနံ့ ရသာအထိကိုလ
သင်ပါးကြံ မျှရှာအသိယူဖို့
သတိမူလို့ဖြင့် နည်းရှာဖွေ။

* ဖောက်ပြန်တာ ရုပ်နာမ်အစစ်ပါဗျ
ရောက်ခန္ဓာ ပုပ်နံ့မညစ်ခင်ပေါ့
တွေးစစ်ကာ ဉာဏ်တရားတွေနဲ့
ခံစားမြင် အသိယှဉ်လို့
ထိဝင်ထွက်လေ ရှုအရှိုက်ကိုဖြင့်
ထူပိုက်စွာ တစ်ဖုံကြံလို့
ဝိပဿနာ ဉာဏ်တရားကို
ပွားများဖို့လေ။

* အစုန်လမ်းကိုဖြင့်
စုံကန်းသူ အလျှောက်များပါဘိ
ဖောက်ပြားရာ ခါခါလည်၍
မာယာကြွယ် မောဟဖုံးတာကြောင့်
ရှောင်ပုန်းလို့ မရပေ
ဘဝအခြေက အတ္တများ။

* မြတ်ဘဂဝါ
မှတ်စရာဒေသနာဖြင့်
ဝေဒနာ သည်သဘောရယ်လို့
ထုတ်ဟောကာ အလင်းဆောင်၍
မလင်းမှောင် အနုသယများကိုဖြင့်
ဒုက္ခတရားအစဉ်ဖယ်ပြီး
ကယ်တင်ကာ နိဗ္ဗာန်ခရီးကို
မငြီးဖွယ်တရားရယ်နဲ့
(ကွယ်) အပြီးသယ်သွား။ ။

www.burmeseclassic.com

www.burmeseclassic.com



# ရေတေးသင့်သူ

တက်လှ

* ရေရှူးငယ်မြူးသနှင့်
ဘီလူးငဲ့အားမာန်
ဂယ်ပေါက်ကယ်သန်သည်
နယ်ကြောက်ကန် ငါ့မြေရပ်ဆီက
လေကပ်စွာ မိုးစွေမြင့်လျှင်
ရေဘေးသင့်ရနော်အငေး။

* ညဥ့်သန်းခေါင်ငယ်၊ လရောင်မထိုး
ကြယ်ကွယ်လျှိုးနှင့်၊ လေမိုးထန်ရှာ
ရေဖြိုးသန်စွာလည်း၊ ညံစာမွှေဟာစ်
ဗလပွေရစ်လို့
ပြေပြစ်ကယ် ရွာအို
လာဖြိုလွှမ်းရေ၊ ကြမ်းသလေကြုံတွေ့
ဘုံဓလေ့ရယ်က၊ ဆုံရွှေ့ငယ်ဘေးဒဏ်
အပြေးသွန်လည်း
အဝေးကျန်ရှာ၊ ဟိုတစ်ရွာက
ခေါ်မလာမလို။ မျှော်ကာသာငိုမိတယ်
နေညိုစ ဆည်းရီကို
တည်းအမှီ ရေအီချက်ကယ်က
သွေဖည်ရက်ကို သူမပေးလို့
ဆွေးလှတယ်လေး။

**(တောင်မြို့ရွာ၊ မာန်ကျီးကုန်းရွာ၊ တလိုင်းကျွန်းရွာ၊
မူးသာရွာ၊ ညောင်ပင်ရှည်ရွာ)**

www.burmeseclassic.com

www.burmeseclassic.com

# လှဲတဲ့ကံ

## ကိုရိုးမြတ် (ရဘဲမြေ)



- “မိုးရွာတုန်း ရေခံ” . . . တဲ့ အားမာန်အပြည့်နဲ့ ရေခံဖို့ ပြေးထွက်ခဲ့။
- ရေတံလျှောက်အောက် ရေပုံးရောက်မှ ရေပေါက်မကျ မိုးကတိတ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ရောက်ကြဖူးသလား၊
# ဧေယျာရွှေမြေ

## မိုးမြင့်လွင်

ဆုတောင်း ပြည့်ခဲ့ပါလေပြီ။


တကယ်ပင် ပြည့်ခဲ့ပါသည်။ ပထမတစ်ခေါက် ၂-၁-၂၀၁၆ နေ့ အထက်မြန်မာပြည် စစ်ကိုင်းမြို့ရောက်စဉ် စစ်ကိုင်းတောင် ပုညရှင်တောင်ကုန်းထက်တွင် ရွှေရောင်အဆင်း ဝင်းဝင်းပပ သပ္ပာယ်စွာသော ဆွမ်းဦးပုညရှင် စေတီတော်မြတ်ဘုရားထံတွင် စာရေးသူ ကျွန်တော် ဆုနှစ်ခု တောင်းခဲ့ပါသည်။

စစ်ကိုင်းမြို့ဈေးမှ သစ္စာပန်းတွေ ဝယ်ပြီး မြို့ခံ ကဗျာဆရာ မောင်ရိုးမြတ်ဆိုင်ကယ်နှင့် ဆွမ်းဦးပုညရှင်စေတီအား သွားရောက်ဖူးမြော်ကြသည်။ အာရုံခံတန်ဆောင်းတွင် စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား သစ္စာပန်းတွေ လှူဒါန်းကာ ဆုနှစ်ဆုကို ပန်ပါသည်။

အရှင်မြတ်ဘုရား တပည့်တော် ဤသစ္စာပန်းများ လှူဒါန်းရသော အကြောင်းအားကြောင့် ဤစစ်ကိုင်းတောင်၊ မင်းဝံတောင်ရှိ စေတီပုထိုးများကို ပြန်လည်ဖူးမြော်ရပါလို၏ ဘုရား။

နောက်တစ်ခုကတော့ မိမိလိုရာ ဆန္ဒကို ရည်ရွယ်မှန်း၍ ဆုပန်ပါသည်။

အမှန်မှာ စာရေးသူ၏ ခရီးစဉ်သည် စစ်ကိုင်းသို့ မဟုတ်ပါ။ မန္တလေးမြို့သို့ဖြစ်သည်။ မန္တလေးမြို့ရှိ ခေတ်ဟောင်းအဆိုတော်ကြီးတစ်ဦးဖြစ်သည့်



ဆင်ဘိုးစေတီတော်



www.burmeseclassic.com

www.burmeseclassic.com



**ဆင်ဘိုးရှစ်ပွားတော်မြတ်**

အမေစိမ်း(တေးသံရှင် မစိမ်းစိမ်း)အား ကန်တော့ရန်ဖြစ်သည်။ တစ်ဆက်တည်းပင် စစ်ကိုင်းမြို့သို့ ရောက်ရှိပြီး ဆွမ်းဦးပုညရှင်စေတီတော်မြတ်နှင့် စစ်ကိုင်းတောင် စစ်ကိုင်းချောင်နှင့် မင်းဝံတောင်ပေါ်ရှိစေတီပုထိုးများ ဖူးမြော်ခွင့်ရရှိခြင်းဖြစ်သည်။

မန္တလေး စစ်ကိုင်းမှ ၇-၁-၂၀၁၆ နေ့တွင် ဇာတိမြို့ဖြစ်သည့် ပဲခူးမြို့သို့ ပြန်ရောက်လာသည်။ ပဲခူးသို့ ရောက်လျှင်ရောက်ချင်း အိမ်သို့ တန်းမပြန်သေးဘဲ ရွှေမော်ဓော ဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်သို့ ကိစ္စတစ်ခုဖြင့် ဝင်ပါသည်။


ထိုအချိန်တွင် စာရေးသူ၏ နောက်မှ "ဟေ့… စာရေးဆရာ၊ ခင်ဗျား ဒုလ္လဘဝတ်ဖို့ဆို ဘယ်တော့ဝတ်မှာလဲပြော။ ကျုပ် ရဟန်းဒါယကာဖြစ်ချင်ပြီ"ဟု ပြောသော စကားသံကို ကြားလိုက်ရပါသည်။

လှည့်ကြည့်လိုက်တော့ ပဲခူးဥဿာမြို့သစ် ချမ်းမြေ့ဆေးခန်းမှ မိတ်ဆွေ ဒေါက်တာငွေးအောင်ဖြစ်နေသည်။

အချိန် ရက်လတော့ ကြာခဲ့ပါပြီ။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် သူ့ကို ကျွန်တော် စကားစဖူးသည်။

ဆရာ ကျုပ် ရဟန်းဝတ်ချင်တယ်ဗျာ။ ဒုလ္လဘပေါ့။ တစ်သက်လုံးတော့ မဟုတ်ဘူးနော်။ ဝတ်ရင်လည်း ဆရာလည်းအကျိုးရှိ ဒကာလည်း အကျိုးရှိဝတ်မှာ။ တရားအားထုတ်မှာနော့ဟု ဆိုသောအခါ ဒေါက်တာငွေးအောင်မှ ကျုပ် ရဟန်းဒကာလုပ်မယ် ဗျာဟု ကတိပေးဖူးပါသည်။

ကျွန်တော်မှ ဝတ်မယ်ဗျာ သကြံန်လောက်ပေါ့ဟု ဆိုသောအခါ သူက "ဟား…ဝေးတယ်။ ဒီတစ်ပတ်ထဲပြော"



**စစ်ကိုင်းတောင်ပေါ်အတက်သိမ်း**

www.burmeseclassic.com

ဟု ဆိုလာပါသည်။

ဒီတစ်ပတ်ထဲဆိုလည်း စနေ၊ တနင်္ဂနွေကျတဲ့ ၁၆/၁၇-၁-၂၀၁၆ နေ့ တစ်နေ့ရွေးဖျာဟု တစ်နေ့ထည်း ရက်ရွေးကြပါသည်။ သည်တော့ သူက "စနေ၊ တနင်္ဂနွေ ဆရာဝန်ညီလာခံရှိတယ်။ သောကြာနေ့ ၁၅-၁-၂၀၁၆ နေ့ လုပ်ဖျာ။ အဲဒီနေ့ ရဟန်းသောင်တက်။ အားလုံး ကျုပ်တာဝန်ယူတယ်။ ကြက်သားနဲ့ ငါးကြင်းပေါင်းကျွေးမယ်"ဟု သဒ္ဓါထက်သန်စွာ ဒေါက်တာငွေအောင်မှ ဆိုပါသည်။

သို့ဖြစ်၍ စာရေးသူ ကျွန်တော်၏ ဒုလ္လဘ ဉပသမ္ပဒကံဆောင်ပွဲသည် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်၌ သစ္စာပန်းများဖြင့် ပန်းဆီမီးကပ်လှူခြင်း၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပစ္စယာနိဒ္ဒေသ ရွတ်ဖတ်ပူဇော်ခြင်း၊ စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်းများကို ကပ်လှူပူဇော်ပြီး ညနေပိုင်းမှာတော့ စစ်ကိုင်းတောင် စစ်ကိုင်းချောင်တွင် တရားအားထုတ်ရန်အတွက် ပဲခူးဘူတာကြီးမှ မန္တလေးအမြန်ရထားစီး၍ ခရီးစတင်ထွက်ခဲ့ပါတော့သည်။

နောက်နေ့ ၁၈ ရက်နေ့တွင် မန္တလေးဘူတာကြီးမှတစ်ဆင့် စစ်ကိုင်းမြို့သို့ ရောက်ရှိပါသည်။ စစ်ကိုင်းမြို့မှ စာရေးဆရာ မောင်မျက်ရှင်မှ ကျွန်တော် တရားအားထုတ်မည့် ကျောင်းသို့ ကားနှင့်လိုက်ပို့ပေးပါသည်။

စစ်ကိုင်းတောင် ကျွန်တော် တရားအားထုတ်မည့် ချောင်သည် ပညာဇောတချောင်၊ မြစခန်းကျောင်းတိုက် ဖြစ်သည်။ ကျောင်းထိုင်ဆရာတော်မှာ မဟာစည်ကမ္မဋ္ဌာနာစရိယ သာသနဓဇဓမ္မာစရိယ အရှင်ဇဋိလ ဖြစ်သည်။

စာရေးသူ၏ ရဟန်းဘွဲ့မှာ အရှင်ပညာကိတ္တိဖြစ်ပြီး ဤတရာစခန်းတွင် သဗ္ဗာအဓိဋ္ဌာန်တရားအားထုတ်မည်ဖြစ်၍ လူသူဆိတ်ငြိမ်သော နေရာကိုရောက်သည့်ညနေ ၁၈-၁-၂၀၁၆ နေ့တွင် တိုက်အုပ်ဆရာတော် အရှင်ပညာတိက္ခ (သီတဂူဗုဒ္ဓတက္ကသိုလ်)မှ နေရာညွှန်ပြပါသည်။

ဆရာတော်လေး ညွှန်ပြသောနေရာသည် ပေသုံးရာခန့်မြင့်သော တောင်ကုန်းဖြစ်သည်။ တောင်ကုန်းထက်တွင် ဆင်ဘိုးစေတီတော်မြတ် ကိန်းဝပ်ပါသည်။ ကုန်းတော်ပေါ်မှ မျှော်ကြည့်လျှင် ဧရာဝတီမြစ်နှင့် စစ်ကိုင်းတံ တားကြီး၊ အနောက်တောင်ယွန်းယွန်းကိုကြည့်လျှင် ဆွမ်းဦးပုညရှင်စေတီ၊ သယမ္ဘူစေတီနှင့် လွမ်းစေတီတော်မြတ်တို့ကို ဖူးမြင်ရသည်။

စာရေးသူသည် ဤစေတီကုန်းကို အလွန်သဲသောကျသည်။ မြင့်လွန်း၍ ဘယ်သူမှမတက်ကြပေ။ တရားအားထုတ်သူများသာ တက်လေ့ရှိသည်ဟု သိရသည်။ ရောက်သည့်ညနေပိုင်းတွင် ကိုယ်ရင်လေးနှစ်ပါးနှင့် စေတီတော်အားတက်ရောက်ဖူးမြော်ရာ တောင်ဖက်မုခ် ဂန္ဓကုဋိတိုက်တွင် ဗုဒ္ဓဆင်းတုတော်တစ်ဆူ ဖူးမြော်ရသည်။ ရုပ်ပွားတော်မြတ်မှာလည်း လူသူမရောက်သောနေရာဖြစ်၍ အမှိုက်များ ပိုးအိမ်များနှင့် ညစ်ပတ်လို့နေသည်။ မနက်ဖြန်မနက် တရားအား မထုတ်မီ ရုပ်ပွားတော်မြတ်အား သန့်ရှင်းရေး ကုသိုလ်ပြုမည်။ ပြီးမှ တရားဆက်အားထုတ်မည်။ စိတ်ထဲမှာ ဆုံးဖြတ်ပြီး ကိုယ်ရင်လေးနှစ်ပါးနှင့်အတူ ပြန်ဆင်းလာခဲ့ကြပါသည်။

ဆင်ဘိုးကုန်းတောင်မှ ပြန်ဆင်းလာပြီးနောက် ကျောင်းတွင် ခေတ္တမျှအပန်းဖြေပြီး ကိုယ်ရင်လေးနှစ်ပါးနှင့်အတူ ဆွမ်းဦးပုညရှင်စေတီတော်မြတ်အား သွားရောက်ဖူးမြော်ပါသည်။

တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဆွမ်းဦးပုညရှင်ဘုရားတပည့်တော်၏ ပထမဆုတောင်း ပြည့်ပါပြီဘုရားဟု လျှောက်ထားကာ ကြည်ညိုစွာဖြင့် ဦးချကန်တော့လိုက်ရပါတော့သည်။

## ဆင်ဘိုးစေတီနှင့် ကျွန်ုပ်

၁၉-၁-၂၀၁၆ နေ့ နံနက် တနင်္လာနေ့။

ဤနေ့သည် စာရေးသူ ပေသုံးရာခန့်မြင့်သော ဆင်ဘိုးစေတီတောင်ကုန်းပေါ်သို့ အဓိဋ္ဌာန်တရားစခန်း စတင်ဝင်သောနေ့ဖြစ်ပါသည်။

အချိန်ကား နံနက် ၇း၃၀ နာရီ ဘုရားရှင်အားရေသပ္ပာယ်ရန် ရေသန့်ငါးဘူး။ သစ္စာပန်း။ မေမြို့ပန်းနှင့် သစ်သီးဆွမ်းများ အပါအဝင် ဖယောင်းတိုင်၊ အမွှေးတိုင်၊ သန့်ရှင်းရေးလုပ်ရန် တံမြက်စည်းများပါမကျန် ပစ္စည်းတွေများလွန်းသဖြင့် ကိုရင်လေးနှစ်ပါးက ကုန်းပေါ် လိုက်ပို့ပေးသည်။

ဗုဒ္ဓဆင်းတုတော်မြတ်အား ရေသပ္ပာယ်ပြီးနောက် အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်၊ ပန်း၊ ဆီမီး ကပ်လှူဒါန်း



www.burmeseclassic.com

www.burmeseclassic.com

ပြီး စတင်၍ တရားအဓိဋ္ဌာန် ပွားများပါသည်။ ဤသို့ပွားများပြီး ညနေ ၅ နာရီအချိန်တွင် ကုန်းတော်မှဆင်းပါသည်။ ကုန်းပေါ်မှဆင်းပြီး ကျောင်းသို့အဝင် ကျောင်းမုခ်ဦးသို့အရောက်တွင် ညာဘက်ခြေထောက် ခြေမျက်စိ ကျင်ခနဲဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ ကျောင်းအပေါက်ဝသဲပုံပေါ်မှ သားသည်မိခင် ခွေးနက်မက ဝင်ဆွဲကိုက်လိုက်ခြင်းဖြစ်သည်ကို သိရသည်။

စာရေးသူ၏ စိတ်ထဲတွင် ဩော်···သားသမီးအရှိန်နဲ့ လူစိမ်းမို့ ကိုက်တာထင်ပါရဲ့ဟု ဒီလိုပဲတွေးလိုက်ပါသည်။ ကျောင်းတွင် အခြားသော လူဧည့်သည်များလည်း ရှိနေပါသည်။ သူတို့လည်း စာရေးသူ ခွေးကိုက်ခံရသည်ကို သိရှိသွားကြသည်။

သို့နှင့် ညရောက်သောအခါ အနာအရှိန်နဲ့ ကိုက်ခဲသည်မှအပ ဘာမှတော့မဖြစ်ပေ။ ခွေးအပေါ်၌ စာရေးသူ ဘယ်လိုမှ မအောက်မေ့မိ။ တိရစ္ဆာန်ပဲလေ၊ ဘာသိမှာလဲ ဒီလိုပဲတွေးလိုက်သည်။

နောက်တစ်နေ့ နံနက် ၂၀-၁၁-၂၀၁၆ အင်္ဂါနေ့ နံနက်ပိုင်း မိုးမလင်းမီ ဈေးဆင်းပြီး ဖယောင်းတိုင်၊ အမွှေးတိုင်ဝယ်၊ သစ်သီးဆွမ်းဝယ်၊ ရေသန့်ဘူးများဝယ်၍ ကုန်းတော်ပေါ်သို့ တက်ပါသည်။

အချိန်က နံနက် ၇း၃၀ နာရီ အချိန်ခန့်ဖြစ်သည်။ ကျောင်းပေါက်မှထွက်ပြီး ဝါးတစ်ရိုက်ခန့်အရောက်တွင် ညာဘက်ခြေထောက် ခြေမျက်စိမှ မနေ့က ခွေးကိုက်ထားသည့် အနာပေါက်မှ ကျင်ခနဲဖြစ်သွားပြီး စာရေးသူ မြေပြင်သို့ ဖင်ထိုင်ရက်ကျသွားသည်။

ကြည့်လိုက်တော့ မနေ့က ခွေးနက်မပင်ဖြစ်သည်။ မနေ့ကကိုက်သည့် နေရာကိုပင် ထပ်ကိုက်လိုက်ပြီး ခြေထောက်ကို ဆောင့်ဆွဲလိုက်၍ လဲကျသွားခြင်းဖြစ်သည်ကို သတိပြုမိလိုက်သည်။

ခြေမျက်စိမှ သွေးများက စီးကျလာသည်။ တော်တော်နှင့် ပြန်မထနိုင်ဖြစ်သေး။ ဆက်တက်ရကောင်းမလား။ ကျောင်းပြန်လှည့်ရကောင်းမလား ချီတုံချတုံ စဉ်းစားနေမိသည်။ နောက်ဆုံးတွင် အို···အဓိဋ္ဌာန်တော့ အပျက်မခံဘူးဟု ဆုံးဖြတ်ကာ ဝါးလုံးလေးတစ်လုံးရှာ၍ တောင်ဝှေးအဖြစ်အသုံးပြုကာ ဆင်ဘိုးစေတီကုန်းပေါ်သို့ ရောက်သွားပါသည်။

ပြုနေကျအတိုင်းပင် ဗုဒ္ဓဆင်းတုတော်မြတ်အား ရေသပ္ပာယ်၊ သစ်သီး ဆွမ်း၊ ပန်း၊ ရေချမ်းများကပ်လှူပြီး တရားမှတ်ပါသည်။

ညနေ ၅ နာရီထိုး၍ ကုန်းတော်မှဆင်းသောအခါ ခြေထောက်က နာကျင်လာသည်။ သို့ဖြစ်၍ စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆေးရုံကြီးမှ စာရေးသူ၏မိတ်ဆွေ ရုံးအုပ်ကြီး ဦးခင်မောင်သန်း (ကဗျာဆရာ မောင်ရိုးမြတ်)ကို ဖုန်းဖြင့် အကျိုးအကြောင်းပြောပြရာ ချက်ချင်းပင် ကျောင်းသို့ ဆိုင်ကယ်နှင့် ရောက်လာပြီး စာရေးသူကို ဆေးရုံသို့ပင့်သွားပါသည်။

ဆေးရုံကြီးမှ ခွေးရူးကာကွယ်ဆေးနှစ်လုံးနှင့် မေးခိုင်ကာကွယ်ဆေးတစ်လုံး ထိုးပေးသည်။ သောက်ဆေး၊ လူးဆေးများ ပေးလိုက်ပါသည်။ ကျောင်းရောက်တော့ ည ၁၁ နာရီထိုးပြီး အိပ်မပျော်သဖြင့် ဧည့်သည်များက စကားလာပြောကြသည်။

သူတို့က စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့ကဖြစ်ကြသည်။ ဇာတ်မင်းသားဖိုးချစ်နှင့် အဆိုတော် အိအိချွန်၊ အိအိမွန်တို့မြို့ကဖြစ်သည်။ သူတို့က ပြောကြသည်။ ဒီခွေးမသည် ဧည့်သည်အများကြားမှာ ဘုန်းဘုန်းကိုမှရွေးကိုက်တာ အံ့သြသည်ဟု ဆိုကြသည်။ စာရေးသူမှ ဒကာကြီးတို့၊ ဒကာမကြီးတို့ရယ် ခွေးဆိုတာ တိရစ္ဆာန်ပဲ ဘာသိမှာလဲ။ ကိုက်ပါစေ။ ဦးဇင်း ဘယ်လိုမှ သဘောမထားပါဘူး ကိုက်ပါစေ။ အခု ဆေးထိုးထားပြီပဲဟု ဆိုသော်လည်း သူတို့ စိတ်ကောင်းဟန်မတူပေ။

၂၁-၁၁-၂၀၁၆ နေ့ မနက်ပိုင်း ၇း၃၀ နာရီအချိန်ပင် ကုန်းတော်သို့တက်ရာ ခြေထောက်နာနေသဖြင့် ကိုရင်လေးနှစ်ပါးမှ လိုက်ပို့သည်။ ကုန်းတော်ပေါ်ပို့ပြီး ကိုရင်နှစ်ပါးမှ ဘုန်းဘုန်း ဆွမ်းစားချိန်ရောက်ရင် တပည့်တော်တို့ လာကြိုမယ်၊ တစ်ပါးတည်း မဆင်းခဲ့နဲ့။ ခွေးကိုက်နေဦးမယ်ဟုဆိုကာ ပြန်ကြွသွားကြသည်။

ဆွမ်းစားချိန်နီးသည့် ၁၀ နာရီကျော်အချိန်တွင် ကိုရင်နှစ်ပါး ရောက်လာသည်။ စာရေးသူလည်း ပြန်ဆင်းလာခဲ့သည်။ ကျောင်းရောက်၍ ၁၀း၃၀ နာရီခန့်တွင် ဆွမ်းစားကျောင်းသို့အသွားတွင် ညာခြေထောက် ခြေမျက်စိမှ အနာကြီးကို နာနာကျင်ကျင် စူးစူးရှရှ ခံစားလိုက်ရပြီး ပုံလဲကျ

www.burmeseclassic.com

စာ - ၃၅

## ထမိုင်းထွန်းဖြောင် ရွှေနတ်တောင်

■ ထွန်းမြတ်






အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွှေ စာပေ

တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)

၅၂-လမ်း(အောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇

## မြန်မာ့ရေးရာ

ရောက်ကြမ်းသလား ဝေယျာရွှေမြေ
မိုးမြင့်လွင် ———— ၁၇
ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင်...
ရန်မျိုးအောင်စေတီတော်မြတ်ကြီးသမိုင်း
ပန်းတနော်-နောင်လတ် ———— ၂၀
ထူးခြားဆန်းပြားသည့် နီကြောမျာဗိတ်ပေး ဗုဒ္ဓဝင်ဘုရားပွဲတော်
ညွန့်ညွန့် ———— ၂၉
ကျွန်းသသယမဟိန္ဒီစေတီယင်းတော်ကြီး အဘဆရာဟန်
ဗေဒသုတေသီဆရာမျိုး ———— ၆၅
သစ္စာဝါဒီ ဘိုးဘိုးကြီး
ဟိန်းထက်ချာန် ———— ၆၉
မန္တလေးမြို့ မဟာအောင်သိဒ္ဓိ ရုပ်ရှင်တော်မြတ်စွာဘုရားကြီး
ဦးသန့်ဇင် ———— ၇၃

## ရောင်ပြန် ရသ

ယုံကြည်ကိုးကွယ်ကြရာဝယ်
ဝိတာမြဦး ———— ၁၇၄
နှလုံးလှ ရွှေမင်းသမီး
မနုသာကျော်ဝင်း ———— ၂၅၆
ကျွတ်ပိုယနွယ်ဝင် မာယာရှင်၏ ညွှတ်ကွင်း
အောင်သမြေ ———— ၂၆၂



www.burmeseclassic.com

သွားတော့သည်။

ဦးဖင်းများနှင့် ညော့သည်များက ပြေးလာပြီး ပွေ့ထူကြသည်။ ၎င်းခွေးနက်မသည် ကိုက်ပြီး ထွက်ပြေးသွားသည်။ ခြေမျက်စိမှ အသားတစ်ထွက်ကျလာသည်။ သွေးများလည်း စီးကျလာတော့သည်။

အားလုံးက စိတ်မကောင်းကြတော့ပြီ။ ခွေးသုံးရက်ဆက်အကိုက်ခံရသည်။ ဒီခွေးနက်မပင်။ ဒီခြေထောက် ဒီနေရာ ဒီအပေါက်ကိုပင် နေရာမလွဲကိုက်နေခြင်းမို့ အားလုံး စိတ်ပူကုန်ကြသည်။

စာရေးသူလည်း စိတ်ထဲမှာ တစ်မျိုးကြီးခံစားရကာ ဝမ်းနည်းလာပြီး မျက်ရည်များကျလာတော့သည်။ အမျိုးမျိုး ဝေဖန်ကြလေပြီ။

သူတို့အားလုံးက ဒါ သွေးရိုးသားရိုးမဟုတ်ဟု ဆိုကြသည်။ စာရေးသူ စိတ်ထဲမှာလည်း စနိုးစနောင့်ဖြစ်လာတော့သည်။ ဆွမ်းတစ်လုတ်နှစ်လုတ် ဘုဉ်းပေးကာ တွေးနေမိသည်။

လူမှန်းသိတတ်စ အရွယ်ထဲက ယခုလို ခွေးကိုက်မခံရဘူးပေ။ အခုလို ဘုရားသားတော်အဖြစ်ခံယူမှ ဘာကြောင့် ငါ့ကိုမှရွေးပြီး ဒီခွေးမ သုံးရက်၊ ဆက်ဆက်ကိုက်ရတာလဲ။ စိတ်ထဲမှာ မသင်္ကာတော့ပြီ။ ကိုက်တော့လည်း ခြေထောက်မလွဲ နေရာမလွဲ တစ်ပေါက်တည်း။

ငါ ဒီလောက်ကံညံ့နေတာ၊ လူထွက်ပြီးပြန်တာပဲ ကောင်းပါတယ်ဟု ဆုံးဖြတ်မိသည်။

ထိုအချိန်တွင် တိုက်အုပ်ဘုန်းကြီးလေး ဦးပညာတိက္ခမှ ဘုန်းကြီး ဘာမှတွေးမနေနဲ့။ ဟိုဘက်ကျောင်းထဲက သစ္စာတိုင်စေတီမှာ အားထုတ်ပါဘုရား။ ဆင်ဘိုးကုန်းပေါ် မတက်ပါနဲ့တော့ဘုရားဟု မိန့်ပါသည်။

သို့ပေမယ့် စာရေးသူမှာ မှန်ပါ ဘုန်းဘုန်း။ တပည့်တော် ဒီနေ့တော့ ဆက်တက်ဦးမယ်ဘုရား။ နက်ဖြန်မှ သစ္စာတိုင်စေတီမှာ ဆက်ပြီး အဓိဋ္ဌာန်ဝင်မယ်ဘုရားဟု လျှောက်ကာ ဆင်ဘိုးကုန်းသို့ ဆက်တက်ပါသည်။

ကုန်းပေါ်ရောက်သောအခါ စိတ်ထဲမှာ ဝမ်းနည်းသလိုဖြစ်လာပြီး လူထွက်ချင်စိတ် ဝင်လာပြန်သည်။ မျက်ရည်များကလည်း တလိမ့်လိမ့်ကျလာ ပြန်သည်။ နောက်ဆုံးတွင် အို . . . ဖြစ်ချင်ရာဖြစ် ဒါအနှောင့်အယှက်ပဲ။ ခွေးမှာ အပြစ်မရှိဘူး။ ငါ့ဝဋ်ကြွေးရှိလို့ ခံရတာပဲဟု အားတင်းကာ တရားမြတ်ကို ရင်မှာကပ်၍ ရှုမှတ်ပါတော့သည်။

စိတ်ထဲမှာလည်း ဆင်ဘိုးစေတီတော်မြတ်၏ သမိုင်းကြောင်းကို သိချင်လာသည်။ တောတောင်အခြေအနေ ဘယ်သို့ရှိသည်ကိုလည်း သိချင်လာသည်။ ညနေရောက်သောအခါ တောစောင့်နတ်၊ တောင်စောင့်နတ်များ။ သာသနာစောင့်နတ်များ။ သိုက်နန်းရှင်များကို မေတ္တာပို့ အမျှဝေကာ အဓိဋ္ဌာန်ပြု၍ အိပ်မက်တောင်းပါသည်။

ယခုလိုဖြစ်ရပ်သည် အဘယ်သို့သော အနှောင့်အယှက်ဖြစ်သည်ကို သိချင်ပါသည်။ အိပ်မက်ပေးပါဟု တိုင်တည်ပြီး ကျောင်းသို့ ပြန်ဆင်းလာပါသည်။ ကျောင်းသို့ရောက်သောအခါ တိုက်အုပ်ဆရာတော်လေး ဦးပညာတိက္ခမှ ဘုန်းဘုန်း ခွေးကိုက်မှာ မပူနဲ့တော့ဘုရား။ ဟိုမှာကြည့်ဟုဆိုကာ လက်ညှိုးထိုးပြပါသည်။

ကြည့်လိုက်တော့ ခွေးမကို သစ်ပင်မှာ ကြိုးနှင့်ချည်နှောင်ထားသည်ကို တွေ့ရတော့ စိတ်ထဲမှာ မချမ်းသာဖြစ်ရသည်။ ထိုအခါ စာရေးသူမှ ဆရာတော်ရယ် လွှတ်လိုက်ပါ။ ကိုက်ပါစေဘုရား။ တပည့်တော် ဝဋ်ကြွေးပါဘုရားဟု လျှောက်သောအခါ -

မလွှတ်ဘူး ဘုန်းဘုန်း။ ဒီခွေးမ လူအများကြားမှာ ဘုန်းဘုန်းကိုမှရွေးပြီး သုံးရက်သုံးကြိမ် တစ်ခြေထောက်ထဲ တစ်နေရာတည်း တစ်ပေါက်တည်းကိုက်တာ တပည့်တော်သိတယ်ဘုရား။ အရှင်ဘုရား တရားအဓိဋ္ဌာန်ပြည့်ပြီး သိက္ခာချတဲ့နေ့မှ လွှတ်မယ်ဟု အမိန့်ရှိပါသည်။

ထူးခြားသည်မှာ ဒုတိယနေ့တွင် လူမရောက်သော ၎င်းဆင်ဘိုးတောင် ကုန်းထက်သို့ စုံတွဲ(ချစ်သူစုံတွဲ)တစ်တွဲသည် တရားအားထုတ်သည့် ကုန်းပေါ်သို့ ရောက်နေပြီး ညနေတရားအားထုတ်ပြီးမှ ပြန်ဆင်းသွားကြသည်။

တတိယနေ့တွင် မနက်အစော ဘုရားကုန်းတော်သို့ ကိုယ်ရင်လေးနှစ်ပါးနှင့်အရောက်တွင် ထားခဲ့သော ဖယောင်းတိုင်၊ အမွှေးတိုင်များ အဆင်သင့် ပူဇော်ထွန်းညှိထားသည်ကို တွေ့ရပြန်သည်။

ကိုယ်ရင်လေးနှစ်ပါးမှ လူများရောက်နေသလားဟု လိုက်ကြည့်သော်လည်း မတွေ့ရပေ။ စိတ်ဝင်စားဖို့တော့ ကောင်းလှသည်။ ထူးခြားသည်မှာတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com

## ဆင်ဘိုးစေတီနှင့် အင်းဝမင်းခေါင်ဘုရင်

၂၂-၁-၂၀၁၆ နေ့ နံနက်စောစောပိုင်းတွင် မြစခန်းကျောင်းသို့ မောင်ရိုးမြတ်နှင့် စစ်ကိုင်းမြို့ မိုးဇာရပ်မှ စာပေမိတ်ဆွေတစ်ဦးဖြစ်သည့် မမခင်တို့ စာရေးသူထံ ရောက်လာကြသည်။ မမခင်မှ ခွေးသုံးကြိမ်သုံးခါ သုံးရက်ဆက်ကိုက်တာ မကောင်းကြောင်း။ ကုသိုလ်ကံနိမ့်နေကြောင်း ပြောသည်။ သူတို့ လုံးဝစိတ်မကောင်းကြ။ စာရေးသူမှ ညက အိပ်မက်ပေးကြောင်း ပြောပြသည်။ အိပ်မက်က အလွန်ကြောက်ဖွယ်ကောင်းကြောင်း။ ဒါပေမယ့် မိမိဝင့်ကြွားဟု မှတ်ကြောင်း မမခင်ကိုပြောပြသည်။ သည့်နောက် ဆင်ဘိုးစေတီ၏သမိုင်းကြောင်းကို သိလိုပါကြောင်း မမခင်အနေဖြင့် လေ့လာပြီး ကူညီပေးပါရန် ကျွန်တော်က ပြောသည့်အခါ မမခင်မှ အဓိဋ္ဌာန်ပြည့်၍ လူထွက်သောနေ့တွင် မြို့ထဲမှာလာအိပ်ပါ။ စောစောထွက်ပြီး အင်းဝမြို့ဟောင်းကို လိုက်ပို့ပေးမည်။ ပြီးလျှင် ညနေပိုင်း အင်းဝ(စစ်ကိုင်းတံတား)ထိပ်မှ ဆုံဆည်းရာ လက်ဖက်ရည်ဆိုင်မှာထိုင်ကြပြီး ပြောပြမည်ဟု ကတိပေးသွားပါသည်။

စာရေးသူလည်း စတုတ္ထမြောက်နေ့တွင် ခြေမျက်စိတအားကိုက်နေ၍ ဆင်ဘိုးစေတီသို့မတက်တော့ဘဲ သစ္စာတိုင်စေတီမှာပဲ တရားဝင်ပါသည်။ ၎င်းစေတီတွင် လေးရက်ပြည့်ပြီးနောက် နောက်ဆုံးနေ့တွင် ဆင်ဘိုးစေတီတော်သို့ ပြန်ဝင်ပါသည်။

အဓိဋ္ဌာန်ပြည့်ပြီးနောက် ၂၉ ရက်နေ့ မနက်တွင် သိက္ခာချလူထွက်ကာ မမခင်နှင့်အတူ အင်းဝမြို့ဟောင်းရှိ နန်းမတော်မယ်နုအုတ်ကျောင်းကြီးကို သွားရောက်လေ့လာကြသည်။ ဆက်၍ နန်းမြို့ဟောင်းကို လေ့လာကြမည်ဟု မမခင်က ဆိုသည်။ သူက သမိုင်းကြောင်း အတော်သိသည့် မန္တလေး တက္ကသိုလ်မှ သမိုင်းဘာသာရပ်ဖြင့် ဘွဲ့ရထားသူဖြစ်သည်။ စစ်ကိုင်းဇာတိတော့မဟုတ်။ ကန့်ဘလူမြို့ ဇာတိဖြစ်သည်။

စာရေးသူမှ နန်းမတော်မယ်နုကပဲ ပြန်ကြမယ်။ နောက်တစ်ခေါက်လာမှပဲ ဆက်လေ့လာမည်ဟုပြောပြီး နှစ်ဦးသား မြင်းလှည်းစီး၍ ဒုဋ္ဌဝတီမြစ်ဆိပ်ကမ်းသို့ ဆင်းလာခဲ့ကြသည်။ စစ်ကိုင်းနှင့်အင်းဝကား ငါးမိုင်ခန့်ဝေးသည်။ ဆိုင်ကယ်ကယ်ရီငှား ပြန်လာခဲ့ကြသည်။

ညနေပိုင်းတွင် အင်းဝတံတားပေါ် လမ်းလျှောက်ကြရင်း စစ်ကိုင်းမြို့၏ သာယာလှပပုံ ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်နှင့် မင်းဝံတောင်၊ စစ်ကိုင်းတောင်တို့ကို ဖွဲ့ဆိုထားသော သီချင်းများအကြောင်း ပြောကြသည်။ ညနေ ၅ နာရီခွဲလောက်ကျတော့ ကိုရိုးမြတ်ရောက်လာပြီး ဆုံဆည်းရာလက်ဖက်ရည်ဆိုင်မှာထိုင်ကာ မမခင်က ဆင်ဘိုးစေတီသမိုင်းကို ပြောပြသည်။

မမခင်မှ ကိုမိုးမြင့်ရေ ဆင်ဘိုးစေတီရဲ့သမိုင်းက နည်းနည်းတော့ကြမ်းတယ်လို့ ပြောရမလိုပဲ။ အစချီကာ ဤသို့ပြောပြပါသည်။

ဆင်ဘိုးစေတီတော်ဟူသော ဘွဲ့တော်ဖြင့် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်တော် ဝတ်ရုံတောင်ထိပ်တွင် တည်ရှိသည်။ စေတီတော်လေးဆူရှိသည်။

ဘုရားဒါယကာမှာ အင်းဝဘုရင် မင်းခေါင်ဖြစ်သည်။

၁။ အရိယဝံသချောင်၏ အရှေ့မြောက်ထောင့် ဟံသာဂီရိကုန်းတော်၌ တည်ရှိသော ဟံသာဂီရိဆင်ဘိုးစေတီ၊

၂။ အနောက်မြောက်ထောင့်တွင် တည်ရှိသော ဥမင်ကိုးဆယ် ဆင်ဘိုးစေတီ၊

၃။ အနောက်တောင်ထောင့်တွင် တည်ရှိသော မဟာအတုလ ဆင်ဘိုးစေတီ၊

(မှတ်ချက်။ ။ ၎င်းမဟာအတုလ ဆင်ဘိုးစေတီသည် စာရေးသူ တရားအဓိဋ္ဌာန်ဝင်သည့် စေတီဖြစ်သည်)

၄။ အရှေ့တောင်ထောင့် အရှေ့မှန်ကျောင်းတည်ရှိသော ဝတ်ရုံတောင်တွင် တည်ရှိသော ဆင်ဘိုးစေတီတော်တို့ ဖြစ်သည်။

ပထမ အင်းဝခေတ်၏အလယ်ခန့်တွင် နန်းတက်တော်မူသော အင်းဝဘုရင် သတိုးမင်းခေါင်သည် အင်းဝနေပြည်တော်မှ ဆင်တော်စီး၍ စစ်ကိုင်းတောင် အရိယဝံသချောင်တွင် သီတင်းသုံးတော်မူသည့် အရှင်အရိယဝံသ ဆရာတော်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုလေသည်။

ဘုရင် သတိုးမင်းခေါင်သည် အရိယဝံသချောင်သို့ ရောက်သောအခါ ဆင်ပေါ်မှဆင်းကာ စီးတော်ဆင်အား ကျောင်းအပေါက်ဝသြောင်ပင်တွင် ချည်ထားခဲ့ပြီး ဆရာတော်အား ဖူးမြော်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်အား ဖူးမြော်ကန်တော့ပြီး ကျောင်းပေါ်မှပြန်ဆင်းလာ၍ ဆင်ကိုကြည့်လိုက်သောအခါ ဘုရင်မင်းခေါင်၏ဆင်သည် ကျောက်ရုပ်ကြီးဖြစ်နေသည်ကို တွေ့ရလေသည်။ အမှန်မှာ ဆင်သည် ကျောင်းအပေါက်ဝရှိ ဗောဓိညောင်ပင်မှ ညောင်ရွက်တို့ကို နှာမောင်းဖြင့်ရစ်ပတ်၍ ဆွဲစားလိုက်ရာ ရက္ခစိုးနတ်မှ ဆင်ကို ကျောက်ရုပ်အသွင် ဖန်ဆင်းလိုက်ခြင်းဖြစ်သည်။

ဘုရင်မင်းခေါင်လည်း ဆရာတော်ဘုရား တပည့်တော်ဆင်ကြီး ဘယ်လိုဖြစ်သွားပြီလဲ ကယ်ပါဦးဘုရားဟု အရိယာဝံသ ဆရာတော်ကြီးအား လျှောက်ထားသည့်အခါ ဆရာတော်ကြီးမှ ရက္ခိုးလက်ချက်ဟု အတပ်သိကာ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်း၍ မေတ္တာရေစင် ပက်ဖျန်းလိုက်သည့်အခါ ဆင်သည် မူလရုပ်အတိုင်း ပြန်ဖြစ်သွားလေသည်။

ဘုရင်မင်းခေါင်မှ ဆင်၏တန်ဖိုးနှင့်အညီ ဆရာတော်အား အသပြာလှူဒါန်းရာ ဆရာတော်မှ လက်မခံချေ။ သို့သော် နောက်လူများ ဤနေရာ ဤဒေသ ဤချောင်တွင် သတိပြုနိုင်ရန် စေတီတည်ခိုင်းလေသည်။ ဘုရင်လည်း ဆရာတော်အမိန့်ရှိသည့်အတိုင်း ဆင်ဖိုးနှင့်အညီ စေတီလေး ဆူတည်ကာ ဘွဲ့တော်ကိုလည်း ဆင်ဘိုးစေတီတော်ဟူ၍ သတ်မှတ်တော်မူလေသည်။

မမခင်သည် ဤသို့ ဆင်ဘိုးစေတီတော်သမိုင်းကို ပြောပြပြီး အဲဒါကြောင့်ပြောတာပေါ့။

"ဒီတောင်ကုန်းက နည်းနည်းကြမ်းသလိုပဲလို့ ပြောတာ။ ဒါပေမယ့် ကိုမိုးမြင့် ခွေးကိုက်ခံရတာတော့ တစ်မျိုးပဲနော်"

"ဟုတ်တယ် မမခင်နဲ့ ကိုရိုးမြတ်ရေ။ ကျွန်တော် တောင်စောင့်နတ်မင်းထံမှာ အိပ်မက်တောင်းတဲ့အခါ အဲဒီညက အိပ်မက်ပေးပါတယ်။ အဆိပ်ပြင်းတဲ့ သတ္တဝါဖြစ်တဲ့ မြွေနဲ့ တစ်ခါတည်းအပြီးတိုက်ပြီး အဓိဋ္ဌာန်ဖျက်ခိုင်းတာတဲ့။ အဲဒါ တောင်စောင့်နတ်က မြွေအစား ခွေးနဲ့ ကာကွယ်လိုက်တာလို့ အဲဒီလို အိပ်မက်ပေးပါတယ်"

"ဘယ်လို အငြိုးအတေးတွေနဲ့ ဒီလိုလုပ်ရက်တာလဲ ဆရာရယ်"

"လုပ်ချင်သလိုသာလုပ်ပါစေ။ ကျွန်တော် ပြောပြီးပါပြီပကော။ ဝင့်ကြွေးရှိလို့ ပြန်ပေးဆပ်ရတယ်လို့ သဘောထားပါတယ်လို့ ကိုရိုးမြတ်ရယ်"

"ကဲပါလေ. . .စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့တော့ရှင်။ ကိုမိုးမြင့်ပြောတဲ့**အထဲမှာ** ဆွမ်းဦးပုညရှင်မှာ ဆုနှစ်ဆုတောင်းတယ်**ဆို။ တစ်ဆုကတော့** ပြည့်ခဲ့ပါပြီတဲ့။ ကျန်တစ်ဆုက ဘာလဲ**ဆိုတာ** မပြော**သေး**ဘူးနော်"

"စိတ်ချ မမခင်ရေ။ **အဲဒီဆုကတော့** မပြောမှာ သေချာပါတယ်"ဟု ကျွန်တော်မှဆိုသောအခါ ကိုရိုးမြတ်နှင့် မမခင်မှ မပြောလည်းသိပါတယ်ဟူသော မျက်နှာမျိုးဖြင့် ကျွန်တော့်ကို ကြည့်ပါသည်။

နောက်တစ်ခေါက် ဘယ်တော့လာဦးမလဲဟု ကိုရိုးမြတ်မှ မေးပါသည်။ ဖေဖော်ဝါရီလကုန်ပြီးရင် လာဖို့စိတ်ကူးပါတယ်ဟု ဆိုသည့်အခါ မမခင်က ဒီတစ်ခါလာရင် ရွှေဘို၊ မုံရွာနှင့် သူ့ဇာတိမြေဖြစ်သည့် ကန့်ဘလူမြို့လေးသို့ လိုက်ပို့ပေးမည်ဟု ဆိုပါသည်။ ကျေးဇူးတင်ရပါတယ်။

ဧယျာရွှေမြေ (ခ) စစ်ကိုင်းမြို့သည်လည်းကောင်း။ စစ်ကိုင်းတောင် စစ်ကိုင်းချောင်များသည် ဆိတ်ငြိမ်ပြီး တရားဓမ္မဖြင့် အလွန်ပျော်မွေ့စရာ ကောင်းလှသည်။ အင်းဝတံတား(စစ်ကိုင်း)ပေါ်မှ လှမ်းမျှော်ကြည့်လျှင် စစ်ကိုင်းတောင် တစ်ခွင်လုံး ထုံးဖြူဖြူဖွေးစေတီတော်မြတ်အဆူဆူကို ကြည်ညိုစွာ ဖူးမြော်မဆုံး မြင်တွေ့ရပါသည်။

စာပေမိတ်ဆွေ မောင်နမသုံးဦး စကားလက်ဆုံ ပြောမကုန်ကြပေ။ ဆုံဆည်းရာ လက်ဖက်ရည်ဆိုင်မှ အင်းဝ (စစ်ကိုင်းတံတား)ကြီးနှင့် ရေဝတီမြစ်ပြင်ကို ငေးကြည့်ပြီး အတွေးများနှင့် စစ်ကိုင်းသမိုင်းကြောင်းကို စဉ်းစားနေခိုက် ခပ်လှမ်းလှမ်း အလှူခံမဏ္ဍပ်မှ တေးသံရှင်ဒွေးဒွေးမြင့်၏ ဧယျာရွှေမြေသီချင်းသံ သာယာအေးမြဖွယ် လွင့်ပျံ့လာတော့သည်။

*(ဧယျာရွှေမြေ. . .အလှူဒါန ပြုကြမစဲပေ. . . ဧယျာရွှေမြေ. . .သူတော်စင်မြတ် တရားရှာမြဲမသွေ. . . စည်သံဗျောသံက ဆူဆူလျှံဝေ. . .ကျက်သရေရှိလှပါဘိ။ ဧယျာရွှေမြေ(ဧယျာရွှေမြေ)ရဲ့ အေးအတိတ်နဲ့ အေးအမိန့် ဆောင်ကာနေ. . .)*

**မိုးမြင့်ရွှေ**




www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားဆန်းပြားသည့် နိဗ္ဗာဇာဗျာဒိတ်ပေး

## ဗုဒ္ဓဝင်ဘုရားပွဲတော်

■ ညွန့်ညွန့်




ယခု ဖူးတွေ့နေရတာကတော့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကျက်သရေတော်ဆောင် နိဗ္ဗာဇာဗျာဒိတ်ပေး ဘုရားကြီး လှည့်လည်အပူဇော်ခံခြင်းနဲ့ ဗျာဒိတ်တရားတော်များ နာကြားနေကြခြင်းဖြစ်ပါတယ်။ ဒီဘုရားပွဲကြီးဟာ ယခု ၂၀၁၆ ခုနှစ်မှာ သက်တမ်း ၁၃၅ နှစ်ရှိခဲ့ပြီးဖြစ်ပါတယ်။ ကိုလိုနီခေတ် ၁၈၈၁ ခုနှစ်မှာ ရှေ့နေကြီးဦးလူက ဦးဆောင်ပြီး သမာဓိမြို့ဝန်ဦးချင်းယောက်၊ ရွှေစည်းခုံဘုရားကြီး ဒါယကာပွဲစားကြီး ဦးရိုတ်၊ ကုန်သည်ကြီးဦးမိုး၊ တန်ဆောင်းဒါယကာ ဦးမောင်ကြီး၊ ကုန်သည်ကြီး ဦးရွှေပိုင်၊ ကုန်သည်ကြီးဦးဆိုင်သစ်၊ ပြည်လုံးချမ်းသာစေတီ ဒါယကာဦးကျော်၊ သမာဓိမြို့ဝန် ဦးတက်ဖြိုး၊ ရာဇဝတ်ဝန်ထောက် ဦးကျော်ဇံ၊ ဒေါ်နှန်း၊ ဒေါ်သက်ပုံ၊ ဒေါ်ရွှေလုံ၊ ဒေါ်ငွေလုံ၊ ဒေါ်မိ၊ ဒေါ်သောင်း၊ ဒေါ်လှ၊ ဒေါ်ဖွားရှင် စတဲ့ မြို့မိမြို့ဖများနဲ့တိုင်ပင်လို့ ပုသိမ်မြို့မှာ ဘုရားပွဲကျင်းပဖို့ စီစဥ်ခဲ့ကြပါသတဲ့ရှင်။ ဘုရားပွဲခွင့်ပြုဖို့ ပုသိမ်အရေးပိုင်ကတစ်ဆင့် အင်္ဂလန်နိုင်ငံ ဗိတိုရိယဘုရင်မကြီးထံ လျှောက်ထားခဲ့တော့ ဘုရာမကြီးက ခွင့်ပြုမိန့်နှင့်တကွ ပွဲတော်ကျင်းပမည့်နေရာ ပွဲမိန့်နှင့် မီးကျည်မီးပန်းလုပ်ရာမှာ အသုံးပြုမည့် ယမ်းပိသာချိန်နှင့်တကွ အမိန့်ချပေးလိုက်ပါတော့တယ်။ အဲဒီဘုရင်မကြီးထံက အမိန့်ရတဲ့အခါ နိဗ္ဗာဇာဘုရားပွဲတော်ကို ကောဇာသက္ကရာဇ် ၁၂၄၃ ခုနှစ်၊ နတ်တော်လ၊ ခရစ်သက္ကရာဇ် ၁၈၈၁ ခုနှစ်ကစပြီး ရှေ့နေတော်ကြီးဦးလူတို့ ရပ်မိရပ်ဖများက ဦးဆောင်ကျင်းပခဲ့ကြတာ ဒီ ၂၀၁၆ ခုနှစ်ဆိုရင် နှစ်ပေါင်း ၁၃၅ နှစ်တိုင် နှစ်စဥ်မပျက် ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။

၁၈၈၁ ခုနှစ် စတင်လှည့်လည်အပူဇော်ခံခဲ့တဲ့ ပထမ နိဗ္ဗာဘုရားဗျာဒိတ်ပေးကိုယ်တော်ကြီးကို ဘုရားအမဒေါ်ရွှေလုံက စတင်လှူဒါန်းခဲ့ပါတယ်။ ပထမဗျာဒိတ်ပေးဘုရားကြီး ဟောင်းနွမ်းပျက်စီးသွားတော့ ဒုတိယဗျာဒိတ်ပေး ကိုယ်တော်ကြီးကို ဒေါ်ရွှေလုံ၏



www.burmeseclassic.com

www.burmeseclassic.com



တူမ ဘုရားအမဒေါ်မိကြ ဆက်လက်လှူဒါန်းခဲ့ ပြန်ပါတယ်။ ဒုတိယဗျာဒိတ်ပေးဘုရားကြီးလည်း သဘာ၀ရာသီဥတုဒဏ်ကို မလွန်ဆန်နိုင်ဘဲ ဟောင်းနွမ်းပျက်စီးသွားပြန်တော့ ယခုဖူးတွေ့နေရတဲ့ တတိယဗျာဒိတ်ပေးဘုရားကြီး ရုပ်ပွားတော်ကို ဘုရားဒါယကာဦးစိုးမောင် ဘုရားဒါယိကာမ ဒေါ်သုခတို့က အသစ်တစ်ဖန် ပြန်လည်လှူဒါန်းထားတာ ဖြစ်ပါတယ်။

နိဗ္ဗာန ဗျာဒိတ်ပေးဘုရားကြီး လှည့်လည် အပူဇော်ခံနေခြင်းဟာ နှစ်ပေါင်း ၁၃၅ နှစ် သက်တမ်းရှည်သလို ဘုရားကြီးပွဲတော်ရက်ဟာလည်း ရက်ပေါင်း ၈၀ ခန့် ကြာရှည်ပါတယ်။ ဘုရားကြီးကို ပင့်ဆောင်ပူဇော်ကြတဲ့ မဏ္ဍပ်ပေါင်း ၂၄ မဏ္ဍပ်၊ တစ်မဏ္ဍပ်ကို သုံးရက် ကိန်းဝပ်စံပယ်စေတာကြောင့် ဘုရားပွဲတော်ဟာ ရက်ပေါင်း ၇၀ ကျော် ကြာရှည်တာကြောင့် မြန်မာပြည်မှာ ပွဲတော်ရက်အရှည်ဆုံး ဘုရားပွဲကြီးဖြစ်တဲ့အပြင် ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူတဲ့ ဂန္ဓကုဋီစံကျောင်းတော်တစ်နေရာတည်းမှာ အထိုင်ချအပူဇော်ခံတဲ့ ဘုရားပွဲမျိုး မဟုတ်ဘဲ ပုသိမ်တစ်မြို့လုံးအနှံ့ လှည့်လည်အပူဇော်ခံတဲ့ ထူးခြားလှတဲ့ ဘုရားပွဲလည်း ဖြစ်ပါတယ်။

ရှေးမောင်ယောင် သာသနာပိုင် ဆရာတော်ကြီးက မဟာဗုဒ္ဓဝင်တော်ကြီးနဲ့အညီ ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူတဲ့ ဂန္ဓကုဋီစံကျောင်းတော်ကြီးကို ဝေဠုဝန်ကျောင်းတော်ကြီးလို့ သတ်မှတ်ထားပြီး အဲဒီဝေဠုဝန်ကျောင်းတော်ကြီးကနေ မိဂဒါဝုန်လို့ စတင်သတ်မှတ်ထားတဲ့ ကံလမ်းရပ်ကွက်ကို စတင်ကြွချီတော်မူပါတယ်။ ကံလမ်းရပ်ကွက်ကစလို့ မိဂဒါဝုန်လို့ သတ်မှတ်ထားတဲ့ ပုသိမ်မြို့ပေါ်ရပ်ကွက်ပေါင်း ၂၂ ခုကို အစဉ်အတိုင်း ဆက်လက်ကြွချီတော်မူပြန်ပါတယ်။ အဲဒီနောက် ၂၃ မဏ္ဍပ်ဖြစ်တဲ့ သရက်ဖြူတောလို့ သတ်မှတ်ထားတဲ့ ထုံးဘို ညောင်ပင်သာရပ်ကွက်ကို ကြွချီတော်မူပါတယ်။ ထုံးဘိုကနေ ၂၄ မဏ္ဍပ်ဖြစ်တဲ့ ဥရုဝေလတောလို့ သတ်မှတ်ထားတဲ့ ကွမ်းခြံရပ်ကွက်ကို ဆက်လက်ကြွချီတော်မူပါတယ်။ ကွမ်းခြံကနေ ဝေဠုဝန်ကျောင်းတော်ကြီးကို ပြန်လည်ကြွချီတော်မူမှာ ဖြစ်ပါတယ်။ နိဗ္ဗာနဗျာဒိတ်ပေး ရုပ်ပွားတော်ကြီးဟာ လက်ယာတော်ရဲ့ ရှင်သာရိပုတြာ လက်ဝဲတော်ရဲ့ ရှင်မဟာမောဂ္ဂလာန်တို့နဲ့အတူ ကြွချီတော်မူခြင်း ဖြစ်ပါတယ်။

အဲဒီ ဝေဠုဝန်ကျောင်းတော်ကြီးမှာ ဗုဒ္ဓဝင်ဇာတ်တော်လာအတိုင်း ဖွားဖက်တော် ကာဠုဒါယီအမတ်ကြီးက ဘုရားရှင်ကို ကပိလဝတ်ပြည်သို့ ပင့်ဆောင်ခြင်းနဲ့ ဘုရားရှင်က ကာဠုဒါယီအမတ်ကြီးကို ရဟန်းဝတ်ပေးခြင်း ဗျာဒိတ်စာကို ဖတ်ကြားပူဇော်ကြပါတယ်။ ကာဠုဒါယီအမတ်ကြီးကို ရဟန်းဝတ်ပေးခြင်း အစီအစဉ်အတိုင်း ကြိုတင်ရွေးချယ်ထားတဲ့ ရဟန်းလောင်းတစ်ဦးကို ကာဠုဒါယီရဟန်းအဖြစ် ခံချီးသင်္ကန်းစည်းပေးတာဟာလည်း ဒီဘုရားပွဲတော်ကြီးရဲ့ ထူးခြားချက်ဖြစ်ပါတယ်။

အဲဒီလို ဘုရားကြီးပင့် မဏ္ဍပ်များသို့ ပင့်ဆောင်ရာမှ အလေးအမြတ်ထားပြီး ဒေဝါဝင်း၊ ရာဇာဝင်း အတီးအမှုတ်အကာအခုန်များနဲ့ တခမ်းတနား ပင့်ဆောင်ကြတဲ့အပြင် ကိန်းဝပ်စံ…

www.burmeseclassic.com

www.burmeseclassic.com

မှာလည်း တရားပွဲများ၊ ပွဲလမ်းသဘင်များ ကျင်းပပူဇော်ကြပါတယ်။ မြို့လုံးကျွတ် ကြွချီပူဇော်ပွဲမတိုင်မီ သုံးရက်အလိုမှာ ဂန္ဓကုဋီစံကျောင်းတော်ကြီးမှာ သီတင်းသုံးတော်မူနေကြတဲ့ အတီတိရဟန္တာရှစ်ကျိပ်တို့ကို ရဟန္တာပင့်မဏ္ဍပ်များက ဒေဝါဝင်၊ ရာဇာဝင်း အတီးအမှုတ် အကာအခုန်များနဲ့ တခမ်းတနား ပင့်ဆောင်ကြပါတယ်။ ရက်ရှည်ဘုရားပွဲတော်ကြီးရဲ့ အဓိကအစည်ကားဆုံးကတော့ မြို့လုံးကျွတ် လှည့်လည်ပွဲပဲ ဖြစ်ပါတယ်။ မြို့လုံးကျွတ် လှည့်လည်ပွဲနေ့မှာ ဂန္ဓကုဋီစံကျောင်းတော်ကြီး တစ်နည်း ဝေဠုဝန်ကျောင်းတော်ကြီးကနေ အထက်ကျင်းကို ကပ္ပိလဝတ်နေပြည်တော် နိဂြောဓရုံကျောင်းတော်ကို ကြွချီတော်မူရာမှ ပုသိမ်တစ်မြို့လုံးအနှံ့ လှည့်လည်ကြွချီခြင်းဖြစ်ပြီး သုံးရက်ကြိုတင်ပင့်ဆောင်ထားတဲ့ အတီတိရဟန္တာ ရှစ်ကျိပ်တို့ကိုလည်း ပြာသာဒ်တော်ကိုယ်စီနဲ့ လက်ယာတော်ရဲ ရှင်သာရိပုတြာ၊ လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးများနဲ့ နောက်တော်ကနေ စီတန်းကြွချီတော်မူမှာ ဖြစ်ပါတယ်။

အဲဒီ ပုသိမ်မြို့လုံးကျွတ် လှည့်လည်ပွဲမှာ ရှမ်းစော်ဘွားနဲ့ ရှမ်းကုန်သည်များ ပါဝင်လှည့်လည်ခြင်းဟာဖြင့် ဒီနိဂြောဓဘုရားပွဲကြီးရဲ့ ထူးခြားမှုကြီးဖြစ်ပါတယ်ရှင်။ ဒီနိဂြောဓဘုရားပွဲကြီးကို ရှမ်းကုန်သည်ဘုရားပွဲလို့တောင် ခေါ်ခဲ့ကြပါတယ်။ မဟာဗုဒ္ဓဝင်တော်ကြီးမှာ ဘုရားရှင်ကို ဖူးမြင်ဖို့သွားကြတဲ့ ကုန်သည်များကို တောပုန်းဓားပြများက တိုက်ခိုက်ခဲ့ကြတယ်လို့ ပါပါတယ်။ ဒါကြောင့် ရှမ်းကုန်သည်များ ဘုရားရှင်ကို ဖူးမြင်ဖို့သွားကြတဲ့ သဏ္ဍာန်ယူပြီး ရဟန္တာရှစ်ကျိပ်တို့ရဲ့ ပြာသာဒ်တော်လှည်းများနောက်မှာ ရှမ်းစော်ဘွား၊ စော်ဘွားကတော်၊ သမီးတော်၊ ခြွေရံသင်းပင်းနဲ့ ရှမ်းကုန်သည်များဆိုပြီး လှည်းများနဲ့ စီတန်းလှည့်လည်တာဖြစ်ကို အင်မတန်ရှည်လျားလှတဲ့ လှည်းတန်းကြီးဟာ မြို့လုံးကျွတ်လှည့်လည်ပွဲနေ့မှာ ကြည့်လို့မဆုံး ရှုလို့မဆုံးနိုင်အောင် ယခုလို ကြည်ညိုလို့မဝနိုင်အောင် မြင်တွေ့ဖူးမြော်ရတာဖြစ်ပါတယ်။ ရှမ်းကုန်သည်များပေါ်မှာတော့ ယခုမြင်တွေ့နေရတဲ့အတိုင်း ပုသိမ်မြို့ရဲ့ အလှပဂေးသမီးလေးများဟာ ရှမ်းမင်းသမီးလေးများအဖြစ် အလှပြပါဝင် လှည့်လည်နေတာဟာဖြင့် အင်မတန်မှ ကျက်သရေရှိလှပါတော့တယ်။ မဟာဗုဒ္ဓဝင်တော်ကြီးမှာ ဘုရားရှင်ကို ဖူးမြင်ဖို့သွားကြတဲ့ ကုန်သည်များကို တောပုန်းဓားပြများက တိုက်ခိုက်ခဲ့ကြတယ်လို့ ဆိုတဲ့အတိုင်း ပရိသတ်များနဲ့ ရှမ်းကုန်သည်လှည်းများပေါ်မှာ စီးနင်းလိုက်ပါလာသူများကိုတောင် ကြိုတင်အသိပေးမထားဘဲ ပြောက်အိုးသေနတ်များပစ်ဖောက်





www.burmeseclassic.com

www.burmeseclassic.com

ပြီး ဓားပြတိုက်တဲ့ အစီအစဥ် တစ်ရပ်လည်းပါဝင်တာကို ယခုလို တွေ့မြင်ရမှာဖြစ်ပါတယ်။



နိုဂြောဓာ ဗျာဒိတ်ပေးဘုရားကြီးဆိုတဲ့အတိုင်း ဟိုလေးအသချေနဲ့ ကမ္ဘာတစ်သိန်းအထက်က ဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်းမှာ တံတားခင်းပေးနေတဲ့ ကျွန်မတို့ရဲ့ ဂေါတမမြတ်စွာဘုရားအလောင်းတော် သုမေဓာရသေ့လေးကို ဒီပင်္ကရာမြတ်စွာဘုရားက ဒီရသေ့လေးဟာ နောင်ဘဒ္ဒကမ္ဘာမှာ ဂေါတမအမည်နဲ့ သမ္မာသမ္ဗုဒ္ဓ ဗုဒ္ဓဘုရားတစ်ဆူအဖြစ် ပွင့်တော်မူလိမ့်မယ်လို့ ဗျာဒိတ်ပေးတော်မူခဲ့ပါတယ်။ ဒီဗုဒ္ဓဝင်လာ ဗျာဒိတ်ပေးခန်းကို ရှေးမောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီးက ပဿထက္ကမံ တာပသံ အစချီပြီး ဗျာဒိတ်တော်စာ ၁၄ မျိုး ရေးသားတော်မူခဲ့တာကို ဗုဒ္ဓဝင်ဇာတ်ကွက်ကျအတိုင်း ဘုရားပွဲတော်ရက် ၇၀ ကျော်မှာ နိုဂြောဓာဗျာဒိတ်ပေးဘုရားကြီးရဲ့ ဗျာဒိတ်အဖွဲ့ဝင်များက အဲဒီဗျာဒိတ်တော်စာ ၁၄ မျိုးကို ကြည်ညိုဖွယ်ဖြစ်အောင် ခံ့ခံ့ညားညား ရွတ်ဖတ်ပူဇော်နေတာဖြစ်ပါတယ်။

မြို့လုံးကျွတ် လှည့်လည်နေတဲ့ နိုဂြောဓာဗျာဒိတ်ပေး ကိုယ်တော်ကြီးဟာ ညနေပိုင်း မှောင်ရီပျိုးချိန်မှာတော့ အထက်ကျဦးကုန်း ဒေါ်နန်းတန်ဆောင်းလို့ခေါ်ကြတဲ့ နိုဂြောဓာရုံကျောင်းတော်ကို ဝင်ရောက်ကိန်းဝပ်စံပယ်တော်မူမှာဖြစ်ပါတယ်ရှင်။ ဝေဠုဝန်ကျောင်းတော်ကြီးမှာ ကာဠုဒါယီအမတ်ကြီးကို ဗုဒ္ဓဝင်နဲ့အညီ ရဟန်းဝတ်ပေးခဲ့သလို နိုဂြောဓာရုံကျောင်းတော်ကြီးမှာလည်း အမွေတောင်းရောက်လာတဲ့ သားတော်ရာဟုလာလေးကို ရာဟုလာအမွေတောင်းခန်း။ ရာဟုလာ အမွေပေးခန်း ဗျာဒိတ်စာများကို ရွတ်ဖတ်ပူဇော်ကြပြီး ကြိုတင်ရွေးချယ်ထားတဲ့ သာမဏေလောင်းတစ်ဦးကို ရှင်ရာဟုလာလေးအဖြစ် ဆံချသယ်န်းဆည်းပေးရပြန်ပါတယ်။


နိုဂြောဓာ ဗျာဒိတ်ပေးကိုယ်တော်ကြီးဟာ နိုဂြောဓာရုံကျောင်းတော်ကြီးမှာ သုံးရက်၊ သုံးည ကိန်းဝပ်စံပယ်တော်မူပြီးနောက် အောင်၄ နေ့မှာတော့ နိုဂြောဓာရုံ ကျောင်းတော်ကြီးကနေ ရတနာစကြီတော်ပေါ် ကြွတော်မူပြီး ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူခန်းကို သက်ဆိုင်ရာ ဗျာဒိတ်တော်စာများနဲ့ ပေါက္ခရဝဿမိုးရွာတော်မူပုံနဲ့ ဆွေတော်မျိုးတော်အပေါင်းကို တရားအထူးဟောခန်း ဗျာဒိတ်စာကြီးများကို ရွတ်ဖတ်ပူဇော်ပြီး မီးကျည်မီးပန်းယမ်းများကို ဆန်းပြားစွာ ပစ်ဖောက်ပူဇော်ပြီး ရွှေမိုးငွေမိုးများ ရွာချခဲ့ကြပါတယ်။ အဲဒီ ရေအစုံ မီးအစုံတန်ခိုးပြာဋိဟာ ပြတော်မူခန်းမှာ ကိုလိုနီခေတ်ကတော့ ဝိတိုရိယဘုရင်မကြီး လှူဒါန်းတော်မူတဲ့ မီးကျည်မီးပန်းယမ်းများကို ပူဇော်ခဲ့ကြတယ်လို့ အသက် ၉၃ နှစ်ရှိပြီဖြစ်တဲ့ နာယကကြီးဦးလှထွန်းက ပြောပြခဲ့ပါတယ်။ ရက်ရှည်ဘုရားပွဲတော်ကြီးကို ၂ ⋅ ၂ ⋅ ၂၀၁၆ နေ့မှာ အောင်ပွဲခံအပြီးသတ်လို့ နိုဂြောဓာဗျာဒိတ်ပေး ကိုယ်တော်ကြီးဟာ စံတော်မူရာ ဂန္ဓကုဋီစံကျောင်းတော်ကြီး တစ်နည်း ဝေဠုဝန်ကျောင်းတော်ကြီးမှာ ပြန်လည်ကိန်းဝပ်တော်မူပါတယ်။

**ညွန့်ညွန့်**

www.burmeseclassic.com

# ဧရာဝတီတိုင်းဒေသကြီး
# မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ခနောင်ထော်ရွာ
# ၁၀၈ တောင်
# ရန်မျိုးအောင်စေတီတော်မြတ်ကြီးသမိုင်း

ပန်းတနော် နောင်လတ်



**သမိုင်းအစ ပထမ**


ခရစ်နှစ် ၁၉၆၇ က အမှတ်(၁၁)၊ ကျောင်းလမ်း၊ မအူပင်မြို့တွင် ဒေါ်မေမြထက်၊ ဒေါ်သောင်း၊ ဒေါ်ခင်ကြည် ဆိုသော ညီအစ်မသုံးယောက် နေထိုင်ခဲ့သည်။ ညီအစ်မသုံးယောက်မှာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများဖြစ်၍ သူတို့အိမ်သို့ ပုဂ္ဂိုလ်ကြွရောက်ခဲ့ပြီး ကဿပဘုရားရှင်၏ ဆံတော်၊ အံတော်၊ ဓာတ်တော်များ၊ ဥဏ္ဏလုံမွေ ဓမ္မရှင်တော်များကို ပင့်ဆောင်ခဲ့သည်။

ထိုသို့ ဒေါ်မေမြထက်တို့ အိမ်သို့ ပုဂ္ဂိုလ်ကြွခြင်း၊ ဓာတ်တော်မွေတော်များ ရောက်ရှိခြင်းကို ကြားသိကြသော လူအများက ဓာတ်တော်မွေတော်များကို လာရောက်တောင်းကြသော်လည်း ဒေါ်မေမြထက်တို့ ညီအစ်မများက ပုဂ္ဂိုလ်ပင့်ဆောင်၍ ရောက်ရှိလာသော ဓာတ်တော်မွေတော်များ ဖြစ်ခြင်းကြောင့် ပေးချင်သော်လည်း ပေး၍မဖြစ်ကြောင်း၊ ပူဇော်ထိုက်သူဖြစ်လျှင် ပူဇော်ခွင့်ရအောင် ရေမွှေးပုလင်းပေးထားရန် ပြောကြားခဲ့ကြသည်။

ထိုအခါ သဒ္ဓါတရားထက်သန်စွာ ပူဇော်လိုကြသော လူပုဂ္ဂိုလ်များက ရေမွှေးပုလင်းများပေးခဲ့ကြရာ ပေးကြသော ရေမွှေးပုလင်းများအနက် ရေမွှေးပုလင်း ၁၀၈ ပုလင်းအတွင်း

www.burmeseclassic.com

www.burmeseclassic.com



သို့ ကဿပဘုရားရှင် ဓာတ်တော်မွေတော်များ ကြွရောက်သီတင်းသုံးခဲ့သည်။

၁၀ဂ ဆူသော ဓာတ်တော်မွေတော်များ ကြွရောက်ချိန်က ဒေါ်မေမြထက်မှာ ပေါင်ကိုက်ရောဂါ ခံစားနေရချိန်ဖြစ်သည်။ ပေါင်ကိုက်နာကို တိုင်းရင်းဆေးများဖြင့်ကုသည်။ မပျောက်။ နိုင်ငံခြားဆေးဖြင့်လည်းကုသည်။ မသက်သာ။ အခြားကောင်းနိုးရာရာ နည်းများဖြင့် ကုသော်လည်း ထူးမခြားနား။

"ပန်တပွတ်သွားရမယ်၊ ခနောင်ထော်သွားရမယ်၊ ဘုရားတည်ရမယ်"ဟု ပုဂ္ဂိုလ်ကပြောသည်။ ပုဂ္ဂိုလ်မှာ ဘိုးဘုရားဖြစ်သည်။ ဘိုးဘုရားမှာ ဦးအိန္ဒာသဖနာဂ ဖြစ်သည်။ ဘိုးဘုရား ဦးအိန္ဒာသဖနာဂသည် နဂါးမျိုးနွယ်ဖြစ်ပြီး နဂါးဖခင်နှင့် လူမိခင်က မွေးဖွားခဲ့ခြင်းဖြစ်သည်။ ဘိုးဘုရားက လောကီမပါ လောကုတ္တရာသက်သက်သာလုပ်သော ပုဂ္ဂိုလ်ဖြစ်သည်။

ဘိုးဘုရား အမိန့်တော်ရှိသည့်အတိုင်း ဒေါ်မေမြထက်၊ ဒေါ်သောင်းနှင့် ဒေါ်ကြည်တို့ ညီအစ်မများက ပံတပွတ်ခနောင်ထော်သို့ ၂၀၁၆ ခုနှစ်မှ ရေတွက်လျှင် လွန်ခဲ့သော ၄၄ နှစ်၊ ၁၉၆၇ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိခဲ့ကြသည်။

ပံတပွတ်၊ ခနောင်ထော်သို့ရောက်လျှင်ရောက်ချင်း ဒေါ်မေမြထက်၏ ပေါင်ကိုက်ရောဂါမှာ ဆေးမလိမ်း၊ ဆေးမသောက်၊ ဆေးမထိုးရဘဲ အလိုအလျောက် ပျောက်ကင်းသွားခဲ့သည်။

ဘိုးဘုရား ဦးအိန္ဒာသဖနာဂ၏ အမိန့်တော်မှာ တိကျမှန်ကန်လှပါသည်။

မအူပင်မြို့နယ် ပံတပွတ်၊ ခနောင်ထော်ရွာသို့ ဒေါ်မေမြထက်တို့ရောက်ရှိပြီး ဘုရားတည်ရန်လာရောက်ကြသည်ဟု သိသည်နှင့် ဒေါ်မေမြထက်တို့၏ ဘွားတော်သူ ဦးဘိုလုံးက မြေတစ်ကေကို သဒ္ဓါဖွေးဖြူပေးလှူခဲ့သည်။

ဦးဘိုလုံးပေးလှူသော မြေတစ်ကေတွင် မြေပြင်ရှိသည်။ မြေနိမ့်ကန်ကြီးရှိသည်။ ထိုမြေနိမ့်ကန်ကြီးကို မြေပြင်ညီဖြစ်အောင် ဒေါ်မေမြထက်တို့က ဂဝံကျောက်တန်းများချပြီးမှ ဘုရားတည်ခဲ့ရသည်။ မြေနိမ့်ကန်ကြီးကို အရိုးစိမ်းကန်ဟု ခေါ်သည်။ ကန်ပြည့်အောင် ဂဝံကျောက်တန်း ၁၄၀ ဖို့ထည့်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ၁၀၈ တောင်ထိအောင် ဉာဏ်တော်မမြင့်သေး။ ယခုလက်ရှိ ပန်းတင်ခုံလောက်သာမြင့်သည်။

**ပထမသမိုင်းလျှင် မှတ်တမ်းတင်**

၁၀၈ တောင် ရန်မျိုးအောင်စေတီတော်မြတ်ကြီးကို ပန်းတင်ခုံအမြင့်အထိသာ မူလက တည်လှူပူဇော်နိုင်ခဲ့ခြင်းနှင့်ပတ်သက်သည့် "ဦးဆောင်ပုဂ္ဂိုလ်များ" လက်ရေးစာရွက်နှစ်ရွက်ကို ဒေါ်ခင်ကြည်(ယခု အဘွားကြည်၊ အသက် ၉၃ နှစ်ရှိနေသူ)ထံမှ ဤသို့ ကူးယူခဲ့ပါသည်။

ဦးဆောင်သည့်ပုဂ္ဂိုလ်မှာ -

၁။ ဦးအိန္ဒာသဖနာဂ(နဂါးမျိုးနွယ်) နဂါးဖခင်နှင့် လူအမေကမွေး၊ ဘိုးဘုရား၊ လောကီမပါ၊ လောကုတ္တရာသက်သက်။

၂။ ဦးကဝိအိန္ဒဘုမ္မိယ၊ ဘိုးတော်ချုပ်ကြီး။

၃။ ဆရာတော် ဦးထိန်လင်း၊ လောကီ၊ လောကုတ္တရာ။

၄။ ဦးပဏ္ဍိစ္စဉာဏ၊ ဘုမ္မိယဘိုးတော်(လူအမည် ဦးဘိုးပု)။

၅။ ဦးရေဝတ၊ အင်းပေါက်ရသေ့ကြီး (လူအမည် ဦးဘိုးလုံး) ငါးပါးသော ပုဂ္ဂိုလ်ကြီးများ ဦးဆောင်သည်။

"၁၀၈ တောင် ရန်မျိုးအောင် နန်းဦးစေတီတော်မြတ်ကြီးနှင့် ၂၇ တောင် ရွှေကပ်ကျော်ပြည်တော်ဒေး၊ နောင်တော်ကြီးစေတီတော် ဗျာဒိတ်ပေးဘုရားများ၊ အမိန့်အတိုင်း ပြုလုပ်တည်ဆောက်ရမည့် အလုပ်သမားဦးစီးဦးဆောင် သမီးတော် နာဂဝတီ။

(မှတ်ချက်။ ။ သမီးတော် နာဂဝတီဆိုသည်မှာ ဒေါ်မေမြထက်(အဘွား မေမြထက်၊ ယခုကွယ်လွန်ခဲ့ပြီး)ဖြစ်သည်။

သမီးတော် နာဂဝတီ . . .

နင်သည် ငါတို့၏ ပြောဆိုညွှန်ပြ ဆိုဆုံးမသည့်အတိုင်း မှန်ကန်စွာ ဆွေတော်ရုပ်သောင်း၊ မျိုးတော်ပေါင်းတို့နှင့် သစ္စာစိတ္တာန်ချက်ရှိသည့်အတိုင်း ပြုလုပ်တည်ဆောက်ရမည့် တာဝန်သည် နင့်တာဝန်ဖြစ်သည်။

ဘုရားဖြစ်မြောက်ရန် တာဝန်သည် ငါတို့ရဲ့တာဝန်ဖြစ်သည်။

နင်ပြုခဲ့သည့် သစ္စာစိတ္တာန်ကို ကတိပြုပြီး ခမည်းတော်ဘုရားရဲ့ ပါရမီကို ကျယ်ပြန့်အောင်ဆောင်ရွက်ပါ။ မတ်မတင်းပါစေနှင့်။ ဖြစ်ပါ့မလားဆိုသည့် စဉ်းစားမှုများကို ဤနေ့ကစပြီး စဉ်းစားဝေဖန်မှုကို ဖျောက်ပစ်ပါ သမီးတော်"

ဤနေရာ၊ ဤဌာနသည် သမီးတော်တို့ နေရင်းဌာနစစ်ဌာနမှန်ဖြစ်နေပါ၍ သမီးတော်၏ပါရမီကိုဖြည့်စွမ်းမည့် ဆွေတော်ရုပ်သောင်း မျိုးတော်ပေါင်း အစစ်အမှန်သာလျှင် ငါတို့လက်ခံနိုင်မည်။

အကောက်ဉာဏ်နှင့် လိမ်လည်လှည့်ဖြား ပြောဆိုမှုများကို ငါတို့ လက်ခံခြင်းမပြု။ ဒဏ်ခတ်၍ ထုတ်ပစ်ရမည်မှာ မလွဲကေန် ခမည်းတော်ရဲ့ သစ္စာစိတ္တာန်ချက် ပါရမီဖြည့်သည့် သမီးတော် နာဂဝတီသတိထား။

သမီးတော် ဤ ၁၀၈ တောင် ရန်မျိုးအောင် နန်းဦးစေတီတော်မြတ်ကြီး၏ ဘုန်းရိပ်ကို ခိုလှုံပြီး သတ္တဝါများ တိုးတက်ရမည့် ပွဲအစစ်အမှန်ဖြစ်ပါသည် သမီးတော်။

သမီးတော်သည် လှူပါတမ်းပါဆိုသည်ကို ဝစီကံက

www.burmeseclassic.com

www.burmeseclassic.com


ရောဝတီတိုင်းဒေသကြီး
မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ခနောင်ထော်ရွာ
၁၀၈ ဧတောင်
ရန်မျိုးအောင်စေတီတော်မြတ်ကြီးသမိုင်း

ပန်းတာနော် နောင်လတ်



စာ - ၂၈


လောကီရေးရာ


ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ———— ၃၄

ရွှေပြည့်ကျွန်း မြင်းဖြူရှင်နတ်နှင့် အောင်စွာမကြီးနတ်
နန်းကြွေသျှင် ———— ၅၀

စံပယ်ကြူမွှေး မြတ်လေးသင်းထုံ လနယုန်
တက္ကသိုလ်သျှင်ဥက္ကာ ———— ၇၅

အလုပ်အကိုင် အောင်မြင်နိုင်ဖို့
မဟိန္ဒီကျော်ခေါင် ———— ၇၇

သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ———— ၇၈

စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ———— ၇၉

သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ———— ၈၀

သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ———— ၈၁

ဒီလိုလက်မျိုး သင့်မှာရှိခဲ့လျှင်
ဒေါက်တာစောယုနွယ် ———— ၈၃

ကထာဝတ္ထုပဟုသုတ



ဓာတ်ရိုက်ယတြာ ရွှေပညာ(၄၂)
ဘုန်းပွင့်ထွန်း ———— ၉၃

ဗာကျိုးနီးယားမှတ(၅)
မောင်ကောင်းမြင့် ———— ၉၅

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုလျှင်
တက္ကသိုလ်သခ် ———— ၉၈

ဇုတ်သုတ်ရှာနှင့် သုဝဏ္ဏဘူမိမြို့တော်
နတ်ထီးလှိုင် ———— ၁၀၀

သုဝဏ္ဏဘူမိတော်ဝင်စိန်ပြာကြီးနှင့် Titanic သင်္ဘော
မင်းရွှေသိန်း(ဇင်းကျိုက်) ———— ၁၀၆

သူတော်စင်ဝိဇ္ဇာကြီးတို့၏ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ
ဝိဇ္ဇာဓရဆရာအောင် ———— ၁၁၀

ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန်၏ . . .
ဦးတိုး(တက္ကသိုလ်) ———— ၁၁၂

တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၆-ဇူလိုင်လ . . .
ရောတီ-အောင်သိန်း ———— ၁၁၅

၂၀၁၆-ခုနှစ် တရုတ်မျောက်နှစ်တွင် မွေးသူများအတွက်
ကောတီ-အောင်သိန်း ———— ၁၁၉

မိဘကျေးဇူး ဆပ်ဖူးကြစေလျှင်
ပြည်ရွှေဘိုဆရာတော် ———— ၁၂၄




www.burmeseclassic.com

www.burmeseclassic.com


မည်သည့်အခါမျှ မပျက်ပါနှင့်။ စေတနာသုံးထွန်ကျရောက် ပြီး လှူဒါန်းသည်များကိုသာလျှင် လက်ခံခြင်းကိုသာပြုပါရန် ခမည်းတော် အထူးသတိပေးခြင်းပြုသည်။

ဤလှူဒါန်းသော ပစ္စည်းများကို သမီးတော် သစ္စာ မိဋ္ဌာန်ချက်အတိုင်း တိကျမှန်ကန်စွာ ပြုလုပ်ဆောင်ရွက်ပါ။ ဘုရားများ ပြုလုပ်တည်ထောင် အောင်မြင်ပြီးစီးသည့် အချိန် အခါမှာ ပိုလျှံသောပစ္စည်းများကို သမီးတော် အလိုရှိသုံးစွဲ ဖို့ရန် ခမည်းတော် ခွင့်ပြုချက် ချမှတ်ပါသည်။

မပြီးခင် သမီးတော် ပြစ်မှားကျူးလွန်ခဲ့ပါလျှင် သမီး တော်ဖြစ်လင့်ကစား မသက်ညှာနိုင်။ သစ္စာမိဋ္ဌာန်ချက်အတိုင်း ရာဇဒဏ်ခတ်မည်။ လောဘ၊ ဒေါသ၊ မောဟကို သတိ ကြပ်ကြပ်ထား။

မြန်မာသက္ကရာဇ် ၁၃၃၅ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့၊ နံနက် နှစ်မောင်းကျော်ခန့်တွင် အမိန့်ချမှတ် သည်။

ခရစ်သက္ကရာဇ် ၁၉၇၃ ခု၊ အောက်တိုဘာလ ၁၁ ရက်၊ ကြာသပတေးနေ့တွင် နံနက် နှစ်မောင်းကျော်ခန့်တွင် အမိန့်ချမှတ်သည်။



အားဖြင့် "၁၀၈ တောင် ရန်မျိုးအောင် စေတီတော်မြတ်ကြီး" ကို ဆက်လက်တည်ထောင်တော်မူရာ ၁၅-၄-၂၀၀၀ ပြည့် နှစ်တွင် ရွှေထီးတော် ဆက်ကပ်တင်လှူပူဇော်နိုင်သည်အထိ ပြီးစီးအောင်မြင်ခဲ့ပါသည်။

## ဒုတိယအဆင့် ဂုဏ်တိုးမြှင့်

ဦး ဝန္နသဖနာဂ၊ ဦးကဝိဒိန္န ဆရာတော် ဦးထိန်လင်း၊ ဦးပဏ္ဍိစ္စဉာဏ၊ ဦးရေဝတဆိုသော ပုဂ္ဂိုလ်ကြီးငါးဦး၏ တာဝန် ပေးမှုဖြင့် ၁၉၇၃ ခုနှစ်မှစ၍ ဒေါ်မေမြထက် (အဘွားမေမြ ထက်)၊ ဒေါ်သောင်း(အဘွားသောင်း)နှင့် ဒေါ်ခင်ကြည် (အဘွားကြည်)တို့ တည်လှူပူဇော်ခဲ့သော "၁၀၈ တောင် ရန်မျိုးအောင်စေတီတော်"(အရီးစိမ်း၏ရေကန်ကြီးကို ဂဝံ ကျောက်တန်း ၁၄၀ အထိ ဖြည့်ဖို့ထည့်ပြီးမှ တည်လှူ ပူဇော်ရခြင်းကြောင့် ပြန်လည်မြေနိမ့်ကျသွား၍ ယခုဖူးတွေ့ရ သော စေတီတော်မြတ်ကြီး၏ ပန်းတင်ခုံ အမြင့်အထိသာ ရှိခဲ့သော စေတီတော်)ကြီး၏ ပါရမီကိုဖြည့်သောအားဖြင့် အန္တိမ နဂါးမာန်ဝင်း ဂိုဏ်းချုပ်ဆရာကြီး ဦးသောင်းတင်မှ ဦးစီးလျက် ဗိုလ်ကလေးမြို့နေ ဆန်စက်ပိုင်ရှင် ဦးကျင်မောင် နှင့် ဇနီးဒေါ်စိန်စိန်၊ နယ်လှည့်သာသနာပြု ဦးခင်သိန်း (သီရိခေတ္တရာ)စသည့် ပုဂ္ဂိုလ်များ၏ ပါရမီကိုဖြည့်သော

စာရေးသူနှင့် ဇနီးဒေါ်တင်တင်ကြည် အပါအဝင် ဆိုင် ကယ် ကယ်ရီသမား ဦးကျော်စိုး(မအူပင်)တို့က ထိုစေတီ တော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကန်တော့ရင်း အဘွား ကြည်ဟုခေါ်သော ဒေါ်ခင်ကြည်(ယခု အသက် ၉၃ နှစ်ရှိပြီး ၁၀၈ တောင် ရန်မျိုးအောင်စေတီတော်မြတ်ကြီး၏ သာသနာ့ မြေအတွင်းရှိ သီလရှင်ကျောင်း၌ နေထိုင်လျက် ဝိပဿနာ ဘာဝနာအလုပ်အားထုတ်နေသူ) စေတီတော်၏ မူလအလှူ ရှင်နှင့် ထိုအဘွားကြည်ထံမှတွေ့ရသော ပလပ်စတစ်လောင်း ဖုံးအုပ်ထားသည့် "ဦးဆောင်ပုဂ္ဂိုလ်များ" လက်ရေးစာရွက် နှစ်ရွက်ကို တွေ့ခဲ့ရသကဲ့သို့ အဘွားကြည်၏စကားကို ကြား နာခဲ့ရသကဲ့သို့ စေတီတော်မြတ်ကြီးအနီးရှိ "သမိုင်းကျောက် စာ"နှင့် ကျောက်စာနှင့်ကျောချင်းကပ်ရှိ "အဓိဋ္ဌာန်" ကျောက် စာတို့ကို ဖတ်ရှုခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## လောကဥသျှောင် ရန်မျိုးအောင်စေတီတော်မြတ်ကြီး

အထက်ပါ စေတီတော်မြတ်ကြီးအား ဘုရားကြီး၏ပါရမီကို ဖြည့်သောအားဖြင့် အန္တိမနဂါးမာန်ဝင်းဂိုဏ်းချုပ် ဆရာကြီးဦးသောင်းတင်မှဦးစီးလျက် ဆန်စက်ပိုင်ရှင် ဦးကျင်မောင်၊ ဒေါ်စိန်စိန်တို့အား ဒကာပြု၍ နယ်လှည့်သာသနာပြု ဦးခင်ဇိန်း(သီရိခေတ္တရာ)စသည့် ၎င်းတို့ လေးဦး၏ ပါရမီကို ဖြည့်စွမ်းသောအားဖြင့် ရောဝတီတိုင်း၊ မအူပင်ခရိုင်၊ ခနောင်ထော်ကျေးရွာတွင် ၁၉၉၅ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် "လောကဥသျှောင်ရန်မျိုးအောင် စေတီတော်မြတ်ကြီး" အား ကောင်တည်ထောင်ခဲ့ပါသည်။

... ရန်မျိုးအောင် စေတီတော်မြတ်ကြီးအား လှူဒါန်းမှုအစုစုမှာ အုတ်ချပ်ရေ ၃၁၀၀၀၀၀၊ ဘိလပ်မြေ ၂၇၀၀ အိတ်၊ ထုံး ၂၅ အိတ်၊ အုတ်ကျိုးကျင်း ၇၂၀၊ ကျောက်စရစ် ၂၉ ကျင်း။ သံချောင်း ၅ တန်၊ သဲ ၁၈၀၀၀ ကျင်း။ စေတီတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ အတောင် ၁၂၀ ရှိပြီး မြင့်မြတ်သဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့ပါ သည်။

အထက်ပါစေတီတော်မြတ်ကြီး ဖြစ်မြောက်ရေးအတွက် လုပ်အားဒါနပြုကြသော နယ်သူ၊ နယ်သား ခုနစ်ရက် သားသမီးအားလုံးကို ဝမ်းမြောက်စွာဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ဘုံ ၃၁ ဘုံမှ လူနတ်ပြဟ္မာအားလုံးဝမ်းမြောက်နမော် သာဓု၊ သာဓု၊ သာဓု ခေါ်ဆိုနိုင်ကြပါစေသတည်း။

၎င်းစေတီတော်မြတ်ကြီးအား ၁၃၆၁ ခုနှစ်၊ နယောင်းတန်ခူးလဆန်း ၁၂ ရက်၊ ၁၅-၄-၂၀၀၀ ခုနှစ်တွင် ထီးတော်ကြီးအား တင်လှူခဲ့ပါသည်။

လောကဥသျှောင်ရန်မျိုးအောင် စေတီတော်မြတ်ကြီး၏ လှူဒါန်းမှုအစုစုငွေပေါင်း ၃၈၅၃၆၀၀၀ ကျပ်ဖြင့် တည်ထား မြင့်မြတ်စွာ ကိုးကွယ်လှူဒါန်း ပူဇော်တည်ထောင်ခဲ့ပါသည်။

**သာသနာ့မှု ဒကာပြု**<br>**ဦးကျင်မောင်၊ ဒေါ်စိန်စိန်**<br>**မိသားစု**<br>**ဗိုလ်ကလေးမြို့ ရောဝတီတိုင်း။**

## အဓိဋ္ဌာန်

ဤလောကဥသျှောင် ရန်မျိုးအောင်စေတီတော်ကြီးသည် ကာလရှည်ကြာ၍ ကမ္ဘာသူ၊ ကမ္ဘာသား ခုနစ်ရက်သားသမီးများ ဖူးမြော်ကြည်ညိုကြခြင်းဖြင့် ဆိုက်ရောက်လာမည့် ကပ်များ ကျော်လွှားနိုင်ကြစေပြီး အေးချမ်းသာယာစွာဖြင့် ကျွန်ုပ်တို့ ဗုဒ္ဓသာသနာ ထွန်းလင်းအောင် ပြုနိုင်ကြပါစေသတည်း။

ဤစေတီတော်မြတ်ကြီးကိုလည်း ဗုဒ္ဓသာသနာ ကြည်ညိုခြင်း၊ သဒ္ဓါမှန်ထက်သန်ခြင်း၊ တရားအမှန်မြင်ပြီး သူတော်စင်များသာလျှင် နောင်သောအခါပြုပြင်နိုင်ကြပါစေသတည်း။ ဗုဒ္ဓသာသနာ ရောင်ဝါနေသို့ လင်းပါစေသတည်း။ လူရောနတ်ပါ ပြဟ္မာမကြွင်း။ သတ္တဝါအားလုံး ပူဇော်ကြည်ညိုကြခြင်းဖြင့် သာဓု၊ သာဓု၊ သာဓု သုံးခါ ခေါ်ဆိုနိုင်ကြပါစေသတည်း။

**သာသနာ့မှု ဒကာပြု**<br>**ဦးကျင်မောင်+ဒေါ်စိန်စိန်**<br>**မိသားစု**<br>**ဗိုလ်ကလေးမြို့ ရောဝတီတိုင်း။**

## သူတော်စင်များ မေ့လျော့ထား

၁၀၈ တောင် ရန်မျိုးအောင်စေတီတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူသည့် သာသနာ့မြေတွင် ဘုန်းတော်ကြီးကျောင်း ကိန်းဝပ်စံပယ်တော်မူသည့် သာသနာ့မြေတွင် ဘုန်းတော်ကြီးကျောင်း။ သာသနာ့ဟိတကာရီသိမ်တော်၊ ရေကန်၊ သီလရှင်ကျောင်း။ အုန်းစေတီ၊ ၂၇ တောင် ရွှေကပ်ကျော်ပြည်တော်အေး နောင်တော်ကြီးဘုရားနှင့် သာသနာ့ဒါယကာ ဦးကျင်မောင်၏ အုတ်ဂူ စသည်တို့ရှိသည်။ နတ်နန်းအဆောက်အအုံအတွင်း စံမြန်းနေကြသော ရွှေဂျီးဖြူနှင့် မူလခဲ မောင်နှမရုပ်တုကိုလည်း တွေ့ခဲ့ရသည်။

ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးသော ဆရာတော်၊ သံဃာတော်များကို မတွေ့ခဲ့ရပါ။ သို့သော် ဝါတွင်းကာလ၌ ဥပုသ်သည်များအား သီလပေးခြင်း၊ တရားဒေသနာများ ဟောကြားခြင်းတို့ကို မအူပင်မြို့နယ်ရှိ သံဃာတော်



www.burmeseclassic.com

www.burmeseclassic.com

အရှင်သူမြတ်များ။ ရန်ကုန်မြို့မှ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ကြွရောက်ချီးမြှင့်တော်မူကြကြောင်း သိရပါသည်။

သီလရှင်ကျောင်းတွင် အဘွားကြည်နှင့် အတူအမြဲနေ သီလရှင် ဒေါ်ဓမ္မစာရီနှင့်က ဒေါ်ပုညဝတီဟု့အပြင် ယောဂီဒေါ်ခေမာလည်း ရှိသည်။ အသက် ၉၃ နှစ်ရှိပြီဖြစ်သော အဘွားကြည်က အဓိဋ္ဌာန်ဝင်နေသော ပုဂ္ဂိုလ်ဖြစ် သည်။ အဘွားကြည်ကဲ့သို့ အဓိဋ္ဌာန်ဝင်နေသော အသက် ၈၄ နှစ်ရှိ အဘွားဒေါ်ညွန့်ညွန့်လည်း ရှိသည်။ ဒေါ်ညွန့် ညွန့်သည် အဘွားကြည်၏ ညီမဖြစ်သည်။

## ထူးခြားဖြစ်စဉ် မှတ်တမ်းတင်

သိုက်စောင့်ဖြစ်နေသည်ဆိုသော "သိုက်ဆရာသာလာယ"၊ သိုက်နန်းရှင်များဖြစ်သည့် "ရွှေချိုးဖြူ"နှင့် "မှုလခဲ" တို့ပျော်စံရာ နေရာဝန်းကျင်တွင် တည်လှူပူဇော်တော်မူပြီးသော ၁၀၈ တောင် ရန်မျိုးအောင်စေတီတော်မြတ်ကြီးနှင့် ဆက်စပ်သည့် ထူးခြားမှုများရှိသည်။

(၁) စေတီတော်မှ ရောင်ခြည်တော်ကွန့်မြူးခြင်း။

(၂) သာသနာ့မြေအတွင်း မွှေးပျံ့သော နံ့သာရနံ့များ ရရှိခြင်း။

(၃) သာသနာ့နယ်မြေအတွင်းနှင့် ဝန်းကျင်၌ ညစ်ညမ်းသောအပြုအမူ၊ အပြောအဆိုများ ပြုလုပ်လျှင် ပြုလုပ်ပြောဆိုသူမှာ ဒုက္ခအန္တရာယ်တစ်မျိုးမျိုးနှင့် တွေ့ကြုံခံစားရခြင်း။

(၄) ရှေးယခင်က အလှူပွဲများသို့ သွားရောက်ရာတွင် ဝတ်ဆင်လိုသူများက ရွှေထည်ပစ္စည်းများကို ခေတ္တငှားရမ်းပါဟု ရွှေချိုးဖြူတို့ မောင်နှမကို တောင်းပန်လျှင် မြေပြင်ပေါ်၌ ရွှေထည်ပစ္စည်းများကို တွေ့ရခြင်း။

(၅) ရွှေထည်ပစ္စည်းများ ငှားရမ်းထားသူတို့က အလှူပွဲပြီးသည့်နောက် မှုလနေရာတွင် ပြန်ထားလိုက်သည်နှင့် ထိုရွှေထည်ပစ္စည်းများမှာ မျက်စိအောက်မှ ပြန်လည်ပျောက်ကွယ်ခြင်း။

(၆) ယခုအခါ အကျင့်စာရိတ္တမခိုင်မာသူ လူများရှိလာသောကြောင့် ယခင်ကကဲ့သို့ ရွှေထည်ပစ္စည်းများ ငှားရမ်း၍မရတော့ခြင်း စသည်တို့ဖြစ်ကြောင်း သိရှိရပါသည်။

## ဖူးမြော်ပူဇော် ၁၀၈ တောင် ရန်မျိုးအောင်စေတီတော်

၁၀၈ တောင် လောကဉသျှောင် ရန်မျိုးအောင်နန်းဦးစေတီတော်မြတ်ကြီးကို ဖူးမြော်ပူဇော်လိုသော ပုသိမ်၊ အိမ်မဲ၊ မြောင်းမြ၊ ဝါးခယ်မ၊ ကျောင်းကုန်း၊ ကျုံပျော် စသည့်ဒေသများမှ လာရောက်သူများဖြစ်ဖြစ်၊ ရန်ကုန်ဘက်မှ လာရောက်သူများဖြစ်ဖြစ် အဝေးပြေးကားများကို စီးလာလျှင် မအူပင်-ရန်ကုန် ကားလမ်းပေါ်ရှိ "ရေနံမြေလမ်းဆုံ"တွင် ဆင်းကြပြီး မအူပင်ဘက်သို့ သွားသော မအူပင်-ရန်ကုန် အပြန်ကားဖြင့်ဖြစ်စေ၊ ဒေးဒရဲ-ရန်ကုန်၊ ဖျာပုံ-ရန်ကုန်၊ ကျိုက်လတ်-ရန်ကုန် စသော ရန်ကုန်အပြန်ကားဖြင့်ဖြစ်စေ ခရီးဆက်ခြင်းဖြင့် မအူပင်မြို့သို့ ရောက်ရှိပါမည်။

မအူပင်မြို့မှ ထိုစေတီတော်သို့သွားလိုလျှင် မအူပင် တက္ကသိုလ်ကို ကျော်လွန်ပြီး ခလရ(၂၇)သို့ ဆက်သွယ်သော အသစ်ဖောက်လုပ်သည့်လမ်းဖြင့် သွားရောက်ဖူးမြော်ကန်တော့နိုင်သကဲ့သို့ ပေါ်တော်မူစေတီတော်၊ ဂုန်လျှော်တောထုပ်စက်ရုံ၊ မက္ကျူပျော့ဖတ်စက်ရုံ၊ ခလရ(၂၇)နှင့် ပံတပွတ်တံတားကြီးကိုကျော်ပြီး သုံးခွဆိုင်လမ်းခွဲမှ ကျောင်းရွာဘက်သို့သွားသော လက်ဝဲဘက်လမ်းအတိုင်း ဆက်သွားရပါမည်။

ထိုသို့ ဆက်လက်သွားသည်နှင့် အ·လ·က ခနောင်ထော်ကို ရောက်မည်။ အ·လ·က ခနောင်ထော်ကို ကျော်ပြီးနောက် ၁၀၈ တောင် ရန်မျိုးအောင်စေတီတော်ရှိရာသို့ ညွှန်ပြထားသော လမ်းညွှန်ဆိုင်းဘုတ်အတိုင်း ဆက်သွားလျှင် ပံတပွတ်ချောင်းအရှေ့ဘက်ခြမ်းရှိ ပံတပွတ်နှင့် မျက်နှာချင်းဆိုင် ခနောင်ထော်ရွာတွင် တည်လှူပူဇော်တော်မူသော ကြည်ညိုဖွယ်ရာ ၁၀၈ တောင် ရန်မျိုးအောင်စေတီတော်မြတ်ကြီးကို ဖူးမြော်ပူဇော်ခွင့် ရရှိကြမည်ဖြစ်ပါသည်။

ပန်းတနော် နောင်လတ်



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၈ ခုနှစ်၊ နယုန်လ - ဝါဆိုလ

## 2016 JULY

| | | |
|---|---|---|
| သောကြာ Friday | 1 ၁၁ | |
| စနေ Saturday | 2 ၁၂ | |
| တနင်္ဂနွေ Sunday | 3 ၁၃ ရက်ရာဇာ | |
| တနင်္လာ Monday | 4 ၁၄ နယုန်လကွယ် | 18 ၁၄ |
| အင်္ဂါ Tuesday | 5 ၁ မဟာရက်ကြမ်း | 19 ၁၅ အာသာဠှနေ့ ဝါဆိုလပြည့် ဓမ္မစကြာနေ့ |
| ဗုဒ္ဓဟူး Wednesday | 6 ၂ ရက်ရာဇာ အမြိုတ္တစုတ်ရက် | 20 ၁ ရက်ရာဇာ |
| ကြာသပတေး Thursday | 7 ၃ | 21 ၂ |
| သောကြာ Friday | 8 ၄ | 22 ၃ |
| စနေ Saturday | 9 ၅ အမြိုတ္တစုတ်ရက် | 23 ၄ |
| တနင်္ဂနွေ Sunday | 10 ၆ ရက်ရာဇာ | 24 ၅ ရက်ရာဇာ |
| တနင်္လာ Monday | 11 ၇ | 25 ၆ |
| အင်္ဂါ Tuesday | 12 ၈ | 26 ၇ အမြိုတ္တစုတ်ရက် |
| ဗုဒ္ဓဟူး Wednesday | 13 ၉ ရက်ရာဇာ | 27 ၈ ရက်ရာဇာ |
| ကြာသပတေး Thursday | 14 ၁၀ | 28 ၉ |
| သောကြာ Friday | 15 ၁၁ | 29 ၁၀ |
| စနေ Saturday | 16 ၁၂ | 30 ၁၁ |
| တနင်္ဂနွေ Sunday | 17 ၁၃ ရက်ရာဇာ | 31 ၁၂ ရက်ရာဇာ |



၁. ၇. ၂၀၁၆ စန်းပြောင်းရက်စွဲ ၁၆. ၇. ၂၀၁၆

### ၂၀၁၆ ခုနှစ်၊ ဂျူလိုင်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၆. ၇. ၂၀၁၆ စနေနေ့ နံနက် ၁၁ နာရီ ၀ မိနစ်တွင် ကရကင့်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၁၂. ၇. ၂၀၁၆ အင်္ဂါနေ့ နံနက် ၄ နာရီ ၅၉ မိနစ်တွင် ပြိဿာရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁၁. ၇. ၂၀၁၆ တနင်္လာနေ့ နံနက် ၁၀ နာရီ ၃၈ မိနစ်တွင် ကရကင့်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၇. ၇. ၂၀၁၆ ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီ ၁ မိနစ်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၇. ၇. ၂၀၁၆ ကြာသပတေးနေ့ ညနေ ၄ နာရီ ၁၉ မိနစ်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

### ၂၀၁၆ ခုနှစ်အတွက် နေသိင်္ဂြိုဟ်နက္ခတ်နှင့် စန်းယှဉ်ချိန်

(၂၁. ၇. ၂၀၁၆)ကြာသပတေးနေ့ ညနေ ၄ နာရီ ၅၂ မိနစ် ၃၁ စက္ကန့်။

(၆. ၇. ၂၀၁၆)၊ (၉. ၇. ၂၀၁၆)ရက်နှင့် (၂၆. ၇. ၂၀၁၆)ရက်တို့သည် အမြိုတ္တစုတ်ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

### အမြိုတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။

www.burmeseclassic.com


www.burmeseclassic.com

# သမိုင်းထွန်းပြောင် ရွှေနတ်တောင်

■ ထွန်းမြတ်

သောတာပန် မပဟာထေရ်တို့တောင် မခသည်နိုင်မျက်ရည်စို့ရတဲ့ လွမ်းဖို့ရာကောင်း လတပေါင်းဟူ၍လည်းကောင်း၊ တပေါင်းသာခေါင် လများနောင်ဟူ၍လည်းကောင်း ပညာရှင်များ ချီးကျူးဖွဲ့ဆိုခဲ့ကြသည့် တပေါင်းလရာသီသို့ ရောက်ရပြန်လေဦးတော့မည်။ ဤတပေါင်းတွင် မြန်မာနိုင်ငံအသီးသီး၌ ဘုရားပွဲများ အများအပြား ကျင်းပလေ့ရှိကြရာ ပဲခူးတိုင်း အနောက်ခြမ်းရှိ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်မှ ရွှေနတ်တောင်ဘုရားပွဲတော်ကြီးကိုလည်း ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြပေလိမ့်ဦးမည်။

ရွှေနတ်တော်စေတီတော်ကို လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်အချိန်က တည်ထားကိုးကွယ်လာခဲ့ပြီး ဘုရားပွဲ ကျင်းပပြုလုပ်ရန် အခြေအနေမပေးသည့် အချိန်မျိုးလောက်မှလွဲလျှင် နှစ်စဉ်မှန်မှန် ဘုရားပွဲကျင်းပပြုလုပ်လာခဲ့ကြပါသည်။ ရွှေနတ်တော်စေတီတော်၏ တည်နေရာမှာ ရွှေတောင်မြို့၏တောင်ဘက် လေးမိုင်တိတိကွာဝေးသော တောင်ကုန်းတောင်ခွယ် တစ်ခု




သမိုင်းရှည်ကြာ တည်ထားခဲ့သည့်
ရွှေတောင်မြို့မှ
ရွှေနတ်တောင်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



**ရန်ကုန်မြို့ ဆူနရန်ပက်ခ်မှ ဦးစိန်၊ ဓါတ်ပုံကြည့်မီသားစု ပြုပြင်နေဆဲ တောင်ဘက်စောင်းတန်း**

ပေါ်တွင် တည်ရှိနေခြင်းကြောင့် ရွှေတောင်မြို့မှလည်းကောင်း၊ ပတ်ဝန်းကျင်ဒေသများမှလည်းကောင်း မနီးမဝေး ခရီးကလေးကို တတန်တက သွားရောက်ဖူးမြော်ကြရပါသည်။

ပွဲတော်ကျင်းပသည့် နေ့ရက်မှာ တပေါင်းလဆန်း ၈ ရက်မှ ၁၅ ရက် လပြည့်နေ့အထိဖြစ်ရာ ပွဲတော်ကျင်းပချိန်ဆိုလျှင် ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်း၊ ပေါင်းတည်၊ အင်းမ၊ ဝက်ပုတ်၊ ပုတီးကုန်း၊ သဲကုန်း၊ ဆင်မြီးဆွဲ၊ မော်ဇာ၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ အောင်လံစသည့် မြို့နယ်များမှ ကားနှင့်တစ်ပုံ ဆိုင်ကယ်နှင့်တစ်မျိုး လာရောက်ကြပြီး ခရီးနီးသည့် ပြည်၊ ရွှေတောင် စသည့်မြို့များကမူ မြင်းလှည်း၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များအပြင် ယခုအခါ ကျေးလက်ဒေသများ၌ အသုံးပြုနေကြပြီးဖြစ်သည့် ထရော်လာဂျီ ကုန်တင်ယာဉ်များဖြင့်ပါ လာရောက်ကြပါသည်။ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း မြန်အောင်၊ ကြံခင်း၊ ဘက်ရဲ၊ သူရဲတန်း၊ ထုံးဘို၊ ပန်းတောင်းမြို့များက မူးမြစ်ကိုကူး၍ ညောင်စာရေးမြို့နယ်ခွဲမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဘုရားပွဲသို့ လာရောက်ကြပါသည်။ ယခုအခါ နဝဒေးတံတားကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ကားနှင့်လာရောက်ကြသူတို့ ပိုများလာပါသည်။

ထူးခြားသည်မှာ နတ္တလင်း၊ ပေါင်းတည်၊ ဝက်ပုတ်၊ သဲကုန်း၊ ပုတီးကုန်း၊ ဆင်မြီးချုံ စသောမြို့နယ်များရှိ ကျေးရွာအုပ်စုများနှင့် ရွှေတောင်မြို့နယ်အတွင်းမှ ကားလမ်း၊ ရေကြောင်းလမ်း ခက်ခဲသော ကျေးရွာအုပ်စုများကမူ လှည်းများ အုပ်စုဖွဲ့ကာ လာရောက်ကြခြင်းပင် ဖြစ်ပါသည်။ ဤလှည်းအုပ်စုများသည် တောင်တော်ခြေရင်း ပွဲဈေးခင်းနှင့် မလှမ်းမကမ်းတွင် လှည်းဝိုင်းကြီးများဖွဲ့ကာ ချက်ပြုတ်စားသောက်ရင်း ဘုရားဖူးကြ၊ အနားယူကြနှင့် နေထိုင်ကြပြီး ညအချိန်တွင်မူ ဇာတ်သဘင်နှင့် ကြည့်ချင်ပွဲများ ကြည့်သူကကြည့်၊ မကြည့်လိုသူများက လှည်းဝိုင်းတွင် ပြန်အိပ်ကြပါသည်။

လှည်းဝိုင်းကို လှည်းများပတ်လည် ကာရံဝိုင်းဖွဲ့ထားပြီး လှည်းဝိုင်းအတွင်းဘက်တွင် နွားများထား၍ လူများ၊ အထူးသဖြင့် အမျိုးသမီးများက လှည်းပေါ်တွင်အိပ်ကြပြီး အမျိုးသားများက နွားများအနီး လှည်းဝိုင်းအလယ်တွင် ဖျာခင်း၍ အိပ်ကြပါသည်။ လူများသော လှည်းဝိုင်းများမှ လူများကမူ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်၍ အိပ်ကြရာ ယခင်က ကျိုက်ထီးရိုးစေတီ ရင်ပြင်တော်ပေါ်သို့ တက်ရောက်အိပ်စက်ကြသည့် သဘောမျိုးပင်ဖြစ်ပါသည်။ ရွှေနတ်တောင်စေတီရင်ပြင်သည် ကျိုက်ထီးရိုးစေတီ ရင်ပြင်ကဲ့သို့ ကျယ်ဝန်းမှုမရှိခြင်းကြောင့် အတင်းတိုးဝှေ့အိပ်ကြသဖြင့် နံနက်အရုဏ်ဆွမ်းကပ်လိုသူ၊ နံနက်စောစော သန့်ရှင်းရေးလုပ်လိုသူ စေတီတော်ဝန်ထမ်းများ အခက်အခဲ ကြုံတွေ့ကြရပါသည်။ နေ့လယ် နေ့ခင်းပိုင်းတွင် လှည်းဝိုင်းများမှ ဘုရားဖူးလာသူများသည် ပွဲဈေးတန်းများအတွင်း လှည့်လည်၍ မိမိတို့ယူဆောင်လာသော ပစ္စည်းများ ရောင်းချခြင်း၊ မိုးရာသီအတွက် မိမိတို့လိုအပ်မည့် လယ်ယာသုံးပစ္စည်းများ၊ စားသောက်ကုန်များ၊ အဝတ်အထည်များနှင့် အခြားလိုအပ်သော အသုံးအဆောင်များ ဝယ်ယူခဲ့ကြပါသည်။ အမှန်သော်

www.burmeseclassic.com

www.burmeseclassic.com

ကား ဘုရားပွဲလာရင်း ကုန်ပစ္စည်း ဖလှယ်ကြခြင်းဖြစ်ပါသည်။ အချို့ကမူ မိမိတို့သုံးစွဲရန်သက်သက်သာမဟုတ်ဘဲ ပြန်လည်ရောင်းချရန် စီးပွားရေးရည်မှန်းချက်လည်း ပါဝင်ပါသည်။

လှည်းဝိုင်းများသည် ရက်ရှည်ဆွဲ၍တော့ မနေကြပါ။ နှစ်ရက်၊ သုံးရက်ခန့် နေထိုင်လည်ပတ် ဘုရားဖူးပြီးနောက် ပြန်လည်ထွက်ခွာသွားကြပါသည်။ မပြန်မီ ဘုရားဂေါပက အဖွဲ့ရုံးသို့ လာရောက်၍ မည်သည့်မြို့ မည်သည့်ရွာ၊ မည်သည့်အုပ်စု ဘုရားဖူးလှည်းဝိုင်းအဖွဲ့က ရွှေနတ်တောင်စေတီတော်အတွက် အလှူငွေ မည်ရွေမည်မျှဟု စပေါင်းကာ ကောင်းမှုကုသိုလ်ပြုလုပ်ကြပါသည်။ ထူးခြားသည်မှာ လူများအတွက်သာ မဟုတ်ဘဲ မိမိတို့ကို အလုပ်အကျွေးပြုနေသည် နွားကြီးများအတွက်ပါ လှူဒါန်းသွားကြပါသည်။ မည်သည့်မြို့ မည်သည့်ရွာ၊ မည်သည့်အုပ်စုး မည်သူမည်ဝါတို့က နွားကြီး(နာမည်ရှိလျှင်) မည်သူ မည်သူတို့အတွက် အလှူငွေ ဘယ်လောက်ဟု ငွေလက်ခံဖြတ်ပိုင်း ရေးသားစေကာ နွားကြီးများ၏ဦးချိုတွင် ရစ်ပတ်ချည်နှောင် ပေးထားကြပါသည်။ မိမိတို့သာ ကုသိုလ်ရယူလိုခြင်းမရှိဘဲ နွားများအတွက်ပါ ကုသိုလ်ကောင်းမှု ပြုလုပ်ပေးကြရာ ကတညုတ၊ ကတဝေဒီဆိုသည့် မင်္ဂလာတရားတော်ကို လက်တွေ့လိုက်နာကျင့်သုံးခြင်း ဖြစ်ပေလိမ့်မည်ဟု ထင်မြင်ယူဆရပါသည်။

လှည်းဝိုင်းတစ်ဝိုင်း ပြန်ထွက်သွားပြီဖြစ်၍ ရှင်းသွားပြီဟုတော့ ယူဆ၍မရပါ။ တစ်ဝိုင်းထွက်သွားပြီးနောက် အခြားတစ်ဝိုင်းက ဝင်ရောက်နေရာယူသည်မှာ ပွဲတော်ပြီးသည်အထိ ဖြစ်ပါသည်။ ဤအစဉ်အလာမှာ ရေးယခင် မည်သည့်အချိန်က စတင်လာသည် မသိ။ ယနေ့အထိ ရှင်သန်နေဆဲပင်ဖြစ်ပါသည်။

ရွှေနတ်တောင် စေတီတော်ကို လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က တည်ထားကိုးကွယ်လာခဲ့ရာ နှစ်ပရိစ္ဆေဒ ရှည်ကြာလာသည်နှင့်အမျှ ပျက်စီးယိုယွင်းမှုများ ရှိလာခဲ့ပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော်က တည်ထားကိုးကွယ်လာခဲ့ရာ နှစ်ပရိစ္ဆေဒ ရှည်ကြာလာသည်နှင့်အမျှ ပျက်စီးယိုယွင်းမှုများရှိလာခဲ့ပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၊ ၁၃၂၆ ခုနှစ် တော်သလင်းလဆုတ် ၁၂ ရက် ၃·၁၀·၆၄ နေ့ညက စေတီတော်၏ အရှေ့ဘက်ခြမ်းသည် ကျားပျံမကောက် ဆေးလိပ်ခုံပိုင်ရှင်မိသားစု ဆောက်လုပ်လှူဒါန်းသည့် သံတန်ဆောင်းကြီးနှင့် မူလအဆောက်အဦများ၏ အလေးချိန်ကို မခံနိုင်သဖြင့် ပြိုကျသွားခဲ့ရာ နှစ်ပေါင်း ၃၀ ခန့်ကြာအောင် ပြန်လည်ပြုပြင်ခဲ့ကြသော်လည်း ကျေနပ်ဖွယ်ရာ အောင်မြင်မှုမရရှိခဲ့ဘဲ နဝတအစိုးရ တက်လာပြီးသည့်နောက်မှာမှ နိုင်ငံတော်နှင့်ပြည်သူတို့ ပူးပေါင်း၍ ဘက်စုံပြင်ဆင်ခဲ့ကြသဖြင့် ရဟန်းရှင်လူပြည်သူအများ စိတ်ချမ်းသာမှုရရှိသည်အထိ အောင်မြင်မှုရရှိခဲ့ပါသည်။

တောင်တော်ပြိုကျမှု ပြင်ဆင်မွမ်းမံခြင်း အဓိကလုပ်ငန်းကြီး ပြီးစီးသွားသည်နှင့်တစ်ပြိုင်နက် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအနောက်ဘက်တန်း မြိုးထင်ဆိုင်မှ ဇရပ်ပြုပြင်ခြင်း။ ရန်ကုန်မှ ဦးညီမင်း။ ဒေါ်ဥမ္မာလွင်တို့က စေတီတော်အရှေ့မြောက်ဘက်မှ နှစ်ကျိပ်ရှစ်ဆူဘုရားနှင့် ကျောက်လှေကားပြင်ဆင်




စေတီတော်အရှေ့ဘက် တောင်ခြေရင်းရှိ
ထွတ်ထပ်ရေးကြီးပျမ်းမှုသမိုင်းဝင် ဇရပ်တစ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်နေဆဲ ရွှေစောင်းတန်း၏ တစ်စိတ်တစ်ဒေသ


ခြင်း၊ ရှေးဟောင်းရုပ်စုံစောင်းတန်း အတက်တွင် ခြင်္သေ့ကြီးနှစ်ကောင်အား ပြန်လည်ပြုပြင်ခြင်း၊ စေတီတော်ကို ပတ်၍ ဂေါပကအဖွဲ့မှ တောင်ပတ်လမ်း ဖောက်လုပ်ခြင်း၊ ဂေါပကအဖွဲ့နှင့် ရွှေတောင်မြို့နယ်အသင်း (ရန်ကုန်)တို့ ပူးပေါင်း၍ သုံးထပ်ဆောင် ဂေါပကရုံး တည်ဆောက်ခြင်း၊ တောင်တော်ပရိဝုဏ်အတွင်းရှိ ရုပ်ပွားတော်များ အသစ်တည်ထား ပြန်လည်မွမ်းမံခြင်း၊ စေတီတော်ရင်ပြင်တော်တစ်ဝိုက် ကျောက်ပြားခင်းခြင်း၊ မြပိုးထည်တိုက် စောင်းတန်းကို ရွှေစောင်းတန်းအဖြစ် ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ ဂျပန်နိုင်ငံရောက် ဆရာတော်တစ်ပါးက စေတီတော်အရှေ့တောင်ဘက် ပရဝုဏ်ထောင့်တွင် ခေတ်မီဇရပ်တစ်ဆောင် ဆောက်လုပ်ခြင်း၊ စေတီတော်အနောက် မြောက်ထောင့်တွင် တောင်ထိန်းနံရံ တည်ဆောက်ခြင်း၊ ရေချိုးခန်းအိမ်သာများ ပြုပြင်ခြင်း၊ ရေစက်လေးလုံး တပ်ဆင်ခြင်း၊ တောင်တော်ပတ်ဝန်းကျင်မှ ရှေးရေတွင်းဟောင်းအချို့ကို ပြန်လည်ပြုပြင်ခြင်း၊ နဂါးရုံဘုရား၊ ရှင်ဥပဂုတ္တ ရဟန္တာရုပ်တုများ တည်ထားခြင်း၊ တောင်တော်တစ်ဝိုက်တွင် ဆီသမြေ သစ်ဆိမ့်၊ လုမ္ဗနီအင်ကြင်း၊ ကွမ်းသီးပင်၊ ပုန်းညက်ပင်၊ ဖန်ခါးပင်၊ မြကျောက်သရက်ပင်၊ စက္ကူပန်းပင်နှင့် အခြားသော ရှိုင်းသမျှသစ်ပင်များ စိုက်ပျိုးခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြပါသည်။

ထို့အပြင် အခြားသောလိုအပ်သည့် ဝေယျာဝစ္စလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ သမိုင်းကြောင်းအရ အထူးမှတ်တမ်းတင်ထားသင့်သော သီပေါမင်းပါတော်မူပြီးနောက် မတတ်သာ၍ ခေတ္တရှောင်ရှားခဲ့ရသူ သွေးသောက်ရဲဘော် လေးဦးတို့ လက်မောင်းသွေးဖောက်ကာ သွေးသောက်ကြပြီး နယ်ချဲ့အင်္ဂလိပ်ကို အသက်သေသည်အထိ ဆက်လက်တိုက်ခိုက်ပါမည်ဟု သစ္စာဆိုကာ အောင်မြေနင်းခဲ့ကြသည့် အောင်မြေကျောက်တိုင်၊ မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်တွင် ကျရောက်နေခဲ့စဉ် အိန္ဒိယနိုင်ငံနှင့် တွဲနေမည်လား၊ ခွဲနေမည်လားဆိုသည့်ပြဿနာ ပေါ်ပေါက်လာရာ ခွဲနေမည်ဆိုသည့်ဘက်မှ အနိုင်ရရှိ၍ ကမ္ဘည်းမော်ကွန်း ရေးထိုးစိုက်ထူထားခဲ့သည့် မြန်မာနိုင်ငံတွင် တစ်ခုတည်းသာရှိသော ခွဲရေး၊ တွဲရေး ကျောက်စာတိုင်တို့ကိုလည်း ပြန်လည်ပြုပြင်ခဲ့ကြပါသည်။

ယခုအခါ ကြီးကြီးမားမား ပြန်လည်ပြုပြင်ရန် လိုအပ်တော့သည်မှာ မြန်မာနိုင်ငံတွင် ရှေးအကျဆုံးတည်ဆောက်ခဲ့သော ဝင်္ကပါတစ်ခုဖြစ်သည့် ရွှေနတ်တောင်စေတီတော် တောင်ဘက်စောင်းတန်းအနီးမှ ရှေးဟောင်းဝင်္ကပါပင် ဖြစ်ပါသည်။ တောင်ဘက်စောင်းတန်း သံတန်စောင်းကို မူလအလှူရှင် အဆက်အနွယ်ဖြစ်သော ရန်ကင်းမြို့နယ် ဆူနရန်ပက်ခ်မှ ဦးစိန်၊ ဒေါ်လှကြည်မိသားစုက ပြန်လည်ပြုပြင်လျက်ရှိရာ ပြုပြင်ပြီးတန်စောင်းနှင့် ကပ်လျက် ဟောင်းနွမ်းပျက်စီးနေသော ရှေးဟောင်းဝင်္ကပါတည်ရှိနေခြင်းမှာ တင့်တယ်မှုမရှိဖြစ်နေပါသည်။ ထို့ကြောင့် ဝင်္ကပါပြန်လည်ပြုပြင်ရေးလုပ်ငန်းကို ဂေါပကအဖွဲ့မှ စဉ်းစားနေရပြီဖြစ်ပါသည်။ ကျန်ရှိနေသော သာသနိကအဆောက်အဦများ တစ်ရစ်ပြီးတစ်ရစ် ပြုပြင်ပြီးစီးသွားပါက ရွှေနတ်တောင်စေတီတော်သည် ယခုထက် ပိုမို၍ သပ္ပာယ်ကြည်ညိုဖွယ်ရာဖြစ်ကာ လာရောက်ဖူးမြော်

www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်စောင်းတန်း မြေတော်ရင်းမှ ရှေးအကျဆုံး ဝက်ပါတစ်ခု

သူတိုင်း စိတ်ချမ်းမြေ့စွာ ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြလိမ့်မည်ဖြစ်ပါသည်။

စေတီတော်နှင့် တိုက်ရိုက် မပတ်သက်သော်လည်း စေတီတော်သမိုင်းနှင့် ဆက်စပ်နေသည့် မြန်မာ့နိုင်ငံရေးလှုပ်ရှားမှု သမိုင်းမှတ်တိုင်အချို့ကို တင်ပြလိုပါသေးသည်။ ရွှေနတ်တောင်စေတီတော်သည် မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုသမိုင်းနှင့် အတော်များများ ဆက်စပ်မှုရှိနေပါသည်။ သီပေါမင်း၏ စစ်သည်တော် သွေးသောက်ရဲဘော် လေးဦး အောင်မြေနှင်း၍ သစ္စာဆိုရာကုန်းမြေ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် တွဲမနေလို။ မိမိတို့ ဘိုးဘွားပိုင်နယ်မြေကို မိမိတို့သာ စီမံခန့်ခွဲပိုင်ခွင့်ရှိသည် ဆိုသည့် ရပ်တည်ချက်ကို ပြတ်ပြတ်သားသားခုံဖြတ်ခဲ့ကြောင်း အထောက်အထားပြုသည့် ကျောက်စာတိုင် ရေးထိုးစိုက်ထူထားရာ ကုန်းမြေအဖြစ် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ရွှေနတ်တောင် စေတီတော်၏ အခြားသော သမိုင်းဝင်အချက်အလက် အတော်များများရှိနေပါသေးသည်။ သာသနာ့သမိုင်း၊ မြန်မာ့သမိုင်း၊ သရေခေတ္တရာသမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ဖက်ဆစ်တော်လှန်ရေးသမိုင်း စသည့် သမိုင်းပေါင်းစုံကို ပြန်လည်ပြောပြနိုင်သဖြင့် "သမိုင်းထွန်းပြောင် ရွှေနတ်တောင်" ဟု တင်စားခေါ်ဝေါ်နေကြပါသည်။

ထို့ကြောင့် ရွှေနတ်တောင်စေတီ ဘုရားပွဲကို ရောက်ပါက လည်ရုံ၊ ပတ်ရုံ၊ ဘုရားဖူးရုံမျှဖြင့်သာ တင်းတိမ်ရောင့်ရဲမနေကြဘဲ လေ့လာဖွယ်ရာရှိသည်များကို ရှာဖွေလေ့လာ ဆည်းပူးနိုင်ကြစေရန် ဘုရားပွဲတော်အချိန် ဘုရားဖူးလာရောက်ကြမည့် အနယ်နယ်အရပ်ရပ်မှ မိတ်သစ်၊ မိတ်ဟောင်းများကို အကြောင်းကြားနှိုးဆော်လိုက်ရပါသည်။

**ထွန်းမြတ်**

www.burmeseclassic.com

# လိုအင်ပြည့်ဝ ရွှေနတ်မ

○ မင်္ဂလာဦးရွှေအိုး

ဗုဒ္ဓဘာသာဝင်များအဖို့ 'နတ်' ဟူသော ဝေါဟာရသည် ရင်းနှီးနေပြီးသားဖြစ်သည်။ ပါဠိဘာသာစကားဖြစ်သော(နာထ)မှ ဆင်းသက်လာခြင်းဖြစ်ပြီး 'ကိုးကွယ်ရာ' ဟူ၍ အဓိပ္ပာယ်ရပါသည်။

နတ်ကို လူတို့ ကိုးကွယ်ခဲ့ကြသည်။ နတ်ကိုးကွယ်မှုဝါဒသည် လူ့သမိုင်းနှင့်အတူ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ အထူးသဖြင့် ဘာသာတရား မပေါ်ပေါက်မီက လူသားတို့သည် အကြောက်တရားမှ ကာကွယ်နိုင်ရန်အတွက် အားကိုးရာရှာခဲ့ကြသည်။ ထိုအားကိုးရာသည် တဖြည်းဖြည်းနှင့် ကိုးကွယ်ရာ ဖြစ်လာခဲ့သည်။ နေရာကိုလည်းကောင်း၊ လေကိုလည်းကောင်း၊ လကိုလည်းကောင်း၊ ရေမြေတောတောင် သစ်ပင်တို့ကိုလည်းကောင်း ကိုးကွယ်ခဲ့ကြရာမှ နတ်ကိုးကွယ်မှုဓလေ့ ထွန်းကားလာခဲ့တော့သည်။ အထူးသဖြင့် သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား ပွင့်ထွန်းပေါ်တော်မူသောကာလဝယ် နတ်ကိုးကွယ်မှု အလေ့အထသည် လူသားတို့၏ နှလုံးသည်းဆိုင်၌ အမြစ်တွယ် ရှင်သန်ကြီးထွားလာခဲ့ပေပြီ။

ဤ၌ နတ်ကိုးကွယ်ကောင်းပါသလား၊ နတ်ကိုးကွယ်ခြင်းဖြင့် မည်သို့သော ကောင်းကျိုးချမ်းသာ ရရှိပါသနည်း ဟူသည့် အမေးတို့ ပေါ်ထွက်လာစရာ ရှိပါသည်။

ဤတွင် ဗုဒ္ဓဘုရားရှင်က မိရိုးဖလာ ရိုးရာနတ်တို့အား ချီးမြှောက်ပူဇော်သင့်ကြောင်းကို သုတ္တန်၊ ဒေသနာတော်များစွာ၌ ဟောဖော်ညွှန်ပြထားခဲ့ပေသည်။ အင်္ဂုတ္တိုရ်ပဥ္စကနိပါတ်၊ မုဏ္ဍရာဇဝဂ်၌...

"မိရိုးဖလာ ကိုးကွယ်ကြသော နတ်များကို မျိုးရိုးအစဉ်အလာမပျက် ကိုးကွယ်ခြင်းအမှုသည် လူတို့၌ ကောင်းကျိုးစီးပွား ဖြစ်ထွန်းရန်အမှုဖြစ်သည်"

ဟူ၍လည်းကောင်း၊ ဥဒ္ဒကပါဠိ ရတနာသုတ် (ပရိတ်ကြီး)တွင်...

"နေ့နေ့ညည ပူဇော်သက္ကာရများကို ဆောင်ယူပူဇော်ကြကုန်သော လူတို့အား နတ်အပေါင်းတို့သည် ချစ်ခြင်းမေတ္တာကို ပြုကြကုန်လော့"

ဟူ၍လည်းကောင်း၊ ဒေဝတာသံယုတ် စသည်တို့၌လည်း...

"လူတို့သည် အိမ်သစ်တက်သောအခါ ရဟန်းသံဃာတော်များကို လှူဒါန်းကျွေးမွေးရာ မိရိုးဖလာ အစရှိသော နတ်များကို အမျှဝေရမည်။ နတ်တို့က ငါတို့ကို အမျှဝေသည်ဟူ၍ အိမ်ရှင်တို့ကို နတ်တို့က ဘေးကင်းအောင်၊ အန္တရာယ်ကင်းအောင် စောင့်ရှောက်ခြင်းဖြင့် ထိုအိမ်ရှင်တို့ကို တစ်ဖန်ပူဇော်ကြကုန်သည်။ မြတ်နိုးမှုပြုကြကုန်သည်။ ထိုနတ်တို့ ချစ်ခင်သနား၍ စောင့်ရှောက်ကြသည်ရှိသော် ထိုအိမ်ရှင်တို့သည် အခါခပ်သိမ်း ကောင်းမြတ်သော မင်္ဂလာကျက်သရေတို့ကိုသာ တွေ့မြင်ကြုံတွေ့ရသည်"

ဟူ၍လည်းကောင်း၊ ဝိနည်းမဟာဝါတွင်လည်း...

"ပညာရှိပုဂ္ဂိုလ်သည် သီလဝန္တ ရဟန်းတော်တို့ကို ဆွမ်းကျွေး လှူဒါန်းရမည်။ နတ်များကို ပူဇော်ပ,သကာ အမျှပေးဝေရမည်။ ထိုသို့ ပေးဝေသည့်အတွက် နတ်များက ထိုပုဂ္ဂိုလ်များကို ပြန်လည်စောင့်ရှောက်သည်"

ဟူ၍လည်းကောင်း၊ သုတ်မဟာဝါ မဟာပရိနိဗ္ဗာန သုတ်တွင် လိစ္ဆဝီမင်းတို့နှင့် ပတ်သက်၍ ဘုရားရှင်က အရှင်အာနန္ဒာအား...

"ချစ်သား...အာနန္ဒာ

ဝေသာလီပြည် လိစ္ဆဝီမင်းတို့သည် မြို့တွင်းမြို့ပြင်ရှိ ဝဇ္ဇီမင်း အဆက်ဆက်တို့၏ ပူဇော်ရာဖြစ်သော နတ်စေတီ၊



www.burmeseclassic.com

www.burmeseclassic.com




## လောကီရေးရာ


အတုယူဖွယ်ကောင်းသော ခရီးသွားမှတ်တမ်း
ရှုယ်လီသိန်းမောင် —————— ၁၂၉

သေသည့်တိုင်အောင် ပြည်သူက မလွမ်းသောမင်း
ခင်မောင်အေး(မန္တလေး) —————— ၁၃၁

မြွေထုံးကွင်းနှင့် ဖြစ်ရပ်ဆန်း
ဟိန်းထက်ချာန် —————— ၁၃၃

ဘဝအမောစင်မယ့် လုပေါတစ်ခွင်ဟာသများ
ဦးကောင်းထူး —————— ၁၃၇

လှုနည်းကား
မောင်ပုတ်စည် —————— ၁၄၁

အနိစ္စဒေသနာ(၂၄)
မဟာထွန်း —————— ၁၄၃

အစွဲအလမ်းကလေးများ
သက်လုံ —————— ၁၅၀

ဘေးရန်ကာဆီး ကြံ့ဝိုင်းပြီးကြစေ
ဇာပြုပွင့် —————— ၁၅၃

ဘဝထဲက သမျှခွေ ၁၅၅

ကျော်ဇင်သွေး(သာယာရွှေပြည်ဟိန်း) —————— ၁၅၅

ဥဏ်ရည်ကို ဘယ်လိုစမ်းမလဲ
မောင်မောင်စန်းထွေး —————— ၁၆၀

ဘာဖြစ်လို့ စိုက်မှာလဲ
ဂန္ဓာရီဆြာအဲ့ —————— ၁၆၃

သက်ကြီးရွယ်အို ကျန်းမာလိုသော်
ဆရာခေါင်ထွင့်မြင့် —————— ၁၆၅

နဝင်းစေဝါမှာ ဆောင်ရွက်ပါ
ဆရာသိဒ္ဓိအောင် —————— ၁၆၇

သဗ္ဗအကျိုးထင်လင်း နဝင်းအား
မော်တင်သိန်းဇော်ဇ —————— ၁၆၉

သောတာပန်နှင့် ပုထုဇဉ် ခြားနားချက်
ကျော်သန်း(တိုင်းရင်းဆေး) —————— ၁၇၁

ချောက်ချားခဲ့ရ ညတစ်ည
မွန်းမြတ်သီရိ —————— ၁၇၉

အလျော့တွက်
သောင်းညာဏ်(ပန်းတော်ကျွန်း) —————— ၂၅၂

ဗိသနိုးပျုခေတ်ရှာ ဘုရင်မပန်ထွာ ကံကြမ္မာ
မောင်ကျော့ဖူး —————— ၂၆၀

အပျင်းနှင့် အဖျင်း ဒီပနီ
ကိုမောင်သန်းဝင်း —————— ၂၇၃

ဈေးရောင်းကောင်းအောင် ဆံထိုးအဆောင်
ဝင်းဇော်(သုံးဆယ်) —————— ၂၇၃

ကျွန်မအကြွေးဆပ်နေကာယ်
မိုးသိမ့် —————— [illegible]



ကမ္ဘာ့သယမဟိန္ဒီစေဂိုဏ်းတော်ကြီး
အဘဆရာဟန်

ကမ္ဘာ့သယမဟိန္ဒီစေ ဗေဒသုတေသီဆရာမျိုး

စာ - ၆၅





www.burmeseclassic.com

www.burmeseclassic.com

ဒ္ဒတ်ကွန်း၊ နတ်နန်း၊ နတ်နေရာသစ်ပင် တည်းဟူသော စေတီတို့ကို အရိုအသေပြုမြဲ ပြုကြကုန်လတ္တံ့။ အမြတ်တနိုး ပြုမြဲပြုကြကုန်လတ္တံ့။ ထိုနတ်ကွန်းစေတီတို့အားလည်း ရှေးကတည်မြှောက်ပြီး ပ,သမြဲ ပြုလုပ်မြဲ ရိုးရာအစဉ်အလာဖြစ်သော သတ်မှု၊ ဖြတ်မှု၊ ဒုစရိုက်မှု လွတ်ကင်း၍ တရားနှင့်လျော်သော ပူဇော်မှု(ဗလိနတ်စာ)ကို ပြုကြလတ္တံ့။ ထိုသို့ပြုလုပ်နေသမျှကာလပတ်လုံး ဝဇ္ဇီမင်း အဆက်ဆက်တို့သည် ကြီးပွားရန်သာရှိသည်။ ဆုတ်ယုတ်ရန် မရှိပေ"

ဟူ၍လည်းကောင်း ဟောကြားတော်မူခဲ့ပါသည်။

မိမိတို့ မြန်မာဝေါဟာရ၌ 'လူမစွမ်း နတ်မ' ဟူသော စကားရှိပါသည်။ ရှေးမင်းများခေတ်က **စေတီတော်များ** တည်ရာဝယ် 'လူတစ်ရစ်၊ နတ်တစ်ရစ်' တည်သည်ဟူ၍လည်း မှတ်သားရပါသည်။ 'လူမစွမ်း နတ်မ'သကဲ့သို့ 'သူတော်ကောင်း နတ်မ' ဆိုသည်လည်း ရှိပါသေးသည်။

ဗုဒ္ဓဘုရားရှင်က အင်္ဂုတ္တိုရ်ပဉ္စကနိပါတ်တွင်...

"လူအပေါင်းတို့သည် မိမိတို့ ရှာဖွေထားသော ဥစ္စာပစ္စည်းများကို ဗလိငါးပါး ပူဇော်ရမည်"

ဟု ဟောကြားတော်မူခဲ့ပါသည်။ ထိုပြင်...

(၁) **ရာဇဗလိ** - မင်းအား အခွန်ပေးဆောင်ခြင်း
(၂) **အတိထိဗလိ** - ရောက်လာသော ဧည့်သည်အားပြုစုကျွေးမွေးခြင်း
(၃) **ဉာတိဗလိ** - ဆွေမျိုးတို့အား ကျွေးမွေးထောက်ပံ့ခြင်း
(၄) **ပုဗ္ဗပေတ ဗလိ** - ကွယ်လွန်သူ မိဘဘိုးဘွားတို့အတွက် အလှူဒါနပြု၍ အမျှပေးဝေခြင်း
(၅) **ဒေဝတာဗလိ** - နတ်များကို ပူဇော်ပသချီးမြှင့်ခြင်း

စသည်တို့ကို လုပ်ဆောင်ရန် နှိုးဆော်တိုက်တွန်းခဲ့ပါသည်။ အထူးသဖြင့် ဒေဝတာဗလိဖြစ်သော နတ်တို့ကို ပူဇော်ပ,သချီးမြှင့်ခြင်းဖြင့် အကျိုးမယုတ်နိုင်ဘဲ အကျိုးထူးခံစားရသော သာဓကများစွာ ရှိပါသည်။ ဘုရားဟောဇာတ်တော်တစ်ခု၌ ကြက်ဆူပင်စောင့်နတ်ကို ဆန်ကွဲမုန့်နှင့် ပူဇော်ပ,သသည့်အတွက်ကြောင့် ကြက်ဆူပင်စောင့်နတ်က ပူဇော်ပ,သသူအား ရွှေအိုးများ တူးဖော်ပြီး ကျေးဇူးပြု ပေးအပ်ခဲ့ကြောင်း လေ့လာဖတ်ရှုရပါသည်။ ဘုရားရှင်သည် နတ်ကိုးကွယ်မှုကို အပြစ်မတင်ပါ။ ကိုးကွယ်ပုံ ကိုးကွယ်နည်း မမှားရလေအောင် လမ်းညွှန်တော်မူခဲ့ပါသည်။ ဓမ္မပဒလာ အဂ္ဂိဒတ္တရသေ့ကြီး၏ဇာတ်၌ - အဂ္ဂိဒတ္တရသေ့သည် လူအပေါင်းတို့အား...

"ဒကာတို့၊ တောတောင် ဥယျာဉ် သစ်ပင်များ၌ ရှိကြသော နတ်တို့ကို ကိုးကွယ်ကြလော့...ဆည်းကပ်ကြလော့..."

ဟု ဟောပြောခဲ့သည်။ ထိုအခါ ဗုဒ္ဓဘုရားရှင်က တားမြစ်တော်မူ၍...

"တရားနာပရိသတ်အပေါင်းတို့...

အဂ္ဂိဒတ္တ လမ်းညွှန်သော ကိုးကွယ်မှုသည် မြတ်သော ကိုးကွယ်မှု မဟုတ်။ ထိုသို့ ကိုးကွယ်ခြင်းဖြင့် ဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်။ ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်မှသာလျှင် ဒုက္ခဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ပေမည်။ နတ်များဟူသည် ကိုးကွယ်ရန် မဟုတ်။ တင်မြှောက်ပသ ပူဇော်မှု၊ အမျှပေးဝေမှုသာလျှင် ပြုလုပ်ရမည်"

ဟု လမ်းညွှန်မိန့်ကြားခဲ့ပါသည်။ ထို့ပြင်...

"တရားနာပရိသတ်အပေါင်းတို့...

နတ်တို့ကို ကိုးကွယ်ရာတွင်လည်း သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံကြပေသည်ဟူ၍ ဒက္ခိဏေယျ-မြတ်သောအလှူခံအဖြစ် ကိုးကွယ်ကြရမည် မဟုတ်။ ကံကို လုံးလုံးလွှတ်၍ ထိုနတ်တို့သည်သာ ငါတို့အား ကောင်းကျိုးကိုသော်လည်းကောင်း၊ မကောင်းကျိုးကိုသော်လည်းကောင်း ပေးနိုင်သည်ဟု ယုံကြည်ပြီး ကိုးကွယ်ရမည်လည်း မဟုတ်။

တရားနာပရိသတ်အပေါင်းတို့...

လောက၌ အနာရောဂါ မကပ်ရောက်ပါစေခြင်း



www.burmeseclassic.com

www.burmeseclassic.com

အကျိုးငှာ ဆေးဆရာ၊ သမားတော်တို့အား ဆည်းကပ်ကြရကုန်သကဲ့သို့လည်းကောင်း၊ ပစ္စည်းဥစ္စာ ကြွယ်ဝရလေအောင် သူဌေးသူကြွယ် ကုန်သည်တို့ထံ ချဉ်းကပ်ရသကဲ့သို့လည်းကောင်း၊ ရာထူးဂုဏ်သိန် တိုးတက်ရန် မင်းစိုးရာဇာတို့ထံ ဆည်းကပ်ရသကဲ့သို့လည်းကောင်း နတ်တို့ကိုလည်း ထိုသဘောမျိုးထား၍ ဆည်းကပ်ကြကုန်လော့''

ဟု မိန့်ကြားတော်မူခဲ့ပါသည်။ နတ်တို့အား ကောင်းစွာ လှူဒါန်းပူဇော်ရာ၌…

(၁) **ပူဇာဒါန** - ပူဇော်သောအားဖြင့် ပေးလှူမှု

(၂) **အနုဂ္ဂဒါန** - ချီးမြှောက်သောအားဖြင့် ပေးလှူမှု

ဟူ၍ နှစ်မျိုးနှစ်စား ရှိပေသည်။ ဤ၌ မိမိတို့ထက် အဆင့်အတန်းမြင့်သော နတ်များကို 'ပူဇာဒါန' ဖြင့် ပေးလှူရပါမည်။

အဆိုပါနတ်များမှာ လူတို့ထက် ပဋိသန္ဓေ အဆင့်အတန်း မြင့်မားသော သောတာပန်၊ သကဒါဂါမ် အစရှိသော အရိယာနတ်များ၊ သာသနာစောင့်နတ်များ၊ ဓတရဋ္ဌ, ဝိရူပက္ခ, ဝိရူဠှက, ကုဝေရ နတ်မင်းကြီးများ၊ အဆင့်မြင့် ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး နတ်များ ဖြစ်ကြသည်။

လူတို့အောက် ပဋိသန္ဓေ အဆင့်အတန်းနိမ့်သော သုဂတိအဟိတ်ဖြင့် ပဋိသန္ဓေနေသော နတ်များအား **'အနုဂ္ဂဟဒါန'** ဖြင့် ပေးလှူရပါမည်။

အဆိုပါနတ်များမှာ ရှိခိုးပူဇော်၍ မတင်မြှောက်ကောင်းသော နတ်များ ဖြစ်ကြသည်။ အစိမ်းသေပြီးဖြစ်သော ဝိနိပါတိက အသူရာနတ်ဖြစ်သော ခြံစောင့်နတ်၊ အိမ်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး စသော နတ်များ ဖြစ်ကြသည်။ နတ်ကိုးကွယ်မှုနှင့် စပ်လျဉ်း၍ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက သာသနဝိသောဓနီကျမ်း၌…

''သုတ်မဟာဝါ ပါဠိတော်ကိုထောက်၍ လူဖြစ်သောသူတို့မှာ ပစ္စုပ္ပန်အကျိုးအတွက် လောကပါလနတ်များကို ရှိခိုးကောင်း၏။ ပူဇော်ကောင်း၏။ နတ်ကွန်းကနားများ ဆောက်လုပ်ကောင်း၏။ စီမံကောင်း၏။ မိမိကိုယ်တိုင် နတ်ရုပ်တုများအား ကံကျေးလက်ခပေး၍ ထုလုပ်ကောင်း၏။ ပွဲတင်မြှောက် ပူဇော်ခြင်းကို ပြုကောင်း၏။ ရဟန်းဖြစ်သောသူတို့မှာကား နတ်များကို ရှိခိုးခြင်းငှာ မအပ်။ နတ်ကွန်း နတ်ကနားများကို ကိုယ်တိုင် မဆောက်ကောင်း။ လက်ခ ကံကျေးချ၍ လူအများကို ထုလုပ်စေအပ်၏။ ၎င်းနတ်ရုပ်ကြီးများအား ပွဲတင်မြှောက်ပူဇော်ခြင်းကို ရဟန်းတော်များ ကိုယ်တိုင် မပြုလုပ်အပ်။ လူများအား ပြုလုပ်စေအပ်၏။ ဤအလုံးစုံကိုလည်း ယခုဘဝ၌ အန္တရာယ်ကင်း၍ ချမ်းသာသုခကို ရခြင်းငှာ ပြုအပ်၏။ ရတနာသုံးပါးကို အမြတ်တနိုး ကိုးကွယ်လျက်ရှိသောကြောင့် နတ်များကို ထိုသို့ ပြုသော်လည်း သရဏဂုံ မပျက်''

ဟု ဆုံးဖြတ်ပေးတော်မူထားသည်။

မည်သို့ဆိုစေ နတ်တို့အား ကံ-ကံ၏အကျိုး ယုံကြည်မှုကို လက်မလွှတ်စေဘဲ ချီးမြှောက်သင့်ပေသည်။ သတ္တဝါတို့၏ အသွေးအသားဖြင့် ယဇ်ပူဇော်ခြင်းမျိုးကို ရှောင်ရှားသင့်ပါသည်။ သရဏဂုံသုံးပါးထက် ကျော်လွန်ခြင်းလည်း မဖြစ်သင့်ပါ။ အထူးသဖြင့် နတ်အပေါင်းတို့အား မညှဉ်းပန်း၊ မနှိပ်စက်၊ မဖျက်ဆီး၊ မဆဲမဆိုဘဲ မိမိတို့ ပြုလုပ်ပြီး ပြုလုပ်ဆဲဖြစ်သော ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့၏ ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေသင့်ပါသည်။ ထိုသို့ပြုမှု ဆောင်ရွက်ခြင်းသည် နတ်တို့အား ဗုဒ္ဓအလိုတော်ကျ ပူဇော်ပသခြင်း မည်ပါပေသည်။

ဤတွင် တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသကဲ့သို့ အပူဇော်ခံ နတ်တို့မှလည်း ပူဇော်သူအား လိုအင်ဆန္ဒ ပြည့်ဝရလေအောင် ကူမပေးနိုင်မည် ဖြစ်ပါကြောင်း **'လိုအင်ပြည့်ဝ ရွှေနတ်မ'** ဟူ၍ ရေးသားလိုက်ရပါသတည်း။

---

**မင်္ဂလာဦးရွှေအိုး**

အကိုးအကား

- ဗုဒ္ဓဟောဖော် နတ်ပူဇော်နည်းများ
(တက္ကသိုလ်သျှင်သီရိ-မွေ့စရိယ၊ ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

# ပထမံ ထွက်ရပ်ဝင်ရပ် ရွှေနတ်မ ကျင့်စဉ်

ပထမံ ဦးအောင်သူ

မြတ်စွာဘုရားရှင်၏ စက်လက္ခဏာတော် (၁၀၈) ကွက်ကို ပူဇော်သောအားဖြင့် ဘုရားဂုဏ်တော် တစ်ပါးပါးကို (၁၀၈)လုံး ပုတီးဖြင့် ဂြိုဟ်ခွင်တစ်ခုတွင် ပုတီး(၁၀၈) ပတ် စိပ်ရမည်။ (ဂြိုဟ်တိုင်ကို လက်ျာရစ် လှည့်ရပါမည်)

**(၁)ပထမံထွက်ရပ်လက်ျာရစ်ကျင့်စဉ်**

| | |
|---|---|
| ၁။ တနင်္ဂနွေနေ့ | - တနင်္ဂနွေထောင့်မှ စစိပ်ရမည်။ |
| ၂။ တနင်္လာနေ့ | - တနင်္လာထောင့်မှ စိပ်ရမည်။ |
| ၃။ အင်္ဂါနေ့ | - အင်္ဂါထောင့်မှ စိပ်ရမည်။ |
| ၄။ ဗုဒ္ဓဟူးနေ့ မွန်းမတည့်မီ | - ဗုဒ္ဓဟူးထောင့်မှ စိပ်ရမည်။ |
| ဗုဒ္ဓဟူးနေ့ မွန်းတည့်ပြီး | - ရာဟုထောင့်မှ စိပ်ရမည်။ |
| ၅။ ကြာသပတေးနေ့ | - ကြာသပတေးထောင့်မှ စိပ်ရမည်။ |
| ၆။ သောကြာနေ့ | - သောကြာထောင့်မှ စိပ်ရမည်။ |
| ၇။ စနေနေ့ | - စနေထောင့်မှ စိပ်ရမည်။ |

ထိုကဲ့သို့ အစဉ်တိုင်း (၁၀၈)ရက်ပြည့်အောင် စိပ်ရမည်။ (၁၀၈)ရက်ပြည့်လျှင် တစ်ကြိမ် အောင်မြင်သည်။

◆

**(၂)အဠွော၊ဂဗ္ဘော၊စရေ၊ဝံသေပုတီးစိပ်နည်း**

**တနင်္ဂနွေနေ့**

အဠွော ၁-၇(တနင်္ဂနွေ-စနေ) (မီးခဲ၊ မီးတောက်)

တနင်္ဂနွေထောင့် - ၁၀၈ ပတ်စိပ်

စနေထောင့် - ၁၀၈ ပတ်စိပ်

**တနင်္လာနေ့**

ဂဗ္ဘော ၂-၅(တနင်္လာ-ကြာသပတေး) (မြေပျော့၊ မြေမာ)

တနင်္လာထောင့် - ၁၀၈ ပတ်စိပ်

ကြာသပတေးထောင့် - ၁၀၈ ပတ်စိပ်

**အင်္ဂါနေ့**

စရေ ၃-၈(အင်္ဂါ၊ ရာဟု) (လေပြည်၊ လေပြင်း)

အင်္ဂါထောင့် - ၁၀၈ ပတ်စိပ်

ရာဟုထောင့် - ၁၀၈ ပတ်စိပ်

**ဗုဒ္ဓဟူးနေ့**

ဝံ၊ သေ ၄-၆(ဗုဒ္ဓဟူး၊ သောကြာ) (ရေကြည်၊ ရေနောက်)



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးထောင့် - ၁၀၈ ပတ်စိပ်
သောကြာထောင့် - ၁၀၈ ပတ်စိပ်

**[illegible]နေ**

ဂဃ္ဃ ၅-၂(တနင်္လာ၊ ကြာသပတေး)
တနင်္လာထောင့် - ၁၀၈ ပတ်စိပ်
ကြာသပတေးထောင့် - ၁၀၈ ပတ်စိပ်

**သောကြာနေ**

ဝ၊ သေ ၆-၄(ဗုဒ္ဓဟူး၊ သောကြာ)
ဗုဒ္ဓဟူးထောင့် - ၁၀၈ ပတ်စိပ်
သောကြာထောင့် - ၁၀၈ ပတ်စိပ်

**စနေနေ**

အဿော ၇-၁(တနင်္ဂနွေ၊ စနေ)
တနင်္ဂနွေထောင့် - ၁၀၈ ပတ်စိပ်
စနေထောင့် - ၁၀၈ ပတ်စိပ်

ထိုကဲ့သို့ (၁၀၈)လုံး ပုတီးနှင့် (၁၀၈)ရက် စိပ်ရမည်။ အဆင့်(၁)ဆင့် ပြီး၏။

◆

## (၃)အောင်၊ပ၊ကု၊လ၊ဆွေ၊သား၊တော်၊ရင်း၊ကျင့်စဉ်

**တနင်္ဂနွေနေမှစ၍ စိပ်ပါ။**

အောင်၊ ပ၊ ၁-၅(တနင်္ဂနွေ၊ ကြာသပတေး)
တနင်္ဂနွေထောင့် - ၁၀၈ ပတ်စိပ်
ကြာသပတေးထောင့် - ၁၀၈ ပတ်စိပ်

**တနင်္လာနေ**

ကု၊ လ၊ ၂-၄(တနင်္လာ၊ ဗုဒ္ဓဟူး)
တနင်္လာထောင့် - ၁၀၈ ပတ်စိပ်
ဗုဒ္ဓဟူးထောင့် - ၁၀၈ ပတ်စိပ်

**အင်္ဂါနေ**

ဆွေ၊ သား၊ ၃-၆(အင်္ဂါ၊ သောကြာ)
အင်္ဂါထောင့် - ၁၀၈ ပတ်စိပ်
သောကြာထောင့် - ၁၀၈ ပတ်စိပ်

**ဗုဒ္ဓဟူးနေ**

တော်၊ ရင်း၊ ၇-၈(စနေ၊ ရာဟု)
စနေထောင့် - ၁၀၈ ပတ်စိပ်
ရာဟုထောင့် - ၁၀၈ ပတ်စိပ်

**ကြာသပတေးနေ**

အောင်၊ ပ၊ ၁-၅(ကြာသပတေး၊ တနင်္လာ)
ကြာသပတေးထောင့် - ၁၀၈ ပတ်စိပ်
တနင်္လာထောင့် - ၁၀၈ ပတ်စိပ်

**သောကြာနေ**

ဆွေ၊ သား၊ ၃-၆ (အင်္ဂါ၊ သောကြာ)
အင်္ဂါထောင့် - ၁၀၈ ပတ်စိပ်
သောကြာထောင့် - ၁၀၈ ပတ်စိပ်

**စနေနေ**

တော်၊ ရင်း၊ ၇-၈(စနေ၊ ရာဟု)
စနေထောင့် - ၁၀၈ ပတ်စိပ်
ရာဟုထောင့် - ၁၀၈ ပတ်စိပ်

ထိုကဲ့သို့ (၁၀၈)လုံး ပုတီးနှင့် (၁၀၈)ရက် စိပ်ရမည်။ အဆင့်(၁)ဆင့် ပြီး၏။

◆

## (၄)ဦး၊သာ၊စိန်၊ပန်း၊ဒန်း၊လှ၊ကို၊ရှာ၊ကျင့်စဉ်

**တနင်္ဂနွေနေမှစ၍ စိပ်ပါ။**

ဦး၊ သာ၊ ၁-၆(တနင်္ဂနွေ၊ သောကြာ)
တနင်္ဂနွေထောင့် - ၁၀၈ ပတ်စိပ်
သောကြာထောင့် - ၁၀၈ ပတ်စိပ်

**တနင်္လာနေ**

စိန်၊ ပန်း၊ ၃-၅(အင်္ဂါ၊ ကြာသပတေး)
အင်္ဂါထောင့် - ၁၀၈ ပတ်စိပ်
ကြာသပတေးထောင့် - ၁၀၈ ပတ်စိပ်



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါနေ့**

ဒါန်း၊ လှ၊ ၇-၄(စနေ၊ ဗုဒ္ဓဟူး)

စနေထောင့် - ၁၀၈ ပတ်စိပ်

ဗုဒ္ဓဟူးထောင့် - ၁၀၈ ပတ်စိပ်

**ဗုဒ္ဓဟူးနေ့**

ကို၊ ရှာ၊ ၂-၈(တနင်္လာ၊ ရာဟု)

တနင်္လာထောင့် - ၁၀၈ ပတ်စိပ်

ရာဟု - ၁၀၈ ပတ်စိပ်

**ကြာသပတေးနေ့**

စိန်၊ ပန်း၊ ၅-၃(အင်္ဂါ၊ ကြာသပတေး)

အင်္ဂါထောင့် - ၁၀၈ ပတ်စိပ်

ကြာသပတေးထောင့် - ၁၀၈ ပတ်စိပ်

**သောကြာနေ့**

ဦး၊ သာ၊ ၁-၆(တနင်္လာ၊ သောကြာ)

တနင်္လာထောင့် - ၁၀၈ ပတ်စိပ်

သောကြာထောင့် - ၁၀၈ ပတ်စိပ်

**စနေနေ့**

ဒါန်း၊ လှ၊ ၇-၄(စနေ၊ ဗုဒ္ဓဟူး)

စနေထောင့် - ၁၀၈ ပတ်စိပ်

ဗုဒ္ဓဟူးထောင့် - ၁၀၈ ပတ်စိပ်

ထိုကဲ့သို့ (၁၀၈)လုံး ပုတီးနှင့် (၁၀၈)ရက် စိပ်ရမည်။ အဆင့်(၁)ဆင့် ပြီး၏။

◆

(၅)ပထမဝင်ရောက် လက်ဝဲရစ် ကျင့်စဉ်

(ဗြိုဟ်တိုင်ကို လက်ဝဲရစ် လှည့်ပါ)

**တနင်္ဂနွေနေ့** - တနင်္ဂနွေထောင့်မှစ၍ အနည်းဆုံး ၉ ပတ် စိပ်ပါ။ ၄င်းနောက် ဗုဒ္ဓဟူးထောင့်တွင် ၁၀၈ ပတ် စိပ်ပါ။

**တနင်္လာနေ့** - တနင်္လာထောင့်တွင် အနည်းဆုံး ၉ ပတ် စိပ်ပါ။ ၄င်းနောက် ဗုဒ္ဓဟူးထောင့်တွင် ၁၀၈ ပတ် စိပ်ပါ။

**အင်္ဂါနေ့** - အင်္ဂါထောင့်မှစ၍ အနည်းဆုံး ၉ ပတ် စိပ်ပါ။ ၄င်းနောက် ဗုဒ္ဓဟူးထောင့်တွင် ၁၀၈ ပတ် စိပ်ပါ။

**ဗုဒ္ဓဟူးနေ့** - ဗုဒ္ဓဟူးထောင့်တွင် မွန်းမလွဲမီ ၁၀၈ ပတ် စိပ်ပါ။ မွန်းလွဲပြီးလျှင် ရာဟုထောင့်တွင် ၁၀၈ ပတ် စိပ်ပါ။

**ကြာသပတေးနေ့** - ကြာသပတေးထောင့်တွင် အနည်းဆုံး ၉ ပတ် စိပ်ပါ။ ၄င်းနောက် ဗုဒ္ဓဟူးထောင့်တွင် ၁၀၈ ပတ် စိပ်ပါ။

**သောကြာနေ့** - သောကြာထောင့်တွင် အနည်းဆုံး ၉ ပတ် စိပ်ပါ။ ၄င်းနောက် ဗုဒ္ဓဟူးထောင့်တွင် ၁၀၈ ပတ် စိပ်ပါ။

**စနေနေ့** - စနေထောင့်တွင် အနည်းဆုံး ၉ ပတ် စိပ်ပါ။ ၄င်းနောက် ဗုဒ္ဓဟူးထောင့်တွင် ၁၀၈ ပတ် စိပ်ပါ။

ထိုကဲ့သို့ အစဉ်တိုင်း (၁၀၈)ရက် ပြည့်အောင် စိပ်ရမည်။ (၁၀၈)ရက် ပြည့်လျှင် တစ်ကြိမ် အောင်မြင်သည်။

ပထမ ဦးအောင်သူ



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီးမင်းသိခ်၏ ရှိခိုးပူဇော် ဗျည်းကျေးစမပုံတော်

ဦးသန့်(လာဘ်မိုးရွေ)

ကျွန်တော်၏ ဘဝတာတစ်ခွင် ကျေးဇူးရှင်တစ်ဦးကို ညွှန်းဆိုပြပါဟုဆိုလျှင် ဤကမ္ဘာမြေမှ ထွက်ခွာသွားခဲ့ပြီဖြစ်သော ဆရာကြီးမင်းသိခ်ကို ညွှန်းဆိုပြမိမည်သာ ဖြစ်ပါသည်။

ဆရာကြီး၏ ဂုဏ်ပုဒ်များကို ထုတ်နုတ်ပြရလျှင် ပြည့်စုံပြီးမြောက်လိမ့်မည်မထင်ပါ။ နိုင်ငံကျော် ဗေဒင်ဆရာကြီး၊ ထင်ရှားသော စာရေးဆရာကြီး၊ တပည့်တပန်းများစွာကို မွေးထုတ်ပေးခဲ့သော အဘဆရာကြီး၊ ဗေဒင်ပညာရပ်၌ ထူးချွန်ထက်မြက်သည့်အတွက် ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ရ ဆရာကြီး၊ ပညာကို သေရွာမယူကြေးဟူသော အမိဋ္ဌာန်ဖြင့် တပည့်ပေါင်းများစွာကို ထမင်းအိုးတည်ပေးခဲ့သော ဆရာကြီး အစရှိသဖြင့် ဂုဏ်ထူးဝိသေသအလီလီကို စာဖွဲ့၍ကုန်နိုင်လိမ့်မည် မထင်ပါပေ။

ဆရာကြီးသည် မိမိချမ်းသာရာရရေးထက် တပည့်တပန်းတို့၏အရေးကို ဦးစားပေးသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ သူမတူအောင်အစွမ်းထက်သော ဗေဒင်ပညာရပ်ဖြင့် သတ္တဝါဝေနေယျအပေါင်း၏ အခက်အခဲများကို ဖြေရှင်းပေးခဲ့၏။ စာဖတ်ပရိသတ်တို့ တွေးခေါ်စွမ်းအားဉာဏ် တိုးတက်မြင့်မားစေရန်အတွက် ဆားပုလင်းနှင်းမောင်ဝတ္ထုများ၊ ဒဿနပါသော ဝတ္ထုများကိုလည်းကောင်း၊ ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများစွာကိုလည်းကောင်း ရေးသားပြုစုသွားခဲ့သော ပါရမီရှင် စာရေးဆရာကြီးတစ်ဦးလည်း ဖြစ်ပါသည်။

ဆရာကြီးသည် လူများကို ချမ်းသာစေချင်သည်။ ဆင်းရဲလျှင် အနှိပ်စက်ခံရမည်ဖြစ်၍ ချမ်းသာအောင်ကြိုးစားကြရန် အမြဲလိုတွန်းအားပေးခဲ့သည်။ ဗေဒင်လက္ခဏာပညာရပ်နှင့် ပတ်သက်၍ အမြဲလိုပင် တီထွင်ကြံဆနေတတ်သူ ဖြစ်၏။ တပည့်အပေါင်းကိုလည်း ဆရာစားမချန်ဘဲ ကွန်ချက်ပြသောဆရာကြီး ဖြစ်၏။

ကျွန်တော်သည် စာအုပ်ထုတ်ဝေရေးလောကသို့ ရောက်ရှိပြီးကာလမှာပင် ဆရာကြီးနှင့် သေတစ်ပန်သက်တစ်ဆုံး လက်တွဲခဲ့သော တပည့်တစ်ဦးဖြစ်ပါသည်။ ဆရာကြီးကလည်း ကျွန်တော့်အပေါ် ညီအစ်ကိုရင်းချာပမာ ရင်းနှီးနွေးထွေးစွာ ဆက်ဆံ၍ ကြီးပွားရာကြီးပွားကြောင်း ချမ်းသာရာချမ်းသာကြောင်းတို့အတွက် လမ်းကြောင်းမှန်ကို ညွှန်ပြပေးခဲ့မြဲဖြစ်ပါသည်။

ယခု ကျွန်တော်ဖော်ပြပေးလိုသည့် ပုံနှစ်ပုံမှာ ဆရာကြီးမင်းသိခ်ကိုယ်တိုင် ဥပုသ်သီလဆောက်တည်၍ အဓိဋ္ဌာန်ဖြင့် ရေးသားခဲ့၊ ရေးဆွဲခဲ့သည့် ဗျည်းကျေးစမပုံတော် နှစ်ပုံဖြစ်ပါသည်။ ပထမပုံတော်မှာ လာဘ်လာဘရသည့် နေရာတွင် ဘုရားရှင်ကိုယ်တော်တိုင်က တေဒဂ်ဘွဲ့ အပ်နှင်းတော်မူခြင်းခံရသည့် ရှင်သီဝလိပုံတော်ဖြစ်ပါသည်။ ထိုပုံတော်ကို ရေးဆွဲသည့်အခါ ရှင်သီဝလိဂါထာတော်ကို ရွတ်ဆို၍ ရေးဆွဲခြင်းဖြစ်ပါသည်။

စာရှုသူတို့အနေဖြင့် ဖော်ပြပါ ရှင်သီဝလိဗျည်းကျေးစမပုံတော်အား ကိုးကွယ်ပူဇော်သည့်အခါ ရှင်သီဝလိဂါထာတော်ဖြစ်သည် -

ရှင်သီဝလိ ဂါထာတော်

၁။ သီဝလိ စ မဟာနာမံ၊
သဗ္ဗ လာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဗ္ဗေ ဟောန္တု ပိယံ မမံ။



www.burmeseclassic.com

www.burmeseclassic.com

၂။ သီဝလိ စ မဟာဝီရော၊
ယေ ယေ ပသန္နှ မံ ဝိယံ။
တေ တေ ပယသ္မှ ပရုံ၊
နေယဓံ ပူဇယန္တု။

၃။ သီဝလိ နာမ ထေရေနာ၊
မမ သီသေ ဌပေတွာန၊
ဖေမှုဇိပ မင္ဂလေန၊
ဝေယော မန္တာ သုခါဝဟာ။

၄။ သီဝလိ စ မဟာနာမံ၊
ဣန္ဒာ ဒေဝါ သမြပ္ပကာ။
မနုဿ ပုရိသော ဣတ္ထိ၊
မဟာ လာဘံ ဘဝိဿတိ။

၅။ သီဝလိ စ မဟာလာဘံ၊
နာ နာဒေဝတိ ဝရံဝရံ၊
ဣဒ္ဓမွိ ပူဇိတံ ဒေဝေ၊
မဟာသုခံ ဘဝိဿတိ။

၆။ ဝဏ္ဏံ ဒန္တံ နရာကိတ္တိ၊
အနာ မယံ ဘဝါဘဝေ၊
တဝရက္ခ ဒေဝိဒိတာ၊
သဗ္ဗကော ဓာ ဝိနဿန္တု။

၇။ သီဝလိ စ မဟာလာဘံ၊
သဗ္ဗ လာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဒါ ပေါန္တု ဝိယံမမ။

၈။ သီဝလိ စ မဟာထေရော၊
ယေ ယေ ပသန္နှ မံ ဝိယံ၊
တေတေပသန္နှ မံ ဝိယံ၊
နမပူဇံ ပူဇယန္တု။

၉။ သီလဝိ စ မဟာထေရော၊
မမ သီသေ ဌပေတွာန၊
မန္တတေဇ ဝေယော မန္တံ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

၁၀။ သီဝလိ စ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော။

သောရပော ပစ္စယာဒိနံ၊
မဟာလာဘံ ကရောတု မေ။

ဟူသည့် ဂါထာတော်အား ရွတ်ဖတ်သရဇ္ဈာယ်၍ ကိုးကွယ်ပူဇော်သင့်ပါသည်။ ထိုသို့ ကိုးကွယ်ပူဇော်သည့်အတွက် စီးပွားလာဘ်လာဘများ ပေပြာတိုးတက်ကာ နေ့ချင်း ညချင်း ချမ်းသာလာပါလိမ့်မည်။

ထိုအတူ ရှင်ဥပဂုတ္တပုံတော်ကို ကိုးကွယ်သည့်အခါ တွင်လည်း ရှင်ဥပဂုတ္တဂါထာတော်ဖြစ်သည့်

## ရှင်ဥပဂုတ္တ ဂါထာတော်

၁။ ဥပဂုတ္တော မဟာထေရော၊
သမ္မုဒ္ဓေန ဝိယာကတော။
မာရဉ္စ မာရဗလဉ္စ၊
ဒမေဿတိ အနာဂတေ။

၂။ မမ သီသေ ပတိဋ္ဌိတော၊
မာရေန သုဏိတံ ကတွာ။
အန္တရာယာ ဝိနဿန္တု၊
အဟံ ဝန္ဒေ ဣဓါနေဝ။

၃။ ဥပဂုတ္တံ မဟိဒ္ဓိကံ၊
မာရဉ္စပဒ္ဓဝံ ပိ စ၊
သဗ္ဗရောဂဝိနာေဒါယ၊
ပရိတ္တံ စေ ဝ မင်္ဂလံ။

၄။ ဥပဂုတ္တော မဟာထေရော၊
သမ္မုဒ္ဓေန ဝိယာကတော၊
မာရဉ္စ မာရဗလဉ္စ၊
ဒမေဿတိ အနာဂတေ။

၅။ တာဒိသော စ ထေရော သဗ္ဗံ၊
အန္တရာယံ ဝိဓံသကံ။
ယံ ယံ ဥပဒ္ဒဝံ ဇာတံ၊
ဝိဒ္ဓံသေတု အသေသတော။

ဟူသည့် ဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ကိုးကွယ်ပူဇော်သင့်ပါသည်။ ထိုသို့ ပူဇော်ရသည့်အတွက် ကြောင့် ကြံစည်သမျှ မဆိုင်းမတွ အောင်မြင်မှုရရှိပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



— ဓနုဒ်သိန်း —

ကျွန်တော်၏ အိမ်ဂေဟာ၌ ဆရာကြီးကိုယ်တော်တိုင် ရေးဆွဲထားသော ပုံတော် နှစ်ပုံရှိပါသည်။ ကြည်ညိုသဒ္ဓါ ပြည့်ဝစွာဖြင့် ကိုးကွယ်ပူဇော်သည့် အတွက်ကြောင့်လည်း ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝလျက်ရှိပါသည်။ ထိုသို့ ကျွန်တော်ကိုယ်တိုင် အကျိုးခံစားရသည့်နည်းတူ စာဖတ်သူတို့အားလည်း မျှဝေခံစားစေလိုသည့်အတွက် ဗျည်းကျေးစမပုံတော် နှစ်ပုံကို ဝေငှလိုက်ပါသည်။ မိတ္တူကူး၍ ရှိသေစွာပူဇော်ခြင်းဖြင့် ကောင်းကျိုးလိုရာ ပြည့်ဝကြစေရန် ဆုမွန်ကောင်း တောင်းအပ်ပါတော့သည်။

ဦးသန့်(လာဘ်မိုးရွာ)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေပြည်ကျွန်း မြင်းဖြူရှင်နတ် နှင့် အောင်စွာမကြီးနတ်

■ နန်းကြော့သျှင်

စာပေကျမ်းဂန်များထဲတွင် ပဋိသန္ဓေတည်ရှိခြင်းအား လေးမျိုးလေးစားရှိကြောင်း ခွဲခြားပြသထားသည်။

အဏ္ဍဇ-ဥမှဖြစ်သော ပဋိသန္ဓေ၊ ဇလာဗုဇ-အမိဝမ်း၌ ကလလရေကြည်တည်၍မွေးဖွားသော ပဋိသန္ဓေ၊ သံသေဒဇ-ပန်းပွင့်၊ သစ်သီး စသည်တို့ကို အညီစွဲ၍ဖြစ်သော ပဋိသန္ဓေ၊ ဩပပါတိက-နတ်တို့ကဲ့သို့ ဥပပါတ် ကိုယ်ထင်ရှားဖြစ်သော ပဋိသန္ဓေတို့ ဖြစ်ကြသည်။

ပုဂံခေတ်တွင် သံသေဇပဋိသန္ဓေစွဲပြီး ပေါ်ပေါက်ခဲ့သော မိန်းမလှလေးတစ်ဦးကြောင့် မြင်းခံပြည့်နှင့် အောင်စွာတို့ နတ်ဖြစ်သွားကြသည်ဟု ပြောလျှင် မှားမည်မဟုတ်ပေ။ ပုဂံခေတ် သမုဒ္ဒရာဇ်မင်းမှစပြီး စောမွန်နစ်ထိ ၅၅ ယောက် ပဒေသရာဇ်မင်းများ အစဉ်အဆက် အုပ်စိုးခဲ့ကြသည်။ သက္ကရာဇ် ၅၃၆ ခုနှစ် နန်းတက်လာသောမင်းမှာ နရပတိစည်သူဖြစ်သည်။ မင်းယဉ်နရသိခ်၏ညီတော် အနော်ရထာ(အနိရုဒ္ဓဒေဝ)၏ မြစ်တော်သူဖြစ်သည်။


နရသိခ်ဘုရင် ရေအိမ်၌ အသေဆိုးနှင့်သေခဲ့ရသည်။ ညီဖြစ်သူ နရပတိစည်သူအမိန့်ကြောင့် အောင်စွာငယ်မားချက်နှင့် သေခဲ့ရသော်လည်း ဝေဠုဝတီအပေါ် စွဲလမ်းသောတဏှာစိတ်ကြောင့် သူ့ကိုယ်သူ အပြစ်ဒဏ်သင့်ခြင်းသာဖြစ်သည်။ နရပတိစည်သူဆိုလျှင်လည်း ရာဇဝင်တွင် ရက်ရက်စက်စက် လူသတ်ခဲ့သောဘုရင်၊ ဝေဠုဝတီအပေါ် မြတ်နိုးစွဲလမ်းစိတ်ကြောင့် သူ့ရင်ထဲတွင် အမုန်းတရားများကိန်းအောင်းလာသည်။ ရန်ငြိုးရန်စဆူးများ စိုက်ဝင်သွားသည်။

ငါ့မိန်းမကို မတရားသိမ်းပိုက်ယူလေခြင်းဆိုသော ' ရင်ထဲမှာဆူးဝင်ပြီး ရန်ငြိုးနှင့်သတ်ပစ်ခဲ့သည်မှာ မဆုံးခဲ့ပေ။ ပထမ မြင်းခံပြည့်၊ အောင်စွာငယ်၊ အထိန်းတော်အမတ်ကြီး အနန္တသူရိယ၊ အနန္တသူရိယအမတ်ကြီး နောက်ဆုံးရေးခဲ့သော မျက်ပြေလင်္ကာကိုဖတ်ပြီး ဒီစာကို ဘာပြုလို့ မဆက်တာလဲ။ သတ်ပြီးမှဆက်ရသလားဆိုပြီး သူ့သတ်တွေကို ထပ်သတ်။ မဆုံးနိုင်သော သတ်ဖြတ်မှုတွေကို ကျူးလွန်ခဲ့သူဖြစ်သည်။

အခါတစ်ပါး မြင်းစိုင်း ဆင်ခေါင်းဝက်ဝံအရပ်တွင် ပြောရှမ်းတစ်ဦးသည် ဝါးတောသို့ဝင်လေသော် အဋ္ဌနာရွှေအဆင်းနှင့်တူသော ဝါးလုံးကြီးတစ်လုံးကို တွေ့လိုက်ရသည်။ ဝါးတောထဲတွင် ထူးထူးဆန်းဆန်း တွေမြင်ရခဲ့သော ဝါးကြီးအား ခွဲကြည့်လိုက်ရာ ပုလဲအဆင်းနှင့်တူသော မိန်းကလေးကိုတွေ့ရသည်။ ပြောရှမ်းကြီးသည် လွန်စွာချစ်မြတ်နိုးပြီး သမီးအဖြစ် တယုတယမွေးမြူလာခဲ့သည်။ ထူးဆန်းသောဝါးကြီးထဲမှ ရသောကြောင့် မယ်ဝါးဟု အမည်ပေးထားသည်။

အရွယ်ရောက်လာချိန်တွင် လူလည်းမက နတ်မမျှသောအဆင်းနှင့်ပြည့်စုံသည်။ သံသေဒဇများ ဖြစ်သောကြောင့် ဦးသစ်သော ရွှေအဆင်းကဲ့သို့ရှိသည်။ ရေးရေးရာဇဝင်များသည် စိတ်ကူးယဉ်ကဗျာဆန်ကာ အမွမ်းတင်ရေးသားကြလေ့ရှိသည်။ အိန္ဒိယကျမ်းဒို များတွင်လည်း ပြည့်တန်ဆာ အမွှပ်လီ

www.burmeseclassic.com




## ရောင်ပြန်ပဒေါင်

သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် —— ၂၇၅

## ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် —— ၂၉၄

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ —— ၂၉၆









အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွာ စာပေ

တိုက်-၂၇၊ အခန်း-၁၂ (မြေညီထပ်)
၅၂-လမ်း(မြောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၂၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇

www.burmeseclassic.com

www.burmeseclassic.com

သည်လည်း သရက်ပင်က မွေးဖွားလာသည်ဟု ဆိုသည်။ "ဝေဠု"မှာ ဝါးကိုခေါ်သကဲ့သို့ "အမွ"မှာ သရက်ကိုခေါ်ခြင်း ဖြစ်သည်။

သည်မျှချောမောလှပသော ရုပ်ဆင်းအင်္ဂါဝင်းပနေသော ငါ့သမီးလေးသည် တောအရပ်နှင့်မတန်။ ထီးဖြူနန်းရိပ်၌သာ ထိုက်တန်လှသည်ဟု ကြံစည်ပြီး ဘုရင်မင်းယဉ်နရသိခ်ထံ ဆောင်ကြဉ်းဆက်သွင်းလိုက်သည်။ ဘုရင်ကလည်း ဝေဠုဝတီကို မြင်ရသောအခါ နားပက်ကျယ်နှင့် ဝမ်းပျက်လိလိ ဟုဆိုသည်။ ရုပ်ရည်လှပသူဖြစ်သော်လည်း နားရွက်မလှ၊ နားကျယ်ကလေးဖြစ်သည်။ ခါးကလည်း မလှမပ ဝတုတ်တုတ်လေးဖြစ်နေသည်။ စိတ်ပျက်စရာပင်။ မယ်တော်ထံ ကွမ်းပြင်စရာအဖြစ် ပေးလိုက်သည်။

မယ်တော်ထံ ခစားရသော ဝေဠုဝတီအား နားကို ကြည့်ပျော်ရှုပျော်ဖြစ်အောင် ပြုပြင်ပေးသည်။ တောသူမလေးအား ထီးနန်းမှုရာ ယဉ်ကျေးနူးညံ့နှောင်းလာအောင် သွန်သင်ပေးသည်။ ထိုအခါ နဂိုရှိရင်းစွဲအလှထက် ပို၍ပို၍ ချောမွေ့သူလေး၊ စံပြအလှပျိုဖြူလေး တစ်ဦးဖြစ်လာသည်။ မြင်သူတကာ ငေးမောကြည့်ရပြီး တိမ်းညွှတ်မိန်းမောဖွယ် ဖြစ်လာသည်။ မယ်တော်ကလည်း ဘုရင့်ညီတော်ဖြစ်သူ နရပတိစည်သူနှင့် ထိမ်းမြားပေးလိုက်သည်။ နောင်တော်က စွန့်ပစ်လိုက်သော်လည်း ညီတော်ဖြစ်သူ နရပတိစည်သူက ဝမ်းပန်းတသာ မြတ်မြတ်နိုးနိုးချစ်ခင်စုံမက်ရသည်။

မင်းယဉ်ရသိခ်ကလည်း သီတင်းနေ့တိုင်း မယ်တော်ရှိရာ ရောက်လာပြီး ရှိခိုးကန်တော့မြဲဖြစ်သည်။ တစ်နေ့တွင် ကန်တော့ရန်အလာ ဝေဠုဝတီကိုမြင်မိသည်။ ရင်သပ်ရှုမော ချောမောလှပသူလေးပါးလား။ မယ်တော်ထံမှာ ခစားနေတဲ့ နန်းတွင်းသူလေးဟာ ဘယ်သူများပါလိမ့်။ မယ်တော်အား မေးမြန်းစုံစမ်းကြည့်သည်။ မယ်တော်ကလည်း ဝါးထဲက သန္ဓေဒဖြစ်လာတဲ့ ဝေဠုဝတီဖြစ်ကြောင်း၊ မင်းကြီးမနှစ်သက်လို့ စွန့်ပစ်လိုက်တဲ့သူ ဖြစ်ကြောင်း ပြောပြသည်။

မှားပြီ။ အစက သည်လောက်ချောမောလှပသည် မထင်မိ။ ခုမှ လွတ်တဲ့ငါးကြီးလာသည်။ ကိုယ်ထွေးပြီးသားတံတွေးကို ပြန်မျိုချင်လာသည်။ အသပြာများစွာ ဆုံးရှုံးသူကဲ့သို့ နှလုံးမသာမယာဖြစ်လာမိသည်။ ဝေဠုဝတီအား အဖန်ဖန်တလဲလဲကြည့်၊ ကြည့်လေကြည့်လေ ဆန္ဒရာဂတွေက လောင်မြိုက်လာသည်။ တစ်သွေးတစ်မွေးဖြစ်နေတဲ့ ခယ်မတော်ကို ရအောင်ယူမည်ဟု အကြံဖြစ်သည်။ မင်းပရိယာယ်ဖြင့် အမတ်ငယ်တစ်ဦးကို အထက်ငဆောင်ချမ်းအရပ်တွင် စစ်ထွက်သည်ကို စစ်ကူတော်မူပါဟု သဝဏ်စာခွေပြုပြီး ညီတော်နှင့်အတူ နန်းရင်ပြင်၌ ဆက်သွင်းဖို့ စေတော်မူလိုက်သည်။

နရပတိစည်သူကလည်း စစ်ကူရမည့်သတင်းသည် ရုတ်ခြည်းဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ငဆောင်ချမ်း (ဗန်းမော်)အရပ်တွင် စစ်ဖြစ်သည်ဆိုသည့်သတင်းကိုလည်း မကြားမိ။ ယမန်နေ့က မယ်တော်ထံ ရှိခိုးကန်တော့ရန်လာစဉ် ငါ့မိဖုရား ဝေဠုဝတီကို တွေ့သွားသည်။ ကြည့်သောမျက်လုံးတွေက မရိုးသား။ စူးစူးစိုက်စိုက် မက်မက်စက်စက်ကြည့်သည်။ တန်တော့ သိမ်းပိုက်လိုခြင်းလား။ နရပတိစည်သူကလည်း အကင်းပါးသူ ဖြစ်သည်။ ဝေဠုဝတီအတွက် စိတ်မချရတော့ပေ။

စစ်ချီတက်ခါနီးတွင် မြင်းသူတော်စင်ကိုထားခဲ့ပြီး မြင်းခံပြည့်ကို သေချာမှာသည်။ အိမ်တော်မှာ အရေးတစ်စုံ တစ်ရာပေါ်လာရင်ဖြစ်စေ၊ စကားစမြည် ထွက်လာသည်ဖြစ်စေ နေ့ညမဟူ သိလျှင်သိချင်း လျင်မြန်စွာအကြောင်းကြားရမည်ဟု မှာထားခဲ့သည်။ ရဲမက်ဗိုလ်ပါများနှင့် စုရုံးချီတက်သွားရသော်လည်း စိတ်တထင့်ထင့်နှင့် နောက်ကြောင်းမအေး။

ရေအား၊ ကြည်းအား စစ်သည်တော်များနှင့် ဆန်တက်ချီလာစဉ် သစ်ဆိမ့်အရပ်သို့ ရောက်လာသည်။ ခေတ္တကွန်းထောက်တဲနန်း ဆောက်ပြီး အထက်ကသတင်းကို စုံစမ်းထောက်လှမ်းကြည့်သော်လည်း တစ်စုံတစ်ရာဖြစ်မည့် သတင်းထူးမကြားရ။ မှူးမတ်ဗိုလ်ပါများကို စည်းဝေးပြီး အရေးကြီးလျှင် နောင်တော်ဘက်ကပါမည်လော၊ ငါ့ဘက်ကပါမည်လောဟုမေးရာ အမတ်တို့ကလည်း ညီတော်ပင် မင်းလျာဖြစ်သောကြောင့် အရှင့်ဘက်က နေကြပါမည်ဟု ဝန်ခံကြသည်။ တစ်စိတ်တစ်သဘောတည်းဖြစ်စေရန် သစ္စာခံကြရသည်။ ထိုစည်းဝေးရာအရပ်သည် သစ္စာ



www.burmeseclassic.com

www.burmeseclassic.com

ရဟု တွင်သည်။

ဘုရင်မင်းယဉ်နရသိခ်ကလည်း ညီတော် သစ်ဆိမ့်အရပ်ရောက်ပြီဟု ကြားရလျှင် ခယ်မတော်ဝေဠုဝတီကို လက်ဆွဲနန်းတင် သိမ်းပိုက်လိုက်တော့သည်။ မြင်းခံပြည့်လည်း ညဥ့်ခေါင်းလောင်းထိုးသံကြားချိန်တွင် မြင်းသူတော်စင်ကိုစီးပြီး ပုဂံတစ်ဖက် မြစ်ခြေအောင်သာဘက်ကူးပြီး ခရီးအပြင်းနှင်တော့သည်။ ချင်းတွင်းပရိမ္မအရပ်ရောက်သော် နေထွက်ခါစပင် ရှိသေးသည်။ ဆက်ပြီး ခရီးနှင်ခဲ့သည်။ ငါးပတ်ချောင်းရောက်သော် နေကလည်းဝင်ပြီ။ မိုးကလည်းချုပ်ပြီ။ မြင်းလည်းပင်ပန်းလှပြီ။ တောင်အနီးမှ လတာပြင်ကို မြစ်ပြင်ဟု ထင်မှတ်မှားမိသည်။ ယနေ့တစ်ညအိပ်ပြီးမှ နောက်နေ့တွင် ခရီးဆက်မည်ဟု ကြံရွယ်ပြီး နတ်ကွန်းတစ်ခုတွင် ဝင်အိပ်သည်။ ပြည့်အိပ်သောတောင်အား ယခုထိ မြင်းလှည့်တောင်ဟု ခေါ်ကြသည်။

မြင်းသူတော်စင်ကလည်း မိမိသခင်အနားကိုရ၍ ဟီလေသည်။ မြင်းဟီသံကြားသော် နရပတိစည်သူလည်း ဒါငါ့ရဲ့ မြင်းသူတော် ဟီတဲ့အသံပါပဲ။ ဒါဆို ဒီအနီးဝန်းကျင်မှာ ပြည့်ရောက်နေပြီ ဖြစ်ရမယ်။ အကြောင်းခြင်းရာ တစ်စုံတစ်ရာ ရှိပေလိမ့်မယ်ဟု တွေးမိပြီး စိတ်မအေးနိုင်။ အိပ်စက်မရဖြစ်ရသည်။ မြင်းဟီသံများ ကြားလာရပြန်သည်။ စိတ်လှုပ်ရှား သောကပွါးနေသော နရပတိစည်သူလည်း "ဒီမြင်းဟီသံသာ ငါ့ရဲ့ မြင်းသူတော်စစ်စစ်ဖြစ်ရင် ငါအုံသောခေါင်းအုံးဟာ ပေါက်ပြပါစေသား"ဟု သစ္စာအဓိဋ္ဌာန်ပြုကာ ခေါင်းအုံးအားလက်ဖြင့် အသာပုတ်ခတ်ရုံမျှနှင့် ပေါက်ထွက်သွားသည်။ ထိုအရပ်ကို ယခုထိ မလွဲအုန်းပေါက်ဟု ခေါ်ကြသည်။ နောက်တစ်နေ့ အရုဏ်တက်ပြီး မိုးစင်စင်လင်းလာသည်။ သူ့လှူအထောက်တော်အဖြစ် နန်းတော်တွင်ထားခဲ့သော မြင်းခံပြည့်လည်း နရပတိစည်သူရှေ့မှောက်သို့ မောပန်းတကြီး ခစားရောက်ရှိလာသည်။ ဝေဠုဝတီမိဖုရားအား နောင်တော်က သိမ်းပိုက်နန်းတင်လိုက်ပြီ ဖြစ်ကြောင်း လျှောက်ထားသည်။ နောင်တော်အပေါ်တွင် ပြင်းစွာထွက်နေသော ဒေါသစိတ်အဟုန်တို့သည် မြင်းခံပြည့်ပေါ်သို့ ကျရောက်သွားသည်။

"နင် ယမန်နေ့ညဥ့်က ဘယ်မှာအိပ်တာလဲ"

"မြင်းတော် ပင်ပန်းလှတာကြောင့် ချောင်းတစ်ဖက်မှာ အိပ်ပါတယ်ဘုရား"

"ကွပ်ရသောအကြံကို နင်ကြံစည်ပါလား။ ငါ့မယားကို ယူတဲ့အမှုကို တစ်ညဥ့်လုံး လွန်အောင်နေဘိတယ်။ နင်ကား မင်းရေးကိုမထောက်၊ မြင်းရေးကိုထောက်ဘိတယ်။ ငါတို့ မင်းတို့မည်သည် အမှုအခင်းကို တစ်နာရီအတွင်းမှာ ပြီးအောင်ကြံရင် ပြီးစီးအောင်မြင်ရာ ရောက်တယ်၊ ငါ့အကြံအစည်ပျက်အောင် နင်နေရက်တယ်"

အသားတဆတ်ဆတ်တုန်၍ ဒေါသအမျက်ခြောင်းခြောင်းထွက်၊ မယားစိတ်မွှန်နေသော နရပတိစည်သူသည် စိတ်မြန်လက်မြန်သူတစ်ဦး ဖြစ်သည့်အလျောက် ပြည့်ကို ချက်ချင်းပင် ကွပ်မျက်ပစ်လိုက်သည်။ ထိုနေရာကို ယနေ့ထိ ကွပ်တော်ရာဟု ခေါ်ကြသည်။ မှန်နန်းတွင် "မင်းတို့၏မာန်ဖြင့် ပြည့်ကို ကွပ်မျက်တော်မူလေ၏"ဟု ဆိုထားသည်။ နရပတိစည်သူ၏ဓားကား သွေးစွန်းသွားပြီ ဖြစ်သည်။ သွေးတို့ကား မခြောက်။ ဆက်တိုက်ပင် အမှားများကို ကျူးလွန်လာမိသည်။ တပည့်များစာထဲမှ ကျွန်ယုံအောင်စွာကို ခေါ်လိုက်သည်။ နရပတိစည်သူ၏ အနီးကပ်ဆုံးရန်သူမှာ နောင်တော်ဘုရင် မင်းယဉ်နရသိခ်ဖြစ်သွားသည်။

"အောင်စွာယ် အရေးတော်ပေါ်လာပြီ။ ငါ့အမှုတော်ကို သက်စွန့်ကြိုးပမ်းထမ်းဆောင်လော့။ ငါ့နောင်တော်မေ့လျော့စဥ်ကို ကြည့်ရှုပြီး လုပ်ကြံလေ။ ထမြောက်အောင်မြင်ရင် ငါ့မရီးတော်သုံးပါးအနက် နင်စိတ်ကြိုက်ရှိသူနဲ့ ငါ သူကောင်းပြုမယ်"

ဟု အမိန့်တော်မှတ်လိုက်သည်။

အောင်စွာယ်သည် သူ့ရဲရုပ်ကိုယ်ရွေးပြီး လေကားလေ့လျှင်များနှင့် ပုဂံသို့ အပြင်း စုန်သည်။ နရပတိစည်သူလည်း အောင်စွာယ်ကို ကြိုလွှတ်လိုက်ပြီး နောက်မှ ထက်ကြပ်မကွာ စုန်ဆင်းလာခဲ့သည်။ ရွှေကြက်ယက်သို့ရောက်သော် ကွပ်မျက်ပြီး ရေထဲသို့ပစ်ချလိုက်သည်။ ပြည့်အလောင်းသည် ဖောင်တော်နှင့် မနီးမဝေးတွင် မျောပါနေကြောင်း မြင်တွေ့လိုက်ရသည်။ အလောင်းကောင်က ဘယ်သူ့အလောင်းလဲဟု မေးတော်မူရာ



www.burmeseclassic.com

www.burmeseclassic.com

အမတ်တို့က…

"ကွပ်မျက်ခံလိုက်ရသော ပြေည့် အလောင်းပါဘုရား။ အမှုတော်ကို ကျေပွန်အောင် ထမ်းရွက်သော်လည်း သနားတော်မူသောဆုကို မခံရသေးတာကြောင့် ဖောင်တော်အနီးမှာ ကပ်လျက် လိုက်ပါလာခြင်း ဖြစ်ပါတယ်"

ဟု လျှောက်တင်ကြသည်။

"ဩော်…ဒီကောင် သေတာတောင်မှ ဒါကြောင့် ဖောင်အနီးမှာ မခွဲခွာဘဲ လိုက်ပါနေရတာကိုး"

ပြေည့်အတွက် စိတ်မကောင်းဖြစ်ရသည်။

"ချင်းအကောင်ကို ကျွန်းဦးတွင် သဂြိုဟ်ကြလေ။ ဤအရပ်ဝယ် ခပ်သိမ်းသောသူတို့ ပူဇော်ရာဖြစ်စေ၊ နတ်အိမ် ကောင်းမွန်စွာဆောက်လုပ်ထားကြချေ"

ဟု မိန့်တော်မူသည်။ အမတ်တို့ကလည်း နရပတိစည်သူ မိန့်တော်မူသည့်အတိုင်း နတ်အိမ်ကောင်းနှင့် ဆောက်လုပ်ကြသည်။ ပြေည့်သဂြိုဟ်သောကျွန်းကို ရွှေပြည်ကျွန်းဟု ယနေ့တိုင်ခေါ်သည်။ ထိုအရပ် ရွာသူကြီးနှင့် ပြည်သူတို့ ပူဇော်မှုပြုကြရန်ဖြစ်သည်။ မြင်းတော်ခံပြေည့်မှ ဖြစ်လာသောနတ်ကို ထိုကျွန်းအား အပိုင်စားစေခဲ့သည်။ မင်းအမိန့်ဖြင့် ဖြစ်လာသောနတ်ဖြစ်သလို အစဉ်အဆက် ကိုးကွယ်ပူဇော်မှုပြုကြလေသောကြောင့် "ရွှေပြည့်ကျွန်းမြင်းဖြူရှင်"နတ်ဟု ထင်ရှားလာခဲ့သည်။

နရပတိစည်သူ စေတော်မူသော ကျွန်တော် ငအောင်စွာငယ်သည် ပုဂံသို့ရောက်သော် အိမ်ဓားပိုက်ကာ သူ့ရဲကောင်းရှစ်ကျိပ်နှင့်အတူ နန်းတော်သို့ဝင်လာကြသည်။ ရှင်ဘုရင်ဘယ်မှာရှိနေမလဲဟု အပူတပြင်း လိုက်ရှာကြသည်။ ထိုအချိန်တွင် မင်းယဉ်နရသိင်္ခမှာ ရေအိမ်တော်ဝင်ခိုက်နှင့် ကြုံနေသဖြင့် ရေအိမ်တော်သို့တိုင် အောင်လိုက်၍ ဝိုင်းထားကြသည်။ အပြင်မှ ရုတ်ရုတ်သဲသဲ ဆူညံသံများကြောင့် မင်းကြီးက မေးလိုက်သည်။

"ဟဲ့…ရုတ်ရုတ်သဲသဲရှိလှချည့် ဘယ်သူတွေလဲ"

"ကျွန်တော် ငအောင်စွာငယ်၊ အရှင့်ညီတော်စေ၍လာရပါသည်ဘုရား"

မင်းကြီး ထွက်ကြည့်လိုက်သောအခါ ဓားတဖွေးဖွေးနှင့် ဝိုင်းရံထားသည်ကို တွေ့လိုက်ရသည်။ မိမိဘဝ နောက်ဆုံးအချိန်ရောက်ပြီကို နားလည်လိုက်သည်။ ညီတော်မိဖုရား ဝေဠုဝတီကို သိမ်းပိုက်မိခြင်းကြောင့် ညီတော်ရဲမက်များ လုပ်ကြံရန်ရောက်လာကြပြီ။ သည်ဓားသမားများလက်က လွတ်မြောက်ဖို့လမ်း မမြင်တော့ပေ။ ဝေဠုဝတီရဲ့အလှအပ၊ တဏှာအထိအတွေ့များနှင့် မျော်မွေ့ခဲ့သည်မှာ ယခုတော့ တမလွန်ခရီးဆက် ရလားရတော့မှာပါလား။ နောက်ဆုံးအနေနှင့် အသနားခံကြည့်သည်။

"ငါ့ညီငယ်ထံမှာ ကိုးစောင့်ကြက်နှင့်မျှ ဖြစ်ပါရစေ အောင်စွာငယ်။ ငါ့ကို မသတ်ပါနဲ့"

"အရှင့်ညီတော်က ထိုသို့မှာကြားတော်မူခြင်း မရှိပါ"

အောင်စွာငယ်သည် ပြောပြောဆိုဆို ဘုရင်ကြီးအနီးသို့ လျင်မြန်စွာချဉ်းကပ်လိုက်သည်။ ဓားရောင်တစ်ချက်လက်သွားသည်။ ရေအိမ်ကော်ရေ့တွင် သွေးများ ဖြာထွက်သွားသည်။ မင်းကြီး၏ဝတ်တော်မူသော ပတ္တမြားနားတောင်းတစ်ဖက်လည်း ရေအိမ်တော်မြေသို့ ကျသွားသည်။ မင်းယဉ်နရသိင်္ခကား အသေဆိုးနှင့် သေရရှာလေသည်။

သက္ကရာဇ် ၅၃၆ တွင် နရပတိစည်သူ မင်းဖြစ်လာသည်။ ဝေဠုဝတီမိဖုရားနှင့်ပင် ဘိသိက်ခံတော်မူသည်။ အလောင်းစည်သူမင်းကြီး၏ သမီးတော်မှာ ကျောင်းတော်သည် ဖြစ်သည်။ ကျောင်းတော်သည်မှမွေးဖွားသော မင်းအောင်မြတ်၊ မင်းလတ်၊ မင်းစောထွေး သမီးတော်သုံးပါးကား မင်းယဉ်နရသိင်္ခ၏ မိဖုရားဖြစ်ကြသည်။ နရပတိစည်သူ၏ မရီးတော်များဖြစ်ကြသည်။ အောင်စွာငယ်ကလည်း မင်းကြီးကတိရှိသည့်အတိုင်း မင်းယဉ်နရသိင်္ခ၏ မိဖုရားသုံးပါးအနက် ဘယ်မိဖုရားကိုယူရလျှင် ကောင်းမည်နည်းဟု ရွေးချယ်စဉ်းစားမိသည်။ အရေးတော်ပုံအောင်၍ အမှုတော်ကုန်ပါပြီဟုလျှောက်သည်။ မင်းကြီးကလည်း မရီးတော်တစ်ပါးကို ပေးမည်။ ယူလေတော့ဟု မိန့်တော်မူသည်။ မရီးတော်သုံးပါးကလည်း အောင်စွာငယ်နှင့် ပေးစားမည်ဟု ကြားသော် နရပတိစည်သူ၏ ခြေတော်ကိုဖက်ပြီး…

"အရှင်မင်းကြီး ငါတို့မိန်းမဟူသည်ကား လင်များသည်ကို အလိုမရှိကြပေ။ ငါတို့မှာ ဘာအပြစ်မှမရှိ။ ငါတို့မှာ မင်းကြီးရဲ့ မရီးတော်ရှုမျှသာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

အရီးတော်စပ်ပါတယ်။ ငါတို့ကို သနားတော်မမူရင်ရှိပါစေ။ ကျွန်အောင်စွာငယ်နဲ့တော့ လက်ဆက်ပေးခြင်းမပြုပါနဲ့။ မင်းကြီးရဲ့နန်းတွင်းမှာ ကျီးစောင့်ကြက်ဘဝနဲ့ ရှိပါရစေ"

ဗိုလ်လှိုက် လျှောက်ထားတောင်းပန်ကြသည်။

မင်းကြီးလည်း အောင်စွာငယ်ကို ခေါ်လိုက်သည်။

"ငအောင်စွာငယ် နင့်ကို ငါ့မရီးတော်သုံးပါးထဲက တစ်ပါးပါးနဲ့ယှဉ်ဟု ငါဆိုခဲ့မိတာ မှန်တယ်။ ဒါပေမယ့် မရီးတော်တွေကလည်း ဗိုလ်လိုတောင်းပန်ကြတယ်။ ငါ့မရီးတော်တစ်ပါးပါးနဲ့ နင့်ကိုပေးရင် ငါ့ဘေးတော် ဘိုးတော်တို့ကို ပစ်မှားသကဲ့သို့ ရှိတော့မယ်။ နင့်ကို အခြားအမျိုးမြတ်တဲ့သူထဲက တစ်ယောက်ယောက်နဲ့ သူကောင်းပြုပေးမယ်"

ထိုစကားကို အောင်စွာငယ်ကြားသော် မိဖုရားတစ်ပါးပါးနှင့် လက်ထပ်ပေါင်းသင်းရမည်ဟု စိတ်ကူးယဉ်နေသော အောင်စွာငယ်အိပ်မက်များ ပျက်ပြယ်သွားသည်။ ဒေါသလည်းထွက်လာသည်။ မင်းကြီးက ထွေးပြီးသားတံတွေးကို ပြန်မျိုပြီး ကတိမတည်ပျက်ယွင်းခဲ့ပြီ။ ဘာစကားမှမဆိုသော်လည်း ဒေါသအလျောက် မင်းကြီးအား ရှုံ့ရာစက်ဆုပ်ဟန်နှင့် "ထွီ"ဟု တံတွေးတစ်ချက် ထွေးထုတ်လိုက်သည်။

"အလို...အောင်စွာငယ် သင်းက သည်လို မဖွယ်မရာပြုဝံ့သလော။ ငါကဲ့သို့ မင်းကို သင်းက ဒီလိုလုပ်ဝံ့တယ်။ ပြက်ရယ်ပြုပေတယ်"

ဟုဆိုကာ အမျက်ပြင်းစွာထွက်ပြီး အောင်စွာငယ်ကိုလည်း ကွပ်မျက်ပစ်လိုက်သည်။ တစ်ယောက်ပြီးတစ်ယောက် သတ်လာခဲ့သော နရပတိစည်သူ၏ဓားတွင် သွေးများကား ဆက်လက် စွန်းထင်းစီးဆင်းသွားကြသည်။

သက်ဦးဆံပိုင် ခေတ်ကြီးထဲတွင် ဘုရင့်အာဏာနှင့် သူရဲကောင်းကျေးကျွန်တစ်ဦးဖြစ်သော အောင်စွာငယ်သည် "ထွီ"တစ်ချက် ဆိုရုံမျှနှင့်ပင် အသက်ဆုံးသွားရသည်။ နောင်းကာလလူများက အောင်စွာမကြီးနတ်အဖြစ် ယုံကြည်ကိုးကွယ်ကြသည်။ ရုပ်တုမှာ မြင်းစီးလျက် လက်ဝဲငက်ကိုင်၊ လက်ယာက ဓားထမ်း။ ခေါင်းထုပ်ပေါင်းနှင့်ရှိသည်။

ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်သော အလောင်းမင်းတရားကြီးသည် ရတနာသိင်္ဃမြို့သစ် တည်ထောင်သောအခါ သတ္တဌာနကို တည်ဆောက်ခဲ့သည်။

(၁) ရွှေချက်သိုစေတီတော်၊ (၂) နန်းတော်၊ (၃) ကျုံးတော်၊ (၄) မြို့တော်၊ (၅) မဟာနန္ဒာကန်တော်၊ (၆) နတ်ကွန်းများ။ (၇) ဗဟိုရ်စင်တို့ဖြစ်သည်။

နတ်ကွန်းများ တည်ဆောက်ရာတွင် အောင်စွာမကြီး အမှူးပြုသော နတ်ကြီး (၉)ပါး ကွန်းနန်းများပါဝင်ကာ ချီးမြှင့်မြောက်စားခဲ့ပေသည်။ နတ်ကြီး (၉)ပါးမှာ...

(၁) နန်းတော်၏ တောင်မျက်နှာတွင် အောင်စွာမကြီးနတ်ကွန်း။ (၂) ရွှေခြသေ့ဘုရား၏ အနောက်တွင် ဘိုးတော်ကြီးနတ်ကွန်း။ (၃) ရွှေတန်ဆာဘုရားတောင်စောင်းတန်း၏ အနောက်ဘက်တွင် ဆင်ဖြူရှင်(ဝိသုဒ္ဓိ)နတ်ကွန်း။ (၄) နန်းတော်ကြီး၏ အနောက်ဘက်တွင် မြင်းဖြူရှင်နတ်ကွန်း။ (၅) ရွှေတန်ဆာဘုရား၏ အနောက်ဘက်စောင်းတန်း၏ မြောက်ဘက်တွင် ရှင်သန့်စင်နတ်ကွန်း။ (၆) ရွှေကြက်တောင်ဘုရား၏ လက်ယာဘက်(တောင်ဘက်)တွင် ရှင်ဖြူထွားနတ်ကွန်း။ (၇) မုဆိုးဖိုအလယ်ကုန်းတွင် သောမဘုရင်နတ်ကွန်း၊ (၈) ဆုတောင်းပြည့်ဘုရား၏ မြောက်ဘက်တွင် ရွှေပြည့်ရှင်နတ်ကွန်း။ (၉) ရွှေနန်းတော်၏ မြောက်ဘက်တွင် ရေဦးဆောင်နတ်ကွန်းတို့ဖြစ်သည်။

ယခုအခါ ဘိုးတော်ကြီးနတ်ကွန်းတစ်ခုသာ မြိတ်စုရပ် (ထောင်ကြီးအနောက်ဘက်)တွင်ကျန်ရှိနေပြီး ကျန်နတ်ကွန်းများမှာ ကွယ်ပျောက်သွားပြီဖြစ်သည်။ နတ်ရုပ်များကား ရွှေတန်ဆာ ဘုရားအတွင်း အဆောက်အအုံထဲတွင် ရှိသေးသည်ဟု သိရပါသည်။

ပုဂံမြို့ကစ၍ မြို့စောင့်နတ်အဖြစ် သမုတ်ထားသည့်အတိုင်း အမရပူရရွှေမြို့တော် မြက်ပါးအရပ်တွင် နတ်ကွန်းတည်ရှိပါသည်။

**နန်းကြော့သျှင်**



www.burmeseclassic.com

www.burmeseclassic.com



# ဘေးအန္တရာယ် ကြောင် နှင့် ကျွယ်

**ဒေါက်တာစောယုနွယ်** Ph.D(Tantra)(Kol-India)Astrologer

တစ်နေ့သ၌ ကျွန်မ၏ သာယာရွှေပြည်ဟိန်း ဓာတ်နန်းသို့ ကျွန်မ၏ သားတပည့်လေးဖြစ်တဲ့ ဆရာ[illegible]စစ်သွေးဟာ လွယ်အိတ်ကလေးပိုက်၍ သူ့မျက်နှာ [illegible]ကြီးနှင့် ဝင်လာပါတော့တယ်။ သူရောက်တဲ့ အချိန်က [illegible]တောင် ဘုရားရှိခိုး၍ မပြီးသေးတဲ့အချိန်ပါ။

သူ စောစောစီးစီးကို ရောက်လာပါတယ်။ ရောက်[illegible] ချက်တာ သူလာရတာက ဒဂုံမြို့သစ် မြောက်ပိုင်းက [illegible] အဲ့ဒီအချိန် ကျွန်မဆီကို ရောက်ဖို့ဆိုတာ သူ [illegible] အရုဏ်တက်ထဲက ဘုရားပန်းလဲ၊ သောက်တော် [illegible] ဆီမီးပူဇော်၊ ဆွမ်းတော်ကပ်ပြီးတာနဲ့ ထွက်လာ[illegible] ကျွန်မ ဆီကို ဒီအချိန်ရောက်လာတာ၊ ဗာကယ်ပဲ [illegible]ကို ယုံကြည်ပြီး ဆရာသမားကို ချစ်ခင်လေးစား[illegible]။

တကယ်လည်း အားကိုးထိုက်တဲ့ သားတပည့်လေးပါပဲ။ သူလည်းပဲ ပညာကိုလေ့လာ ဆည်းပူးနေရင်း ၂၀၁၆ ထဲမှာ (၇)ရက်သားသမီးသာမက (၈)ရက်သား သမီးတွေရဲ့ အလိုဆန္ဒတွေကို ဖြည့်ဆည်းပေးမယ့် ဆရာကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားအားထုတ် နေသူလေးပါ။

ပညာရပ်ကို ဘယ်နေရာကရရ အသံလေး ကြားလိုက်တာနဲ့ ကျွန်မကို သည်အစီရင်လေးက ဘာလုပ်တဲ့ အခါမှာ သုံးတာလဲ၊ ဘယ်နေရာမှာ အသုံးဝင်တာလဲ၊ သည်ယတြာ ဓာတ်သားလေးနဲ့ လုပ်လိုက်ရင် ဘယ်နေ့ သားသမီးအတွက် အကျိုးရှိမှာလဲ၊ သည်ဓာတ်သား သည် ယတြာလေးဟာ ဘယ်နေ့သားကို အောင်မြင်မှုရစေမှာလဲ၊ သည် ဓာတ်သားလေးနဲ့ ဘယ်လိုအမှုကို နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဖန်တီးနိုင်မလဲဆိုတာ ကျွန်မကို အမိအရ မေးတတ်လေ့ရှိပါတယ်။

မုဆိုး တစ်ယောက်လို သားကောင်ရဲ့ အနံ့ကို ရလိုက်တာနဲ့ အသည်းအသန် ရှာဖွေနေတဲ့ မုဆိုးလေးလိုပါပဲဆိုပါတော့ရှင်။ ပညာရှာနေတဲ့ ပညာမုဆိုးလေးပေါ့။

သူရောက်ပြီး မကြာဘူး။ လိုင်သာယာမှာနေပြီး ပညာတွေ ရအောင်သင်ပြီး ဟောခန်းကို ဖွင့်ဖြစ်အောင် ဖွင့်မယ်ဆိုတဲ့ ဆရာသိန်းထိုက်ဇော် သူ့ရဲ့ လွယ်အိတ်လေး ကားကားနဲ့ ယမ်းပြီးဝင်လာပါ တော့တယ်။ ဘယ်သူတွေ ဘာပြောပြော ကျွန်တော်ကတော့ ဖွင့်ဖြစ်အောင်ဖြစ်မယ်။ တဖွဖွပြောနေသူလေပေါ့။ နှစ်ယောက်စလုံးက လက်ရေက လှတော့ ကျွန်မအတွက် ကလေးနာမည်ပေး၊ ဟောစာတန်းတွေနဲ့ ဆောင်းပါးတွေ ရေးတဲ့အခါ ကျွန်မလည့်ကြည့်စရာ မလိုအောင် အရေးအသား အဖြတ်အတောက်၊ စာလုံးပေါင်းတွေကအစ အမှားအယွင်း မရှိအောင် ရေးနိုင်တဲ့ တပည့်လေးတွေပါ။

သူတို့တွေကို ကျွန်မ စာသင်နိုင်တာက နည်းနည်းပါ။ ကျွန်မကို လာကူနေကြတာပါ။ သူတို့တွေ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ညှိနှိုင်းပြီး တစ်နေ့တစ်ယောက်၊ နှစ်ယောက် အလှည့်ကျစီလာဖို့ ဆုံးဖြတ်ပြီး ကူညီနေကြသော ကလေးတွေပါ။

ဒါကလည်း ကျွန်မတို့ အဘဆရာကြီး ဒေါက်တာ မင်းသိမ်ဆီကို ကျွန်မတို့ ဇော်သ ဗျာကရဏ ဆရာတွေ တာဝန်ယူပြီး တစ်နေ့တစ်ယောက် အဘဆီကို သွားပြီး အားဖြည့်နေသလိုပါ။ အဘကို ကူညီအားဖြည့်ပေးနေတဲ့ ကိုယ်နေ့တွင် ကိုယ်မဟုတ် လိုအပ်ရင် လိုအပ်သလို အဘကို ကူညီပေးခဲ့တဲ့ အကျိုးကျေးဇူး ကျွန်မ ပြန်လည်ခံစားရတာပါ။

ဆရာကျော်စစ်သွေးနဲ့ ဆရာသိန်းထိုက်ဇော် ကျွန်မ့ပျူတာစာစီစရာတွေ၊ မိတ္တူကူးစရာတွေ ကူး ကလေးနာမည်ပေး၊ ဟောစာတန်းတွေရေး နေ့လယ် (၂)နာရီထိုး သွားပြီပေါ့ရှင်။

အဲ့ဒီတော့မှပဲ ကျွန်မတို့ ဆရာတပည့်တွေ သာယာ ရွှေပြည်ဟိုန်းစာတ်ခန်းထဲမှာ စားပွဲအပုကလေး ခင်းပြီး ရေနွေးကြမ်းလေးသောက်၊ လက်ဖက်ကလေးစားပြီး ယတြာအကြောင်းလေး သူတို့ ဒီနေ့တွေ့ကြုံရတာတွေ၊ အကြောင်းအရာလေးတွေ စပြောဖြစ်ပါတော့တယ်။

"စားပွဲမှာ ထိုင်လိုက်တာနဲ့ ဆရာကျော်စစ်သွေးက စမေးပါတော့တယ်"

အမေ အမေ ဂဏန်းဗေဒင်သင်တုန်းက "၇" ဂဏန်းသမားတွေကို အမေက "ကြောင်" ကျောက် ဆောင်ရမယ်လို့ပြောတယ်။ ကြောင် ကျောက်ဆိုတာ ကျွန်တော်တို့ ကြားဖူးတယ်၊ ဘယ်လိုအရောင် အဆင်းရှိပြီး ဘယ်လိုပါဝါတွေ အစွမ်းသတ္တိတွေ ရှိလို့လဲအမေ"

လို့ မေးပါတယ်။

အဲဒါနဲ့ အနားမှာရှိနေတဲ့ ဆရာသိန်းထိုက်ဇော် က "အမေ အဲဒါကိုထားဦး ဘာဖြစ်လို့ ကြောင် ကျောက်လို့ ခေါ်ရတာလဲ အဲဒီ ကြောင် ကျောက်တွေကို ကျွန်တော်တို့လို ၂၄ ရက်မွေးတဲ့ "၆" ဂဏန်းသမားတွေရော ဝတ်ဆင်လို့ မရဘူးလား။ ဝတ်ဆင်လျှင်ရော အကျိုးရှိမှာလား" ဟု ကောက်ခါ ငင်ကာ ခပ်သောသောလေး မေးလိုက်ပါတော့တယ်။

ဆရာလေးသိန်းထိုက်ဇော်က စကားပြောတာတော့ နည်းတယ်၊ မေးစရာ မြန်းစရာရှိရင်တော့ တစ်ချက်တည်းနဲ့ အားလုံးမိအောင် မေးတတ်ပါလေရဲ့ ဒါနဲ့ပဲ ကျွန်မက ...

– "သားတို့ရေ ကြောင် ကျောက်ဆိုတာ ကြောင် မျက်လုံးလို နေ့ရောညပါ မီးရောင်ကဲ့သို့ တဝင်းဝင်း တလင်းလင်းနဲ့ တောက်ပနေတဲ့ ကျောက်မျိုးကို ကြောင် ကျောက်လို့ခေါ်တာကွ။ ကုန်သည် လောကမှာတော့ ကြောင်ကျောက်ကို တစ်ချို့က သီလဂုဏ်ကြောင် ကျောက် လို့ ခေါ်ကြတယ်။ ရှမ်း လူမျိုးတွေကတော့ မျှောကျောက် လို့ ခေါ်လေ့ရှိကြတယ်။ မျှောဆိုတာလည်း ရှမ်းဘာသာနဲ့ဆို ကြောင်လို့ပဲ ခေါ်တာကွ"



www.burmeseclassic.com

www.burmeseclassic.com

လို့ ကျွန်မက ပြောလိုက်တဲ့အခါ ဆရာ ကျော်စစ်သွေးက ကြောင်ကျောက်ဆိုတာ အဖြူရောင်လား အမေ၊ အရောင်မျိုးစုံရော ရှိလား။ တခြား ကျောက်တွေနဲ့ရော တူတူပဲလားလို့ မေးလိုက်ပါတယ်။ ဒါနဲ့ပဲ ကျွန်မက ကြောင်ကျောက်ဆိုတာ အရောင်းမျိုးစုံရှိတယ်ကွ၊ အဲဒီထဲကမှ လူတွေ အကြိုက်ဆုံးနဲ့ လူတွေ အနှစ်သက်ဆုံးက ပျားရည်ရောင်ကြောင် ကျောက်က တန်ဖိုးလည်းကြီးတယ်။

ကြောင်ကျောက်က ထူးခြားတာက အမှောင်ထဲမှာ အရောင်တွေ အမျိုးမျိုး ထွန်းတောက်နေပြီး နေ့ဘက်မှာတော့ သက်တန့်ရောင်လို ရောင်စုံပြာထွက်နေပြီး လှုပ်ရှားကွန့်မြူးရောင်စုံပြာနေတယ်ကွ။ အဲဒါကိုက အလင်းရောင်မရှိတဲ့ ညအမှောင်ထဲမှာ ရောင်စုံပြာနေတာဟာ ကြောင်ကျောက်ရဲ့ ထူးခြားတဲ့ ပါဝါတစ်ခုပေါ့။ လှုပ်ရှားတောက်ပနေတဲ့ ကြယ်ပွင့်တွေနဲ့ လပလင်းလက်တောက်ပနေတဲ့ ဂေါ်ကြီးပါတဲ့ ကြောင်ကျောက်ဟာ ဝတ်ဆင်နေတဲ့ လူတွေအဖို့ ဘေးအန္တရာယ်တွေ၊ အသက်ဘေးတွေ၊ ကင်းလွတ်စေတယ်လို့ အဆိုရှိတယ်ကွ၊ စစ်မြေပြင်မှာ တိုက်နေရတဲ့ စစ်မှုထမ်းတွေအတွက် အဆောင်ကောင်းတစ်ခုဖြစ်တယ်လို့ အဆိုရှိပြန်တယ်။ လှုပ်ရှား လင်းလက်နေတဲ့ ကြောင်မျက်လုံး ကျောက်တွေဟာ ရန်သူတွေရဲ့ ပစ်ခတ်မှုနဲ့ ဘေးအန္တရာယ်တွေကို ကိုယ့်ဆီမရောက်အောင် ထွဲပေးနိုင်တယ်လို့လဲ ရှေးက အဆိုရှိတယ်။

ဒါကြောင့်လည်း သိဒ္ဓိရှင်ကြောင်ကျောက်လို့ ရှေးက အယူရှိကြတယ်၊ မကောင်းသော အတတ်ပညာတွေနဲ့ ပြုစားခြင်း ရှောင်ကွင်းနိုင်တယ်"

လို့ ကျွန်မက ပြောလိုက်တဲ့အခါ ...

"ဆရာကျော်စစ်သွေးက "၇" ဂဏန်းသမားတွေ ဆောင်တဲ့ အကုန်လုံး ဝတ်ဆင်ရင် အန္တရာယ် ကင်းတာပေါ့" လို့ ပြောလိုက်တဲ့အခါ...

"အေး ဟုတ်တာပေါ့ကွ၊ အရောင်မျိုးမျိုး ထွက်နေတဲ့ အံမခန်း အရောင်မျိုးစုံ လင်းလက် ကွန့်မြူးနေတဲ့ မီးအလင်းရောင်တွေပါတာကြောင့် ကြောင်ကျောက်ဟာ လူသိများတဲ့ ကျောက်မျက်ရတနာထဲ ပါဝင်တယ်ကွ။

မဏိသျှုတ္တရကျမ်းကတော့ ကြောင် ကျောက် ကို (၄)မျိုးခွဲခြားတာ။ တစ်မျိုးကတော့ ကြောင်ဝေဿ ဆိုတဲ့ ကြောင် ကျောက်ကတော့ အလင်းကြီး တစ်တန်းတည်းပါ။ စလွယ်သိုင်း ကျောက်လို့လည်း ခေါ်တယ်ကွ။ တစ်မျိုးက ကြောင်ဝေဿ ကြောင်ကျောက်၊ အဲဒါကိုတော့ အများက 'မော်ကျောက်လို့ခေါ်တယ်။ အဲဒီကျောက်မျိုးကို အဘ ဒေါက်တာမင်းသိခ် မြတ်မြတ်နိုးနိုး ဝတ်ဆင်တာကွ၊ သူ့ရဲ့ မိတ်ဆွေတွေက ထူးထူးဆန်းဆန်းလေးရလိုက် လာလျှလိုက်။ အဘက အမေတို့ကို ထုတ်ကြွားလိုက်၊ အမေတို့ကလည်း အဘမျက်နှာကြည့်ပြီး ပီတိတွေဖြစ်လိုက်နဲ့ ကြည်နူးခဲ့ရတာပေါ့ကွာ။"

ကြောင်ကျောက် (သို့)

နဝရတ်လက်စွပ်မှ မဟုတ်ပါဘူး၊
ကျောက်မျက်ရတနာ ဝတ်ဆင်မယ်ဆို
လုပ်သင့်တဲ့ ပူဇော်သင့်။
လှူဒါန်းသင့်တဲ့ အလှူအတန်းလေး
တစ်ခုပါ။ အုန်း၊ ငှက်ပျော၊ ကွမ်း၊
ဆေး၊ လက်ဖက် အောင်သပြေတွေနဲ့
ကန်တော့ပွဲကြီးကို လှအောင်ထိုးပြီး
ခင်းပွဲနှင်းကြီး
ဆယ်ပါးပူဇော်ကန်တော့ပြီး
ဝတ်ဆင်ရင် ဘေးအန္တရာယ်(၈)ပါး၊
ဒုက်(၁၀)ပါးကနေ ကင်းလွတ်စေတဲ့
အဆိုရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အခုတော့လည်း အဘရဲ့ အဆောင်ကြောင်ကျောက်တွေ မြေလျှိုးပြီး မိုးပျံသွားသလား မသိပါဘူး။ တစ်ခုမှ မတွေ့မိ မကြားမိပါတော့ဘူးကွာ။ ကျွန်မလည်း ပြောရင်း တမ်းတ လွမ်းဆွတ်မိပါ တော့တယ်။ ပြောရင်း ပြောရင်း အဘကို သတိရ မိနေပြန်ပြီ။ အဲဒါနဲ့ အနားရှိ ဆရာကျော်စစ်သွေး မှ အမှတ်(၃) ကျောက်ကို ပြောပါ အမေရယ် ဆိုမှ ကျွန်မလည်း သတိရပြီး၊ နောက်ကျောက်တစ်မျိုးက ကြောင်ရှိန်ပုတ်လို့ခေါ်တယ်။ အရောင်က ဒွေးဆံဝါရောင်ကနေ အညိုရောင်ကို အရောင်ပြောင်းတတ်တဲ့ကျောက် ဒါကြောင့် သူ့ကို ဘော်ရှင် ကြောင်ကျောက်လို့ ခေါ်လေ့ရှိတယ်"

"နောက်တစ်မျိုးကတော့ ကြောင်ရှိန်တူ လို ခေါ်တယ်၊ ပိုက်ကွန်နဲ့ တူတဲ့ ပင့်ကူအမျှင်တန်းတွေ ယှက်သန်းနေတဲ့ ကြောင်ကျောက်ကို ခေါ်တာကွ။

အဲဒီ ကြောင်ကျောက်ကိုတော့ ကြောင်သိဒ္ဓိကျောက်လို့ ခေါ်တယ်ကွ။ ကြောင် ကျောက်တွေ ကို နေထွက်စအချိန် အလင်းရောင် တောက်ပသော နေရာကြည့်ရှုပြီး ကျောက်သားကောင်း မကောင်း။ အလင်းရောင် ကောင်းမကောင်း။ အရောင် ကောင်းမကောင်း။ ကြယ်ကြိုးတွေ ပါ မပါ ကောင်း မကောင်းကြည့်ပြီး အဲ ကြောင်ကျောက် တန်ဖိုးကို ဖြတ်လေ့ရှိကြတယ်။"

ဒါကြောင့်လည်း "ကြောင်အလင်း၊ စိန် အမှောင်" လို့ ဆိုရိုးစကားပေါ်လာတာ၊ ကြောင်ကျောက်ကို တန်ဖိုးဖြတ်တဲ့အခါ အလင်းရောင်ရှိတဲ့အချိန်မှာ ဆုံးဖြတ်ရတယ်။ တန်ဖိုးဖြတ်ရတယ်။ စိန်ကို တန်ဖိုးဖြတ်မည်ဆိုရင် အမှောင်ထဲမှာထားပြီး သူ့ရဲ့ အလင်းရောင် တုန့်ပြန်အားကို ကြည့်ပြီး စိန်ရဲ့တန်ဖိုးကို ဖြတ်လေ့ရှိတယ်။

ကြောင် ကျောက် စံချိန်မီ အရည်အသွေးကောင်းရင် စိန်၊ ပတ္တမြား၊ နီလာတို့နှင့် ဈေးအတူတူထားပြီး ခေါ်လေ့ရှိတယ်။ အချို့ ကြောင်ကျောက်တွေဆိုရင် အရည်အသွေးကောင်းလို့ ပတ္တမြား နီလာ၊ ဘော်ကြိုးထက် လင်းလက်တောက်ပ၊ မှန်သား၊ ဖန်သား၊ ဖယောင်းသား၊ ထင်းရှူးသားဆိုးပြီး ကြောင်ကျောက်ကို ခွဲခြားသေးတယ်ကွ၊ အဲဒီအထဲကမှ မှန်သားကတော့ အကောင်းဆုံး အသားဖြစ်ပြီး ထင်းရှူးသားကတော့ အညံ့ဆုံး အရည်အသွေးပဲ ဖြစ်တယ်လို့ ကျွန်မက ပြောလိုက်တဲ့အခါ ဆရာကျော်စစ်သွေးက . . .

"ဟုတ်ပါပြီ အမေရယ်၊ ကြောင်ကျောက် ၏ အရည်သွေးကတော့ ဟုတ်ပါတယ်။ ကြောင် ကျောက် ဝတ်ဆင်ထားရင် ဘာထူးခြားနိုင်မလဲ၊ ဘယ်ပါဝါ ရနိုင်မလဲလို့ မေးလိုက်တဲ့အခါ"

ကျွန်မက . . .

"ခုန ဆရာသိန်းထိုက်ဇော်ပြောသလို၊ အဓိဋ္ဌာန်ဝင်တဲ့အခါ ကျင့်စဉ်တစ်ခုကို ကျင့်ကြံအားထုတ်မည်ဆိုလျှင် သိဒ္ဓိတစ်ပါးပါးကိုတောင် ရနိုင်တယ်လို့ အဆိုရှိတယ်ကွ။ တရားကျင့်ကြံတဲ့သူတွေ ဉာဏ် စဉ်ပွင့်ပြီး တရားထူးတရားမြတ်ကို ရလွယ် ပေါက်မြောက်လွယ်တယ်" ဟု ရှေးဆရာသခင်တွေက ယုံကြည်ပြီး ဝတ်ဆင်ကြတယ်၊ ဒါဆိုရင်လည်း အမေရယ်၊ ဒါမှမဟုတ်ဘဲ၊ ရက်နဲ့ မဟုတ်ဘဲ တနင်္ဂနွေ-တနင်္လာ စတဲ့ ကျန်တဲ့နေ့သားတွေ ဝတ်ဆင်လို့ မရဘူးလား။ ကျွန်တော်တို့လည်း အဓိဋ္ဌာန်ဝင်နိုင်ပေမဲ့ ကျင့်ကြံအားထုတ်မှုတွေ မလုပ်နိုင်သေးဘဲ ဒီအတိုင်း ဝတ်ဆင်ထားရင် ထူးခြားမှာလား အမေလို့ ဝင်မေးလိုက်ပါတယ်။

ဒါကလည်း ဒီလိုရှိတယ်ကွ "၁-နေ့၊ ၃-ကိ၊ ၇-နေ၊ ဂ-ရာဟု ဆိုတဲ့ ပါပ ဂြိုဟ် နေ့သားတွေအဖို့ ကြောင်ကျောက်ကို ဝတ်ဆင်ထားရင် သူတစ်ပါးပြုစားခြင်း၊ တိုက်ခိုက်ခြင်းကနေ ကင်းလွတ်စေတယ်လို့ ရှေးကဆိုတယ်ကွ"

လို့ကျွန်မကပြောလိုက်တဲ့အခါ ဆရာသိန်းထိုက်ဇော်က အမေရေ နဝရတ်လက်စွပ် စီရင် ဝတ်ဆင်တဲ့အခါ ကြောင် ကျောက်ကို ကျွန်တော်တို့ ထည့်သွင်း ဝတ်ဆင်တာတွေ့တယ်အမေ၊ ဒါကလည်း နဝရတ်လက်စွပ်ရဲ့ အစွမ်းတွေကို ပံ့ပိုးပေးတာ ဖြစ်နိုင်တာပေါ့ အမေရယ်လို့



www.burmeseclassic.com

www.burmeseclassic.com

ပြောလိုက်တဲ့အခါ နဝရတ်လက်စွပ်ကို စီရင်တဲ့အခါ ကြောင်ကျောက်ကို ဗုဒ္ဓဟူးဂြိုဟ် လို့ခေါ်တဲ့ တောင်ဘက်အိမ်လေးမှာ ကျောက်မျောက်နီပွင့်ခံပြီး စီမံ ဝတ်ဆင်လေ့ရှိကြတယ်။ နက္ခတ်တွေ ဘာတွေကြည့်ပြီး ကန်တော့ပွဲတွေ ဘာတွေနဲ့ အနန္တော အနန္တ ငါးပါးဦးထိပ်ထားပြီး လှူဒါန်းပူဇော်၍ လက်ယာဘက်လက် လက်ခလယ်မှာ ဝတ်ဆင်ထားရင် ကိုယ်ကလည်း အကျင့်သီလ သမာဓိ ကောင်းရင် နေတစ်ဆူ လမင်းကဲ့သို့ ဘုန်းကံပညာ တောက်ပတယ်၊ အေးချမ်းသာယာတယ်လို့ အဆိုရှိတဲ့ကွ။

ဆရာကျော်စစ်သွေး မှ ဒါပေမယ့်လည်း အမေရယ် စိတ်မနိုင်လို့ ကယောင်ခြောက်ခြားတွေ ဖြစ်တာတွေ့ဘူးတယ်လို့ ကျွန်မကို လှမ်းပြောပါသေးတယ်။ ဒါကတော့ကွာ ဘယ်ကိစ္စမဆို သူ့နေရာ ဌာနအလျောက်တွေ မသင့်တော်တာဝတ်ရင်၊ မသင့်တော်တဲ့ နေရာတွေ၊ မကောင်းတဲ့ အတတ်ပညာတွေပြုလုပ်ရင် အားကောင်းတဲ့ ကျောက်မျက်ရတနာတွေရဲ့ တုန့်ပြန်မှုတော့ ခံစားရမှာပေါ့။

နောက်တစ်ခုကတော့ကွာ ကြောင်ကျောက် (သို့) နဝရတ်လက်စွပ်မှ မဟုတ်ပါဘူး။ ကျောက်မျက်ရတနာ ဝတ်ဆင်မယ်ဆို လုပ်သင့်တဲ့ ပူဇော်သင့်။ လှူဒါန်းသင့်တဲ့ အလှူအတန်းလေး တစ်ခုပါ။ အုန်း၊ ငှက်ပျော၊ ကွမ်း၊ ဆေး၊ လက်ဖက် အောင်သပြေတွေနဲ့ ကန်တော့ပွဲကြီးကို သုံးအောင်ထိုးပြီး ခင်ပွန်းကြီး ဆယ်ပါးပူဇော်ကန်တော့ပြီး ဝတ်ဆင်ရင် ဘေးအန္တရာယ်(၈)ပါး၊ ဒဏ်(၁၀)ပါးကနေ ကင်းလွတ်စေတဲ့ အဆိုရှိတယ်။

နောက်တစ်ခုကတော့ ဆီမီး ပန်းနံ့သာတွေ ပန်းခေါင်းစုံတွေ သစ်သီးဝလံတွေနဲ့ လှူဒါန်းပူဇော်ပြီး၊ ဒီ ကြောင်ကျောက်(သို့)နဝရတ်လက်စွပ်ကို ဝတ်ဆင်ရင်တော့ အခုဘဝမှာတွင် ဆုကြီးပန်ဆင်နိုင်ကြတယ် အဆိုရှိပါတယ်၊ ဒါကြောင့်လည်း ခုနစ်ရက်သားသမီးတွေ ဝတ်ဆင်ရင် အကျိုးထူးစေတယ်လို့ ဆိုလေ့ ရှိကြတယ်ကွဲ့ နောက်ပြီး ကြောင် ကျောက်ရတနာမှာ သက်တန့်ရောင်စဉ် ခုနစ်မျိုး ပါဝင်ဖွဲ့စည်း ကွန့်မြူးနေတာကြောင့် ခုနစ်ရက်သားသမီးနှင့် သက်ဆိုင်တယ်လို့ အဆိုရှိကြတယ်။ မိုးကောင်းကင်မှာရှိတဲ့ သိကြား ဗြဟ္မာတွေ၊ ဂြိုဟ်မင်းတွေ အားလုံးတို့ကလည်း သိဒ္ဓိတွေ စွမ်းအားတွေကို သက်တန့်ရောင်စဉ် ခုနစ်ခုလုံးကရရှိထားတယ်လို့ ယုံကြည်ကြပြီး ကြောင်ကျောက်တွေကို ဝတ်ဆင်တယ်လို့ ရှေ့ ကျမ်းကလည်း ဆိုထားတယ်။ ဒို့တွေ လူသားတွေ အနေနဲ့တော့ကွာ ကြောင် ကျောက်ကို ဝတ်ဆင်မယ်ဆိုရင် ဆေးဝါးမကုဘဲ နပျိုကျန်းမာစေခြင်း၊ ကြောင်ကျောက်ကို ဝတ်ဆင်ပြီး ကျင့်ကြံအားထုတ် မည်ဆိုလျှင် ဇိဇ္ဇာ၊ သိဒ္ဓိ၊ မဟိဒ္ဓိ ရရှိပြီ။ အကြားအမြင် ပွင့်စေတယ်လို့ အဆိုရှိထားတယ်ကွ။ ဒီလိုပဲ ကြောင်ကျောက်လေးကို မြတ်စွာဘုရားကို လှူဒါန်းမည်ဆိုလျှင် မင်းဆရာပညာရှိ ဖြစ်မည်ဟု ရှေးကျမ်းကလည်း ဆိုထားတယ်၊ တမလွန် ဘဝ ရောက်တဲ့အခါ ကောင်းရာဘုံဗိမာန်က ကြိုဆိုမည်ဟု အဆိုရှိတယ်။

သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေကို ပူဇော်ရင် ရာထူးဂုဏ်သိန်ကြီးပွားပြီး ဥစ္စာဓနတိုးပွားပြီး အဆိုကလည်းရှိထားတော့ တို့တွေအားလုံး ကောင်းကျိုးတွေပေးနိုင်တဲ့ အဲဒီ ကြောင်ကျောက် ရတနာလေးကို ဝတ်ဆင်ထားပြီး (၇)ရက်သားသမီးတွေရဲ့ ဘေးအန္တရာယ်တွေ၊ တိုင်းပြည်အပေါ် ကျရောက်မည့် ဘေးဆိုးတွေကို တို့တွေ ကြိုတင် အကာအကွယ်ပေးနိုင်အောင် ကြောင်ကျောက်လေးဝတ်ဆင်ပြီး ကျင့်ကြံအားထုတ် သိဒ္ဓိစွမ်း ယူလိုက်ရအောင်လို့ ပြောလိုက်သောအခါ ကျွန်မ၏ သားတပည့်ဖြစ်တဲ့ ဆရာကျော်စစ်သွေးနဲ့ ဆရာသိန်းထိုက်ဇော်တို့မှ သိပ်သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့ အမေရယ် ပြောပြီး အမေရေ ကျွန်တော် တို့ကိုလည်း ကြောင် ကျောက်ကလေးတွေရှာပြီး သိဒ္ဓိတင်ပေးပါဟု ပြောပြီး ကျွန်မကို ချက်ချင်းဘဲ သိဒ္ဓိပေါက်တော့မည့် အပြုံးလေးနဲ့ပြောပြီး ကျွန်မကို ဦးချကန်တော့ လိုက်ပါတော့သတည်း။ ။

ချမ်းသာကိုယ်စိတ်မြဲပါစေ • • • •

**ဆရာမဒေါက်တာစောယုနွယ်**
Ph.D(Tantra)(Kol-India)Astrologer



www.burmeseclassic.com

www.burmeseclassic.com

# ကုက္ကုဋ္ဌာသယ နေသိဒ္ဓိ ငွေလာဘ်ခေါ်ယဂြာ

## ဘဒ္ဒန္တဝေပုလ္လ

စက္ကူအဖြူပိုင်းတွင်

(က) ငွေရှင်လာပါစေ၊ (ခ) ငွေရေးကြေးရေး ပြေလည်ပါစေ၊ (ဂ) အကြွေးငွေများ ပြန်လည်ရရှိလာပါစေ၊ (ဃ) လက်လွှန်ထားသောငွေများ အမြန်ပြန်ရပါစေ၊ (င) ငွေကြေးလာဘ်လာဘ အထူးဝင်လာပါစေ • • •

ဤအတိုင်း အလိုရှိရာကိုရေးပါ။

(က) မှစ၍ (င)အထိ အပြည့်အစုံရေးလည်း ရေးနိုင်ပါသည်။

ပြီးလျှင် ၎င်းရေးပြီးသော စက္ကူတို့ကို လှပအောင်၊ ညီညာအောင်လိပ်ပြီး မုန့်လုံးရေပေါ်ထဲမှာ ကြံသကာခဲနှင့် တွဲ၍ ထည့်ဌာပနာပြီး မုန့်လုံးရေပေါ်များကို ညီညာလှပအောင်လုံးပါ။ စုစုပေါင်း ၁၅ လုံးတိတိ။

(၁) မုန့်လုံးရေပေါ် ၁၅ လုံးပါသော ပွဲတစ်ပွဲ၊ (၂) ကွမ်းယာအချို ၁၅ ယာပါသော ပွဲတစ်ပွဲ၊ (၃) ငွေပန်း (သို့) ရွှေပန်း (သို့) ကံ့ကော်ပန်း ၁၅ ပွင့် တစ်ပွဲ၊ (၄) ကြက်သွန်ကြော် ၁၅ ခုပါသော ပွဲတစ်ပွဲ၊ (၅) သကြားနှင့်ဖျော်သော မန်ကျည်းဖျော်ရည် ငါးခွက်၊ (၆) ဖယောင်းတိုင် ငါးတိုင်ထွန်း။

မိမိအိမ် ဘုရားစင်ပေါ်မှာ လှပအောင် စည်းကမ်းတကျ ပြင်ဆင်ပါ။ တစ်ပွဲနှင့်တစ်ပွဲ ထိကပ်ထားပါ။ ဟမနေစေနှင့်။ ခွာမထားစေနှင့်။ ထိကပ်နေပါစေ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အနန္တောအနန္တ ငါးပါးအား ရည်စူး၍ ရည်မှန်း၍ ကပ်လှူပူဇော်ပါ။

စိတ်အေးအေးထား၍ အပူအပင် ကင်းရှင်းစွာနှင့် အားပါးတရ ပျော်ရွှင်တက်ကြွသောစိတ်ကို မွေးမြူ၍ ကပ်လှူပူဇော်ရမည်ကို သတိပြုပါ။

### ဆုတောင်းပုံများ

ဘုရားတပည့်တော်သည်- ဘုရား၊ တရား၊ သံဃာ၊ ဆရာသမား၊ မိဘတို့ အား ရည်စူး၍ ဤမုန့်လုံးရေပေါ် ၁၅ လုံးပါသောပွဲများ၊ ကွမ်းယာပွဲ၊ ငွေပန်းပွဲ၊ ကြက်သွန်ကြော်ပွဲများ၊ မန်ကျည်းဖျော်ရည်များနှင့်တကွ ဖယောင်းတိုင် ငါးတိုင်ပါ ထွန်းညှိ၍ အနန္တောအနန္တငါးပါးအား ကပ်လှူပူဇော်ပါ၏ဘုရား။

လှူဒါန်းပူဇော်ပါ၏ဘုရား။ ဤကောင်းမှုစွမ်းအားကြောင့်လည်းကောင်း၊ ကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း (ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ) အနန္တောအနန္တငါးပါးတို့၏ တန်ခိုးတော်အာနုဘော်တော်တို့ကြောင့် သူရဿတီနတ်သမီးနှင့်တကွ ဒေဝီ ခုနစ်ပါး၊ ဒေဝီ ကိုးပါး၊ ဒေဝီ ၁၂ ပါး သည် အကျွန်ုပ်အား ဝိုင်းဝန်းကူညီ မစကြပါစေကုန်သတည်း။

လာဘ်လာဘများ ဖွင့်ပေး၊ ပွင့်ပေး လာကြပါစေကုန်သတည်း။

(အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာများမှ လာစရာရှိသော လာဘ်လာဘငွေကြေးများ၊ ဝင်စရာရှိသော လာဘ်လာဘငွေကြေးများ၊ ရစရာရှိသော လာဘ်လာဘငွေကြေးများ၊ အကြွေးငွေကြေးများ၊ လက်လွှန်ထားသောငွေများ၊ စီးပွားရေးအလုပ်အကိုင်များကြောင့် ဖြစ်လာတတ်သော လာဘ်လာဘငွေကြေးများ ထိုငွေကြေးခြောက်မျိုးစလုံးသည် လျင်မြန်စွာ ဝင်ရောက်လာကြပါစေကုန်။ စည်ကားစွာ ဝင်ရောက်လာကြပါစေကုန်။ တိုးတက်အောင်မြင်စွာ ဝင်ရောက်လာကြပါစေကုန်၊ စိတ်ချမ်းသာစွာဖြင့် ဝင်ရောက်လာကြပါစေကုန်။

ဤကောင်းမှုကုသိုလ်များ၏ အဖို့ဘာဂတို့ကိုလည်း သူရဿတီမယ်တော် နတ်သမီးနှင့်တကွ ဒေဝီ ခုနစ်ပါး၊ ဒေဝီ ကိုးပါး၊ ဒေဝီ ၁၂ ပါးတို့အား (အမျှ အမျှ အမျှ) ပေးဝေပါ၏။

အားလုံး အမျှရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ဝမ်းသာရွှင်လန်း ရှိကြပါစေကုန်သတည်း။ (ဤဆုတောင်းအတိုင်း ငါးခါဆို၍ ဆုတောင်းရပါမည်။)

၎င်းကုက္ကုဋ္ဌာသယ နေသိဒ္ဓိ ငွေခေါ်ယဂြာနည်းကို အောက်ပါအတိုင်း မိမိအိမ်မှာ ဆောင်ရွက်ပါ။

စီးပွားရေးသမားများ အရောင်းအဝယ်သမားများ အတွက်မှ -



www.burmeseclassic.com

www.burmeseclassic.com

စာ - ၁၇

ရောက်ကြဖူးသလား

**ရေယျာရွှေမြေ**

မိုးမြင့်လွင်





စာ - ၂၁၄

## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မဂ်လာနိမိတ်ကောင်း

ဒေါက်တာစောယုနွယ် ---------- ၂၀၅


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း

ဒေါက်တာစောယုနွယ် ---------- ၂၉၄


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ---------- ၂၉၆


စာ - ၅၅








အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး

**လာဘ်မိုးရွာ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)

၅၂ - လမ်း (အောက်)၊ ပုလဲတထောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


စာ - ၁၈၁

www.burmeseclassic.com

www.burmeseclassic.com

(၁) တနင်္လာနေ့ နံနက် ၉ နာရီ တစ်ကြိမ်၊
(၂) ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ တစ်ကြိမ်၊
(၃) ကြာသပတေးနေ့ နံနက် ၉ နာရီတစ်ကြိမ်
(တစ်ပတ်သုံးကြိမ် လုပ်ရပါမည်။)

အလုပ်ကြီးအကိုင်ကြီးသမားများ ကုမ္ပဏီလုပ်ငန်းကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ရွှေဆိုင်၊ ကုန်စုံဆိုင်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်ပိုင်ရှင်များမှာမူ အထက်ပါ တစ်ပတ်သုံးကြိမ် အပါအဝင်•••

(၄) သောကြာနေ့ နံနက် ၉ နာရီ တစ်ကြိမ်
အပါအဝင် တစ်ပတ်လျှင် လေးကြိမ်မှန်မှန် ဆောင်ရွက်ပေးရပါမည်။

**အထူးမှတ်ချက်**

မိသားစုတစ်စု၊ အိမ်ထောင်စုတစ်စုတွင်မူ ခင်ပွန်းဖြစ်စေ၊ ဇနီးဖြစ်စေ တစ်ဦးဦးက ဆောင်ရွက်ပေးရပါမည်။

ဤသို့လျှင် တစ်ပတ် လေးကြိမ် (သို့မဟုတ်) တစ်ပတ် သုံးကြိမ် ဆောင်ရွက်လုပ်ကိုင်၍ အမျှပေးဝေ၊ ဆုတောင်း ငါးကြိမ်ပြည့်ပြီးတိုင်း အောက်ပါ သူရဿတီလာဘ်ပွင့်ဂါထာတော်ကို ၄၅ ခေါက်စေ့အောင် တစ်ထိုင်တည်းနှင့် အပြီးရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။

**သူရဿတီနတ်သမီး လာဘ်ပွင့်ဂါထာ**

(၁) **ဥမ်-သူရဿတီဒေဝီစ မေမာတာ၊ မာတာစမေ သူရဿတီဒေဝီ အနုကမ္ပံ ဥပါဒါ ယ မဟာသုခံ မဟာခနံ မဟာလာဘံ မေအမို ဒေဟိတွံ။**

(၂) **ဥမ်-သဗ္ဗဟိတ မင်္ဂလာနိ ပုညာဘိ သိရိသောဘာဏီ သူရဿတီစ မေမာတာ နိစ္စံ ရက္ခန္တု မံသဒါ။**

ဤကုဋ္ဌာသယခနသိဒ္ဓိ ငွေခေါ်ယတြာနည်းကို ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များအား လူအမျိုးမျိုးတို့သည် ချစ်ခင်လာတတ်ကြကုန်၏။ ဆင်းရဲသား၊ ဆင်းရဲသူများ၊ တစ်နေ့လုပ်တစ်နေ့စားများ၊ စားနိုင်သောက်နိုင်သော လူလတ်တန်းစားများ၊ လူတန်းစားမရွေးအားလုံး ချစ်ခင်လာကြကုန်၏။ လေးစားလာကြကုန်၏။ လူဆိုးဓားပြများပင်လျှင် ချစ်ခင်လေးစားလာကြကုန်၏။

အလုံးစုံသော ရွှေငွေရတနာများ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဝင်ရောက်လာကြကုန်၏။ လာဘ်လာဘများ ဝင်ရောက်လာရကုန်၏။ အလုပ်အကိုင်များ၊ စီးပွားရေးသမားများ တစ်စထက်တစ်စ တိုးတက်အောင်မြင်လာရ၏။

စည်းစိမ်ဥစ္စာ ရတနာရွှေငွေများသည် စိတ်ရှိတိုင်း၊ တောင့်တတိုင်း၊ အလိုရှိတိုင်း ရလာစေနိုင်၏။ အလုပ်အကိုင်မှန်သမျှ တိုးတက်လာရ၏။ ဝင်ငွေမှန်သမျှ အားကောင်းစွာ တိုးတက်ဝင်ရောက်လာရ၏။ အရောင်းအဝယ်မှန်သမျှ အားလုံး ကောင်းလာရစေ၏။ အလုပ်အကိုင်မှန်သမျှ အားလုံး အဆင်ပြေလာရ၏။ လူနှင့်ဝိဉ္ဉာဏ်မှန်သမျှ ချစ်ခင်မြတ်နိုးလာကြကုန်၏။

အနုပညာသမားများ၊ တေးဂီတထုတ်လုပ်သူများ၊ မင်းသား/မင်းသမီးများ၊ ဒါရိုက်တာများ၊ သရုပ်ဆောင်လုပ်ငန်းများသည်လည်း (တစ်ပတ် လေးကြိမ်) ဆောင်ရွက်လုပ်ကိုင်နေပါက မိမိလုပ်ငန်းများ၊ ထုတ်လုပ်သူများ၊ အရှုံးမရှိ စည်ကားခြင်း၊ တိုးတက်မှုရရှိခြင်း၊ အောင်မြင်မှုရရှိလာခြင်း၊ လူကြိုက်များခြင်း၊ အရောင်းအဝယ်သွက်လက်လာခြင်း၊ အမြတ်အစွန်းများပြားလာခြင်း ရှိလာပါမည်။

မိမိလုပ်ငန်းမှန်သမျှ အောင်မြင်တိုးတက်လာရ၏။ မိမိအိမ်၊ တိုက်၊ တိုက်ခန်းတို့သည် လာဘ်လာဘဝင် အားကောင်းလာခြင်း၊ မိမိ၏အိမ်၊ တိုက်သည် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံလာရ၏။ တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ အောင်မြင်မှုများ၊ တိုးတက်မှုများ ရရှိခံစားလာရပါမည်။

မိသားစုဝင်များ၊ အိမ်ထောင်စုဝင်များသည် ဘေးမရှိ၊ ရန်မရှိ၊ အန္တရာယ် မရှိ၊ ရောဂါမရှိ ပကတိ ပျော်ရွှင်ချမ်းမြေ့သော ဘဝမျိုး ရှိရိလာပေလိမ့်မည်မှာ မလွဲလုပါ။

သူတစ်ပါးတို့၏ အတိုက်အခိုက်များ၊ အနှောင့်အယှက်များ၊ အတိုက်အခံများ နောက်ဆုတ်ကြရကုန်၏။ ပျက်ပြားသွားကြကုန်၏။ ပျောက်ကင်းပပျောက်လာရကုန်၏။

ကြံစည်သမျှ မှန်ကန်လာရ၏။ ပြောဆိုသမျှ ဟုတ်တိုင်းမှန်ကန်လာရ၏။ လုပ်ကိုင်ဆောင်ရွက်သမျှလည်း အောင်မြင်တိုးတက်လာရကုန်၏။

ဘဒ္ဒန္တဝေပုလ္လ


**စာညွှန်း**

ကုဋ္ဌာသယခနသိဒ္ဓိ ငွေလာဘ်ခေါ်ယတြာအစီအရင် (ခွင့်ပြုချက်အမှတ်-၃၂၀၃၄၂၀၇၀၈)



www.burmeseclassic.com

www.burmeseclassic.com



# ရွှေငွေ၊ ရတနာ များဥစ္စာ

## ဒီရေအလားတိုးပွားမှာ

# ကုစ္စာသဃလိုတိုင်းရ ဂါထာပါ

ဂမ္ဘီရဆရာငြိမ်း

ကျွန်ုပ်သည် ပုတီးစိပ်နည်းမျိုးစုံကို ကျွန်ုပ်၏အတွေ့အကြုံအရ သဘောတတူဖြစ်နိုင်မည့်သူများကို သင့်လျော်သလို ဖြန့်ဝေပေးနေခဲ့သည်မှာ ကြာခဲ့လေပြီ။

ထိုသို့ ဖြန့်ဝေပေးနိုင်ခြင်းမှာ ကျွန်ုပ်၌ စုစည်းရရှိထားသောကြောင့်သာ ဖြစ်ပါလေ၏။ နှစ်ပေါင်းများစွာ ကျင်လည်လှုပ်ရှားနေခဲ့ရသော ဘဝအတွေ့အကြုံ၊ ဂန္ဓာရီအတွေ့အကြုံ၊ ဂမ္ဘီရနယ်ပယ် အတွေ့အကြုံများကြောင့် ဆရာပေါင်းစုံ၊ လူပေါင်းစုံနှင့်တွေ့ဆုံကာ အတွေ့အကြုံဖလှယ်ကြရင်း အပြန်အလှန် အပေးအယူမှုကြကာ ပညာစုံကို ရခဲ့ကြသည်။ ထိုပညာစုံထဲတွင် ပုတီးစိပ်နည်းများလည်း ပါသည်။

ကျွန်ုပ်သည် ပုတီးစိပ်နည်းမျိုးစုံကို စုစည်းရရှိထားပြီး အလျဉ်းသင့်သလို ပုတီးစိပ်နည်းများကို စမ်းသပ်ကြည့်ရာ အကျိုးထူးများစွာကို ရရှိခဲ့ပါသည်။

ဤနေရာတွင် လာဘ်လာဘကို မျှော်ကိုးပြီး ပုတီးစိပ်ခြင်း၊ အပအန္တရာယ်အသွယ်သွယ်ကို ကြောက်ရွံ့၍ အကာအကွယ်သဘောမျိုး၊ အဆောင်သဘောမျိုးထားကာ ပုတီးစိပ်ခြင်း၊ ရတနာသုံးပါးကို ကြည်ညိုလွန်း၍ ကိုးကွယ်ဆည်းကပ်၊ အထွတ်အမြတ်သဘောထားကာ ပုတီးစိပ်ခြင်းဟူ၍ အယူအဆအမျိုးမျိုးရှိကြသည်။

ပသို့ဆိုစေကာမူ အဓိကဦးတည်ချက်ကတော့ ရတနာသုံးပါးကို အားထားယုံကြည် ကိုးကွယ်ဆည်းကပ် အထွတ်အမြတ်ထားသည့် အချက်ကိုကား မည်သူမျှ ငြင်းပယ်၍မရပေ။

ဤသည်ပင်လျှင် ဗုဒ္ဓသာသနာ အဓွန့်ရှည်ကြာစေမည့် ပြယုဂ်များပင် မဟုတ်ပါလား။ ဤမျှ နိဒါန်းချီနေရခြင်းမှာ အကြောင်းရှိပါသည်။

ယခု ကျွန်ုပ်ဖော်ပြမည့် ပုတီးစိပ်နည်းသည် ပုတီးပတ်ရေ မည်ရွေ့မည်မျှ စိပ်ရမည်ဟု ဖော်ပြမထားပါ။ သို့သော် ရက်ကာလကိုတော့ သတ်မှတ်ထားပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ရွတ်ဆိုနိုင်သမျှလည်း ရွတ်ဆိုနိုင်ပါသည်။

ပထမဦးစွာ ပုတီးစိပ်ရမည့်ဂါထာကို ဖော်ပြပါမည်။

## ဣစ္ဆာသယ လိုတိုင်းရဂါထာ
## (တစ်နည်းအားဖြင့်)
## ရွှေငွေရတနာများ ဥစ္စာဒီရေအလား တိုးပွားမှာ ရွတ်ဆိုကြပါ သည်ဂါထာ

၁။ သမ္မာသမ္ဗုဒ္ဓ ဉာဏေန၊
သမ္မာသမ္ဗုဒ္ဓ မေ ဇိတော၊
သမ္မာသမ္ဗုဒ္ဓ လောကသ္မိံ
သမ္မာသမ္ဗုဒ္ဓ တေနမော၊
ဗုဒ္ဓေါ ဘဂဝါတိ။

၂။ ဝိဇ္ဇာစရဏ ဉာဏေန၊
ဝိဇ္ဇာစရဏ မေ ဇိတော၊
ဝိဇ္ဇာစရဏ လောကသ္မိံ
ဝိဇ္ဇာစရဏ တေနမော၊
ဗုဒ္ဓေါ ဘဂဝါတိ။

၃။ သုဂတော သုဂတ ဌာနံ၊
သုဂတော သေဋ္ဌမ္ဗိစ၊
သုဂတော ဗုဒ္ဓ စရိယာနံ၊
သုဂတော တေ နမော၊
ဗုဒ္ဓေါ ဘဂဝါတိ။

## မြန်မာပြန်အနက်

၁။ အောင်ခြင်းမင်္ဂလာ အဖြာဖြာတို့နှင့်အတူ အောင်မြင်တော်မူခဲ့သော အလုံးစုံသော တရားတော်မြတ်တို့ကို ကိုယ်တော်တိုင် သိမြင်တော်မူသည့် မဖောက်မပြန် မြတ်ရွှေဉာဏ်ဖြင့် ပြည့်စုံတော်မူထသော မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူလေပြီ။ ထိုသစ္စာလေးပါးတို့၏သခင် ဘုန်းတော်ခြောက်ပါးတို့၏ အရှင်မြတ်ဘုရားအား ဦးတင်ရိုကျိုး ရှိခိုးလိုက်ပါ၏။

၂။ ဝိဇ္ဇာသုံးပါး စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပြီးသည့် ဉာဏ်တော်မြတ်ရှင် ဘုရားရှင်သည် အောင်ခြင်းမင်္ဂလာအဖြာဖြာတို့နှင့်အတူ ဤလောက၌ ပွင့်တော်မူလေပြီ။ ထိုသစ္စာလေးပါးတို့၏သခင် ဘုန်းတော်ခြောက်ပါးတို့၏ အရှင်မြတ်ဘုရားအား ဦးတင်ရိုကျိုး ရှိခိုးလိုက်ပါ၏။

၃။ ကောင်းသော လာခြင်း၊ ကောင်းသောစကားဆိုခြင်းနှင့်အတူ မြင့်မြတ်တော်မူသော ဘုရားရှင်သည် ရှေးဘုရားရှင်တို့ကဲ့သို့ ကျင့်ကြံအားထုတ်တော်မူခဲ့လေသည်။ ထိုသစ္စာလေးပါးတို့၏သခင် ဘုန်းတော်ခြောက်ပါးတို့၏ အရှင်မြတ်ဘုရားအား ဦးတင်ရိုကျိုး ရှိခိုးလိုက်ပါ၏။

အဘယ်မှု ကြည်ညိုစရာကောင်းပါသနည်း။ ရွတ်ဆိုလို့လည်း လွယ်ကူ၊ အနက်အဓိပ္ပါယ်ကလည်း ခက်ခဲမှုမရှိဘဲ မြတ်ဗုဒ္ဓ၏ဂုဏ်တော်ကိုးပါးထဲမှ ဂုဏ်တော်သုံးပါးကို ထုတ်နုတ်အထူးပြု အမွှမ်းတင်ကြည်ညိုထားခြင်း ဖြစ်ပါသည်။

ထိုဂါထာသုံးပုဒ် (တစ်နည်းအားဖြင့်) ဗုဒ္ဓ၏ဂုဏ်တော်မြတ်သုံးပါးကို အစအဆုံးဆိုပြီး ပုတီးတစ်လုံးချပါ။ ၁၀၈ လုံးပြည့်လျှင် ပုတီးတစ်ပတ်ရပါမည်။

## အဓိဋ္ဌာန်ကျင့်စဉ်

မိမိနိုင်သလောက်သာ အဓိဋ္ဌာန်ဝင်ပါ။ ၃ ရက်၊ ၉ ရက်၊ ၂၇ ရက်၊ ၄၅ ရက်၊ ရက် ၉၀ စသည်ဖြင့် အဓိဋ္ဌာန်ဝင်နိုင်ပါသည်။ အဓိဋ္ဌာန်မဝင်မီ၌ ပုတီးပတ်ရေ မည်ရွေ့မည်မျှ စိပ်ရမည်ဟု မသတ်မှတ်ထားသော်လည်း အဓိဋ္ဌာန်ဝင်ပြီဆိုပါက မိမိအနေဖြင့် အဓိဋ္ဌာန်ရက်အတွင်း ပုတီးပတ်ရေ မည်ရွေ့မည်မျှ စိပ်ပါမည်ဟု အဓိဋ္ဌာန်ပြုကာ စိပ်ရပါမည်။

အနည်းဆုံး ၉ ရက် အဓိဋ္ဌာန်ဝင်ကြည့်စေချင်ပါသည်။ ထူးခြားမှုရှိလာပါမည်။ ၄၅ ရက် အဓိဋ္ဌာန်ဝင်လျှင် ပို၍ပို၍ အကျိုးထူးခံစားကြရပါမည်။ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များက ချစ်ခင်စောင့်ရှောက်ကြမည်ဖြစ်ရာ နတ်ဆိုး၊ အစိမ်းသရဲနှင့် မကောင်းသော ပညာစက်ဆိုးတို့၏ နှိပ်စက်ခြင်းမှ ကင်းလွတ်ကာ ဣစ္ဆာသယလိုတိုင်းရဖြစ်လာပေမည်။ ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက် ဖြစ်လာမည်။

အထူးသဖြင့် ဥစ္စာ၊ ရွှေငွေရတနာတို့သည် ဒီရေအလား တိုးပွားလာကာ ဂုဏ်သိန်တိုးတက် ကျက်သရေမင်္ဂလာအဖြာဖြာ ရှိလာပေမည်။ အရောင်းအဝယ်သမားများ သိသိသာသာ ထူးခြားလာပေမည်။

နေစဉ် ဘုရားကျောင်းဆောင်ရှေ့တွင် ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်ကန်တော့ပြီး လိုတိုင်းရဂါထာကို ရွတ်ဆိုပူဇော် ကြည်ညိုကြစေလိုပါသည်။

ဂမ္ဘီရဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# ဣစ္ဆာသယမဟိဒ္ဓိစေဂိုဏ်းတော်ကြီး အဘဆရာဟန်

ဣစ္ဆာသယမဟိဒ္ဓိစေ ဗေဒသုတေသီဆရာမျိုး


**နိဒါန်း**

ဆရာဦးမောင်မောင်မြင့်အေးမှ ဣစ္ဆာသယမဟိဒ္ဓိစေဂိုဏ်းတော်ကြီး၏ ဦးစီးနာယကများဖြစ်ကြသော အဘဆရာပြုံး၊ အဘဆရာအေး၊ အဘဆရာပွင့်တို့၏အကြောင်းကို ဘုန်းရောင်ဂျာနယ်တွင် ဖော်ပြပေးခဲ့ပါ၏။ ထို့နောက် ကျွန်ုပ်အား ခေါ်ယူတွေ့ဆုံပြီးလျှင်–

"ခင်ဗျားက ဣစ္ဆာသယမဟိဒ္ဓိစေ အဖွဲ့ဝင်ဖြစ်သလို၊ စာနယ်ဇင်းအဖွဲ့ဝင်လည်းဖြစ်တဲ့အတွက် ခင်ဗျားတို့ ဂိုဏ်းတော်ကြီးအကြောင်းကို ဆက်လက်ရေးသားစေချင်တယ်။ သည်ပညာရပ်တွေဟာ မြန်မာ့ရိုးရာဂမ္ဘီရပညာရပ်တွေ ဖြစ်တယ်။ ဒါကို ခင်ဗျားတို့၊ ကျွန်တော်တို့က စာနယ်ဇင်းပညာကို အသုံးချပြီး မှတ်တမ်းတင်မထားနိုင်ရင် နောင်အနာဂတ်မှာ တိုးတက်ကြီးပြင်းလာမယ့် ကလေးတွေဟာ သည်ဂိုဏ်းတော်တွေအကြောင်းကို ဘာမှသိကြတော့မှာ မဟုတ်ဘူး။ အဲဒါဆိုရင် ကျွန်တော်တို့ရဲ့ မြန်မာ့ရိုးရာအမွေအနှစ်တွေဟာ တိမ်ကောပျောက်ကွယ်သွားနိုင်တယ်။ ဒါကြောင့်မို့လို့ ခင်ဗျားဟာ စာရေးဆရာအဖွဲ့ဝင်တစ်ဦးအနေနဲ့ သည်အကြောင်းကို ဆက်လက်ရေးသားနိုင်အောင် ကြိုးစားပါ"

ဆရာဦးမောင်မောင်မြင့်အေး၏ တာဝန်ပေးလမ်းညွှန်ချက်အရ ကျွန်ုပ်သည် ကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာဖြစ်သော ဆရာသန်းထံတွင် အကျိုးအကြောင်းတင်ပြ ဆရာဦးမောင်မောင်မြင့်အေး ရေးသားပြုစုထားပြီးသော ဣစ္ဆာသယမဟိဒ္ဓိစေ ဂိုဏ်းတော်ကြီးအကြောင်းပါရှိသည့် ဘုန်းရောင်ဂျာနယ်များကို ပေးအပ်လျှောက်ထားလိုက်ပါသည်။ ထိုအခါ ဆရာသန်းမှ –

"အေးဗျ၊ အရင်တုန်းကတော့ သည်အကြောင်းအရာတွေကို ဂိုဏ်းဝင်မဟုတ်တဲ့လူတွေ လေ့လာလိုက်စားမိရင် လမ်းကြောင်းလွဲမှားမှာစိုးတဲ့အတွက် ခင်ဗျားကို ကျွန်တော် ခွင့်မပြုခဲ့ဘူး။ အခုဟာဆရာကပြောလိုက်တာ ဟုတ်ပါတယ်။ ကျွန်တော်တို့ဂိုဏ်းကြီးနဲ့ပတ်သက်လို့လည်း ကိုမျိုးအနေနဲ့ ထုတ်ဖော်ရေးသားဖို့ အချိန်တန်ပြီလို့ ကျွန်တော်ယူဆတယ်။ အဲဒီတော့ ကိုမျိုးတို့ရဲ့ အယ်ဒီတာဆရာကြီးကလည်း ဘိုးတော်ပြုံး၊ ဘိုးတော်အေး၊ ဘိုးတော်ပွင့်အကြောင်းကို ဖော်ပြပြီးပြီဆိုတော့ ကိုမျိုးက အဘဘိုးတော်






www.burmeseclassic.com

www.burmeseclassic.com

ဟန်အကြောင်းက စတင်ရေးတော့ဗျာ။ လိုအပ်တဲ့ စာအုပ်စာတမ်း အသောက်အထားအချက်အလက်တွေလည်း ကျွန်တော်ပေးလိုက်ပါ့မယ်။ ဒါပေမယ့် တခြားဂိုဏ်းတွေကို တော့ မထိခိုက်မိစေ နဲ့ပေါ့ဗျာ။ နောက်ထပ်အကြောင်းအရာတွေ ဆက်လက်ရေးသားခွင့်ရအောင်လည်း နာယကကြီးဖြစ်တဲ့အ ဘသောင်းကို ကျွန်တော်ဆက်လက်ပြီး ခွင့်ပြုချက်တောင်းခံထားလိုက်ပါ့မယ်''

ဤသို့ဖြင့် ကျွန်ုပ်သည် ဣစ္ဆာ သယမဟိဒ္ဓိစေဂိုဏ်းတော်ကြီး၏ ဦးစီးနာယကကြီးများဖြစ်တော်မူကြကုန်သော အဘဆရာကြီးများအတွင်းမှ စတုတ္ထမြောက်နာယကကြီးဖြစ်တော်မူသော အဘဆရာဟန်၏အကြောင်းအား အောက်ပါအတိုင်း ရေးဖွဲ့တင်ပြအပ်ပါသည်။

## အဘဆရာဟန်အကြောင်း

အဘဆရာဟန်သည် အဘဦးသာဒွန်းဖြူ + အမိဒေါ်ခိုင်တို့မှ ၁၂၅၅ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ သောကြာနေ့တွင် မနုဖြူမြို့၊ နန်းတော်ကုန်းရွာတွင် ဖွားမြင်ခဲ့သော သားကြီးသြရသဖြစ်ပေသည်။ အဘဟန်တွင် ဦးဘိုးစံဟူသော ညီတစ်ဦးသာ ရှိပေသည်။ အဘဟန်သည် အရွယ်ရောက်လာသောအခါ ဒေါ်မယ်ရင်နှင့် အိမ်ရာထူထောင်၍ မော်လမြိုင်ကျွန်းမြို့တွင် ကြောင်တံဆိပ် ဒေါ်မယ်ရင်ဆေးပြင်း လိပ်ခုံလုပ်ငန်းဖြင့် စည်းပွားဖြစ်ထွန်း အောင်မြင်ခဲ့ပေသည်။ မော်လမြိုင်ကျွန်းတွင် အဘဆရာပွင့်၏တပည့်တစ်ဦးဖြစ်သူ ဆရာရွှေဂုန်နှင့်တွေ့ဆုံ၍ ဣစ္ဆာသယမဟိဒ္ဓိစေပညာကို အဆင့် ၃ အထိ တက်ရောက်ခဲ့လေသည်။

အဘဆရာဟန်သည် ဆရာပေးသည့်ပညာကို ရှိသေလေးစားစွာခံယူ၍ ဣစ္ဆာသယမဟိဒ္ဓိစေဂိုဏ်းတော်ကြီး၏ စွမ်းထက်မြက်ပုံများကို ကိုယ်တိုင်သိရှိအောင် ကြိုးစားခဲ့သည်။ အဘ ဆရာဟန်သည် ထိုအချိန်က မော်လမြိုင်ကျွန်းမြို့တွင် ပညာတူ ညီအစ်ကိုဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိသော်လည်း ရဲရဲဝံ့ဝံ့ဖြင့် ပယောဂများကို ကုသနေသည်။ ပယောဂလူနာများအား နေ့ညမရွေး၊ နေရာမရွေး လိုက်လံကုသပေးခြင်းဖြင့် တစ်စထက်တစ်စ ထင်ပေါ်၊ ကျော်ကြားလာခဲ့လေသည်။ ဆရာဖြစ်သူနှင့်လည်း နောက်ထပ်အဆက်အသွယ် တစ်စုံတစ်ရာမရှိတော့ဘဲ အဘဆရာဟန်သည် မိမိတစ်ဦးတည်း အစွမ်းဖြင့် ဣစ္ဆာသယမဟိဒ္ဓိစေဂိုဏ်းတော်ကြီး၏ ပညာဖြင့် ပယောဂကုသမှုများကို တစ်စိုက်မတ်မတ် လုပ်ကိုင်ခဲ့လေသည်။

## အောက်လမ်းနှင့် ပညာပြိုင်ပုံ

တစ်နေ့သ၌ အဘဆရာဟန်သည် လူနာများကို ဆေးကုသပြီး အပြန်တွင် ဇနီးဖြစ်သူဒေါ်မယ်ရင်မှာ စောင်ပုခက်ကြီးပေါ်တွင် မျက်စိများမဖွင့်နိုင်ဘဲ အော်ဟစ်နေသဖြင့် မရိုးသားသောဝေဒနာဖြစ်မည်ဟု ခန့်မှန်းမိသဖြင့် ပယောဂနည်းမျိုးစုံဖြင့် စမ်းသပ်ကြည့်လေသောအခါ အောက်လမ်းဆရာ ပြုစားထားကြောင်း သိရှိရပေသည်။ ထိုအခါ အဘဆရာဟန်သည် –

"ပြုစားထားတဲ့အောက်လမ်း၊ ကိုယ်တိုင်လာစမ်း" ဟူ၍ ခေါ်ယူလိုက်လေသည်။

ထိုအခါ အောက်လမ်းပညာကိုအသုံးချ၍ မယား အယောက် ၂၀ ကို ဆေးခပ်ပြုစား၍ ရယူထားသော အောက်လမ်းဆရာစံမြဆိုသူသည် အဘဆရာဟန်၏အမိန့်ကို မလွန်ဆန်နိုင်သဖြင့် လူကိုယ်တိုင် အိမ်အရောက်လာရလေတော့သည်။ မည်သည့်အတွက်ကြောင့် ဤသို့ပြုလုပ်ထားသည်ကို မေးမြန်းလေသောအခါ အဘဆရာဟန်ဆရာဖြစ်ပညာ တတ်ထားသည်ကိုသိ၍ ပညာစမ်းလိုသောကြောင့် ဇနီးကို ပြုစားထားခြင်းဖြစ်ကြောင်း ပြောလေ၏။ အဘဆရာဟန်သည် ဇနီးဖြစ်သူ၏ ဝေဒနာကို ရေစင်ဖြင့် ကုသပေးပြီးသောအခါ –

"ကဲ . . . မင်းကငါ့ကို ပညာစမ်းတယ်ဆိုတော့ မင်းနဲ့ငါ မညာပြိုင်မယ်၊ မင်းနိုင်ရင် ငါ့စည်းစိမ်ဥစ္စာနှင့် သားမယားကိုပါ မင်းကိုအပ်မယ်၊ ငါနိုင်ရင်လည်း မင်းရဲ့စည်းစိမ်ဥစ္စာနဲ့ တစ်အိမ်လုံးသားမယားတွေကိုပါ ငါ့ကိုအပ်ရမယ်။ မင်းရဲ့အောက်လမ်းပညာကိုလည်း လျှုရမယ်''

ထိုအခါ အောက်လမ်းဆရာစံမြက သဘောတူသဖြင့် ပညာပြိုင်ရန်အတွက် အဘဆရာဟန်၏ အိမ်ရှေ့မျက်စောင်းထိုးတွင်ရှိသော သရက်ပင်ကြီးအောက်တွင် နေရာယူကြလေ၏။ အောက်လမ်းဆရာစံမြသည် သူ့နေရာအတွက် စည်းများချခြင်း၊ မန်းမှုတ်ခြင်း၊ အောက်လမ်းဆိုင်ရာပစ္စည်းများ ယူဆောင်ခြင်းဖြင့်၊ ပညာပြိုင်ရန် ပြင်ဆင်လေသည်။ အဘဆရာဟန်ကမူ ထိုင်ရန် ဖျာတစ်ချပ်နှင့် ရေစင်တစ်ခွက်သာ ယူဆောင်၍ ခေါင်းရင်းဘက်တွင် နေရာယူလိုက်လေ၏။

"ကိုင်း . . . မင်းကအရင် ကြိုက်တဲ့နည်းနဲ့ စပေ

www.burmeseclassic.com

တော့”

ထိုအခါ အောက်လမ်းဆရာစံမြက လက်ညှိုးထိုး၍ စတင်တိုက်ခိုက်လေသောအခါ လက်ညှိုးတည့်တည့်ရှိ သစ်ပင်၊ သစ်ကိုင်းဟူသ၍ အပိုင်းပိုင်းပြတ်ကျအောင် အစွမ်းထက်လှသော်လည်း အဘဆရာဟန်အား တစ်စုံတစ်ရာ ထိခိုက်မှုမရှိပေ။ ထိုအခါ အောက်လမ်းဆရာစံမြသည် အောက်လမ်းမာန်ဝင့်ကာ ဒေါသူပုန်ထပြီး အဘဆရာဟန်၏ ဦးခေါင်းထက်ရှိ သရက်ကိုင်းများကို အံကြိတ်၍ လက်ညှိုးထိုးခြင်း၊ ဖနောင့်ပေါက်ခြင်းစသည်ဖြင့် ဆက်တိုက်ပြုလုပ်ရာတွင် အခြားသော သရက်ကိုင်းများမှာ အရွက်များ တဖွားဖွားကြွေကျခြင်း၊ အကိုင်းကြီးငယ်များ တဖြောင်းဖြောင်းဖြင့် ကျိုးကျခြင်းများ ဖြစ်သော်လည်း၊ အဘဆရာဟန်၏ ဦးခေါင်းထက်မှ သရက်ရွက်နှင့် သရက်ကိုင်းများမှာ လုံးဝလှုပ်ရှားမှု မရှိပေ။ အောက်လမ်းဆရာစံမြသည် နည်းမျိုးစုံဖြင့် တိုက်ခိုက်သော်လည်း အဘဆရာဟန်မှာ ထူးခြားသောအမူအရာ လုံးဝမပြသဖြင့် နောက်ဆုံး၌ လက်လျှော့လိုက်ရလေသည်။

“ကိုင်း . . . မင်းလုပ်စရာ ဘာမှမရှိတော့ဘူးဆိုရင် ငါ့အလှည့်ပေါ့ကွာ။ ဒီမှာကြည့်စမ်း ဟော့ကောင် . . . အဲဒါ ငါးတွေကွ”

အဘဆရာဟန်သည် ပြောပြောဆိုဆိုဖြင့် ရေစင်ခွက်မှ ရေများကို လက်ဖြင့်ယူ၍ အောက်လမ်းဆရာစံမြ ရှိရာသို့ ပစ်ပေါက်လိုက်လေသောအခါ အောက်လမ်းဆရာစံမြမှာ ရေနှင့်ထိသည်နှင့် ဘိုင်းခနဲ ပစ်လဲသွားပြီးလျှင် ပူလောင်လွန်းလှသဖြင့် လူးလိမ့်အော်ဟစ်နေလေ၏။ ဣစ္ဆာသယမဟိဒ္ဓိစေ ဂိုဏ်းပညာသည် မည်သည့်ဆေးဝါးမစွည်း ရှုမလိုဘဲ နှုတ်မှ အမိန့်ပေးစေခိုင်းရုံဖြင့် အာဏာပိုင်သဖြင့် မီးလိုလျှင် မီးဖြစ်စေ၍ ခဲလုံးလိုလျှင် ခဲလုံးဖြစ်စေသည်။

ဤသို့ လူးလိမ့်အော်ဟစ်နေသော အောက်လမ်းဆရာစံမြသည် အရှုံးမပေးသေးဘဲ အံကြိတ်တင်းခံ၍ ခေါင်းမာနေသေးသဖြင့် ကြိုးပိုင်၊ ကြိမ်ပိုင်များကို အမိန့်ပေးစေခိုင်း၍ ကြိုးနှင့် တုပ်ခိုင်းခြင်း၊ ကြိမ်နှင့်ရိုက်ခိုင်းခြင်း ဆင်ပိုင်တို့ ဆင်ဖြင့် နင်းခိုင်းခြင်း အစရှိသည်ဖြင့် အမိန့်ပေးဆုံးမလေသောအခါ အောက်လမ်းဆရာစံမြသည် မခံမရပ်နိုင်တော့ဘဲ အရှုံးပေးရလေသည်။ ထိုအခါ အဘဆရာဟန်သည် အောက်လမ်းဆရာစံမြထံမှ အောက်လမ်းပညာရပ်များကို အလျှူခံ၍လည်းကောင်း၊ ဆေးခပ်ယူထားသော မယားများအားလုံးကိုလည်း ရေစင်တိုက်ကျွေး၍ ကုသပေးလေ၏။ ပြီးလျှင် အောက်လမ်းဆရာစံမြအား ဆုံးမစကားပြောဆို၍ ၎င်းပိုင်ပစ္စည်းများအားလုံးကို ပြန်လည်ပေးအပ်လိုက်ပါသည်။

## စုန်းမနှင့်ပညာပြိုင်ပုံ

အဘဆရာဟန်သည် မော်လမြိုင်ကျွန်းမြို့၊ မြစ်ကမ်းတစ်လျှောက်ရှိ ရွာများ၊ ဈေးဆိုင်များသို့ သမ္ဗန်တစ်စင်းဖြင့် ဆေးပြင်းလိပ်များ တင်ပို့ရောင်းချလေ၏။ ထိုသို့လှည့်လည်၍ ဆေးလိပ်ဖောက်သည်သွင်းနေစဉ် တစ်နေ့တွင် ကုန်စုံဆိုင်တစ်ဆိုင်၌ မိန်းမတစ်ယောက်သည် ဈေးဝယ်နေရာမှ ကြက်သွန်ဥများ၊ အာလူးများ၊ ငရုပ်သီးများကို ဝယ်သည်ကနည်းနည်း၊ အဆစ်နှိုက်ယူသည်က များများဖြင့် မတရားပြုလုပ်နေသည်ကို တွေ့မြင်ရပေ၏။ ဆိုင်ရှင်တရုတ်ကြီးမှာလည်း ထိုအမျိုးသမီးတောင်းသမျှကို သာသာကြည်ကြည်နှင့် ပေးနေလေ၏။ ဈေးဝယ်သူ အမျိုးသမီးပြန်သွားလေသောအခါ ဆိုင်ရှင်တရုတ်ကြီးအား –

“ဘာကြောင့် သူလိုချင်သမျှ နှိုက်ယူနေသည်ကို ကြည့်နေရသလဲ”

ဟု မေးမြန်းလေသောအခါ –

“ထိုမိန်းမမှာ အားလုံးကြောက်ရသော စုန်းပညာတတ်သူဖြစ်ကြောင်း။ သူတောင်းသမျှ မပေးလျှင် ချက်ချင်းအပင်းသွင်းနိုင်ကြောင်း၊ ထိုသို့ အပင်းသွင်းလျှင် ကြက်သွန်ဥကြီးများ၊ အာလူးများအလုံးလိုက် ဗိုက်ထဲသို့ရောက်ပြီး ဒုက္ခဖြစ်ရကြောင်း”ဖြင့် ပြန်လည် ပြောပြလေ၏။

ထိုအခါ အဘဆရာဟန်သည် မည်သည့်ပညာတတ်မြောက်သည်ဖြစ်စေ ကြောက်စရာမလိုကြောင်း ပြန်လည်ပြောဆိုသည်ကို အဆိုပါ စုန်းမအမျိုးသမီးမှ ကြားသွားလေသည်။ ထို့ကြောင့် နောက်တစ်ချိန် အဘဆရာဟန်သည် ထိုလမ်းအတိုင်း ဆေးလိပ်များ ဖြန့်ဖြူးရောင်းချရန် ပြန်လာလေသောအခါတွင် ရေစပ်တံတားမှာ စောင့်ကြို၍နေလေသည်။ အဘဆရာဟန်၏ သမ္ဗန်နီးလာသောအခါ ထိုပညာသည် အမျိုးသမီးက ခရီးဦးကြိုဆို၍ ခေတ္တဝင်ရောက်ပါရန် ဖိတ်မန္တကပြုလေ၏။ အိမ်တွင် နေရာထိုင်ခင်းများ ပေးပြီးသောအခါ “ဆရာတစ်ဦးဖြစ်မှန်းသိ၍



www.burmeseclassic.com

www.burmeseclassic.com

လေးစားသဖြင့် ဖိတ်ခေါ်ရခြင်းဖြစ်ကြောင်း ထမင်းစားချိန် ရောက်နေ၍ ထမင်းသုံးဆောင်သွားပါရန်" ဖိတ်ခေါ်လေ၏။ အဘဆရာဟန်သည် ထိုအမျိုးသမီး၏ ရည်ရွယ်ချက်များကို ရိပ်စားမိသော်လည်း မိမိ၏ပညာကို ယုံကြည်ထားသူတစ်ယောက်ဖြစ်သဖြင့် ထမင်းစားပွဲ၌ အသာဝင်ထိုင်လိုက်ကာ စားပွဲခုံကို လက်နှင့်ထိလိုက်ရုံဖြင့် ပန်းကန်ထဲတွင်ရှိသော ဟင်းလျာများမှာ မူလပြန်ကုန်ပြီးလျှင် လောက်ကောင်များ တဖွားဖွားပေါ်လာလေ၏။

ဤအဖြစ်ကိုမြင်သည်နှင့် အဘဆရာဟန်က "မူလပြန်တဲ့ ဟင်းခွက်များကို ဆိုင်ရာက ချုပ်ထားလိုက်"ဟု အမိန့်ပေးပြီးလျှင် သာမန်ထမင်းဟင်းလျာများကို ရွေးချယ်၍ စားသောက်လေ၏။ ထို့နောက် မသိဟန်ဆောင်၍ ထမင်းအလွန်စားကောင်းကြောင်း ပြောဆိုရယ်မောကာ နှုတ်ဆက်ကာ ပြန်ရန် ပြင်လိုက်လေ၏။ ထိုအခါမှ စုန်းမလည်း ထိတ်လန့်တုန်လှုပ်လာပြီးလျှင် "ဆရာကြီးရယ် ... ကျွန်မ မသိလို့ပြစ်မှားမိတာ တောင်းပန်ပါတယ်၊ ဆရာကြီးချုပ်ထားတာတွေကို ဖြေသွားပေးပါ"ဟူ၍ အသနားခံပြီးလျှင် ထမင်းဟင်းများ၌ မကောင်းသောပညာဖြင့် အပင်များသွင်းထားပြီးဖြစ်သဖြင့် ချုပ်ပြီး တုပ်နှောင်ခံထားရသဖြင့် ဖြေသွားပေးရန် ငိုယိုတောင်းပန်လေတော့သည်။ ထိုအခါကျမှ အဘဆရာဟန်က "နောင်ကို သူတစ်ပါးကို ယခုကဲ့သို့ မပြုလုပ်သင့်ကြောင်း၊ မကောင်းမှုပြုလျှင် ကိုယ်သာခံရတတ်ကြောင်း" ပြောဆိုဆုံးမပြီး ချုပ်နှောင်တုပ်ထားသမျှကို ဖြေပေးလိုက်လေ၏။

## ဘိုးတော်ပွင့်နှင့်တွေ့ဆုံခြင်း

တစ်နေ့သောအခါ အဘဆရာဟန်သည် ဘုန်းကြီးတစ်ပါးကို ပယောဂဝေဒနာ ကုသနေစဉ်အတွင်း အိမ်၌ ဧည့်သည်ရောက်နေကြောင်း လူကြုံဖြင့် အကြောင်းကြားလာသဖြင့် ပယောဂကုသ၍ပြီးပြတ်သောအခါ နေအိမ်သို့ ပြန်လာခဲ့လေ၏။ အိမ်သို့ရောက်လျှင် ဧည့်သည်အဘိုးကြီးအား –

"အဘ ... ကျွန်တော့်ဆီကို ဘယ်အကြောင်းနဲ့ ရောက်လာပါသလဲခင်ဗျာ"

"အဘလာခဲ့တာ တခြားမဟုတ်ပါဘူး၊ ဆရာမောင်ရွှေဂုဏ် ဒီအရပ်မှာရှိတယ်ကြားလို့ လာခဲ့တာပါ။ သူ အခု ဘယ်မှာရှိတယ်ဆိုတာ သိချင်ပါတယ်"

ထိုအခါ အဘဆရာဟန်မှာ မိမိ၏ဆရာ ဦးရွှေဂုဏ်ကို မေးနေသောကြောင့် မည်ကဲ့သို့ ပတ်သက်ကြောင်း မေးမြန်းမိသောအခါ –

"မောင်ရွှေဂုဏ်ဆိုတာ အဘရဲ့ တပည့်ပါပဲ။ အဘကတော့ ဆရာပွင့်လို့ခေါ်တယ်။ သူ့ကို အဘက စုတ်တော်၊ စုတ်ခွက်ကို ခွင့်မပေးဘဲယူသွားပြီး ဒီနယ်ရောက်တယ်လို့ သိရတယ်။'နောက်ပြီး ပညာပါ ပျက်သွားကြောင်းလည်း ကြားရတဲ့အတွက် အဘလိုက်လာခဲ့တာပဲ"

ထိုအခါကျမှ ဆရာဟန်သည် ဘိုးတော်ပွင့်ကို မိမိဆရာ၏ ဆရာဖြစ်ကြောင်း သိခွင့်ရသဖြင့် အလွန်ဝမ်းသာပီတိ ဖြစ်သွားပေ၏။ မိမိအား ပညာစတင်သင်ပေးသူ ဆရာနှင့် မတွေ့ရတော့သော်လည်း ဆရာ၏ ဆရာကြီးကို ကိုယ်တိုင်ဆည်းကပ်ခွင့် ရရှိတော့မည်ဖြစ်၍ အထူးအားတက်သွားလေသည်။ ဆရာဟန်လည်း ဘိုးတော်ပွင့်အား မှန်ကန်သောပညာများ၊ ဆေးများကို ဆက်လက်သင်ကြားချီးမြှင့်ပေးပါမည့်အကြောင်း လျှောက်ထားတောင်းပန်လေရာ ဘိုးတော်ပွင့်မှ ဣစ္ဆာသယမဟိဒ္ဓိစေဂိုဏ်းတော်ကြီး၏ ပညာကို အစမှအဆုံး ကိုးဆင့်တိုင်အောင် သင်ကြားထိုးနှံ့ပေးလေသည်။

အဘဆရာဟန်သည် ပညာကို အလွန်လေးစားတန်ဖိုးထားသောကြောင့် ဘိုးတော်ပွင့်ထံမှ လက်တွေ့ကုထုံးများ၊ ဆရာသွန်သင်ပြသော ဗဟုသုတများကို လေ့လာလိုက်စားလို၍ ဘိုးတော်ပွင့်နေထိုင်ရာ တွံတေး မဆယ်ဆိပ်ရွာသို့ လိုက်ပါသွားပြီးလျှင် ဆရာ၏ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်ကို သုံးနှစ်သုံးမိုးတိုင်အောင် လုပ်ကျွေးပြုစုပေး၏။ ထို့ကြောင့်လည်း အဘဆရာဟန်သည် ဆရာ၏ အယုံကြည်ဆုံး တပည့်ဖြစ်ပြီးလျှင် ဘိုးတော်ပွင့် ထွက်တော်မူသည့်အချိန်မှစ၍ ဣစ္ဆာသယ မဟိဒ္ဓိစေဂိုဏ်းတော်ကြီးကို ဘိုးတော်ပွင့်ကိုယ်စား အုပ်ချုပ်ထိန်းသိမ်းခွင့်ရ ခဲ့လေတော့သတည်း။

ဣစ္ဆာသယမဟိဒ္ဓိစေ

ဗေဒသုတေသီဆရာမျိုး


၀၉ ၃၊၂၁၊၂၉၀၆



www.burmeseclassic.com

# သစ္စာဝါဒီ ဘိုးဘိုးကြီး

### ဟိန်းထက်ချာန်



သစ္စာဝါဒီ
ဂိုဏ်းတော်ချုပ်
ဘိုးဘိုးကြီး

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်း[illegible]တွင် ကလေးတောရကျောင်းဟူ၍ [illegible] နာဂလိုဏ်ဂူဘုန်းတော်ကြီးသင် [illegible]ကျောင်းဟု လူသိများသောကြောင့် [illegible]ရင်သားပေါင်းစုံရှိ၏။ ယခုတိုင် ထိုကျောင်းဝင်းအတွင်းရှိသော အုတ်ဂူတစ်ခုမှာ သက်တော် ၂၀၂ နှစ် ပျံလွန်တော်မူသော ရသေ့ကြီးဝိဇ္ဇာသစ္စာဝါဒီ၏ ဂူရှိလေသည်။ အလွန်ထူးဆန်းသော သစ္စာဝါဒီရသေ့ကြီးသည် ဘုန်းလည်းကြီး၏၊ သက်တော်လည်းရှည်၏။ ထို့ကြောင့်ပင်လျှင် သစ္စာဝါဒီရသေ့ကြီးအကြောင်းကို ကြည်ညိုဖွယ်ရာ တွေ့ရှိရပါသည်။ ထိုရသေ့ကြီးနှင့် စပ်လျဉ်း၍ အခြားအခြားသော ပုဂ္ဂိုလ်တို့လည်း ဆက်စပ်ပါဝင်လေသည်။

အဖေကြီးဦးအောင်ချမ်းသာ သိဒ္ဓိစခန်းသို့ မြန်းမထွက်မီအချိန်အတွင်းမှာပင် နာဂလိုဏ်ဂူကျောင်းတော်သို့ သစ္စာဝါဒီ ဂိုဏ်းတော်ချုပ်ရသေ့ဘိုးဘိုးကြီးသည် နောက်ပါတပည့်များနှင့်တကွ ၁၃၁၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့ (ခရစ်သက္ကရာဇ် ၁၉၅၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်) တနင်္လာနေ့တွင် ကြွရောက်လာခဲ့ပေသည်။

### ဘိုးဘိုးကြီးဇာတိမြေ

ဘိုးဘိုးကြီး၏ ဇာတိမြေသည် ပဲခူးခရိုင်၊ မင်းရွာဇာတိ ဖြစ်သည်။ မွေးချင်းငါးယောက်မှာ ဦးဘိုးဇံ၊ ဦးဘိုးမှန်၊ ဦးဘိုးရန်၊ ဦးဘိုးဟန်နှင့် ဘိုးသစ္စာ(ခေါ်)ဂူ၍ ဖြစ်လေရာ ဘိုးသစ္စာမှာ ဘိုးဘိုးကြီး၏ ငယ်မည်ဖြစ်လေသည်။ နှမဝမ်းကွဲတစ်ယောက်လည်းရှိလေရာ ထိုနှမတော်သူမှာလည်း အကျင့်စရဏကောင်းသူတစ်ဦးဖြစ်ခဲ့ပေရာ ၎င်း၏ဂူကို နတ်မောက်မြို့တွင် ပြုလုပ်ထားကြောင်းသိ

www.burmeseclassic.com

ရသည်။ ဘိုးဘိုးကြီး၏ မွေးခုနှစ်မှာ ၁၁၁၆ ခုနှစ် (ခရစ်သက္ကရာဇ် ၁၇၅၄ ခုနှစ်)ဖြစ်ပြီး ထွက်ရပ်လမ်းမြန်းချိန်မှာ ၁၃၁၀ ခုနှစ် (ခရစ်သက္ကရာဇ် ၁၉၄၆ ခုနှစ်)ဖြစ်ရာ သက်တော် ၂၀၂ နှစ် ရှည်လေ၏။ ဘိုးဘိုးကြီးသည် မင်းရွာမှာနေစဉ် ငယ်စဉ်ကတည်းက သက်သတ်လွတ်စားခြင်း၊ ဖရုသဝါစာ စကားမပြောခြင်း၊ မှန်သောအကျင့်၊ မှန်သောစကားကိုသာ ဆိုပြီး အကျင့်သီလကို လုံခြုံအောင် စောင့်ရှောက်နိုင်သူ ဖြစ်လေသည်။ ငယ်စဉ်ကတည်းက ဝတ်ကြောင်ကိုစွန့်ပြီး ယောဂီဖြင့် ရသေ့ဘဝဖြင့်သာ နေခဲ့လေသည်။

## အင်္ဂလိပ်အစိုးရက နည်းအမျိုးမျိုးဖြင့် သတ်သော်လည်း

သစ္စာဝါဒီရသေ့ကြီးသည် သစ္စာဝါဒီ သစ္စာရှိသော စကား၊ သစ္စာရှိသော လမ်းစဉ်ကိုသာ ကျင့်သုံးသူဟု လူသိများခဲ့ပြီး သစ္စာဝါဒီဘိုးဘိုးကြီးဟု ခေါ်ခဲ့ခြင်းဖြစ်ပေ၏။ ဘိုးဘိုးကြီးသည် မင်းရွာမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့ ကံချောင်းသစ်ရွာသို့ ရွှေ့ပြောင်းကာ တရားအားထုတ်လေသည်။ အနီးဝန်းကျင် မြို့ရွာများမှ တပည့်ဒါယကာများက ကြည်ညိုမှုဖြင့် အများအပြား အဝင်အထွက်ရှိသည်ကို နယ်ချဲ့အင်္ဂလိပ်အစိုးရက ၎င်းတို့ကို ခုခံတော်လှန်သူများအဖြစ် မသင်္ကာဖြစ်ကာ လက်မခံခဲ့ပေ။ ထို့ကြောင့် အကြောင်းမရှိ အကြောင်းရှာကာ ဖမ်းဆီးခဲ့သည်။ ထိုမျှမက သေး၊ နယ်ချဲ့အစိုးရကို တော်လှန်ပုန်ကန်ရန် ကြိုးပမ်းနေသည်ဟုဆိုကာ သေဒဏ်ပေးခဲ့သည်။ ဘိုးဘိုးကြီးသည် နယ်ချဲ့တို့၏ နည်းအမျိုးမျိုးဖြင့် သတ်သော်လည်း မသေဘဲ လွတ်မြောက်သွားခဲ့လေသည်။ ထို့နောက် ဘိုးဘိုးကြီးသည် ကံချောင်းသစ်ရွာမှ ပဲခူးတိုင်းဒေသကြီးအတွင်း၌ရှိသော ဟသ်ာဝဲတောင်သို့သွားရောက်ကာ ဂူအောင်း၍ တရားအားထုတ်ခဲ့သည်။ ထိုတောင်တွင် စေတီတစ်ဆူကိုလည်း တည်ထားခဲ့သည်။ ထိုနေရာတွင် ကျင့်ကြံအားထုတ်ရင်း သစ္စာဝါဒီဂိုဏ်းချုပ်ဘိုးဘိုးကြီးအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

## နာဂလိုဏ်ဂူကုန်းမြေသို့ သာသနာပြုရှန် ဘိုးဘိုးကြီးရောက်ရှိ

သစ္စာဝါဒီဂိုဏ်းချုပ် ဘိုးဘိုးကြီး နာဂလိုဏ်ဂူကုန်းမြေသို့ မရောက်မီ နာဂလိုဏ်ဂူ ဘုရားကုန်းမြေအကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။ ရန်ကုန်မြို့တည် ရာဇဝင်နှင့် ရွှေတိဂုံစေတီတော်သမိုင်းများတွင် ရွှေတိဂုံဘုရားတည်ရှိရာ သိင်္ဂုတ္တရကုန်းတော်ကို ခြံရံလျက် အရပ်လေးမျက်နှာ၌ မြို့လေးမြို့ရှိခဲ့ကြောင်း၊ သိင်္ဂုတ္တရကုန်းတော်၏ မြောက်ဘက်၌ ဥက္ကလာပမြို့တော်ရှိခဲ့ကြောင်း ရှေးဥက္ကလာပမြို့ဟောင်း၏ နေရာတစ်ခုသဖွယ် ဖြစ်ဟန်ရှိသောနေရာတစ်ခုကို ၁၉၃၀ ခုနှစ်ခန့်တွင် တူးဖော်တွေ့ရှိခဲ့သည်။ ထိုနေရာသည် ယခု နာဂလိုဏ်ဂူ သီရိမင်္ဂလာအောင်ချမ်းသာစေတီတော် တည်ရှိရာကုန်းတော်ပင် ဖြစ်သည်။

ဤနာဂလိုဏ်ဂူ ဘုရားကုန်းမြေသည် ၁၉၄၇ ခုနှစ် မတိုင်မီက တောရိုင်းကုန်းမြေဖြစ်၍ လူသူအရောက်အပေါက်နည်းပါးပြီး သားရဲတိရစ္ဆာန်တို့ ခိုအောင်းရာ ဌာနဖြစ်ခဲ့သည်။ အထူးသဖြင့် မြွေကြီးများရှိကြောင်း၊ ထိုကုန်းတော် အနီးတစ်ဝိုက် တံတားလေးကျေးရွာမှ ရှေ့မီနောက်မီ အသက်ကြီးသူတို့က ပြောကြသည်။ နာဂလိုဏ်ဂူစေတီတော်ကို ဖော်ထုတ်ပေးမည့် ပုဂ္ဂိုလ်တစ်ဦး ပေါ်ထွန်းခဲ့သည်။ ထိုပုဂ္ဂိုလ်သည်ကား နာဂလိုဏ်ဂူကုန်းတော်နှင့် မနီးမဝေးရှိ မြန်မာအဆွေသူဌေးကြီး ဦးဘညွန့်၏ ကိုးမိုင်အေဝမ်းခြံတွင်း၌ တရားဘာဝနာပွားများနေထိုင်သော သိဒ္ဓိပေါက်ပုဂ္ဂိုလ်ကြီး ဦးအောင်ချမ်းသာပင်ဖြစ်သည်။

ဦးအောင်ချမ်းသာသည် နာဂလိုဏ်ဂူကုန်းသို့ လှမ်း၍ကြည့်ရှုရာ ထိုတောတစ်ဝိုက်ဆီ၏ အထက်တွင် အလင်းရောင်ကွန့်မြူးသကဲ့သို့ ခုနစ်ရက်တိုင်တိုင် ထူးခြားသောအဖြစ်ကို တွေ့ရှိရလေသည်။ ဤအကြောင်းကို ဦးအောင်ချမ်းသာက မြန်မာအဆွေသူဌေးကြီးအား ပြောပြသောကြောင့် သူဌေးကြီးက လူသူစုဝေး၍ တောရှင်းကြရာ သစ်ပင်ချုံနွယ်များကြားမှ ဘုရားပျက်ကြီးကို တွေ့ရသည်။ ထိုဘုရားပျက်ကြီးအတွင်းမှ အုတ်ခွက်ဘုရားများ၊ ကြေးဝါကလပ်ကြီးများ၊ ကြေးဝါမှန်ကြီးများ၊ ရွှေပြားကွပ် ငွေလက်စွပ်သုံးကွင်း၊ ကြေးဝါဖလားကြီးတစ်လုံး၊ ကြေးဝါလင်ပန်းကြီးနှင့် လူသုံးပစ္စည်းများ၊ ဂဝံကျောက်မြေနှင့်ပြုလုပ်ထားသော ရုပ်ပွားဆင်းတုတော်များ စသည့် ရှေးဟောင်းပစ္စည်းများကို တွေ့ရသည်။

ထိုအခါက တူးဖော်ရရှိသော ပစ္စည်းများကို ဒေသလာ



www.burmeseclassic.com

www.burmeseclassic.com

ကြသူများမှာ ကျောက်စာဝန်ပောင်း၊ ပါမောက္ခများ၊ ပဲခူးတိုင်းမင်းကြီး၊ အင်ဂျင်နီယာများနှင့် အခြားပညာရှင်များ ပါဝင်ကြပါသည်။ မြန်မာအခွေသူဌေးကြီး ဦးဘညွန့်ရှိသော အုတ်ခွက်တစ်ခုမှာ ပုဂံခေတ်အုတ်ခွက်ရုပ်ပွားနှင့် ခပ်ဆင်ဆင်တူပြီး ပါဠိဘာသာဖြင့် ရေးသားထားသော စာတန်းတစ်ခုပါရှိသည်။ ဤစာတန်းကို မြန်မာပြန်ကြရာ "သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စိမ့်သောငှာ ဤဗုဒ္ဓရုပ်ပွားဆင်းတုတော်အား နာဂလိုဏ်ဂူအတွင်းဝယ် ထည့်သွင်းရန်ရည်စူး၍ ပြုလုပ်ခဲ့ပါသည်။ "ထေရိဘိတာ" ဟု အဆုံးသတ်၌ပင် ကောင်းမှုရှင်မထေရ်၏ လက်မှတ်ကို ဖော်ပြထားပါသည်။ ဤအုတ်ခွက်စာဘန်းကို ထောက်ထားပြီး ဤကုန်းမြေစေတီနေရာသည် ရှေးက နာဂလေကာခေါ် နာဂလိုဏ်ဂူဖြစ်လိမ့်မည်ဟု တွေးဆချက် ထိုအခါ၊စ၍ နာဂလိုဏ်ဂူဟု ခေါ်ဝေါ်ကြလေသည်။

## ဦးအောင်ချမ်းသာနှင့် မြန်မာအခွေ သူဌေးကြီးတို့ နာဂလိုဏ်ဂူဘုရားကို ပြုပြင်ရန် ကြိုးပမ်းသော်လည်း

ဦးအောင်ချမ်းသာနှင့် မြန်မာအခွေသူဌေးကြီး ဦးဘညွန့်တို့က ဤနာဂလိုဏ်ဂူဘုရားကို ပြန်လည်ပြုပြင်ရန် အားထုတ်ကြိုးပမ်းသော်လည်း ဒုတိယကမ္ဘာစစ်မီးနှင့် တွေ့ကြုံရသဖြင့် အထမမြောက်ခဲ့ပေ။ သို့သော် ဦးအောင်ချမ်းသာက "ဒီဘုရားဟာ တို့တည်ဖို့မဟုတ်ဘူး။ အရှေ့မြောက်အရပ်က မဇ္ဈိမဒေသအဆက်ရှိတဲ့ ဘုန်းကြီးကြွလာလိမ့်မယ်။ သူတည်မှသာလျှင် သည်ဘုရားပြီးလိမ့်မယ်၊ ဘုရားတည်ပြီးလျှင် ဘုရားထီးရိပ်မှာ မြို့ကြီးဖြစ်ဦးမယ်" ဟူ၍ တပည့်တို့အား ပြောကြားခဲ့သည်။ ဦးအောင်ချမ်းသာသိဒ္ဓိစခန်းသို့ မြန်းမထွက်မီ ဤကုန်းမြေသို့ ပဲခူးမြို့မင်းရွာဇာတိ သစ္စာဝါဒီရသေ့ကြီးကို မြန်မာအခွေမိသားစု၏ ပင့်ဖိတ်ချက်အရ ဘိုးဘိုးကြီးသည် ဂူအောင်းတရားအားထုတ်ပြီးနောက် ကိစ္စပြီးမြောက်သောအခါ -

တပည့်များနှင့်အတူ ၁၃၁၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့ နာဂလိုဏ်ဂူကုန်းမြေပေါ်သို့ သာသနာပြုရန်အတွက် ရောက်လာခဲ့ခြင်းဖြစ်ပါသည်။ သစ္စာဝါဒီဘိုးဘိုးကြီးသည် သစ္စာတရားကို မြဲမြံသူတစ်ဦးဖြစ်ရုံမျှမက ခွေး၊ ကြောင်၊ ကြက်၊ ငှက်စသော သတ္တဝါလေးများအား အလွန်သနားကြင်နာစိတ်ရှိသူဖြစ်သောကြောင့် အစာကျွေးခြင်းဒါနကို အမြဲတစေ ပြုလုပ်ဆောင်ရွက်သူဖြစ်ပေ၏။ ထို့ပြင် မိမိတတ်ကျွမ်းသော ပညာများဖြင့် ဒုက္ခသည်များ၊ ဝေဒနာသည်များတို့ကို ဆေးဝါးများဖြင့် ကုသပေးပါသည်။

အဖေကြီး ဦးအောင်ချမ်းသာ ထွက်ရပ်လမ်းကြွမြန်းခဲ့ပြီးနောက်တွင် သစ္စာဝါဒီဘိုးဘိုးကြီးမှာ ဆိုင်ရာဂိုဏ်းထောက်တာဝန်များအပြင် သာသနာပြုလုပ်ငန်းများကိုပါ ဆက်လက်ဆောင်ရွက်ခဲ့လေသည်။ ထိုအထဲတွင် နာဂလိုဏ်ဂူစေတီတော် အနောက်ဘက်နေရာ၌ မဟာမြတ်မုနိ ကြေးသွန်းရုပ်ပွားတော်ကြီးတစ်ဆူကို တည်ထားကိုးကွယ်ခဲ့သေးသည်။ ထို့ပြင် နာဂလိုဏ်ဂူဘုရားကို ပြုပြင်ရန် အုတ်ချပ်ရေ သုံးသိန်းကျော်ကို စုဆောင်းထားရှိပေးခဲ့သည်။ သစ္စာဝါဒီဘိုးဘိုး လက်ထက်သို့ရောက်သောအခါလည်း "ဘုရားပြုပြင်မည့် ပုဂ္ဂိုလ်ကား ငါမဟုတ်သေး။ အချိန်တန်ဓိတာ့ ရောက်လာလိမ့်မည်" ဟု မိန့်သည်။

## ကလေးဝဆရာတော် နာဂလိုဏ်ဂူကုန်းမြေရောက်ရှိ

သစ္စာဝါဒီရသေ့ကြီး ရှိစဉ်မှာပင် အဘိုးကလေးဝဆရာတော်သည် ထိုကုန်းမြေသို့ ကြွရောက်လာသည်။ အဘိုးဆရာတော်သည် အိန္ဒိယပြည်မှ မြန်မာပြည်သို့ ပြန်လည်ကြွရောက်ပြီးနောက် ကျန်းမာရေးမပြည့်စုံသဖြင့် ၂၉ လမ်းရှိ မရဝါရီဘာဘူကြီးတိုက်၌ ခေတ္တနေစဉ် သင့်တော်မည့်ဆိတ်ငြိမ်ရာအရပ်ကို ရှာဖွေရင်း နာဂလိုဏ်ဂူကုန်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ အဘိုးကလေးဝဆရာတော်နှင့်အတူတူဖြစ်သူတိုက်အုပ်ဆရာတော် ဦးပဏ္ဍိတလည်း ပါရှိခဲ့လေသည်။ အဘိုးဆရာတော်က ရသေ့ကြီးထံသွား၍တွေ့ရာ ရသေ့ကြီးက -

"အရှင်ဘုရားများ ဘယ်အရပ်က ကြွလာပါသလဲ" ဟုမေးရာ "ကျုပ်တို့က ကလေးဝက ကြွလာတာ" ဟုပြောရာ ရသေ့ကြီးသည် များစွာဝမ်းသာအားရဖြစ်ကာ "ဟာ . . နိမိတ်သိပ်ကောင်းတယ်။ ဦးပဥ္စင်းတို့ကြွမလာခင်က တပည့်တော်တို့ကျောင်းပေါ် တောကျိုးတစ်ကောင် "ကဝ ကဝ" အော်မြည်ပြီး နံနက်အရုဏ်တက်ချိန် အရှေ့အရပ်ကို ပျံသွားခဲ့တယ်။ ဒါနိမိတ်အမှန်ပဲ။ အရှင်ဘုရားများ ဤနေရာတွင် သီတင်းသုံးကြပေတော့" ဟုဆို၍ လိုလိုလားလား ခွင့်ပြုသေ



www.burmeseclassic.com

www.burmeseclassic.com




# ကုက္ကုဋဘသယ မန္တာန်တော်ကြီး

ဩဗြင်း နမောဗုဒ္ဓါယ ဤကတိပိသောဘဂဝါ၊

ပုဗ္ဗေနိဝါသာ နုဿတိ ဉာဏံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊

ဒိဗ္ဗစက္ခု ဉာဏံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊

အာသဝက္ခယ ဉာဏံ သံဃံ သရဏံ ဂစ္ဆာမိ။

အနုတ္တရော ပုရိသ ဒမ္မသာရထိ၊

သဗ္ဗညုတ်ံ စက္ခုဝိဉာဏာဉ္စ။

သတ္ထာဒေဝမနုဿာနံ ပူရေန္တောပိ ဗုဒ္ဓေါ ဘဂဝါတိ။

အထက်ပါဂါထာသည် ရေစကြိုမြို့မှ သူဌေးကြီး ဦးချင်း ရွတ်ဆိုခဲ့သော ဂါထာဖြစ်ပါသည်။

ဤဂါထာကို ရွတ်ဆိုပါက နတ်လူအများ ချစ်ခင်ကြ၍ ချမ်းသာသုခ ရကြသည်။

www.burmeseclassic.com

တော့သည်။

ထိုအချိန်မှစ၍ အဘိုးဆရာတော်သည် ထိုနေရာတွင် ယာယီတဲကျောင်းလေးဆောက်ပြီး သီတင်းသုံးခဲ့သည်။ ကလေးဝဆရာတော် နာဂလိုဏ်ဂူကုန်းမြေသို့ စတင်ရောက်လာသည့်ခုနှစ်မှာ ၁၃၁၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ စနေနေ့ ဖြစ်ပါသည်။ ထိုအချိန်မှာ ဆရာတော်ကြီး၏သက်တော် ၆၀၊ ဝါတော် ၄၀ ဖြစ်ပြီး သစ္စာဝါဒီဘိုးဘိုးကြီး၏ သက်တော်က ၂၀၁ နှစ်ရှိနေပြီဖြစ်သည်။ တစ်နေ့သောအခါ ဘိုးဘိုးကြီးက ကလေးဝဆရာတော်အား ဤသို့လျှောက်ထား၏။

"ကိုယ်တော် ဒီဘုရားတည်ရလိမ့်မယ်။ တည်ဖို့ဆောင်ရွက်ပါဘုရား"

"ကျုပ်ဘုရား မတည်နိုင်သေးဘူး"

ကလေးဝဆရာတော်က ဤသို့ ငြင်းဆန်ခဲ့လေသည်။

"ဒီဘုရားဟာ ကိုယ်တော်တည်ရမယ့်ဘုရားဖြစ်လို့ တည်ကိုတည်ရပါလိမ့်မယ်ဘုရား"

ဤသို့ အကြိမ်ကြိမ် လျှောက်ထားသည့်အပြင် အဝေးမိသားစုများကပါ နာဂလိုဏ်ဂူစေတီတော်ကြီးကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူပါရန် ပန်ကြားလျှောက်ထားသောကြောင့် ဆရာတော်သည် ဘုရားတည်ရာတွင် အောင်မြင်မှုရရှိရန်အတွက် အဓိဋ္ဌာန်ပြု၍ မြယာပင်အောက် ယာယီတဲကျောင်းကလေးတွင် ကမ္မဋ္ဌာန်းရှုမှတ်နေစဉ် အမျိုးသမီးခုနစ်ဖော် ဆရာတော်ဆီသို့ ရောက်လာကြသည်။ ဤကုန်းတွင် မည်သည့်လူမျှမရှိသဖြင့် ဆရာတော်စိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။

"အရှင်ဘုရား‥ဘုရားတည်လျှင် မနက်ဖြန် တပည့်တော်မတို့၏အဘိုး လာပေးမည့် အချောင်းကလေးများဖြင့် ပန္နက်ရိုက်ပေးပါဘုရား" ဟု လျှောက်ထားကြသည်။ နောက်နေ့နံနက်တွင် အဘိုးကြီးတစ်ယောက်ရောက်လာပြီး ၎င်း၏မြေးများက ဘုရားပန္နက်ရိုက်ရန်ပစ္စည်းများ ပေးခိုင်းလိုက်ကြောင်း။ ထိုပစ္စည်းများဖြင့် ပန္နက်ရိုက်ပြီးသောအခါ အမျှဝေပေးပါရန်လည်း လျှောက်ထားသွားလေသည်။ ရွှံ့များပေကျံနေသော ပစ္စည်းများကို ဆရာတော်ကြီးက ဆေးကြောကြည့်သောအခါ ဖဲထီးသံချောင်းအရွယ် အရှည်တစ်မိုက်ခန့်မျှရှိသော ရွှေချောင်း ၃၂ ချောင်းနှင့် ငွေချောင်း ၃၂ ချောင်း ရွှေအလေးချိန် ၁၃ ကျပ် ၃ မူးသားရှိသည်ကို တွေ့ရသည်။

## ထူးဆန်းသည့် နိမိတ်ဆန်း

တစ်နေ့သော် ဆရာတော်သီတင်းသုံးရာ ကျောင်းကလေးရှိ သောက်ရေအိုးတစ်အိုးမှာ ရေများအလိုလိုလျှံကျသော နိမိတ်ဆန်းကို ထင်ရှားစွာပြလေသည်။ ထိုသတင်းကအင်အားဖြည့်လှူဒါန်းသူများမှတစ်ဆင့် တစ်စတစ်စ ပျံ့နှံ့သွားလေရာ လူအများ လာရောက်ကြည့်ရှုကြပြီး ရေကို အန္တရာယ်ကင်းရေအဖြစ် ယူဆောင်ကြလေ၏။ ထိုသို့ နိမိတ်ဆန်းဖြစ်လာသောအခါ သစ္စာဝါဒီဘိုးဘိုးက ရေလျှံတဲ့နှစ်ဟာ (ကြာ) နှစ်ရောက်လို့ပါဘုရား။ ဒါကြောင့် ဘုရားရဲ့အရှေ့ဘက်မှာ ဘုရားကျောင်းဆောက်လုပ်ပါဟု လျှောက်ထားလေသည်။

## သစ္စာဝါဒီဘိုးဘိုးကြီး ထွက်ရပ်လမ်းသို့ မြန်းတော်မူ

ဘိုးဘိုးကြီးသည် ကလေးဝဆရာတော်ကြီးနှင့် နာဂလိုဏ်ဂူဘုရားတည်ရန်အတွက် ကိုးလကျော်မျှ ဝိုင်းဝန်းကူညီဆောင်ရွက်တော်မူရင်း ၁၃၁၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက်(ခရစ်သက္ကရာဇ်၊ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်) နေ့တွင် ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူသွားလေတော့သည်။

ကလေးဝ အဘိုးဆရာတော်သည် နာဂလိုဏ်ဂူစေတီတော်ကြီးကို ဆက်လက်တည်ခဲ့ရာ ၁၃၁၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ စနေနေ့ ည ၁၁ နာရီ ၄၅ မိနစ်အချိန်တွင် အောင်မြင်စွာ ပန္နက်တင်ပြီး သုံးလအတွင်း အပြီးတည်ခဲ့လေသည်။

ဤကား နာဂလိုဏ်ဂူစေတီတော် တည်ပေးခဲ့သော အဘိုးကလေးဝဆရာတော်ကြီးနှင့် သစ္စာဝါဒီဘိုးဘိုးကြီးတို့၏ ဆက်နွယ်မှုများဖြစ်ကြပေ၏။

ဟိန်းထက်ချမ်း

<u>ကိုးကား</u>

(၁) မောင်ပန်းမွှေး၏ ဝိဇ္ဇာပေါင်းချုပ် ပထမတွဲ၊

(၂) ဥက္ကါမင်း(မဏ္ဍိုင်)၏ ဗားမဲ့ဆရာတော်နှင့် ကလေးဝ အဘိုးဆရာတော်။

www.burmeseclassic.com

# မန္တလေးမြို့ မဟာအောင်သိဒ္ဓိရုပ်ရှင်တော်
# မြတ်စွာဘုရားကြီး

■ ဦးသန့်ဇင်(B.A)



သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီး

သတ္တမမြောက် ကျော်အောင်စံထား သက်တော်ရှည် ဆရာတော်ကြီး ဦးဝါယာမာဘိဝံသသည် အမရပူရမြို့ ကျော်အောင်စံထားကျောင်းတိုက်တွင် မဟာအောင်သိဒ္ဓိရုပ်ရှင်တော် မြတ်စွာဘုရားရုပ်ပွားတော် တည်ထားသည့်နေရာ ရွေးချယ်ရခြင်းအကြောင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြရပါသည်။

ကျော်အောင်စံထားဟူသည် အမည်စာလုံးကို ကောက်ထိုက်သော် အစ တနင်္လာ ၂၊ အဆုံး စနေ ၇ ထို နှစ်လုံးပေါင်းလိုက်တော့ နဝင်းဓာတ် ၉ ဖြစ်တယ်။ တစ်ဖန် ဂြိုဟ်သက်ပေါင်းပြန်လျှင် တနင်္လာ ၁၅၊ ၁ နေ့ = ၆၊ အင်္ဂါ = ၈၊ စနေ = ၁၀ အားလုံးပေါင်းလိုက်လျှင် ၄၆ ရပါတယ်။ တရားအလိုအားဖြင့် ၄ နှင့် ၆ ဆိုတော့ ၄ က သစ္စာလေးပါး၊ ၆ က ရောင်ခြည်တော်ခြောက်ပါး။ သို့ဖြစ်၍ ၃၁ ဘုံတွင် အမြတ်ဆုံးသော တရားသစ္စာလေးပါး ဖြစ်ပါတယ်။

ထိုသစ္စာလေးပါး အမြတ်တရားကိုရခြင်းကြောင့် ဗုဒ္ဓဟူသော နာမတော်ရပြီး အလင်းရောင်တို့တွင် အမြတ်ဆုံးဖြစ်သော ရောင်ခြည်တော်ခြောက်ပါးကို အမြဲမပြတ်ရတော်မူပြီး လောကဓာတ် စကြဝဠာကြီးအတွင်း၌ ယခုတိုင် ထွန်းတောက်ပလျက်ရှိပါသေးတယ်။ အဲဒါကြောင့် မြတ်သော အမည်နာမရှိသော နေရာဖြစ်ပါတယ်။ ဓာတ်ဘက်က ကောက်မည်ဆိုလျှင်လည်း ၄ + ၆ ဖြစ်၍ ၁၀ ဖြစ်ပါတယ်။ သို့အတွက် ကာယ် ဆယ်ရမည့် ဓာတ်ဘုရားဆိုတာ မပြောဘဲနှင့် သိလာပါတယ်။ ထို့ပြင် ၁၀ သည် တစ်၊ သုညဖြစ်၍ တစ်က "အံ"ရပါတယ်။ သုညက "တော"ဖြစ်ပါတယ်။ နှစ်ခုပေါင်းတော့ "အန္တော"မီး ဓာတ်ရပါတယ်။ ထိုနည်းလည်းကောင်း ၁၀ ဖြစ်ပေါ်လာသော ၄ နှင့် ၆ တို့သည် ဝံသေဓာတ်ဖြစ်၍ ရေဓာတ်ဖြစ်ပါတယ်။

ထိုရေဓာတ်ရသော ၄ ဂဏန်း နှင့် ၆ ဂဏန်းတို့သည် ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ်တို့၏ နေ့နံဂဏန်းများ ဖြစ်ပါတယ်။ ထိုနေ့နံဂြိုဟ်သက်အရ ကောက်ယူရသော် ဗုဒ္ဓဟူးနံက ၁၇၊ သောကြာနံက ၂၁၊ ပေါင်းသော် ၃၈ ရပါတယ်။ ထို ၃ နှင့် ၈ သည် စရေလေဓာတ်ဖြစ် ပါတယ်။ တစ်ဖန် ၃ နှင့် ၈ ပေါင်းပြန်သော် ၁၁ ရပါတယ်။ ၁ နှင့် ၁ ပေါင်းပြန်သော် ၂ ဂဏန်းရပါတယ်။ ထို့ကြောင့် မူလဓာတ်ကြီးဖြစ်သော လဓာတ်ရပါတယ်။ လဓာတ်သည် သီတဂုလဆန်း အမြဲအေးချမ်းသော ဓာတ်မကြီးဖြစ်တယ်။ သို့ဖြစ်ပါ၍ အအေးဓာတ်ကြီး ဤနေရာမှရပါတယ်။ မြို့အမည်နှင့် ကောက်သော် ပညတ်သွားရာ ဓာတ်သက်ပါဆိုသည့်အတိုင်း အမရပူရမြို့ဟု ထင်ရှားသောကြောင့် သေခြင်းကင်း၍ ရတနာအပေါင်းနှင့် ပြည့်ဝစုံလင်သော နတ်မြို့တော်ဟူသော အဓိပ္ပာယ်ရသဖြင့် အလွန်ကျက်သရေရှိ၍ သုတိမင်္ဂလာ သာသောမြို့တော် ဖြစ်ပါတယ်။

ထို့ကြောင့် အမရပူရရွှေမြို့တော် ကျော်အောင်စံထားတိုက် ဘိုးတော်၏ ကျောင်းတော်ကြီးနေရာကို ၁၀၈ တောင် အောင်သိဒ္ဓိဓာတ်ကျောင်းတော် စေတီတော်မြတ်ကြီး တည်



www.burmeseclassic.com

www.burmeseclassic.com

ဆောက်ခြင်း ဖြစ်၏။

အောင်သိဒ္ဓိ ဓာတ်ကျောင်းစေတီတော် ကမ္ဘာသူ ကမ္ဘာသားအတွက် တည်ထားရန် ပုဂ္ဂိုလ်ရွေးချယ်ခြင်းနှင့် နေရာရွေးရန်မှာ ကျော်အောင်စံထားဆရာတော်နှင့် သင့်မြတ်ပါသည်။ နေရာမှာလည်း ကျော်အောင်စံထားကျောင်းတိုက် ဘိုးတော်ကျောင်းနေရာက အသင့်တော်ဆုံးဖြစ်ပါသည်ဟု သိဒ္ဓိရှင် မဟိဒ္ဓိရှင်ပုဂ္ဂိုလ်များ အစည်းအဝေးမှ သဘောတူဆုံးဖြတ်ကြခြင်း ဖြစ်သည်။ ဤအကြောင်းအရာများကို ဆရာတော်ကြီး၏ ပုတီးစိပ် ကိုယ်တွေ့မှတ်တမ်းစာအုပ်မှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

ဤမဟာအောင်သိဒ္ဓိရုပ်ရှင်တော် မြတ်စွာဘုရားကြီးသည် ရှေ့နောက်လှုပ်ပြခြင်း၊ ဘယ်ညာယိမ်းပြခြင်း၊ မျက်လုံးတော် ဖွင့်ပိတ်ပြတော်မူခြင်း၊ ရောင်ခြည်တော်များ လွှတ်ပြခြင်း စသည့် တန်ခိုးပြတော်မူသည်ကို စာရေးသူကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ဖူးမြော်ခဲ့ရပါသည်။

ဤမဟာ အောင်သိဒ္ဓိ ရုပ်ရှင်တော်မြတ်စွာဘုရားကြီး တည်ထားရာတွင် သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီးသည် ပင်မအလှူရှင် ၁၀၈ ဦးနှင့် တစ်ဦးလျှင် အလှူငွေ ကျပ် ၅၀၀၀/ ငါးသောင်းကျပ် မတည်ပါဝင်စေပါသည်။ ယခုအခါပင် ယင်းအလှူရှင် ၁၀၈ ဦး မကတော့ပါ။ ပင်မအလှူရှင် ၂၀၀ ကျော်ရှိသွားပါပြီ။ ယခုကာလ သင်တန်းဖိုးအရ နောက်တိုး ပင်မအလှူရှင် အလှူငွေမှာ ကျပ် ၈၀၀၀၀ ရှစ်သောင်းကျပ် သတ်မှတ်ပါသည်။ စာရေးသူမိသားစုလည်း နောက်တိုးပင်မအလှူရှင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပါသည်။ ဘုရားကြီးတည်ထားရာတွင် သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီးသည် တပည့်ဒကာ၊ ဒကာမများကို အောက်ပါအတိုင်း တိုက်တွန်းထားပါသည်။

ရှစ်မည်ရ ကျော်အောင်စံထား အောင်သိဒ္ဓိကျောင်းတော် စေတီတော်မြတ်ကြီး တည်ဆောက်ရန်အတွက် ၁၀၈ ဦးသော ပုဂ္ဂိုလ်များက မတည်လျက် ပြည်သူပြည်သား၊ ကမ္ဘာသူကမ္ဘာသားအပေါင်း ပါဝင်ရန် ပါရမီရှင်သူတော်ကောင်းတို့နှင့် သာသနာပြုလိုပါ၍ ဖြဟ္မာ၊ သိကြား၊ အလောင်းတော်နတ်သား၊ သာသနာစောင့်နတ်မင်းကြီးလေးပါး၊ မယ်တော်သူရဿတီ စသော နတ်ဒေဝီများ၊ အရှင်မြတ်များ၊ ဘိုးတော်များ၊ သာသနာပြု မဟိဒ္ဓိပုဂ္ဂိုလ်ကြီးငယ်နှင့် တပည့်အမျိုးကောင်းသားသမီးတို့ကို ကြိုတင်၍ အစဉ်ဖိတ်ကြားရပါသည်။

တိုက်တွန်းချက်

၁။ ဒါနဆောင်လျှင် နောင်ဘဝပင် ခေါင်ကသာလျှင် နေရမည်အစဉ် ဥဒါန်းတော်ဝင်။

၂။ ဆန်၊ ဆီ၊ ဆေး၊ ဆား ဝတ်စားပေါ်ရန် ဓာတ်ဘုရားကြီး တည်ထားအမြန်။ ဒီအချိန်ပေါ့ ပြုတော့ကောန် နောက်မဆုတ် အားထုတ်ပြီးအောင်ကြံ။

၃။ အချိန်နီးပြီမို့ သုတ်သီးရယ်တဲ့ သုတ်ပျာ၊ တစ်ယောက်တစ်ထမ်းရယ်နှင့် ထောက်လှမ်းခါကိုယ်စီပ အကြို မှီလာခဲ့စမ်းကြကွယ် ပန်းပါဘူးဗျာ။ မကွယ်ခင် ဆန်းကာစရယ်နှင့် တကယ်ပင် လှမ်းခါကြခဲ့ပ၊ လမ်းတာကတော့ လွန်သာယာ၊ (ဤနေရာမြက်မဟား) ကင်းပလင်းဂုံမင်းကျီအာနှင့် ဒီသူငယ်မှာသမျှကိုတော့ (ကိုရင်အောင်ရေ) ကောက်ကြစို့လား။

၄။ ပင်ကုက္ကိုခွကြားက ငါမင်းသားထိုင်လို့နေ၊ ရွတ်လိုက်တဲ့ဂါထာတွေ သုံးကုဋေရှစ်သန်း၊ အင်းလမ်းနှင့် စမစုံတယ်၊ ဦးမပါထွက်ရပ်သို့မြန်း။

၅။ ပင်ကုက္ကိုညောင်တွဲလို့ အောင်ပွဲရတို့သခင် ဘုန်းတောက်မည့်အင်၊ အုံချီးဖွယ်ကမ္ဘာတွင်လိမ့်၊ စာတင်သော် ဘယ်မညှိုးတယ် ဘိုးတော်ချစ်သွေး။

၆။ တစ်နေ့နေ့ တစ်ချိန်ချိန် ရောက်လာမည်မလွဲ၊ ဒီတစ်ခါ ထူးတဲ့ပွဲကို (ကိုရင်အောင်ရေ) နွဲကြစို့လား။

၇။ ကိုယ့်မှုနှင့်ကိုယ် သူ့မှုကိုမခိုးပါနှင့်၊ ခိုးပါလျှင် ပျက်ပြုံးပြုံးမယ့် ဗုဒ္ဓဘုန်းတော်မှာစကားကို နားကြပ်ကြပ်ဆင်။

၈။ လမ်းမှန်လျှင် ပဋ္ဌာန်းသံကြားပါလိမ့်၊ ပုတီးကိုယ်စီနှင့် ထွက်ရာမှီ ပုဂ္ဂိုလ်အပေါင်းတို့ရယ် အောင်မေတ္တာဖြန့်စေကြောင်းကို သွန်းလောင်းပလေ။

၉။ ဓာတ်ပုတီးရယ်နှင့် ကမ္ဘာကြီးငြိမ်းအောင် မ,မှာမို့ သိန်းသိန်းကျော် မြတ်ရုပ်ပွားတို့ကို တည်ထားကြများသူငါ၊ ချမ်းသာဖို့ရာ ဒီတစ်ခါပဆင်နွဲ အလောင်းတော်လာမည့်ပွဲကို (ကိုရင်အောင်ရေ) ဘယ်ပုံနွဲကြမလဲ။

၁၀။ ကာတိသစ္စာ တည်သောအခါ ပြဇာလေးနက် ပေါ်ခါတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏၊ သစ္စာစကားတော်မှန်ပြားက သိကြားသော် မြို့ ဦးဖြင့်လျှို၏ (ကာတိသစ္စာ တည်ကြပါ။)

ဦးသန့်ဝင်(B.A)

www.burmeseclassic.com

www.burmeseclassic.com

# စံပယ်ကြူမွှေး၊ မြတ်လေးသင်းထုံ

## လနယုန်

တက္ကသိုလ်သျှင်ဉက္ကာ(မဟာဝိဇ္ဇာကျမ်းပြု)

တောင်သူကြီးအပေါင်းတို့၏ "အာဒိမာသ"ခေါ် ငန်းဦးစချိန်ဖြစ်သော စံပယ်ကြူမွှေး မြတ်လေးသင်းထုံ‥လနယုန်သို့ ရောက်ရှိခဲ့ပါပြီ။ ကောင်းကင်တစ်ခွင်၌ မိုးတိမ်များအုံ့ဆိုင်းလျက်ရှိရာက မုတ်သုံလေနအေး၏ ကယုကယင်ကျီစယ်မှုဖြင့် မြေပြင်တစ်ဝှမ်းသို့ တိမ်စိုင်ထုများကြားမှ မိုးစက်မိုးပေါက်တွေ ထွင်းဖောက်ကျဆင်းခဲ့ပါပြီ။ ထိုအခါမယ် လယ်ယာမြေသားတို့သည် မိုးရေကို ဝလင်စွာ သောက်သုံးရပြီးသကာလ မြေဆီဩဇာဓာတ်တွေ ပြည့်ဝကုန်ကြ၏။ ထိုအခါဝယ် တောင်သူဦးကြီးတို့လည်း ပျိုးကြဲခြင်းလုပ်ငန်းကို စတင်ကြတော့သည်။ ရှေးမြန်မာမင်းအဆက်ဆက်တို့ဆိုလျှင် နယုန်လခါသမယ၌ လယ်ထွန်မင်္ဂလာပွဲများကို ကျင်းပခဲ့ပါကြောင်း ရှေးစာကဗျာလင်္ကာများအရ သိရှိရပါသည်။

မိမိတို့ မြန်မာနိုင်ငံရှိ တောင်သူဦးကြီးတို့ကား မိရိုးဖလာအစွဲအလမ်းကြီးမားသူတွေ ဖြစ်ကြသည်။ သို့ဖြစ်၍ နယုန်လရာသီရောက်လျှင် မလေ့ထုံးစံအတိုင်း ပုဗ္ဗကြယ်ကို ညှိရှယ်လျက် ပုဗ္ဗကြယ်အားတင်သခြင်း "ပုန်းမကြည်ပွဲ" အား ကျင်းပပူဇော်ခြင်းတို့ ပြုလုပ်ကြောင်း ကုန်းဘောင်ခေတ်စာဆို စိန္တကျော်သူ ဦးဩက "မဟာအဓိကရကန်တော်ဆော်ကွန်း"၌‥‥

"နယုန်ဝါလ၊ ကြဲကြဲပျိုးထောင်၊ ဝါခေါင်သစ်ဆင်း၊ နှစ်လတွင်းမူ၊ ဆင်းကြယာလယ်၊ တောင်သူမယ်တို့၊ ရှေးဝယ်သောကာ၊ အိမ်ဦးမှာလျှင်၊ ထားပါသမူ၊ အကြောင်းပြု၍၊ ယခုထက်တိုင်၊ စဉ်တစိုက်ဖြင့်၊ သမိုက်ရှည်ကြ၊ ပုဗ္ဗဂြဟာ၊ အရိယာစင်ကြယ်၊ ပုဗ္ဗကြယ်ကို၊ အနွယ်အရာ၊ စုံစွာပသ၊ တင်ကြားကြမှ၊ ချီချ-ညီမျှ၊ သီကြယင်နွဲ၊ ကောက်စိုက်ပွဲတည့်‥‥"

ဟူ၍ ရေးဖွဲ့စပ်ဆိုထားပါသည်။ နယုန်လကား ရာသီအလိုအားဖြင့် ယောက်ျားပျိုနှင့် မိန်းမပျိုတို့နှစ်သက်သော ရာသီဟူ၍ သင်္ကရိုက်ကျမ်းများက ဆိုကြသည်။ ရှေးက နယုန်လကို "မိထုန"ဟု သင်္ကရိုက်ဘာသာမှ လာရှိသည့်အတိုင်း ပုဂံခေတ်လောက်မှစတင်၍ မိထုန်ရာသီဟု ခေါ်ခဲ့ကြသည်။ အင်းဝခေတ်ရောက်လေသော် "နံမျိုလ"အဖြစ်ရွေ့လျားကူးပြောင်းသွားပြီး ယခုအခါ "နယုန်လ"ဖြစ်လာခဲ့ပါသည်။

နယုန်လ၏ ထူးခြားချက်ကား စာတော်ပြန်ပွဲများကို ကျင်းပပြုလုပ်ခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပရိယတ်ပုဂ္ဂိုလ်ဟု ခေါ်ဆိုရသော ထိုထိုသာမဏေရဟန်းတို့သည် ဝါမဆိုမီ နှစ်ပတ်အတွင်း ရွတ်ဖတ်သင်အံ၊ ကြံကြံကြည့်ကြည့်၊ မှတ်သားမိသမျှ ပိဋကတ်စာပေတို့ကို ကျေကျေညက်ညက်နှုတ်တက်အာဂုံဆောင်ပြရသော "ပထမပြန် စာသဘင်ပွဲ"ပင်ဖြစ်တော့သည်။ ရှေးအခါကပင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် အထူးကြည်ညိုသဒ္ဓါတရားဖြင့် ကျင်းပလေ့ရှိခဲ့သည်။ ဘုရင့်ကောင်းမှုတော်များဖြစ်သည့် "သုဓမ္မာဇရပ်ကြီးများ"၌ကျင်းပစမြဲ ဖြစ်ပါသည်။ ထိုသို့ကျင်းပခြင်းမှာ ဝါဆိုချိန်၌စာဝါသစ်များကို လိုက်ကြရမည့်အတွက်ကြောင့် တစ်နှစ်ပတ်လုံး သင်ကြားခဲ့ကြရသော ဝိနည်းငါးကျမ်းနှင့်တကွ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းဟုဆိုအပ်သော သင်ရိုးကျမ်းစသည်တို့ကို အာဂုံပြန်ဆိုကြရခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံ၌ စာတော်ပြန်ပွဲများကို စတင်ကျင်းပခဲ့သည်မှာ ညောင်ရမ်းခေတ် သာလွန်မင်းတရားကြီးလက်ထက်



www.burmeseclassic.com

www.burmeseclassic.com

မှစ၍ ပေါ်ပေါက်ခဲ့ကြောင်း ပညာရှိများက ယူဆခဲ့ကြသည်။ ဟံသာဝတီရောက်မင်း ကိုးကွယ်သော ကျော်အောင်စံထား ဆရာတော်မှာ "ပထမကျော် ဥဒဏ" ကဲ့ဖြင့် ချီးမြှင့်ခြင်းခံရကြောင်း မှတ်သားရပါသည်။ ထိုမှ ဆက်လက်ကျင်းပလာခဲ့ကြရာ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးလက်ထက်၌ လွန်စွာမှ သိုက်မြိုက်လှပါကြောင်း မှတ်သားရပါသည်။ သီပေါမင်းလက်ထက်၌ တွေ့ရှိရသော ပထမစာတော်ပြန်ဥပဒေမှာ ၁၂၄၅ ခု၊ ပြာသိုလဆန်း ၉ ရက်နေ့၊ ရတနာပုံနေပြည်တော် နန်းတွင်းစာပုံနှိပ်ရုံတော်တွင် ပထမစာတော်ပြန် ဥပဒေစာတမ်းကို ပုံနှိပ်လုပ်ဆောင်ခဲ့ကြောင်း သိရှိရပါသည်။ (သီပေါမင်းပါတော်မူပြီးနောက်ပိုင်း စာပြန်ပွဲများ ပျောက်ကွယ်သွားပြီး ခရစ်နှစ် ၁၈၈၉ ခုနှစ်၊ အောက်တိုဘာလမှ ပြန်လည်ပေါ်ပေါက်လာသည်ဟု မှတ်သားရသည်။)

ထိုသို့ ပေါ်ပေါက်လာရန် ကြိုးပမ်းသူများမှာ မြန်မာပြည်သို့ ပညာမင်းကြီးအဖြစ် ခန့်ထားခြင်းခံရသော အိန္ဒိယတိုင်းရင်းသား မစ္စတာဂျန်ဝင်ဆိုမရန်ပုပ်၊ သာသနာပိုင်ဟုခေါ်ကြသော မာလာလင်္ကာရ အတုလဓိပတိ-သိရိပဝရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု "တောင်တော်သာသနာပြု" ဆရာတော်၊ တံဆိပ်တော်သုံးထပ်ရ ပုခန်းဆရာတော်၊ တံဆိပ်တော်သုံးထပ်ရ လုထွေဆရာတော်နှင့် လယ်ကိုင်းမြို့စား ကင်းဝန်မင်းကြီးတို့ဖြစ်ကြောင်း လေ့လာမှတ်သားရသည်။ သို့ဖြင့် ၁၈၉၄ ခုနှစ်၊ ဒီဇင်ဘာလ သက္ကရာဇ် ၁၂၅၆ ခုနှစ်တွင် ရှေးမြန်မာမင်းများ ကျင်းပပြုလုပ်သကဲ့သို့ ပါဠိပထမပြန်စာမေးပွဲများ ကျင်းပပြုလုပ်ခွင့် ရရှိခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသူ နိုင်ငံသားတို့မှာ ရှေးရိုးစဉ်လာ ဓလေ့ကို မေ့ပျောက်တတ်သူများ မဟုတ်ကြပါ။ ဒါယကာ အပေါင်းတို့ကလည်း ပစ္စယာနုဂ္ဂဟဖြင့် လှူဖွယ်ပစ္စည်း ဆွမ်းကွမ်းစသည်တို့ကို ထောက်ပံ့ကြသည့်အတွက် ရဟန်းသံဃာတို့ကလည်း ဓမ္မာနုဂ္ဂဟဟု ခေါ်ဆိုအပ်သော ပရိယတ်ကျမ်းဂန်တို့ကို သင်အံလေ့ကျက်ပြီးလျှင် တရားဓမ္မများကို ဟောဖော်ညွှန်ပြလေ့ ရှိကြပါသည်။ ဗုဒ္ဓဘာသာဝင်တို့သည် သာသနာတော်သုံးရပ် အပါအဝင် ပရိယတ္တိသာသနာတော်ကို လွန်စွာလေးစားကြပါသည်။

နယုန်လအခါသမယကား ဗုဒ္ဓဘာသာဝင်များအတွက် အလေးအမြတ်ပြုရသောလ ဖြစ်သကဲ့သို့ တောင်သူဦးကြီးတို့အတွက်လည်း လယ်ယာလုပ်ငန်းခွင်အတွက် ငန်းဦးစမင်္ဂလာအခါသမယဖြစ်ပါသည်။ ပူပြင်းသွေ့ခြောက်မှုတို့ နိဂုံးကမှတ်အဆုံးသတ်ပြီး မိုးဦးပဠုန်ဒေဝါ၏ အမှုန်တေးသံကို ငြိမ့်ငြိမ့်ကလေးနားဆင်ရသည်မှာ ငြိမ့်ညောင်းလှပါဘိ။ အေးချမ်းလှပါဘိ။ မိုးရေစက်ချိုမြမြကို တဝကြီးသောက်သုံးခွင့်ရခဲ့သော စံပယ်၊ မြတ်လေးတို့မှာလည်း မှတ်သုံလေဌ် ချိုအီသော ရနံ့ကို စီးမျောနေပေပြီကော။ သည်လို သဘာဝ၊ သည်လိုပသာဒက ကုန်းဘောင်ခေတ်စာဆိုတော် မဟာအတုလမင်းကြီးက နက္ခတ်ရာသီတို့နှင့် ယှဉ်တွဲလျက် အောက်ပါအတိုင်း လွမ်းချင်းကဗျာဖွဲ့ခဲ့သည်မှာ လွမ်းဆွတ်ကြည်နူးစဖွယ် ကောင်းလှပါတော့သည်။

\- နတ်စည်ငယ် ရှမ်းပါလို့
ခြိမ်းမွှမ်းငယ် သံစုံ၊
ကမြူးငယ် ခုန်သည်
လနယုန်သည်ချိန်မို့
မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး။

\- ရာသီငယ်မေထုန
ဆယ့်နှစ်လမို့၊ ဇေဋ္ဌပြောင်ရှိန်
တောက်လောင်ငယ်ထိန်သည်
ရာဇိန္ဒနတ်၊ ပိဋကတ်မှာ
မပြတ်ကယ် ထွက်စံ
စာညီလာခံသောအခါ
ဇိုလ်ခြံတဲ့ ရွှေလယ်မှာ
ငွေစံပယ် ဖြူမှုလေးက
မွှေးလှတယ်လေး။ ။

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာကျမ်းပြု)

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်နိုင်ဖို့

## ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက်

မဟာဒွိကျော်ခေါင်

လူမှာ စားဝတ်နေမှုဆိုသော အကြောင်းသုံးပါးသည် များစွာမှ အရေးကြီးလှပေ၏။ စားဝတ်နေမှု ပြေလည်ဖို့ရာအလို့ငှာ အလုပ်အကိုင်တွေကောင်းဖို့၊ လုပ်ကိုင်သမျှ အောင်မြင်ဖို့ရာ အရေးကြီးလှ၏။ သည့်အတွက် အလုပ်အကိုင်အောင်မြင်စေဖို့ရာအတွက် နေ့သားအလိုက် လုပ်ကိုင်ဆောင်ရွက်သင့်သည့် နေ့ကောင်း ြမြတ်များကို ရွေးချယ်တင်ပြလိုက်ရပါသည်။

**တနင်္ဂနွေသားသမီးများအဖို့**

ဇူလိုင်လအတွင်း၌ (၂)၊ (၃)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၆)၊ (၂၇)၊ (၃၀) စသော ရက်များကို ရွေးချယ်လုပ်ကိုင်ပါ။

**တနင်္လာသားသမီးများအဖို့**

ဇူလိုင်လအတွင်း၌ (၁)၊ (၂)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၆)၊ (၂၉) စသော ရက်များကို ရွေးချယ်လုပ်ကိုင်ပါ။

**အင်္ဂါသားသမီးများအဖို့**

ဇူလိုင်လအတွင်း၌ (၁)၊ (၄)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၂၃)၊ (၂၅)၊ (၂၆) စသော ရက်များကို ရွေးချယ်လုပ်ကိုင်ပါ။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဇူလိုင်လအတွင်း၌ (၃)၊ (၄)၊ (၉)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၃)၊ (၂၄)၊ (၂၈)၊ (၃၀)၊ (၃၁) စသော ရက်များကို ရွေးချယ်လုပ်ကိုင်ပါ။

**ကြာသပတေးသားသမီးများအဖို့**

ဇူလိုင်လအတွင်း၌ (၂)၊ (၈)၊ (၉)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၉) စသော ရက်များကို ရွေးချယ်လုပ်ကိုင်ပါ။

**သောကြာသားသမီးများအဖို့**

ဇူလိုင်လအတွင်း၌ (၁)၊ (၇)၊ (၈)၊ (၁၁)၊ (၁၄)၊ (၁၈)၊ (၁၉)၊ (၂၂)၊ (၂၈)၊ (၂၉) စသော ရက်များကို ရွေးချယ်လုပ်ကိုင်ပါ။

**စနေသားသမီးများအဖို့**

ဇူလိုင်လအတွင်း၌ (၃)၊ (၄)၊ (၇)၊ (၁၃)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၂၈)၊ (၃၁) စသော ရက်များကို ရွေးချယ်လုပ်ကိုင်ပါ။

**ရာဟုသားသမီးများအဖို့**

ဇူလိုင်လအတွင်း၌ (၃)၊ (၉)၊ (၁၃)၊ (၁၇)၊ (၂၃)၊ (၂၄)၊ (၂၈)၊ (၃၀)၊ (၃၁) စသောရက်များကို ရွေးချယ်လုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင်၊ အကြံအစည်များ တိုးတက်ကြီးပွားကြပါလိမ့်မည်။

■ မဟာဒွိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက်

**နေမျိုးထွဋ်ခေါင်**

၁။ ဇူလိုင်လ (၄)၊ (၉)၊ (၁၅)၊ (၂၀)၊ (၂၄)၊ (၂၉) စသောရက်များသည် "နန္ဒာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရားတည်ခြင်း၊ ဂူ၊ ကျောင်း၊ ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။

၂။ ဇူလိုင်လ (၁)၊ (၅)၊ (၁၀)၊ (၁၆)၊ (၂၁)၊ (၂၅)၊ (၃၀) စသော ရက်များသည် "ဘဒြာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ ဇူလိုင်လ (၆)၊ (၁၁)၊ (၁၇)၊ (၂၂)၊ (၂၆)၊ (၃၁) စသောရက်များသည် "ဇယာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဇူလိုင်လ (၂)၊ (၇)၊ (၁၂)၊ (၁၈)၊ (၂၃)၊ (၂၇) စသောရက်များသည် "ရိတ္တာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လေ့ကားထောင်ခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဇူလိုင်လ (၃)၊ (၈)၊ (၁၃)၊ (၁၄)၊ (၁၉)၊ (၂၈) စသောရက်များသည် "ပုဏ္ဏာတိထိ"တွင် ကျရောက်လေရာ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဌွင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဇူလိုင်လ (၆)၊ (၉) နှင့် (၂၆) ရက်တို့သည် "အမြိတ္တစုတ်"တွင် ကျရောက်လေရာ မည်သည့်အနှောင့်အယှက်အခက်အခဲတို့နှင့် ကြုံတွေ့စေရကာမူ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ကြပါသည်။

၇။ ဇူလိုင်လ (၃)၊ (၆)၊ (၁၀)၊ (၁၃)၊ (၁၇)၊ (၂၀)၊ (၂၄)၊ (၂၁)၊ (၃၁) စသောရက်များသည် "ရက်ရာဇာ"တွင် ကျရောက်လေရာ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

နေမျိုးထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှ သီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အံ့ဖွယ်ရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့ လိုသလို၊ အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်ရွယ်၍ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးရာကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ ဇူလိုင်လ (၂)၊ (၆)၊ (၇)၊ (၉)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၃၁) စသောရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ ဇူလိုင်လ (၅)၊ (၁၀)၊ (၁၉)၊ (၂၄) စသော ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ ဇူလိုင်လ (၂)၊ (၆)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၃၁) စသောရက်များ၌ မြေယာထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်၊ချုံနွယ်များအား မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊အမြစ်များ တူးဖော်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၄။ ဇူလိုင်လ (၂)၊ (၆)၊ (၇)၊ (၉)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၃၁) စသောရက်များ၌ သီးနှံမျိုးစေ့တို့ကိုကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

■ တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လမွေးအတွက် ကံစာတာ

## ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက်

■ ဆရာမိုးဟန်ကြွယ်

လုပ်ငန်းခွင်၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိမ့်မည်။ လက်အောက်ငယ်သားများအတွက် ငွေကုန်ကြေးကျများမည်။ အကြွေးတင်တတ်သည်။ လုပ်ငန်းကုန်သွယ်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ပို့ဆောင်ခြင်းလုပ်ငန်းများ အောင်မြင်မည်။ ခရီးသွားရတတ်သည်။ သွေးတိုးခြင်း၊ အစားအသောက်မှားခြင်း၊ အစာမကြေခြင်းတို့ ဖြစ်တတ်သည်။ မိမိအပေါ် ချစ်ခင်သူများ တိုးပွားတတ်သည်။

လက်ရှိအခြေအနေသည် လင်းသက်တောက်ပနေသော ကာလဖြစ်ပါသည်။ စီးပွားရေးအခြေအနေ ကောင်းမွန်လာလိမ့်မည်။ အိုးအိမ်၊ ယာဉ်၊ ဒိမ်ခံပစ္စည်း အသုံးအဆောင်များ ဝင်လာလိမ့်မည်။ လုပ်ငန်းကြီးများကို လုပ်ကိုင်ရတတ်သည်။ ပတ်ဝန်းကျင်၏ လေးစားမှုကို ခံရတတ်သည်။ အချစ်ရေးတွင် အချစ်စစ်အချစ်မှန်ကို တွေ့ရလိမ့်မည်။ ဘာသာရေးကိစ္စများ ဆောင်ရွက်ရတတ်သည်။ ခါးနာ၊ ခါးကိုက်ဝေဒနာ ဖြစ်ပေါ်တတ်သည်။ ငွေအကုန်အကျများတတ်ပါသည်။ စပ်တူလုပ်ငန်းမှ ဆုံးရှုံးမှုများကြုံမည်။ စက်ပစ္စည်းအဟောင်းဝယ်ယူခြင်းကို ရှောင်သင့်ပါသည်။

အိမ်ထောင်ရေး ကောင်းမွန်မည်။ သားသမီးရတတ်သည်။ အနီရောင်၊ အနက်ရောင်များရှောင်ပါ။ ခွန်အားစိုက်လျှင် စိုက်သလောက် လုပ်ငန်းတိုးတက်မည်။ အကျိုးစီးပွားဖြစ်ထွန်းမည်။ ရေထွက်ကုန်ပစ္စည်း၊ လယ်ယာထွက်ပစ္စည်း၊ စက်အပိုပစ္စည်းများ အကျိုးဖြစ်ထွန်းမည်။ သွေးတိုးမူးဝေခြင်း၊ ကိုယ်ပူများခြင်းများ ဖြစ်တတ်သည်။ ချစ်ခင်နှစ်သက်သူများသော်လည်း တစ်ယောက်သောသူကိုသာ ရာသက်ပန်ရွေးချယ်လိမ့်မည်။ သားသမီးများအတွက် ပူပန်ရတတ်သည်။ ရပ်ဝေးမှ မိတ်များ ရောက်လာတတ်သည်။

စိန်၊ ပုလဲတို့ ဝင်လာတတ်သည်။ အမျိုးသမီးဖြစ်က အမျိုးသမီးရော၏ ခံစားရတတ်သည်။ အိမ်ထောင်ဖက်ကြောင့် ငွေကြေးဆုံးရှုံးမှု ဖြစ်တတ်သည်။ ကလေးသူငယ်များ အမြင့်မှ ပြုတ်ကျတတ်သည်။ အလုပ်ကိစ္စတွင် အပြောင်းအလဲများ ပေါ်မည်။ အစားမှား၊ သောက်မှားသော ဝေဒနာများ ခံစားရတတ်သည်။ စီးပွားရေးတိုးတက်မှု ရှိလာမည်။ အနုပညာလုပ်ငန်း၊ စာပေလုပ်ငန်း၊ ပညာရေးလုပ်ငန်းများအတွက် အကျိုးခံစားမှု ရရှိမည်။ ပျို့ရွယ်သူတိုင်း ချစ်သူ၏ အဆင်လွဲစရာများ ကြုံမည်။ ရပ်ဝေးမှ ငွေကြေးများ ရရှိမည်။ ဘာသာရေးဆိုင်ရာ ပစ္စည်းများ ဝင်လာတတ်သည်။ အလှူဒါနပြုရတတ်သည်။

ရပ်ဝေးမှ ဆွေမျိုးများ အိမ်သို့ရောက်ရှိလာတတ်သည်။ လုပ်ငန်းသစ်များ လုပ်ကိုင်ရတတ်သည်။ ဝင်ငွေကောင်းမည်။ မျက်နှာနှင့် ဝမ်းဗိုက်တွင် ဝေဒနာအချို့ ခံစားရတတ်သည်။ လက်ဆောင်ပစ္စည်းများ ရရှိတတ်သည်။ နိုင်ငံခြားမှ သတင်းကောင်း ကြားရမည်။ အိမ်မြေကိစ္စအတွက် ငွေကြေးများ ဝင်လာတတ်သကဲ့သို့ နေရာထိုင်ခင်းများ ရရှိတတ်သည်။ ကူညီပံ့ပိုးမှုများရမည်။ ဘုရားခရီးထွက်ရတတ်သည်။ အလုပ်ကိစ္စများတွင် ဘာပဲလုပ်လုပ် အဆင်ပြေမည့် အနေအထား ဖြစ်ပါသည်။ မိသားစုအတွက် စိတ်အေးချမ်းသာမှုများ ကြုံရပါမည်။ သံဃာတော်များကို လှူဒါန်းရလိမ့်မည်။

အလုပ်၊ ရာထူး၊ လစာ တိုးတက်မှုရှိမည်။ သတင်းကောင်းကြားရလိမ့်မည်။ ကမ်းရိုးတန်းခရီး သွားရတတ်သည်။ အလုပ်ကိစ္စများတွင် အမျိုးသမီးများကြောင့် အနှောင့်အယှက်ဖြစ်ကာ နှောင့်နှေးမှုများ ကြုံရတတ်သည်။ ရွှေ၊ အိမ် ဝင်မည်။ အမှုအခင်းအချို့ တွေ့ကြုံရတတ်သည်။

ယတြာပြုလုပ်လိုပါက - ရှားနှင်းတစ်ပါးကို သပိတ်အပြည့် ဆွမ်းလောင်းပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက်

### နွယ်သာကီအောင်

မိုးအမွန်မှူးက ကျူးညဲထစ်ချုန်းလျက် ကမ္ဘာမြေပြင်တစ်ဝှမ်းလုံးကို အေးမြသော ရေစင်များ သွန်းဖျန်းပေးလျက် ရှိချေပြီ။ ကမ္ဘာမြေသည် မိုးရေချိုးအား ဝလင်စွာ သောက်သုံး ရသဖြင့် မြေဆီစွန်အားတို့ သစ်နေခဲ့ကြလေပြီကော။

အဆိုပါ မြေဆီမြေသား၌ သစ်ပင်ကို ချစ်ခင်ကြကုန်သော မိမိတို့ လူသားများအဖို့ မြေပြင်တစ်ဝှမ်း စိမ်းလန်းစိုပြည်စေရေးအတွက် ကောက်ပဲသီးနှံများ၊ စားပင်များ၊ အရိပ်ရအပင် များ၊ ဆေးဖက်ဝင်အပင်များ အစရှိသော ရုက္ခသစ်ပင်တို့အား စိုက်ပျိုးကြရပေလိမ့်မည်။ ဥတုရာသီမှန်သမျှ တောကိုမှီကြလေသည်မို့ တောတောင်တစ်ဝှမ်း သစ်ပင်တွေလွှမ်းပါမှ သဘာဝရာသီဥတုသည် ပုံမှန်ဖြစ်ပေမည်။ ဖောက်ပြန်ခြင်းကင်းပေမည်။ သည့်အတွက် မိုးပုလဲ ပန်းများကို ပန်ဆင်ရင်း သစ်တောတွေ ပြုစုပျိုးထောင်ရေးမှသည် လောကီအကျိုးကိစ္စအတွက် မျက်နှာမူလိုက်သည့်အခါ...

၁။ **အိုးအိမ်တိုက်တာဝယ်ဖို့ရာ**

ဇူလိုင်လ (၆)၊ (၇)၊ (၉)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၂၆)၊ (၃၀) စသောရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူဖို့ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

ဇူလိုင်လ (၆)၊ (၉)၊ (၁၄)၊ (၂၃) စသော ရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

ဇူလိုင်လ (၆)၊ (၇)၊ (၉)၊ (၁၀)၊ (၁၅)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၃၀) စသောရက်များသည် ဖအမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ရေသတ္တဝါ ဖမ်းဖို့ရာ**

ဇူလိုင်လ (၆)၊ (၁၅)၊ (၂၃)၊ (၂၄)၊ (၂၅) စသော ရက်များသည် မြစ်ချောင်း၊ အင်းအိုင်များ၊ ပင်လယ်များ၌ ရေသတ္တဝါများကိုဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **ခရီးလမ်းပန်း သွားဖို့ရာ**

ဇူလိုင်လ (၂)၊ (၇)၊ (၉)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၁၈)၊



www.burmeseclassic.com

www.burmeseclassic.com



# ဝိရှမာလာ

မောင်ခင်မိုး(ချောက်)

* ပွင့်သောနှင်းဆီ
သင်းကြည်ပါစေ့ကွယ်။

* ဝင့်သော ဆူးခက်
ခူးလက်တွေ ကာကွယ်။

* ခြွေမယ် . . .
ဖျက်မယ် . . .
မရည်ရွယ်နဲ့
လွယ်လွယ်ဆွတ်ခူး
မညှတ်ဖူးဟော့
ဆူးနဲ့နှင်းဆီ ဖွေးဖွေးနီ
ဘာမထီသွေးနဲ့ ရဲခဲ့သည်။ ။

www.burmeseclassic.com

www.burmeseclassic.com

(၂၃)၊ (၂၄)၊ (၂၆)၊ (၂၇)၊ (၃၀) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ လယ်ထွန်မင်္ဂလာကျင်းပရာ

ဇူလိုင်လ (၂)၊ (၆)၊ (၇)၊ (၉)၊ (၁၁)၊ (၁၅)၊ (၁၉)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၃၀) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များဖြစ်ကြပါသည်။

၇။ ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ကြဖို့ရာ

ဇူလိုင်လ (၆)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၆)၊ (၂၇)၊ (၃၁) စသော ရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ ကျောင်း/အိမ်ဂေဟာ ဆောက်ဖို့ရာ

ဇူလိုင်လ (၂)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၃၀) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ ရှင်ပြုနားသ ကျင်းပဖို့ရာ

ဇူလိုင်လ (၆)၊ (၇)၊ (၉)၊ (၁၀)၊ (၁၇)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၃၀) စသောရက်များသည် ရှင်ပြုခြင်း၊ နားသခြင်း စသော ကောင်းမှုကိစ္စများပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ

ဇူလိုင်လ (၂)၊ (၆)၊ (၉)၊ (၁၁)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၂၆)၊ (၃၀) စသော ရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်ဆောက်ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ အရောင်းအဝယ် လုပ်ဖို့ရာ

ဇူလိုင်လ (၂)၊ (၆)၊ (၇)၊ (၉)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၃၀) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ သီးနှံမျိုးစေ့ကြဲဖို့ရာ

ဇူလိုင်လ (၂)၊ (၆)၊ (၇)၊ (၉)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၃၀) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံ မြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ ရေတွင်းရေကန် တူးဖို့ရာ

ဇူလိုင်လ (၂)၊ (၆)၊ (၇)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ ပညာကောင်းစွာ သင်ဖို့ရာ

ဇူလိုင်လ (၂)၊ (၆)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၂၃)၊ (၃၀) စသောရက်များသည် အတတ်ပညာများကို စတင်သင်ကြားဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြသည်။

၁၅။ မင်္ဂလာအခါပေးဖို့ရာ

ဇူလိုင်လ (၁)၊ (၂)၊ (၃)၊ (၄)၊ (၆)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၂၇)၊ (၂၈) (၂၉) စသော ရက်များသည် မြေအောက်သယံဇာတများဖြစ်သည့် အဖိုးတန်တွင်းထွက်ရတနာများ တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ နှယ်သာကီးအောင်



www.burmeseclassic.com

www.burmeseclassic.com

# ဒီလိုလက်မျိုး သင့်မှာရှိခဲ့လျှင်

**ဒေါက်တာစောယုနွယ်**

Ph.D(Tantra)(Kol-India)Astrologer

ယခင်လမှအဆက်

ကျွန်မ၏ ဗေဒင်သင်တန်းတွင် လက္ခဏာပညာရပ်ကို သင်ကြားပေးခဲ့ရာ အချိန်အနည်းငယ်အတွင်း သင်ကြားရသဖြင့် ပတ်ဝန်းကျင်တွင်ရှိနေသော လက္ခဏာများကို ကျယ်ပြန့်စွာ မသင်ပေးရသဖြင့် ကျွန်မ မှတ်သားထားသော လက္ခဏာများကို ရောင်ပြန်မဂ္ဂဇင်းမှ တစ်ဆင့် ဖော်ပြလိုက်ပါတယ်။

## လက်ဝါးပြင်ပေါ်မှကြယ်ပွင့်လေးများ

### စွန့်လွှတ်စွန့်စားသူရဲကောင်းများ

### လက္ခဏာ


လက်ညှိုးနဲ့ လက်မ အကြား ကြာသပတေး ဂြိုဟ်ခုံရဲ့ အောက်မှာ ရှိတဲ့နေရာကို အင်္ဂါဂြိုဟ်ခုံ(၁) လို့ခေါ်ပါတယ်။ အင်္ဂါဂြိုဟ်ခုံ (၁)ပေါ်မှာ ကြယ် အမှတ်သင်္ကေတပါတဲ့သူဟာ လူစွန့်စားတွေ၊ သတ္တိကောင်းတဲ့သူ တွေဖြစ်ပြီး နှလုံးရည် အားနည်းရင် တော့ မိုက်ရူးရဲတွေ ဖြစ်တတ်ကြပါ တယ်။ မလိုအပ်ဘဲ အသက်နဲ့လဲပြီး တစ်ဇွတ်ထိုးတစ်ဖောက်ကန်းလုပ်တတ် တာ ဒီလက္ခဏာရှင်တွေပါ ပါတယ်။ တစ်ဦးတစ်ယောက်အတွက် ဖြစ်စေ၊ အများအတွက်ဖြစ်စေ၊ အသက် အသေခံပြီး စွန့်လွှတ် စွန့်စားရဲတဲ့ သူတွေမှာလည်း ဒါမျိုးပါတယ်။

အင်္ဂါဂြိုဟ်ခုံ(၁)ပေါ်မှာ ကြယ် အမှတ်သင်္ကေတပါတဲ့ သူတွေက တော့ စစ်သားတွေ၊ တိုက်ခိုက်ရေး



www.burmeseclassic.com


www.burmeseclassic.com



သမားတွေ ဖြစ်တတ်ကြပါတယ်။ လက်နက်စွဲကိုင် တိုက်ခိုက်ခြင်း၊ စွန့်လွှတ် စွန့်စားလုပ်ဆောင်ခြင်းများကိုမြတ်နိုးခုံမင်သူများ ဖြစ်တတ်ကြပါတယ်။ အသက်ကို ပဓာနမထားဘဲ စွန့်စားရဲတဲ့ သူတွေဖြစ်လို့ သူရဘွဲ့၊ သူရဲကောင်းဘွဲ့တွေရတတ်ကြပါတယ်။ ထူးချွန်ထက်မြက်တဲ့ တိုက်ခိုက်ရေးသမားတွေမှာလည်း ဒီ လက္ခဏာမျိုးပါတတ်တယ်။

အင်္ဂါဂြိုဟ်ခုံ(၁)ပေါ်မှာ ကြယ်အမှတ်သင်္ကေတပါတဲ့ သူတွေဟာ တိုက်ရဲခိုက်ရဲ သတ်ရဲဖြတ်ရဲကြသလို ဥပစ္ဆေဒကကံနဲ့ သေဆုံးရတတ်ပါတယ်။ အသေဆိုးနဲ့ ကြုံရတတ်ပါတယ်။ ခြုံပြီးပြောရရင်တော့ အင်္ဂါဂြိုဟ်ခုံ(၁)ပေါ်မှာ ကြယ်အမှတ် သင်္ကေတပါရင် သတ္တိရှင်တွေ၊ သူရဲကောင်းတွေ၊ လူစွန့်စားတွေ၊ စစ်သားကောင်းတွေ ဖြစ်တတ်ကြပါတယ်။ အလုပ်တစ်ခုခုမှာ သေမြေကြီး၊ ရှင်ရွှေထီးဆိုပြီး စွန့်လွှတ် စွန့်စားရဲတဲ့ သူတွေဖြစ်တတ်ကြပါတယ်။ ကိုယ့်အတွက်ပဲဖြစ်ဖြစ်၊ တစ်စုံတစ်ယောက်အတွက်ပဲဖြစ်ဖြစ်၊ အများပြည်သူအတွက်ပဲဖြစ်ဖြစ်အနစ်နာခံအသေခံပြီး ဆောင်ရွက်ကြတဲ့သူတွေဖြစ်တတ်ပါတယ်။

## စစ်ရေးအမြင်
## နိုင်ငံရေးအမြင်ရှိတဲ့ လက္ခဏာ



လက်သန်းအရင်း ဗုဒ္ဓဟူးဂြိုဟ်ခုံနဲ့ လက်ဝါးစောင်း တနင်္လာဂြိုဟ်ခုံရဲ့ ကြားမှာရှိတဲ့နေရာကို အင်္ဂါဂြိုဟ်ခုံ(၂) လို့ ခေါ်ပါတယ်။ အင်္ဂါဂြိုဟ်ခုံ(၂)ပေါ်မှာ ကြယ် အမှတ်သင်္ကေတပါတဲ့ သူတွေဟာ နလုံးရည်သမား၊ ဉာဏ်သမားတွေ ဖြစ်တတ်ကြပါတယ်။ စဉ်းစားတွေးခေါ် ဉာဏ်၊ဖြတ်ထိုးဉာဏ်ကောင်းသူတွေ ဖြစ်တတ်ကြပါတယ်။

အင်္ဂါဂြိုဟ်ခုံ (၂)ပေါ်မှာ ကြယ် အမှတ်သင်္ကေတ ပါတဲ့သူတွေဟာ ရှေ့တန်း စစ်မြေပြင်မှာ ကိုယ်တိုင်ကိုယ်ကျပါဝင် တိုက်ခိုက်ခြင်းထက် ဘယ်လို နည်းနဲ့တိုက်ရင် အောင်ပွဲဆင်နိုင်မယ်ဆိုတာ ထိုးထွင်းသိမြင်စွမ်းရှိတဲ့ အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တတ်ကြပါတယ်။ စစ်ရေးမဟာဗျူဟာ နည်းဗျူဟာတွေ ကျွမ်းကျင်ပိုင်နိုင်တဲ့သူတွေ ဖြစ်တတ်ပါတယ်။ ထင်ရှားကျော်ကြားတဲ့၊ အောင်မြင်တဲ့ ဗိုလ်ချုပ်ကြီးတွေ၊ စစ်သူကြီးတွေ၊ စစ်ခေါင်းဆောင်တွေ ဖြစ်တတ်ကြပါတယ်။ အင်္ဂါဂြိုဟ်ခုံ(၂)ပေါ်မှာ ကြယ်အမှတ်သင်္ကေတ ပါတဲ့သူတွေဟာ နလုံးရည်သာမက လက်ရုံးရည်နဲ့လည်း ပြည့်စုံမယ်ဆိုရင် ရန်သူမှန်သမျှ ဖိန့်ဖိန့်တုန်အောင်ကြောက်ရွံ့ရတဲ့ စစ်သားကောင်းတွေ၊ ဗိုလ်ချုပ်တွေ၊ စစ်သူကြီးတွေ ဖြစ်တတ်ကြပါတယ်။

အင်္ဂါဂြိုဟ်ခုံ (၁)မှာရော (၂)မှာပါ ကြယ်အမှတ် သင်္ကေတပါပြီဆိုရင်တော့ ပြိုင်စံရှားသူဖြစ်ပါလိမ့်မယ်။ ပြိုင်ဖက်ကင်းတွေ ဖြစ်ပါလိမ့်မယ်။ သတ္တိရော ဗျူဟာပါ၊ နလုံးရည်ရော လက်ရုံးရည်ပါ ပြည့်စုံတဲ့ စစ်သူရဲကောင်းတွေ ဖြစ်တတ်ကြပါတယ်။ စစ်ဘက်ဆိုင်ရာ မလုပ်ဘဲ တခြားနေရာတွေမှာ လုပ်မယ်ဆိုရင်လည်း မဟာဗျူဟာနည်းဗျူဟာ ကျွမ်းကျင်တဲ့၊ စွန့်လွှတ်စွန့်စားရဲတဲ့ အတွက် ကြီးပွား ချမ်းသာအောင်မြင်မှုရမှာ သေချာသူတွေပဲ ဖြစ်တတ်ပါတယ်။ စီမံကိန်း၊ စီမံချက်တွေ ရေးဆွဲရာမှာ အလွန်တော်တဲ့၊ ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တတ်ပါတယ်။ ရှေ့ရေးနောက်ရေး မျှော်တွေး သိမြင်တတ်သူတွေ ဖြစ်တတ်ကြပါတယ်။

ခြုံပြီးပြောရရင်တော့ အင်္ဂါဂြိုဟ်ခုံ (၂)ပေါ်မှာ ကြယ်အမှတ်သင်္ကေတ ပါတဲ့သူတွေဟာ နလုံးရည်သမားတွေ၊ ဉာဏ်သမားတွေ၊ ဦးနှောက်ကောင်းသူ




www.burmeseclassic.com

www.burmeseclassic.com

တွေ၊ မဟာဗျူဟာ နည်းဗျူဟာ ကျွမ်းကျင်တဲ့သူတွေ ဖြစ်တတ်ကြပါတယ်။ စွန့်လွှတ် စွန့်စားရဲတာနဲ့အမျှ အောင်မြင်မှုတွေ ကောန်မှုချရရှိကြမယ့်သူတွေဖြစ်တတ်ကြပါတယ်။ မြေပုံပေါ်မှာ စစ်ဆင်ရေးဆင်နွှဲတဲ့၊ မိမိကိုယ်တိုင် သေနတ်တစ်ချက်မှ မပစ်ဘဲနဲ့စစ်ပွဲကိုနိုင်အောင်ဆင်နွှဲ တတ်သူတွေ ဖြစ်တတ်ကြပါတယ်။ ပစ္စုပ္ပန်ကာလနဲ့ အနာဂတ်ကာလ အတွက် အလွန်ကောင်းမွန်တဲ့ စီမံချက်များ ရေးဆွဲတတ်သူတွေ ဖြစ်လို့ သမိုင်းမှာ ပေါ်လွင်ထင်ရှား မှတ်တမ်းတင်ခြင်းများ ခံရတတ်ပါတယ်။

## မျက်နှာပွင့်တဲ့လက္ခဏာ



လက်မအရင်းမှာရှိတဲ့ ကြီးမားကျယ်ပြန့်တဲ့ နေရာကို သောကြာဂြိုဟ်ခုံ လို့ခေါ်ပါတယ်။ ပြည့်ဖြိုးဖောင်းကားနေတဲ့ သောကြာဂြိုဟ်ခုံပေါ်မှာကြယ်အမှတ် သင်္ကေတပါတဲ့သူ ဟာ အချစ်ရေးမှာ သူများတကာထက်ပိုပြီး စွံတတ်ကြပါတယ်။ တဏှာရာဂ ကာမစိတ်ဓာတ် ပြင်းထန်တတ်ကြသူတွေ ဖြစ်တတ်ကြပါတယ်။

သောကြာဂြိုဟ်ခုံပေါ်မှာ ကြယ်အမှတ်သင်္ကေတပါတဲ့သူဟာ ဆွဲဆောင်မှု ညှို့အားကောင်းသူများ ဖြစ်တတ်ကြပါတယ်။ လူအများရဲ့ စိတ်အာရုံကို ဖမ်းစားနိုင်တဲ့ ရုပ်ရည်ရူပကာနဲ့ အသံပိုင်ရှင်များဖြစ်တတ်ကြပါတယ်။ သောကြာဂြိုဟ်ခုံပေါ်မှာ ကြယ်အမှတ် သင်္ကေတပါတဲ့သူဟာ တခြား ယောကျ်ား မိန်းမတွေထက် ပိုပြီး မျက်နှာပွင့်၊ စန်းပွင့်တတ်ကြပါတယ်။ ထင်ပေါ်ကျော်ကြားလူသိများတတ်ကြပါတယ်။ လူအများရဲ့ စိတ်ဝင်စားမှုအာရုံစူးစိုက်မှု၊ ဩဘာလက်ခုပ်ပေးမှုကို ရရှိတတ်ကြပါတယ်။

သောကြာဂြိုဟ်ခုံပေါ်မှာ ကြယ်အမှတ် သင်္ကေတပါသူဟာ ဆန့်ကျင်ဘက်လိင်တွေကို မခွဲချင်မခွာရက်ဖြစ်အောင် ဆွဲဆောင်နိုင်စွမ်း ရှိတတ်ကြပါတယ်။ ဆန့်ကျင်ဘက် လိင်တွေအတွက် သံလိုက်ဓာတ်၊ ညှို့ဓာတ် ဆွဲအားကောင်း သူများဖြစ်တတ်ကြပါတယ်။ သောကြာဂြိုဟ်ခုံပေါ်မှာ ကြယ်အမှတ်သင်္ကေတပါသူဟာ တခြားဂြိုဟ်ခုံတွေ၊လမ်းကြောင်းတွေကလည်း ထောက်ကူပံ့ပိုးပေးမယ်ဆိုရင် နိုင်ငံကျော်၊ ကမ္ဘာကျော်၊ အနုပညာရှင်ကြီးတွေ၊သရုပ်ဆောင်တွေ၊အဆိုတော်တွေဖြစ်တတ်ကြပါတယ်။ သောကြာဂြိုဟ်ခုံပေါ်မှာ ကြယ်အမှတ်သင်္ကေတပါသူဟာ သူများနဲ့မတူတဲ့ ရုပ်ရည်ရူပကာနဲ့ပဲဖြစ်ဖြစ်၊ အမူအရာနဲ့ပဲ ဖြစ်ဖြစ်၊ အသံနဲ့ပဲဖြစ်ဖြစ်၊ လူအများကို စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်စွမ်း ရှိတတ် ကြပါတယ်။

သောကြာဂြိုဟ်ခုံပေါ်မှာ ကြယ်အမှတ်သင်္ကေတပါသူဟာ လောကစည်းစိမ်ခံစားတဲ့အခါ သူများထက်ပိုပြီး လွန်လွန်ကဲကဲ အစွမ်းကုန်ရယူ ခံစားတတ်ကြပါတယ်။ တခြားဂြိုဟ်ခုံတွေ၊ လမ်းကြောင်းတွေက အဆိုးဘက်ကို တွန်းပို့နေမယ်ဆိုရင် အောင်မြင်မှုတွေ ရနေဆဲမှာပဲ အရက်တကွဲ အကျိုးနည်းမှုတွေ ရင်ဆိုင်ရတတ်ပါတယ်။ အမြင့်ဆုံး ကနေပြုတ်ကျပြီး ဘဝဇာတ်သိမ်းရတတ်ပါတယ်။

သောကြာဂြိုဟ်ခုံပေါ်မှာ ကြယ်အမှတ်သင်္ကေတပါသူဟာ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် အချစ်ရေး၊ အိမ်ထောင်ရေး၊ [illegible]တွေး ပွေလီမ်တတ်ကြပါတယ်။ သူများထက်ပိုပြီး မျက်နှာပွင့်၊ စန်းပွင့်ကြတဲ့အတွက် အပျိုလူပျိုဘဝမှာပဲ ဖြစ်ဖြစ် အိမ်ထောင်ကျတဲ့အခါမှာပဲဖြစ်ဖြစ် အချစ်ရေး၊ အိမ်ထောင်ရေးတွေ ရှုပ်ထွေးပြီး တိုးတိုးတိတ်တိတ် ဖြေရှင်းလို့မရဘဲရုံးရောက်ဂါတ်ရောက်အထိ ဖြေရှင်းရင်ဆိုင်ရတတ်ပါတယ်။ ကျော်မကောင်း ကြားမကောင်းဆိုတဲ့ အဖြစ်မျိုးတွေနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

ခြုံပြီး ပြောရရင်တော့ သောကြာဂြိုဟ်ခုံပေါ်မှာ ကြယ်အမှတ်သင်္ကေတပါသူဟာ ယောကျ်ားပဲ ဖြစ်ဖြစ်။ မိန်းမပဲဖြစ်ဖြစ် သူများထက်ထူးတယ်။ ဆန့်ကျင်ဘက်လိင်တွေကို ဆွဲဆောင်အားပြင်းတယ်။ ညှို့ယူဖမ်းစားနိုင်တယ်။ ကာမရာဂစိတ် လွန်ကဲတယ်။ လောကစည်းစိမ် အဆုံးစွန်ရယူခံစားတယ်။ အသိတရား၊ သတိတရားနဲ့ ထိန်းချုပ်လုပ် ကိုင်နိုင်ရင် ထင်ရှားကျော်ကြားအောင်မြင်တဲ့ အနုပညာရှင်၊ သရုပ်ဆောင်၊ အဆိုတော် စတာ




www.burmeseclassic.com

www.burmeseclassic.com

တွေဖြစ်နိုင်ပါတယ်။ ကိုယ့်ကိုယ်ကို မထိန်းနိုင်ရင်လည်းဘဝမှာအကျနာပြီး ဇာတ်သိမ်းမလှ ဖြစ်ရတတ်ပါတယ်။

## ထင်ရှားကျော်ကြား ဝင်ငွေများတဲ့ လက္ခဏာ



အင်္ဂါဂြိုဟ်ခုံ(၂)ရဲ့ အောက်မှာရှိတဲ့ လက်ဝါးစောင်းရဲ့ အောက်ဆုံးပိုင်း သောကြာဂြိုဟ်ခုံနဲ့ ယှဉ်နေတဲ့နေရာ ဟာ တနင်္လာဂြိုဟ်ခုံဖြစ်ပါတယ်။

တနင်္လာဂြိုဟ်ခုံမှာ ကြယ်အမှတ် သင်္ကေတပါတဲ့သူဟာ ပစ္စည်းဥစ္စာ ခန ကြွယ်ဝချမ်းသာ ပြည့်စုံကုံလုံတဲ့သူ ဖြစ်တတ်ပါတယ်။ မျိုးရိုးစဉ်ဆက်အရ ချမ်းသာကြွယ်ဝမှု ရတတ်သလို တနင်္လာဂြိုဟ်ခုံမှာ ကြယ်အမှတ် ကလေးပါတာကြောင့် သူ့ဘဝမှာ လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေ ချောမွေ့အောင်မြင်ပြီး ကြီးပွားချမ်းသာ ပြည့်စုံမှု ရရှိလာတတ်ပါတယ်။

တနင်္လာဂြိုဟ်ခုံမှာ ကြယ်အမှတ် သင်္ကေတပါတဲ့သူတွေဟာ အနုပညာ လုပ်ငန်းတွေမှာလည်း ထင်ရှားကျော် ကြားပြီး ထွန်းပေါက်အောင်မြင်တဲ့သူ တွေဖြစ်တတ်ကြပါတယ်။ စိတ်ကူး စိတ်သန်းကောင်းတဲ့သူတွေ ဖြစ်တတ် ကြပါတယ်။ စိတ်ကူးယဉ်သမားတွေ ဖြစ် တတ်ကြပါတယ်။ တခြားသူတွေ မတွေးမိမကြံမိ မလုပ်မိတဲ့ အလုပ် တွေကို ဆန်းဆန်းပြားပြား တွေးကြံ လုပ်ကိုင်တတ်ကြပါတယ်။

တနင်္လာဂြိုဟ်ခုံမှာ ကြယ်အမှတ် သင်္ကေတပါတဲ့သူတွေဟာ ခရီးသွား လုပ်ငန်းနဲ့လည်း အကျိုးပေးတတ်ပါ တယ်။ ဟိုတယ်လုပ်ငန်း၊ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက် ခြင်း၊ ရေကြောင်းခရီး သင်္ဘောလိုင်း များလုပ်ဆောင်ခြင်း၊ ရေထွက်ပစ္စည်း မျိုးစုံရောင်းဝယ်ခြင်း စတာတွေနဲ့ လည်း အကျိုးပေးပါတယ်။ တနင်္လာ ဂြိုဟ်ခုံမှာ ကြယ်အမှတ်သင်္ကေတပါ တဲ့သူတွေဟာ သူများနဲ့ မတူတဲ့ အတွေး စိတ်ကူးတွေကို လက်တွေ့ ဖော်ကြုံးလုပ်ဆောင်ရင်း အနုပညာ လုပ်ငန်းနဲ့ဆက်စပ်တဲ့ လုပ်ငန်းမှန် သမျှမှာ တစ်မူထူးခြားတဲ့ အောင်မြင် မှုတွေ ရတတ်ကြပါတယ်။ တနင်္လာ ဂြိုဟ်ခုံမှာ ကြယ်အမှတ်သင်္ကေတပါ တဲ့သူတွေဟာ သဘင်၊ ရုပ်ရှင်၊ ဂီတ၊ ပန်းချီ၊ စာပေအနုပညာ လုပ်ငန်းတွေ မှာ သူများနဲ့မတူ ကွဲပြားခြားနားတဲ့ အတွေးအခေါ်၊ လုပ်နည်းလုပ်ဟန်၊ လုပ်ရပ်ပြောဆိုမှုတွေကြောင့် ထင်ရှား ကျော်ကြားပြီး အောင်မြင်မှုများရတတ် ပါတယ်။ တနင်္လာဂြိုဟ်ခုံမှာ ကြယ် အမှတ်သင်္ကေတပါတဲ့ သူတွေဟာ အတွေးခေါ်လွန်း၊ စိတ်ကူးယဉ်လွန်း လို့ သဘာဝလွန်သဘော တရားတွေ ကိုတွေးမိတတ်ကြပါတယ်။ ခေတ်ရှေ့ ပြေးတဲ့ အတွေးအခေါ်အယူအဆတွေ ကိုလည်း တွေးမြင်မိတတ်ကြပါတယ်။

ဒါကြောင့်လည်း တနင်္လာဂြိုဟ်ခုံမှာ ကြယ်အမှတ် သင်္ကေတပါတဲ့ သူတွေ ဟာ ဦးနှောက်ကိုထိခိုက်ပြီး စိတ် ဝေဒနာပြင်းပြစွာခံစားရခြင်းနဲ့ သေဆုံး ခြင်းအထိ ဖြစ်တတ်ကြပါတယ်။ ခြုံပြီး ပြောရရင်တော့ တနင်္လာဂြိုဟ်ခုံမှာ ကြယ်အမှတ် သင်္ကေတပါတဲ့သူတွေ ဟာ ကံကောင်း သူတွေပါလို့ပြောရမှာ ဖြစ်ပါတယ်။ တခြားဂြိုဟ်ခုံတွေ၊ လမ်း ကြောင်းတွေရဲ့ကောင်းမွန်တဲ့ ပံ့ပိုးမှုကို ရမယ်ဆိုရင် စည်းစိမ်ဥစ္စာခန ကြွယ်ဝ ချမ်းသာပြည့်စုံ ကုံလုံသူတွေ ဖြစ်ပါ လိမ့်မယ်။ ထင်ရှားကျော်ကြားပြီး အောင်မြင်မှုများနဲ့ ပြည့်ဝသူတွေ ဖြစ် ပါလိမ့်မယ်။ စိတ်ကို မထိန်းနိုင်ရင် တော့ အတွေးလွန်ပြီး လောကကြီးနဲ့ ကင်းကွာလျက် ဦးနှောက်ပျက်၍ အသက်ပါ ဆုံးရှုံးရပါလိမ့်မယ်။

သင့်ရဲ့ ဘယ်ညာလက်ဝါးတွေကို ဖြန့်ကြည့်လိုက်ပါ အထက်မှာ ဖော်ပြ ခဲ့တဲ့ ဂြိုဟ်ခုံတွေရဲ့ တစ်နေရာရာမှာ ကြယ် အမှတ်သင်္ကေတကလေး တစ်ခုကိုတွေ့ပြီဆိုရင် သင်ဘာဖြစ် မယ်ဆိုတာ မှန်းဆလို့ရပြီ ထင်ပါ တယ်။ တခြားဂြိုဟ်ခုံတွေ၊ လမ်း ကြောင်းတွေရဲ့ ထောက်ကူပံ့ပိုးမှု ကြောင့် အနည်းနဲ့အများတော့ အကျိုး အပြစ်တွေ ကွာခြားသွားနိုင်တယ် ဆိုတာ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါ တယ်။

ဆက်ပါဦးမည် . . .

ချမ်းသာကိုယ်စိတ်မြဲပါစေ . . .

**ဒေါက်တာစောယုနွယ်**
Ph D(Tantra)(Kol-India)Astrologer



www.burmeseclassic.com

www.burmeseclassic.com

# ကထာဝတ္ထု ဟူသည်ကား

■ ဆင်ဖြူကျွန်းအောင်သိန်း

ကထာဝတ္ထု။

ကျမ်းအမည်ကိုက ကထာဝတ္ထု ကျမ်း ဖြစ်ပေသည်။

ကထာဝတ္ထုဟူသည် မှန်ကန်သော အကြောင်းယုတ္တိ အထောက်အထားတို့ဖြင့် မိမိဝါဒကို တည်စေကြောင်း။ တစ်ဖက်ဝါဒတို့ကို ပယ်ဖျက်ကြောင်း စကားတို့၏တည်ရာဖြစ်၍ အဘိဓမ္မာသဘာဝ အနှစ်သာရတို့နှင့် ပြည့်စုံသောကျမ်းဟု အဓိပ္ပာယ်ရပေသည်။

ကထာဝတ္ထု အကြောင်းမှာ ဤသို့ဖြစ်ပေ၏။

သာသနာနှစ် ၂၇၁ (ဘီစီ ၂၇၃) တွင် မဂဓတိုင်း ပါဋလိပုတ်ပြည်၌ နန်းတက်တော်မူသော အသောကမင်းတရားကြီးသည် နန်းတက်ပြီး လေးနှစ်မြောက် သာသနာနှစ် ၂၇၅ (ဘီစီ ၂၆၉) တွင် အဘိသိက်ခံ၍ လေးနှစ်အကြာ၌ တွေ့တော်သူ ခုနစ်နှစ်အရွယ် ရှင်ပြုသောမထေရ်ကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင် ဖြစ်လာ၏။

အသောက မင်းတရားကြီးသည် ထိုသို့ ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီးလျှင် အဘိသိက်ခံပြီး ၂၉ နှစ်မြောက်တွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်ထံ ချဉ်းကပ်၍ မြတ်စွာဘုရား၏ တရားတော်ကို သင်ကြားလေ့လာလျက်ရှိစဉ် ဖြစ်ပေါ်နေသော သံဃာဂိုဏ်း၏ အဓိကရုဏ်းကို ငြိမ်းစေရမည်။ ဤတွင် ဖော်ပြပါရှိသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကား မည်သူနည်း ဖော်ပြရန် လိုပေလိမ့်မည်။

ထိုအရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ကား မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ဝိနယဓရ နေဒဖဂ်ရ အရှင်ဥပါလိမထေရ်မြတ်၏ ငါးဆက်မြောက်တပည့်ဖြစ်ပေသည်။ ဖြစ်ပုံမှာ ဤသို့ပေတည်း။

ဦးစွာပထမ . . . အရှင်ဥပါလိမထေရ်မြတ်၏ တပည့်ရင်းမှာ အရှင်ဒါသက မထေရ်မြတ်၏ ၎င်းဒါသကမထေရ်မြတ်၏တပည့်မှာ အရှင်သောဏမထေရ်ဖြစ်၍ ၎င်း၏တပည့်မှာ အရှင်သိဂ္ဂဝမထေရ်ဖြစ်ပေ၏။ ၎င်းသိဂ္ဂဝအရှင်၏တပည့်မှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿအရှင် ဖြစ်တော်မူ၏။ သို့ကြောင့် အရှင်ဥပါလိ၏ ငါးဆက်မြောက် တပည့်ဟု ဆိုခဲ့ခြင်းဖြစ်ပေသည်။

ထိုအရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ဝေသာလီပြည် မောဂ္ဂလိပုဏ္ဏားၡ သားဖြစ်သည်။ သူသည် ခုနစ်နှစ်သားအရွယ်ကပင် ဝေဒကျမ်းတို့၌ ပွန်းတီးလိမ်မာခဲ့ပြီး အရှင်သိဂ္ဂဝမထေရ်မြတ်ထံ၌ ရှင်သာမဏေပြုခဲ့ကာ ဗုဒ္ဓပိဋကတ်တော်များကို သင်ကြားခဲ့သည်။

ထို့နောက် အရှင်သိဂ္ဂဝမထေရ်မြတ်၏ စေလွှတ်ချက်အရ အရှင်မဟာမောဂ္ဂလိပုတ္တတိဿသည် အရှင်စဏ္ဍဝဇ္ဇိတ မထေရ်ထံသို့ ရောက်ရှိ၍ ပိဋကတ်တော်များကို ဆက်လက်သင်ကြားခဲ့သည်။ ထိုမှ ဆရာသခင်တို့ မျက်ကွယ်ပြုချိန်တွင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဟူသော အမည်ဖြင့် ထေရဝါဒ သံဃာဂိုဏ်းကြီး၏ နာယကအဖြစ်သို့ ရောက်ရှိတော်မူသည်။

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် နာယကဖြစ်တော်မူချိန်ဝယ် အသောမင်းတရားကြီး ဗုဒ္ဓသာသနာတော်မြတ်၏ ဥပါသကာ ဒါယကာဖြစ်၍ နေ့စဉ်နေ့တိုင်း ဘုရား၊ တရား၊ သံဃာနှင့် ဆရာဖြစ်သော နိဂြောဓသာ

www.burmeseclassic.com

မထေရ်တို့အား တစ်သိန်းစီနှင့် သံဃာတော်တို့၏ ဆေးဝါးပစ္စည်းအတွက် တစ်သိန်းပါ ငါးသိန်းသောဥစ္စာတို့ကို ပေးလှူတော်မူသည်။

ထိုအခါ သံဃာ့ဂိုဏ်း တစ်ဆယ့်ရှစ်ဂိုဏ်း အဝင်အပါ ဗုဒ္ဓမြတ်စွာ၏ သာသနာကြီးသည် ပူဇော်သက္ကာရ လာဘ်လာဘပေါများ၍ ထွန်းကားပွင့်လင်းနေပေတော့သည်။ အထက်တွင် သံဃာ့ဂိုဏ်း တစ်ဆယ့်ရှစ်ဂိုဏ်းဟု ဖော်ပြခဲ့သဖြင့် ထိုဂိုဏ်း ၁၈ ဂိုဏ်း အကြောင်းကို အနည်းငယ်မျှ ဖော်ပြပါဦးမည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် သာသနာနှစ်တစ်ရာအရောက်တွင် ဝဇ္ဇီတိုင်းသား ရဟန်းများသည် အဓမ္မဝတ္ထုဆယ်ပါးကို ကျင့်သုံးပြောဟောနေကြသဖြင့် အသျှင်ယသမထေရ်မြတ်က အားထုတ်ကြိုးပမ်းလျက် လဇ္ဇီသူ့မွန်ပညာဝန် ဖြစ်တော်မူကြသည့် ရဟန္တာများကို ပင့်ဖိတ်ဆောင်ရွက်ရသည်။

အရှင်မဟာ ယသမထေရ်သည် အဓမ္မဝါဒီ ဝဇ္ဇီတိုင်းသားများကို နှင်ထုတ်ပြီးလျှင် ခုနစ်ရာသော ရဟန္တာမထေရ်ကြီးတို့ကို စုစည်းကာ မဂဓတိုင်းရှင်ဘုရင်ကာလာသောကာ မင်းကြီး၏ ကူညီထောက်ပံ့မှုဖြင့် ဒုတိယသံဂါယနာတင်တော်မူခဲ့ကြသည်။

ထိုအခါ ဝဇ္ဇီတိုင်းသား ရဟန်းများကလည်း မိမိတို့နှင့် သဘောတူညီသော အသင်းအပင်းကို ရှာကြံစုပေါင်း၍ ကောသမ္ဗီပြည်တွင် စင်ပြိုင်သံဃာယနာတင်ကြ၏။

ထိုသံဂါယနာကို သံဃာတစ်သောင်းဖြင့် သံဂါယနာတင်သဖြင့် မဟာသံဃိက သံဂါယနာဟူသော အမည်ကို ခံယူခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့ဂိုဏ်းကို မဟာသံဃိကဂိုဏ်းဟူ၍လည်းကောင်း။ မဟာသံဂီတိဂိုဏ်းဟူ၍ခွဲ၍လည်းကောင်း ခေါ်တွင်စေခဲ့ကြသည်။

ထိုအချိန်မှစ၍ ပထမသံဂါယနာတင် သံဃာတော်အစဉ်မှ ထေရဝါဒဂိုဏ်း မဟာသံဃိက (မဟာသံဂီတိ) ဂိုဏ်းဟူသော ဂိုဏ်းကြီးနှစ်ဂိုဏ်းကွဲပြား၍လာကြသည်။ ထို့နောက် မဟာသံဃိက ဂိုဏ်းဝင်တို့သည် ၎င်းတို့၏ ဂိုဏ်းကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့်အောင် ဖြန့်လွှင့်အားထုတ်ကြပြားနှစ်ပေါင်း နှစ်ရာအတွင်း၌ အောက်ပါကဲ့သို့ ဂိုဏ်းအမျိုးမျိုး ကွဲပြားလာကြသည်။

မူလမဟာသံဃိက (မဟာသံဂီတိ) ဂိုဏ်းမှ (၁) ဂောကုလိကဂိုဏ်းနှင့် (၂) ဧကဗျောဟာရဂိုဏ်းဟူ၍ နှစ်ဂိုဏ်းကွဲလာကြပြီးနောက် ဂောကုလိတဂိုဏ်းမှ တစ်ဖန် (၃) ပဏ္ဏတ္တိဂိုဏ်းနှင့် (၄) ဗဟုသုတိကဂိုဏ်းဟူ၍ ကွဲလာပြန်၏။

အကွဲကွား ယခုမှကွဲ၍ကောင်းတုန်းဖြစ်ကြရာ ထိုမှတစ်ဖန် ၎င်းဗဟုသသုတိကဂိုဏ်းမှပင် (၅) စေတိယဂိုဏ်းဟူသော အမည်ဖြင့် တစ်ဂိုဏ်းထွက်လာပြန်ရာ မူလ မဟာသံဃိကဂိုဏ်းနှင့်သော် ဂိုဏ်းခြောက်ဂိုဏ်းကွဲလာ၏။

မူလ ထေရဝါဒဂိုဏ်းကြီးမှာလည်း ဦးစွာ (၁) မဟိသာသကနှင့် (၂) ဝဇ္ဇီပုတ္တကဟု နှစ်ဂိုဏ်းကွဲပြားလာပြီးနောက် တစ်ဖန် ဝဇ္ဇီပုတ္တကဂိုဏ်းမှ (၃) ဓမ္မုတ္တရိယ (၄) ဘဒြယာနိက (၅) ဆန္နာဂါရိယ (၆) သမ္မိတိယဟု လေးဂိုဏ်းကွဲပြန်လေ၏။

မဟိသာသကဂိုဏ်းမှ (၇) သဗ္ဗဂုတ္တဟူ၍ နှစ်ဂိုဏ်းကွဲပြီးနောက် သဗ္ဗတ္ထိဂိုဏ်းမှ (၉) ကဿပိက (၁၀) သင်္ကန္တိက (၁၁) သုတ္တဝါဒဟု အဆင့်ဆင့် သုံးဂိုဏ်းကွဲလာပြန်သည်။ သို့နှင့် မူလ ထေရဝါဒဂိုဏ်းကြီးနှင့်သော် ၁၂ ဂိုဏ်း ဖြစ်လာတော့သည်။ ဤသို့လျှင် သာသနာတော်နှစ် ၂၀၀ အတွင်း၌ ထေရဝါဒဂိုဏ်းကွဲ ၁၂ ဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းကွဲ ၆ ဂိုဏ်း။ နှစ်ရပ်ပေါင်းသော် သံဃာ့ဂိုဏ်း ၁၈ ဂိုဏ်းဖြစ်လာသည်။

ထိုမျှသာမက နောက်၌ ဟေမဝတ၊ ရာဇဂိရိက၊ သိဒ္ဓတ္ထိက၊ ပုဗ္ဗသေလိက၊ အပရသေလိယ၊ ဝါဇိရိယဟူ၍ ဆက်ဆက် ခြောက်ဂိုဏ်းကွဲလာသေးသည်ဟု တွေ့ရှိရသေး၏။ ထိုခြောက်ဂိုဏ်းတွင် ပုဗ္ဗသေလိယနှင့် အပရသေလိယ၊ ရာဇဂိရိက၊ သိဒ္ဓိတ္ထိက လေးဂိုဏ်းကို အန္ဓကဂိုဏ်းဟု ခေါ်တွင်ကြောင်း ယင်းအန္ဓကဂိုဏ်းတို့သည် နောက်ပိုင်းမှဖြစ်ပေါ်လာကြ၍ မထွန်းကားသဖြင့် အထူးအမှတ်အသားမထားကြကုန်။

အသောက မင်းတရားကြီးသည် ဖွားသည်မှ စ၍ မင်းဖြစ်သည့်တိုင်အောင် မျိုးရိုးစဉ်လာအတိုင်း ရှေးဘိုး



www.burmeseclassic.com

www.burmeseclassic.com

တော် ခမည်းတော်တို့ကဲ့သို့ပင် ဖြူပွားထ ဆရာနှင့် ဖြူပွားထနွယ်ဝင် တိတ္ထိတက္က တွန်းတို့ကို နေ့စဉ် ဆွမ်းဝတ်ပြုကာ ကိုးကွယ်၍ နေခဲ့သည်။

သို့သော် နိဂြောဓသာမဏေကို အကြောင်းပြု၍ ဗုဒ္ဓသာသနာ၏ ဥပါသကာ ဒါယကာဖြစ်လာသောအခါ တိတ္ထိတက္ကတွန်းတို့မှာ လာဘ်လာဘပါးရှား၍ စားဝတ်နေရေး ခက်ခဲလာရကား ဗုဒ္ဓသာသနာတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ၎င်းတို့ ဗုဒ္ဓသာသနာတွင်းသို့ ဝင်ရောက်လာခြင်းမှာ သဒ္ဓါပဗ္ဗဇိတ အဖြစ်ဖြင့် ဝင်ရောက်လာသူများ မဟုတ်သဖြင့် ကြီးစွာသော အန္တရာယ်ဖြစ်လာခဲ့ပေတော့သည်။

အဘယ်ကြောင့်ဆိုသော် တိတ္ထိတက္ကတွန်းတို့သည် ၎င်းတို့၏မူရင်းဖြစ်သော မိစ္ဆာဝါဒ တိတ္ထိဓမ္မတို့ကို ဗုဒ္ဓဝါဒ အနေပြု၍ ဟောပြောကြသဖြင့် သာသနာတော်အတွင်းသို့ မိစ္ဆာဝါဒများ ထိုးဖောက်စွဲဝင်၍ လာကြသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ၁၈ ဂိုဏ်းဝင် သံဃာတော်များသည် လွန်စွာတုန်လှုပ်ကြကုန်လျက် ဝိနယကုက္ကုစ္စ ဖြစ်တော်မူကြပြီးလျှင် သံဃာမသန့်စင်မှုကို အကြောင်းပြု၍ အချင်းချင်း ဥပုသ်ပဝါရဏာမပြုကြဘဲ ခုနစ်နှစ်တိုင်တိုင် ရှောင်လွှဲ၍ ဆင်းရဲငြိုငြင်စွာ သီတင်းသုံးတော်မူကြရသည်။

ထိုစဉ်အခါ၌ သံဃာတော်ဖြစ်ဆော်မူသော အသျှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည် ဖြစ်ပေါ်နေသော အဓိကရုဏ်းကို သုံးသပ်လျက် အရှင်မဟိန္ဒမထေရ်ထံ သံဃာ့ကိစ္စအပ်နှင်း၍ ဂင်္ဂါမြစ်ညာသို့ ကြွရောက်သီတင်းသုံးတော်မူနေလေသည်။

ဤသို့ သာသနာတော်၏အရေးမှာ ရှုပ်ထွေးပွေလီမ်နေသည့်အတွင်း သာသနာ့ဒါယကာ အသောကမင်းတရားကြီးက ဖြေရှင်းရန် စေလွှတ်အပ်သော အမတ်၏ မလိမ်မှုကြောင့် ပိုမိုအရုပ်ဆိုးရသည့် အဖြစ်များပါကြုံ၍ လာရတော့သည်။

ထိုသို့ကြုံရသဖြင့် မင်းတရားကြီးမှာ သာသနာတော်တွင် ဖြစ်ပေါ်နေသော အခြေအနေကို ဖြေရှင်းနိုင်မည့် ပုဂ္ဂိုလ်ကို ရှာဖွေရတော့၏။ ထိုအခါ အားလုံးသော သံဃာတော်အရှင်တို့ကပင် အသျှင်မဟာမောဂ္ဂလိ ပုတ္တတိဿကို တညီတညွတ်တည်း ညွှန်ပြကြ၏။

မင်းကြီးသည် မထေရ်မြတ်ကို သုံးကြိမ်တိုင်အောင် အပင့်လွှတ်ရ၏။ အရှင်မြတ် ကြွလာတော်မူသောအခါ အရှင်မြတ်သည် ကျောင်းတော်သို့မကြွသေးပဲ ဥယျာဉ်တော်သို့ ကြွတော်မူ၏။ အရှင်မြတ်သည် ဥယျာဉ်တော်၌ ခုနစ်ရက် သီတင်းသုံးတော်မူစဉ် အယူဝါဒတို့ကို မင်းကြီးနားလည်စေရန် သင်ကြားပေးပြီးမှ ကျောင်းတော်သို့ ကြွလာတော်မူသည်။

ကျောင်းတော်သို့ ရောက်လျှင် အရှင်မြတ်သည် သံဃာအစည်းအဝေးခေါ်ကာ တင်းတိမ်အတွင်းသို့ တစ်ပါးချင်းခေါ်သွင်းသည်။ ထို့နောက် ဗုဒ္ဓဝါဒကို မေးမြန်းတော်မူသည်။

"မြတ်စွာဘုရားသည် အဘယ်ဝါဒရှိသနည်း"

တိတ္ထိဘောင်မှလာသော ရဟန်းတို့သည် မိမိတို့ သိထားသည့်အတိုင်း သဿတအယူ၊ ဧကစ္စသဿတအယူ၊ အန္တာနန္တိကအယူ၊ အမရာဝိက္ခေပိကအယူ၊ အဓိစ္စသမုပ္ပန္နအယူ၊ သညီဝါဒ၊ ဉစ္ဆေဒဝါဒ၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ အစရှိသည်ဖြင့် အသီးသီးဖြေကြားကြကုန်သည်။

ထိုအခါ အသောကမင်းတရားကြီးသည် ရှေးဦးကပင် အယူဝါဒတို့ကို သင်ကြားထားပြီး ဖြစ်သည့်အတိုင်း ထိုရဟန်းတို့၏ အဖြေကိုကြားလျှင်ပင် "ဤရဟန်းသည် ရဟန်းကောင်းမဟုတ် မိစ္ဆာဒိဋ္ဌိအယူရှိသူတည်း"ဟုသိကာ အဝတ်ဖြူလဲ၍ နှင်ထုတ်စေ၏။

"မြတ်စွာဘုရားသည် ဝိဘဇ္ဇဝါဒီဖြစ်၏"

ထိုကဲ့သို့ဖြေကြားသော ရဟန်းများကိုတွေ့လျှင် "ဤရဟန်းတို့သည် ရဟန်းအစစ်တို့တည်း"ဟု သိရသဖြင့် အားပေးစကားပြောကြား၍ ကောင်းမွန်စွာ သီတင်းသုံးစေလေသည်။ ဤနည်းဖြင့် သံဃာစင်ကြယ်သောအခါ ရဟန်းတော်တို့ကို တညီတညွတ်တည်း ဥပုသ်ပြုစေတော်မူ၏။

ထိုအစည်းအဝေး၌ သံဃာ့ထေရ်ဖြစ်တော်မူသော အသျှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် လက်ရှိဖြစ်ပေါ်နေသော ဘေးကဲ့သို့ မလိုလားအပ်သော ဘေးအန္တရာယ်ကြီးများ နောင်သာသနာတော်တစ်လျှောက်တွင် မပေါ်ပေါက်စိမ့်သောငှာ မြတ်စွာဘုရား ထေး

www.burmeseclassic.com

တော်မူခဲ့သော မာပဟိကာကို အကျယ်ဝေဖန်လျက် "သက္ကဝါဒသုတ် ငါးရာ၊ ပရဝါဒသုတ်ငါးရာ" စုစုပေါင်း သုတ်တစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ကထာဝတ္ထုကျမ်းကို ဟောတော်မူလေသည်၊ ဤ၌ ကထာဝတ္ထုဟူသော အမည်ကို စိစစ်ဖွယ်လိုလာပေသည်။

ကထာဟူသောပုဒ်၊ ဝတ္ထုဟူသော ပုဒ် ထိုနှစ်ပုဒ်တွင် ကထာဟူသောပုဒ်၏အဓိပ္ပာယ်မှာ (၁) ပြောဆိုခြင်း။ (၂) ပြောဆိုကြောင်းနှင့် (၃) ပြောဆိုရာဟူ၍ ထွက်ပေါ်၏။ ယင်းသို့ ထွက်ပေါ်လာသော အဓိပ္ပာယ်ရပ်တို့ကို အရကောက်လျှင် ဤသို့ ထွက်ပေါ်လာကြပေသည်။

(၁) မင်္ဂိုလ်မှ ဗီလာဖြစ်သော တိရစ္ဆာနကထာ။

(၂) ဆန့်ကျင်ဖက် ဖိနှိပ်ပြောဆိုသော ဝိဂ္ဂါပဟိကကထာ။

(၃) ဝမ်းမြောက်ဖွယ်၊ အမြဲသတိရဖွယ်ဖြစ်သော သမ္မောဒနီယ၊ သာရဏီယကထာ။

(၄) သဗ္ဗညု ဘုရားရှင်တို့က ဝေနေယျသတ္တဝါတို့အား အစဉ်အတိုင်း ဟောကြားလေ့ရှိသော အနုပုဗ္ဗိကထာ။

(၅) အချင်းချင်း နှုတ်ဆက်ခေါ်ဝင် တိုင်ပင်ဆွေးနွေးသော အာလာပသလ္လာပကထာ။

(၆) ကြံဆတွေးတော၍ ပြောဆိုရေးသားအပ်သော အဖွဲ့အနွဲ့ပုံပြင်၊ ပြဇာတ်မျိုးပါဝင်သည့် ပဗန္ဓကနကထာ။

ထို့ပြင်လည်း (၁) ဝါဒကထာ= မဖောက်မပြန် မှန်သောယုတ္တိ အကိုးသာဓကတို့ဖြင့် မိမိဝါဒကို တည်စေကြောင်း။ တစ်ဖက်ဝါဒကို ပယ်ဖျက်ကြောင်းစကား။ (၂) ဇပ္ပကထာ=အပြိုင်စကား။ အဖျက်စကား။ ဖိနှိပ်ကြောင်းစကားတို့ဖြင့် မိမိဝါဒကို တည်စေခြင်း။ တစ်ဖက်ဝါဒကို ပယ်ဖျက်ခြင်းငှာ အားထုတ်ကြောင်းစကား။ (၃) ဝိတဏ္ဍာကထာ=အပြိုင်စကား၊ အဖျက်စကား၊ ဖိနှိပ်ကြောင်းစကားတို့ဖြင့် တစ်ဖက်ဝါဒကို ပယ်ဖျက်ခြင်းငှာသာ အားထုတ်ကြောင်းစကားဟူ၍ သုံးမျိုးရှိပြန်ရာ ဤကထာဝတ္ထုလာ ကထာအရ ဝါဒကထာကိုသာ လိုအပ်ကြောင်း ကထာဝတ္ထု အနုဋီကာ၌ ဆိုထားပေသည်။

တစ်ဖန်. . .ဝတ္ထုဟူသောပုဒ်၏ အဓိပ္ပာယ်မှာ တည်ရာ၊ ဖြစ်ရာဟူ၍ ထွက်လာနိုင်ရာ တည်ရာဟူသော အဓိပ္ပာယ်ကိုယူဆ၍ (၁) ပူဇော်ခြင်း၏ တည်ရာဖြစ်သော ပူဇာဝတ္ထု (၂) ကျောင်း၏တည်ရာ ကုဋိဝတ္ထု (၃) အိမ်၏တည်ရာ ဃရဝတ္ထု။ (၄) စိတ်စေတသိက်တို့၏တည်ရာ ရုပ်ဝတ္ထု စသည်တို့အပြင် ပြာကရိုက်အဘိဓာန်အလို ကျမ်းဂန်နှင့် ကျမ်းဂန်၏ အပိုင်းတို့ကိုပါ ရနိုင်၏။ ထိုမှတစ်ပါး သက်န်းကရိုက်အဘိဓာန်တို့တွင် အဘိဓမ္မာသဘာဝ အနှစ်သာရ စသည်တို့ကိုပါ ယင်းဝတ္ထုပုဒ်က ဟောနိုင်သေးကြောင်း အဆိုရှိပေသည်။

ထိုအဓိပ္ပာယ်တို့ကို စိစစ်၍ ကထာဝတ္ထု၏ အဓိပ္ပာယ်ကို ဖော်ထုတ်လျှင် မှန်ကန်သောအကြောင်း ယုတ္တိ အထောက်အကိုးတို့ဖြင့် မိမိဝါဒကို တည်စေကြောင်း။ တစ်ဖက်ဝါဒကို ပယ်ဖျက်ကြောင်း စကားတို့၏တည်ရာဖြစ်၍ အဘိဓမ္မာသဘာဝ အနှစ်သာရတို့ဖြင့် ပြည့်စုံသောကျမ်းဟု ဆိုခဲ့ခြင်းဖြစ်ပေသည်။

သို့ဖြစ်ရကား ဗုဒ္ဓဝါဒကို အပြည့်အစုံပြ၍ သာသနာပ အညတိတ္ထိယတို့၏ ဝါဒအမျိုးမျိုး မိစ္ဆာတရားဆိုးတို့ကို ဖျက်ချိုးသုတ်သင်ရာဖြစ်သော ဗုဒ္ဓရှင်တော်မြတ်များကိုယ်တိုင် သခင်္ခေပဒေသနာမာတိကာအနေဖြင့် ဟောခဲ့၍ သာဝက သာဝိကာ ရဟန္တာအရှင်မြတ်များပင် မပြတ်လေ့လာ သုံးသပ်ရာဖြစ်သော ပဋိသမ္ဘိဒါပတ္တ ဗုဒ္ဓသာဝက တတိယသံဂါယနာ သံယနာယက အသျှင်မဟာမောဂ္ဂလိပုတ္တတိဿ အကျယ်ဟောကြားတော်မူခဲ့သော ဤကထာဝတ္ထုကျမ်းသည် နတ်ဝှမ်းပြင်ကျယ် ဗုဒ္ဓဝါဒ တည်းဟူသော သမုဒ္ဒရာပင်လယ်တွင် ခန့်ထည်သော သဘော်ကြီးသဖွယ် ဖြစ်သဖြင့် လွန်စွာအရေးကြီးလှသော ကျမ်းကြီးတစ်ကျမ်း ဖြစ်ပေသည်ဟု ဖော်ပြထားပါသည်။

ဆင်ဖြူကျွန်းအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ

# စိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

**နာမည်ကျော် စာရေးဆရာအချို့၏ စိတ်နယ်လွန်ဖြစ်ရပ်များ**

**မတ်တွိုင်း (MARK TWAIN)**

အမေရိကန် ဟာသစာရေးဆရာကြီး မတ်တွိုင်းသည် အိပ်မက်နိမိတ်များကို လွန်စွာယုံကြည်ခဲ့သည်။ သူ့ဘဝနှင့် အိပ်မက်နိမိတ်တို့ ဆန်းပြားစွာ ဆက်စပ်နေပါသည်ဟု အတိအလင်းဆိုခဲ့သည်။

မတ်တွိုင်းသည် လူငယ်ဘဝတွင် မစ္စစပီမြစ်တွင် ခုတ်မောင်းသည့် မီးသင်္ဘောတစ်စီးဆက်တွင် ရေကြောင်းပြအဖြစ် အမှုထမ်းခဲ့သည်။ သူ၏အစ်ကို ဟင်နရီလည်း ထိုသင်္ဘောထက်တွင် အလုပ်လုပ်နေခဲ့သည်။

တစ်ညတွင်မူ မတ်တွိုင်းသည် သူ့အစ်ကိုကို သေသည်ဟု အိပ်မက်မက်ခဲ့သည်။ ကြီးမားသော အခန်းအလယ်ရှိ သတ္တုခေါင်းတလားထဲတွင် သူ့အစ်ကို၏အလောင်းကို တွေ့ရသည်။ ရိုက်ကြီးတငင်ငိုကြွေးနေသော အမျိုးသမီးတစ်ယောက်သည် ပန်းအဖြူများဝန်းရံထားသော တစ်ပွင့်တည်းသော နှင်းဆီပန်း အနီပန်းခွေလေးတစ်ခုကို သူ့အစ်ကို၏ ရင်ဘတ်ပေါ်တင်လိုက်သည်။

နောက်တစ်နေ့ နံနက်တွင်မူ တွိုင်းသည် ဆိုချောက်ချားဖွယ်အိပ်မက်အကြောင်းကို သူ့အစ်မကို ပြန်ပြောပြခဲ့သည်။ တွိုင်းသည် ထိုအိပ်မက်ကို နိမိတ်ဆိုးဟု ယူဆမိခဲ့သော်လည်း ဆန်းကြယ်သော အိပ်မက်တစ်ခုအဖြစ်သာ ပေါ့ပေါ့ထားလိုက်သည်။

မတ်တွိုင်းသည် သူ၏မီးသင်္ဘောရှိရာ ပင်ဆလ်ဗေးနီးယားသို့ ပြန်ရောက်သောအခါတွင်မူ ထိုသင်္ဘောက ထွက်ခွာသွားပြီး သူ့ကိုမူ အေတီလေစီမီး သင်္ဘောသို့ ပြောင်းရွှေ့ထားခဲ့ကြောင်း တွေ့ရသည်။ လေစီထသင်္ဘောသည် နောက်နှစ်ရက်အကြာတွင် ခရီးထွက်လာသည်။ ထိုလေစီမီးသင်္ဘောကြီး မန်းပစ်မြို့သို့ရောက်ချိန်တွင် မတ်တွိုင်းသည် တုန်လှုပ်ချောက်ချားစရာ သတင်းတစ်ခုကို ကြားလိုက်ရသည်။ ထိုသတင်းကား ပင်ဆလ်ဗေးနီးယား မီးသင်္ဘောပေါက်ကွဲသည့် သတင်းပင်ဖြစ်သည်။

"မန်းပစ်ဆိပ်ကမ်းဆီ ခုတ်မောင်းဝင်လာခါစမှာပဲ တစ်ခါတည်းပေါက်ကွဲသွားတယ်။ မီးတောက်မီးလျှံကြီးဖြစ်သွားတယ်။ လူတွေသေကြတာ သောက်သောက်လဲပဲ။ အလောင်းတွေ နေရာတကာမှာ ပွနေတာ။

ဆိပ်ခံတံတားထက်မှ အဘိုးကြီးတစ်ယောက်က ရှင်းပြခဲ့သည်။ ထိုသတင်းဆိုးကြောင့် တုန်လှုပ်ချောက်ချားနေခဲ့သော မတ်တွိုင်းသည် သူ့အစ်ကိုကို မန်းပစ်ဆေးရုံတွင် တွေ့ရှိခဲ့သည်။ ဒဏ်ရာမှာ ပြင်းထန်ဆိုးဝါးလှသောကြောင့် မတ်တွိုင်းစောင့်ကြည့်နေသည့်ကာလ လေးရက်နေ့မြောက်တွင် ကွယ်လွန်သွားခဲ့သည်။

မတ်တွိုင်းသည် သူ့အစ်ကို၏အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ရန်အတွက် သုဘရာဇာထံသွားရောက်၍ အစီအစဉ်လုပ်သောအခါတွင်မူ သူ့အစ်ကို၏ရုပ်အလောင်းကို သတ္တုခေါင်းတလားတစ်ခုဖြင့် မြှုပ်နှံရန် အစီအစဉ်များပြုလုပ်ထားပြီးဖြစ်နေသည်ကို တွေ့ခဲ့ရသည်။

"မန်းပစ်မြို့က မိန်းမပျိုတွေရဲ့လက်ဆောင်လို့ ဆိုရမှာပဲ။ မင်းအစ်ကိုက ရုပ်ဖြောင့်တော့ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ဖြစ်ခဲ့တယ်"

သုဘရာဇာက မတ်တွိုင်းအနားကပ်၍ တီးတိုးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

# အရှက်လင်းချိန်

ရဲဖြင့်နောင်

* 'ဆွမ်းတော်ဖျို့' သံပြိုင်ကြွေး
ကုသိုလ်ရေး ဝန်းကာဆောင်။

* သံသရာလွတ်စေမှန်း
ကမ်းနိဗ္ဗူသောင်။

* ဖေမေတို့ချစ်
ယောင်နေနဲ့လား။

* သာရကာသံချိုလစ်လို့
နေ့တာရဲ့ နိဒါန်းသစ်
ဖွင့်လှစ်စေသား။ ။




www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတလားနားမှာပင် မတ်တွိုင်း ငေးငိုင်စွာထိုင်နေ နိုက်မှာပင် ခံ့ခံ့ညားညား မိန်းမပျိုတစ်ယောက်က ရှေ့ထွက်လာပြီး သူ့အစ်ကို၏ရင်ဘတ်ပေါ်တွင် ပန်းခွေလေးတစ်ခု တင်လိုက်သည်။ ပန်းခွေက သူ့အိပ်မက်ထဲကအတိုင်း ပန်းအဖြူများဝန်းရံနေသည့် နှင်းဆီပန်းအနီလေးတစ်ပွင့်။

မတ်တွိုင်း၏သေနေ့ကို အကြားအမြင်ရ ပုဂ္ဂိုလ်တစ်ဦးက တစ်နေ့ ပြောကြားသတိပေးခဲ့သည်။ မတ်တွိုင်းသည် ၁၈၃၅ ခုနှစ် ကောင်းကင်ပြင်တွင် ဟေလီကြယ်တံခွန် ပေါ်ထွက်ချိန်တွင် မွေးဖွားခဲ့သည်။

"အဲဒီကြယ်တံခွန် တစ်ပတ်ပြန် ရောက်လာတဲ့အချိန်အထိ ခင်ဗျားအသက်ရှင်နေမယ်"

ထိုအကြားအမြင်ရ ပုဂ္ဂိုလ်က အထက်ပါအတိုင်း ဆိုခဲ့သည်။

၁၉၁၀ ခုနှစ်တွင် ထိုဟေလီကြယ်တံခွန် တစ်ပတ်ကျော့ပြန်ရောက်လာခဲ့သည်။ ထိုနှစ်မှာပင် မတ်တွိုင်း ကွယ်လွန်သွားခဲ့သည်။

သိပ္ပံလောကက ထူးဆန်းသော တိုက်ဆိုင်မှုများဟု ယူဆသည့် အရာများစွာမှာ တိုက်ဆိုင်မှုများမဟုတ်ဟု တွိုင်းက ယူဆခဲ့သည်။ ဤထူးခြားဖြစ်စဉ်ကို "စိတ်အာရုံခြင်း ချိတ်ဆက်ခြင်း" အသွင်တစ်ရပ်ဟု ကနဦးဆုံးအမည်ပေးခဲ့သူမှာ သူပင်ဖြစ်သည်။

မတ်တွိုင်း၏ အရေးအသားတို့တွင်လည်း စိတ်နယ်လွန်ကိစ္စရပ်တို့၏ လောင်းရိပ်များတွေ့ရသည်။ တစ်နေ့တွင် သူသည် ဝါရှင်တန်မြို့တော်သို့ ရောက်ရှိခဲ့သည်။ ထိုတစ်ချိန်တည်းမှာပင် မြို့တော်သို့ အလည်အပတ်ရောက်နေခဲ့သော မိတ်ဆွေတစ်ယောက်ကို သူရှာမရ ဖြစ်နေခဲ့သည်။

ထိုညနေတွင် မတ်တွိုင်းသည် ဆေးပြင်းလိပ်ကြီးတစ်လိပ် မီးညှိပြီး ဝါရှင်တန်မြို့ထဲ လျှောက်လမ်းသလားနေခဲ့သည်။ သူ့မိတ်ဆွေကိုတွေ့ရန်လည်း မျှော်လင့်နေခဲ့ပါသည်။ လမ်းထောင့်တစ်ခုသို့ ရောက်ခါနီးတွင် သူ့စိတ်ထဲ၌ အလိုလို ပူစပ်ပူလောင်ဖြစ်လာသည်။ သူတွေ့ချင်နေသော မိတ်ဆွေသည် နောင်နှစ်မိနစ်အကြာတွင် ထိုနေရာမှ ဖြတ်သန်းသွားလိမ့်မည်ဟု သူ့အလိုလို တင်မြင်မိသည်။

သို့ဖြင့် အဆောက်အအုံ၏ ထောင့်ပိုင်းတွင် သူ့အချိန်ဖြုန်းရပ်ရင်း ဆေးပြင်းလိပ်ခဲနေစဉ်မှာပင် လူတစ်ယောက် သူ့ထံသို့ ကသုတ်ကရက် လျှောက်လာသည်။ ထိုသူကား မတ်တွိုင်းမျှော်လင့်နေခဲ့သော မိတ်ဆွေ၊ တစ်နည်း ပျောက်ဆုံးနေခဲ့သော မိတ်ဆွေပင်ဖြစ်ခဲ့သည်။

□

## ဆာအိပ်ချ်ရိုက်ဒါဟက်ဂတ်

## (SIR H. RIDER HAGGARD)

အင်္ဂလိပ်စာရေးဆရာကြီး ဆာအိပ်ချ်ရိုက်ဒါဟက်ဂတ်သည် သူ၏ဆန်းပြားလှသော လျှို့ဝှက်ဆန်းကြယ်ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများဖြင့် စာဖတ်ပရိသတ် သန်းပေါင်းများစွာကို ဖမ်းစားနိုင်ခဲ့သည်။ သို့သော်လည်း She နှင့် King Solomon's Mines ကဲ့သို့သော လျှို့ဝှက်ဆန်းကြယ်ဝတ္ထုကြီးများ ရေးသားခဲ့သော စာရေးဆရာကြီးသည် သူ့ဘဝ၏ လျှို့ဝှက်ဆန်းကြယ်ချက်များကို သူအတော်နားမလည်နိုင်ဖြစ်ခဲ့သည်။ ယင်းကား နိမိတ်အိပ်မက်များ မြင်မက်တတ်သည့် သူ့အကျင့်ကိုပင်ဖြစ်သည်။ တစ်ကြိမ်တွင် The London Times သတင်းစာသည် ဟက်ဂတ်ရေးသားပေးပို့လိုက်သည့် ကိုယ်တွေ့ဖြစ်ရပ်တစ်ခုအကြောင်းကို ဖော်ပြခဲ့သည်။ ဟက်ဂတ်က သူ၏အိပ်မက်တစ်ခုတွင် သူ၏ သစ္စာရှိလှသော ခွေးလေး မီးရထားလမ်းဘေးတွင် သေနေသည်ကို မြင်မက်ကြောင်း ထိုဖြစ်ရပ်တွင် ပြောပြခဲ့သည်။

"ကျွန်တော် အိပ်ရာကနိုးလာတော့ ကျွန်တော့်ခွေးလေးပျောက်နေတာကို တွေ့တယ်။ ခွေးရဲ့အလောင်းကို ကျွန်တော့်အိပ်မက်ထဲကအတိုင်း ကွက်တိအနေအထားပဲ၊ မီးရထားလမ်းဘေးမှာသေနေတာကို တွေ့ခဲ့တယ်"

ဟက်ဂတ်က နောက်ပိုင်းတွင် သူ၏မိတ်ဆွေများကို ပြောပြခဲ့သည်။ ဟက်ဂတ်သည် အခြားလူ သန်းပေါင်းများစွာကဲ့သို့ပင် နောင်တွင် တကယ်ဖြစ်ထွန်းလာသည့် ဖြစ်ရပ်ကို အိပ်မက်မက်တတ်သည့် လူ့စွမ်းရည်ကို အတော်စိတ်ဝင်စားမှုရှိခဲ့သည်။ လူ့သမိုင်းစဉ်တစ်လျှောက်တွင် ဤထူးခြားဖြစ်စဉ်များကို လူပေါင်းများစွာ ရေးသားမှတ်တမ်းတင်ခဲ့ပါသော်လည်း မျက်မှောက်ကာလအထိ ထိုအစွမ်းသည် နားလည်ရခက်သော အစွမ်းအဖြစ်သာ သတ်မှတ်ခံထားရသည်။

- လုတိုး(စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာ ရွှေပညာ (၄၂)

❖ ရှိန်းဖွင့်ထွန်း ❖

"အစ်ကို ဒီနေ့ ဘာအကြောင်း ဆွေးနွေးကြမလဲ"

"ကက်ကင်းအကြောင်းတော့ ကုန်လောက်ပြီလို့ ထင်ပါတယ်။ ဆွေးနွေးခဲ့တဲ့အပိုင်းမှာ ကျန်ချင်ရင်လည်း ကျန်လိမ့်ဦးမယ်။ ကျန်နေသေးရင်လည်း နောင်ကြုံတဲ့အခါမှာ ဖြည့်စွက်ဆွေးနွေးကြတာပေါ့။ ဆွေးနွေးခဲ့တဲ့အပိုင်းမှာ တြိရန်း၊ စတုရန်း ကက်ကင်းတွေရဲ့ အကြောင်းတွေဖြစ်တယ်။ အခု ရှေ့ဆက်ပြီး ဆွေးနွေးရဦးမှာက ပဥ္စပွတ်၊ ဆပွတ်၊ အမြစ်၊ အညွှန့်တို့အကြောင်းပဲ"

"ဒီနေ့တော့ ကျန်တဲ့အထဲက ပဥ္စပွတ်နဲ့ ဆပွတ်ဂြိုဟ်တွေရဲ့ ပင်ကိုသဘောနဲ့ ယတြာဓာတ်ဆင်ပုံတွေရဲ့ အကြောင်းပါ။ ဒီလို သူ့အကန့်နဲ့သူ ဆွေးနွေးသွားရတာကလည်း အကြောင်းရှိတယ်။ အကုန်လုံး ရောသမပြီး ဆွေးနွေးရင် အကြောင်းအရာ ရှုပ်ထွေးသွားနိုင်သလို ကျန်တဲ့ဟာလည်း မဆွေးနွေးဖြစ်ဘဲ ကျန်သွားနိုင်တယ်။ တစ်ကဏ္ဍချင်း ဆွေးနွေးသွားတော့ မဆွေးနွေးဖြစ်ဘဲ ကျန်ခဲ့ရင်တောင် သိပ်ကျန်မှာ မဟုတ်ဘူး"

"အစ်ကိုပြောသလိုဆိုတော့ ဟုတ်ပါတယ်။ တြိရန်းနဲ့ စတုရန်း ဓာတ်ယတြာတွေအကြောင်း ဆွေးနွေးကြတုန်းက တစ်နေ့လာလည်း တြိရန်း၊ နောက်တစ်ခါလာလည်း စတုရန်းဆိုပြီး စိတ်ပျက်မိသေးတယ်၊ အခြားအကြောင်းအရာတွေများ ဆွေးနွေးဖို့မရှိတော့ဘူးလားဆိုပြီး စိတ်ထဲမှာ အလိုတော့ ဖြစ်မိရသေးတယ်။ ကက်ကင်းအကြောင်းကို ဆွေးနွေးတော့မှပဲ နည်းနည်း စိတ်တဝင်ကျလာရတယ်။ အစ်ကို့အပေါ် စောဒကမတက်ဝံ့လို့သာ"

"အစ်ကိုလည်း မောင်သန်းဇော် ဒီလိုဖြစ်လိမ့်မယ်ဆိုတာ သိပါတယ်။ ဆွေးနွေးခဲ့ကြတာတွေလည်း အတော်ခရီးပေါက်နေပြီ။ ဒီနေရာမှာ ဂြိုဟ်တွေကို အမည်ပေးတဲ့အခါမှာ ရှေးဆရာ မြတ်တွေက ပြီးစလွယ် နာမည်ပေးခဲ့ကြတာတော့ မဟုတ်ဘူးကွဲ့။ တြိရန်းဂြိုဟ်၊ စတုရန်းဂြိုဟ်ဆိုပြီးတော့ အနောက်မှာ ရန်းဆိုတဲ့ ဝိသေသထည့်ပြီး အမည်ပေးထားတာကို တွေ့မယ်။

ဟော အခုဆက်ဆွေးနွေးမယ့် ဂြိုဟ်တွေကိုတော့ ပဥ္စပွတ်ဂြိုဟ်၊ ဆပွတ်ဂြိုဟ်လို့ အနောက်မှာ ပွတ်ဆိုတဲ့ ဝိသေသထည့်ပြီး အမည်ပေးထားပြန်တယ်။ ဘာဖြစ်လို့ တြိရန်းဂြိုဟ်၊ စတုရန်းဂြိုဟ်၊ ပဥ္စရန်းဂြိုဟ်၊ ဆဋ္ဌရန်းဂြိုဟ်ဆိုပြီး အားလုံးကို ရန်းဆိုတဲ့ ဝိသေသနဲ့ မပေးခဲ့တာလဲ။

ဒီလိုပဲ တြိပွတ်၊ စတုပွတ်၊ ပဥ္စပွတ်၊ ဆပွတ်လို့ အနောက်မှာ ပွတ်ဆိုတဲ့ ဝိသေသခံပြီး ဘာကြောင့် အမည်မပေးခဲ့တာလဲဆိုတာ တွေးဖို့မကောင်းဘူးလား"

"တွေးသင့်တယ်လို့တော့ ထင်ပါတယ်"

"နောက်တော့ တွေးကြည့်ကြတာပေါ့။ အခုတော့ ပဥ္စပွတ်ဂြိုဟ်နဲ့ ဆပွတ်ဂြိုဟ်ရဲ့အကြောင်းကို အရင်သွားလိုက်ရအောင်"

## ပဥ္စပွတ်ဂြိုဟ်

ပဥ္စပွတ်ဂြိုဟ်ဆိုတာ အလိုရှိရာ နေ့နံဂြိုဟ်ကို အစထားပြီး နေ့နံအစဉ်လိုက် ရေတွက်သွားတဲ့အခါမှာ ပဥ္စမမြောက်ကျရာ နေ့နံဂြိုဟ်ဟာ ပဥ္စပွတ်ဂြိုဟ်ပဲ။

နေ့က ခုနစ်နေ့ရှိတယ်။

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေဆိုပြီး အစဉ်အတိုင်း တည်ရှိနေတယ်။

တနင်္ဂနွေနေ့ရဲ့ ပဥ္စပွတ်ဂြိုဟ်ဆိုတာ တနင်္ဂနွေနေ့ကနေ ရေတွက်ရင် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးဆိုတဲ့ နေ့အစဉ်အရ ကြာသပတေးဟာ ငါးခုမြောက်ဂြိုဟ်ဖြစ်တဲ့အတွက် တနင်္ဂနွေရဲ့ ပဥ္စပွတ်ဂြိုဟ်ဟာ ကြာသပတေးဂြိုဟ်ပဲ။

တနင်္လာနေ့ရဲ့ ပဥ္စပွတ်ဂြိုဟ်ဆိုတာ တနင်္လာနေ့ကနေစပြီးရေတွက်ရင် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး



www.burmeseclassic.com

www.burmeseclassic.com

သောကြာဆိုတဲ့ နေ့အစဉ်အရ သောကြာဟာ ငါးခုမြောက်ဂြိုဟ်ဖြစ်တဲ့အတွက် တနင်္လာရဲ့ ပဉ္စပွတ်ဂြိုဟ်ဟာ သောကြာဂြိုဟ်ဖြစ်တယ်။ အဲဒီအတိုင်း ပဉ္စပွတ်ဂြိုဟ်တွေကို ကောက်ယူမယ်ဆိုရင် -

၁။ တနင်္ဂနွေရဲ့ ပဉ္စပွတ်ဂြိုဟ်ဟာ ကြာသပတေး။

၂။ တနင်္လာရဲ့ ပဉ္စပွတ်ဂြိုဟ်ဟာ သောကြာ။

၃။ အင်္ဂါရဲ့ ပဉ္စပွတ်ဂြိုဟ်ဟာ စနေ။

၄။ ဗုဒ္ဓဟူးရဲ့ ပဉ္စပွတ်ဂြိုဟ်ဟာ တနင်္ဂနွေ။

၅။ ကြာသပတေးဂြိုဟ်ရဲ့ ပဉ္စပွတ်ဂြိုဟ်ဟာ တနင်္လာ။

၆။ သောကြာရဲ့ ပဉ္စပွတ်ဂြိုဟ်ဟာ အင်္ဂါ။

၇။ စနေရဲ့ ပဉ္စပွတ်ဂြိုဟ်ဟာ ဗုဒ္ဓဟူးတို့ဖြစ်ကြတယ်။

ပဉ္စပွတ်ဂြိုဟ်ကို အလွယ်တကူ ကောက်ယူနိုင်ဖို့နဲ့ မှတ်သားနိုင်အောင် ရှေးကဆရာတွေက လင်္ကာနဲ့ အနှစ်ချုပ်ထားတယ်။ လင်္ကာလေးကို ကျက်မှတ်ထားလိုက်ကြရုံပဲ။

## ပဉ္စပွတ်ဂြိုဟ်ကောက်ယူရန်လင်္ကာ

လင်္ကာက မှတ်ဖို့ နှစ်ခုရှိတယ်။

(၁) "အမျှကြံ့သူ စံတင့်ယူ"နဲ့ (၂) "အမဲ ကျွဲသား ဆီနဲ့လား"တို့ ဖြစ်ကြတယ်။ သဘောကတော့ အတူတူပဲ။ ကိုယ်လည်း လင်္ကာစပ်တာဝါသနာပါတယ်ဆိုရင် ကိုယ့်ဟာကိုယ် လင်္ကာစပ်ပြီး မှတ်လို့ရတယ်။

အမျှကြံ့သူ၊ စံတင့်ယူ ဆိုတဲ့ လင်္ကာသဘောက (အ) တနင်္ဂနွေရဲ့ ပဉ္စပွတ်ဟာ (မျှ) ကြာသပတေး

(မျှ) ကြာသပတေးရဲ့ ပဉ္စပွတ် စာ (ကြံ့) တနင်္လာ

(ကြံ့) တနင်္လာရဲ့ ပဉ္စပွတ်ဟာ (သူ) သောကြာ

(သူ) သောကြာရဲ့ ပဉ္စပွတ်ဟာ (စံ) အင်္ဂါ

(စံ) အင်္ဂါရဲ့ ပဉ္စပွတ်စာ (တင့်) စနေ

(တင့်) စနေရဲ့ ပဉ္စပွတ်ဟာ (ယူ) ဗုဒ္ဓဟူး

(ယူ) ဗုဒ္ဓဟူးရဲ့ ပဉ္စပွတ်ဟာ (အ) တနင်္ဂနွေဖြစ်တယ်လို့ ဆိုလိုတယ်။ အမဲကျွဲသား ဆီနဲ့လားဆိုတဲ့ လင်္ကာကလည်း ထူးမခြားနား ဒီအတိုင်းပါပဲ။ သဘောပေါက်တယ် မဟုတ်လား"

"သိပ်မခက်လှပါဘူး။ နားလည်ပါတယ်"

"ဒါဆိုရင် ဆပွတ်ဂြိုဟ်ရဲ့သဘောကိုသွားကြရအောင်"

## ဆပွတ်ဂြိုဟ်

ဆပွတ်ဂြိုဟ်ဆိုတာ အလိုရှိတဲ့ နေ့ကို အစထားပြီး နေ့အစဉ်လိုက် ရေတွက်လို့ ခြောက်ခုမြောက်ရေတွက်လို့ရတဲ့ဂြိုဟ်ဟာ ဆပွတ်ဂြိုဟ်ပဲ။

ဥပမာဆိုရင် တနင်္ဂနွေရဲ့ ဆပွတ်ဂြိုဟ်ဟာ တနင်္ဂနွေကစပြီး တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာရယ်လို့ ခြောက်ခု မြောက်အထိ ရေတွက်တဲ့အခါ သော ကြာကိုရတယ်။ ဒါကြောင့်မို့ သောကြာဟာ တနင်္ဂနွေရဲ့ ဆပွတ်ဂြိုဟ်ပါပဲ။

ပဉ္စပွတ်ဂြိုဟ်မှာတုန်းက ပဉ္စပွတ်ဂြိုဟ်ကောက်ယူတာကို အသေးစိတ် ရှင်းပြခဲ့ပြီးပြီ။ ဆပွတ်ဂြိုဟ်ကိုလည်း အဲဒီနည်းအတိုင်း ကြံဆကောက်ယူသွားလို့ရတယ်။ ကောက်ယူဖို့လည်း မခက်လှပါဘူး။ အသင့်ကောက်ယူပြီးသားကိုပဲ ပြောတော့မယ်။

(၁) တနင်္ဂနွေရဲ့ဆပွတ်ဟာ သောကြာ၊ (၂) တနင်္လာရဲ့ ဆပွတ်ဟာ စနေ၊ (၃) အင်္ဂါရဲ့ဆပွတ်ဟာ တနင်္ဂနွေ (၄) ဗုဒ္ဓဟူးရဲ့ ဆပွတ်ဟာ တနင်္လာ၊ (၅) ကြာသပတေးရဲ့ ဆပွတ်ဟာ အင်္ဂါ၊ (၆) သောကြာရဲ့ ဆပွတ်ဟာ ဗုဒ္ဓဟူး၊ (၇) စနေရဲ့ ဆပွတ်ဟာ ကြာသ ပတေး။

## ဆပွတ်ဂြိုဟ်ကောက်ယူရန်လင်္ကာ

ဆပွတ်ဂြိုဟ်ကောက်ယူဖို့ ရှေးဆရာတွေ လင်္ကာသံပေါက်စီပေးခဲ့တာကတော့ အသွင်လုကေ၊ နတ်မျိုးဆွေတဲ့။

လင်္ကာသဘောသွားကတော့

(အ) တနင်္ဂနွေရဲ့ ဆပွတ်ဟာ (သွင်) သောကြာ။

(သွင်) သောကြာရဲ့ ဆပွတ်ဟာ (လု) ဗုဒ္ဓဟူး။

(လု) ဗုဒ္ဓဟူးရဲ့ ဆပွတ်ဟာ (ကေ) တနင်္လာ။

(ကေ) တနင်္လာရဲ့ ဆပွတ်ဟာ (နတ်) စနေ။

(နတ်) စနေရဲ့ ဆပွတ်ဟာ (မျိုး) ကြာသပတေး။

(မျိုး) ကြာသပတေးရဲ့ ဆပွတ်ဟာ (ဆွေ) အင်္ဂါ။

(ဆွေ) အင်္ဂါရဲ့ ဆပွတ်ဟာ (အ) တနင်္ဂနွေတို့ ဖြစ်ကြတယ်။ ပဉ္စပွတ်ဂြိုဟ်နဲ့ ဆပွတ်ဂြိုဟ်တွေကို အလွယ်တကူ ကောက်ယူလို့ ရှာဖွေလို့ ရပြီပေါ့နော်"

"ရပါပြီ အစ်ကို"

"ရရင် ဆွေးနွေးတာကို တစ်ထောက်နားကြဦးစို့တဲ့"

ဘုန်းပွင့်ထွန်း
၀၉-၇၉၂၃၃၃၀၇



www.burmeseclassic.com

www.burmeseclassic.com



# ဗာဂျီးနီးယားမှစာ(၃)

မောင်ကောင်းမြင့်

ဟန်ဒန်
၃ ဌန်၊ ၂၀၁၅

မိတ်ဆွေများနှင့် ချစ်ခင်သူများသို့…

Arlington National Cemetery သို့ သွားဖို့ အာလင်တန်ဘူတာက လွှက်လိုက်တာနှင့် ရှေ့တူရူမှာ ကျယ်ပြန့်ညီညာဖြောင့်ဖြူးနေတဲ့ Memorial Avenue လမ်းမကျယ်ကြီးနှင့် တစ်ဖက်တစ်ချက်က လူသွားစင်္ကြံလမ်းမကြီးရယ်၊ လူလျှောက်လမ်းဘေးက စိမ်းစိုလန်းဆန်းနေတဲ့ သစ်ပင်တွေရယ်နဲ့ လမ်းမကြီးရဲ့အဆုံးမှာ ခမ်းနားကျယ်ပြန့်ပြီး ရောမဟန်တိုင်လုံးကြီးများနဲ့ လခြမ်းပုံ အဆောက်အအုံကြီးကို မြင်နေရတယ်။ Women in Military Service For America Memorial လို့ခေါ်တဲ့ ခန်းမကြီးပဲဖြစ်တယ်။ သချိုင်းမြေလို့ ဘာသာပြန်ခေါ်ရပေမယ့် တကယ့်မျက်မြင်မှာ အလွန်သာယာလှပပြီး စိတ်ထဲမှာ လွမ်းဆွေးဖွယ်ကောင်းတဲ့ ဥယျာဉ်ကောင်းကြီးဆီကို သွားနေရသလိုပါပဲ။ ဥယျာဉ်ထဲတွင် လမ်းလျှောက် ခြင်းဟုပဲ ထင်နေမိပါသည်။

အစုလိုက်၊ အဖွဲ့လိုက် လာကြသူတွေဟာ မိမိရဲ့ရှေ့ရောနောက်ကပါ သွားနေကြသလို ခရီးသွားဘတ်စ်ကားကြီးတွေကလည်း ဝင်ရောက်လာနေတယ်။ အမေရိကားရောက်လို့ ဝါရှင်တန်ဒီစီကို လည်ပတ်မယ်ဆိုရင် အာလင်တန်အမျိုးသားသချိုင်းဟာ (ပိုတိုမက်မြစ် ခြားထားပြီး ဗာဂျီးနီးယားပြည်နယ်ဘက် အာလင်တန်စီးတီးမြို့ထဲမှာ ရှိနေပေမယ့်) မရောက်မဖြစ်ပါဘဲ။ ဆိုခဲ့တဲ့ memorial Avenue လမ်းမကြီးရဲ့ အခြားဆန့်ကျင်ဘက် မျက်နှာမူရာကို လျှောက်သွားရင် (အမြင်နီးပေမယ့် တော်တော်ဝေးပါတယ်) မြစ်ကူးတံတားကျော်ပြီး တွေ့ရမှာက သမ္မတကြီးလင်ကွန်းရဲ့ အထိမ်းအမှတ် Lincoin Memorial ဗိမာန်ကြီးပါ။ လင်ကွန်းအထိမ်းအမှတ်အဆောက်အအုံနှင့် အနီးဝန်းကျင် ဒေသအကြောင်း ပြီး

www.burmeseclassic.com

www.burmeseclassic.com

ကလေးဖတ်ဖို့စာအုပ်၊ စာ ၂၅၅ မှာ ရေးခဲ့ပြီးပါပြီ။

လာရောက်ကြည့်ရှုသူတွေကို အဝင်ထိပ်ကစပြီး လမ်းညွှန်သူတွေထားပေးတယ်။ လက်ကမ်းကြော်ငြာတွေ ဝေငှပေးတယ်။ အဝင်လမ်းမကြီးရဲ့ လက်ဝဲဘက်က အုပ်ချုပ်ရေး စီမံခန့်ခွဲရေးဆိုင်ရာရုံးမှာ အမှတ်တရပစ္စည်း အရောင်းဆိုင်လေးရဲ့ နေရာအနှံ့အပြားကို ပြသထားတယ်။ ခေတ္တနားနေနိုင်အောင် လုပ်ထားပေမယ့် လာရောက်သူတွေက များလွန်းတော့ (ကျောင်းသားကျောင်းသူတွေ အစုအဖွဲ့လိုက် ခရီးသွားတွေ အဖွဲ့လိုက်ဆိုတော့ သည်ခန်းမကြီးတောင်)ပြည့်နေတယ်။

ခန်းမကြီးထဲက ထွက်လာတော့ လူအများစုကြီးဟာ တစ်ခုတည်းသော နေရာကို ရှေးရှုသွားကြတယ်။ သည်နေရာကတော့ သမ္မတဂျွန်အက်ဖ်ကနေဒီ (အမေရိကန်ပြည်ထောင်စု၏ ၃၅ ဦးမြောက် သမ္မတဖြစ်ပြီး ၂၂-၁၁-၁၉၆၃ မှာ ဒဲလက်မြို့တွင် လုပ်ကြံခံခဲ့ရသည်)ရဲ့ မြှုပ်နှံရာနေရာပဲ ဖြစ်တယ်။ (ဂူဗိမာန် မရှိပါ။ ပေ ၆၀ ဒသမ ပတ်လည်ခန့် ရင်ပြင်သာဖြစ်ပါသည်။) သွားရာလမ်းရဲ့ တစ်ဖက်တစ်ချက်မှာ စီရရီတန်းပြီးနေတဲ့ ကျောက်ကမ္ပည်းတိုင်ကလေးတွေဟာ မျက်စိတစ်ဆုံး ရှိနေတယ်။ သစ်ပင်မျိုးစုံ (ပင်ကြီး၊ ပင်လတ်နှင့် ပင်ငယ်ကလေးများအစုံစုံ)ဖြင့် မွမ်းမံပြင်ဆင်ထားတယ်။ ဒါကြောင့် ဥယျာဉ်ထဲမှာ လမ်းလျှောက်နေကြသလိုပါပဲလို့ ဆိုရခြင်းဖြစ်တယ်။

လှေကားတစ်ကလေးများ၊ ကွေ့ပတ်သော ကျောက်ခင်းလမ်းများကို ကျော်လိုက်ရင် လှေကားငါးထစ်လောက် တက်လိုက်ရင် ကနေဒီရဲ့ မြှုပ်နှံရာမြေပဲ။ မြေသားပေါ်မှာ ၂၅ ပေပတ်လည်လောက်ကို ကျောက်ချပ်ကလေးများ ခင်းထားတယ်။ ကျောက်ချပ်ကလေးတွေဟာ ထိဆက်မနေဘဲ မြက်ခင်းလိုင်းကလေးတွေ ခြားထားတယ်။ အလယ်ကောင်မှာက ကမ္ပည်းစာဟန်းထွင်းထားတဲ့ ထိပ်သည်းကျောက်နှစ်ချပ် ရှိနေတယ်။ လက်ဝဲဘက်က ကနေဒီရဲ့ အမည်ပါရှိပြီး လက်ယာဘက်က ဂျက်ကလင်း(နောင်သောအခါ အိုနာစစ်သူဌေးကြီးနှင့် လက်ဆက်မိလို့ ဂျက်ကလင်းအိုနာစစ် ဖြစ်လာသူ)ရဲ့ အမည်ပါရှိတဲ့ ကျောက်ချပ်ဖြစ်တယ်။ သည်သင်္ချိုင်းမြေသို့ နောက်မှပြောင်းရွှေ့ခဲ့တာ ဖြစ်တယ်။ ကနေဒီ လုပ်ကြံခံရပြီး ကွယ်လွန်ခဲ့ရာ မက်ဆာချူးဆက်ပြည်နယ်ဘရွတ်ကလိုင်းမြို့ရှိ ဟောလီဝုဒ်(Holyhood) သင်္ချိုင်းမှာ မြှုပ်ခဲ့တယ်။ သို့သော် နောင်အခါ အစိုးရအဖွဲ့နှင့် မိသားစုတို့ သဘောတူညီချက်ဖြင့် အာလင်တန်အမျိုးသား သင်္ချိုင်းသို့ ပြောင်းရွှေ့ခဲ့တယ်။ ထိုသင်္ချိုင်းမြေ၏ အထက်ပိုင်းစက်ဝိုင်းပေါ်တွင် ထာဝရမငြိမ်းသော မီးရှူးတိုင် (Eternal Flame) ထွန်းညှိထားရန် ကျန်ရစ်သူဇနီးသည်၏ ဆန္ဒအရ ထွန်းညှိထားခဲ့ခြင်းဖြစ်တယ်။ ထိုမြေနေရာဒီဇိုင်းကို ကနေဒီ၏မိတ်ဆွေဗိသုကာ John Carl Warnecke က ပုံထုတ်ပေးခဲ့တယ်။

အဝင်နံရံ တံတိုင်းပေါ်မှာ ကျောက်သားကို ထွင်းထားတာက ကနေဒီရဲ့ ယနေ့တိုင် ထင်ရှားနေတဲ့ မိန့်ခွန်းထဲက ကောက်နုတ်ချက်ပဲဖြစ်တယ်။ Ask not what your country do for you, Ask what you can do for your country ပါပဲ။ ဒီစကားက အလွန်နာသွားပါတယ်။ တိုင်းပြည်အတွက် မိမိဖြစ်ပြီး မိမိအတွက် တိုင်းပြည်မဖြစ်စေဖို့ပါပဲ။ နိုင်ငံသားတိုင်းအတွက် အတိုဆုံးနှင့် အထိရောက်ဆုံး ဆောင်ပုဒ်ပါပဲ။ မြန်မာတွေပြောနေကြတာက အလုပ်လုပ်ဖို့ ထမင်းစားတာဖြစ်ပါစေ။ ထမင်းစားဖို့ အလုပ်လုပ်တာ မဖြစ်ပါစေ နှင့်ဆိုတဲ့ စကားနှင့် အနက်တူပါလိမ့်မည်။

အာလင်တန် အမျိုးသား သင်္ချိုင်းဆိုတာက အမေရိကန်ပြည်ထောင်စုရဲ့ ထင်ရှားတဲ့ခေါင်းဆောင်များ မိသားစုများ၊ စာပေအနုပညာရှင်များနှင့် သူတို့ရဲ့ မိသားစုတွေ မြှုပ်နှံရာဖြစ်သလို တိုင်းပြည်အတွက် အသက်ပေးခဲ့ကြတဲ့ စစ်သည်တော်တွေ (အမေရိကန်ရဲ့ သမိုင်းတစ်လျှောက် စစ်ပွဲများတွင် ပါဝင်ခဲ့ ကြသူများ)ကို အမည်ကမ္ပည်းတိုင်ဖြင့်လည်းကောင်း၊ အမည်မဖော်ပြနိုင်သော သူတို့အတွက် Unknown Soldiers ကမ္ပည်းကျောက်စာတိုင်ကြီးဖြင့်လည်းကောင်း ဖော်ထုတ်ဂုဏ်ပြုထားရာဖြစ်လို့ အမေရိကန်တို့၏ အလေးပြုရာမြင့်မြတ်သောနေရာ America's Shrine ဟုပင် တင်စားထားတယ်။ နိုင်ငံတော်အတွက် တာဝန်ကျေခဲ့သူတွေပါတဲ့။

သင်္ချိုင်းမြေဟာ စက်ဝိုင်းပုံမကျ တကျရှိပြီး ဧက ၂၀၀ ကျော် ကျယ်ဝန်းတယ်။ လှပတဲ့ ဥယျာဉ်မြေမို့ လမ်းတွေက ညီညာပြီး သစ်ပင်ပန်းပင်တွေ တောင်ကုန်းကလေးတွေ မြက်ခင်းပြင်တွေနဲ့ ပြည့်နေတယ်။

အမေရိကန် ပထမဆုံးသမ္မတကြီး ဂျော့ဝါရှင်တန်နှင့်



www.burmeseclassic.com

www.burmeseclassic.com

မဟာဝါရှင်တန်တို့၏ မြေးဖြစ်သူ ဂျော့ဝါရှင်တန် ပတ်(ခ်) ကက်တစ် ပိုင်ခဲ့တဲ့ မြေကော တစ်ထောင်ကျော်ထဲက အချို့ အဝင်ဖြစ်တယ်။ ကက်တစ်ဟာ သမီးဖြစ်သူ မေရီ အင်နာရန်း ဒေါကားတစ်နှင့် ခင်ပွန်းဖြစ်သူ ရောဘတ်၊ အီး၊ လီး (အမေရိကန်ပြည်တွင်းစစ်ကြီးကာလက ခွဲထွက် တောင်ပိုင်းပြည်နယ်များ၏ စစ်ဗိုလ်ချုပ်ကြီး)နှင့် လက်ဆက်ခဲ့တယ်။ နောက် ခင်ဆဲက အမွေရခဲ့တယ်။ ပြည်တွင်းစစ်ကာလမှာ စစ်စခန်းများချရာ ဖြစ်ခဲ့တယ်။ ပြည်တွင်းစစ်မှာ အကျအဆုံးများလွန်းလှ၍ ဝါရှင်တန်ဒီစီရဲ့ အခြားသော ဒေသများမှာ မြှုပ်နှံရာ က ၁၈၆၄ ခုနှစ် မေလ ၁၃ ရက်မှစ၍ သင်္ချိုင်းမြေအဖြစ် သတ်မှတ်ခဲ့သည်လို့ ဆိုပါတယ်။

ယခုအခါ စစ်သည်တော်များနှင့် ဆက်စပ်မိသားစုများ ဒါ မြှုပ်နှံကြတယ်။ လေးသိန်းကျော်သော ကမ္ပည်းတိုင်များ မြင်း မြက်ခင်းစိမ်းပေါ်က အဖြူရောင်တိုင်ကလေးများကို တွေ့နေရတယ်။

ထူးခြားတာက အခြားသောနေရာဒေသက သင်္ချိုင်းများလို ဂူတွေ၊ ဗိမာန်တွေ ပုံစံမျိုးစုံဖြင့်မဟုတ်ဘဲ တညီတသွတ်တည်းသော အရွယ်တူကမ္ပည်းတိုင်ကလေးများသာ ရှိခြင်းဖြစ်ပေတယ်။

အာလင်တန် သင်္ချိုင်းမြေကိုကြည့်ရင်း တွေးမိတယ်။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရဖို့ ကြိုးပမ်းခဲ့ကြတဲ့သူတွေဟာ ၁၈၈၆ ခုနှစ်ကစပြီး ၁၉၄၈ အထိ ရေတွက်လျှင် အများအပြားရှိခဲ့တယ်။ လက်ရုံးရည်၊ နှလုံးရည်နှင့် စိတ်ဓာတ် မြင့်မြတ်တဲ့ ခေါင်းဆောင်ကောင်းများ ပေါ်ထွက်ခဲ့တယ်။ ညီဖြင့် ဖော်ထုတ်နိုင်သူများနှင့် အမည်မတပ်ဘဲ ဖော်ထုတ်နိုင်သူများစွာဟာ တိုင်းပြည်နှင့် လူမျိုးအတွက် တာဝန်ကျေခဲ့တယ်။ ဒါပေမယ့် ကမ္ပည်းတိုင် တစ်ခုစာမျှပင် မကျန်ခဲ့ကြံ့တောသင်္ချိုင်းရှိစဉ်က တွေ့ခဲ့ရတဲ့ နိုင်ငံခေါင်းဆောင်များ (သခင်၊ သခင်မတွေ၊ စစ်ခေါင်းဆောင်တွေ၊ အနုပညာရှင်တွေ အပါအဝင် ပြည်သူတို့ လေးစားမြတ်နိုးသူတွေ)ရဲ့ ဟာ ၁၉၈၈ ကို အကြောင်းပြုပြီး အစပျောက်သွားခဲ့ပြီ။ ကိုယ်တိုင်က သမိုင်းမဝင်သူ၊ သမိုင်းတင်ခံမည့်သူတွေ တော့ သမိုင်းဝင်သူ၊ သမိုင်းတွင်သူတွေကို မနာလို စိတ်ဖြင့် ဖယ်ခဲ့ခြင်းပေလောဟုပင် တွေးမိတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းနှင့် ရုပ်ပုံရုပ်လွှာကိုပင် ဖယ်ရှားဖို့ ကြိုးပမ်းခဲ့သူတွေဟာ သူတို့ရဲ့ စေတနာရောင်ပြန်ဟပ်မှုကြောင့် သူတို့ကိုယ်တိုင်သာလျှင်ပဲ အမည်ဆိုးဖြင့်သာ ကျန်ခဲ့ကြတာဟာ သင်ခန်းစာယူစရာ ကောင်းလှကြောင်း တွေးထင်မိပါတယ်။

အာလင်တန်သင်္ချိုင်း အတွေးကိုဖြတ်ပြီး အာလင်တန်နှင့် တစ်ဆက်တည်းမှာရှိတဲ့ Marine Corps Memorical Iwo Jima Statue ဆီကို ထွက်ခဲ့တယ်။ (ရုပ်တုများ ဖြစ်လာရခြင်း၏ သမိုင်းကို ရေးခဲ့ပြီးဖြစ်တယ်။ စံကော်ချိန်သတင်းစာ ၈-၉-၂၀၁၄ နှင့် သတင်း(မီဒီယာ) လောကစာအုပ်၊ စာ ၄၅-၄၉)သည် ရုပ်တုများဟာ Iwo Jima အောင်ပွဲ ရုပ်တုများဖြစ်တယ်။ စိမ်းလန်းလှပတဲ့ မြက်ခင်းပြင်ကြီး၏ အလယ်တွင် အမြင့် ရှစ်ပေလောက်ရှိတဲ့ စတုဂံပုံ ကျောက်ခုံမြင့်ပေါ်မှာ လူတစ်ဆခွဲအရွယ်လောက်ရှိတဲ့ စစ်သားလေးယောက်ရဲ့ ရုပ်တုကြီးဖြစ်တယ်။ အားမာန်ပါတယ်။ ဝင့်ကြွားတယ်။ သမိုင်းသက်သေဖြစ်တယ်။ စွန့်လွှတ်စွန့်စားခြင်း၏ သရုပ်ဖြစ်တယ်။ အုတ်ခုံကြီးရဲ့ မျက်နှာစာတစ်ဖက်မှာ စာတန်းထိုးထားတာက ၁၇၇၅ ခုနှစ် နိုဝင်ဘာလမှစပြီး သူတို့၏ နိုင်ငံအတွက် အသက်စွန့်လွှတ်စွန့်စားခဲ့ကြသော အမေရိကန်ပြည်ထောင်စု၏ မရိန်းတပ်စစ်သည်တော်တို့အတွက် ဂုဏ်ပြုခြင်းနှင့် အမှတ်တရ အောက်မေ့ခြင်းတို့ဖြင့် လို့ပဲ ဖြစ်တယ်။ သည်နေရာမှာလည်း လာရောက်လေ့လာသူတွေဟာ အစုအဖွဲ့လိုက် ခရီးသည်ကားကြီးတွေနှင့် တစ်သုတ်ပြီး တစ်သုတ် ရောက်လာနေတယ်။ နောက်ခံ ကောင်းကင်ပြာရင့်ရင့်၊ မြက်ခင်းနှင့် သစ်ပင်စိမ်းစိမ်းတွေကြားမှာ အမေရိကန်အလံဟာ လွှင့်ထူနေတဲ့ စစ်သားတွေရဲ့ သတ္တိကြောင့် လေမှာလွင့်ပျံနေတယ်။ အမှတ်တရ ဓာတ်ပုံရိုက်မိတယ်။ သည်လိုသာ အားမာန်ရှိတဲ့ သမိုင်းကောင်းတဲ့ အဖြစ်အပျက် မှတ်တမ်းမျိုးကို မိမိရဲ့ဇာတိ မြန်မာနိုင်ငံမှာသာရှိလို့ မှတ်တမ်းဓာတ်ပုံ ရိုက်လိုက်ရရင်ဆိုတဲ့ အတွေးဟာ ရင်ထဲမှာ ရိုက်ခတ်နေတယ်။ "ဘယ်တော့များဆိုမှ" ဆိုတဲ့ စိတ်မကောင်းခြင်းလည်း ဖြစ်မိတော့တယ်။

မောင်ကောင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

# သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုလျှင်

တက္ကသိုလ်သခင်

ကျွန်တော်ကိုသည် ဘုရားရှိခိုးသည့်အခါ "သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ"ဟူ၍ ပါဠိလိုရွတ်ဆိုကြ၏။ အနက်မှာ "သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်းအကျိုးငှာ"ဟူ၍ ဖြစ်၏။

မေးစရာရှိ၏။ သံသရာဟူသည် တကယ်ရှိပါသလား။ သံသရာဝဋ်ဆင်းရဲဟူသည်လည်း တကယ်ရှိပါသလားဟု မေးနိုင်ပါ၏။

အချို့တို့သည် သံသရာရှိမှန်းမသိ။ သံသရာဝဋ်ဆင်းရဲဟူသည်ကိုလည်း နားမလည်ကြ။ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အကြောင်းတရား သမုဒယသစ္စာကို လည်းမသိ။ ဆင်းရဲခြင်းချုပ်ငြိမ်းရာ နိရောဓသစ္စာကိုလည်း မမြင်။ ဆင်းရဲခြင်းချုပ်ငြိမ်းရာသို့ သွားရာလမ်းကြောင်း မဂ္ဂသစ္စာဟူသည်ကိုလည်း မသိ။ ဤမသိမှု အဝိဇ္ဇာကြောင့် လိုချင်ခြင်း၊ တမ်းတခြင်း၊ စွဲလမ်းခြင်း၊ ရယူပိုင်ဆိုင်လိုခြင်းတို့ကို ရရှိအောင်အားထုတ်မှု၊ ပြုပြင်စီရင်မှု၊ စေ့ဆော်မှု သင်္ခါရတရားတို့ကြောင့် ဘဝဆက်ကို ရရှိနေကာ သံသရာတွင် လည်ပတ်နေရပါကလားဟူ၍ သိမြင်လာ၏။

လူဟူသည်မှာ ချမ်းသာမှုကို ခံစားနေရလျှင် ပျော်ရွှင်နေ၏။ ကျေနပ်နေ၏။ မေ့လျော့နေ၏။ မိုးမမြင်လေမမြင် အထင်ကြီးတစ်ခွဲသားနှင့် ပေါ့ပါးသွက်လက်နေ၏။ ဆက်လက်ပြီး ချမ်းသာရအောင်၊ ပိုချမ်းသာအောင်၊ ပိုပြီးစည်းစိမ်ရှိအောင် အားထုတ်၏။ ဆင်းရဲမှုကို ခံစားရလျှင် ညှိုးငယ်၏။ အားငယ်၏။ မှိုင်တွေ၏။ စိတ်ဓာတ်ကျ၏။ ဤဆင်းရဲမှုမှ လွတ်မြောက်လိုပြန်၏။ ချမ်းသာမှုကို တောင့်တ၏။ ဤဘဝမချမ်းသာ ရေးဘဝချမ်းသာလိမ့်နိုးမျှော်ကိုး၏။

ဖြစ်လေရာ ဘဝတိုင်း ဤဇနီး၊ ဤသား၊ ဤသမီးတို့နှင့် ပေါင်းဆုံရပါစေသားဟု ဆုတောင်း၏။ ဇောတိကဇဋိလသူဌေးကြီးတို့ကဲ့သို့ ချမ်းသာကြွယ်ဝရပါစေဟု ဆုတောင်း၏။ ရှင်သီဝလိကဲ့သို့ အစစအရာရာ ပြည့်စုံခြင်းငှာ ရှင်သီဝလိဂါထာကို ရွတ်၏။ သိကြားမင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်တို့ကို တောင့်တ၏။

ယခုဘဝမှ ကွယ်လွန်ပြီးသည့်အခါ ကောင်းရာသုဂတိသို့ ရောက်ပါစေသား။ အနာထပိဏ်နတ်သားတို့ကဲ့သို့၊ မာယာသိကြားမင်းကဲ့သို့ နတ်ပြည်ကို ရောက်ရပါလို၏ဟု ဆုတောင်းကြ၏။

ဤသည်မှာ သံသရာမှ မထွက်လိုသေးကြောင်းကို ယင်းဆုတောင်းတို့ဖြင့် သိနိုင်ပါ၏။

နိဗ္ဗာန်မရောက်မီစပ်ကြား ဘဝထိုထိုတွင် အကောင်းသုဂတိဘဝများနှင့် သာကြုံရပြီး နိဗ္ဗာန်မဂ်ဖိုလ်သို့ ဘဝတိုတိုနှင့် ရောက်ရပါစေသားဟု ဆုတောင်းကြ၏။ ဆိုလိုသည်မှာ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့တွင် စည်းစိမ်အထပ်ထပ် ခံစားပြီးမှသာ နောက်ဆုံးဘဝတွင် နိဗ္ဗာန်သို့ ချမ်းချမ်းသာသာ ရောက်လိုခြင်းဖြစ်ပါ၏။

ဤကဲ့သို့ နိဗ္ဗာန်မဂ်ဖိုလ်သို့ ချမ်းချမ်းသာသာရောက်နိုင်လျှင် အကောင်းဆုံးဖြစ်ပေလိမ့်မည်။ သုဂတိအကောင်းဘဝကို တပ်မက်သောစိတ်(ဆန္ဒရာဂ)ဖြင့် သမုဒယသစ္စာကို ပယ်နိုင်ပါမည်လားဟု ဆန်းစစ်ကြည့်သင့်၏။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ရှည်လျားလှသော အစမထင်သည့် သံသရာတစ်လျှောက် ကျင်လည်ခဲ့ရသည်မှာ သမုဒ္ဒရာရေထု၊ ကမ္ဘာမြေထုတို့ထက် ပိုမိုများပြားကြောင်း ရှင်တော်မြတ်ဘုရားက ဟောကြားတော်မူခဲ့၏။

သံသရာအဆက်ဆက် အမြဲတွယ်ခဲ့သော သမုဒယတဏှာလေးကို အားမထုတ်ဘဲ ဖယ်ခွာနိုင်မည်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ပေ။ ဥပမာဆိုရလျှင် စူပါဂလူး (Super Glue) ဖြင့် ကပ်ထားသောအရာကို လွယ်လင့်တကူခွာနိုင်သည်။ သမုဒယတဏှာစေးကိုခွာရန် မလွယ်ချေ။

နောက်ဥပမာတစ်ခု ဖော်ပြရလျှင် ကမ္ဘာမြေကြီးပေါ်မှ အာကာသလွန်းပျံယာဉ်ကို ပစ်လွှတ်ရာတွင် ကမ္ဘာ့ဆွဲငင်အားကို ကျော်လွန်နိုင်ရန် အလွန်အင်အားကောင်းသောဒုံးပျံကြီး(Rockets)များဖြင့် ပစ်လွှတ်ရ၏။

ထိုဒုံးပျံကြီးများ၏ ပင့်တင်အားသည် မည်မျှ အင်အားကြီးမားကြောင်း ရုပ်မြင်သံကြား သတင်းများတွင် တွေ့နိုင်ပါ၏။ ကမ္ဘာ့ဆွဲငင်အား (Gravety) ကို ကျော်လွန်ရန် တော်ရုံတန်ရုံ ဒုံးပျံအားဖြင့် မလွယ်ချေ။ ထိုဆွဲငင်အားနယ်ပယ်ကို ကျော်လွန်သွားသည်နှင့် ဒုံးပျံကြီးများကို မြေပြင်သို့ ပြန်လည်လွှတ်ချလိုက်ပြီး အာကာသလွန်းပျံယာဉ်သည် အလွယ်တကူလိုရာသို့ သွားနိုင်သောသည်။

ကမ္ဘာ့ဆွဲငင်အားကို ကျော်လွန်နိုင်ရန် ဤမျှ အားထုတ်ရပါလျှင် သံသရာအဆက်ဆက်က စွဲကပ်လာခဲ့သော သမုဒယတဏှာဆွဲငင်အားကို ကျော်လွန်ရန် တော်ရုံတန်ရုံစွမ်းပကားဖြင့် အားထုတ်၍ ဖြစ်နိုင်မဖြစ်နိုင် ချိန်ဆကြည့်သင့်၏။ တကယ်တမ်းဆိုရလျှင် မဖြစ်နိုင်ပါဟုသာ ဆိုရချေမည်။

ထို့ကြောင့် မဂ္ဂင်ရှစ်ပါးတွင် သမ္မာဝါယာမဟူသော မှန်ကန်စွာအားထုတ်မှု ပါဝင်နေခြင်းဖြစ်ပါ၏။

လူ့ဘဝ လူ့လောကတွင် သမုဒယတဏှာစွဲငင်အားကား နေ့စဉ်နှင့်အမျှ အနီးအနား၌ရှိနေသည်။ ထိုအတူ ကိလေသာမြူမှုန်များသည် အနှံ့တည်ရှိနေပြီး လူသားတို့သည် ထိုမြူမှုန်တော၌ တိုးဝင်သွားလာနေရသည်နှင့် တူတော့၏။

ထိုကိလေသာ မြူမှုန်များကား အဘယ်နည်း။

- သမီး၊ ခင်ပွန်း၊ ချစ်ခင်ရသော တဏှာရသ
- ပစ္စည်းဥစ္စာကို လိုချင်သော လောဘ
- စိတ်တိုင်းမကျ၍ အလိုမပြည့်ဝ၍ စိတ်ဆိုးရသောဒေါသ
- ကိုယ့်ထက်သာလျှင် မနာလိုသော ဣဿာ
- မိမိကဲ့သို့ ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ တိုးတက်လာမည်ကို မိုးရိမ်နေသော မစ္ဆရိယ
- သူတစ်ပါးကို အဖက်မတန်ဟု ထင်သော မာန်မာနတရား
- မဖြစ်ချင်လျှင် မနေသာအောင် ဆွဲ၍ ပေးနေသော အမြင်အာရုံများ

လူတို့၏သံဘောမှာ အဆင်းအာရုံမြင်လျှင် သာယာ၏။ လိုချင်၏။ သောတအာရုံကြားလျှင်- သာယာ၏။ ကြားချင်၏။ အနံ့အာရုံ အနံ့ရလျှင် ရှူချင်၏။ မွှေးချင်၏။ သာယာ၏။ ဇိဝှာအာရုံအရ သာကောင်းလျှင် စားချင်၏။ မက်မော၏။ အတွေ့အထိ အာရုံခံစားချင်၏။ လိုချင်၏။

ဤသို့ဖြင့် ကျွန်တော်တို့သည် အာရုံကို ခံစားနိုင်သော ဒွါရများပိုင်ဆိုင်ထား၏။ ပိတ်ဆို့တားဆီးထားခြင်းမရှိသော ထိုဒွါရများသည် ကြုံသမျှ တွေ့သမျှအာရုံများကို ခံစားပြီးရင်းခံစားရင်း မဆုံးနိုင်အောင် ရှိချေ၏။

ထိတွေ့မှု(ဖဿ)ကြောင့် ခံစားမှု (ဝေဒနာ)ဖြစ်လာ၏။ သောမနဿဝေဒနာ(သုခဝေဒနာ)၊ ဒေါမနဿဝေဒနာ (ဒုက္ခဝေဒနာ)၊ အကောင်းအဆိုးမထင်ရှားသော ဝေဒနာ (ဥပေက္ခာဝေဒနာ) ကြောင့် တဏှာဖြစ်၏။

တဏှာ ပစ္စယာ ဥပါဒါန်

ဥပါဒါန်မှုတစ်ဆင့် ဘဝစဉ်ဆက်မပြတ်တော့ပေ။ ထို့ကြောင့် မိုးကုတ်ဆရာတော်ကြီးက “ဝေဒနာဖြစ်ပြီး တဏှာအလာမခံနှင့်၊ တဏှာဆိုတာ လိုချင်တာ”ဟု ဟောခဲ့၏။ မင်းကွန်းဇေတဝန် ဆရာတော်ကြီးကလည်း “အဟောင်းကို မပြန်လင့်၊ အသစ်ကို မကြံလင့်၊ ဖြစ်အောင်မပြုလင့်၊ ပျက်အောင်မပြုလင့်၊ ဖြစ်တိုင်းပျက်တိုင်း မြင်အောင်ရှု၊ ဖြစ်အောင်ပြုက လောဘ၊ ပျက်အောင်ပြုက ဒေါသ၊ ဖြစ်တိုင်းပျက်တိုင်း မသိက မောဟ”ဟု ဆုံးမခဲ့ပါ၏။

ထို့ကြောင့် ကျွန်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုလျှင် အထက်တွင် တင်ပြခဲ့သော ဘုရားအစရှိသည့် ဆရာတော်ကြီးများ၏ ဩဝါဒလမ်းညွှန်ချက်များနှင့်အညီ ကျင့်ကြံအားထုတ် ဆောင်ရွက်ခြင်းဖြင့် အကျိုးတရား ရရှိနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြရပါ၏။

တက္ကသိုလ်သဒ်

၁၉၄၃၁၉၂၂၆ရ



www.burmeseclassic.com

www.burmeseclassic.com

# ဇုတ်သုတ်ရွာ နှင့် သုဝဏ္ဏဘူမိမြို့ဟောင်း

## နှတ်ထီးလှိုင်

### ဇုတ်သုတ်၏ တည်နေရာ

ဇုတ်သုတ်မှာ ဘီးလင်းမြစ်ဝ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်တွင် ရှိ၏။ ရှေးဟောင်းအဆောက်အအုံ အကြွင်းအကျန်၊ ယဉ်ကျေးမှုလက်ရာအကြွင်းအကျန်များလည်း တွေ့ရှိရပါသည်။ တောင်စွန်းဘူတာမှ လေးမိုင်ခန့်၊ ဘီးလင်းမြို့မှ ခုနစ်မိုင်ခန့် ကွာဝေးပါ၏။ ရွာကြီးကုန်းနှင့် ရွာလေးကုန်း နှစ်ခု ရှိနေသည်။

ဇုတ်သုတ်ရွာကလေး (၁၇ံ ၁၀' × ၉၇ံ ၁၀' ၃.၁" နှင့် ဇုတ်သုတ်ရွာကြီး (၁၇ံ ၁၀' × ၉၇ံ ၁၀")ဟူ၍ ဖြစ်ကြ၏။ ရှေးမြို့ဟောင်း ဗဟိုချက်နေရာကို ဇုတ်သုတ်ရွာကလေး ကျိုက်ထီးဆောင်းကုန်းပေါ်တွင် တွေ့ရှိရပါသည်။ ဇုတ်သုတ်မြို့ဟောင်းကုန်းသည် စတုရန်းမိုင် ၂၀ ခန့် ကျယ်ပြန့်သော ဘီးလင်းမြစ်အနောက်ဘက် မြေပြန့်လွင်ပြင်မှ ဂဝံကုန်းများ အားလုံးကို ဗဟိုချက်ပြု၍ထား၏။ သဲဖြူချောင်းကလည်း ကွေ့ပတ်စီးဆင်းထားပြီး ရွာကြီး/ရွာလေး ကြားတွင် ချောင်းငယ်တစ်ခု ရှိသေးသည်။

ကော့ကဒွတ်၊ ကော့ကွဲ၊ သစ်တိုကျွန်း၊ မိန်းမလုကျွန်း၊ ရေဖြူကန်၊ ရွှေလေ့၊ ကကတစ်(မုဆိုးမကျွန်း)၊ မုသင်၊ စိုင်းပတ်၊ ဇွဲဂလာ၊ ညောင်ပလ္လင်၊ ညောင်လန်း၊ လိပ်ခုံး၊ ဇက္ကလိ ကျေးရွာများ၏ ဂဝံကုန်းများက ဝန်းရံပတ်လျက်ရှိကြ၏။ ဇုတ်သုတ်မှ မြို့ရိုးဟောင်း၊ ကျုံးဟောင်းများကြောင့် ကျိုက္ကသာ မြို့ဟောင်းနှင့် ခေတ်ပြိုင် ဂဝံမြို့တော်တစ်ခု ဖြစ်နိုင်ပါသည်။

### ဂဝံမြို့တော်ပုံစံ

ဇုတ်သုတ်ရွာကလေး၏ ပုံစံမှာ အလျားရှည် တစ်ဖက်ကျဉ်း၊ တစ်ဖက်ကျယ်ပြီး ခါးသိမ်နေသော အဝိုင်းပုံမကျ၊ လေးထောင့်ပုံမကျ၊ ခြေရာပုံမြို့ရိုးဖြစ်၍ ကျိုက္ကသာမြို့ကဲ့သို့ တည်ပုံစနစ် တူနေ၏။

'ကောင်းကင်ဓာတ်ပုံပေါ်တွင် အတွင်းထပ် ခုနစ်ရစ်ခန့်ကို ထင်ရှားစွာ တွေ့မြင်ရသည်။ အပြင်မြို့ရိုးပတ်လည် အထင်အရှား မရှိသော်လည်း မြို့ဟောင်းအနောက်မြောက်ထောင့်ဘက်ရှိ ဆင်တစ်ထပ်၊ မြင်းတစ်ထပ် ဂဝံတံတိုင်းတည်နေပုံကို ထောက်ထားလျှင် ဂဝံမြို့တော်ဟု ခေါ်ဆိုထိုက်ပါ၏။ ဗဟိုမြို့ဟောင်းကုန်း၏ အရှယ်သည် ကေ ၄၅၀ ခန့် ရှိသည်။ ကျိုက်ထီးဆောင်းဂဝံစေတီမှာ ဗဟိုချက်အတွင်းထပ် မြို့ရိုးတံတိုင်းအတွင်း၌ တည်ရှိနေပါသည်။

စကြဝဠာတည်ပုံ သဘောအတိုင်း မြို့ကွက်ချထားပုံရ၏။ အလယ်တွင် မြင်းမိုရ်တောင်ထား၍ ပတ်လည်(မြို့ရိုး) တောင်စဉ် ခုနစ်ထပ်၊ ရေကျုံး ခုနစ်ထပ် ကာရံထားပုံ၊ အရပ်လေးမျက်နှာတွင် ကျွန်းကြီးလေးကျွန်းထားပုံ၊ ကျွန်းငယ်များလည်း ရံလျက်တည်ပုံ၊ မဟာသမုဒ္ဒရာအသွင် ရေလွှမ်းလွင်ပြင်ကိုလည်း တွေ့ရပုံမှာ ဇုတ်သုတ်၏ ထူးခြားချက်များပင်။

မြို့၏ ဗဟိုချက်နန်းတော်ရာတွင် ဂဝံကျောက်ဖျာတွင် ပေါက် "သော့"ပုံနှင့်ရှိ၏။ မြေအောက်ဥမင်လိုဏ်စနစ်မှ ထွက်ပေါက်တစ်နေရာ ဖြစ်နိုင်ပါသည်။ ၎င်းတွင်းကို ပြုပြင်တူးခဲ

www.burmeseclassic.com

စဉ်က ဂူပေါက်ထဲဝင်သူ ဦးအောင်မြိုး(ရသေ့)မှာ မျက်မြင်သက်သေဖြစ်၏။ အမိုးပုံ ဂဝံကျောက်တုံးကြီးကို ခွဲထုတ်နေစဉ်တွင် တံခါးပိတ်သကဲ့သို့ ဒိုက်ကျလာကာ ဥမင်လိုဏ်ပေါက်ပိတ်သွားခဲ့ပါသည်။ ရန်သူများမလိုက်လာနိုင်စေရန် ပြေးပေါက်တံခါးပိတ်များ လုပ်ထားပုံရ၏။

အခြားဂဝံကုန်းများပေါ်တွင်လည်း အလားတူ ဂဝံတွင်းပေါက်များ တွေ့ရ၏။ ကျိုက္ကသံမြို့ဟောင်းမှ ဖော့ကဖန်ဂူနှင့် မုဆိုးမဂူကဲ့သို့ မြေအောက်ဥမင်လိုဏ်ခေါင်းစနစ်မျိုး ဖြစ်နိုင်ပါသည်။

ဇုတ်သုတ်ရွာမှ ဂဝံယဉ်ကျေးမှု ပြတိုက်အတွင်း ဂဝံကျောက်ဆစ်လက်ရာများကို စုံလင်စွာ တွေ့ရ၏။ လေးမျက်နှာဘုရား၊ ကျောက်ဆစ် ဆင္ဂဂံပုံ ဂဝံဆီမီးအိမ်၊ နှစ်ကျိပ်ရှစ်ဆူ၊ ပဏ်လက်လုပ် ဂဝံကျောက်ထီး၊ ကြာပွင့်ပုံ ဆွမ်းတင်ခုံကြီး စသည်ဖြင့် ရှိနေ၏။ ဂဝံကျောက်ဆစ်ရုပ်ပွားတော်များမှာ အရွယ်စုံ၊ ဆိုဒ်စုံပင်။

ရွှေကျွန်းသာရပ်ကွက်၊ ရွှေကျွန်းဦးစေတီမှာ ဂဝံကျောက်သားသက်သက် လက်ရာဖြစ်၏။ ဂဝံခြင်္သေ့ကျောက်ရုပ်တု(ခေါင်းပိုင်း)များလည်း တွေ့ရသည်။ ခြင်္သေ့ခေါင်းအောက်ခံ ပစ္စယံခုံနှင့် ဖြစ်သည်။ ၎င်းအနီးတွင် မြို့ရိုးကုန်းတန်းပိုင်း တစ်ခုရှိနေ၏။ ကုန်းတိုင်းတွင် လက်ရေးစင်း အုတ်များကို တွေ့ခဲ့ရသည်။ ဇုတ်သုတ်၊ မုသင်တို့မှ တွေ့ရသော လက်ရေးစင်းအုတ်များမှာ ၁၃ ရာစုထက် စောနိုင်သလားဆိုတာ မှတ်ခွဲခန်းက အဖြေပေးပါလိမ့်မည်။

ဒေသခံများအခေါ် ဆင်တစ်ထပ်၊ မြင်းတစ်ထပ်ကုန်းတွင် ခြင်္သေ့နှင့် ဆင်ပုံ ဂဝံကျောက်ဆစ်လက်ရာကို တွေ့ရ၏။ အပေါ်တန်း မြင်းနှင့် နွားပုံတို့မှာ လမ်းခင်းကျောက်များ ဖြစ်ကုန်သတတ်။ ဆင်က ပဋိသန္ဓေယူခန်း၊ ခြင်္သေ့က တရားဦးဟောခန်း၊ မြင်းက တောထွက်ခန်း၊ နွားက ဖွားတော်မူခန်းဟု ယူဆထားကြသည်။ ထို့အတွက် မြို့ရိုးဟု မယူဆနိုင်ပါ။ သာသနာရေးအဆောက်အအုံကြီး ဖြစ်နိုင်၏။ အရှည် ပေ ၃၆၀၊ အမြင့် ၁၂ ပေ၊ ထု ပေ ၂၀ အရှေ့အနောက် တန်းလျက်ကျန်နေသေး၏။

ဂဝံကျောက်ရေတွင်း ကန်နှစ်ခုနှင့် တပ်တော်ဦးစေတီတစ်ဆူလည်း ၎င်းအနီးဝန်းကျင်တွင် တွေ့ရ၏။

## မန်ရှူးကျမ်းအရ

ခရစ်နှစ် ၈၆၀ ခန့်က တရုတ်အရာရှိကြီး ဖန်ချို ရေးသော မှတ်တမ်းတွင် ခရစ် ၈၃၂ တွင် ပျူမြို့တော် သရေခေတ္တရာကို ဖျက်ဆီးကြောင်း၊ ခရစ် ၈၃၅ တွင် မွန်မြို့ကြီး မိချင်းကို ဖျက်ကြောင်း ဆိုထား၏။ ခရစ် ၉ ရာစုလယ်က နန်းကျောင်ရန်ကို ကာကွယ်ရန် တည်ဆောက်ခဲ့လေသလော။ စစ်သုံ့ပန်း မွန် ၃၀၀၀ ကို ယူနန်ဖူးသို့ ခေါ်ဆောင်သွားကြောင်း၊ မွန်မြို့ မိနော(Mino) သည်လည်း ပင်လယ်ကမ်းနားတွင်ပင် တည်ကြောင်းဆို၏။ မိချင်း(Michen) ကို ဖျက်ဆီးနိုင်သော်လည်း မိနော(Mino) ကို မဖျက်နိုင်ခဲ့ပါ။ မွန်တို့ စစ်ပရိယာယ်လှည့်ဖျား၍ နန်စောတို့ စစ်ရှုံးခဲ့ရကြောင်း၊ ၎င်းမှ တောင်ဘက်သို့ စုန်ဆင်းလျှင် သီရိဝိဇယ(မလေးကျွန်းဆွယ်) နှင့် ဂျာဗားကျွန်းသို့ရောက်ကြောင်း တရုတ်နှင့် ဂျပန်မှတ်တမ်းများက ဆိုကြ၏။

## ဇုတ်သုတ်၏ နောက်ခံသမိုင်း

ဘုရားမပွင့်မီက နတ်ဘီလူး(ယက္ခ)များနေသော ကျွန်းဖြစ်၏။ သုဝဏ္ဏဘူမိသို့ ဘုရားကြွလာစဉ် ၎င်းကျွန်းနေ ယက္ခညီနောင်နှစ်ဦး သွားရောက်ဖူးမြော်ကြပြီး ဆံတော်တစ်ဆူရခဲ့၏။ သက္ကရာဇ် ၁၁၃ ခုကစ၍ ဂဝံကျောက်အုတ်တို့ဖြင့် ဘုရားစေတီတည်လုပ်ပြီး ဆံတော်ကို ရွှေကြုတ်ထဲတွင် ထည့်သွင်းဌာပနာ၏။ ယက္ခညီနောင်တို့၏ သမီးတော်များက ဆံပင်ကို ဖြတ်ကာ ကြိုးကျစ်ပြီး ဌာပနာ၏။ "ကျိုက်ဇုတ်သွတ်"၊ "ကျိုက်ကလွတ်ဒတ်"ဟု ခေါ်ခဲ့ကြသည်။ ဆံပင်ကြိုးဘုရား၊ နတ်တည်သောဘုရား ဟူ၏။

စေတီ ဖိနပ်တော် အတောင် ၉၀ (၁၃၅ ပေ)၊ ဂဝံကျောက်စီအမြင့် ၂၃ တောင် (၃၅ ပေ)၊ ဒုတိယဖိနပ်တော် ၃၆ တောင် (၅၄ ပေ)၊ ရှစ်မြောင့်တစ်မြောင့်လျှင် ၁၈ တောင် (၂၇ ပေ)၊ ဉာဏ်တော်အမြင့် ၆၀ တောင် (၉၀ ပေ)၊ စေတီပတ်လည်တွင် ဂဝံကျောက်ထီးရှက်၊ အချင်း နှစ်တောင်ခွဲ



www.burmeseclassic.com

www.burmeseclassic.com

မိုက် (၃ ပေ ၆ လက်မ) ၁၂ စင်း လျှဒါန်းထား၏။ ဂဝံအုတ်ကျောက်ပြားများမှာ အငယ်ဆုံးတစ်ယောက် = နှစ်ပြား။ အလတ်စားမှာ လူ ၂၀-၂၅ ပင့်ချီရမည်။ အကြီးဆုံး လူ ၇၀-၈၀ ချီပင့်ရ၏။

ဇုတ်သုတ်(၂)မှာ ၄၅၀ ဧက (၁၈၂ ဟက်တာ)၊ ဇုတ်သုတ်(၁)မှာ ၉၂ ဧက (၃၇ ဟက်တာ)မျှ ကျယ်ဝန်းလှ၏။ ပတ်ဝန်းကျင်မြေပြင်မှာ ရေနက်ကွင်းနှင့် ချောင်းမြောင်းများသာဖြစ်သည်။ ဟိန္ဒူ ဗြဟ္မဏနှင့် ဗုဒ္ဓဘာသာဝင်တို့၏ စကြဝဠာတည်ဟန်နှင့် တူသည်။ သိကြားမင်းနေရာ မြင်းမိုရ်တောင်ကို ဗဟိုပြုကာ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ် ၅၀၀ မဟာသမုဒ္ဒရာအသွင်မျိုး ယူထား၏။ ဤသို့ မြို့တည်ပုံအကွက်အကွင်းမျိုးကို မြန်မာနိုင်ငံတွင် နမူနာပြစရာမှာ ဇုတ်သုတ်၌ပင် ရှိနေသည်။

**ကလျာဏီသိမ်တစ်ခု**

ဇုတ်သုတ်ရွာကြီးတွင် ကလျာဏီသိမ်နှင့် သောဏုတ္တရစေတီ နှစ်ဆူရှိနေ၏။ ဓမ္မစေတီမင်း၏ ကလျာဏီသိမ် ပေါင်း ၃၈၀ ထဲမှ တစ်ခုဖြစ်မည်။ သိမ်အတွင်းရှိ ဘုရားပလ္လင်ကို ပြုပြင်စဉ်က ၁၁ ရာစုလက်ရာ ကြွေဆင်းတု သုံးဆူနှင့် အခြားပစ္စည်းငါးမျိုး တူးဖော်ရရှိခဲ့ပါသည်။ သိမ်အုတ်ပြားတစ်ခုတွင် ၉၄၃ ဟု ရေးထားရာ သက္ကရာဇ်ဖြစ်မည်။

သုဝဏ္ဏဘူမိသထုံပြည်ကို
မြတ်ဗုဒ္ဓမပွင့်မီကပင်
စတင်တည်ထောင်ခဲ့သည်။
အိန္ဒိယမှ စွန့်စားလာရောက်သော
မင်းသားတစ်ပါးနှင့်
နောက်လိုက်နောက်ပါများ လာရောက်
တည်ဆောက်ခဲ့ကြပြီး ရက်စွဲကို မသိရပါ။

ဓမ္မစေတီကျောက်စာများတွင် "သုဝဏ္ဏဘူမိရဋ္ဌ"ဟု ဖော်ပြသည်။ သုဝဏ္ဏဘူမိနိုင်ငံတော်သည် သုဝဏ္ဏဘူမိတိုင်းပြည်၊ ရာမညဒေသအရပ်ဖြစ်သည်ဟု တိကျစွာ မှတ်တမ်းတင်ထား၏။ မာန်လည်ဆရာတော်ကြီးက "မွန်တိ၊ မွန်စ၊ မွန်ည" ဟု ဆိုအပ်သော သထုံ၊ မုတ္တမ၊ ဒဂုံ၊ ဥဿာ (ဥဿာ-ပဲခူး)၊ ပုသိမ်၊ မြောင်းမြတို့ကို ရာမညတိုင်းဟု မိန့်ဆိုတော်မူပါသည်။

"သုဓမ္မပူရ၊ သုဝဏ္ဏဘုံ၊ သထုံမည်ဟည်း။ မွန်ပြည်ကြီးလျှင်၊ နန်းထီးမဟုက်၊ တိုင်းသီးထုတ်၍၊ ပုရုတ္တမ၊ ဗုဒ္ဓသာသနာ၊ တည်ရာအစစ်၊ အမှန်ဖြစ်သည်၊ တက်သစ်နေမင်းသရေတည်း"ဟု ရာမညသာသနာနိဒါန်းကို မယာဒေဝလင်္ကာသစ်တွင် စပ်ဆိုထားပါသည်။

တတိယသင်္ဂါယနာခေတ် ရှင်သောဏနှင့် ရှင်ဥတ္တရထေရ်တို့ သာသနာပြုခဲ့ရာ သထုံ-သုဝဏ္ဏဘူမိမှာ ဘီးလင်း၊ ကေလာသတောင်စောင်းမှ အယက်သမ၊ ဝင်းကရွာ ပတ်ဝန်းကျင်များ ဖြစ်ခဲ့ပါသည်။

**ကိုးနေရာပြောင်း။ သထုံအကြောင်း**

သုဝဏ္ဏဘူမိသထုံပြည်ကို မြတ်ဗုဒ္ဓမပွင့်မီကပင် စတင်တည်ထောင်ခဲ့သည်။ အိန္ဒိယမှ စွန့်စားလာရောက်သော မင်းသားတစ်ပါးနှင့် နောက်လိုက်နောက်ပါများ လာရောက်တည်ဆောက်ခဲ့ကြပြီး ရက်စွဲကို မသိရပါ။

သိကြား၊ ရသေ့၊ ဝိဿကြုံရ်တို့ ဖန်ဆင်းတည်ထောင်ပေးသော ပထမနှင့် ဒုတိယ သုဓမ္မဝတီ၊ သုဝဏ္ဏဘူမိ မြို့တော်နှစ်ခုမှာလည်း ရက်စွဲ မှတ်သားမှု မရှိပါ။

သိကြားမင်းက မြို့ရိုးခုနစ်ထပ်၊ ကျုံးခုနစ်ထပ်ဖြင့် ဖန်ဆင်းတည်ထောင်ပေးသည်ဆို၏။ ကျိုက္ကသာနှင့် ဇုတ်သုတ်မြို့ဟောင်းရာများမှာ ခုနစ်ထပ်စီ ရှိနေသည်။

ရသေ့နှစ်ပါး၏ ကျောင်းသင်္ခမ်းနှစ်ခုအကြား ဟူ၍ နေရာသိရ၏။ တောင်နှစ်တောင်အကြား ဖြစ်မည်။ သီဟ(သူရိယ)ကုမ္မာ မင်းသားအတွက် ရသေ့နှစ်ပါးက စီမံဖန်တီးရာ သိကြားမင်းကူညီသည်ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com

> **မုတ္တမ မွန်မင်းဆက်မှ ဗညားဦးမင်းက ဒုံးဝန်း၌ မြို့တည်ကာ ခြောက်နှစ်နေခဲ့၏။ ရာဇဓိရာဇ်မင်းဖြစ်လာမည့် မင်းသား ဗညားနွဲ့ကို ထိုမြို့မှာပင် မွေးသည်။ "ဝန်" မှာ ဝံကျောက်ဟု မွန်လိုခေါ်ပါ၏။ ဒုံဝဏ္ဏ-ဒုံသုဝဏ္ဏမှ ရွေ့လျောလာနိုင်သည်။**

တတိယသုဓမ္မဝတီ(သထုံ)တည် ရက်စွဲလည်း မသိရပါ။ ဇင်းကျိုက်တောင် ရသေ့နှင့် ဇွဲကပင်တောင်ရသေ့တို့က တည်ထောင်ပေးရာ ဝိဿကြမ်ရိက ရွှေအုတ်များဖြင့် မြို့ရိုးလုပ်ပေး၏။ ယခု သထုံမြို့အရှေ့တောင်တန်းကြီးမှ ဂေါ်တောင်၏ မြောက်ဘက်အရပ်ဟု နေရာညွှန်းထားသည် ဓမ္မဇေမင်းမျိုး ၁၆ ဆက် နှစ်ပေါင်း ၂၃၇ နှစ်သက်တမ်းကြာမြင့်ခဲ့သော်လည်း အစနှစ်နှင့် အဆုံးနှစ်ကို မသိရပါ။

စတုတ္ထ သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီမြို့မှာ တတိယ သုဓမ္မဝတီမြို့နေရာမှာပင်။ ရသေ့နှစ်ပါးအပြင် သိကြားမင်းတို့က အသစ်ထပ်မံ ပြုပြင်ကာ တည်ပေးကြ၏။ ဝိဿကြာနှင့် နဂါးမတို့ ပေါင်းဖက်ပြီး ရသောဥကြီး နှစ်လုံးလည်း ပါသည်။ ဥက ပေါက်ဖွားသော လူသားအကြောင်းမှာ ဗုဒ္ဓပွင့်ချိန်နှင့် ကြုံဆုံနေ၏။ ဂဝံပတိရဟန္တာမှာ ဗုဒ္ဓဝင်တွင်သာမက ပုဂံခေတ် မှုလ ထိုးကျောက်စာတစ်ချပ်တွင် ပါရှိနေပါသည်။ သထုံသည် ဗုဒ္ဓနှင့် ခေတ်ပြိုင်တည်ရှိနေကြောင်း "ဂဝံပတိ"ရဟန္တာ ယုံကြည်မှုက သက်သေထူပြလျက်ရှိ၏။ ရှင်ဂဝံပတိ ယူလာခဲ့သော သွားတော်ဓာတ်များကို ဌာပနာသည့် စေတီများ၊ ဗုဒ္ဓဆံတော်စေတီများကိုလည်း ယနေ့တိုင် ယုံကြည်ကိုးကွယ်နေကြပါသည်။

တိဿဓမ္မရာဇာမင်း လက်ထက်တွင် ကုသိနာရုံတောင်အနီး၌ "မင်္ဂလာဘူမိ"မြို့ကို တည်ခဲ့၏။

သီဟရာဇာမင်း အသက် ၁၇ နှစ်အရွယ်၊ ဘိုးတော်အဋ္ဌနမင်းဖြို့ကြွင်းသော ကောဇာသက္ကရာဇ် ၁၀၀ ပြည့်နှစ်၊ ဘီစီ ၅၇၂ စတုတ္ထသုဝဏ္ဏဘူမိ မြို့တည်ရက်စွဲပင်။ (ဗုဒ္ဓပရိနိဗ္ဗာန်စံနှစ်ကို ဘီစီ ၅၄၄ ဖြင့် ဖလှယ်တွက်ယူသည်။)

သထုံနယ်မှ ဆံတော်စေတီပေါင်း ၁၅ ဆူ၊ သွားတော်စေတီပေါင်း ၁၁ ဆူ၊ အမည်ထင်ရှားလျက် ယနေ့တိုင် တည်တံ့နေခြင်းကို ထောက်ထားရမည်။ သုဝဏ္ဏမင်းကြီးတည်သော ရွှေစာရံစေတီ၊ မြသပိတ်စေတီ၊ သာရကလျာဏီကုန်း(ပေါ်တော်မူ)စေတီ၊ ဇံသီးစေတီ၊ နန်းတော်ဦးစေတီ၊ ရဟန္တာတိုက်တော် စသည့် အဆောက်အအုံများမှာ သုတေသနပြုကြရမည့် ဌာနများပင်။

ခရစ်တော်မပေါ်မီ နှစ် ၅၇၂ က သထုံတွင် တည်ဆောက်ခဲ့သော မြို့ရိုးဟောင်းများ အမှန်တကယ်ရှိကြောင်း စနစ်တကျ စူးစမ်းလေ့လာဖော်ထုတ်သင့်၏။

ပဉ္စမသုဓမ္မဝတီ (ဥပဒေဝမြို့)သည် မြေမျိုသွားသော မြို့ရာဟောင်း၏ တောင်ဘက်ကပ်လျက် မြို့ရိုးသုံးထပ်၊ ကျုံးသုံးထပ်ကို ယခု သထုံမြို့ဟောင်း၌ တည်ထားသည်။

ဆဋ္ဌမသုဓမ္မဝတီမြို့ဟောင်းရာသည် ယခု မုတ္တမမြို့အနီးတွင် ရှိ၏။ ဓညဝတီအမည်ဖြင့် ထွန်းကားနေခဲ့သည်။ မင်း ၁၂ ဆက် တည်တံ့ခဲ့သည်။ ပဲခူး ဟံသာဝတီကို စတင်ထူထောင်သော သမလ၊ ဝိမလမင်းသားတို့ မွေးရပ်ဇာတိပင်။ သထုံနှင့် ပဲခူးတို့ ခေတ်ပြိုင်ထွန်းကားခဲ့ပုံကို ဆက်လက်သုတေသနပြုသင့်သော မြို့ဟောင်းရာတစ်ခု ဖြစ်၏။

သတ္တမသုဓမ္မဝတီ (မရိုက်သဖုံ၊ မရမ်းကုန်း)၊ အဋ္ဌမသုဓမ္မဝတီ(ရွှေလောင်းမြို့)၊ နဝမသုဓမ္မဝတီ ဝိုက်ကုလား(ဝင်းက)မြို့ဟောင်းရာတို့သည် မူလ သုဓမ္မဝတီ၏ မြောက်ဘက်အရပ်များသို့ ပြောင်းရွှေ့သွားခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မရိုက်သဖုံးနှင့် ရွှေလောင်းမှာ သိပ်မထင်ရှားလှပါ။ တည်တဲ့ချိန် တိုတောင်းပြီး နေရာထင်ရှားကျန်ခဲ့၏။ မရိုက်သဖုံးမြို့ဟောင်းရာရှိ မရမ်းကုန်း၊ ကတိုက်ကြီး၊ ကတိုက်ကလေး၊ ဆိတ်ကျွန်းတို့မှာ ထူးခြားပြီး အရွယ်အစား ငယ်သော်လည်း မြို့တည်ပုံ ဆန်းပြားသည်။ ကတိုက်ကြီး၊ ကတိုက်ကလေးတို့သည် ဇုတ်သုတ်၊ ကျိုက္ကသာတို့နှင့် မြို့ရိုးအထပ်များ(ခြေဖဝါး)ပါဒပုံမျိုး တူညီကြ၏။ ခေတ်ပြိုင်ဖြစ်ကြောင်း အုတ်ချပ်များက သက်သေပြလျက်ရှိပါသည်။

တိုက်ကုလား(ဝင်းကဲ)မြို့ဟောင်းမှာ အရေးပါဆုံး ဖြစ်၏။ အိန္ဒိယ၊ ပါဋလိပုတ္တမြို့မှ ရှင်သောဏ၊ ရှင်ဥတ္တရအဖွဲ့ သာသနာပြု ဆိုက်ရောက်ကြောင်း ဆိုထားပါသည်။ မြို့တည်ရက်စွဲ သာသနာ ၂၀ဂ ခုနှစ် (ဘီစီ ၃၃၆)၊ မြို့ပျက်ရက်စွဲ သာသနာ ၄၅၀ ပြည့်နှစ် (ဘီစီ ၉၄)၊ မြို့သက်တမ်း ၂၄၂ နှစ် ရှိပါ၏။ ပဲခူးကလျာဏီသိမ်ကျောက်စာ၌ ရေးထိုးထားခဲ့သော မြို့ဖြစ်ပြီး သမိုင်းဆရာများစွာ ဝေဖန်လျက်ရှိသော ပြဿနာမြို့ဟောင်းပင်။

မြန်မာနိုင်ငံ၏ အစောဆုံးပညာရှင် ဒေါက်တာအီးဖော်ချမ်းမားက ဖွေခေါ်ဦး ကွင်းဆင်းခဲ့သော မြို့ဟောင်းရာဖြစ်ပါသည်။ ၁၉၇၆-၇ဂ အတွင်း ကုန်းခြောက်ကုန်းကို ရှေးဟောင်းသုတေသနနည်းဖြင့် တူးဖော်သုတေသနပြုခဲ့ကြသည်။ သက္ကရာဇ်နှင့် ရှင်ဘုရင်အမည်များမှာ ရာဇဝင်ထဲတွင်သာ ထင်ကျန်ရစ်နေဆဲ။

သာသနာ ၁၂ဂ (ဘီစီ ၄၁၆)ခုတွင် အသျှင်မဟိန္ဒနှင့် အသျှင်သောဏရဟန္တာငါးပါး ပင့်လာသော ဆံတော်နှစ်ဆူကို ဌာပနာ၍ "သင်္ဂိနိတ်)စေတီ (မြသပိတ်)ကို တည်ခဲ့၏။ ဝင်းက၊ ကျောက်လုံးကြီးရွာ၊ ကျားတစ်ရာ၊ ကြောင်တစ်ရာ အနီး တောင်ဝှမ်းတွင် ဖြစ်ပါသည်။

ဒဿမသုမ္မပူရ (၁၀ ခုမြောက်) သုဝဏ္ဏဘူမိမြို့ဟောင်းကြီးကား အရေးကြီးဆုံးမြို့ ဖြစ်သည်။ မြို့တည်နှစ် သာသနာ ၄၅၀ ပြည့်နှစ် (ဘီစီ ၉၄)မှ မြို့ပျက်သုဉ်းနှစ် သာသနာ ၁၆၀၀ ပြည့်နှစ် (အေဒီ ၁၀၅၇)ထိ မြို့သက်တမ်း ၁၁၅၀ နှစ် ကြာအောင် ထွန်းကားစည်ပင်ခဲ့၏။ ရှေးမြို့ဟောင်းများအနက် သက်တမ်းအရှည်ဆုံး မြို့တစ်မြို့ ဖြစ်ပါသည်။ မင်းပေါင်း ၄ဂ ဆက် အုပ်စိုးခဲ့သည်။ မြို့ရိုးဟောင်း၊ ကျုံးဟောင်းများ ထင်ရှားကျန်ရစ်နေ၏။ နန်းတော်ရာကုန်းဟောင်း ကျန်သေး၏။ ရွှေစာရံစေတီ၊ ပိဋကတ်တိုက်၊ ဖောင်တော်ဦးဘုရား၊ သိကြားဘုရား၊ ကလျာဏီသိမ် စသော ခေတ်ပြိုင်သာသနိက အဆောက်အအုံများ ထင်ရှားစွာ ကြွင်းကျန်နေပါသည်။ ရှေးဟောင်းကျောက်စာတိုက်များလည်း ကြွင်းကျန်သေးသော သထုံမြို့သစ် တည်နေရာပင်။

သထုံမြို့သစ်နေရာကို အနောက်ရထာမင်း စစ်တိုက်သိမ်းယူခဲ့လေသလား၊ သထုံရာဇဝင်ထဲတွင် ဤသထုံပင်ဖြစ်ကြောင်း အတိအကျပြောထား၏။ ရှေးဟောင်းနှင့် သမိုင်းပညာရှင်ကြီးများ နှုတ်ပိတ်လျက်ပင်။ ၁၉၇၅-၇ဂ တူးဖော်ရေးကာလတွင် ဤသထုံကို မတူးဖြစ်ခဲ့ကြပါ။ မြို့ထက်ဝက် ကမ်းပြိုပြီး ပျောက်ဆုံးနေသော တိုက်ကုလားမြို့ဟောင်း (ဝင်းက၊ အယက်သမ)ကိုသာ ဦးစားပေးရွေးချယ် တူးခဲ့ကြသည်။ ၂၀၈၀ ပြည့်နှစ်တွင် တစ်ကြိမ်တူးဖော်ပြီးနောက် ဆက်မလုပ်ဘဲ ကွင်းဆက်ပြတ်နေခဲ့၏။ သထုံမင်းအမည် "မကုတ"လား "မနုဟာ"လား၊ ရှင်းရှင်းလင်းလင်း မသိရသေးပါ။

ရှေးဟောင်းသုတေသနနည်းကျကျဖြင့် တူးဖော်အဖြေရှာ ဆုံးဖြတ်သင့်ပါပြီ။

၁၉၂၇ ခုနှစ်လောက်မှစပြီး သုဝဏ္ဏဘူမိ၊ သုဓမ္မဝတီ မြို့ဟောင်း အကြောင်းအရာများကို ရှေးမွန်သမိုင်းစာများမှ ထုတ်နုတ်တင်ပြထားသော ဦးပညာ၏ သထုံရာဇဝင်နှင့် ၁၉၃၁ ခု ဦးရွှေနော်၏ စေတီတော်သမိုင်း ပေါင်းချုပ်တို့၏ အာဘော်သာ မှီငြမ်းနေရ၏။ သထုံတွင်ရှိသည့် မွန်ကျောက်စာအချို့မှာ ရေးထိုးသည့် ခုနှစ်မပါ။ စာပျက်စာမှိန်များ၍ အဓိပ္ပာယ်ဆက်စပ်ပြီး မဖော်နိုင်သေးပါ။ ရှေးမွန်သမိုင်းစာရသမျှနှင့် ဦးစံဝင်းက သုဝဏ္ဏဘူမိသုတေသနတွင် ဖော်ပြထားပါ၏။

## ဘုန်းဟာန်ခိုးအာဏာ ကျဆင်းသွားခဲ့သော သထုံ

ပုဂံခေတ် (၁၁-၁၃ ရာစုနှစ်) တစ်လျှောက်လုံး သုဝဏ္ဏဘူမိသထုံမှာ ထင်ပေါ်လာခြင်းမရှိတော့ပါ။ ဒလ (တွံတေး)၊ ပဲခူး(ဥဿာ)၊ တောင်ငူ၊ မြောင်းမြမြို့များသ



www.burmeseclassic.com

www.burmeseclassic.com

ဆက်လက်ထွန်းကားခဲ့၏။ ၁၃ ရာစုတွင် "ဝါရီရူ"က မုတ္တမ မွန်မင်းဆက်ကို ထူထောင်လာသည်။ မုတ္တမ ၃၂ မြို့နယ် အတွင်း ဂေါ့(ကော့)မြို့နယ်မှာ ရှာငယ်ဖြစ်နေပြီး သထုံမြို့ ပျက်မှာ တောချုံဖုံးနေမည်။

မုတ္တမ မွန်မင်းဆက်မှ ဗညားဦးမင်းက ဒုံးဝန်း၌ မြို့တည်ကာ ခြောက်နှစ် နေခဲ့၏။ ရာဇာဓိရာဇ်မင်းဖြစ်လာမည့် မင်းသား ဗညားနွဲ့ကို ထိုမြို့မှာပင် မွေးသည်။ "ဝန်"မှာ ဂဝံကျောက်ဟု မွန်လိုခေါ်ပါ၏။ ဒုံးဝဏ္ဏ-ဒုံးသုဝဏ္ဏမှ ရွေ့လျောလာနိုင်သည်။

## သမိုင်းသဲလွန်စများ

ဝန်းမြို့(ဒုံးဝန်း)တွင် ဟံသာဝတီဆင်ဖြူရှင်သည် ဆံတော်ရှင်(ကျိုက်ထီးဆောင်း)စေတီကို မွမ်းမံပြုပြင်စေခဲ့ကြောင်း သိရ၏။ မှန်နန်းရာဇဝင်တော်ကြီးတွင် "ဝန်မြို့၌ ဘီလူးတို့တည်သော ဆံတော်ဘုရား ပျက်ယွင်းသည်များကို အသစ်တည်လုပ်စေ၏"ဟု မှတ်တမ်းရှိသည်။ ၎င်းမူလစေတီ (ကျိုက်ထီးဆောင်း၊ ကျိုက်ဇုတ်သုတ်)၊ ကျိုက်ကလွှတ်ဒတ်ကို ကော့ယက္ခကျွန်းမှ ယက္ခညီနောင်နှစ်ယောက်တို့လည်း ရသေ့ကြီးများနှင့်အတူ ဆံတော်တစ်ဆူရပြီး ဌာပနာခဲ့သော စေတီဟု ဆိုကြ၏။

ရှေးဟောင်းသုတေသနနည်းဖြင့် တူးဖော်ရန် လိုအပ်နေပါပြီ ဇုတ်သုတ်ဆံတော်စေတီကို ပြုပြင်နှစ်ကို ခန့်မှန်းရသော် သက္ကရာဇ် ၉၃၄ မှ ၉၄၃ အတွင်း ဖြစ်နိုင်ပါသည်။ ခရစ်နှစ် ၁၅၇၂ ဇွန်လမှ ၁၅၇၉၊ ဇူလိုင်လအတွင်း ဖြစ်မည်။

ဇုတ်သုတ်ရွာလေး၊ မုလကုကုန်းရှိ ဆင်တစ်ထပ်၊ မြင်းတစ်ထပ်အနီးမှ တပ်တော်ဦးစေတီကို ပြုပြင်တည်ဆောက်စဉ်က ကြေးထည်ပစ္စည်းအကျိုးအပဲ့များ တွေ့ရှိဖူး၏။ ၎င်းကုန်းတန်းအတိုင်း ဘိုးရဟန်းရပ်ကွက် လမ်းသေးတစ်လျှောက်တွင် စေတီဇုတ်တို ငါးခုခန့် တွေ့ရ၏။ ကျာ.ဘုရား၊ ရွှေကျွန်းဦး၊ နှစ်ကိုပ်ရစ်ဆူ၊ မြကျွန်းသာ၊ ညောင်သာယာကျောင်းအတွင်း စေတီများကို ပြန်ပြုပြင်ပြီး၏။ ဆင်နှစ်ကောင်ကျောင်းလေး ဆောလမ်းဆုံရှိ စေတီဇုတ်တိုကို မကြာမီက ပြုပြင်ပြီးသည်။

၎င်းစေတီဇုတ်တိုများမှာ အချို့အိမ်ခြံဝန်းအတွင်း၌ မနီးမဝေးဆီ ရှိနေကြ၏။

သို့အတွက် ဆင်တစ်ထပ်၊ မြင်းတစ်ထပ် ကုန်းတန်းနှင့် စေတီဇုတ်တိုများသည် "အမ်ကောဝပ်"ကဲ့သို့ သာသနာရေး အဆောက်အအုံကြီး ဖြစ်နိုင်ပါ၏။

ယခု အထက်တန်းကျောင်းနှင့် ဆေးရုံအနီးမှ "ပဥ္စမုခ" စေတီ၏ ဂဝံကုန်းမှာ အမြင့်ဆုံးဖြစ်နေ၏။ ၎င်းအနီးရှိ "မြဘုန်းလျှံ"(မရုပ်ဆိုး)စေတီမှာ သွားတော်ဌာပနာထားသည်ဟု ဆိုသည်။ မနီးမဝေးတွင် သိမ်ကုန်းစေတီ၊ မြကျိုင်းတောင်၊ ရန်ကင်းတောင်၊ ရွှေတွင်းကုန်း၊ ရွှေဒေါင်းလံများမှာ ပြုပြင်ပြီးဖြစ်၏။ မပြုပြင်ရသေးသော စေတီဇုတ်တိုအချို့ကိုလည်း ခြံစိုက်တောင်သူ ပိုင်နက်များတွင် တွေ့ရ၏။ ရွာကြီး၊ ကျောင်းကြီးဝန်းထဲမှ စေတီဇုတ်တိုများ၊ နဂါးရုံစေတီများမှာ ပြုပြင်ပြီး၏။

မပြုပြင်ရသေးသော စေတီဇုတ်တိုအချို့မှာ လူနေအိမ်များ တိုးချဲ့လာမှုကြောင့် ပျောက်ကွယ်သွားခဲ့ရပါသည်။ လူနေရပ်ကွက်များ ဖြစ်ပေါ်လာမှုကြောင့် တူးဖော်သုတေသနပြုနိုင်ရန် ခက်ခဲသွားပါပြီ။ ဝင်းကရွာ တိုက်ကုလားမြို့ဟောင်းကို တူးဖော်နိုင်သော်လည်း ဇုတ်သုတ်မြို့ဟောင်း၊ မုသင်မြို့ဟောင်းရာများကို တူးဖော်ရန် ခဲယဉ်းနေဦးမည် ထင်၏။

သုတေသနပြုခြင်းမှာ ကုန်ကျစရိတ်အလွန်များပြီး တစ်ကြိမ်တည်းနှင့် မပြီးဆုံးပါ။ ရေရှည် အကြိမ်ကြိမ် စစ်ကြောလေ့လာခြင်း၊ ကွင်းဆင်းမှတ်တမ်းတင်ခြင်း၊ တူးဖော်တိုင်းတာခြင်းများ ပြုလုပ်ရမည်။ တွေ့သမျှကို သိပ္ပံနည်းကျ သက်တမ်းစစ်ခြင်းများ ပြုရန် ထောက်ပံ့မှုရန်ပုံငွေ (Funds and Grants) များစွာရှိမှ ဖြစ်နိုင်ပါ၏။

ကွင်းဆင်းတွေ့ရှိမှုအတိုင်း မှတ်တမ်းတင်ခြင်း၊ ဆန္ဒပယောဂ(bias) ကင်းစွာ ကောက်ချက်ချခြင်းများ ပြုနိုင်ပါစေကြောင်း…။

နတ်ထီးလှိုင်
ဝ၉ ၄၂ဝဝ၈၉၇၁၁



www.burmeseclassic.com

www.burmeseclassic.com

# သုဝဏ္ဏဘူမိတော်ဝင်စိန်ပြာကြီးနှင့် Titanic သင်္ဘော

မင်းရွှေသိန်း(ဇင်းကျိုက်)

ကျောက်မျက်ရတနာများနှင့် ပတ်သက်၍ အကျိုးပေးသော ကျောက်မျက်များရှိသကဲ့သို့ အကျိုးမပွားသည့်အပြင် အန္တရာယ်များသော ကျောက်မျက်များစွာရှိကြောင်း ကျမ်းဂန်စာပေပေါင်းများစွာ၌ ဖတ်ရှုမှတ်သားခဲ့ရဖူးပါသည်။ မိမိယခုရေးသားဖော်ပြမည့် အကြောင်းအရာသည်လည်း မွန်တို့၏ မြို့ပြနိုင်ငံသမိုင်းတွင် ကြီးကျယ်ခမ်းနားစွာရှိခဲ့ဖူးသော သုဝဏ္ဏဘူမိနိုင်ငံမှ တော်ဝင်စိန်ပြာကြီးအကြောင်းဖြစ်ပြီး ၎င်းစိန်ပြာကြီးနှင့် ဆက်နွယ်ခဲ့သူမှန်သမျှ ကြမ္မာဆိုးအမျိုးမျိုးနှင့် ကြုံတွေ့ပျက်စီးခဲ့ရသောအကြောင်းပင်ဖြစ်သည်။ ထူးခြားသည်ဟု ဆိုရမည်မှာ တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ခဲ့သော ဖြစ်ရပ်သည်ပင်လျှင် ၎င်းစိန်ပြာကြီးနှင့် ပတ်သက်နေသလိုလို မှတ်တမ်းအချို့၌ တွေ့ရှိရပေသည်မှာ အံ့ဩဖွယ်ရာပင်။

စဉ်းစားကြည့်မည် ဆိုပါက သုဝဏ္ဏဘူမိခေတ်နှင့် တိုက်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ခဲ့သောနှစ်တို့သည် ခရစ်နှစ်ထောင်ချီနီးပါး ကွာခြားခဲ့ပြီဖြစ်သော်လည်း ယခုကဲ့သို့ သုဝဏ္ဏဘူမိ၏ တော်ဝင်စိန်ပြာကြီးနှင့် ဆုံမှတ်တစ်ခုတည်း ကျရောက်နေပုံမှာ ဒဏ္ဍာရီဆန်နေသည်လား မသိပေ။ သို့သော် ဒဏ္ဍာရီတော့ မဟုတ်ပါ။ ရှေးမွန်နိုင်ငံဖြစ်သော သုဝဏ္ဏဘူမိတိုင်း (လက်ရှိသထုံမြို့နှင့် ဘီးလင်းမြို့နယ်မှ ရက်ကန်းသည်မရွာ ဝင်းကရွာတို့ပါဝင်) ကို ဘီစီ ၁၇ တွင် တည်ထောင်ပြီး နောက်ဆုံး မနူဟာဘုရင်လက်ထက်ထိ မင်းဆက် ၅၇ ဆက်တိုင် သမိုင်းရှည်လျားသော နိုင်ငံဖြစ်သည်။ သုဝဏ္ဏဘူမိတိုင်းတွင် ရွှေငွေအပြင် စိန်ကျောက်ရတနာ အလွန်ပေါများကြောင်းကိုလည်း မှတ်တမ်းများအရသိရှိရပါသည်။ သာဓကပြရလျှင် သုဝဏ္ဏဘူမိခေတ်ဦးကာလ ဥရုနာဂမင်း၏ သားတော် အယုဒ္ဓကုမ္မာမင်းလက်ထက် အထူးကျော်ကြားထင်ရှားသော ဝေဠုလ္လပတ္တမြားအကြောင်းသည်ပင် သမိုင်းမှတ်တမ်း၌တွေ့ခဲ့ရခြင်းဖြစ်သည်။

ခရစ်နှစ် ၁၀၅၇ တွင် ပိဋကတ်သုံးပုံအား အကြောင်းပြု၍ သုဝဏ္ဏဘူမိအား ပုဂံမှ အနော်ရထာမင်း လာရောက်တိုက်ခိုက် သိမ်းဆည်းသွားရာတွင် စစ်သုံ့ပန်းဘုရင် မနူဟာမင်းနှင့်အတူ လက်၌ဝတ်ဆင်ထားသော ကွဲ့ခေါင်းပတ္တမြားကြီးပါသွားသည်မှာလည်း သာဓကတစ်ခုပင်။ မနူဟာမင်းသည် ၎င်းပတ္တမြားလက်စွပ်ကို မြင်းကပါသူဌေး ဦးဘောဂထံသို့ အသပြာ လှည်းခြောက်စီးတိုက်ဖြင့် ရောင်းချပြီး မနူဟာဘုရား တည်ထားရာတွင် "မနောမယလက်စွပ်မြ၊ ရောင်းရငွေဘဏ္ဍာ၊ သူနိုင်သည့်ကိုယ်မဖြစ်လို၊ ဆိုမြွက်ဟကာ" အပါအဝင် မနူဟာဘုရားဘွဲ့တွင် ရေးထိုးခဲ့သည်မှာ အထင်အရှားဖြစ်သည်။ အမှန်တွင် အဆိုပါကွဲ့ခေါင်း ပတ္တမြားလက်စွပ်(မှတ်တမ်းအချို့တွင် ဝင်သဝဏ်မနောမယမြ) သည် သုဝဏ္ဏဘူမိ၏ တန်ဖိုးအကြီးဆုံးကျောက်မျက်ရတနာဟု မဆိုနိုင်သေးပေ။ အလွန်ရှားပါး တန်ဖိုးကြီးမားသော တော်ဝင်ဘုရင်ကေရာဇ်စိန် (Imperial Diamond) တစ်ပွင့်လည်း ပုဂံသို့ သိမ်းဆည်းရာတွင် ပါသွားကြောင်း သိရှိသူနည်းပါးလိမ့်မည်ဟု ထင်ပါသည်။ ယခုမိမိဆက်လက်ဖော်ပြသွားမည်မှာ ၎င်းတော်ဝင်စိန်ကြီး အကြောင်းပင်ဖြစ်သည်။

ပုဂံခေတ်ဦးပိုင်းကာလ ကျန်စစ်သားမင်းလက်ထက် အေဒီ ၁၀၉၀ ပြည့်နှစ်တွင် ပုဂံမြို့ အာနန္ဒာဘုရားကို တည်ခဲ့သည်။ ဘုရား၏ လိုဏ်ဂူလေးဘက်လေးတန်တွင် အာရုံခံမုခ်ဝဆီသို့ မျက်နှာမူထားသော ဆင်းတုတော်လေးဆူရှိသည်။ အရှေ့မျက်နှာတွင် မာလာယုကျွန်းမှ စန္ဒကူးအနှစ်ဖြင့် ပြုလုပ်ထားသော ကောဏာဂုံမြတ်စွာဘုရား၊ တောင်ဘက်မျက်နှာတွင် ဟိမဝန္တာမှ ရရှိသော ထင်းရှူးသားဖြင့်ပြုလုပ်ထားသည့် ကဿပမြတ်စွာဘုရား။ မြောက်ဘက်မျက်နှာတွင် ဟံသာဝတီမှရရှိသော စကားသားဖြင့် ပြုလုပ်ထားသည့် ကကုသန်မြတ်စွာဘုရား။ အနောက်ဘက်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

တွင် ပဉ္စလောဟာဖြင့် သွန်းလုပ်ထားသော ဂေါတမမြတ်စွာဘုရား စသည့် ဉာဏ်တော် ၂၈ ပေစီရှိသော ဆင်းတုတော်များဖြစ်ကြောင်း မှတ်တမ်းအရ သိရှိရသည်။ ယင်းဂေါတမဗုဒ္ဓမြတ်စွာဘုရားဆင်းတုတော်၏ နဖူးသင်းကျစ်၌ သုဝဏ္ဏဘုမ္မိမှ သိမ်းဆည်းလာသော တော်ဝင်စိန်ကြီးအား မြှုပ်နှံဌာပနာထားသည်ဟု ဆိုပါသည်။ ယခုကာလတွင် ဆင်းတုတော်လေးဆူလုံးသည် မူလအတိုင်းမဟုတ်တော့ပဲ ခေတ်အဆက်ဆက် ပြင်ဆင်ထားကြောင်း သိရသည်။

ပြင်သစ်လူမျိုး ရတနာကုန်သည်ဖြစ်သော မစ္စတာတာဗီးနီးယားဆိုသူသည် အိန္ဒိယမှ မိုက်ဆိုးမဟာရာဇာ၏ သတင်းပေးမှုဖြင့် သုဝဏ္ဏဘုမ္မိတော်ဝင်စိန်ကြီးအကြောင်း သိထားခြင်းဖြစ်ရာ အေဒီ ၁၆၈၈ ခုနှစ်၌ စွန့်စားလျက် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ မြန်မာဘုရင်ထံ လက်ဆောင်အမျိုးမျိုးဖြင့် ချဉ်းကပ်ပြီး ပုဂံအာနန္ဒာဘုရားမှ တော်ဝင်စိန်ကြီးအား ကြည့်ရှုခွင့်ရရှိခဲ့သည်။ ထိုစဉ်က ပုဂံဘုရားများအား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ရဟန်းများသာဖြစ်ပြီး တာဗီးနီးယားကလည်း ပါလာသော ကျောက်မျက်ရတနာအချို့ကို ဘုရားသို့ အကြိမ်ကြိမ်လှူကာ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်ဟန် အမျိုးမျိုးပြသခဲ့သည်။ နောက်ဆုံးတွင် သူကိုယ်တိုင် ရဟန်းပြုလိုက်ခြင်းကြောင့် သံဃာတော်များက သူ့အပေါ် ပိုမိုယုံကြည်သွားပြီး ဘုရားစောင့်ရှောက်သော ဂေါပကရဟန်းအဖွဲ့ထဲ ပါဝင်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

တစ်ညတွင် တာဗီးနီးယားနှင့် အခြားရဟန်းနှစ်ပါးတို့ အာနန္ဒာဘုရားအား စောင့်ကြပ်ရန် တာဝန်ကျစဉ် အကြံသမားဖြစ်သော တာဗီးနီးယားသည် ညဉ့်နက်သန်းခေါင်ချိန်ရောက်သည်နှင့် အဖော်ရဟန်းနှစ်ပါးကို ကြိုးတုပ်ရိုက်နှက်ပြီး အာနန္ဒာဘုရား အနောက်ဘက်မျက်နှာရှိ ဂေါတမဗုဒ္ဓရုပ်ပွားတော်၏ နဖူးသင်းကျစ်ထဲ၌ ဌာပနာထားသည့် သုဝဏ္ဏဘုမ္မိတော်ဝင်စိန်ကြီးအား ခိုးယူထွက်ပြေးသွားပါတော့သည်။ တာဗီးနီးယားသည် ၁၆၆၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြင်သစ်သို့ ပြန်လည်ရောက်ရှိသွားရာ ပြင်သစ်ဘုရင် လူဝီ ၁၄ က တာဗီးနီးယားထံမှ တော်ဝင်စိန်ကြီးကို ဝယ်ယူလိုက်ပါသည်။ ၎င်းတော်ဝင်စိန်ကြီးသည် ၁၁၂ $\frac{3}{16}$ ကာရက်ရှိသည်ဟု သိရသည်။ လူဝီ ၁၄ ဘုရင်ကလည်း တော်ဝင်စိန်ကြီးအား အနာအဆာပျောက်သွားစေရန် စိန်သွေးဆရာဖြင့် သွေးစေရာ ၆၇ $\frac{1}{8}$ ကာရက်ရှိ သုံးမြှောင့်ပုံ စိန်တစ်ပွင့်ရရှိပြီး ၎င်း၏သရဖူ၌ တပ်ဆင်လိုက်ကာ (Blue Diamond of the Crown)ဟု တရားဝင် အမည်ပေးလိုက်ပါသည်။ ၎င်းသုံးမြှောင့်ပုံ စိန်ပြာကြီးရရှိစေရန် သွေးရာတွင် နောက်ထပ်စိန်တစ်ပွင့်ပါ ရရှိခဲ့သေးကြောင်း ဂျီအက်ဖ်ဟားဗတ်စမစ် ရေးသားသော Gemstones စာအုပ်၌ တွေ့ရသည်။

ပြင်သစ်ဘုရင် လူဝီ ၁၄ သရဖူ၌ တပ်ဆင်ထားသော တော်ဝင်စိန်ပြာကြီး၏ အဆင့်ဆင့် လက်ဆင့်ကမ်းရောက်ရှိသွားပုံနှင့် အဆိုပါစိန်ပြာကြီးအား ပိုင်ဆိုင်ခဲ့သူများ၏ ကြမ္မာဆိုးအမျိုးမျိုး ခံစားခဲ့ရပုံများသည် အလွန်စိတ်ဝင်စားဖွယ်ရာ ကောင်းသော်လည်း မိမိအနေနှင့် ဆောင်းပါးရှည်လျားသွားမည်ကို စိုးရိမ်သောကြောင့် လိုရင်းတိုရှင်းသာ ဆက်လက်ဖော်ပြသွားမည်ဖြစ်ပါသည်။ ပုဂံအာနန္ဒာဘုရားမှ စိန်ပြာကြီးအား ခိုးယူခဲ့သော မစ္စတာဗီးနီးယားသည် ၎င်းစိန်ပြာကြီးအား ရောင်းချပြီး အိန္ဒိယသို့ပြန်သွားစဉ် တောလမ်းခရီး၌ ကျားကိုက်၍ သေဆုံးသွားသည်ဟု ဆိုထားပါသည်။ စိန်ကြီးအားသွေးပေးသော ပန်းထိမ်ဆရာကြီးသည်လည်း စိန်ပြာကြီးကို သွေးပြီးချိန်တွင် သူ၏တပည့်က သူ့ကို ရိုက်သတ်ပြီး စိန်ပြာကြီးအား ခိုးသွားပြန်ရာ ၎င်းလည်း လမ်းခုလတ်၌ လူဆိုးများရိုက်သတ်၍ သေသွားရပါသည်။

လူဝီ ၁၄ နတ်ရွာစံပြီးနောက် မြေးတော်သူ လူဝီ ၁၆ ဆက်ခံပြီးချိန်တွင် သူ၏မိဖုရား မေရီအင်တွိုင်းနက်က စိန်ပြာကြီးအား ဝတ်ဆင်ခဲ့သည်။ သို့သော် ၁၇၈၉ ခုနှစ် ပြင်သစ်တော်လှန်ရေးဖြစ်ပွားစဉ် ဘုရင်နှင့်မိဖုရားတို့သည် နန်းစဉ်ရတနာများနှင့်အတူ ထွက်ပြေးရန် ကြံစည်သဖြင့် ပြန်လည်ဖမ်းဆီးရမိပြီး နှစ်ဦးစလုံး ခေါင်းဖြတ်စက်ဖြင့် ရက်စက်စွာ ကွပ်မျက်ခြင်း ခံသွားရရှာပါသည်။

လူဝီ ၁၆ နှင့် မိဖုရားထံမှ ပြန်လည်သိမ်းဆည်းခဲ့သော သုဝဏ္ဏဘုမ္မိစိန်ပြာကြီးကို ပြည်သူများကြည့်ရှုရန် ပြတိုက်ထဲ ထည့်သွင်းပြသထားရာ အစောင့်ဦးရေနည်းပါးပြီး တင်းကျပ်သော လုံခြုံရေးမရှိခြင်းကြောင့် သူခိုးကြီး Cated Guillot သည် စိန်ပြာကြီးအား ခိုးယူသွားပြီး နှစ်ပိုင်းပိုင်းလိုက်သည်ဟုလည်း Bapst က မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ၎င်းစိန်ပြာကြီးသည် နှစ်ပေါင်းအတန်ကြာ တိမ်မြုပ်နေရာမှ ၁၇၉၉ ခုနှစ်က စပိန်ပန်းချီဆရာကြီး ဂိုယာ ရေးဆွဲခဲ့သည့် စပိန်မိဖုရားကြီး မာရီယာလူဝစ်ဆာ၏ ပုံတူပန်းချီကားတွင် မိဖုရားကြီးဝတ်ဆင်ထားသည်ကို အံ့သြစွာ တွေ့ရှိကြရကြောင်း မှတ်တမ်းတင်ထားသည်။ ၎င်းပန်းချီကားမှ သဲလွန်စအရ စိန်ပြာကြီးသည် အမ်စတာဒမ်မြို့၌ ပြန်ပေါ်လာသည်ကို သိရပြီး အင်္ဂလန်



www.burmeseclassic.com

www.burmeseclassic.com

စိန်ကုန်သည် ဖောက်ထံ ရောက်ရှိနေသည်ဟု ဆိုသည်။ သို့သော် ဖောက်၏သားက စိန်ပြာကြီးကို ပြင်သစ်လူမျိုး ဖရန်စစ်ထံသို့ မတန်တဆဈေးလျှော့၍ ရောင်းလိုက်ရာ မကြာမီမှာပင် သူလည်း မိမိကိုယ်ကို သတ်သေသွားပါသည်။

ဖရန်စစ်သည် စိန်ပြာကြီး၏ဆိုးကျိုးကို သိလာသဖြင့် ၁၈၃၀ ခုနှစ်တွင် လန်ဒန်မြို့မှ ပြင်သစ်စိန်ကုန်သည် ဒယ်လ်နယ်အယ်ဆင်ထံ ပေါင် ၅၀၀၀ တည်းဖြင့် ရောင်းချလိုက်သည်။ တစ်ဖန် ဒယ်လ်နယ်အယ်ဆင်က အင်္ဂလိပ်လူမျိုး မစ္စတာဟင်နရီသောမတ်ဟုပ်အား ပေါင် ၁၈၀၀၀ ဖြင့် ရောင်းချလိုက်ပြန်ရာ မစ္စတာဟုပ်သည် ၎င်းစိန်ပြာကြီးကို သူ၏ ဇနီးအား မွေးနေ့လက်ဆောင်အဖြစ် လည်ပင်းတွင် ဆွဲပေးပြီး (Hope)စိန်ဟု အမည်ပေးခဲ့သည်။ ၎င်းစိန်ပြာကြီးကို ရရှိပြီးနောက် ဟုပ်ကုမ္ပဏီလည်း ကျဆင်းလျက် ဒေဝါလီခံလိုက်ရကာ ဟုပ်စိန်ကို နယူးကာဆယ်မြို့စားကတော်အား ပေါင် ၅၀၀၀ ဖြင့်သာ ရောင်းချလိုက်ရသည်။ ၁၈၃၁ ခုနှစ်တွင် မစ္စတာဟုပ်ကိုယ်တိုင် ယာဉ်တိုက်မှုဖြင့် သေဆုံးရသည့်အပြင် သူ၏ တစ်ဦးတည်းသော သားမှာလည်း ယာဉ်တိုက်မှုဖြင့်ပင် သေဆုံးသွားရကြောင်း မှတ်တမ်း၌ တွေ့ရှိရပါသည်။

နယူးကာဆယ် မြို့စားကတော်သည် သုဝဏ္ဏဘုမ္မိတော်ဝင်စိန်ပြာကြီးကို ကျော့က်ကန်သည် ဂျိုးဇက်ဖရန်ကယ်ထံ ရောင်းချလိုက်ပြန်ရာ ဂျိုးဆက်ဖရန်ကယ်သည်လည်း စီးပွားရေးကျဆင်းလာသဖြင့် စိန်ပြာကြီးအား လေလံတင် ရောင်းချလိုက်ရသည်။ စိန်ပြာကြီးအား လေလံဆွဲဝယ်ယူသွားသော တူရကီရုံးတော် ကိုယ်စားလှယ်ထံမှနေ၍ စိန်ကုန်သည် ကိုယော့ဆိုသူထံသို့ ရောက်ရှိသွားပြီး ကိုယော့မှတစ်ဆင့် ရုရှားဘုရင်မျိုးနွယ်ဝင် မင်းသားကြီး ကန်တော့စကီး၏ ရောက်ရှိသွားပြန်သည်။ မကြာမီမှာပင် စိန်ပြာကြီးအားရောင်းချလိုက်သော ကိုယော့သည်လည်း မိမိကိုယ်ကို သတ်သေသွားပါသည်။ မင်းသားကြီး ကန်တော့စကီးသည် စိန်ပြာကြီးကို သူ၏ ချစ်သူ ကချေသည်မလေး လော်ဒီအား လက်ဆောင်ပေးလိုက်ရာ ကချေသည်မလေးသည်လည်း သက်ဆိုးမရှည်ဘဲ ဇာတ်စင်ပေါ်၌ပင် ခြောက်လုံးပြူးသေနတ်ဖြင့် လုပ်ကြံခံလိုက်ရသည်။ ထိုသို့ လုပ်ကြံခံရပြီး နှစ်ရက်အကြာတွင် စိန်ပြာကြီးအား လက်ဆောင်ပေးခဲ့သူ ကန်တော့စကီးပါ ပဲရစ်လမ်းတစ်လမ်းပေါ်၌ လုပ်ကြံသတ်ဖြတ်ခြင်း ခံသွားရရှာပါသည်။ ထို့နောက် ဖော်ရှီဗစ်တော်လှန်ရေး ဖြစ်ပွားပြီး ရုရှားသက်ဦးဆံပိုင်စနစ် ချုပ်ငြိမ်းခြင်းနှင့်အတူ သုဝဏ္ဏဘုမ္မိစိန်ပြာကြီး၏ ဇာတ်လမ်းသည်လည်း စုန်းစုန်းမြုပ် ပျောက်ကွယ်သွားရပါသည်။

ဤမျှနှင့် သုဝဏ္ဏဘုမ္မိစိန်ပြာကြီး၏ ကြိုးဟန်မွှေပုံက အဆုံးမသတ်သေးပေ။ နှစ်အတော်ကြာသည့်တိုင် တိမ်မြုပ်နေရာမှ ဂရိရတနာကုန်သည်တစ်ဦး၏ လက်ထဲ ပြန်ပေါ်လာပြန်သည်။ ထိုကုန်သည် မှတစ်ဆင့် တူရကီဘုရင် စူလတန် အက်ဒူလာစစ်ထံ ရောင်းချလိုက်ရာ ဂရိကုန်သည် လင်မယားနှစ်ဦးလည်း မြင်းရထားမှောက်၍ သေဆုံးသွားကြပြီး စိန်ပြာကြီးကို ဝယ်ထားသော ဘုရင်စူလတန်ကိုယ်တိုင် သွက်သွက်ခါရူးသွပ်သွားသည်မှာ အံ့ဩဖွယ်ရာပင်။ ဘုရင်စူလတန် ကွယ်လွန်ပြီးနောက် သူ၏သားဖြစ်သူ နီမေဆစ်နန်းတက်ပြီး စိန်ပြာကြီးအား ထိန်းသိမ်းခဲ့ရာမှ သူလည်း ပုန်ကန်သူများလက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရပြန်သည်။ ၁၉၁၁ ခုနှစ်တွင် သုဝဏ္ဏဘုမ္မိစိန်ပြာကြီးကို စိန်ကုန်သည်တစ်ဦးထံမှ ရွှေတွင်းများပိုင်ရှင် မစ္စမက္ကလင်းက ဝယ်ယူလိုက်သဖြင့် အမေရိကသို့ စိန်ပြာကြီးရောက်သွားရသည်။ ဤနေရာတွင် စိန်ပြာကြီးနှင့်ပတ်သက်သော မှတ်တမ်းမှုကွဲအချို့ရှိသော်လည်း မိမိဆောင်းပါးနှင့် မသက်ဆိုင်သောကြောင့် ချန်ထားခဲ့မည် ဖြစ်ပါသည်။

သုဝဏ္ဏဘုမ္မိ စိန်ပြာကြီးကို ပိုင်ဆိုင်ထားသော မစ္စမက္ကလင်းသည် စိန်ပြာကြီးအား ရရှိပြီးမှ ဦးစွာ ဖခင်ဖြစ်သူ သေဆုံးခဲ့ရသည်။ မကြာမီတွင် မောင်ဖြစ်သူလည်း ယာဉ်မတော်တဆမှုဖြင့် ကွယ်လွန်သွားရပြန်သည်။ ထို့ပြင် မစ္စမက္ကလင်း၏ခင်ပွန်းဖြစ်သူ Ned Mclean ကလည်း အခြားအမျိုးသမီးတစ်ဦးနှင့် ရှုပ်ထွေးလျက် အရက်အလွန်အကျွံသောက်၍ ရူးသွပ်သလိုဖြစ်နေခြင်းကြောင့် ဆေးရုံတွင် အခန်းပိတ်လှောင်ထားရသည်။ တစ်ဖန် ၁၉၄၆ ခုနှစ်တွင် တစ်ဦးတည်းသောသမီးဖြစ်သူပါ အိပ်ဆေးအသောက်လွန်ပြီး သေဆုံးသွားပြန်သည်။ ၎င်းဖြစ်စဉ်များကြောင့် မစ္စမက္ကလင်းသည် ကြမ္မာဆိုးအမျိုးမျိုး၏ဒဏ်ကို မခံနိုင်တော့ဘဲ ၂၆-၄-၄၇ ရက်နေ့တွင် ကွယ်လွန်သွားရှာပါတော့သည်။ သူမ၏ သေတမ်းစာအရ လက်ဝတ်ရတနာအားလုံးကို မြေးမလေး ၂၅ နှစ်ပြည့်ပါက လွှဲပေးရန် ဘဏ္ဍာထိန်းအဖွဲ့နှင့် အပ်နှံခဲ့သော်လည်း အကြွေးများစွာ ဆပ်ရန်ရှိသဖြင့် ရတနာများကို ထုခွဲရောင်းချလိုက်ရာ သုဝဏ္ဏဘုမ္မိစိန်ပြာကြီးသည် နယူးရော့ရတနာကုန်သည် Hary Winston ထံသို့ ရောက်ရှိသွားကြောင်း မှတ်တမ်း၌ တွေ့ရှိရပါသည်။

ကြိုးဟန်မွှေသော သုဝဏ္ဏဘုမ္မိတော်



www.burmeseclassic.com

www.burmeseclassic.com

ဝင်စိန်ပြာကြီး၏ ဇာတ်သိမ်းခန်းဟု ပြောရမည်လား မဆိုနိုင်ပေ။ ၁၀-၁၁-၅၈ ရက်နေ့တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ စမစ်ဆိုနီယံပြတိုက်ခန်းမသို့ သုဝဏ္ဏဘုမ္မိစိန်ပြာကြီးအား ပြတိုက်သို့ ပေးလှူသော အခမ်းအနား ကျင်းပခဲ့ပါသည်။ စိန်ပြာကြီးပိုင်ရှင် ဟာရီဝေစတန်သည် အာမခံ ပေါ်လစီကန့်သတ်ချက်အရ အခမ်းအနားသို့ တက်ရောက်ခွင့်မရှိဘဲ သူ၏ဇနီးဖြစ်သူ မစ္စဟာရီဝင်စတန်သာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းစိန်ပြာကြီးကို တွင်းထွက် ဘူမိဗေဒဆိုင်ရာ အကြီးအကဲ ဒေါက်တာဆဝစ်ဇာကခန်းမအလယ်ရှိ လုံခြုံသော သေတ္တာထဲထည့်၍ ၎င်းသေတ္တာကို ညအချိန်ပိတ်ပြီး နေ့အချိန်တွင်ဖွင့်ပေးကာ ပရိသတ်များ စိန်ပြာကြီးအား ကြည့်ရှုနိုင်ရန် မှန်ဖြင့် ကာထားပေးကြောင်း သိရှိရပါသည်။ ထိုစဉ်က အမေရိကန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာအားလုံးသည် သုဝဏ္ဏဘုမ္မိ တော်ဝင်စိန်ပြာကြီးအကြောင်းကို ဦးဦးဖျားဖျားဖော်ပြကြရာ ဝါရှင်တန်ပို့စ်သတင်းစာ၏ ဖော်ပြချက်တွင် စိန်ပြာကြီး၏ဆိုးကျိုး ခံစားရမည့်သူမှာ မစ္စတာဟာရီဝင်စတန် မဟုတ်တော့ဘဲ စမစ်ဆိုနီယံပြတိုက်ဝန်ထမ်းများသာဖြစ်ကြောင်း ဖော်ပြခဲ့ပါသေးသည်။ သို့သော် စိန်ပြာကြီး၏ ဆိုးကျိုးကောင်း ကျိုးသတင်းများကိုမူ ယနေ့ထိတိုင် ကြားသိခြင်း မရှိတော့ပေ။

နဂါးလိမ်ခြုံးအိမ်ပွဲသကဲ့သို့ သပွတ်အူလိုက်ကာ ရှုပ်ထွေးခဲ့သော သုဝဏ္ဏဘုမ္မိ၏ စိန်ပြာကြီးသည် တိုက်တန်းနစ်သင်္ဘော နစ်မြုပ်ခြင်းနှင့် မည်သို့ ဆက်နွယ်ပတ်သက်နေပါသလဲ။ အကယ်ဒမီဆု ၁၁ ဆုရရှိခဲ့သော Titanic ရုပ်ရှင်ဇာတ်ကားကို လူအတော်များများ ကြည့်ထားမိကြမည်ဟု ထင်ပါသည်။ အဓိက ပါဝင်သူများမှာ မင်းသား လီယိုနာဒိုဒစ္စကာဖရီယိုနှင့် မင်းသမီး ကိတ်ဝင်းစလက်တို့ဖြစ်သည်။ ၎င်းရုပ်ရှင် ပြကွက်ထဲတွင် မင်းသားဂျက်က သူချစ်သူ ရို့စ်ကို စိန်ပြာဘယက်ကို ဆွဲစေပြီး ပုံတူပန်းချီကားရေးပြီးနောက် ဘယက်ကို ချစ်သူရို့စ်သို့ လက်ဆောင်ပေးသောအခန်း ပါရှိသည်။ ဘယက်မှ စိန်ပြာကြီးကိုလည်း လူဝီ ၁၆ ၏ စိန်ပြာကြီးဖြစ်ကြောင်းနှင့် ၅၆ ကာရက်ရှိကြောင်း ဖော်ပြထားသည်ကိုပါ တွေ့ရပေမည်။ တိုက်တန်းနစ်သင်္ဘောမြုပ်ပြီး မင်းသားဂျက်သေဆုံးသွားသော ဇာတ်လမ်းကို အဘွားကြီးဖြစ်နေသော ရို့စ်က ပြန်ပြောခြင်းဖြစ်၍ ဇာတ်သိမ်းခန်းတွင် အဘွားကြီး ရို့စ်က စိန်ပြာဘယက်အား နာကြည်းစွာ ရေထဲပစ်ချခြင်းဖြင့် အဆုံးသတ်ထားခြင်း ဖြစ်ပါသည်။ အမှန်တကယ်မဟုတ်ဘဲ ရုပ်ရှင်၏သဘောအရ စိန်ပြာကြီးအား စိတ်ကူးယဉ်စွာ ဆွဲထည့်ထားခြင်းဖြစ်သဖြင့် သုဝဏ္ဏဘုမ္မိစိန်ပြာကြီးနှင့် တိုက်တန်းနစ်သင်္ဘော နစ်မြုပ်ခြင်းတို့သည် မည်သို့မျှ ပတ်သက်ဖွယ်ရာ အကြောင်းမရှိဟု ဆိုနိုင်ပါသည်။

မည်သို့ဆိုစေ မိမိအနေနှင့် စဉ်းစားစရာတစ်ခုတော့ ရှိပါသည်။ တိုက်တန်းနစ်သင်္ဘော နစ်မြုပ်ခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရာတွင် အမေရိကန်လွှတ်တော် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ဗြိတိသျှစုံစမ်းစစ်ဆေးရေးအဖွဲ့ဟူ၍ နှစ်ဖွဲ့ရှိခဲ့သည်။ ၎င်းနှစ်ဖွဲ့လုံးက စုံစမ်းစစ်ဆေးတွေ့ရှိချက်များစွာအနက်မှ မှတ်ချက်တစ်ခုဖြစ်သော တိုက်တန်းနစ်သင်္ဘောကပ္ပတိန် အက်ဒွပ်ဂျွန်စမစ်၏ အိပ်ခန်းမီးခံသေတ္တာထဲတွင် ငွေစက္ကူအချို့နှင့်အတူ လျှို့ဝှက်သယ်ဆောင်လာသော ဗုဒ္ဓဆင်းတုတစ်ဆူ တွေ့ရှိကြောင်း မှတ်ချက်ကို မိမိ သတိပြုခဲ့မိပါသည်။ ၎င်းဆင်းတုတော်ကို သက်န်းနက်သားဖြင့် ပြုလုပ်ထားပြီး တန်ဖိုးမဖြတ်နိုင်သော ကျောက်မျက်ရတနာများ စီခြယ်ထားကြောင်းကိုလည်း မှတ်ချက်၌တွေ့ရသည်။

ဤဆောင်းပါး၏ နောက်ကြောင်းပြန် ကောက်ရလျှင် ပုဂံအာနန္ဒာဘုရားမှ မစ္စတာဗီးနီးယားနိုးယူသွားစဉ်က သုဝဏ္ဏဘုမ္မိစိန်ပြာကြီးသည် ၁၁၂ ၃/၁၆ ကာရက်ရှိသည်ဟု ဆိုထားပါသည်။ လူဝီ ၁၄ လက်ထဲရောက်ပြီး ပြန်သွေးရာတွင် ၆၇ ၁/၇ သုံးမြောင့်သဏ္ဌာန် စိန်တစ်ပွင့်နှင့် နောက်ထပ် စိန်တစ်ပွင့်ရရှိကြောင်းလည်း ပါဝင်ပါသည်။ ထိုသို့ အဆင့်ဆင့်သွေးလာရာမှ စိန်သုံးပွင့်ဖြစ်လာပြီး စမစ်ဆိုနီယံပြတိုက်ထဲ ပြသထားသောစိန်ပြာသည်သာ အကြီးဆုံးဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ၄၄ ၁/၂ ကာ ရက်ရှိကြောင်းလည်းဆိုထားပါသည်။ သို့ဆိုလျှင် သုဝဏ္ဏဘုမ္မိ၏ တော်ဝင်စိန်ကြီးကို အဆင့်ဆင့်သွေးလာရာ၌ ဘေးထွက် အစိတ်အပိုင်းအချို့လည်း ရှိခဲ့လိမ့်မည်ထင်သည်။ အဆိုပါ အစိတ်အပိုင်းများထဲမှ အစိတ်အပိုင်းတစ်ခုကလေးသည်လည်း တိုက်တန်းနစ်သင်္ဘော၏ ကပ္ပတိန်အိပ်ခန်းထဲမှ ရရှိသော ဗုဒ္ဓဆင်းတုတော်တွင် ထည့်သွင်းစီခြယ်ထားခြင်းဖြစ်မည်ဟု ကောက်ယူမည်ဆိုလျှင်ကော…။

မင်းရွှေသိန်း(ဇင်းကျိုက်)

ကိုးကားချက်

၁။ ပုဂံအကြို သမိုင်းခြေရာများ။
ဦးသန်းထွန်း(ရွှေဘို)
၂။ တိမ်မြုပ်ပျောက်ကွယ်နေသည့် မွန်တို့၏ မြို့ပြနိုင်ငံများ- နိုင်ခင်မောင်လေး
၃။ ဘဒြဒေဝီစာစဉ်အမှတ် ၄၊
နိုင်ခင်မောင်လေး



www.burmeseclassic.com

www.burmeseclassic.com

# သူတော်စင်ဝိဇ္ဇာကြီးတို့၏ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ

ဝိဇ္ဇာဓရ ဆရာအောင်

## ဦးဝိဇ္ဇာဓရ ဘိုးပေါက်စိန်

ကျွန်ုပ်သည် ဘုန်းဘုရား ဘိုးပေါက်ဆိန်အကြောင်းကို ကြားသိခဲ့ရသည်မှာ ကြာခဲ့ပါပြီ။ သို့သော် ကိုယ်တိုင်ကိုယ်ကျ တွေ့ဖို့ရန်အကြောင်း မတိုက်ဆိုင်ခဲ့ပါ။ သို့မဟုတ် ပဌာန်းဆက် ဝေးလို့လားဟု၍ ထင်မိပါတယ်။

မည်သို့ဆိုစေ ဘုန်းဘုရားကြီးရဲ့ အဆောင်အယောင်ဖြစ်တဲ့ ပေါက်ဆိန်ငယ်ကလေးများကိုတော့ မကြာခဏ ရရှိခဲ့ပါတယ်။ အစ ပထမရရှိခဲ့သည်မှာ လွန်ခဲ့သော ငါးနှစ်ခန့်က အဖေကြီး ဦးအေးဖေ(ရဟန်းဘွဲ့)ထံမှ ပေါက်ဆိန်ကလေး တစ်ခုကို ရရှိခဲ့ပါတယ်။ ဒို့အပြင် မကြာမီက ဘုန်းရောင်ဂျာနယ်နှင့် ရောင်ပြန်မဂ္ဂဇင်း အယ်ဒီတာချုပ် ဆရာ ဦးမောင်မောင်မြင့်အေးက အရှည် ကိုးလက်မခန့်ရှိ ကြေးနဲ့လုပ်ထားသော ပေါက်ဆိန်နှစ်ခုကို ယူဆောင်လာပါတယ်။ အဲဒီပေါက်ဆိန်ဟာ ဘုန်းဘုရားကြီးလက်ထက်ကတည်းက ဘုန်းဘုရားကြီးမှ ချီးမြှင့်လိုက်သော ပေါက်ဆိန်ဟု ယူဆရပါတယ်။

ဒါနဲ့ပဲ ဓာတ်ဆင်တဲ့အနေနဲ့ ကြက်ခြေသဏ္ဍာန်ပြင်ဆင်ပြီး ဆရာရဲ့နောက်ကျောမှာ ထားလိုက်ပါတယ်။ ကျွန်ုပ်တို့ဂျာနယ်တိုက်မှာလည်း ဝိဇ္ဇာပေါင်းချုပ် ဆရာတော်ကြီးများရဲ့ ဓာတ်ပုံကိုလည်း ထားရှိပါတယ်။ တစ်ပတ်တစ်ကြိမ် ရွှေငှက်ပျောသီးနဲ့ပွဲကို ပြင်ဆင်ပြီး ဘုရားရှင်ကို ဦးထိပ်ထားလျက် ဝိဇ္ဇာအပေါင်း မယ်တော်အပေါင်းတို့မှတစ်ဆင့် ဘုရားကို ရည်စူးပြီး လှူဒါန်းလျက်ရှိပါတယ်။

ဆရာက တစ်ခါတလေ ဖီးကြီး(ဖီးကြမ်းကြီး) တစ်ဖီးကိုလည်း ဘု ႏးရှင်ကို လှူဒါန်းပြန်ပါတယ်။ ဒီနေရာမှာ ဘိုးပေါက်ဆိန်ရဲ့ ဩဝါဒစကားက ဆန်းကြယ်လှပါ၏။

ဘိုးပေါက်ဆိန်ရဲ့ စကားအသုံးအနှုန်းမှာ ပညာများပါနေပါတယ်။ ထိုအချက်ကို သိသူများရှိသလို မသိ၍ ကျော်သွားသူများလည်း ရှိပါတယ်။ ဥပမာ ငှက်ပျောသီးအကြောင်း ငှက်ပျောဖီးကြီးကို ခေါ်မရတဲ့ ငှက်ပျောဖီးကြီး ပြောတိုင်းပြီးသတဲ့၊ ငှက်ပျောဆင်စွယ် ပြောတိုင်းလွယ်တဲ့၊ အကြောင်းကြီးငယ် စကားအချေအတင်နဲ့ ပြောရမယ်ဆိုရင်...

ဘုရားကိုယ်တော်မြတ်ကြီးနဲ့ ဘုန်းဘုရားကိုပါ ငှက်ပျောဖီးကြီး၊ ငှက်ပျောဆင်စွယ်တို့ကို အဖီးလိုက် မတင်နိုင်ရင် အလုံးလိုက်ဝယ်ပြီး လှူဒါန်းကာ ငှက်ပျောဖီးကြီး ပြောတိုင်းပြီးရပါလို၏ဘုရားဟု ဆုတောင်းရတယ်လို့ မိန့်ဆိုခဲ့ပါတယ်။ မိမိဖြစ်နေတဲ့ ကိစ္စများ၊ ပြောရေးဆိုတာများ၊ ပြောတိုင်းရရပါလို၏ဘုရား၊ ပြောတိုင်း လွယ်ရပါလို၏ဘုရားလို့ ဘုန်းဘုရားကိုပါ တိုင်တည်ပြီးဆုတောင်းဟု မိန့်ဆိုခဲ့ပါ၏။

ဤသို့ဖြင့် အတိတ်၊ နိမိတ်၊ ဟိတ်နှင့် ပြောဆိုကျင့်ကြံကြသည်ကို သာမန်အားဖြင့် မသိနိုင်သော်လည်း သတိထားမိသူများက သိနိုင်ပါသည်။

ဘုန်းဘုရားကြီးသည် သိဒ္ဓိပေါက်နေသဖြင့် ဘာသာစကားအမျိုးမျိုးကို နားလည်သည်။ သို့မဟုတ် နားလည်စေနိုင်သည့် ကုလားနှင့်တွေ့လျှင် ကုလားစကားပြောနိုင်ခြင်း၊ တရုတ်နှင့်တွေ့လျှင် တရုတ်စကားပြောနိုင်ခြင်း၊ အင်္ဂလိပ်နှင့်တွေ့လျှင် အင်္ဂလိပ်စကားကို ပြောနိုင်ခြင်း စသည်တို့ ဖြစ်ပါတယ်။

## ဘုန်းဘုရားနှင့် ဦးပေါက်ဆိန်

အတော်ပင် ဆန့်ကျင်သော စကားတွဲဖြစ်သည်။ ဘုန်းဘုရားဟူသော ဝေါဟာရမှာ နူးညံ့သိမ်မွေ့သလောက် ဦးပေါက်

www.burmeseclassic.com

ဆိန်ဟူသော အမည်နာမမှာ သီးခြားဖြစ်သကဲ့သို့ သို့မဟုတ် ထူးဆန်းသကဲ့သို့ ဘုန်းဘုရားပေါက်ဆိန် တွဲဖက် နေသည်မှာလည်း ထူးဆန်းလှပေ၏။ (ကျမ်းကိုးယင်းကျမ်း စာ ၉) သူ၏ ထက်မြက်သောလက်နက်မှာ ပေါက်ဆိန်ဖြစ်သည်။

ရာမာယနဇာတ်တွင် ဖရသုရာမ (မသျှူးရာမမှာ ပေါက်ဆိန်လက်နက်ကိုင်ဆောင်သော ယောဂီကြီးပင်ဖြစ်ပါ၏။ ပေါက်ဆိန်လက်နက်ကို ကိုင်ဆောင်သောကြောင့် သူ့ကို ဖရသုရာမဟု ခေါ်ခြင်းဖြစ်၏။ ပရသုကို သက္ကတဘာသာဖြင့် (ဖရသု) ဟု အသံထွက်ရာ ၎င်းကို မြန်မာတို့က ပုသျှူးဟု ခေါ်ခြင်းဖြစ်၏။ ဘုန်းဘုရားရဲ့ အမှတ်တံဆိပ်မှာလည်း ပေါက်ဆိန်ဖြစ်ပါ၏။

## ဘာကြောင့် ပေါက်ဆိန်ဖြစ်ရသနည်း

တစ်နေ့ တောထဲမှာ တရားကျင့်နေတဲ့ အချိန်ဖြစ်ပြီး အဲဒီအချိန်အခါကလည်း ရောဝတီတိုင်းဒေသကြီး ဟင်္သာတဝန်းကျင်မှာ မသမာသူတွေ၊ အကြမ်းဖက်သူတွေ အနည်းအကျဉ်းရှိနေပါသေးတယ်။ ဒီလူတစ်စုက တောထဲမှာတွေ့တဲ့ ဘုန်းဘုန်းကို ရဟန်းသံဃာလို့ မထင်မှတ်ဘဲ သူတို့သတင်းကို စုံစမ်းထောက်လှမ်းသူဟု သံသယရှိနေပါတယ်။ ဒါကြောင့် သူတို့နဲ့ ရင်ဆိုင်နေရတဲ့ ဘုန်းဘုရားကို မသင်္ကာတာနဲ့ စစ်လားဆေးလားလုပ်ပြီး နိုပ်စက်ရိုက်ပုတ်ရုံမျှမက အနီးရှိသစ်ပင်နားတွင် ထောင်ထားကာ တွေ့ရတဲ့ပေါက်ဆိန်(ပုဆိန်)ကြီးနဲ့ ဘုန်းဘုရားကို ရက်ရက်စက်စက် ပေါက်ပါတယ်။ ဒါပေမယ့် ဘုန်းဘုရားက ဘာမှမဖြစ်ပါဘူး။ ဖြုံတောင်မဖြုံဘဲ "ထပ်လုပ်ဦးကွာ လုပ်စမ်းကွာ" လို့ပြောတော့ လက်နက်တွေကိုင်ထားတဲ့ လူတွေထဲက ခပ်ဆတ်ဆတ်လူငယ် တစ်ဦးက သေနတ်နဲ့ပစ်ပါတယ်။ ဒါပေမယ့် ကျည်ဆန်က မထွက်ပါဘူး။ ဘေးကိုပစ်ကြည့်တော့မှ ကျည်ဆန်က ထွက်ပါတယ်။ အဲဒီအချိန်မှာ ဘုန်းဘုရားက "ဟေ့လူတွေ လုပ်ကြလေကွာ။ ငါ့ကို လုပ်ကြစမ်း။ မင်းတို့အလှည့်ပြီးပြီလား" လို့ မေးပါတယ်။ ဒါနဲ့ ခုနလူတွေက ကြောက်လန့်ထွက်ပြေးဖို့ပြင်ကြတော့ ဘုန်းဘုရားက "ဟေ့ကောင်တွေကဲ မင်းတို့အလှည့်ပြီးရင် ငါ့အလှည့်" လို့ဆိုပြီး အနီးမှာတွေ့ရတဲ့ ပေါက်ဆိန်ကိုဆွဲပြီး လူဆိုးတွေကို လိုက်ပြီး ပေါက်ဆိန်နဲ့ပေါက်ပါတယ်။ ဒါပေမယ့် ထိအောင်နာအောင်တော့ မပေါက်ပါဘူး။ ခြောက်လှန့်တဲ့ သဘောနဲ့ ပေါက်ဆိန်ကို ကိုင်လိုက်တော့ လူတွေဟာ ပြေးပါလေရော။ အဲဒါကိုအစွဲပြုရင်း ဘိုးပေါက်ဆိန်ရယ်လို့တွင်ခဲ့ကြောင်း သိရပါ၏။

ဘုန်းဘုရား ဘိုးပေါက်စိန်သည် ဝိဇ္ဇာဓရ ဝိဇ္ဇာမိုရ်ဆရာတော်ဟူ၍ ကျော်ကြားသည်နှင့်အညီ မြန်မာနိုင်ငံတွင်မက ကမ္ဘာအနှံ့တွင် ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာတို့ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပါသည်။

ဘိုးပေါက်ဆိန်မှာ ရိုးရိုးပေါက်ဆိန်မဟုတ်။ မေတ္တာပေါက်ဆိန်ဖြစ်ပါသည်။ မေတ္တာဟူသည် အေးမြကြည်လင်၏။ မွေးပျံ့သင်းကြိုင် ရနံ့လှိုင်နေ၏။ ဘုန်းဘုရားသည် ရိုးသား၍ ထူးဆန်းသည်။

ဘိုးပေါက်ဆိန် ခေတ်သည် အဘအောင်မင်းခေါင်ကြီး ခေတ်နှင့် ခေတ်ပြိုင်ဖြစ်သည်ဆို၏။ ပုပ္ပားတောင်က လပ်သည် ဝိဇ္ဇာဇော်ဂျီ တပသီတို့ ပျော်စံရာတောင်ဟူ၍ အသိအမှတ်ပြုကြသော တောင်ပင်ဖြစ်သည်။

ထို့ကြောင့် ထိုတောင်ကို ဘုရားဖူးသွားလာ လွယ်ကူစေရန် ပုပ္ပားမြို့မှ တောင်ကလပ်ဂူချောင်အထိ အလျားတစ်မိုင်ခန့် အနံ ၂၆ ပေ ကျယ်ဝန်းသော လမ်းသစ်ကြီးကို ဦးပရမဝဏ္ဏသိဒ္ဓိအား တာဝန်ပေးခဲ့သည်။ တောင်ကလပ်မှ တောင်မကြီးကို သွားရာလမ်းတွင် တည်ထားသော မောင်တော် ငတ်တုတ် တောင်စေတီတော်နှင့် မှန်ပြတောင်စေတီတော်တို့ကို အသစ်တစ်ဖန် ပြန်တည်ခဲ့သည်။

ဝိဇ္ဇာဓရ ဘိုးပေါက်ဆိန်ဆရာ တော်ဘုရားကြီးသည် လောကီလော ကုတ္တရာနှစ်ဖြာသော သာသနာအကျိုးကို အံ့ဖွယ်ရာ ဆောင်ရွက်နိုင်ခြင်းသည် မဟိဒ္ဓိထူးများကို ရရှိ၍သာ စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ထူးဆန်းအံ့ဖွယ်ရာ ရဟန်းမြတ်ဖြစ်ပါကြောင်း ရေးသားပူဇော်လိုက်ရပါသည်။

---

**ဝိဇ္ဇာဓရ - ဆရာအောင်**

---


မှီငြမ်း

- မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ဝိဇ္ဇာပေါင်းချုပ် (ပထမတွဲ)
- မောင်ပန်းမွေး ဘုန်းဘုရားဦးပေါက်ဆိန် (သို့မဟုတ်) ဦးဝိဇ္ဇာဓရဝိဇ္ဇာမိုရ်ဆရာတော်။



www.burmeseclassic.com

www.burmeseclassic.com



# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန်

၏

# ၂၀၁၆ မျှော်နှစ် ၁၂ လရာသီဖွားများအတွက်

## တ စ် လ ချ င်း စီ အ ဟော

## နွှန်လ

■ ဦးတိုး(တက္ကသိုလ)

(ဤအဟောများကို ထိုင်းနိုင်ငံမှ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချွန် ဟောပြောထားသည်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ ၁၂ လရာသီဖွားများ၏ မွေးဖွားသည့် ကာလအပိုင်းအခြားသည် အနောက်တိုင်းနှင့် မတူပါ။ မွေးလ၊ မွေးရက်ကိုရှာ၍ အဟောများကို ကြည့်ရှုစေလိုပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

**မကာရ ရာသီဖွား (ဆိတ်ရုပ်) (Capricorn)**

**ဇန်နဝါရီလ ၁၄ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်**

သင်၏ သက်မွေးမှုလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သော်လည်း ယခုလကုန်ဆုံးချိန်တွင် သင်၏ကတိမတည်မှုကြောင့် အခက်အခဲတချို့နှင့် ကြုံတွေ့ရတတ်သည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် အလားတူစိတ်ခံစားမှုဖြင့် တစ်ယောက်ယောက်နှင့် တွေ့ဆုံရန် မျှော်လင့်နိုင်သည်။ လင်မယားချင်း စိတ်ခံစားမှုနှင့်ပတ်သက်၍ စကားများရန်ဖြစ်ရတတ်သည်။

**ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်) (Aquarius)**

**ဖေဖော်ဝါရီလ ၁၄ ရက်မှ မတ်လ ၁၃ ရက်**

အလုပ်ကို သင်တစ်ဦးတည်း လုပ်ဆောင်နေသည်ထက် အဖွဲ့အသင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းသာ လုပ်ကိုင်ဆောင်ရွက်လျှင် ပိုမိုကောင်းမွန်လေ သည်။ အသက်ကြီးသူများထံမှ ငွေအများအပြား ဝင်လာလိမ့်မည်။ သင့်ထံသို့ ရောက်ရှိလာမည့် အခွင့်အရေးတစ်စုံတစ်ရာကို ဖမ်းဆုပ်ယူလိုက်ပါ။ သင့်ထံသို့ အချစ်ဟောင်းမှ စိတ်ပြန်လည်လာလိမ့်မည်။

**မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်) (Pisces)**

**မတ်လ ၁၄ ရက်မှ ဧပြီလ ၁၄ ရက်**

လုပ်ငန်းခွင်တွင် သင်တာဝန်ခံထားရမှု ပြောင်းလဲသွားနိုင်သည်။ သင်၏လုပ်ဖော်ကိုင်ဖက်များနှင့် သင်၏သုဌေးဖြင့် ပဋိပက္ခမှုရှောင်လွှဲ၍ ပတ်ဝန်းကျင်သစ်ဖြင့် လိုက်လျောညီထွေမှုရှိအောင် ညှိယူပါလေ။ စေ့စပ်ညှိနှိုင်းရမှုများတွင် ကသီလင်တ ဗျာများရသကဲ့သို့ ချစ်ရေးချစ်ရာ ဆက်ဆံရေးတွင်လည်း အလားတူ ဖြစ်ပေါ်လာလိမ့်မည်။

**မိဿရာသီဖွား (သိုးထီးရုပ်) (Aries)**

**ဧပြီလ ၁၅ ရက်မှ မေလ ၁၄ ရက်**

သင်၏ အလုပ်အကိုင်လျှောက်ထားခဲ့မှု ရေရှည်မျှော်သွားမည်။ သင်၏မိသားစုနှင့် အနီးကပ်ဆုံးလူများမှ အထောက်အကူယူရန် အကောင်းဆုံးဖြစ်သည်။ သင် အမြတ်မဲ့အလိုရှိနေသည့် အရာများအပေါ် ငွေသုံးနေရပါမည်။ သင်၏အချစ်ရေးတွင် အရှုပ်အထွေးများဖြင့် ပြည့်နက်နေမည်။

**ပြိဿရာသီဖွား (နွားလားဥသဘရုပ်) (Taurus)**

**မေလ ၁၅ ရက်မှ ဇွန်လ ၁၄ ရက်**

အလုပ်တွင် စွမ်းအားမြင့်တင်၍ လုပ်နေရပြီး သူငယ်ချင်းများ၏ မည်သည့်အကူအညီကိုပင် ရယူစေကာမူ သင်၏ကြိုးစားမှုဖြင့် အောင်မြင်မှုကို ရရှိမည်။ ငွေလာချေးသူများကြောင့် စိတ်ပျက်နေရမည်။ သတိထားပါ။ သို့တည်းမဟုတ်ပါက အရေးကြီးသောအရာများ ဆုံးရှုံးရပါလိမ့်မည်။ ယခုလကုန်ဆုံးသွားမှသာ သင့်ထံသို့ ငွေအများအပြား ရောက်ရှိလာပါလိမ့်မည်။

**မေထုန်ရာသီဖွား (အမြွာရုပ်) (Gemini)**

**ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၁၅ ရက်**

သင့်နောက်ဘက်ကို သတိထားနေလျှင် လုပ်ငန်းခွင်၌ တိုးတက်မှုရရှိမည်။ သင့်အား မုန်းတီးနေသူများနှင့် အကျပ်ကိုင်မည့်သူများအား သတိထားနေလျှင် သင်၏အလုပ်သည် ရလဒ် ကောင်းလာမည်။ သင်ချစ်ရသူ၏ သစ္စာဖောက်မှုကို ခံရတတ်သည်။ စိတ်တည်ငြိမ်အောင်ထား၍ ဆင်ခြင်တုံတရားထားပါ။

**ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်) (Cancer)**

**ဇူလိုင်လ ၁၆ ရက်မှ ဩဂုတ်လ ၁၆ ရက်**

အောင်မြင်မှုနှင့် သင့်လျော်သော ရလဒ်ကောင်းများရရှိရန် အလုပ်တွင် စွမ်းအားထည့်ပါ။ ယုံကြည်ကိုးစားမှုထားပါ။ တီထွင်မှုရှိပါ။ ကြိုးစားလုပ်ပါ။ စေ့စပ်ဆွေးနွေးခြင်းဖြင့် နောက်ဆုံးတွင် အောင်မြင်မှုရမည်။ သို့တည်းမဟုတ် အလုပ်အကိုင်သစ်တစ်ခုကို သင်ရရှိလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်) (Leo)
## ဩဂုတ်လ ၁၇ ရက်မှ စက်တင်ဘာလ ၁၅ ရက်


တက်သုတ်နှင်လုပ်ခြင်းဖြင့် အလုပ်ပြီးစီးသွားမည်။ စေ့စပ်ဆွေးနွေးခြင်းဖြင့် အောင်မြင်မှုများဖြင့် အဆုံးသတ်ပေးမည်။ သို့ရာတွင် သင်သည် အလွယ်တကူနှင့် ငြီးငွေ့သွားတတ်သဖြင့် သင်၏ သက်မွေးမှုလုပ်ငန်းကို ရှေ့သို့ ဆက်လက်ချီတက်ရန် စီမံချက်ကောင်းတစ်ခု ရေးဆွဲထားဖို့ လိုအပ်ပေလိမ့်မည်။ ကံကောင်းမှုများသည် သင့်ဘက်တွင် ရှိနေပါသည်။ စတော့ရှယ်ယာများဝယ်ပါ။ ရင်းနှီးမြှုပ်နှံထားပါ။ အထူးသဖြင့် ပစ္စည်းဥစ္စာ၊ မြေနှင့် အဆောက်အအုံတို့သည် အလွန်အမြတ်အစွန်း ရရှိနိုင်ခြေရှိသည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်) (Virgo)
## စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရမည်ဖြစ်သော်လည်း ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းနေပြီး အားလုံးကို အလွယ်တကူကျော်လွှားနိုင်လိမ့်မည်ဟု သင်ယုံကြည်နေလိမ့်မည်။ သတင်းအားလုံးကို သေသေချာချာလေ့လာပါ။ သင်၏ အထက်အရာရှိများ၏ အကူအညီဖြင့် သင်၏ လုပ်ဖော်ကိုင်ဖက်များထက် ခြေတစ်လှမ်းသာသွားနိုင်ပေသည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်) (Libra)
## အောက်တိုဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၁၅ ရက်

အလုပ်အကိုင်တွင် ယှဉ်ပြိုင်ရမှုများ အလွန်များပြားနေမည်။ လူတချို့သည် သင့်အပေါ် ညစ်ပတ်စွာ ကြံစည်တတ်



ကြမည်ဖြစ်သော်လည်း လိမ်လည်လှည့်ဖြားကြသူများသည် သင့်အား ထိရောက်ကြမည်မဟုတ်ပေ။ လင်မယားများအတွက် ခက်ထန်ကြမ်းတမ်းသော ကာလဖြစ်သော်လည်း လမ်းခရီးအဆုံးသို့ရောက်လျှင် တစ်ဦးနှင့်တစ်ဦး ပိုမို၍ နားလည်မှုရှိသွားကြလိမ့်မည်။

## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်) (Scorpio)
## နိုဝင်ဘာလ ၁၆ ရက်မှ ဒီဇင်ဘာလ ၁၄ ရက်

လုပ်ငန်းခွင်တွင် သင့်အားယှဉ်၍ နိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိဘဲ သင်၏ အထက်အရာရှိများနှင့် လုပ်ဖော်ကိုင်ဖက်များမှ သင့်အား လက်ခံကြပါလိမ့်မည်။ သင်၏ ကျလောက်အောင် စကားပြောကောင်းသည့် ဆွဲဆောင်မှုအရ ငွေအမြောက်အများ ဝင်လာပါလိမ့်မည်။ ဖွံ့စားမှုတချို့လုပ်ရန် အချိန်ကာလဆိုး မဟုတ်ပါ။ တစ်ကိုယ်တည်းသမားများ ချစ်သူနှင့်တွေ့မည်။

## ဓနုရာသီဖွား (လေးစွဲယောဏ်ျားရုပ်) (Sagittarius)
## ဒီဇင်ဘာလ ၁၅ ရက်မှ ဇန်နဝါရီလ ၁၃ ရက်

ကုန်ပစ္စည်းများ ထုတ်လုပ်မှုတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြလျှင် မဟာအလားအလာကောင်း များရှိလာမည်။ အမျိုးမျိုးသော အရင်းအမြစ်ဝင်ငွေများကြောင့် စိတ်အားတက်နေပေမည်။ သင့်ထက်ငယ်ရွယ်သူ တစ်စုံတစ်ဦးမှ သင့်အတွက် ငွေအများအပြား ယူဆောင်လာလိမ့်မည်။ ချစ်သူများ အတူတကွ ချောမွေ့စွာ ရှက်လှည့်နေကြလိမ့်မည်။ တစ်ကိုယ်သမားဖြစ်လျှင် တိတ်တိတ်ပုန်း ချစ်သူရှိနေမည်။

ဦးတိုး(တက္ကသိလ)

*Reference:*
**BKK Post, Life-Feature Khatha Chinnabanchorn & Here's what awaits in 2016.**



www.burmeseclassic.com

www.burmeseclassic.com

# တာရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၆ ခုနှစ် ၊ ဇူလိုင်လ

## တာရုတ် နှစ်ဖွားသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**မြွေနှစ်ဖွားသူများအတွက် ဆောင်ရန်အချက်များ**

အထည်ချုပ်လုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်လျှင် အကျိုးပေးမည်။ လုပ်ပါ။ ခရီးထွက်နိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ လယ်ကစင်းဦး၊ တာရိုးတာတမံ ပြုပြင်ဆောက်လုပ်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ အိမ်ရာပြောင်းရွှေ့ကြလျှင် ဇူလိုင်လ ၁၉ ရက်ကိုသာ ရွေးချယ်လိုက်ပါလေ။ ထို့ပြင် ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ လုပ်နိုင်ပါသေးသည်။

**ရှောင်ကြဉ်ရန်အချက်များ**

အပ်စိုက်ကုသနည်းကို ရှောင်ပါ။ ဆေးသမားတော်ရှာဖွေရန် ခဏခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်ဆိုင်းနိုင်ပါက အကျိုးယုတ်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါ။ ၂၅-၇-၂၀၁၆ ရက်နေ့တွင် လက်ထပ်ထိမ်းမြားခြင်း၊ အိမ်ရာပြောင်းရွှေ့နေထိုင်ခြင်း မပြုလုပ်ကြရ။ ခိုက်တတ်၏။ ထို့ပြင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်း၊ ခရီးထွက်ခြင်း၊ လှေ၊ သင်္ဘောပြုပြင်ခြင်းတို့ကိုလည်း ရှောင်ရှားနေပါ။

**မြင်းနှစ်ဖွားသူများအတွက် ဆောင်ရန်အချက်များ**

ခရီးထွက်နိုင်၏။ မိတ်ဆုံနိုင်၏။ ဖေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲလုပ်နိုင်၏။ ထို့ပြင် အထည်ချုပ်လုပ်ငန်းလုပ်လျှင် အကျိုးပေးမှုရှိမည်။

**ရှောင်ကြဉ်ရန်အချက်များ**

မိမိ၏နေအိမ်နှင့် မီးဖိုချောင်၊ မီးဖိုခန်းပြုပြင်ခြင်း၊ ဆောက်လုပ်ခြင်း မပြုကြရပါ။ ခဏခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်ဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။ ထို့ပြင် ရေတွင်းရေကန် တူးဖော်ခြင်းကို ရှောင်ပါ။ ခိုက်တတ်၏။ လာဘ်တိတ်တတ်၏။

**ဆိတ်နှစ်ဖွားသူများအတွက် ဆောင်ရန်အချက်များ**

ဖေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ခရီးထွက်နိုင်၏။ ၃-၇-၂၀၁၆ ရက်နေ့ ၁၅-၇-၂၀၁၆ ရက်နေ့နှင့် ၂၇-၇-၂၀၁၆ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ကြပါသည်။ ထို့ပြင် အလုပ်အကိုင် ရာထူးအသစ်များတို့ကို လက်ခံဆောင်ရွက် လုပ်ကိုင်နိုင်ပါသည်။ လုပ်သာလုပ်ပါ။ တွေးမနေပါနှင့်၊ ငေးမနေပါနှင့်။

**ရှောင်ကြဉ်ရန်အချက်များ**

ငါးဖမ်းခြင်း၊ ငါးခိုင်လုပ်ခြင်း၊ ငါး အရောင်းအဝယ်လုပ်



www.burmeseclassic.com

www.burmeseclassic.com

ခြင်းတို့ကို ရှောင်ပါ။ ပျက်စီးအရှုံးပေါ်တတ်၏။ ခရီးထွက် နိုင်ပါသော်ငြားလည်း ရေကြောင်းခရီးကို ရှောင်ပါ။ လေ့၊ သင်္ဘောမစီးရ။ ထို့ပြင် ၂၈-၇-၂၀၁၆ ရက်နေ့တွင် လက်ထပ်ခြင်းမပြုရ။ ရအောင်ရှောင်ပါလေ။

### မြောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ


စျေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ခရီးထွက်နိုင်၏။ လက်ထပ်နိုင်၏။ ထို့ပြင် အိမ်ရာပြောင်းရွှေ့နိုင်၏။ နေအိမ်ခြံဝန်း သန့်ရှင်းရေးလုပ်ပါ။ ဆံသခြင်း၊ ခေါင်းလျှော်ခြင်းပြုနိုင်၏။ ဇူလိုင်လ ၄ ရက်နေ့၊ ၁၆ ရက်နေ့နှင့် ၂၈ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်သည်။

### ရှောင်ကြဉ်ရန်အချက်များ

အသစ်စေ့စပ်ခြင်း မပြုကြရ။ အမှုပြဿနာ တက်တတ်ပါသည်။ ခဏရှောင်နေပါ။ အရောင်းအဝယ်စာချုပ်လည်း မချုပ်ဆိုရပါ။ မိတ်ဆုံခြင်းမပြုပါနှင့်။ အကျိုးရှိမည် မဟုတ်ပါချေ။ ဇူလိုင်လ ၁၆ ရက်နေ့တွင် ခရီးမထွက်ကြရပါ။ ကြပ်ကြပ်သတိထားပါ။

### ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ ပွဲ၊ ပူဇော်ပွဲများ ပြုလုပ်နိုင်၏။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းပြုလုပ်နိုင်၏။ ဇူလိုင်လ ၂၉ ရက်တွင်သာ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ပြုလုပ်ပါ။ မိမိ၏နေအိမ်ခြံဝန်း သန့်ရှင်းရေးလုပ်ပါ။ လကုန်ရက်တွင် ပိုမိုကံကောင်းလာပါလိမ့်မည်။



### ရှောင်ကြဉ်ရန်အချက်များ

မိမိ၏နေအိမ်နှင့် အလုပ်ပြောင်းရွှေ့ခြင်း မပြုလုပ်ရပါ။ အကျိုးရှိမည် မဟုတ်ပါချေ။ အရောင်းအဝယ်စာချုပ် မချုပ်ဆိုရပါ။ အမှုပြဿနာတက်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။ ထို့ပြင် တောအမဲလိုက်ခြင်းနှင့် ငါးဖမ်းခြင်း မပြုရ။ အထူးသဖြင့် ဇူလိုင်လ ၂၉ ရက်နေ့ကို အရရှောင်ပါလေ။

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ခြင်းပြုနိုင်၏။ ခရီးထွက်နိုင်၏။ အိမ်ပြောင်းရွှေ့နိုင်၏။ ပြောင်းရွှေ့လျှင် အကျိုးထူးမှုရှိမည်။ ဇူလိုင်လ ၆ ရက်နေ့သည် ရက်ကောင်း မင်္ဂလာနေ့ဖြစ်ပါသည်။ ထိုနေ့တွင် စေ့စပ်ခြင်းနှင့် လက်ထပ်ခြင်းပြုလုပ်နိုင်၏။ မိတ်ဆုံနိုင်၏။ အလုပ်အကိုင် ရာထူးအသစ်များ လက်ခံပါ။ ကောင်းလှပေ၏။

### ရှောင်ကြဉ်ရန်အချက်များ

တောအမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းတို့ကိုရှောင်ပါ။ ကံနိမ့်နေရာ၏။ အကျိုးရှိမည်မဟုတ်။ ခရီးထွက်နိုင်ပါသော်လည်း ရေကြောင်းခရီးကို ရှောင်ပါ။ ဇူလိုင်လ ၁၇ ရက်နေ့တွင် လက်ထပ်ခြင်းနှင့် အိမ်ရာပြောင်းရွှေ့ခြင်း မပြုကြရပါ။ ခိုက်တတ်၏။ အမှုပြဿနာ တက်တတ်ပါသည်။ ကြပ်ကြပ်ရှောင်ရှားနိုင်ပါစေ။ မည်သည့်ကိစ္စကိုမဆို ဆင်ဆင်ခြင်ခြင် စဉ်းစားပြီးမှ လုပ်ကိုင်ပါ။ အမှားပါတတ်လေသည်။ အရှုံးပေါ်တတ်၏။ သတိနှင့် ဆင်ခြင်ပါလေ။


### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အထည်ချုပ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ရေးလုပ်ငန်းရပ်များနှင့် ပြုပြင်ပြင်ဆင်ရေးလုပ်ငန်း လုပ်နိုင်ကြပါသည်။ မိတ်ဆုံခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုရှိမည်။ လုပ်ပါလေ။ ထို့ပြင် အရက်ချက်လုပ်ငန်းနှင့်လည်း အကျိုးပေးပါလိမ့်မည်။ စေ့စပ်နိုင်၏။ ဇူလိုင်လ ၁၉ ရက်နေ့နှင့် ၃၁ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်ပါနှင့်ဦး။ ခဏခေတ္တ ရွှေ့ဆိုင်းပါဦး။ မရွှေ့ဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်ပါသည်။ သတိထားပါ။ ဈေးဆိုင်သစ်မတည်ရ။ မဖွင့်ရပါ။ ဆံသခြင်း၊ ခေါင်းလျှော်ခြင်းကိုလည်း ရှောင်ပေးပါ။ ရေကြောင်းခရီး မသွားရ။ လှေ၊ သင်္ဘော မစီးကြရ။ အသက်ဘေးအန္တရာယ်များလှ၏။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်ပါသည်။ တောအမဲလိုက်နိုင်၏။ သားကောင်ဖမ်းနိုင်၏။ နေအိမ်ခြံဝင်း သန့်ရှင်းရေးလုပ်ပါ။ မကြာမီ ပိုမိုကံကောင်းလာပါလိမ့်မည်။ ဇူလိုင်လ ၈ ရက်နေ့နှင့် ၂၀ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ကြပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးဝေး မသွားကြရ။ အသုဘမပို့ရ။ သင်္ချိုင်းမြေမနင်းရ။ လက်မထပ်ရ။ ကြပ်ကြပ်ရှောင်နိုင်ကြရမည်။ မရှောင်နိုင်ပါက အကျိုးယုတ်တတ်၏။ ရေကြောင်းခရီးကို ရှောင်နိုင်လေ အကျိုးရှိလေ။ ထို့ပြင် အိမ်ရာနှင့်အလုပ် မပြောင်းရွှေ့ကြရပါ။ အကျိုးမဲ့ဖြစ်တတ်ပါသည်။ သတိနှင့်ဆင်ခြင်ပါလေ။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင် ကံနိမ့်နေတတ်၏။ ကုသိုလ်ကောင်းမှု၊ အလှူအတန်း၊ ဘာသာရေး၊ သာသနာရေးလုပ်ငန်း များများ လုပ်ပေးပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ မကြာမီ ကံမြင့်လာပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

အရောင်းအဝယ်စာချုပ် မချုပ်ရ။ အမှုပြဿနာတက်တတ်ပါသည်။ ကုမ္ပဏီသစ်၊ စီးပွားရေးလုပ်ငန်းသစ် မထူထောင်ကြရ။ အကျိုးမဲ့တတ်ပါသည်။ ထို့ပြင် လက်ထပ်ခြင်းမပြုကြရ။ ခဏခေတ္တရွှေ့ဆိုင်းပါဦး။ မရွှေ့ဆိုင်းနိုင်လျှင် အကျိုးယုတ်တတ်၏။ သတိနှင့် ဆင်ခြင်ပါလေ။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံနိုင်၏။ မိတ်ဆုံခြင်းအားဖြင့် အကျိုးဖြစ်ထွန်းမှုရှိမည်။ စေ့စပ်နိုင်၏။ ဂိုဒေါင်ဖွင့်နိုင်၏။ ကုန်ပစ္စည်းထုတ်နိုင်၏။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ပါ။





www.burmeseclassic.com

www.burmeseclassic.com



အကျိုးပေးပါလိမ့်မည်။ [illegible]ဆိုင်သစ် တည်နိုင်ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ် [illegible]ဆိုနိုင်၏။ ငွေထုတ်ချေးပါ။ အကျိုးရှိမည်။

## ရှောင်ကြဉ်ရန်အချက်များ


စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်ရ။ ခဏခေတ္တရွှေ့ဆိုင်းပါဦး။ မရွှေ့ဆိုင်းနိုင်လျှင် အကျိုးယုတ် တတ်လေသည်။ ရေမြောင်းတူးဖော်ခြင်း မပြုရ။ ခိုက်တတ်၏။ လာဘ်တိတ်၏။ ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲ မလုပ်သင့်သေးပါ။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ခရီးထွက်နိုင်၏။ အိမ်ရာပြောင်းရွှေ့နေထိုင်လျှင် ကြီးပွားတိုးတက်မည်။ အမြန်ပြောင်းရွှေ့နေထိုင်ပါ။ ဈေးဆိုင်သစ် တည်ထောင်ဖွင့်လှစ်နိုင်သည်။ မိတ်ဆုံခြင်းဖြင့် အကျိုးရှိမည်။ ဇွန်လ ၁၁ ရက်နေ့နှင့် ၂၃ ရက်နေ့သည် ရက်ကောင်းဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

အရက်ချက်လုပ်ငန်း၊ အရက်ရောင်းဝယ်ခြင်းလုပ်ငန်း မလုပ်ရ။ အရှုံးပေါ်တတ်ပါသည်။ ကြပ်ကြပ်ရှောင်ပါလေ။ ထို့ပြင် ရေတွင်းရေကန် မတူးဖော်ရ။ ခိုက်တတ်၏။ သတိနှင့် ဆင်ခြင်နိုင်ပါစေ။ ထို့ပြင် ခရီးမသွားရ။ ဘေးအန္တရာယ်များ လာ၏။



## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ငွေထုတ်ချေးနိုင်၏။ အကျိုးပေးမှုရှိမည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ပါ။ အကျိုးထူးမည်။ တောအမဲလိုက်နိုင်၏။ သားကောင်များရရှိမည်။ သင်္ကံကောင်းနေရာ၏။ ခရီးထွက်နိုင်၏။ မိတ်ဆုံနိုင်၏။ အလုပ်အကိုင်ရာထူးအသစ်များ လက်ခံနိုင်၏။ ကြီးပွားတိုးတက်မှုရှိမည်။

## ရှောင်ကြဉ်ရန်အချက်များ

အိမ်ရာပြောင်းရွှေ့ခြင်း မပြုကြရပါ။ လက်မထပ်ရ။ ဈေးဆိုင်သစ်၊ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းသစ် ထူထောင်ခြင်းတို့ကို ကြပ်ကြပ်ရှောင်နိုင်လေ အကျိုးရှိလေဖြစ်ပါသည်။ ထို့ပြင် ဂိုဒေါင်မဖွင့်ရ။ ကုန်ပစ္စည်းများ မထုတ်ရ။ အမှုပြဿနာတက်တတ်ပါသည်။ သတိထားပါ။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊
၂၀၁၆ ခုနှစ်။ **Hong Kong (China)**



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ် တရုတ်မျောက်နှစ်တွင်

မွေးသူများအတွက်

## တစ်နှစ်တာ ကာလပတ်လုံး ကံကြမ္မာအနိမ့်အမြင့်၊ အတက်အကျ

# ဗေဒင်နက္ခတ်

**ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**တရုတ်နှစ်မွေးသူများအတွက် နေနံ(အကောင်) တွက်ချက်ရှာဖွေနည်း**

ဥပမာ - ၁၉၄၇ ခုနှစ် မွေးသူဆိုလျှင် ၁၉၄၇ ခုနှစ်ကို ၁၂ နှင့်စား။ ရလဒ် ၁၆၂ ရပြီး အကြွင်း ၃ ရမည်။

```
       ၁၆၂
၁၂ | ၁၉၄၇
   | ၁၂
   -----
     ၇၄
     ၇၂
   -----
      ၂၇
      ၂၄
   -----
       ၃
```

၃ (ကြွင်း)ကို ယူ၍ မွေးနှစ်အကောင်ကို ရှာပါ။

အောက်ဖော်ပြပါ ဇယားကွက်တွင်ရှာလျှင် အကြွင်း (၃)သည် ဝက်နှစ်မွေးသူဟု သိရသည်။


| | | | | | |
|---|---|---|---|---|---|
| ၀ မျောက် | ၁ ကြက် | ၂ ခွေး | ၃ ဝက် | ၄ ကြွက် | ၅ နွား |
| ၆ ကျား | ၇ ယုန် | ၈ နဂါး | ၉ မြွေ | ၁၀ မြင်း | ၁၁ ဆိတ် |




www.burmeseclassic.com

www.burmeseclassic.com

### မျောက်နှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့ ကံကြမ္မာအနိမ့်အမြင့်၊ အတက်အကျ ဇယားကွက်





### ကြက်နှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့ ကံကြမ္မာအနိမ့်အမြင့်၊ အတက်အကျ ဇယားကွက်




မှတ်ချက် ။ ။ 2 = Feb 3 = Mar 4 = April 5 = May 6 = June 7 = July 8 = Aug 9 = Sep 10 = Oct 11 = Nov 12 = Dec 1 = Jan

### ခွေးနှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့ ကံကြမ္မာအနိမ့်အမြင့်၊ အတက်အကျ ဇယားကွက်








www.burmeseclassic.com

www.burmeseclassic.com


ဝက်နှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့
ကံကြမ္မာအနိမ့်အမြင့် အတက်အကျ ဇယားကွက်




ကြွက်နှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့
ကံကြမ္မာအနိမ့်အမြင့် အတက်အကျ ဇယားကွက်




နွားနှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့
ကံကြမ္မာအနိမ့်အမြင့် အတက်အကျ ဇယားကွက်








www.burmeseclassic.com

www.burmeseclassic.com


ကျားနှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့
ကံကြမ္မာအနိမ့်အမြင့်၊ အတက်အကျ ဇယားကွက်




ယုန်နှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့
ကံကြမ္မာအနိမ့်အမြင့်၊ အတက်အကျ ဇယားကွက်




နဂါးနှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့
ကံကြမ္မာအနိမ့်အမြင့်၊ အတက်အကျ ဇယားကွက်








www.burmeseclassic.com

www.burmeseclassic.com


မြွေနှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့
ကံကြမ္မာအနိမ့်အမြင့်၊ အတက်အကျ ဇယားကွက်




မြင်းနှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့
ကံကြမ္မာအနိမ့်အမြင့်၊ အတက်အကျ ဇယားကွက်




ဆိတ်နှစ်မွေးသူများအတွက် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလပတ်လုံးအဖို့
ကံကြမ္မာအနိမ့်အမြင့်၊ အတက်အကျ ဇယားကွက်




ဇောတိ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

Ref:-

၂၀၁၆ ခုနှစ်၊ တရုတ်နက္ခတ္တဗေဒင်ပညာ၊
ဆရာကြီးမစ္စတာလင်(မ်)ကြင်း (ခေါ်) လီကော့ကျူး Hong Kong (China)



www.burmeseclassic.com

www.burmeseclassic.com

# မိဘကျေးဇူး ဆပ်ဖူးကြစေချင်

## ပြည်ရွှေဘုံဆရာတော်(ရန်ကုန်)

(တစ်)

လူပတင့်တယ်တဲ့ ပဒုမ္မကြာဟာ ရေနဲ့နွံကိုအကြောင်းပြု ဖြစ်လာရသလိုပဲ။ အမေဆိုတာ သားနဲ့သမီးအတွက် လူဖြစ်လာရသူလို့ ဆိုကြတယ်။

အမေ့မေတ္တာဟာ စကြဝဠာစွမ်းအားစုကြီးနဲ့ ဆက်နွယ်ပြီးတော့နေတယ်။ ပွင့်တော်မူပြီးတဲ့ ဘုရား၊ ရဟန္တာတို့မှာ အမေ့သားများ ဖြစ်ကြတယ်။ ဒီပုဂ္ဂိုလ်တွေက စကြဝဠာ အရှင်သခင်တွေ ဖြစ်တော်မူကြတယ်။ ဘုရားအစရှိတဲ့ အလောင်းတော်သူမြတ်တွေကို ငယ်စဉ်ကလေးဘဝက ရွှေလက်တင်ပုခက်လွှဲ ထွေးပွေ့ပြုစုသူများမှာ မွေးသမိခင်ကျေးဇူးရှင်တွေသာ ဖြစ်ကြပါတယ်။ "စကြဝဠာပုခက်နဲ့ အမေ့လက်"ဆိုတာ ဘုရားအစရှိတဲ့ ပုဂ္ဂိုလ်သူမြတ်ကြီးတွေရဲ့ မွေးသမိခင်တွေကို အစပြုလို့ အမေအားလုံးတို့ရဲ့ မေ့တ္တာတော်ဂုဏ်ရည်ကို ရည်ညွှန်းဖော်ပြခြင်း ဖြစ်ပါတယ်။

မေတ္တာစွမ်းအင်ကို လူသားတိုင်း တန်ဖိုးထားသင့်တယ်။ မေတ္တာစွမ်းအင်ကို လူသားတိုင်း အသုံးချခွင့်ရှိတယ်။ ဘာကြောင့်လဲဆိုရင် လူသားဟူသမျှ မေတ္တာတော်ရှင်အမေများရဲ့ မေတ္တာရပ်ဝန်းမှ ပေါက်ဖွားလာကြသူများဖြစ်ကြလို့ မေတ္တာအမွေခံထိုက်သူများ ဖြစ်ကြလို့ပါပဲ။ သားသမီးမှန်သမျှဟာ စကြဝဠာနဲ့ အမေ့မေတ္တာကွန်ရက်ဖြန့်ခဲ့တဲ့ အမေ့မွှေလက် တေးပုခက်နဲ့ ထိတွေ့ဆက်ဆံ ရှင်သန်ခဲ့ကြတယ်လို့ ဆိုရပါမယ်။

မေတ္တာဆိုတာ အလွန်ဖြူစင်တဲ့ စိတ်နှလုံးသားဖြစ်တယ်။ သူ့အကျိုးစီးပွားကို လိုလားတယ်။ သူ့ကို ကောင်းစားစေချင်တယ်။ မိမိအကျိုးကို ရှေးမရှုမှ မေတ္တာစစ်ဖြစ်တယ်။ မေတ္တာစိတ်ထားမှာ အလွန်မွန်မြတ်တယ်။ ဒီစိတ်ထားတွေကို အမေတို့သာ ပိုင်ဆိုင်တယ်။ ဒါကြောင့် မြတ်ဗုဒ္ဓက စကြဝဠာအတွင်းရှိ သတ္တဝါ၊ လူနတ်များစွာတို့မှာ မိခင်မေတ္တာကို စံပြုလို့ခြင်းဖြစ်တယ်။ သားသမီးတွေအပေါ်မှာ ဖြဟ္မာ့ဝိဟာရဆိုတဲ့ မြင့်မြတ်သည့်စိတ်ထား ရှိနိုင်သူများမှာ အမေတွေသာဖြစ်ပါတယ်။

အတိုင်းအဆမဲ့ခြင်း၊ အနိုင်းမဲ့ခြင်း၊ အဆီးအတားမဲ့ခြင်း၊ ကန့်သတ်မှုမဲ့ခြင်းဆိုတဲ့ သဘောတရားတွေရှိတယ်။ အလွန်ကျယ်ဝန်းနက်ရှိုင်းတဲ့ သမုဒ္ဒရာရဲ့သဘော၊ အာကာသကောင်းကင်ရဲ့ ဆုံးစမထင်နိုင်တဲ့ ဟင်းလင်းပြင်သဘော၊ မရေတွက်နိုင်တဲ့ စကြဝဠာတွေရဲ့ သဘောတရားဟာ အမေ့မေတ္တာတွေနဲ့ သက်ဆိုင်နေတယ်။ ဒီသဘောတရားတွေဟာ "မေတ္တာ"ဆိုတဲ့ "သဘာဝဓမ္မဓာတ်လှိုင်း"ကြီးမှာ ဝင်ဆံ့တဲ့ ဝေါဟာရတွေလို့ ဆိုနိုင်တယ်။ ဒီမေတ္တာဓာတ်လှိုင်းကြီးရဲ့ မူလပိုင်ရှင်မှာ အမေတွေဖြစ်တယ်။ အမေဆိုတာ မေတ္တာရဲ့ ကိုယ်စားပြု ရုပ်လုံးဖြစ်ပါတယ်။

အမေလို့ဆိုလိုက်တာနဲ့ သားတို့ရဲ့အမေ၊ သမီးတို့ရဲ့အမေ၊ လူသားတို့ရဲ့ အမေ၊ တိရစ္ဆာန်တို့ရဲ့အမေ၊ တစ်လောကလုံးရဲ့အမေ ဖြစ်သွားတယ်။ အမေဟာ ဘယ်ကမ္ဘာ၊ ဘယ်စကြဝဠာက လွင့်မျောရောက်ရှိလာမှန်းမသိတဲ့ သားလား၊ သမီးလား ခွဲခြားမသိနိုင်တဲ့ ရင်သွေးရတနာကို မိမိဝမ်းကြာတိုက်မှာ တည်နေနားခိုခွင့်ပေးခဲ့တယ်။ အမေ့ဝမ်းကြာတိုက်မှာ ပဋိသန္ဓေစိတ် ဖြစ်တည်ချိန်ကစလို့ အမေ့ရဲ့မေတ္တာစိတ်ဟာ ထွန်းပရွှန်းသစ်ခဲ့တယ်။ တစ်ဆင့်တက်ဆိုရင် အမေ့ရဲ့ဝမ်းကြာင့်ဟာ အပျိုစင်ဘဝကပင် အရဏ်ဦးသစ်ရဲ့ နုပျိုရွှင်လန်းတဲ့ သားရတနာကို ငံ့လင့်စောင့်ကြိုပြီး ဖြစ်ပါတယ်။

အိမ်ထောင်သည်ဘဝ ချစ်မေတ္တာငွေ့ ခိုလှုံရတဲ့အခါ ပဋိသန္ဓေမတည်မီကပင် သားကလေးအတွက် အမိမေတ္တာစိတ်ဟာ အမေ့ရဲ့နှလုံးသည်ပွတ်မှာ ခိုနားဝင်ရောက်ခဲ့တယ်။ အမေ့မှာ ထူးခြားဆန်းပြား မဲ့ဝေခွဲနိုင်တဲ့ ဘုံဘဝတစ်ခုစီက ခိုနားစံဝင်လာမယ့် သားရဲ့ အံရိပ်နိမိတ်၊ အနီးအငွေ့များ သင်းပျံ့ရစ်တုံလာနေတယ်။ ပါရမီရှင်လျှောင်းလျှာကြီးတွေဟာ မိခင်ဝမ်းကြာတိုက်မှာ ကိန်းအောင်းမယ်ပြုတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားတဲ့ အိပ်မက်၊ နိမိတ်တွေ ပေးခဲ့ကြတယ်လို့ ဗုဒ္ဓနဲ့ ရဟန္တာစတဲ့ အလျောင်းအလျာ သူတော်ကောင်းကြီးတွေရဲ့ အဝဖြစ်စဉ်တွေ ဖတ်ရှုလေ့လာ သိရှိခဲ့ရပါတယ်။ သားငယ်လေး အမိဝမ်းကြာတိုက်မှာ ခိုဝင်ရောက်ရှိလာသည်နှင့် အမေ့ခန္ဓာကိုယ်ဖွဲ့စည်းမှု အခင်းအကျင်းများဟာ မေတ္တာစံတော်အိမ်ကြီးအဖြစ်သို့ ပြောင်းလဲပေးခဲ့တယ်။ စကြဝဠာကြီးရဲ့ဖြစ်စဉ်နဲ့ တိုက်ရိုက်ဆက်သွယ်နေခဲ့တဲ့ အမေ့ရဲ့မေတ္တာဓာတ်မှာ အံ့မခန်းဖွယ် ကြီးကျယ်လှပ ခမ်းနားလွန်းလှပါပေတယ်။

## (နှစ်)

မိဘတွေဟာ သားသမီးတွေရဲ့ အနှံ့အတာကို အမြဲခံကြရတယ်။ သားကောင်း၊ သမီးမွန်တွေ ရှိသလို ဆိုးတေမိုက်မဲ ကျားသရဲလို အလွန်ဆိုးသွမ်း ကြမ်းတမ်းတဲ့ သားဆိုး၊ သမီးမိုက်တွေလည်း ဒုနဲ့ဒေးရှိကြပါတယ်။ မိဘတွေရဲ့မေတ္တာရေအလျဉ်သည်သာ သားသမီးတွေအပေါ် အမြဲထာဝစဉ် တသွင်သွင် စီးဆင်းနေတယ်။ သားသမီးတွေရဲ့ မေတ္တာရေအလျဉ်က မိဘတို့အပေါ် တသွင်သွင်စီးဆင်း ဆွတ်ဖျန်းပေးဝေနိုင်ကြဖို့ရာ အလွန်တရာ နည်းပါးကြပါတယ်။ ဒါကြောင့် "အစုန်သာရှိသည်၊ အဆန်မရှိ" ဆိုတဲ့ ဆိုရိုးစကား ရှေးက ပညာရှိတွေ ထားခဲ့ကြတာ ဖြစ်ပါတယ်။

မိဘတွေဟာ မိမိရဲ့သားသမီးတွေကို ဖဝါးလက်နှစ်သုံး ပခုံးလက်နှစ်သစ်အရွယ် လူမမည်ကလေးဘဝကစင် "ရင်သွေးဟူက ချစ်မဝ" ဆိုတဲ့အဂ္ဂင်း အချစ်ပိုခဲ့ကြတယ်။ ချစ်လို့မဝနိုင်၊ မခွဲနိုင်မခွာရက် မေတ္တာသက်ဝင်ခဲ့ကြတယ်။ မိမိရဲ့ သားကလေးမျက်နှာကို မြင်လိုက်ရရင် သီတာရေစင်လို၊ မိမိရဲ့သမီးကလေးမျက်နှာကို မြင်လိုက်ရရင် သော်တာငွေစင်လို အချစ်ပို ထင်မှတ်ကြတယ်။ သားသမီးတွေနဲ့ အနှစ်တစ်ရာတိုင် မြဲနိုင်ပျော်ရွှင်စွာ နေကြရပေမယ့် ချစ်လို့မဝ၊ ရောင့်ရဲတင်းတိမ်မှုမရှိ၊ ဘဝတစ်သက် စုံမက်ခြင်းနှာ မေတ္တာသက်ဝင်ကြတယ်။

သားသမီးတွေရဲ့ စား၊ ဝတ်၊ နေရေး၊ ကျန်းမာရေး အစ ရှေ့ရေး၊ နောက်ရေး စုပြုံရောထွေးပြီး အသက်ရှည်ကြောင်း နည်းလမ်းကောင်းတွေကို ကုသိုလ်ဒါန ပြုလုပ်ကြပြီး ဆုတောင်း ဆုယူပြုကြတယ်။ သားသမီးတွေရဲ့ လိုအင်ဆန္ဒကို အပြည့်အဝဖြည့်ဆည်းပေးပြီး ဘာတစ်ခုမျှ လိုလေသေးမရှိရလေအောင် ထားပေးတယ်။ ဒီလို ငယ်ရွယ်စဉ်ကာလကပင် သားသမီးတွေရဲ့ ဘဝရှေ့ရေး မျှော်တွေးကြံဆကာ တိုးတက်မှု၊ အောင်မြင်မှု၊ အဆင့်ဆင့်သော သရဖူဆုကြီးများကို ရရှိခံစားလာနိုင်ကြသည်အထိ ဉယျာဉ်မှူးပမာ ပြုစုပျိုးထောင်ကာ ကြပ်ကြပ်မတ်မတ် ရှေ့ဆုံးက ခြေစုံရပ်ပြီး နည်းကောင်းညွှန်ပြ ဆုံးမသွန်သင်ခဲ့ကြတယ်။

မိဘတွေဟာ စွမ်းအားကြီးမားသူများ ဖြစ်ကြလို့ သားသမီးဆယ်ယောက်ကို လုပ်ကျွေးနိုင်ကြတယ်။ လုပ်ကျွေးခဲ့တယ်။ သားသမီးဆယ်ယောက်က မိဘနှစ်ပါးကို လုပ်မကျွေးနိုင်ကြပါ။ တချို့သော သားသမီးတွေဟာ မိဘကို မလုပ်ကျွေး၊ မပြုစုကြသည့်အပြင် မိမိစိတ်နဲ့မထင်လျှင် မထင်သလို မိဘကို ဆဲဆိုကြ၊ ပြန်လှန်ပြီး ပြောဆိုကြိမ်းမောင်းကြ၊ ကိုယ်ထလက်ရောက် ကျူးလွန်ကြ စသဖြင့် ဒုစရိုက်ဆယ်ပါး တစ်ပါးမကျန် ပြန်လှန်ပြီး မိဘကို ကျေးဇူးကန်းကြတယ်။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက "မိဘကို မရှိမသေပြစ်မှားရင်တော့ အဇာတသတ်မျိုးတွေလို သူ့သားသမီးတွေကလည်း သူ့ကိုပြစ်မှားကြမှာပဲ။ မိဘဖြစ်တဲ့သူကို စော်ကားပြစ်မှားရင် မာတုဃာတကကံ၊ ပိတုဃာတကကံထိုက်တယ်။ သေသည်၏ အခြားမဲ့မှာ ငရဲကိုကျစေနိုင်တဲ့ ကံကြီးပါပဲ" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ဒါကြောင့် သားသမီးတွေထဲက သားပုတ္တတွေဟာ "ငယ်ကသား၊ ကြီးတော့ကျား" ဆိုသလို ကျားနယ်ကြမ်းတမ်း မဆိုးသွမ်းကြဘဲ၊ "ငယ်ကသား၊ ကြီးတော့အား" ဆိုတဲ့ မိဘတွေရဲ့ မှီခိုအားထားစရာ လက်ရုံးတစ်ဆူ သားကောင်းရတနာ ဖြစ်ဖို့လိုတယ်။ သမီးကြီး၊ သမီးငယ် အသွယ်သွယ်တို့အနေနဲ့ "ငယ်ငယ်သမီး၊ ကြီးတော့မီး" ဆိုသလို မိဘအပေါ် မီးနယ်လောင်ကျွမ်း အပူမလှမ်းမိကြစေဘဲ "ငယ်ငယ်ကသမီး၊ ကြီးတော့ထီး" ဆိုတဲ့ စကားလို မိဘတွေရဲ့ မှီခိုရာ အရိပ်သာဖွယ် ဖြစ်ကြစေဖို့ ကောင်းမွန်စွာ နေထိုင်ပြောဆို ကျင့်သုံးရမှာ ဖြစ်ပါတယ်။

## (သုံး)

မိဘများဟာ အလွန်တရာ ကျေးဇူးများကြသည်ကို သတိပြုစေချင်ပါတယ်။ ဘုရားနဲ့တစ်ဂိုဏ်းတည်းဖြစ်တဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်တွေ ဖြစ်ကြပါတယ်။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးဂုဏ်အနန္တ များပြားလှတဲ့ မိခင်၊ ဖခင် ကျေးဇူးရှင်တွေကို မလေးမစား အကြွေးများ၊ အမြင်များနဲ့ ရိုင်းပျစွာ ပြုမူပြောဆို ဆက်ဆံနေထိုင်သွားကြမည်ဆိုပါက လောကသံသရာ နှစ်ဖြာကောင်းကျိုး မတိုးပွားဘဲ ဆင်းရဲဒုက္ခပင်လယ်မျှ ဖြစ်ကြပြီး သံသရာဝဲဂယက် တစ်ရစ်ဝဲဝဲလည် နစ်မြုပ်ကွယ် ဆိုစကားလို ဖြစ်ကြရမှာ မလွဲပါ။

ပညာပြည့်စုံလို့ အချိန်တန်အရွယ်ရောက် အတောင်ကိုယ်စီပေါက်ကာ လောကဝေဟင်ထဲ မနားဘဲ ပျံသန်းမယ်လို့ စိတ်အကြံပြုပြီး မိဘများရဲ့ အသိုက်အမြုံအိမ်တွင်းက ထွက်ခွာသွားကြ၊ ပျော်ကြ၊ ပါးကြနဲ့ပေါ့။ ဒီအချိန် မိဘများကိုပင် သတိမရကြ။ ကျွေးမွေးပြုစုဖို့ဆိုတဲ့ စိတ်၊ စေတနာ၊ သဒ္ဓါပသန္န သူတို့မှာ ခဝါချထားကြတယ်။ ဒါကြောင့် မာန်လည်ဆရာတော်ဘုရားကြီးက -

"မယွင်းမှန်လှ၊ ဤလောကဥ်၊ မိဘကိုပင်၊ ဥစ္စာမြင်မှ၊ ချစ်ခင်လေးမြတ်၊ သားတို့မွေး၏။ ပဲရွေးမရှိ၊ ဘမိတို့အား။ သမီးသားလည်း ထံပါးနီးရပ်၊ မကပ်တုံ့လျင်း။ ရှောင်ကြကွင်း၏" စပ်ဆိုတော်မူခဲ့တယ်။

မိဘတို့မှာ ဥစ္စာဓန ပြည့်စုံကြွယ်ဝပါက ချစ်ခင်မြတ်နိုးစွာနဲ့ လေးလေးစားစား ကျွေးမွေးပြုစုချင်ကြတယ်။ တစ်ပဲတစ်ရွေးမှ မရှိ၊ ဆင်းရဲနွမ်းပါးတဲ့ မိဘတွေမှာတော့ အလွန်တရာ ကံဆိုးကြပါတယ်။ ဒီလို မိဘတွေကို အချို့ အချို့သော သားသမီးတွေက -

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ" မိဘတို့ကျေးဇူးကို သိတတ်တဲ့အနေနဲ့ ကျွေးမွေးခြင်း။ ကိစ္စကြီးငယ်ကို ဆောင်ရွက်ခြင်း။ မျိုးနွယ်စဉ်ဆက်မပျက်တည်စေခြင်း။ အမွေထိုက်အောင်ကျင့်ခြင်း။ မိဘတို့ကွယ်လွန်သွားတဲ့အခါ အမျှဝေခြင်းဆိုတဲ့ သားသမီးကျင့်ဝတ်ငါးပါးကို ဘေးဖယ်ကာ မိဘထံပါး အနီးအနားမှာ မချဉ်းကပ်ကြဘဲ အဝေးမှာ ရှောင်ကြဉ်ပစ်ထား စွန့်ခွာသွားတတ်ကြတယ်။ ပြန်လည်ငဲ့ကွက် ထည့်မတွက်ကြတော့ဘဲ ကိုယ့်အိမ်၊ ကိုယ့်ယာ၊ ကိုယ့်ဒေသမှာ ဇနီးလင်သား၊ သမီးသားနဲ့ ပျော်ပါးနေကြပုံမှာ အလွန်ရင်နာစရာ ကောင်းလှပါတယ်။ သတိသံဝေဂ ရကြပါစေ။ အတောင်လည်းညောင်း၊ အချိန်နှောင်း၊ အကျိုးမကောင်း၊ အကြောင်းမထင်၊ အဆင်မပြေမှုပေါင်း အသချေ်အနန္တ သူတို့မှာ ရင်ဆိုင်ကြရမှာဖြစ်ပါတယ်။

အသိအလိမ္မာ ဉာဏ်ပညာနဲ့ပြည့်စုံတဲ့ သားသမီးတို့မှာ ထိုသို့မဟုတ်၊ ဘယ်လိုပင်ဆင်းရဲစေကာမူ ကျေးဇူးရှင်မိဘနှစ်ပါးကို စွန့်ပစ်ထွက်ခွာမသွားဘဲ သနားကြင်နာမှုနဲ့ ပြုစုယုယခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မမာမကျန်းဖြစ်တဲ့အခါ ဝေဒနာကိုကြီးထွားအောင် လျစ်လျူရှုမထားဘဲ ပြုစုကြတယ်။ ကျေးဇူးရှင်မိဘတို့အပေါ် ငြိုငြင်စိတ်၊ မုန်းတီးစိတ်၊ ဖောက်ပြန်စိတ် စိုးစိမျှမရှိ၊ မိဘများရဲ့အပေါ် ကောင်းသောအကြံ၊ မှန်သောအကျင့်၊ သူတော်တို့ထုံး ဖြူစင်တဲ့ စိတ်နှလုံးနဲ့သာ ကျေးဇူးတုံ့ပြန်ပေးဆပ်ဖို့ စိတ်မှာကြံဘိ အမြဲ္ဘာန်ရှိကြပါတယ်။

မိဘတွေအား လုပ်ကျွေးပြုစုခြင်းဟာ မှန်ကန်တဲ့အကျင့်၊ ကောင်းမြတ်တဲ့ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားနဲ့ ညီညွတ်ပြည့်စုံပါတယ်။ မိဘတွေအား လုပ်ကျွေးပြုစုခြင်းရဲ့ ချမ်းသာခြင်း အကြောင်းတရားများကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် မင်္ဂလာတရားတော်မှာ ဟောကြားတော်မူခဲ့တယ်။ မိဘတို့ကို လုပ်ကျွေးခြင်းဟာ သိကြားမင်းဖြစ်ဖို့ အကြောင်းကံဖြစ်တယ်လို့ (ဝကပဒသုတ်၊ သဂ္ဂသံယုတ်)မှာ ဖော်ပြထားတယ်။ သိကြားမင်းဟာ မိဘတို့ကို လုပ်ကျွေးပြုစုခဲ့တာကြောင့် သိကြားမင်းဖြစ်လာတယ်။ "မိဘတို့ကို ပြုစုလုပ်ကျွေးမွေးမြူသူတို့ကို သူတော်ကောင်း၊ သူမြတ်လောင်းဖြစ်ကြတယ်"လို့ ခမ္မစဉ်တရားမှာ မြတ်ဗုဒ္ဓက သာဓုခေါ်ကောင်းချီးပေးတော်မူပါတယ်။

"လူ့ဥဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊ ဆရာမိဘ၊ ဘုရားစသား၊ ထိုမျှမိတ်ချစ်၊ သူတော်စစ်ကို မပြစ်မမှား၊ သူတို့အားကား•••

(၁) တစ်ပါးရပ်ရွာ၊ သွားရပါလည်း၊ အစာအစား မရှားပါးဘဲ၊ ရောက်သွားရာရာ၊ ပူဇော်လာ၏။ (၂) ရာဇာစောရ၊ ဓားပြခိုးသူ၊ ကလူနိုင်ထက်၊ မနှိပ်စက်ရာ။ (၃) မျက်နှာချစ်ဖွယ်၊ လသဖွယ်နှင့် (၄) ပွဲလယ်အထူး၊ ရဲဂုဏ်မြူးလျက်၊ (၅) ကျေးဇူးသတင်း၊ ကျော်ခြင်းမိုးပျံ။ (၆) ခြံရံမကွဲ၊ အမြဲမကွေ။ (၇) ကျက်သရေနတ်နှယ်၊ တင့်တယ်ပွင့်လင်း။ (၈) ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လယ်ယာများ၌ စပါးဆန်နီ၊ သီးခွန်မပျက်။ (၉) တောင်ထက်ချောက်ကမ်း စွဲလမ်းလွတ်ကွာ၊ ကျထုံပါလည်း၊ တည်ရာရဖြား။ (၁၀)



www.burmeseclassic.com

www.burmeseclassic.com

သားနှင့်သမီး၊ ညောင်ပင်ကြီးသို့ ခိုင်မြဲခြေမြစ်၊ စင်စစ်မှန်လှ၊ ဟောဖော်ပြသား၊ ဒသမိတ္တာ၊ ပူဇနေဂါထာ၊ ဤဆယ်ဖြာကို၊ ကောင်းစွာနားလည် မှတ်သားလော့" လို့ မိဘတို့အား လုပ်ကျွေးပြုစုခြင်းရဲ့ အကျိုးကျေးဇူးများကို သိရှိဖို့ မန်လည်ဆရာတော်ဘုရားကြီးက စပ်ဆိုတော်မူခဲ့ပါတယ်။

(လေး)

ဘယ်မိဘကမှ ငါ့သားလေး၊ သမီးလေးတွေ ကြီးလာရင် ပျက်စီးပါစေ၊ မိုက်ပါစေ၊ ဆိုးပါစေဆိုတဲ့ စေတနာ တစ်စက်မှ မရှိပါဘူး။ ဘယ်မိဘမှ ကိုယ့်သားသမီး ကောင်းစားသွားမှာကို မနာလိုဝန်တိုတာ မရှိပါဘူး။ မိဘတိုင်းက မိမိတို့သားသမီး ဆင်နင်း၊ မြင်းကန်တာမျိုးကို မမြင်ချင်ကြပါ။ ဆင်စီးပြီး မြင်းရံတာမျိုးကိုသာ အစဉ်ထာဝရ မြင်လိုလှတယ်။ ကောင်းသောအမှုပြုစေ၍ မှန်သောစကားကိုသာ ဆိုစေချင်ကြပါတယ်။ သားသမီးတို့ ပျက်စီးရာ၊ ပျက်စီးကြောင်းဖြစ်သော မိုက်ဆိုးပေတေ လူ့ဂျလေ မဖြစ်စေဖို့ ကြိုတင်ပြီး ရှေ့ခုံးကပင် ဆီးတားကာကွယ်ပေးကြတယ်။ မိမိတို့ရဲ့ သားသမီးတွေ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အရေးပေါင်း၊ အဆပေါင်းထောင်သောင်းမက ချမ်းသာကြပါစေ၊ မနာလိုဝန်တို မုန်းတီးစိတ် လုံးဝမရှိ၊ သားသမီးတွေရဲ့ ကောင်းကျိုးကိုသာ အစဉ်ရှေးရှု သတိပြုကာ လိုလိုလားလား ဆောင်ရွက်ကြတယ်။ သားသမီးတွေက ကြည့်ကာ အစဉ်ထာဝရ ဝမ်းမြောက်တဲ့ စိတ်အစဉ်နဲ့ ဆီထိ ပွမ်းစင် ပီတိရွှမ်းဘဝင် အမြဲပြုံးရွှင်နေတတ်ကြပါတယ်။

ဒီလို မိဘကျေးဇူးအနန္တ နှိုင်းမရအောင် ကြီးမားကျယ်ပြန့်တာကို သိကြ မြင်တွေ့ကြရတဲ့ သားသမီးတိုင်းဟာ မိဘတွေကို အဘယ်မှာ မကြည်ညို၊ မလေးစားဘဲ မကျွေးမွေး၊ မစောင့်ရှောက်၊ မပြုစုဘဲ၊ ရှိမခိုးဝတ်မပြုဘဲ မနေနိုင်တော့ပါ။ ကေဒါရကျေးမင်းဟာ အဟိတ်တိရစ္ဆာန် ဖြစ်ပေမယ့် မိဘကျေးဇူးကို သိသောအားဖြင့် မွေးကျေးဇူးကို တုံ့လှည့်တစ်ဖန် ပြန်ပြီးကျေးဇူးဆပ်ပါသေးတယ်။ တိဟိတ်ဖြစ်တဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာမှ မိဘကျေးဇူးကို ပေးဆပ်ဖို့ အသိမရှိဘဲ အဘယ်မှာ နေနိုင်ကြပါတော့မလဲ။ ကျေးဇူးအထူးကြီးမားပြီး လက်ဦးဆရာလို့ ခေါ်ထိုက်တဲ့ မိခင်၊ ဖခင် ကျေးဇူးရှင်တွေကို အမြဲမပြတ် ရိုသေစွာ လုပ်ကျွေးပြုစုရမှာ ဖြစ်ပါတယ်။ ရိုသေစွာ မလုပ်ကျွေး၊ မမွေးမြူဘဲ ကောင်းမွန်စွာ မစောင့်ရှောက်ပါက နောင်အခါ မိမိတို့လည်း သားသမီးတွေရဲ့ ရိုသေလေးစားခြင်း၊ ပြုစုလုပ်ကျွေးခြင်း၊ ကောင်းစွာ စောင့်ရှောက်မှုတွေကို မရရှိ၊ မခံစားရတတ်ပါ။

ယူဇနာပေါင်း ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သည့် မြင်းမိုရ်တောင်ကြီးမက ကျေးဇူးကြီးမားလှတဲ့ မိခင်ဖခင် ကျေးဇူးရှင်နဲ့ ဆရာသမားတွေကိုလည်း မိမိစိတ်က ဘုရားတစ်ဆူ၊ ဂူတစ်လုံးလို မှတ်ထင်ထားရှိပြီး ကြည်ညိုဝပ်တွားကာ စားစရာ၊ ဝတ်စရာ၊ ဆေးဝါးကအစ မပြတ်မလပ်ရအောင် ပေးကမ်းပြုစုရပါမယ်။ အချိုဆို အချို၊ အခါးဆိုအခါး၊ သူတို့ဆန္ဒ လိုက်လျောကာ ပြုစုကြရမှာ ဖြစ်တယ်။ ကျန်းမာရေး အခြေအနေမေးလို့ ဆေးတိုက်သင့်က တိုက်၊ ဆေးထိုးသင့်က ထိုး၊ ခြေဆုပ်လက်နယ် နင်းနှိပ်ပေးသင့်တန်ပေးလို့ ပြုစုလုပ်ကျွေးရမှာ ဖြစ်ပါတယ်။

"တစ်တောင်တစ်ထွာ၊ ပြန်တစ်ရာနှင့်၊ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်၊ မြင့်ခြင်းဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိလည်း၊ မွေးမိဖခင်၊ ကျေးဇူးရှင်က၊ ဆရာစသား၊ ဤသုံးပါးကို၊ ဘုရားတစ်ဆူ၊ ဂူတစ်လုံးသွင်၊ စိတ်ကထင်၍၊ ကြည်လင်ညွတ်တွား၊ အစားအဝတ်၊ မပြတ်ရအောင်၊ မောင်တို့ပေးပေ၊ ဖျားနာမေး၍ လုပ်ကျွေးလေ။ မရှိမသေ၊ မထီလေးစား၊ မပြုပြားနှင့်၊ အခါးအချို၊ သူတို့ဆိုလည်း မျိုတတ်စေ" အရှင်မဟာသီလဝံသက နောင်းလူတို့အတွက် ဆုံးမစာကဗျာ ရေးသားတော်မူခဲ့ပါတယ်။

(၅)

အရှေ့ မိဘ၊ တောင်မှ ဆရာ၊ နောက်မှာ မယား၊ မြောက်ကား မိတ်ဆွေ၊ အောက်ခြေ လုပ်သား၊ အထက်ဖျား ပုဏ္ဏား,ရဟန်းပေ။

ကျင့်ဝတ်ကျေလျှင် ဘေးမမြင်၊ လူရှင်သုခဝေ။

ဒီလင်္ကာရဲ့ အဓိပ္ပာယ်က သိင်္ဂါလသုတ္တန်လာ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ် စသဖြင့် ကျင့်ဝတ်တရားများကို အရပ်ခြောက်မျက်နှာနဲ့ နှိုင်းယှဉ်ပမာပြုကာ ဘုရားရှင်ဟောကြားတော်မူခဲ့တာ ဖြစ်တယ်။ မြတ်ဗုဒ္ဓဟာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးမွေ့လျော်တော်မူစဉ်က ဖြစ်စဉ်တစ်ခုပါ။



www.burmeseclassic.com

www.burmeseclassic.com

ရာဇဂြိုဟ်ပြည်ပေါက်ဖွား သင်္ဂါလဆိုတဲ့ သူဌေးသား တစ်ယောက်ဟာ နေ့စဉ်နံနက်တိုင်း စောစောထပြီး အရပ်မျက်နှာတွေကို အမြဲတမ်း ရှိခိုးနေလေ့ရှိတဲ့အကြောင်းကို ဘုရားရှင်ကြားသိတော်မူလို့ နံနက်စောစော ဆွမ်းခံကြွတော်မူရာက သင်္ဂါလသူဌေးသားထံ ဝင်တော်မူကာ "အမောင်လုလင်၊ ဘာကြောင့် အရပ်မျက်နှာတွေကို ရှိခိုးပြီးနေတာလဲ" လို့ မေးတော်မူတဲ့အခါ သူဌေးသားက မိမိရဲ့ဖခင်ဟာ သေခါနီးမှာ "ချစ်သား…နေ့စဉ်မပျက် အရပ်ရှစ်မျက်နှာတွေကို ရှိခိုးပါ"လို့ မှာခဲ့တာကြောင့် ရှိခိုးနေရကြောင်း လျှောက်ထားပါတယ်။

ဒီအခါ မြတ်ဗုဒ္ဓဘုရားရှင်က ငါ့ဘုရားရှင်ရဲ့ သာသနာတော်မှာ ဒီလို အရပ်မျက်နှာတွေကို ရှိခိုးရမှာ မဟုတ်ပေဘူးလို့ မိန့်တော်မူတယ်။ သင်္ဂါလ သူဌေးသားဟာ "အရှင်ဘုရား၊ အဘယ်လိုသော အရပ်မျက်နှာတွေကို ရှိခိုးရပါမလဲ၊ တပည့်တော်အား သနားသဖြင့် အမှန်သိအောင် နည်းပေးလမ်းညွှန်ပြတော်မူပါ"လို့ လျှောက်ထားတောင်းပန်တာကြောင့် ဘုရားရှင်က "ချစ်သားသင်္ဂါလ၊ အမိအဘတွေကို အရှေ့အရပ် မျက်နှာ စသဖြင့် တူတာကို အကြောင်းပြုလို့ နေ့စဉ်အမြဲမပြတ် ရှိခိုးအပ်တယ်"လို့ သိင်္ဂါလသုတ်လာ ကျင့်ဝတ်တရားတွေနဲ့အညီ ပြုစုလုပ်ကျွေးရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သင့်ရဲ့ဖခင်က ဆုံးမခဲ့ခြင်းဖြစ်ကြောင်း မိန့်တော်မူပြီး အရပ်ခြောက်ပါးလုံခြုံမှုကို ပြသတော်မူပါတယ်။

၁။ မိဘတွေဟာ သားသမီးတွေအပေါ် ရှေးဦးစွာ ကျေးဇူးပြုတတ်တဲ့ သဘောရှိတာကြောင့် အရှေ့အရပ်လို့ ဆိုတာပါ။ ဒါကြောင့် ဝတ်ကျေပွန်တဲ့ သားသမီးတွေမှာ အရှေ့အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ဆိုရပါတယ်။

၂။ ဆရာဟာ အတတ်ပညာနဲ့တကွ နည်းကောင်းလမ်းမှန် သင်ကြားပြသ ဆုံးမတတ်တဲ့သဘော ရှိတာကြောင့် တောင်အရပ်လို့ ဆိုတာပါ။ ဒါကြောင့် ဝတ်ကျေပွန်တဲ့ တပည့်တွေမှာ တောင်အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ဆိုရပါတယ်။

၃။ ဇနီးမယား၊ သမီးသားတွေဟာ နောက်ပါးစေတွေ ဖြစ်ကြတဲ့ သဘောရှိတာကြောင့် အနောက်အရပ်လို့ ဆိုတာပါ။ ဒါကြောင့် ဝတ်ကျေပွန်တဲ့ လင်ယောကျ်ားမှာ အနောက်အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ဆိုရပါတယ်။

၄။ အဆွေခင်ပွန်းတွေဟာ မိမိကို ကာယစိတ္တ၊ သုခနှစ်ထွေ ပြည့်စုံစေတတ်တဲ့ သဘောရှိတာကြောင့် မြောက်အရပ်လို့ ဆိုတာပါ။ ဒါကြောင့် ဝတ်ကျေပွန်တဲ့ မိတ်ဆွေခင်ပွန်းတွေမှာ မြောက်အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ဆိုရပါတယ်။

၅။ အမှုလုပ်အိမ်ဖော်မိန်းမ၊ ကျွန်ယောကျ်ားတွေဟာ အောက်ခြေငယ် သားတွေ ဖြစ်ကြတာမို့ အောက်အရပ်လို့ ဆိုတာပါ။ ဒါကြောင့် ဝတ်ကျေပွန်တဲ့အရှင်မှာ အောက်အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ဆိုရပါတယ်။

၆။ ရဟန်းတော်နဲ့ အကျင့်မြတ်တရား ပွားများကြတဲ့ သူတော်စင်တွေဟာ မိမိရဲ့သီလ၊ သိက္ခာ မြင့်မားစေတတ်တဲ့ သဘောရှိတာကြောင့် အထက်အရပ်လို့ ဆိုတာပါ။ ဒါကြောင့် ဝတ်ကျေပွန်တဲ့ ဒကာ၊ ဒကာမတွေမှာ အထက်အရပ်ဟာ လုံခြုံတယ်၊ ငြိမ်းချမ်းတယ်၊ ဘေးကင်းတယ်လို့ ဆိုရပါတယ်။

ကျင့်ဝတ်ခြောက်ပါး မဖောက်ပြားဘဲ စောင့်ထိန်းသီလ အသီးသီးညီညွတ်မှုသာ ဘေးမသီရန်မခ အစဉ်ထာဝရအေးမြကြလို့ သုခချမ်းသာမကင်းကွာကြဘဲ လောကသံသရာ နှစ်ဖြာကောင်းကျိုး ပွားတိုးကြရမယ်ဆိုတာ အမှန်တကယ်ဖြစ်ပါပေတယ်လို့ မြတ်ဗုဒ္ဓက နည်းပေးညွှန်ပြတော်မူခဲ့ပါတယ်။

အမေဆိုတာ နေလိုထွန်းတောက်၊ လလိုကြည်လင်၊ သန့်စင်မွန်မြတ် အလင်းဓာတ်ဖြင့်၊ စဉ်ဆက်မပြတ် မျှဝေခံစား၊ စေတနာသဒ္ဓါတရား ကရုဏာပွားပြီး၊ သားသမီးအပေါ်မှာ မျှော်ကိုးမှု တစ်စုံတစ်ရာမရှိ၊ ရေစုန်သာရှိ၊ ရေဆန်မရှိလည်း ဝမ်းမနည်းတတ် စိတ်ဓာတ်ခိုင်မာသူပါတကား…။


သားသမီးတိုင်း မိဘကျေးဇူး အထူးဆပ်နိုင်ကြပါစေ။

**ပြည်ရွှေဘိုဆရာတော်(ရန်ကုန်)**



www.burmeseclassic.com

www.burmeseclassic.com



# အတုယူဖွယ်ကောင်းသော
# ခရီးသွားမှတ်တမ်း

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလက ဒေသအသီးသီး၌ ဝါကပ်ကြကုန်သော ရဟန်းတို့သည် ဝါကျွတ်သောအခါ ဘုရားရှင်ထံသို့ လာရောက်၍ ဖူးမြော်လေ့ရှိကြပါသည်။ ရဟန်းရှစ်ကျိပ်သော မဟာသာဝကတို့လည်း ဘုရားရှင်အား ဖူးမြော်ကြပြီး ကျောင်းတော်ကို လှည့်လည်ကြည့်ရှုကြလေသည်။

ဘုရားဖူးရဟန်းတော်များ ကျောင်းဝန်းအတွင်း လှည့်လည်ကြည့်ရှုရင်း စက္ခုပါလမထေရ်၏ကျောင်းသို့ ရောက်လျှင် မိုးကြီးသည်းထန်စွာ ရွာသွန်းလေ၏။ ထို့ကြောင့် ထိုနေ့အဖို့ ကျောင်းလှည့်လည်ခြင်းကို ရပ်တန့်လိုက်၏။ ထိုညဉ့် မိုးသည် ပထမယံပတ်လုံး ရွာသွန်း၍ သန်းခေါင်ယံ၌ လင်းစင်လေ၏။

စက္ခုပါလ မထေရ်သည် မိုးသောက်ယံ၌ စင်္ကြံသွားလျှင် မိုးရေစွတ်ဖြစ်သောမြေမှထွက်လာသော ပိုးဖလံများစွာကို နင်းမိသဖြင့် ပိုးဖလံတို့ သေကြေကြကုန်၏။ စင်္ကြံလမ်းသည် ပိုးဖလံတို့ဖြင့် ပြွမ်းနေ၏။ စက္ခုပါလ၏ သာမဏေတို့သည် တံမြက်မလှည်းမိ၍ ဘုရားဖူးရဟန်းများသည် စက္ခုပါလမထေရ်၏ကျောင်းသို့ ရောက်လာကြပြီး စင်္ကြံလမ်းရှိ ပိုးဖလံများသေသည်ကို

www.burmeseclassic.com

တွေ့ကြလေသည်။

ထိုအကြောင်းကို ဘုရားဖူးရဟန်းများက ဘုရားရှင်ထံလျှောက်ထားကြလေသည်။ ဘုရားရှင်က ရဟန္တာတို့က သေစေလိုသော စေတနာမရှိဟူ၍ ဟောတော်မူလေသည်။ ထိုအခါမှ စက္ခုပါလမထေရ်သည် မျက်စိကွယ်နေသော ရဟန္တာဖြစ်ကြောင်း သိရှိရပါပြီ . . .။ ရဟန္တာဖြစ်ပါလျက် မျက်စိကွယ်ရခြင်း အကြောင်းကို အောက်ပါအတိုင်း ဟောတော်မူလေသည်။

မကောင်းသောစိတ်ဖြင့် ပြောဆိုပြုလုပ်မိပါက ထိုသို့ပြောဆိုမိ၊ ပြုလုပ်မိခြင်းကြောင့် လှည်းဘီးသည် နွားအခြေရာသို့ အစဉ်တစိုက်လိုက်နေသကဲ့သို့ ဒုက္ခသည် ထိုပုဂ္ဂိုလ်သို့ အစဉ်တစိုက်လိုက်လေသည်။

စက္ခုပါလမထေရ်သည် တစ်ခုသောကာလက မျက်စိရောဂါကုသပေးသော ဆေးဆရာတစ်ဦးဖြစ်ခဲ့ပါသည်။ သူ၏ ဆေးအစွမ်းသည် စွမ်းသည်ဟူပင် ပြောရလောက်အောင်ပင် ဖြစ်ပါသည်။

တစ်နေ့သော် စက္ခုပါလမထေရ်ဖြစ်မည့် ဆေးဆရာသည် ဆင်းရဲနွမ်းပါးသော အမျိုးသမီးတစ်ဦးအား အခကြေးငွေမယူဘဲ ဆေးကုသပေးမည်ဟုပြောပြီး အကယ်၍ သင်၏မျက်စိဝေဒနာ အမှန်တကယ် ပျောက်ကင်းသွားပါက အဘယ်အရာကို ငွေကြေးအဖြစ် သတ်မှတ်၍ပေးမည်နည်းဟု ဆိုလေသည်။ အမျိုးသမီးလည်း ရောဂါပျောက်ကင်းလိုဇောဖြင့် လွယ်လွယ်ကူကူပင် အသင့်ထံပါး၌ ကျွန်ခံမည်ဟု ပြောလိုက်လေသည်။

**ဘဝခရီးလမ်း လျှောက်လှမ်းရာ၌ စိတ်နှင့်ယှဉ်သော အတွေးအမြင်တို့က ခင်းပေးသောလမ်းအတိုင်း လျှောက်လှမ်းကြရာ အမှားနှင့်အမှန်ကို မည်သူမျှ ခင်းပေးသည်မဟုတ်။ မိမိတို့အတွေး အမြင်ကသာ ခင်းပေးခြင်းဖြစ်လေသည်။**

ဤသို့နှင့် ဆေးဆရာသည် မျက်စိရောဂါပျောက်ကင်းစေရန် မျက်စဉ်းခပ်ပေးသည်။ တစ်ရက်နှစ်ရက်ကြာသော် ဆေးဆရာသည် အမျိုးသမီးအား မျက်စိဝေဒနာနှင့်ပတ်သက်၍ သက်သာမှုရှိမရှိ သိလို၍ သွားရောက်မေးမြန်းလေသည်။ အမျိုးသမီးလည်း ၎င်း၏မျက်စိဝေဒနာမှာ သက်သာပါသော်လည်း ပေးခဲ့သောဂတိအား တည်ရမည်စိုး၍ လိမ်လည်ကာ မသက်သာကြောင်း ပေးသောဆေးခပ်မှ ပို၍ပင် စိုးဝါးလာပါကြောင်း ပြောလေသည်။ ဆေးဆရာလည်း အမျိုးသမီး၏ လိမ်လည်ပြောဆိုမှုကို မသိကျွမ်းအင်ပြုကာ ဝေဒနာမသက်သာပါက ယခုထက်ကောင်းသော မျက်စဉ်းကို ခပ်ပေးမည်ဟုဆိုပြီး ဆေးခပ်ပေးရာ ချက်ချင်းပင် မျက်စိနှစ်ကွင်း ကွယ်သွားပါတော့လေသည်။

ဤသို့သော အတိတ်မှပြုလုပ်ခဲ့သော အကုသိုလ်ကံကြောင့် စက္ခုပါလမထေရ်ကြီးသည် ဆေးဝါးကုသပါသော်လည်း အနာနှင့်ဆေး မတွေ့ပဲ မျက်စိကွယ်နေရခြင်းပင် ဖြစ်ပါသည်ဟု ဟောတော်မူလေသည်။

ကိလေသာကြောင့် ကုသိုလ်ကံနှင့် အကုသိုလ်ကံဖြစ်ရ၏။ ကုသိုလ်ကံနှင့် အကုသိုလ်ကံကြောင့် ကုသိုလ်အကျိုး အကုသိုလ်အကျိုးဖြစ်ရလေ၏။

ဘဝခရီးလမ်း လျှောက်လှမ်းရာ၌ စိတ်နှင့်ယှဉ်သော အတွေးအမြင်တို့က ခင်းပေးသောလမ်းအတိုင်း လျှောက်လှမ်းကြရာ အမှားနှင့်အမှန်ကို မည်သူမျှ ခင်းပေးသည်မဟုတ်။ မိမိတို့အတွေး အမြင်ကသာ ခင်းပေးခြင်းဖြစ်လေသည်။

စက္ခုပါလမထေရ်သည် သူခင်းခဲ့သောလမ်းအား ရဲဝံ့စွာ လျှောက်လှမ်းခဲ့သော ခရီးသွားမှတ်တမ်းတစ်ခုသာ ဖြစ်ပါလေတော့သတည်း။

*ဘဝမှတ်တမ်း လှကြပါစေ..*

**ရွှယ်လီသိန်းမောင်(စိန်မိုက်ကယ်)**

မှတ်ချက် ။ ။ ဦးရွှေအောင်၏ "စက္ခုပါလမထေရ်" မှ ကိုးကားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# သေသည့်တိုင်အောင်
# ပြည်သူ့က မလွှမ်းသောမင်း

ခင်မောင်အေး(မန္တလေး)

ဇေတဝန်ကျောင်းတော်၏ တံခါးဝတွင် မြတ်စွာသခင်ဘုရားရှင်အား တောင်ထပ်မှ ကျောက်တုံးလှိမ့်ချလျက် လုပ်ကြံခဲ့သည့် ဒေဝဒတ်ကို မဟာပထဝီမြေကြီးကသည်ပင်လျှင် လက်မခံနိုင်တော့ပဲ မြေမျိုခံရသောအခါ နတ်လူသတ္တဝါအပေါင်း နှစ်ထောင်းအားရ ဝမ်းသာကြရခြင်းအကြောင်းနှင့် စပ်လျဉ်းလျက် မြတ်စွာဘုရားက အတိတ်ဇာတ်ကို ပြန်လည်ဖော်ဆောင်ကာ ဟောကြားတော်မူလေသည်။ ဘုရားအလောင်းသည် အိမ်ရှေ့စံဖြစ်၏။ မင်းကြီးအုပ်ချုပ် မင်းလုပ်နေစဉ်ကာလ ပြည်သူ့အပေါင်း ကိုယ်စိတ်နှလုံး ကြိမ်မီးအုံးသည့်အလား မချမ်းမသာဖြစ်ကြရသည်။ မင်းကြီးသည် ပြည်သူ့တို့အပေါ် ရက်စက်ကြမ်းကြုတ်သည်။ အသနားမဖက် နိုင်လိုမင်းထက်ပြုမူသည်။ အခွန်အတုတ်များ မတရားကောက်ခံသည်။ မင်းကြီးကား မဟာပိင်္ဂလမင်းကြီး ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အိုးအိမ်များဖျက်သိမ်း၊ မြေများကိုသိမ်းပိုက် ထင်ရာကို စိတ်ကြိုက်လုပ်ကာ နည်းမျိုးစုံဖြင့် ငွေကြေးတောင်းခံသည်။ ပြည်သူတို့က ငြူစူသည်။ မင်းကြီးအား ရှက်ခင်နှစ်သက်ရမည့်အစား မုန်းတီးစက်ဆုပ်ကြသည်။ မဟုတ်သာသောကြောင့်သာ သည်းခံနေကြရ၏။ မင်းကြီးသည် ကာလအတော်အတန်ကြာအောင် အုပ်ချုပ်မင်းလုပ်ခဲ့ပြီးသည့်နောက် သေဆုံးသွားတော့လေသည်။ ထိုအခါ ဗာရာဏသီပြည်အလုံး ဝမ်းပန်းတသာရှိကြပြီး သည်းတုန်အူတုန် ပျော်ရွှင်ကြကုန်လေသည်။ မင်းကြီး၏အလောင်းကို ထင်းလှည်းစီးရေတစ်ထောင်ဖြင့် တိုက်ယူလာကာ မီးသင်္ဂြိုဟ်လိုက်ကြ၏။ အလောင်းကိုမီးရှို့ပြီးနောက် မီးကိုငြိမ်းသက်သောအခါတွင်လည်း ရေအိုးတစ်ထောင်ပြည့်အောင် ဆောင်ယူလာကာ ငြိမ်းသတ်ကြ၏။

သားတော် အိမ်ရှေ့စံသည် မင်းကြီး၏ အရိုက်အရာကို ဆက်ခံရရှိလျက် မင်းအဖြစ် ပြည်သူအများက ဇာတ်မြှောက်လိုက်ကြသည်။ ပြည်သူအများက "ငါတို့ ယခုမှပင်တရားရှိသည့်မင်းကို ရလေပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်လေသည်။ ဗာရာဏသီပြည်အလုံး အလုတန်းဆာဆင်ယင် မီးရောင်စုံများ ထွန်းညှိကြလျက် ပျော်ပွဲသဘင်ဆင်ယင်ကျင်းပ ကကြ ခုန်ကြ မြူးထူးပျော်ရွှင်ကြလေသည်။

ယင်းသို့ ပြည်သူတွေအားလုံး ရွှင်ပြုံးမြူးပျော်နေကြချိန်မှာ ဗာရာဏသီပြည်မြို့၏ တံခါးမှူးတစ်ယောက်ကမူ ငိုကြီးချက်မ သက်ပြင်းတစ်ချချဖြင့် ရှိုက်ကာရှိုက်ကာ ငိုနေလေတော့သည်။ ဘုရားလောင်းက ထိုတံခါးမှူးအား အပါးသို့ခေါ်ယူပြီး အကျိုးအကြောင်း မေးမြန်းစုံစမ်းကြည့်၏။

"အသင်တံခါးမှူး ခမည်းတော်သေဆုံးသဖြင့် ဗာရာဏသီပြည်တစ်ဝှမ်းလုံး ရွှင်ပြုံးပျော်ရွှင်နေကြချိန်မှာ ဝမ်းနည်းပန်းမည်း ငိုနေသောသူဆိုလို့ သင် တံခါးမှူးတစ်ဦးတည်းသာရှိနေပါချေသည်။ အသင်သည် သေဆုံးသွားသော ငါ၏ခမည်းတော် ဘုရင်မင်းကြီးအား ကေန်မုချ ချစ်ခင်မြတ်နိုးသောသူဖြစ်နိုင်သည်။ သင် ငါ၏ခမည်းတော်အား အတော်ပင်ချစ်ခင်သောသူဖြစ်ချိမ့်မည်။ အမှန်ပင်လောဟု မေးမြန်းတော်မူပါသည်။

ထိုအခါ မြို့တံခါးမှူးက "မင်းကြီး…အကျွန်ုပ်သည် သေဆုံးသွားသော မင်းကြီးအား လွမ်းဆွတ်သတိရ တမ်းတငိုယိုခြင်းကား လုံးဝမဟုတ်ပါ။ မင်းကြီးမသေဆုံးမီ သက်ရှိထင်ရှားရှိသည့်အချိန်က ပြာသာဒ်မှ အဆင်းအတက်တို့တွင် အကျွန်ုပ်၏ဦးခေါင်းကို ရှစ်ချက်စီ ရိုက်သွားလေ့ရှိပါသည်။ မင်းကြီးက ငရဲသို့ရောက်သွားသည့်အခါတွင်လည်း ငရဲသားအစောင့်တို့၏ ဦးခေါင်းကို ရိုက်သွားပါလိမ့်ဦးမည်။

သည်အခါ ငရဲသားအစောင့်တို့က သည်မင်းယုတ်သည် ငါတို့အား အကြောင်းမရှိ နှိပ်စက်လွန်းသည်ဟု ဆိုကြပြီးလျှင် သည်းမခံနိုင်သဖြင့် လူ့ပြည်သို့ ပြန်ပို့လိုက်ပါမူ နန်းတော်သို့ တစ်ဖန်ပြန်ရောက်လာပြီး ယခင်ကကဲ့သို့ ကျွန်ုပ်၏ဦးခေါင်းကို ပြန်ရိုက်ခြေရဲ့လို့ တွေးမိသဖြင့် ကြောက်လန့်စက်ဆုပ်မိသောကြောင့် ငိုရခြင်းသာဖြစ်ပါပေသည်ဟု ရှိုက်ကာငိုကာ လျှောက်ထားလေသည်။

သည်အခါတွင် မင်းကြီးသည်လည်း တံခါးမှူး၏ ခံစားချက်ကို စာနာနားလည်သွားကာ တံခါးမှူးအား ကြင်နာစွာနှစ်သိမ့်လျက် -

"အသင်တံခါးမှူး မင်းကြီးသေဆုံးသွားခဲ့ပါပြီ။ သေသောသူသည် ပြန်လည်ရှင်သန်ရန် အကြောင်းမရှိတော့ပါ။ ယင်းအတွက် စိုးရိမ်သောက ဗျာပါဒများကိုလည်း ပယ်ဖျောက်လိုက်ပါတော့"ဟု ချော့မော့နှစ်သိမ့်ပေးလိုက်ရ၏။ တံခါးမှူးလည်း ထိုအခါကျမှပင် အငိုတိတ်သွားလေပေတော့သတည်း။

ရက်စက်ကြမ်းကြုတ်ခြင်းကို ပြည်သူအလုံး မုန်းတီးရွံ့ရှာကြပါသည်။

ခင်မောင်အေး(မန္တလေး)

ကျမ်းကိုး

နိပါတ်တော်လာ ဇာတ်တော်ငါးရာ့ငါးဆယ်

ဇာတ်ပေါင်း မဟာပိဋကလမင်း = ဒေဝဒတ်၊ မဟာပိဋကလ၏ သားတော် အိမ်ရှေ့စံ = မြတ်ဗုဒ္ဓ။



www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ(တိုး)-၁၃၁၂

အသိကျ အကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက(တနယ်ဇင်း)၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေ့ါပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက် တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေ့ါပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်က ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ် မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါး ညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဝိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်း ရှိတယ်မဟုတ်လား"

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေး မဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ် တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသော အဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေး မဟုတ်လို့ နေ့စဉ်မှန်မှန် သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်း ဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း – မုံရွာ – ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ် - ၈၂/၃၅၆၊ မေတ္တာဝိလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်းခွဲ(၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ(၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

# စပ္ပါယ်ဖူး ဆေးတိုက်မှ အစွမ်းထက်လိမ်းဆေးများ




၀၄၀၈ (Y) ၀၇၄၆၅

## အရိုးကျိုးပေါင်းလိမ်းဆေး

ဤဆေးကို သက်ရင်းကြီး၊ ပညာလက်ာအပါအဝင် ထူးခြားအစွမ်းထက်သော တိုင်းရင်းဆေးစစ်ဆေးမှန်များဖြင့် စီမံဖော်စပ်ထားသော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။


လည်ပင်းကျိုးပေါင်း၊ ခါးဆစ်ကျိုးပေါင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ခါးကိုက်ခါးနာ၊ လေးဘက်နာဖြစ်ခြင်းကြောင့် အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲခြင်း၊ ဇက်လေးခြင်း၊ ဇက်ကြောတက်ခြင်း၊ ကြောပြင်တစ်ဝိုက် နာကျင်ကိုက်ခဲခြင်း၊ ဇက်ကြောနာကျင်ခြင်း၊ ဇက်ကြောထိုးခြင်း၊ ခေါင်းတစ်ခြမ်း ခေါင်းကိုက်ဝေဒနာများ၊ ခြေလက်ထုံကျင်ခြင်း၊ လက်မောင်းကြောရိုး၊ တင်ပဆုံနှင့် ပေါင်ကိုက်ခြင်း၊ ရင်သားနှင့် ရင်ဘတ်အောင့်ခြင်းနှင့် **'လေဖြတ်ဝေဒနာ'**များအတွက် ထိရောက်လျင်မြန်စွာ ပျောက်စေသည့်အပြင် တရားမထိုင်မီနှင့် အားကစားမလုပ်မီ ကြိုတင်လိမ်းထားခြင်းဖြင့် အကြောများလျော့၍ ပျော့ပျောင်းစေပါသည်။ ဤဆေးကို တိုင်းရင်းပညာ **'အအေးနည်း'** ဖြင့် ဖော်စပ်ထားပါသည်။

## ချွဲသလိပ်ကြေ ရင်လူးဆေး

ဤချွဲသလိပ်ကြေ ရင်လူးဆေးသည် လူကြီး၊ ကလေး အသက်အရွယ်မရွေး အသုံးပြုနိုင်သည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

ချွဲထ၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ သလိပ်ပုပ်ထ၊ ကြက်ညှာချောင်းဆိုး၊ ချွဲပူထ၊ လည်ချောင်းယား၊ ချွဲသံကြား၊ အစာမကြေ ဖျို့အန်၊ ရင်ပြည့်၊ ရင်ကယ်၊ အဆုတ်ပွ၊ အဆုတ်အအေးမိခြင်း၊ ဝမ်းဖောဝမ်းရောင်၊ ဗိုက်အောင့်၊ ဗိုက်ပူနံကား၊ လေပြင်နာ၊ လေဆန်နာ၊ လေထိုးလေအောင့်၊ လေပွလေထ၊ လေနှင့်ဝမ်း မကွဲသော ရောဂါများအတွက် အထူးလိမ်းဆေးဖြစ်ပါသည်။ ထိုဆေးကို လည်ပင်းမှ ဆီးစပ်အထိ တစ်နေ့ နှစ်ကြိမ် လိမ်းပေးပါက ရောဂါကို ယူပစ်သလို ပျောက်ကင်းနိုင်ပါသည်။

၀၄၀၈ (Y) ၀၇၄၆၄




မင်ရင်းဌာန – "စပ္ပါယ်ဖူးဆေးတိုက်"၊ အမှတ်(၆၄)၊ သရဖီလမ်း၊ (၃/က)ရပ်ကွက်၊ မင်္ဂလာဒုံ။

ဖုန်းနံပါတ်များမှာ - ၀၉-၅၁၃၇၅၅၇၊ ၀၉-၅၁၉၇၈၇၇ တို့ ဖြစ်ပါသည်။ ဤဆေးကို ဆေးဗိမာန်ဆေးဆိုင် - ရွှေဘုံသာလမ်း(အလယ်ဘလောက်)၊ ဗလီဘေး။ စိန်ကုလား သွေးဆေးဆိုင် - ကုန်ဈေးတန်းလမ်း၊ သိမ်ကြီးဈေးနှင့် ရွှေဘုံသာလမ်းရှိ တိုင်းရင်းဆေးဆိုင်များမှာ ရရှိနိုင်ပါသည်။ အရိုးကျိုးပေါင်းနှင့် လေဖြတ်ဝေဒနာရှင်များ ရောဂါအမြစ်ဖြတ်လိုလျှင် "တကယ်ထူးတဲ့ စပ္ပါယ်ဖူးဆေးတိုက်" သို့ လာရောက် ဆွေးနွေးကုသနိုင်ပါသည်။

- ဆေးခန်းဖွင့်ချိန် - "နံနက်(၉-၁၁)နာရီ၊ ညနေ(၄-၈)နာရီအထိ ရှိပြီး အခမဲ့ ဆွေးနွေးနိုင်ပါသည်။

www.burmeseclassic.com

# မြွေထုံကွင်းနှင့် ဖြစ်ရပ်ဆန်း

ဟိန်းထက်ဈာန်

နေ့ပူလို့ညချမ်း တပေါင်းလလရမ်း ဟူသော စာဆိုအတိုင်း တပေါင်းလ၏ အပူရှိန်က အလွန်ပူပြင်းလှသည်။ ထို့ကြောင့် စာရေးသူလည်း အိမ်ခြံဝင်း အတွင်း သရက်ပင်ကြီးအောက် အရိပ်ကောင်းကောင်းနေရာတွင် ပက်လက်ကုလားထိုင်ဖြင့် စာအုပ်တစ်အုပ်ကို ဖတ်ရှုနေမိသည်။ တစ်ခဏမျှကြာသောအခါ စာရေးသူ၏ ခြံတံခါးရှေ့တွင် ဟိုင်းလက်ကားအဖြူရောင်ကလေးတစ်စီး ထိုးရပ်လိုက်ပြီး ကားပေါ်မှ မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ထားသော လူငယ်တစ်ယောက် ဆင်းလာသည်။ ထိုသူကို တွေ့လိုက်ရသောအခါ ကျွန်ုပ်မှာ အလွန်ပင် အံ့ဩသွားသည်။ ၁၉၇၁ ခုနှစ် စာမတတ်သူ ပပျောက်ရေးစီမံချက်အရ ကျွန်ုပ် အ,သုံးလုံးသင်ကြားခြင်းလုပ်အား ပေးခဲ့သော ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် "ထန်းကုန်း" ရွာကလေးတွင် ခင်မိခဲ့သော လူငယ်ကလေး "မောင်ကြည်အောင်"ပင် ဖြစ်နေသောကြောင့် ဖြစ်သည်။

"ဟာ...မောင်ကြည်အောင်ပါလား။ မတွေ့ကြတာ နှစ်နဲ့တောင်ချီပြီး ကြာနေပြီ။ ဘယ်တွေရောက်လို့ ဘာတွေလုပ်နေသလဲ။ လာ...ထိုင်ကွာ။ အေးအေးဆေးဆေးပဲ မဟုတ်လား။ ဆရာ့အိမ်မှာ ထမင်းစားပြီးမှ ပြန်ပေါ့ကွာ" ဟု ပြောဆိုပြီး အနီးရှိ ထိုင်ခုံ အလွတ်တစ်လုံးတွင် ထိုင်စေပါသည်။

"ဘဝတွေကတော့ မျိုးစုံတွေ့ကြုံခဲ့ရတယ် ဆရာရေ။ ကျွန်တော့်ကိုယ်ကျွန်တော် သေရွာပြန်လို့တောင် ပြောလိုက်ချင်သေး။ ကံကောင်းထောက်မလို့သာ ဆရာနဲ့ အခုလို ပြန်တွေ့ရတာ"

"မင်း မလေးရှားနိုင်ငံမှာ အလုပ်သွားလုပ်တယ်လို့ ဆရာသတင်းကြားတယ်"

"ဟုတ်ပါတယ် ဆရာ။ ရွာမှာ အလုပ်အကိုင်တွေကလည်း မကောင်း၊ စီးပွားရေးကလည်း အဆင်မပြေတော့ ရွာကလူငယ်တော်တော်များများ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံတွေကိုထွက်ပြီး အလုပ်သွားလုပ်ကြတယ်။ အဆင်ပြေတဲ့သူပေါ်နှိုသလို အဆင်မပြေတဲ့လူတွေလည်း ရှိတာပေါ့ဆရာ။ ကျွန်တော့်မိဘတွေကို မလေးရှားနိုင်ငံမှာ အလုပ်သွားလုပ်ချင်တယ်ပြောလို့ မိဘတွေကလည်း ထန်းတောတစ်ဝက်ရောင်း၊ နွားနှစ်ကောင်ရောင်းပြီး ကျွန်တော့်ကို ပို့ပေးရှာပါတယ်"

"ဒါဆို မင်း မလေးရှားနိုင်ငံမှာလည်း အလုပ်လုပ်ခဲ့ရတယ်ပေါ့။ အဆင်ရောပြေရဲ့လား"

"အဆင်မပြေပါဘူး ဆရာရယ်။ ပွဲစားအတုတွေနဲ့တွေ့လို့ အလုပ်ခေါ်စာအတုကြီးနဲ့ပါ မလေးရှားရောက်တော့ လေဆိပ်မှာ ဘယ်သူမှ လာမခေါ်ကြဘူး။ ခုနစ်ရက်လောက် လေယာဉ်ကွင်း မှန်လုံအခန်းထဲမှာပဲ နေရတယ်။ နောက်ဆုံးတော့ မြန်မာပြည်ပြန်ပို့တာ ခံရတယ်။ ဒါကြောင့် ရွာပြန်ရောက်တော့ စိတ်ညစ်ညစ်နဲ့ နေ့တိုင်း ထန်းရည် အလွန်အကျွံသောက်ပြီး အမူးသမား ဘဝရောက်ခဲ့ရတယ်။ မိဘကို လုပ်ကျွေး ချင်ပေမယ့် လူလိမ်ခံရလို့ မိသားစုဘဝ မွဲပြာကျခဲ့ရတာ ကျွန်တော့်ကြောင့်ဆိုပြီး အမြဲ စိတ်မကောင်းဖြစ်ခဲ့ရတယ်ဆရာ"

"ဒါနဲ့ မင်း ဒီလိုအခြေအနေကို ဘယ်လိုရောက်လာတာလဲ"

"ပြောပါ့မယ်ဆရာ။ တစ်နေ့ ကျွန်တော် ထန်းရည်မူးပြီး အိပ်ပျော်သွားတယ်။ ထန်းတောထဲက ထန်းပင်ငယ်လေးအောက်မှာပါ။ မနက် အရုဏ်တက်ချိန်လောက်မှာ အိပ်မက်လိုလို တကယ်ဖြစ်နေသလိုလိုပါပဲ။ ခေါင်းက ဆံပင်တွေကလည်း မသေမသပ်၊ နွမ်းကျယ်အင်္ကျီအပေါ်မှာ ပင်နီတိုက်ပုံ အပေါင်းတစ်ထည်ကို ကြယ်သီးမတပ်ဘဲဝတ်ထားပြီး ပုဆိုးကွက်ကျားနဲ့ ပုဂ္ဂိုလ်ကြီးကို တွေ့လိုက်ရတယ်။ ကျွန်တော့်ရှေ့မှာ မတ်တတ်ရပ်လို့။ သူက ကျွန်တော့်ကိုပြောတယ်..."

"လူလေး မင်းဟာ မိဘကို လုပ်ကျွေးချင်တဲ့လူဆိုတော့ အဘက ကူညီပေးရမှာပေါ့။ ဒီနေ့ကစပြီး မင်း အရက်သေစာ လုံးဝမသောက်စားရဘူး။ ငါးပါး



www.burmeseclassic.com

www.burmeseclassic.com

သီလ မြဲရမယ်။ မင်း ကတိပေးနိုင်လား"

"ကျွန်တော် ကတိပေးပါတယ်"

"အေး...ကောင်းပြီ။ ဒီနေ့က လည်း လပြည့်နေ့ဖြစ်နေတော့ လူလေး ဒီနေ့ ၉ နာရီတိတိ ဟောဟိုနဘူး တောင်ပေါ်ကို အရောက်သွားပြီး စေတီတော်ရှေ့မှာ ပုတီးစိပ်ပါ။ စိပ်ရမှာက -

ဩဘာင်း နမောဗုဒ္ဓါယ သောဘဂါဝ ဣတိပိအရဟံ အစချီတဲ့ ဂုဏ်တော်ကိုးပါးပုတီးစိပ် လူလေးရတယ် မဟုတ်လား။ အဲဒါ ပုတီးကိုးပတ်စိပ်ရမယ်။ ပြီးရင် ခန္ဓသုတ်ကို နှလုံးသွင်းပြီး ရွတ်ဆိုရမယ်။ ဘာတွေတွေ့တွေ့ ဘာတွေဖြစ်ဖြစ် ကြောက်စရာမလိုဘူး မှတ်မိတယ်နော်"

ဟု ပြောဆိုပြီး ပျောက်ကွယ်သွားခဲ့သည်။ ကျွန်တော်လည်း အိပ်မက်လိုလို တကယ့်အဖြစ်အပျက်လိုလို မဝေခွဲနိုင် ဖြစ်ခဲ့ရတယ်။ အဲဒီပုဂ္ဂိုလ်ထူးကြီးရဲ့ ပြောပုံ၊ ဆိုပုံ၊ ဝတ်ပုံ၊ စားပုံကို ပြန်တွေးကြည့်လိုက်တော့ အဘဘိုးမင်းခေါင်များ ဖြစ်နေမလားလို့တောင် ထင်မိခဲ့တယ်။ ဒါနဲ့ပဲ အိမ်ကို အပြေးကလေး ပြန်သွား ရေမိုးချိုး အဝတ်အစားသန့်သန့်ကလေးတွေဝတ်ပြီး တောင်ပေါ်ကို တက်ခဲ့တယ်။ မိဘနှစ်ပါးကတော့ ကျွန်တော် ဘာတွေလုပ်နေပါလိမ့်လို့ အံ့ဩတဲ့ အမူအရာနဲ့ ကြည့်နေတယ်။ နေ့တိုင်း ထန်းရည်မူးနေတဲ့ကောင်က ဒီနေ့ ပုတီးတွေဘာတွေ ယူပြီး တောင်ပေါ် တက်သွားလို့ ထင်ပါတယ်"

ထို့နောက် မောင်ကြည်အောင် တစ်ယောက် တောင်ပေါ်တွင် "အဘ" ခိုင်းစေသည့်အတိုင်း ပုတီးစိပ်နေစဉ်

ရှီ ရှီ ရှီ ဟူသော မြွေသံများ ကြားလိုက်ရသည်။ တစ်ကောင်မက များစွာသောမြွေများ မိမိထံသို့ လာနေသည်ဟု ခံစားလိုက်ရပြီး ကြောက်စိတ်များ ဖြစ်ပေါ်လာခဲ့သည်။ အဘက "ဘာမှကြောက်စရာမလိုဘူး"ဟု ပြောခဲ့သော်လည်း ကြောက်စိတ်ကို မတားဆီးနိုင်သဖြင့် မျက်လုံးကို အသာဖွင့်ကြည့်လိုက်မိသည်။ ထိုအခါ သူ၏ရှေ့ ဆယ်ပေခန့်အကွာတွင် မြွေပွေးနှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်နေကြသည်ကို တွေ့လိုက်ရသည်။ အရွယ်အစားအားဖြင့် များစွာမကြီး အလတ်စားမျှလောက်သာရှိသည့် မြွေပွေးနှစ်ကောင်၏ တိုက်ခိုက်မှုကား ကြောက်ခမန်းလိလိပင် ဖြစ်သည်။ တစ်ခါတစ်ရံ သူ၏အနီး သုံးပေခန့်အထိ ရောက်လာသဖြင့် ထပြေးမည်ဟုပင် ကြံမိသေးသည်။ မြွေပွေးနှစ်ကောင်ကား သူ့ကို လုံးဝဂရုမစိုက်။ ကြည့်နေစဉ်မှာပင် မြွေပွေးနှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် အပြန်အလှန် "မျို"ကြလေတော့သည်။ တစ်ကောင်၏အမြီးကို တစ်ကောင်ကမျိုပြီး လှုပ်စိလှုပ်စိဖြစ်နေကြသည်။

"ဘာလို့ မျက်လုံးဖွင့်ပြီးကြည့်နေတာလဲ။ ကိုယ့်အလုပ်ကို ပြီးအောင်လုပ်လေ"ဟူသော အဘ၏အသံကိုကြားလိုက်ရသဖြင့် မျက်စိကိုပြန်ပိတ်ပြီး ခန္ဓသုတ်ကို ရွတ်နေမိသည်။ ထို့နောက် သတ္တဝါအားလုံးတို့အား မေတ္တာပို့ အမျှဝေလိုက်သည်။

အချိန်ကား အနည်းငယ်ကြာသွားခဲ့လေသည်။ ကိစ္စများပြီးမြောက်သဖြင့် မျက်လုံးကို အသာဖွင့်ကြည့်လိုက်သောအခါ မြွေပွေးနှစ်ကောင် "မျို"နေကြရင်း ဖြစ်ပေါ်လာသော မြွေကွင်း၏အချင်းပမာဏမှာ ဆယ်လက်မခန့်ရောက်နေပြီး နှစ်ကောင်စလုံး ငြိမ်သက်နေသည်ကို တွေ့ရသည်။

"မင်းအင်္ကျီကိုချွတ်ပြီး သူတို့နှစ်ကောင်ပေါ်ကို ဖုံးထားလိုက်။ မင်းအင်္ကျီကို ညနေ ၄ နာရီမှ ပြန်ယူ။ အင်္ကျီမှာလည်း အစွမ်းတွေရပြီး မြွေထုံကွင်းကိုလည်း ယူပြီးဆောင်ထား။ အစွမ်းထက်တယ်။ ဉာဏ်ရှိသလိုသုံး။ ဒီအကြောင်းကို မိဘ၊ ဆရာသမားကလွဲပြီး ဘယ်သူ့ကိုမှ မပြောနဲ့။ ဘယ်သူ့ကိုမှမပြောလေ ကောင်းလေပဲ။ အန္တရာယ်ရှိတယ်။ လူလေးလည်း ဒီနေ့ကျင့်စဉ်အတိုင်း ဆက်ကျင့်။ မြွေထုံကွင်းဟာ တဖြည်းဖြည်းနဲ့ အိတ်ထဲထည့်လို့ရတဲ့ အရွယ်အစား ဖြစ်လာလိမ့်မယ်။ ပိုပြီးလည်း မာကျောလာမယ်။ ကြာရင် သံကွင်း၊ ကြေးကွင်းလို ဖြစ်လာမယ်။ လူလေးရဲ့ စရဏအားကောင်းလာရင် ရွှေရောင်ပြောင်းသွားလိမ့်မယ်။ အနန္တော အနန္တငါးပါးကိုတော့ မပြစ်မှားမိစေနဲ့ လူလေး"

ဟု ပြောဆိုပြီး အသံပျောက်သွားသည်။ ဟိုဟိုဒီဒီရှာဖွေသော်လည်း ဘာမှမတွေ့။ ထို့ကြောင့် အင်္ကျီကို အမြန်ချွတ်ပြီး မြွေထုံကွင်းပေါ် အုပ်ထားလိုက်သည်။ ထို့နောက် နံနက်စာ အငတ်ခံကာ မြွေထုံကွင်းကို တစ်နေ့လုံး စောင့်ကြည့်နေရသည်။ ကုသိုလ်ကံကောင်းသည်မှာ ထိုနေ့က တောင်ပေါ်သို့ မည်သူမျှ တက်မလာခြင်းဖြစ်သည်။ "အဘ" ကပင် တားပေးထားခြင်းဖြစ်မည်လောဟု တွေးနေမိသည်။

ဤသို့ဖြင့် ညနေ ၄ နာရီထိုးခဲ့



www.burmeseclassic.com

www.burmeseclassic.com

လေပြီ။ အင်္ကျီကိုချွတ်၍ လှန်လိုက်သည်။ မြွေထုံကွင်းကို မရဲတရဲစမ်းကြည့်လိုက်သည်။ ထင်ထားသည့်ထက်ပင် ပို၍ ခြောက်သွေ့မာကျောနေသည်။ မြွေကွင်းကလည်း အချင်း ရှစ်လက်မခန့်ရှိနေသည်ကို တွေ့ရသည်။ အင်္ကျီနှင့်အသာထုပ်လိုက်သည်။ အောက်ခံစွပ်ကျယ်အင်္ကျီဖြင့်ပင် ရွာသို့ပြန်လာခဲ့သည်။ အိမ်သို့ရောက်သောအခါ အဖေက အလုပ်ကိစ္စနှင့် အပြင်သွားကြောင်းသိရသည်။ အမေက မီးဖိုချောင်ထဲမှာ။ မြွေထုံကွင်းကို သေတ္တာထဲ ထည့်လိုက်သည်။ ထမင်းကို ကပျာကယာ စားလိုက်ရပေတော့သည်။

တစ်နေ့တွင် သူငယ်ချင်းဖြစ်ကြသော ကိုကြီးနှင့်ကိုလေး ညီအစ်ကိုနှစ်ယောက်က ထိုင်းနိုင်ငံသို့ ပစ္စည်းများသွားရောက်ရောင်းချရန် အဖော်ခေါ်သည်။ သူတို့ရောင်းချမည့် ပစ္စည်းများမှာ ဂျော့ဘုရင်ခေါင်းပုံပါသော ငွေဒင်္ဂါးများ။ ထူးခြားသော ဂမ္ဘီရပစ္စည်းများနှင့် သေနတ်ပြီးသည်ဟု နာမည်ကြီးနေသော "ဝက်မာန်စွယ်"တစ်ခုဖြစ်သည်။ ထိုပစ္စည်းများသည် ထိုင်းနိုင်ငံတွင် ဈေးကောင်းရသည်ဟု ဆိုကြသည်။

ဤသို့ဖြင့် ထိုင်းနိုင်ငံသို့ သူငယ်ချင်းသုံးယောက်တို့ ခရီးထွက်ခဲ့ကြရာ ကော့ကရိတ်မြို့တွင် ညအိပ်ရပ်နားရသည်။ ထိုည တည်းခိုအိမ်တွင် အိပ်ကြစဉ် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုမှ လူငါးယောက်တို့ လက်နက်ကိုယ်စီဖြင့် အိမ်ထဲဝင်ရောက်ပြီး ငွေ့သည်ရှိမရှိ ရှာဖွေရာ အခန်းထောင့်တွင် အိပ်နေသော သူတို့သုံးယောက်ကို လုံးဝမမြင်တွေ့သဖြင့် အံ့ဩခဲ့ရသည်။ အတူဆောင်ယူလာသော "မြွေထုံကွင်း"၏ အစွမ်းပင်ဖြစ်ပေလိမ့်မည်။ "မြွေထုံကွင်း"နှင့် ကျွန်တော်ဝတ်လာသော "မြွေထုံအင်္ကျီ" အကြောင်းကို ကိုကြီး ကိုလေးတို့အား အသိမပေး၊ မပြောကြားဘဲ လျှို့ဝှက်ထားခြင်း ဖြစ်ပေသည်။

အခက်အခဲများစွာကို အလွယ်တကူဖြတ်ကျော်နိုင်ပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံနယ်ခြား "မဲတော"ရွာကလေးသို့ ရောက်ခဲ့သည်။ မဲတောရွာကလေးတွင် မြန်မာလူမျိုးများ အနေများသည်။ ထိုရွာမှ ယိုးဒယားစကားတတ်မြောက်သော မြန်မာလူမျိုး စကားပြန်တစ်ဦး၏ အကူအညီဖြင့် ပါလာသောပစ္စည်းများကို ရောင်းချခဲ့ရာ နောက်ဆုံးတွင် "ဝက်မာန်စွယ်"တစ်ခုသာ ကျန်တော့သည်။

"ခင်ဗျားတို့ယူလာတဲ့ ပစ္စည်းက တကယ်စွမ်းတယ်ဆိုရင် ဈေးကောင်းရမယ်လို့ ပြောတယ်။ သူတို့က ပွိုင့်တူးတူး သေနတ်နဲ့ပစ်ပြီးစမ်းမှာ။ တကယ်စွမ်းရင် သိန်းငါးဆယ်ပေးမယ် ပြောတယ်။ ငွေသားပေးမှာမဟုတ်ဘူး။ သယ်ရလွယ်အောင် ရွှေချောင်းလေးတွေ ပေးလိုက်မှာ။ မနက်ဖြန် တောင်ခြေမှာစမ်းကြည့်ကြမယ်"ဟု စကားပြန်က ပြောသဖြင့် သဘောတူ ချိန်းဆိုလိုက်လေသည်။

နောက်တစ်နေ့နံနက် ၅ နာရီခန့်တွင် ချိန်းဆိုထားသောနေရာသို့ ရောက်ရှိသွားကြသည်။ အသင့်စောင့်နေသော ထိုင်းလူမျိုးသုံးဦးကို တွေ့ရသည်။ သူတို့နှင့်အတူ ကြက်အရှင်သုံးကောင်ကိုလည်း တွေ့ရသည်။ စကားပြန်မှ သူတို့နဲ့ စကားအနည်းငယ် ပြောပြီးသောအခါ သေနတ်ကိုယ်စီကိုင်ထားသော သူတို့သုံးဦးထဲမှ တစ်ဦးသည် ကြက်ဖကြီးကို ကျွန်ုပ်တို့ထံယူလာပြီး ကျွန်ုပ်တို့၏ "ဝက်မာန်စွယ်"ထည့်ထားသော အိတ်ရှုံ့ကလေးကို ကြက်ဖကြီး၏လည်ပင်းတွင် ချည်လိုက်သည်။ ထို့နောက် မြေကြီးပေါ်တွင် ငုတ်စိုက်ပြီး ထိုကြက်ဖကြီးကို ချည်ထားလိုက်ကြသည်။ ကျွန်တော်တို့သူငယ်ချင်းသုံးယောက်ကား အသည်းတထိတ်ထိတ်ဖြင့် ကြည့်ရှုနေကြသည်။

အဆင်သင့်ဖြစ်သောအခါ သူတို့ထဲမှတစ်ယောက်က ပွိုင့်တူးတူးသေနတ်ဖြင့် အသေအချာချိန်၍ ပစ်လိုက်သည်။ "ဒိုင်း"ခနဲ သေနတ်သံထွက်ပေါ်လာသည်။ ကြက်ဖကြီးကား ဘာမှမဖြစ် သေနတ်သံကြောင့် အနည်းငယ်လန့်သွားရုံသာရှိသည်။ နောက်တစ်ယောက်က သူ၏သေနတ်ဖြင့် သေသေချာချာချိန်၍ ထပ်ပစ်လိုက်ပြန်သည်။

ဒိုင်းဟူသော သေနတ်သံသည် တောင်နံရံမှပင် ပဲ့တင်သံပြန်၍ထွက်လာသည်။ ကြက်ဖကြီးကား ဣန္ဒြေရရ အစာပင်ကောက်စားနေသေးသည်။

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်မှာ ဝမ်းသာလိုက်သည့်ဖြစ်ချင်း။ သို့သော် ထိုဝမ်းသာမှုမှာ ကြာရှည်မခံ။ သူတို့သုံးဦး၏ သေနတ်များသည် ကျွန်တော်တို့သုံးယောက်ဖက်သို့ ပြောင်းလှည့်၍ ချိန်နေလေပြီ။ စကားပြန်ဖြစ်သူထံမှ အသံထွက်လာသည်။

"မင်းတို့သုံးယောက် အေးအေးဆေးဆေး ပြန်မယ်ဆိုရင် ဟောဟိုကကားနဲ့ သောင်ရင်းမြစ်ကမ်းအထိ လိုက်ပို့ပေးလိမ့်မယ်။ ဒါကို မကျေနပ်ဘူးဆိုရင်တော့ ဒီနေရာမှာတင် ပစ်သတ်လိုက်မယ်ပြောတယ်။ အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com

ပြန်ကြပါ"ဟု ပြောဆိုသဖြင့် မူလက တည်းက မဟုတ်မခံ ပြန်၍လုပ်တတ်သော မောင်ကြည်အောင်မှာ ဖရှေ့သို့ ခြေသုံးလှမ်းမျှတက်လိုက်ပြီး...

"ဒီလိုလုပ်လို့ ဘယ်ရမလဲကွ။ မင်းတို့လူ့လိမ်တွေပဲ"ဟု အော်ပြောလိုက်သည်။ ထိုအခါ ထိုင်းလူမျိုးသုံးဦးက သူ့ကို သေနတ်ဖြင့် ဝိုင်းပစ်ကြသော်။ သူတို့အားလုံး၏ သေနတ်များမှာ အသံပင်ထွက်မလာ။ နောက်တစ်ခါ ထပ်ပစ်သည် ပစ်၍မရ။ ကြက်ဖျကြီးကို ပစ်စဉ်က ကျည်ဆန်ထွက်သေးသည်။ ယခုအခါ ကျည်ဆန်လုံးဝပင်ထွက်မလာ။ ထိုင်းသုံးဦး မျက်နှာပျက်နေကြလေပြီ။ ဗလလည်းကောင်း။ ဒေါသလည်းထွက်နေသော မောင်ကြည်အောင်က သေနတ်တစ်လက်ကို လုယူလိုက်သည်။ မိုးပေါ်ထောင်ပစ်လိုက်သည်။

"ဒိုင်း"ခနဲ.အသံထွက်ပေါ်လာပြီး သစ်ပင်ပေါ်မှ ငှက်များပင် လန့်၍ပျံသွားသည်ကို တွေ့လိုက်ရသည်။ ထိုသေနတ်ဖြင့် သူတို့အားလုံးကို ချိန်ထားလိုက်သည်။ စကားပြန်လုပ်သူမှာ ကြောက်လွန်းအားကြီး၍ လက်များပင် မြောက်၍နေသည်။ ကိုကြီးနှင့် ကိုလေးတို့က လည်း သူတို့အားလုံး၏ သေနတ်များကို သိမ်းပြီး သူတို့ကို ပြန်၍ချိန်ထားကြသည်။ ကံကြမ္မာကား အလှည့်အပြောင်း ဖြစ်ခဲ့လေပြီ။

နောက်ဆုံးတွင် စကားပြန်နှင့် အပြန်အလှန် ညှိနှိုင်းပြောဆိုပြီး မြန်မာငွေသိန်းတစ်ရာနှင့်ညီမျှသော ရွှေချောင်းများကို ရယူကာ သူတို့ကားနှင့်ပင် နယ်စပ်သို့ ပြန်ရောက်ခဲ့သည်။ "ဝက်မာန်ငှယ်"ကိုလည်း လိုက်ပို့သူ ကားသမားပြန်မှ ပြန်ပေးလိုက်လေသည်။

"ကျွန်တော်ကိုလည်း အသက်စွန့်ပြီးရလာတဲ့ငွေကို သုံးယောက် အညီအမျှခွဲဝေပြီး ကုန်သည်လုပ်ငန်းလုပ်ကြတာ အောင်မြင်လို့ အခုလိုအခြေအနေ ရောက်လာတာပါပဲ။ ကိုကြီးကိုလေးတို့က ကျွန်တော် ဘာကြောင့် သေနတ် ပြီးလည်း ပိုင်မနေရတော့ ကျွန်တော်လဲ သိုင်းပညာသင်ဟုန်းက ကိုးထားတဲ့ဆေး တွေကြောင့်သို့ ပြောရသေးတယ်။ ဒါတွေအားလုံးဟာ အဘအောင်မင်းခေါင်ရဲ့ ကျေးဇူးတွေပါပဲ။ ရွာမှာ မိဘတွေကို ဦးထိပ်ထားပြီး ဘုရားတည်၊ ကျောင်းဆောက်လှူတယ်။ အဘမာတ်နှန်းကိုလည်း အကောင်းဆုံးဖြစ်တဲ့ ရုပ်တုထုပြီး ထည့်တည်ဝါဝါနဲ့ ဓာတ်နန်းတည်ပေးပါတယ်။ တစ်နေ့ ဆရာ့ကိုလည်း ရွာကို အလည်ခေါ်သွားရဦးမယ်"ဟု၍ သူ၏ဘဝဖြစ်စဉ်ကို ရှည်ရှည်ဝေးဝေး ရှင်းပြခဲ့လေသည်။

"ဪ...ဒါနဲ့ မင်းရဲ့ မြွေတုံကွင်းကော ရှိသေးသလား"

"မရှိတော့ပါဘူးဆရာ။ ကျွန်တော့်အမှားကြောင့်ပါ။ တစ်နေ့ လုပ်ငန်းကိစ္စအဆက်အသွယ်ရဖို့ လူကြီးတွေနဲ့ ပါတီပွဲတစ်ခုကို, သွားရတယ်။ အဲဒီမှာ အတင်းတိုက်ကြလို့ အရက်နည်းနည်းသောက်မိခဲ့တယ်။ အိမ်ပြန်ရောက်လို့ မြွေထုံကွင်းထည့်ထားတဲ့ ဘူးဝိုင်းလေးကို ထုတ်ပြီးဖွင့်ကြည့်လိုက်တော့ အထဲက အဖြူရောင်မီးခိုးတွေပဲ ထွက်လာပြီး မြွေထုံကွင်းကို မတွေ့ရတော့ဘူး။ ကျွန်တော့်ကတိပျက်လို့ ပျောက်သွားတာပေါ့ဆရာ။ ကျွန်တော်လည်း တော်တော်နောင်တရမိပါတယ်"ဟု ညှိုးငယ်သော မျက်နှာဖြင့် စာရေးသူအား ပြောပြခဲ့လေသည်။

မြွေတို့သည် နဂါးနွယ်ဝင်များဖြစ်ကြပြီး တန်ခိုးသိဒ္ဓိရှိကြသည်။ အထူးသဖြင့် တန်ခေါင်းမှန်းလတွင် နန်းထိုင်လေ့ရှိသည်ဟု ဆိုသည်။ နန်းထိုင်သည်မှာ ခွေလျက်အနေအထားဖြင့် အခွေပုံ ပေါ်တွင် ခေါင်းပေါ်လာပြီး ဘယ်မှ မသွား၊ ဘာမှမစားဘဲနေသည်ကို ခေါ်ဆိုခြင်းဖြစ်သည်။ အချို့က ဝါရှားထိုင်သည်ဟု ဆိုကြသည်။ မြွေတို့ ထုံကျူးသောအခါ တစ်ကောင်၏အမြီးကို တစ်ကောင်က မျိုခြင်းဖြစ်ပြီး လူနှင့်မတွေ့လျှင်သော်လည်းကောင်း၊ အခြားအနှောင့်အယှက်မရှိလျှင်သော်လည်းကောင်း ထုံကူးခြင်းအောင်မြင်သည်ဟု ဆိုသည်။ ထိုအခါ ထုံကူးနေသောတောထဲတွင် တော်လည်းသံကဲ့သို့သော မြည်သံမျိုးကြားရပြီး မြွေတုံကွင်းသည် ဝင်းဝင်းလက်လက် အရောင်များထွက်ကာ နီရဲတောက်ပလာပြီး နောက်ဆုံးတွင် မီးခိုးတန်းကြီးအဖြစ် ပျောက်ကွယ်သွားတတ်သည်ဟု ဆိုကြသည်။

မြွေကွင်း(ခေါ်) မြွေထုံကွင်းသည် သိဒ္ဓိဝင်ပစ္စည်းတစ်ခုဖြစ်ပြီး ဆောင်ထားသူအား ရန်ကိုလွှဲဖယ်စေနိုင်ခြင်း၊ ယှဉ်ပြိုင်တိုက်ခိုက်သူ၏ သေနတ်၊ ဓား လှံ လက်နက်များတို့ မထိခိုက်နိုင်ခြင်း၊ ယှဉ်ပြိုင်စကား ပြောဆိုခြင်း၊ လုပ်ငန်းအပြိုင်အဆိုင် လုပ်ခြင်းများတွင် အောင်မြင်မှုတို့ကိုရရှိစေနိုင်ကြောင်း သိရှိရလေသည်။

(မှတ်ချက်။ ။ ရွာအမည်၊ လူအမည်များကိုလွှဲပြောင်းထားပါသည်။)

ဟိန်းဆက်ဈာန်



www.burmeseclassic.com

www.burmeseclassic.com

# ၁၁၀ နှစ်မြောက်စင်မြယ်
# လှတောတစ်ခွင်ဟာသများ

## ဦးကောင်းထူး

### ပမာပုံခိုင်း နိုင်းရှုရှင်

နယ်ချဲ့အစိုးရလက်ထက်က အဖြစ်အပျက်တစ်ခု ရှိခဲ့သည်ဟု ဆိုပါသည်။ နယ်ပိုင်ဝန်ထောက်တစ်ဦးသည် လှတောရွာသို့ ရောက်လာသည်။ ဇနီးဖြစ်သူလည်း ပါလာသည်။

ရွာသူရွာသားတို့သည် ဝန်ထောက်ကတော်ပါလာသည် ဆိုသောကြောင့် ကြည့်လိုမြင်လိုကြသည်။ သိပ်ချော၊ သိပ်လှလိမ့်မည်ဟုလည်း မှန်းဆထားကြသည်။ ထို့ကြောင့် သူကြီးအိမ်သို့ မယောင်မလည်သွားကြကာ ခိုးကြောင်ခိုးခုက် ကြည့်ကြသည်။ ဝန်ထောက်ကတော်ကို မြင်ရပြီးတော့ လှတောသားတစ်ဦး ကောက်ချက်ချလိုက်သည်ကမူ

"ဝန်ထောက်ကတော် ‥ ဝန်ထောက်ကတော်ဆိုတော့ လှလိုက်လေ၊ ချောလိုက်လေလို့ ပြောရမလားအောက်မေ့ထားပါတယ်။ ဟလိုလေး ‥‥ လေးလကွယ်။ ခုတော့ဖြင့် ဘီလူးမ သံပရာခြမ်းကိုက်ထားသလို မျက်နှာကို ရှုံ့တွန့်နေတာပဲ"

ဟူ၍ ဖြစ်ပါသတည်း။

□□□

### ဘာများကြာလို့လဲ

ပတ်ဝန်းကျင် ဒေသန္တရဗဟုသုတ လေ့လာသူတစ်ဦးက လှတောရွာ လယ်သမားအား လယ်အကြောင်း၊ မိုးရေအကြောင်း၊ စပါးအကြောင်းများကို မေးမြန်းနေသည်။ လယ်သမားသည် မိုးနည်းသဖြင့် စိတ်မကောင်း ဖြစ်ကာ ညည်းညူပြနေသည်။ ထိုအခါ လေ့လာသူက အားပေးသည့်သဘောဖြင့်လည်းကောင်း၊ သိလိုသည့် သဘောဖြင့်လည်းကောင်း–

"မိုးမလာလည်း မှုးရေကတော့ လာတယ်မဟုတ်လား"

ဟု ပြောလေရာ ၊

"မှုးရေလာချိန်က မီးခဲပေါ် ယင်နားသလောက်တောင် မကြာပါဘူးဗျာ"

ဟု ပြန်ပြောလိုက်လေသည်"

(လှတောနယ်တစ်ဝိုက်တွင် ရေပေးမြောင်းကို 'မှုး' ဟု ခေါ်ပါသည်။)

□□□

### ငတ်တုတ်လေးတောင် မြင်ရတယ်

ပတ်ဝန်းကျင် ဒေသန္တရဗဟုသုတ လေ့လာသူသည် အကြောင်းအရာကိုလည်းသိချင်၊ လှတောသားပြောသော စကားကိုလည်း ကြားချင်သဖြင့် စပ်မိစပ်ရာ ဆက်၍ ပြောနေဖြစ်သည်။ စောစောက မိုးဦးတစ်ကြိမ်ကျသွားပြီဖြစ်သည်။ ထိုမိုးရေဖြင့် ထွန်ယက်ပြီးလောက်ပြီ၊ ပျိုးကြဲပြီးလောက်ပြီဟုလည်းထင်သည်။ ထင်သည့်အတိုင်းပင် –

"ယခင် တစ်မိုးကျပြီးပြီဆိုတော့ ထွန်ယက်ပြီးလောက်ပြီပေါ့။ စိုက်တန်သလောက်လည်း စိုက်ပြီးရောပေါ့နော်"

ဟု ခန့်မှန်းပြောပြမိလေသည်။

ဤတွင် လှတောလယ်သမားသည် စိတ်မရှည်နိုင်တော့ဟန်နှင့် ဤသို့ ပြောလိုက်သည်။

"ဟလိုလေး ‥ ဆရာသမားရယ် ‥ မိုးဦးရွာတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက ပျားချေးခါသလောက် ရှိတာပါ။ ထွန်ယက်ဖို့ နေနေသာသာ လယ်တွေမှာဖြင့် ပင်ကြားကိုအက်လို့။ ပင်ကြားအက်ထဲ ငုံ့ကြည့်လိုက်မယ်ဆိုရင် အဝီစိကျနေတဲ့ ဒေဝဒတ်ကို ငုတ်တုတ်လေး မြင်နေရတော့တာပါပဲဗျာ''

□□□

## မောင်းထောင်းစားမယ်ဆိုရင်

တစ်ခါက ရဲသားတစ်ဦးသည် ဝက်လက်ကားလမ်းအတိုင်း မော်တော်ဆိုင်ကယ်စီးပြီး လှတောဘက်သို့ လာလေသည်။ ပင်ဖင်းရွာနှင့် လှတောရွာအကြား လေသာကွေ့အရောက်၌ မော်တော်ဆိုင်ကယ် ပျက်လေတော့သည်။

လှတောရွာက နွားကျောင်းသားလေးများသည် ရဲသားကြီး ဆိုင်ကယ်ပြင်ရာအနားသို့ လာရောက်ကြည့်ရှုနေကြသည်။ ရဲသားကြီးသည် ဆိုင်ကယ်ကို နှိုက်လိုက်၊ ချွတ်လိုက်၊ ပြင်လိုက်၊ တပ်လိုက်၊ ပြီးလျှင် ခြေနင်းကို နင်းပြီး နှိုးလိုက် လုပ်နေသည်။ နှိုးမရပြန်လျှင် နှိုက်လိုက် ချွတ်လိုက်၊ ပြင်လိုက်တပ်လိုက်၊ နင်းလိုက်၊ နှိုးလိုက် လုပ်ပြန်သည်။ သို့သော် စက်ကားမနိုး။ အကြိမ်ကြိမ် ဆောင့်ဆောင့်နင်းနေရသဖြင့် ရဲသားကြီးမှာ ချွေးများဒီးဒီးကျနေတော့သည်။ ထိုအခြေအနေကို မြင်နေရသော နွားကျောင်းသားတစ်ဦး ပြောလိုက်သည်ကား –

''ဟလို ..လေးလေး ... ဦးလေးကြီးရယ်၊ မောင်းများ ထောင်းစားမယ်ဆိုရင် ဦးလေးကြီး တိုက်တောင်တည်နိုင်လောက်ပါပြီဗျာ''

ဟူ၍ ဖြစ်သတည်း။။

□□□

## မိုင်းတွေတောင် စွဲသွားတယ်

ဝက်လက်မြို့ကို မီးလောင်စဉ်က ဖြစ်သည်။ မီးကလည်း အတော်ကြီးသည်။ မီးလောင်ပြီးနောက်နေ့၌ လှတောကားဆိပ်သို့ ခရီးသည်များ ခေတ္တရပ်နားခိုက် ထိုမီးအကြောင်းကို စကားစမိကြသည်။ ခရီးသည်တို့က–

''ဝက်လက်မီးက တော်တော်ကြီးလို့လားဗျ''

ဟုမေးလေရာ လှတောသားက ဤသို့ ဖြေလိုက်သည်ဟု ဆိုပါသည်။

''ဟလိုလေးလေး ...မီးကတော့ သိပ်ကြီးတာပေါ့ဗျာ။ မီးလောင်တဲ့ပေါက်ကွဲသံတွေကြောင့် ကျုပ်တို့ လှတောရွာကလူတွေ လန့်ပြီးနိုးကုန်ပါရောလား။ မိန်းမအချို့ဆိုရင် ပြန်မအိပ်ကြတော့ဘဲ လောင်တဲ့မီးရောင်နဲ့ အချင်းချင်း ခေါင်းကသန်း ရှာနေကြတယ်လေ''

လှတောနှင့် ဝက်လက်သည် ခုနစ်မိုင်ဝေးပါသည်။ စစ်ကိုင်းမြို့ကို လောင်သောမီးနှင့် ပတ်သက်၍လည်း လှတောသားတစ်ဦးက ပြောလိုက်သည်မှာ –

''စစ်ကိုင်းလောင်တဲ့ မီးတောက်ကြီးတွေ မြင်လိုက်ပုံကတော့ လက်ကို ကျော်ခိုးမှိုင်းစွဲသွားတော့တာပဲ''

ဟူ၍ ဖြစ်လေ၏။

□□□

## ခပ်ပြီးတော့တောင် ယောင်းရတယ်

လှတောရွာသားနှင့် ပင်ဖင်းရွာသားတို့သည် ဝက်လက်သွား ကားလမ်းပေါ်တွင် စကားစမြည်ပြောရင်း စပါးနှံအကြောင်းကို စကားစရောက်သွားသည်။ ပင်ဖင်းရွာသားက ဂုဏ်ယူသည့်သဘောနှင့် –

''ကျုပ်တို့ရွာက ဦးဘိုးလန်းရဲ့ စပါးပုံကြီး ကြီးလိုက်ကတော့ ခေါင်းပေါင်းကျွတ်ကျအောင် မော့ကြည့်ရတယ်''

ဟု ပြောလေသည်။ ထိုအခါ လှတောရွာသားက–



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ခင်ဗျားတို့ရွာက စပါးပုံဟာ ကြီးတယ်မဆိုနိုင်သေးဘူး။ ကျုပ်တို့ရွာ အဝယ်ဒိုင်က စပါးပုံနဲ့စာရင် ငယ်ငယ်လေးပဲရှိပါသေးတယ်။ ကျုပ်တို့ရွာအဝယ်ဒိုင် စပါးပုံကြီးကတော့ ကြီးမကြီးမပြောနဲ့၊ ညညဆိုရင် ဖိုးလမင်းထဲက အဘိုးကြီးက ဒီစပါးပုံထဲက ခပ်ခပ်ပြီး ထောင်းနေတော့တာပဲ"

ဟူ၍ ပြောလိုက်လေသတည်း။

□□□

## လဲတောင်မှ သေလောက်ပြီ

လူတောသားတို့အား တောသားဆိုပြီး အထင်သေးပါက မှားသွားလိမ့်မည်။

တောသားဖြစ်၍ တောစကားတွေ ကျွမ်းသကဲ့သို့ ခေတ်အထာနှင့် ခေတ်စကားတွေကိုလည်း ရေလဲနှင့် သုံးတတ်သူများ ဖြစ်ကြ၏။

တစ်နေ့သ၌ လူတောသားတစ်စုသည် လူများကြိတ်ကြိတ်တိုးနေသည့် မုန့်တီဆိုင်သို့ ရောက်သွားကြလေ၏။ လူများသည် ထိုင်စားရုံမက ရပ်တောင်စားနေသည့်ကြားက အလှည့်မကျသေးသဖြင့် တန်းစီစောင့်နေရသူများမှာလည်း တစ်ပုံတစ်ပင်။

မုန့်တီသည်ခမျာလည်း လက်ကူတစ်ယောက်ပဲရှိသည့်အတွက် မနိုင်မနင်းဖြစ်နေသည်။ ဤတွင် လူတောသားတစ်ယောက်က အတွေးခေါ်ပြီး စကားစလာ၏။

"မုန့်တီသည်မှာ လက်လေးဖက်ပါရင် အတော်အဆင်ပြေသွားမှာပဲ"

ဟု ဆိုလေ၏။ ဤတွင် နောက် တစ်ယောက်က–

"ရှိဘော့စက်ရုပ်တစ်ရုပ် အနားထားပြီး မုန့်ပြင်ခိုင်းရင် မကောင်းဘူးလား"

"မင်းစက်ရုပ်က နံနံပင်ထည့် မလား။ ငရုတ်သီးကော ဆိုတာတွေ မေးတတ်မှာ မဟုတ်ဘူးကွ။ ပဲကစ်ကြော်သမားကို ဘူးသီးကြော်၊ ဘူးသီးကြော်သမား အလွတ်ကြီးပေးနဲ့ ကွိုင်ပတ်ကုန်မှာ"

တတိယလူက –

"အေး ...ငါ ရပ်ကြည့်နေတဲ့အတွင်းမှာ မုန့်တီသည်လက်က ခရီးသွားတာ ဆိုင်ဂုံနဲ့ ဝါရှင်တန် အသွားအပြန် ဆယ်ခေါက်လောက်ရှိတယ်။ နှိုက်ဟယ်၊ ထည့်ဟယ်၊ ကော်ဟယ်၊ ခပ်ဟယ်နဲ့ လူမို့သာပေါ့ကွာ။ မင်းရှိဘော့စက်ရုပ်ဆိုရင် ရှော့ခ်ဖြစ်ပြီး အမလေးတ လဲသေပြီ"

သူတို့စကားကြောင့် မုန့်စားသူတွေ ရယ်ရလွန်းသဖြင့် သီးကုန်ကြရပါလေသတည်း။

□□□

## မနည်းကို ကြိုးစားရဦးမယ်

လူတောသား လူကြီးသူမများသည် ရွာရှိလူငယ်များကို ကြီးပွားတိုးတက်စေချင်၏။ လူချွန်လူကောင်းများဖြစ်စေချင်၏။ သို့ရာတွင် မှန်းချက်နဲ့ နှမ်းထွက်က မကိုက်။

သည့်အတွက် ယခုကဲ့သို့ ညည်း ချလိုက်တော့သည်။

"ပညာအရာနဲ့သာ ယှဉ်ရမယ်ဆိုရင် ကျည်းကန်းသား ဘုရားဖြစ်တောင် လူတောသားက ဒေဝဒတ်အဆင့်မီအောင် မနည်းကြိုးစားရဦးမယ့် ကိန်းဟော့"

ဆိုပါကလား။

□□□

## စိုးရိမ်နေရတယ်

တစ်ခါတုန်းက ရန်ကုန်–သန်လျင် သီတာနှစ်စင်းတွဲ ကူးတို့သင်္ဘောအား စီးနင်းလာသည့် လူတောသား သူငယ်ချင်းနှစ်ဦးထဲမှ တစ်ယောက်က ကောင်းကင်အမြင့်၌

www.burmeseclassic.com

www.burmeseclassic.com

ဝဲပျံနေသည့် အကောင်များကို လက်ညှိုးထိုးပြရင်း –

"စင်ရော်တော့ မဟုတ်ဘူးထင်ပါကွ"

"နင့်အမေကလွှား •• စင်ရော်က ဒီလောက် အမြင့်ကြီးတက်ပြီး ဝဲပျံမနေဘူးကွ။ နောက်ပြီး စင်ရော်ကဖြူဖြူ။ သူတို့ကအမည်း မှတ်ထား။ အဲဒါ လင်းတဟ •• လင်းတ"

"ဟာ •• ဘယ်က လင်းတရမှာလဲ။ အဲဒါ စွန်ကွ။ လင်းတတွေက နိုင်ငံခြားထွက်ကုန်ကြပြီ။ သွားလွန်းလို့ တော်ကြာ တို့တိုင်းပြည်မှာ လင်းတပျောက်မှာတောင် စိုးရိမ်နေရတယ်ဟေ့"

□□□

**ဖယောင်းမိုး**


ရန်ကုန်ပြန် လူတောသားဦးကြီးတစ်ယောက် သိမ်ကြီးဈေး (စီ)ရုံအောက်တွင် အညာအထိခံခဲ့ရ၏။ ထို အမြစ်အား –

"ခေါက်ထီးတစ်လက် တစ်ထောင်ကျော်ဆိုတာ ငါသိတာပေါ့။ စက်လှေကားရှေ့နေတဲ့ ဈေးပေါက်ဝ ပလက်ဖောင်းပေါ်မှာ ခေါက်ထီးရောင်းနေတာ တွေ့တယ်။ ခေါက်ထီးတစ်လက် တစ်ရာတည်းရယ်တဲ့။ ငါမယုံဘူး။ ဒါကြောင့် လှည့်တောင် မကြည့်ဘူး။

အဲ •••ဒါပေမယ့် ရှေ့နားရောက်တော့ တမင်လျှော့ရောင်းတာဗျ၊ မဆစ်ပါနဲ့၊ သုံးစရာမရှိလို့ ရောင်းတာပါတဲ့။ ခပ်နွမ်းနွမ်းလူတစ်ယောက်နဲ့ ထီးရောင်းသူ အချေအတင် ပြောနေကြသကိုး။

ဒါနဲ့ မေးကြည့်တော့ နှစ်ရာတဲ့။ ပိုက်ဆံလိုလို့ ရောင်းတာဖြစ်လောက်ရဲ့ဆိုပြီး ဖွင့်ကြည့်တယ်။ အကောင်းပဲ။ အဲဒါနဲ့ ငါလည်း မဆစ်တော့ဘဲ ဝယ်လာတာ။

ဟလိုလေး •• တို့ခေတ်က စော်ရကားမျက်လှည့် မဟုတ်ဘူးဟေ့။ ဆော်တာကား မျက်လှည့်နဲ့ တွေ့ခဲ့တာကလား။ ထီးပိတ်အဟောင်းကြီးကို ဖယောင်းတိုက်ထားတဲ့ထီး၊ နေပူထဲဖွင့်ဆောင်းလိုက်ပါ့၊ စီးကျလာတဲ့ ဖယောင်းရည်တွေများ မိုးရွာသလားမှတ်ရ။ တာဝတိံသာတောင် လျှံထွက်သွားမတတ်"



□□□

**တရော်၊ ပက်ကျိ၊ ရုံးပတီ**

လူတောသူတစ်စု ဝက်လက်ကအပြန် ကားပေါ်၌ အတင်းပြောလာကြ၏။

အထည်ဆိုင်ရှင် မိန်းမအကြောင်းကို ပြောကြသည်။

"ကြည့်စမ်းပါဦး၊ သုံးရာနဲ့ ရောင်းရမယ့်ဟာ ငါးရာနဲ့ပြောပြီး လျှော့တော့ တစ်ဆယ်တဲ့။ တစ်ဆယ်လျှော့တာတောင် အကယ်ဒမီအိုက်တင်နဲ့။ ရုပ်ရှင်မင်းသမီး လုပ်စားဖို့ကောင်းတယ်"

ဤတွင် နောက်အဖော်များက –

"ဈေးစကားပြောသာ ပက်စက်တာ။ အပြောက်တော့ ချွဲပျစ်နေတာပဲ"

"အေးလေ၊ တရော်ရည်တွေ ရွှဲလာတဲ့ ပက်ကျိရုံးပတီပန်းကန်ထဲ မှောက်လျက်လဲထားတဲ့အတိုင်းပဲတော့"

ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com



# လှူနည်းကား

မောင်ပုတ်စည်

အလှူဒါနနဲ့ပတ်သက်ပြီး ပြောတဲ့စကား ရှိပါတယ်။ ဘာတဲ့ ... မရှိလို့မလှူ၊ မလှူလို့မရှိတဲ့။ ဒါဆိုရင် ရှိလို့လှူ၊ လှူတော့ရှိတယ်ပေါ့။ ချမ်းသာပြည့်စုံတဲ့ လူတွေက လှူနိုင်လို့ ရှိကြတယ်၊ ဆင်းရဲတဲ့ လူတွေကတော့ မလှူနိုင်လို့ မရှိကြဘူး။

ဒီလိုဆိုရင် ဆင်းရဲတဲ့လူတွေ မလှူနိုင်လို့ ဘယ်တော့မှ ရှိကြတော့မှာ မဟုတ်ဘူး။ တချို့က ချမ်းသာတဲ့လူတွေ လှူတာကြည့်ပြီး "ဩော် ... သူများတွေကျတော့လည်း လှူလိုက်ကြတာ ထမင်းရည်ချောင်းစီး။ ဒါကြောင့်လည်း သူတို့ရှိကြတာပေါ့။ တို့များကျတော့လည်း ဘယ်ရှိပါ့မလဲ၊ လှူမှ မလှူနိုင်တာ။ လှူဖို့မှ မရှိတာလို့ အပေါ်ယံအတွေးချော်တတ်ကြတယ်။ ဒီတော့ ဒီလိုဆိုရင် အဓိပ္ပာယ်အတိအကျကို သေသေချာချာ၊ လေးလေးနက်နက် စဉ်းစားကြည့်ရအောင်။

ရှိတာနဲ့ လှူတာနဲ့ ဘာမှမဆိုင်ပါဘူး။ ပိုက်ဆံရှိပြီးကပ်စေးနဲ ကော်တစ်ရာကျ အလှူဒါနနည်းတဲ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com

အများကြီး။ မရှိပေမယ့် လှူနေတဲ့ လူတွေလည်း ဒုနဲ့ဒေး။ မရှိလို့သာ မလှူရဘူးဆိုရင် အထက်မှာပြောခဲ့တဲ့အတိုင်း ဆင်းရဲနွမ်းပါးတဲ့လူတွေ ဘယ်တော့မှရှိတော့မှာ မဟုတ်ဘူး။

ဒီလိုမဟုတ်ပါဘူး။ လှူတယ်ဆိုတာ ရှိတာ၊ မရှိတာနဲ့ လုံးဝမဆိုင်ပါဘူး။ လှူချင်တဲ့စိတ်၊ စေတနာ၊ သဒ္ဒါနဲ့ပဲ ဆိုင်ပါတယ်။ တစ်ခုတော့ရှိတာပေါ့။ ချမ်းသာပြည့်စုံတဲ့ လူတွေ သိန်းသန်းကုဋေကုဋာ လှူတယ်။ ကိုယ်က မရှိတဲ့လူ၊ သူတို့လို မလှူနိုင်ပေမယ့် လှူချင်စိတ်ရှိရင်၊ စေတနာရှိရင်၊ သဒ္ဒါတရားရှိရင် လှူလို့ရတာပဲ။ သူတို့လောက် မလှူနိုင်ပေမယ့် နိုင်သလောက်တော့ လှူလို့ရပါတယ်။ အဓိကက လှူချင်စိတ်နဲ့ စေတနာ၊ သဒ္ဒါကိုး။

ဘုန်းကြီးရဟန်းကို တစ်ဇွန်း၊ တစ်ယောက်မ ဆွမ်းလောင်းမယ်၊ ကိုယ်ရှာဖွေရရှိတဲ့ ချွေးနဲ့စာလေးထဲက သိမ်၊ ကျောင်း၊ လမ်း ပြုပြင်ဆောက်လုပ်ဖို့ အလှူခံကို တတ်နိုင်သလောက် ထည့်လှူမယ်။ သီလရှင်ဆရာလေးတွေ လှူမယ်၊ မရှိနွမ်းပါး တောင်းရမ်းစားသောက်သူတွေကို နိုင်သလောက် ဝေမျှမယ်။ ဒီလိုဆိုရင် လှူဖြစ်ပြီ။ လှူရင်ရှိပြီပေါ့။ ဘုရားကလည်း တူသောအကျိုးပေးတယ်လို့ ဟောကြားထားတာပဲ။

ဒါ့ကြောင့် မရှိပေမယ့် လှူနိုင်အောင်၊ လှူဖြစ်အောင်၊ လှူလို့ရအောင် စနစ်တကျနဲ့ လှူပုံလှူနည်းလေးကို တင်ပြချင်ပါတယ်။

ထွေထွေထူးထူးလည်း မဟုတ်ပါဘူး။ အင်မတန်လွယ်ကူပြီး အရမ်းအကျိုးထူးလို့ပါ။ မရှိတဲ့လူအဖို့ တစ်ကြိမ်တည်းနဲ့ တစ်သောင်း၊ ငါးသောင်း၊ တစ်သိန်း လှူဖြစ်ဖို့၊ ထမြောက်ဖို့ မလွယ်ပါဘူး။ တစ်ထောင်၊ နှစ်ထောင်တောင် အခက်အခဲရှိနိုင်ပါတယ်။

ဒီတော့ စိတ်ကိုပိုင်းဖြတ်။ မိမိရှာဖွေရရှိတိုင်း ဆယ်ဖို့တစ်ဖို့ကို လှူမယ်လို့ ဆုံးဖြတ်ပါ။ တစ်ရာရရင် တစ်ဆယ်၊ တစ်ထောင်ရရင် တစ်ရာ၊ တစ်သောင်းဆို တစ်ထောင်စသည်ပေါ့။

ဝင်ငွေရတိုင်း လှူ၊ လှူပြီးရင် စာအုပ်တစ်အုပ်ကို သတ်သတ်ထားပြီး နေ့စွဲနဲ့တကွ ရေးမှတ်ထားပါ။ လေးငါးခြောက်လလောက် ကြာလာတဲ့အခါ ပေါင်းကြည့်ပါ။ မရှိလို့မလှူတဲ့လူတွေ၊ မလှူဖြစ်တဲ့လူတွေ ဘယ်လောက်အထိ မဲထင်မှတ်လောက်အောင် အများကြီးလှူဖြစ်သွားတယ်၊ လှူမိတယ်ဆိုတာ ကြည်နူးစရာ ဝမ်းသာအား တွေ့ရှိရပြီး ပျော်ရွှင်စိတ်ချမ်းသာရပါလိမ့်မယ်။ ဒီနည်းဟာ မရှိလို့မလှူဆိုတဲ့ လူတွေအတွက် ဘယ်လောက်အထမြောက် လှူဖြစ်တယ်ဆိုတာ သိနိုင်ပါလိမ့်မယ်။

ဒါဟာ မရှိတာ၊ ရှိတာနဲ့ မဆိုင်ဘဲ လှူချင်စိတ်၊ စေတနာသဒ္ဒါနဲ့သာ ဆိုင်တယ်ဆိုတာ ရှင်းပါလိမ့်မယ်။ အဲဒါ လှူနည်းကားပဲ။ မှတ်ချက်။

ဒီနေရာမှာ ကိုယ့်စိတ်က ပြတ်ဖို့တော့ လိုပါတယ်။ ဆယ်ဖို့တစ်ဖို့ ပေးလှူရမယ်ဆိုတော့ တစ်ရာရရင် တစ်ဆယ်၊ တစ်ထောင်ရရင် တစ်ရာတော့ လွယ်လွယ်ကူကူ လှူဖြစ်မယ်။ ကဲ ... သိန်းတစ်ထောင့်ငါးရာထိပေါက်ရင် သိန်းတစ်ရာ့ငါးဆယ် လှူရမယ်ဆိုရင်တော့ ဘယ်လိုလဲ။

ဒါကြောင့် နဂိုကတည်းက ငွေတစ်ထောင်ရရင် ကိုးရာဟာ ငါ့ရဲ့ပိုက်ဆံ၊ တစ်ရာကတော့ ငါ့ပိုက်ဆံမဟုတ်ဘူး။ မပြေလည်တဲ့လူ၊ အမှန်တကယ် လိုအပ်နေတဲ့သူတွေ ဝေမျှကူညီ လှူဒါန်းရမယ့်သူတို့ ပိုက်ဆံဖြစ်တယ်ဆိုတာ စိတ်ထဲက တကယ့်ကို ပိုင်းဖြတ်ထားနိုင်ရမယ်။ ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချပြီး တိတိကျကျ လိုက်နာလုပ်ဆောင်နိုင်ဖို့တော့ အဓိကအရေးကြီးပါတယ်။ ဆင်းရဲနွမ်းပါးသူဆိုလို့ ဖဲရိုက်၊ အရက်သောက်၊ ချဲထိုးနေတဲ့ လူပေတွေထက် အမှန်တကယ်မရှိ၊ ရိုးရိုးသားသား ဆင်းရဲလို့ လိုအပ်နေတဲ့လူတွေကို ကူညီမိဖို့တော့ လိုပါတယ်။

ဒီနည်းအတိုင်းသာ စိတ်က ပြတ်ပြတ်သားသား တိတိကျကျ လုပ်ဆောင်နိုင်ပြီဆိုရင်တော့ မရှိလို့မလှူဆိုတဲ့ လူတွေ ချမ်းသာပြည့်စုံတဲ့လူတွေ လှူသလိုပဲ မိမိလည်း ဘယ်လောက်အထိ လှူမိတယ်၊ လှူဖြစ်သွားတယ်ဆိုတာ မယုံနိုင်လောက်အောင် တအံ့တသြ တွေ့ရှိပြီး အံ့အားသင့်သွားလိမ့်မယ်။ မိမိအတွက် အကျိုးကျေးဇူးခံစားရမှာလည်း ပြောဖွယ်ရာမရှိတော့ဘူး။ မိမိက လှူပြီလေ။ လှူတော့ ရှိပြီပေါ့။

မောင်ပုတ်စည်

မှီငြမ်း

ရန်ကုန်၊ သိမ်ဖြူပိဋကတ်တိုက်ကျောင်း ဦးဇင်း[illegible] ရှင်းပြချက်။



www.burmeseclassic.com

www.burmeseclassic.com



■ မဟာထွန်း

# အနိစ္စဒေသနာတော်

(၂၄)

သည်လအတွက် အသက်ရှစ်ဆယ်အဘိုးနှင့် အသက်ကိုးဆယ်အဘိုးအိုတို့အကြောင်းကို ဒသကနှင့်ယှဉ်ပြီး တင်ပြမည်ဖြစ်သည်။

အနိစ္စဒေသနာတော်၏ စစ္စာပထမ ဝီထိစဉ်ကို ရေးသားပြသလာခဲ့ပြီး ဝီထိစဉ်တွင် တစ်စက္ကန့်အတွင်း၌ ရုပ်ပျက်ဆင်းပျက် ခန္ဓာပျက်ပေါင်း လက်ဖျစ်တစ်တွက်၊ လျှပ်တစ်ပြက်၊ ချက်တောင်တစ်ခတ်၊ အသက်တစ်ရှူတစ် ရှိုက်၊ နို့တစ်ညှစ်သည့် ခဏတိုင်းမှာပင် အကြိမ်ရေ ကုဋေပေါင်းသိန်းကျော်အထိ ဖြစ်ပျက်ခြင်းရှိနေသည်ကို ရှင်းလင်းစေခဲ့သည်။

ထို့နောက်တစ်ဖန် ယခုတင်ပြဆဲဖြစ်သော ဆယ်နှစ်တစ်ကန့် ဒသကဆယ်ချက်ကို ဆက်လက်၍ တင်ပြရေးသားလာခဲ့ပြန်သည်။ ဤဒသကဆယ်ချက်ပြီးလျှင် ဤဝိပဿနာတရား ရေးသားခြင်းကို အခိုက်အတန့်မျှ ရပ်တန့်မည်ဟု စိတ်ကူးထားသည်။

ရှေ့စာစုများတွင် ဆိုခဲ့ဖူးသည့်အတိုင်း ဤအနိစ္စစသော ဓမ္မဒေသနာအစုကို လူကြိုက်နည်းသော်လည်း ဤ



www.burmeseclassic.com

www.burmeseclassic.com

ရောင်ပြန်မဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ် မြောက်မြားစွာတို့အထဲတွင် အကျိုးအများဆုံးသော စာစုဖြစ်နေသည်ကိုမူ ငြင်းနိုင်ဖွယ်မရှိပေ။

အဘယ်ကြောင့်ဆိုသော် ဤဓမ္မစာစုသည် စိတ်ဝင်တစား ဖတ်ရှုလေ့လာကြသော ယောဂီပုဂ္ဂိုလ် သူတော်စင်သူတော်ကောင်းများအဖို့ မျက်မှောက်လောကီမှသည် လောကုတ္တရာတိုင်အောင်၊ သို့တည်းမဟုတ် နိဗ္ဗာန်တိုင်အောင် မုချအကျိုးပေးမည်သာ ဖြစ်ပေသည်။

ထို့ကြောင့် ရလဒ်အရာတွင် ဤမဂ္ဂဇင်း၌ ဤဓမ္မစာစုအပြင် အကျိုးကြီးမည့် မည်သည့်စာစုမျှ မရှိနိုင်ကြောင်းကို ရဲရဲကြီး ဆိုလိုက်ရသည်။ ရောင်ပြန်မဂ္ဂဇင်း၏ အယ်ဒီတာချုပ်ကြီးနှင့်တကွ ရောင်ပြန်ပရိသတ်အားလုံးတို့ကလည်း ထိုသို့သဘောရှိ၍သာ စာဖတ်သူအနည်းဆုံးထဲကဖြစ်သော ဤဓမ္မစာစုကို နိဗ္ဗာန်အကျိုးမျှော်၍ ကြိုးစားထည့်သွင်း ဖော်ပြနေသည်ကို အထူးဆိုဖွယ်ပင်မရှိတော့ပေသည်။

ဗုဒ္ဓဘာသာတို့သည် ကံကို ယုံကြည်ကြသည်။ ကံဟူသည်မှာ ကုသိုလ်ကံ၊ အကုသိုလ်ကံဟူ၍ နှစ်မျိုးရှိသည်။ အကုသိုလ်ကံကို ပြုလုပ်လျှင် အကျိုးပေးသောအခါ အပါယ်လေးပါးသို့ကျရောက်မည်။ အပါယ်လေးပါးဟူသည်မှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူ၍ ဖြစ်သည်။

ကုသိုလ်ကံကို ပြုလုပ်လျှင် အကျိုးပေးသောအခါ သုဂတိဘုံဘဝကို ရောက်မည်။ သုဂတိဘုံဟူသည်မှာ လူ့ဘုံ၊ နတ်ဘုံခြောက်ထပ်နှင့် ဗြဟ္မာနှစ်ဆယ်၊ ထိုမှ နိဗ္ဗာန်တိုင်အောင် ဖြစ်သည်။

လူ့ဘုံ၊ နတ်ဘုံနှင့် ဗြဟ္မာဘုံများတွင် လောကီနှင့်လောကုတ္တရာ ပုဂ္ဂိုလ်နှစ်မျိုးလုံး ကျင်လည်ကြသည်။ အပါယ်လေးပါး သတ္တဝါများနှင့် မနှိုင်းသာအောင် ချမ်းသာကြသော သတ္တဝါ အစုအဖွဲ့များ ဖြစ်ကြသည်။ ကုသိုလ်ကိုရော၊ အကုသိုလ်ကိုပါ နှစ်မျိုးလုံးကို လုပ်ပိုင်ခွင့်နှင့် ခံစားပိုင်ခွင့်ကိုလည်း ရရှိကြသည်။

ထိုမှ နိဗ္ဗာန်ကို ဒါရိုက်သွားနိုင်ခွင့်၊ ရောက်နိုင်ခွင့်ကို ရရှိကြသည်မှာလည်း ဤဘုံပုဂ္ဂိုလ်သတ္တဝါအမျိုးအစား သုံးမျိုးတည်းသာ ဖြစ်ကြသည်။

အပါယ်လေးပါးသော သတ္တဝါတို့သည် အပါယ်သတ္တဝါအဖြစ်မှ နိဗ္ဗာန်သို့ ဒါရိုက်သွားနိုင်ခွင့် မရှိကြပေ။ အပါယ်ဘုံမှ အပါယ်သက်ကုန်၍ လွတ်မြောက်ပြီးနောက် လူ့ဘုံမှသော်လည်းကောင်း၊ နတ်ဘုံမှသော်လည်းကောင်း၊ ဗြဟ္မာဘုံမှသော်လည်းကောင်း အတွင်းကင်းသော ပါရမီကုသိုလ်များကိုဖြည့်၍ ထိုထိုပါရမီကုသိုလ်များ၏ အထူးအမြတ်အထွတ်အကျိုးကြောင့်သာ နိဗ္ဗာန်သို့ ကူးပြောင်းစံမြန်းနိုင်ကြပေသည်။

ထိုသို့သဘောရှိ၍ သုဂတိဘုံသားများ ဖြစ်ကြသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါသုံးမျိုးတို့သည် သန္တိသုခချမ်းသာအစစ်အမှန်ဖြစ်သည့် နိဗ္ဗာန်နှင့် အလွန်နီးစပ်လျက်ရှိနေကြောင်း ထင်ရှားလေသည်။

နိဗ္ဗာန်ကိုသွားရန် အကြောင်းခံသည့် ကုသိုလ်သည်လည်း အကျဉ်းအားဖြင့် ဒါန၊ သီလ၊ ဘာဝနာဟု သုံးမျိုးတည်းသာရှိသည်။ အကျယ်အားဖြင့်တွင်မူ ဒါနအမျိုးမျိုး သီလအမျိုးမျိုး ဘာဝနာအမျိုးမျိုးဟု အမျိုးမျိုးအများများ ကွဲပြားလျက်ရှိပေသည်။ ဖွင့်ဆို၍ပင် ပြီးနိုင်ဖွယ်မရှိပေ။

ထိုထိုကုသိုလ် အမျိုးမျိုးအများများတို့အထဲတွင် မဂ်နှင့်၊ ဖိုလ်နှင့်၊ နိဗ္ဗာန်နှင့် စပ်လျက်ရှိသည်မှာ ဝိပဿနာမျိုးတည်းသာဖြစ်သည်။ ဝိပဿနာမှာလည်း ထိုနည်းလည်းကောင်း ရှုနည်း၊ မှတ်နည်း အမျိုးမျိုးအများများရှိပေသေးသည်။

ပရမတ်၊ ဓာတ်၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်၊ သစ္စာစသည်ဖြင့် သတိပဋ္ဌာန်တရားတော်များ အမျိုးမျိုးအများများရှိလေသည်။ ဤသတိပဋ္ဌာန်တရားတော်သည် သတ္တဝါအားလုံးတို့နှင့် ထိုက်တန်ပေသည်။

စာသားကို အနည်းငယ်မျှ နိမ့်၍လျှော့၍ ဆိုရပါမူ ဒါနပြုလုပ်လိုပါက ဒါနပြုလုပ်နိုင်လောက်သည်အထိ ဥစ္စာအဖို့အစုများကို ရှာဖွေစုဆောင်းရပေမည်။ သီလကိုဆောက်တည်လိုပါကလည်း ထိုနည်းလည်းကောင်း။ အကျင့် သီလ၏ စရဏာပိုင်းကို မကျိုးမပေါက်အောင် စောင့်ထိန်းကြရပေမည်။ ထိုထို ဒါနသီလများကိုလည်း ပရမတ်/ပါရမီ မြောက်သည်ထိ စွမ်းနိုင်ကြရပေမည်။

ဘာဝနာ အပြာပြာတို့တွင် တစ်ခုခု တစ်ပါးပါးကို ပွားများအားထုတ် ရှုပွားလိုပါမူကား ထိုမျှအထိ အရင်းစိုက်ရန်ပင် မလိုအပ်ဟု ဆိုနိုင်သည်။ ရှုမှတ်ပွားများလိုသော



www.burmeseclassic.com

www.burmeseclassic.com

စိတ်စေတနာ သဒ္ဓါတရားသည်သာ အဓိကကျလေသည်။ တစ်နည်းဆိုရလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိရန် အရှင်းအနီး အနည်းဆုံးသော တရားတော်များမှာ ဝိပဿနာတရားတော် မြတ်သာလျှင် ဖြစ်ပေသည်။

လယ်တီ၊ မဟာစည်စသော မြန်မာ့အမော်ဆရာတော်ကြီး ဘုရားကြီးများကပင် သမထမှာချည်း အချိန်ကုန်မခံနေကြပါနှင့်။ ဝိပဿနာကို ဒါရိုက်ရှုမှတ်ရန် တိုက်တွန်းတော်မူခဲ့ကြသည်။

ရှေးအခါက သမားစဉ်အတိုင်းဆိုရပါမူ ဦးစွာ သီလကို စင်ကြယ်အောင် တစ်ပတ်၊ ဆယ်ရက် စသည်ဖြင့် ခံယူဆောက်တည်၊ စောင့်ထိန်းပြီးမှ သမထကို ရှုပွားကြသည်။

သမထကိုလည်း လနှင့်ချီ၍ စူးစိုက်ပြီး ရှုပွားကြသေးသည်။ ထို့နောက်- စိတ်တည်ကြည်ကာ သမာဓိအားကောင်းလာပြီးမှ ဝိပဿနာကို ပြောင်းရှုကြသည်။ အင်မတန်ကောင်းမြတ်သော လမ်းရိုးလမ်းစဉ်ကြီးလည်း ဖြစ်သည်။

သို့သော်လည်း စာဆိုအတိုင်း သမထကို ရှုမှတ်ပွားများရာတွင် စိတ်တည်ကြည်ခြင်း၊ ဈာန်ရခြင်း၊ အဘိညာဉ်၊ သမာပတ်၊ ဝိမောက္ခစသည်ဖြင့် သမထ၊ သမာဓိနှင့်စပ်ဆိုင်သော တရားတော်များကို သည်ခေတ်တွင် ထင်သလောက်မရနိုင်တော့သည့် အကြောင်းကို ကျေးဇူးရှင် ညောင်လွန်တောရဆရာတော်ဘုရားကြီးက မိန့်ဆိုတော်မူခဲ့ဖူးသည်။

ယခုခေတ်တွင် အသက်တမ်းတိုလာသည့်အလျောက် ဓာတုဗေဒများသော အစားအသောက်များသည် လူတို့၏ အားအင်ကို တိုးပွားစေခြင်းငှာမဖြစ်တော့ဘဲ ရှေးအခါက မြေဩဇာအဖြစ် နွားချေးကိုသုံးခဲ့ကြသည့်နေရာတွင် အနုမြူပါသော ဓာတ်မြေဩဇာများကိုသာ တွင်တွင်များများကြီး သုံးထားသောကြောင့် ကျန်းမာရေးနှင့် အားခွန်ဗလကို ဆုတ်ဆုတ်ခြင်းသို့ သက်ရောက်သွားစေသည့်အကြောင်းကိုလည်း မိန့်တော်မူခဲ့ဖူးသည်။

ထို့ကြောင့်ပင် အမြော်အမြင်ကြီးမြတ်တော်မူကြသော ဆရာတော်ကြီးများက သမာဓိနှင့်စပ်ဆိုင်သော သမထကို အဓိကမထားလိုကြခြင်း ဖြစ်ပေမည်။ လက်ရှိနှင့်မျက်မှောက်အခြေ အနေကို သုံးသပ်ကြည့်လျှင် လင်းလင်းကြီး မှန်ကန်နေလေသည်။

အထက်တွင် တင်ပြခဲ့သည့် သီလ၊ သမထ စသည်ဖြင့် သမရိုးကျ ရှုပွားနိုင်လျှင် ကောင်းမွန်သည်ဟုဆိုရသော်လည်း ထိရောက်မှုအပိုင်းတွင် အားနည်းနေတတ်၍ ဝိပဿနာကို ဒါရိုက်တက်ရှုရန်သင့်သည်ဟု မိန့်တော်မူခဲ့ကြသည်မှာ သာ၍ပင် ကောင်းမြတ်ပေသည်။

လူယောဂီဖြစ်စေ၊ ရဟန်းယောဂီဖြစ်စေ တရားရှုမှတ်ကြသော ယောဂီပုဂ္ဂိုလ်အားလုံးတို့၏ ရည်မှန်းချက်၊ ဦးတည်ချက်သာဖြစ်သည်။ လူတို့၏ အသက်တမ်းတိုတောင်းပြီး ခေတ်နှောင်းလာခဲ့သည်နှင့်အမျှ သက်သာလွယ်ကူသော လမ်းစဉ်ကို လိုက်သင့်လှသည်။

ဤ၌ ဤစာရေးသူ၏အမြင်ကို ဆိုချင်သည်မှာ လူတို့အတွက် သမထသည် ဆန့်ကျင်နေ၍ နေပေသည်။ သမထသည် အလွန်ငြိမ်သက်ပြီး တိတ်ဆိတ်သော နေရာဒေသမှာသာ ကျင့်ပွားရန် သင့်မြတ်လှသည်။ သို့မှ သမာဓိမှသည် အဆင့်တက်၍ သမထနှင့်ပတ်သက်သော တရားအစုတို့ကို ရနိုင်ပေမည်။

လူတို့မှာကား ထိုကဲ့သို့ ဆိတ်ငြိမ်ခြင်းကို မတတ်ကြောင်းကြပေ။ အိမ်နေသားမွေး အရေးကိစ္စအဝဝတို့ကို လက်လွှတ်၍ မရနိုင်သောကြောင့် ဆိတ်ငြိမ်၏ ဆန့်ကျင်ဘက်ကြီး ဖြစ်နေလေသည်။

သို့သော် ရဟန်းတော်များအတွက်မူ သမထမှစလျှင် သာ၍ အဆင်ပြေဖွယ်မြင်သည်။ သမထသည် အခြေခံအားဖြင့် ငြိမ်သက်ခြင်းကို ပေးစွမ်းသောကြောင့် ဣန္ဒြေသမ္ပတ္တိ၊ သမဏသာရုပ္ပ အလွန်ကျလေသည်။ အတိုကိုဆိုရလျှင် ကြည်ညိုဖွယ်အတိ ဖြစ်သည်။

ထိုထို ရသင့်ရထိုက်သော သမထမှရလာသည့် တရားအစုတို့ကို အခြေခံပြုကာ ဝိပဿနာဘက်ကို ကူးပြောင်းနိုင်ပါမူ တရားထူးကို ရရှိရန်လည်း လွယ်ကူနိုင်ဖွယ်ရှိပေသည်။ သို့သော် တစ်ခုသတိမူရန်သင့်သည်မှာ သမထမ၏ ရလဒ်ဖြစ်သော ဈာန်အဘိညာဉ် စသည်ကိုမူ အဓိကထားရန် မသင့်ပေ။

ထိုကဲ့သို့ သမထဘက်ကိုသာ အားသန်နေပါမူ ဝိပဿနာဘက်မှာ အားနည်းသွားတတ်ပြန်ခဲသည်။ ဤသည်ကို ရဟန်းရှင်လူ သမထလမ်းစဉ်ကို လိုက်စားကြသော

www.burmeseclassic.com

ယောဂီပုဂ္ဂိုလ်အားလုံးတို့သည်ပင် အမိက အသိအမှတ်ထားကြရမည် ဖြစ်ပေသည်။

ဝိပဿနာလမ်းစဉ်ဟု ဆိုရာ၌လည်း ဝိပဿနာနှင့်ပတ်သက်သော ခိုင်ခံ့သည့် စာပေအရသော်လည်းကောင်း ဝိပဿနာတရားတော်ကို ပရမတ်ပေါက်မြောက်သည့်အထိရရှိထားသော ဆရာမြတ်တို့အထံ၌သော်လည်းကောင်း ကျနသေချာစွာ သင်ယူတတ်မြောက်ထားရန် လိုအပ်ပေသည်။ ထိုအင်္ဂါနှစ်ချက်မှာ တစ်ချက်မျှ မပြည့်စုံဘဲ ဝိပဿနာတရားတော်ကို အားထုတ်ပွားများ၍လည်း မရနိုင်ပေ။

စာပေလည်းမရှိ၊ ဆရာမြတ်တို့၏အထံ၌ ဝိပဿနာတရားတော်ကိုလည်း သေချာကျနသင်ယူဖူးခြင်းမရှိပါဘဲလျက် မိမိဘာသာ စမ်းရှာ၍ ရနိုင်လိမ့်မည်မဟုတ်ဘဲ သမထလောက်မှာသာ ရှိကောင်းရှိနေပေလိမ့်မည်။ ဝိပဿနာစစ်စစ်ဖြစ်နိုင်ရန် များစွာခဲယဉ်းလေသည်။

ဝိပဿနာ တရားတော်ကို မရရှိဖူးသော ယောဂီပုဂ္ဂိုလ်များအဖို့လည်း မိမိရှုမှတ်နေသော တရားသည် ဝိပဿနာလား၊ သမထလား ခွဲခြား၍သိနိုင်ကြမည်မဟုတ်ပေ။ စာတတ်ပေတတ် ဆရာတော်ကြီးများသည်ပင် အလွဲလွဲအချော်ချော် ဖြစ်နေတတ်သည်ကို မှတ်သားဖူးသည်။

အထင်နှင့်အမြင် မကိုက်ညီနိုင်ကြသော ဆရာတော်ကြီးအချို့ကိုလည်း ကြားသိမှတ်သားဖူးသည်။ ထိုကဲ့သို့ မကိုက်ညီနိုင်ဖြစ်နေကြသော ဆရာတော်ကြီးများမှာ ဘုရားရှင်လက်ထက်တော်မှ ယနေ့ကျအောင် မြောက်မြားစွာပင် ရှိကြလေသည်။

ထိုထိုမြောက်မြားစွာတို့ အထဲမှ သီဟိုဠ်ခေတ်က အရှင်မဟာသိဝနှင့် အရှင်မဟာတိဿတို့၏အကြောင်းကို အကျဉ်းမျှထုတ်ပြဦးမည်။

အရှင်မဟာသိဝ၌ တပည့်ရဟန္တာ တစ်သောင်းနှင့် ပိဋကတ်သုံးပုံဆောင် ဟပည့်လည်း တစ်သောင်းရှိသည်ဟု ဆိုသည်။ အရှင်မဟာသိဝ ဆရာတော်သည် ဈာန်အဘိညာဉ်ကို ကျွမ်းကျင်သောကြောင့် ဝိပဿနာဘက်ကို ကူးပြောင်းလျှင် မကြာမြင့်မီ ရဟန္တာဖြစ်လိမ့်မည်ဟု ယုံကြည်နေသည်။

ထို့ကြောင့် တစ်နေ့တွင် ကျောင်းနှင့်ခွာ၍ ဝိပဿနာတရားတော်ကို အားထုတ်လိုသောကြောင့် တစ်ပတ်ကြာမျှ တောထွက်ဦးမည်ဟု တပည့်များအား ပြောဆိုမိန့်ကြားကာ တောထွက်ပြီး ဝိပဿနာတရားတော်ကို ရှုမှတ်ပွားများအားထုတ်လေသည်။

တစ်ပတ်ကြာ၍ တရားမရသောအခါ တစ်လဟု ဆုံးဖြတ်ပြီး အားထုတ်ပြန်သည်။ တစ်လနှင့် တရားမရသော အခါ တစ်နှစ်၊ ထို့နောက် နှစ်ပေါင်းသုံးဆယ်တိုင်အောင် ကြာမြင့်သွားလေသည်။ (ဆရာတော် တရားမရသည်မှာ တရားရလိုသောစိတ် စောလွန်းနေသောကြောင့် တင်းလွန်း သောကြောင့်ဟု ဆိုသည်။ မင်္ဂြိမ မကျဟု ဆိုရမည်ထင်သည် ပညာရှိ၊ သတိဖြစ်ခဲ့)

ထို့ကြောင့် ထင်သလောက်မလွယ်ကူသည့်အကြောင်းကို ပြန်ပြောင်းစဉ်းစားမိပြီး ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုမိ လေသည်။

ထိုအခါ အနီးအနားက မိန်းမတစ်ယောက်၏ ငိုရှိုက်သံကို ကြားလိုက်ရပြန်သည်။ ထို့ကြောင့် ဆရာတော်လည်း အထိတ်တလန့်ဖြစ်သွားပြီး "သင်ဘယ်သူလဲ"ဟု မေးလိုက်ရ "အရှင်ဘုရား တရားထူးရလျှင် ဦးစွာ ဖူးမြော်ခွင့်ရရန် စောင့် ကြည့်နေသော နတ်မပါဘုရား"ဟု ရုပ်ကိုမမြင်ရဘဲ အသံဖြင့် လျှောက်ထားသံကို ကြားလိုက်ရသည်။

"နတ်မ အဘယ်ကြောင့် ငိုအနား လာငိုရသလဲ"

"အရှင်ဘုရား တရားထူးမရလို့ ငိုသည်ကို မြင်ရသည့် အတွက် တပည့်တော်မလည်း တရားထူးလေးများ ရလေ မလားလို့ ငိုကြည့်ပါသည်ဘုရား"

သို့မှ ဆရာတော်လည်း ရှက်ကြောက်လျက် သတိ သံဝေဂဖြစ်ကာ စိတ်ကို အလျှော့အတင်း ညီမျှအောင်ပြု လျက် တရားတော်ကို ဆက်လက်ပြီးအားထုတ်လေရာ မကြာ မြင့်မီ တရားထူးကို ရရှိသွားသည်ဟူ၏။

ထို့နောက် ယခု ဆက်လက်ဖတ်ရှုရမည့် အရှင်မဟာ တိဿ၏အကြောင်းသည်ကား တင်ပြခဲ့သည့် အရှင်မဟာ သိဝနှင့် အနည်းငယ်ခြားနားလျက်ရှိသည်။ အရှင်မဟာ တိဿသည်ကား မြေလျှိုးမိုးပျံ လောကီတန်ခိုးဈာန် အဘိ ညာဉ် အမျိုးမျိုးအများများရှိနေသည်ကို အာသဝေါတရားမှ ကုန်ခန်းပြီး မိမိကိုယ်ကို ရဟန္တာဟု မှားယွင်းစွာဖြင့် ယုံကြည် နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအရှင်မှာလည်း ရဟန္တာတပည့်ပေါင်း တစ်သောင်းနှင့် ဗိဒ္ဓကတ်သုံးပုံဆောင် တပည့်ပေါင်းလည်း တစ်သောင်းရှိကြောင်း ကြည်ညိုရသည်။ တပည့်များ ကန်တော့ရန် ကြွလာကြတိုင်းလည်း ရဟန္တာဖြစ်အောင် ကျင့်ကြံကြရန် တိုက်တွန်းပြီး မိမိကိုယ်တိုင်လည်း ရဟန္တာဖြစ်ပြီးကြောင်းကို အရိပ်အမြွက်မျှ မိန့်ကြားတော်မူလေ့ရှိသည်။

စာတတ်အမော် အဘိညာဉ်သမာပတ်နှင့် ပြည့်စုံတော်မူကြသော ဆရာတော်ကြီးများသည်ပင် သမထနှင့်ဝိပဿနာ မှားယွင်းတတ်သည့်အကြောင်းကို တွေ့ရှိရ၍လည်း စိတ်လန့်တုန်လှုပ်မိသည်။

သို့သော်လည်း တရားအဆင့်မြင့်တော်မူကြသော ပုဂ္ဂိုလ်တို့သည် တရားအဆင့်ကျနိမ့်သော ပုဂ္ဂိုလ်တို့အား သိမြင်မှုတာသာလျှင် ဖြစ်လေသည်။

ထို့ကြောင့် တစ်နေ့သောအခါတွင် လောကီ လောကုတ် တန်ခိုးရှာန်အဘိညာဉ်နှင့် ပြည့်စုံသော အရှင်မဟာတိဿ၏ တပည့်ကြီးတစ်ဆူ ဖြစ်တော်မူသည့် ရဟန္တာအရှင်ဓမ္မဒိန္နသည် ဤသို့အကြံဖြစ်၍ သီတင်းသုံးဖော် ရဟန်း တော်တို့အား မိန့်ဆိုတိုင်ပင်တော်မူသည်မှာ -

"ငါ့ရှင်တို့ ငါတို့၏ ဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသော အရှင်မဟာတိဿသည် လောကီတန်ခိုး ရှာန်အဘိညာဉ်ကိုပင် လောကုတ္တရာတန်ခိုး ရှာန်အဘိညာဉ်ဟု အထင်မှတ်နေပေသည်။ ရဟန်းကိစ္စပြီးနေပြီဟု မှားမှားယွင်းယွင်း ယုံကြည်နေပေသည်။ ဤအတိုင်းသာ သေဆုံးရပါမူ အညည်းအနီး ဖြစ်ချေရော့မည်။ ထို့ကြောင့် ငါတို့တပည့်များသည် ဆရာအရှင်၏ ကျေးဇူးတရားတို့ကို ငဲ့ထောက်သောအားဖြင့် လမ်းမှန်ကို ရောက်စေရန် စွမ်းဆောင်ကြပါစို့"

အရှင်မဟာတိဿ၏ တပည့်အားလုံးတို့က အရှင်ဓမ္မဒိန္န၏ တင်ပြဆွေးနွေးသည်ကို သဘောတူကြသော်လည်း မျက်တွေ့ကျကျ ဆရာအရှင်အား တရားဓမ္မလမ်းညွှန်ပြသည်ကို မဝံ့ကြချေ။ တပည့်အားလုံးတို့၏ သဘောသည်ပင် ဆရာအား ငယ်ကြောက်များသာ ဖြစ်ကြလေသည်။

ထို့ကြောင့် ဆရာ၏ကျေးဇူးကို ငဲ့ထောက်သောအားဖြင့် အရှင်ဓမ္မဒိန္နကပင် အရဲစွန့်ပြီး တရားဓမ္မဟောပြောရန် တာဝန်ယူရလေသည်။ ထို့နောက် တစ်နေ့သောအခါ အရှင်ဓမ္မဒိန္နသည် ဆရာအရှင်မဟာတိဿ၏ ကျောင်းတော်သို့ ကြွသွားလေသည်။

အရှင်ဓမ္မသည်ကား တရားဓမ္မ ဟောကြားပြသရာတွင် အလွန်ထင်ကျော်ကြားလေသည်။ ရှာန်အဘိညာဉ်တန်ခိုးလည်း ကြီးမြတ်တော်မူသည်။ တရားဓမ္မ ဟောကြားပြသရင်းဖြင့် ယပ်တောင်ကိုထောင်ပြလျှင် နတ်ပြည်ခြောက်ထပ်တိုင်အောင် မြင်နိုင်ကြသည်။ ယပ်တောင်ကို အောက်ဘက်သို့ စိုက်၍ပြလျှင်လည်း ငရဲတိုင်အောင် မြင်ခွင့်ရကြသည်ဟု ဆိုသည်။

ထို့ကြောင့် အကျော်အမော် တပည့်ကြီးတစ်ပါး လာရောက်ကန်တော့သဖြင့် အရှင်မဟာတိဿသည်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူသည်။ အရှင်ဓမ္မသည် ဆရာအရှင်၏ အခုံးအမများကို နာယူပြီး လက်အုပ်ချီ၍ လျှောက်ထားသည်မှာ -

"ဆရာတော်ဘုရား ဆရာတော်သည် တန်ခိုးအဘိညာဉ်အရာတွင် ကြီးမြတ်တော်မူပေသည်။ ထို့ကြောင့် တပည့်သည် ဆရာအရှင်၏ တန်ခိုးအဘိညာဉ်ကို ကြည်ညိုလိုပေသည်"ဟု လျှောက်ထားလိုက်ရာ -

"တပည့် ကြည်ညိုလိုသောအရာကို ပြောပေလော့။ အဘိညာဉ်ဖြင့် ဖန်ဆင်းပြီးပြပါမည်"

"ဟေမဝန္တာကဲ့သို့သော ကြီးသောတောထဲ၌ ကြီးသော ဆင်ပြောင်ကြီးတစ်ကောင်၏ ကျင်လည်ကျက်စားနေသည်ကို ကြည့်ရှုကြည်ညိုလိုပေသည် ဆရာတော်အရှင်သူမြတ်ဘုရား"

ထိုအခါ အရှင်မဟာတိဿက တန်ခိုးအဘိညာဉ်ဖြင့် ဖန်ဆင်း၍ပြလေသည်။ ကျောင်းနှင့်ပတ်ဝန်းကျင်သည် တစ်မုဟုတ်ချင်းကွယ်ပျောက်ပြီး ဟေမဝန္တာအသွင် မြင်ကွင်းကြီးသည်သာ ထင်လင်းစွာဖြင့် ပေါ်၍လာလေသည်။ ထို့နောက် ရောမဆင်ပြောင်ကြီးတစ်ကောင်သည် ကြာမျိုးငါးမည်ဖြင့် ပြည့်သော စမ်းရေအိုင်ကြီး၌ ရေများကိုသုံးသပ်ရင်း တဖြောင်းဖြောင်း၊ တဖြောင်းဖြောင်း ညောင်ကိုင်းများကိုလည်း ချိုး၍ချိုး၍ စားနေလေသည်။ ရံခါ နှာမောင်းဖြင့် ရေများကိုယူ၍ ကိုယ်ကိုဖျန်း၍လည်း ပက်နေလေသည်။

"မှန်လှပါ အံ့မခန်းသော ကြည်ညိုဖွယ်အတိ ဖြစ်ရပါသည်ဘုရား။ ထို့နောက်တစ်ဖန် ထိုဆင်ပြောင်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

တပည့်တော်တို့ ဆရာတပည့်အား အစွယ်ဖြင့် ပြေးစိုက်ရန်လာသည့်အသွင်ကိုလည်း ကြည်ညိုလိုပါသေးသည်"

တပည့်က တရားဟောနေ သည်ကို ဆရာအရှင်မသိရှာပေ။ သည်နေရာတွင် ဆရာနှင့်တပည့်ဖြစ်ကြသော်လည်း ဉာဏ်အနိမ့်အမြင့်သည်ကား ကွာလွန်းပေသည်။ တပည့်၏ဉာဏ်ပညာသည် ဆရာနှင့်မနှိုင်းကောင်းလောက်သည်အထိပင် သာလွန်မြင့်မောက်၍နေပေသည်။

ဆရာအရှင်သည်လည်း ချက်ချင်းပင် ဖန်ဆင်းလိုက်လေသည်။ ထိုအခါ ကြည်လင်သောအသွင်သည် ဆင်ပြောင်ကြီးမှာ မရှိတော့ဘဲ ချက်ချင်း မာန်ဝင်ကာ နှာမောင်းကိုပါးစပ်ထဲထည့် အမြီးကိုထောင်ကာ ကိုယ်ကိုတစ်ချက်ပုလျက်ကျယ်လောင်စွာ စွယ်သံပေးပြီး ဆရာတပည့်တို့အထံသို့ အစွယ်ဖြင့်ပြေး စိုက်ရန် တစ်ဟုန်ထိုးလာလေသည်။

ထိုအခါ အရှင်မဟာတိဿမှာ မိမိဖန်ဆင်းထားသော ဆင်ပြောင်ကြီးကို ကြောက်လန့်ပြီး ဆောက်တည်ရာမရဖြစ်ကာ နေရာမှထ၍ ပြေးလေသော ကြောင့် တပည့်ဖြစ်သူ အရှင်ဓမ္မဒိန္နက သင်္ကန်းစွန်ကို ဆွဲထားလိုက်ရသည်။ ထို့နောက် ဆရာအရှင်အား ဤကဲ့သို့လျှောက်ထားလိုက်လေသည်။

"ဆရာတော်ဘုရား ရဟန္တာတို့မည်သည် ကြောက်လန့်ခြင်းကင်းလွတ်ပါသဖြင့် ထပြေးခြင်းလည်း မရှိပါဘုရား"

အရှင်မဟာတိဿသည်လည်း အလွန်အမင်း ရှက်သွားလေသည်။ သူကိုယ်သူ အရိယာရဟန္တာကြီးဟု အထင်ရောက်နေရာမှ ယခုလက်တွေ့ သူ့အဘိညာဉ်တန်ခိုးဖြင့် ဖန်ဆင်းထားသော ဆင်ပြောင်ကြီးကိုပင် ကြောက်လန့်ပြီး ကုန်းမြေမျက်စွာဖြင့် ထပြေးမိသည်ကိုတွေးပြီးလည်း ရှက်၍မဆုံးဖြစ်နေမိသည်။

သို့သော်လည်း သူတော်ကောင်းကြီး ပီသစွာသော အရှင်မဟာတိဿသည် ချက်ချင်းပင် တပည့်ဖြစ်တော်မူသော အရှင်ဓမ္မဒိန္နအား လက်အုပ်ချီ၍ လျှောက်ထားလိုက်လေသည်။

"အရှင်ဓမ္မဒိန္န သင်သည် ငယ်စဉ်မှ ယခုအချိန်ကျအောင် ပရိယတ်၊ ပဋိပတ် သာသနာတော်နှစ်ရပ်လုံးကို တပည့်တော်၏အထံ၌ သင်ယူတတ်မြောက်ပြီး သူတော်ကောင်းအရိယာကြီး ဖြစ်နေသည်မှာ မှန်ပေသည်။ သို့သော်လည်း ယခုအချိန်မှစ၍ အရှင်သည် ငါ၏ဆရာဖြစ်သွားပေပြီ။ အရှင်သည်သာ သတိမဖော်၊ မဆုံးမဘဲ သည်အတိုင်းနေခဲ့ပါမူ ငါသည် အဘိညာဉ်၏အထောက်အပံ့များ ကုန်ဆုံးသည်၏နောက်၌ အပါယ်လေးပါးသို့ (စတ္တာရော အပါယာသကဂေဟာ သတိသာ/ ဥက္ကိဋ္ဌပုည တေဇေန···) ကျရောက်ခံစားရဖွယ် ရှိပေသည်။ ယခု အရှင်က သတိဖော်ဆုံးမပေးလိုက်၍ ငါ့ကိုငါ လည်း နားလည်ရပြီ၊ ပုထုဇဉ်မျှသာရှိသေးကြောင်းကိုလည်း လင်းလင်းကြီး သိလိုက်ရပြီ။ ထို့ကြောင့် အရှင်သည် ဆက်လက်၍ ငါ့အား သနားသဖြင့် မဂ် ဖိုလ်ရ အရိယာပုဂ္ဂိုလ်မြတ်ဖြစ်အောင် ကြံဆောင်တော်မူပါလော့"

သူတော်ကောင်းကြီးတို့၏ နှလုံး သည် အံ့ဖွယ်ရှိစွာ၏။ လောကဓံကို ကြံ့ကြံ့ခံသည့်အရာတွင် ကျောက်စိုင်သံသားတို့ကဲ့သို့ မာကျောကြသော်လည်း လော ကုတ္တရာဖြစ်သည့်အပွါယ်ကျွတ်၍ မဂ် ဖိုလ်ကို ရမည့်အရေးတွင် ဝါဂွမ်းဖောက်ဖယောင်းကဲ့သို့ပင် ပျော့ပျောင်းလျက် ရှိကြပေသည်။

အရှင်ဓမ္မဒိန္နသည်လည်း ထိုနေရာမှာပင် တရားပြသလေရာ အရှင်မဟာတိဿမထေရ်ကြီးသည် ခြေသုံးလှမ်းဖြင့် အရဟတ္တဖိုလ်၌ တည်လေသည်။

ဤ၌ လူချင်းသိ၍ ရင်းကြသော်လည်း တရားအဆင့်ကို နားလည်ကြရာတွင် တရားအဆင့်နိမ့်သော ပုဂ္ဂိုလ်တို့သည် တရားအဆင့်မြင့်သော ပုဂ္ဂိုလ်တို့အား မသိနိုင်။ တရားအဆင့်မြင့်သော ပုဂ္ဂိုလ်တို့သည်သာလျှင် တရားအဆင့်နိမ့်သော ပုဂ္ဂိုလ်တို့အား သိနိုင်ကြသည်နှင့်ပတ်သက်၍ ဇေတဝန်ကျောင်းဒကာကြီး အနာထပိဏ်၏ မိသားစုနှင့် ပတ်သက်ပြီး အနည်းငယ်မျှ ထုတ်ပြဦးမည်။

ကျောင်းဒကာကြီး အနာထပိဏ်၌ သားသမီးသုံးယောက် ရှိကြသည်။ ကျောင်းဒကာကြီးနှင့် သားငယ်၊ သမီးငယ်တို့သည် သောတာပန်ဖြစ်ပြီး သမီးကြီးသည် သကဒါဂါမ်ဖြစ်သည်။ သည်အဖြစ်ကိုလည်း တစ်ဦးနှင့်တစ်ဦး မသိကြပေ။ တစ်ဦးနှင့်တစ်ဦး မပြောသော်လည်း အဆင့်မြင့်သူတို့သည် အဆင့်နိမ့်သူတို့အား သိမြင်နိုင်သည့်အကြောင်း ဤတွင် ထင်ရှားလတ္တံ့။

သားသမီး သုံးယောက်တို့တွင် အကြီးမသည် သက်



www.burmeseclassic.com

www.burmeseclassic.com

တော်မရှည်ခဲ့ပေ။ အရွယ်မတိုင်မီပင် ဘဝကူးရန် အကြောင်းဖန်လာလေသည်။ ထို့ကြောင့် ဖခင်ကြီး အနာထပိဏ်မှာ မချိတင်ကဲဖြင့် သူ့သမီးသည် သူ့ထက်တစ်ဆင့် တရားမြင့်ပြီး သကဒါဂါမ်ဖြစ်နေသည်ကိုပင် မသိနိုင်ဘဲ သာမန်ပုထုဇဉ်ဟု ယူဆကာ ပုထုဇဉ်တို့သဘော သေခါနီးတွင် သမီး၏အယူ မဖြူမစင်ဖြစ်နေမည်ကို စိုးရိမ်သောကကြောင့် အနားမှ တတွတ်တွတ် သတိဖော်ပေးနေရှာသည်။

"သမီး သတိထားပါ။ ဥပုသ်သီလ စောင့်ထိန်းခဲ့သည်ကို မမေ့ပါနဲ့။ နေ့စဉ် သံဃာတော်အရှင်သူမြတ်အား ဆွမ်းလောင်းလှူသည်ကို သတိရပါ။ ဇေတဝန်ကျောင်းတော်ကြီးလှူဒါန်းခဲ့သည်ကိုလည်း အမှတ်ရပါ"

"ဟုတ်တယ်မောင်လေး။ မမသတိရပါတယ်။ တစ်ခုမှ မမေ့ပါဘူး"

သမီးက မောင်လေးဟု သူ့အား ခေါ်လိုက်ပြောလိုက်ရာ အနာထပိဏ်ကြီးမှာ များစွာမှပင် ပူဆွေးသောကရောက်သွားရလေသည်။ သူ့သမီးသည် သေခါနီးတွင် မရဏာသန္နဇောတို့၏ သဘောအလျောက် စိတ်ဖောက်ကာ ဖခင်ဖြစ်သော သူ့ကိုပင် ဖခင်ဟု မသိနိုင်တော့ဘဲ မောင်လေးဟု ခေါ်လေပြီ၊ အယူတိမ်းလေပြီ။ အသက်ကုန်သည်နှင့် အပါယ်သို့ကျပေတော့မည်ဟု ကြီးစွာသောကရောက်ပြီး ဘုရားရှင်၏အထံသို့ ပြေးသွားလေသည်။ ဘုရားရှင်အား ပေါက်တူးပေါက်ဦးချ၍ အလောတကြီးပင် သမီးဖြစ်သူ၏ ဖြစ်ပုံကြောင်းစုံအဖုံဖုံကိုလည်း လျှောက်ထားလေသ ည်။ ထိုအခါ ဘုရားရှင်က တိုတိုတုတ်တုတ်ဖြင့်ပင် ဖြေဆိုမိန့်ကြားတော်မူလေသည်။

"ကျောင်းဒကာကြီး…သင်သည် သောတာပန်မျှသာဖြစ်ပြီး သင်၏သမီးသည်ကား သကဒါဂါမ်ဖြစ်ပေသည်။ ထို့ကြောင့် မဂ်ဖြင့် အဆင့်နိမ့်သောသင့်အား မောင်လေးဟု ခေါ်သွားခြင်း ဖြစ်ပေသည်။ သင့်အား ကြီးစားပါဟူ၍ ဆုံးမသည်နှင့်တူပေသည်"ဟု မြတ်စွာဘုရားရှင်က ဟောကြားဆုံးမတော်မူလေမှ အနာထပိဏ်ကြီးသည် သမီးကြီးဆီမှ မောင်လေးဟု အခေါ်ခံလိုက်ရသော ပြဿနာနှင့် စိုးရိမ်သောကများရှင်းလင်းသွားလေသည်။

တရားအဆင့်မြင့်သော ပုဂ္ဂိုလ်တို့သည် မိမိအောက်တရားအဆင့်နိမ့်သော ပုဂ္ဂိုလ်တို့အား သိမြင်တော်မူကြသည့်အကြောင်းသည်လည်း ဤတွင်ပြတ်သားသွားလေပြီ။

xxx xxx xxx

တရားသားကို ဆက်ကြဦးစို့။

ကုန်ခဲ့သည့်လက အသက်ခုနစ်ဆယ် အဘိုးအိုတစ်ယောက်နှင့် အသက်ရှစ်ဆယ် အဘိုးအိုတစ်ယောက်တို့၏အကြောင်းကို တင်ပြခဲ့သည်။ ထို့ကြောင့် သည်လအတွက် တစ်ဆင့်တိုးကာ အသက်ရှစ်ဆယ်အဘိုးအိုနှင့် အသက်ကိုးဆယ် အဘိုးအိုတို့အကြောင်းကို ပြောင်းရွှေ့ဖြင့်ပင် လုံလောက်မှုရှိလေသည်။ ဒသကဆယ်ချက်တွင် ကိုးခုမြောက်သို့ ရောက်လာခဲ့လေပြီ။ ဓမ္မဖရိသတ်များလည်း အနိစ္စသဒကနှင့်ပတ်သက်၍ ကြေညက်လျက်ရှိကြလိမ့်မည်ဟု ယူဆသည်။ ထို့ကြောင့် တရားနှင့်ပတ်သက်၍ အကျယ်ကို မရေးတော့ပေ။

အသက်ရှစ်ဆယ် အဘိုးအိုက နှပြီး အသက်ကိုးဆယ် အဘိုးက ပို၍ရင့်အိုနေခြင်းမှာ ရုပ်နုနာမ်နု ခန္ဓာနုများ သေဆုံးသွား၍ ရုပ်ရင့်နာမ်ရင့် ခန္ဓာရင့်များ ဖြစ်တည်လာနေ၍သာဖြစ်သည်။ ရုပ်နာမ်တို့ဟူသည်မှာ ရုပ်နားခြင်းမရှိအောင် တစ်ပျက်တည်း ပျက်စီးနေ၍ ရှစ်ဆယ်မှ ကိုးဆယ်ဟူသော အချိန်ကာလသည် အပျက်အားဖြင့် မရေမတွက်နိုင်လောက်အောင်ပင် များပြားခဲ့လေပြီ။

ဤမျှလောက် အာရုံပြုကြည့်လျှင်ပင် ခန္ဓာငါးပါး၏ အနိစ္စသဘောသည် လင်းရှင်းလျက် ပြတ်သားလျက် ခန္ဓာငါးပါးအား အနိစ္စရှုပြီးသား ဖြစ်နေလေသည်။ သဘောမပေါက်လျှင် နောက်ကြောင်းကို ပြန်ပြောင်းကြည့်ရှု အာရုံပြု၍ ရှုမှတ်ကြလေ သူတော်ကောင်းတွေတို့ -

ဤလအတွက် ဤမျှသာ။ နောက်လတွင် ဒသကတစ်ဆယ်ချက်၏ နောက်ဆုံးဖြစ်သော အနိစ္စဒေသနာတော်ကြီးကို အဆုံးသတ်တော့မည်။

*(ဆက်ရန်)*

**မဟာထွန်း**

www.burmeseclassic.com

www.burmeseclassic.com

# အစွဲအလမ်းကလေးများ

သက်လုံ

မပြောကောင်းဘူး၊ မလုပ်ကောင်းဘူးဆိုသော အရာကလေးများ၏ နောက်ကွယ်တွင် လူမှုရေးအရ မသင့်တော်၍လည်းကောင်း၊ သဘာဝနည်းအားဖြင့် မသင့်တော်၍လည်းကောင်း လူကြီးများက ကလေးများအား ရှင်းပြမနေတော့ဘဲ ပြောဆိုပြုလုပ်လိုက်လျှင်ပင် အန္တရာယ် တစ်စုံတစ်ခုဖြစ်တော့မလို တားမြစ်ခဲ့ခြင်းများ ရှိနိုင်ပါပေ၏။ တစ်ဖက်က ဤသို့ယူဆနိုင်သည့်တိုင်အောင် တစ်ဖက်ကကြည့်လျှင် ကန္တာရီအလွှာမှ သဘောတရားကလေးများ ကိန်းအောင်းနေသည်ကိုလည်း တွေ့ရတတ်ပါသည်။ ကန္တာရီအလွှာမှ ဆိုကတည်းက ကန္တာရအတတ်နှင့် ပတ်သက်နေပေရာ အဓိပ္ပာယ်ငုပ်၍ လျှို့ဝှက်နေချက်များသည် သဘာဝကျကျပင် တည်ရှိနေ၏။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် ထိုမပြောကောင်း၊ မလုပ်ကောင်းဟုဆိုသော တားမြစ်ချက်အားလုံးကိုတော့ ဘာကြောင့် တားမြစ်ထားမှန်းမသိပါ။ ထို့ပြင် ပြောဆိုပြုလုပ်လိုက်လျှင် ဘာဖြစ်သွားမည်ဆိုသည်ကိုလည်း အချို့နေရာများတွင် မသိရှိပါ။

မည်သို့ပင်ဖြစ်စေ မြန်မာတို့၏ မပြောကောင်း၊ မလုပ်ကောင်းဟူသော အစွဲအလမ်းကလေးများကို နိုင်ငံရပ်ခြားမှ အစွဲအလမ်းကလေးများနှင့် တွဲယှဉ်လေ့လာလျှင်သော်လည်းကောင်း၊ မှတ်တမ်းတင်၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာလျှင်သော်လည်းကောင်း အကျိုးထူးများ ဖြစ်ထွန်းလာနိုင်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ သို့ဖြစ်သောကြောင့် လက်လှမ်းမီသရွေ့လေးများကို ကနဦး ခြေလှမ်းအနေဖြင့် ဖော်ပြလိုက်ပါ၏။

အစွဲအလမ်းကလေးများ အကြောင်းကိုမပြောမီ ရှေးဦးစွာ မှော်ပညာအကြောင်းကို ပြောချင်ပါ၏။ မှော်ပညာဟူသည်မှာ ယဉ်ကျေးမှုအား မကောင်းသေးသော သမိုင်းလူသားများ အနေဖြင့် များစွာယုံကြည်အားထားသော ပညာဖြစ်ရာ ယနေ့ ကျွန်ုပ်တို့၏ အစွဲအလမ်းကလေးများ၌ မှော်ပညာ၏အရိပ်များ ထိုးနေသည်ကို တွေ့ရတတ်ပါသည်။ အစွဲအလမ်းကလေးများသည် ကြောက်စိတ်နှင့် ယှဉ်တွဲနေခြင်းသည်ကပင် မှော်ပညာ၏ ဩဇာသက်ရောက်မှုဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မယဉ်ကျေးသေးသော လူသားများ၏ မှော်ပညာဆိုသည်မှာ ကာယကံရှင်ကို ခြိမ်းခြောက်ခြောက်လှန့်ရမှ အကျိုးထင်ဟပ်တတ်သောကြောင့်ပင် ဖြစ်ပါသည်။

ယခင့်ယခင် ကာလများမှာပင် ကမ္ဘာအနှံ့အပြား လူသားများယုံကြည်ခဲ့ကြသော မှော်ပညာနှင့်ပတ်သက်၍ ဗြိတိသျှလူမျိုး မနုဿဗေဒပညာရှင်ကြီး ဆာဂျိမ်းစ်ဂျော့ဖရေဇာ (SIR JAMES GEORGE FRAZER)က သူ၏ နာမည်ကျော်ကျမ်းကြီးဖြစ်သော ရွှေသစ်ကိုင်းဟု အဓိပ္ပာယ်ရသည့် သည်ဂိုးလ်ဒင်ဘောင်း (THE GOLDEN BOUGH) ကျမ်းထဲတွင် အသေးစိတ် ရေးသားဖော်ပြခဲ့၏။ သူ့အယူအဆအရ မက်ဂျစ်(MAGIC) ဟုခေါ်သော မှော်ပညာမှာ နှစ်မျိုးနှစ်စားသာရှိသည်ဟု ဆို၏။ ပဌမအမျိုးအစားမှာ ဆင်တူမှော်ပညာဟု ခေါ်ဆိုရမည်ဖြစ်သော ဆင်ပလသက်တစ် မက်ဂျစ် (SYMPATHETIC MAGIC) ဖြစ်သည်။ အာဖရိကတိုက်မှ လူရိုင်းများ၏ မိုးခေါ်အကတွင် လက်များကို မြေသို့စိုက်၍စိုက်၍ ချိန်ရွယ်ကခုန်ခြင်းမှာ မိုးရေပေါက်များ မြေပေါ်သို့ကျခြင်းကို ဆင်တူလိုက်၍ ပြုလုပ်ထားသည့် အစီအရင်ဖြစ်သည်ဟု ဆို၏။ ကျွန်ုပ်တို့ မြန်မာလူမျိုးအချို့တွင်လည်း ဟင်းခွက်တွင် လက်ဆုံလျှင် ညှိသည်လာတတ်သည်ဟု ယူဆရာ ညှိသည်ကို မလာစေလိုလျှင် ဟင်းခွက်ကို မှောက်ပေးလိုက်ခြင်းမျိုးဖြစ်၏။ ဟင်းရည်များ လည်သွားသလို ညှိသည်လည်း မရောက်တော့ဘဲ လည်သွားကာ ပြန်ကွေ့သွားအောင် ပြုလုပ်ခြင်းသည် ဆင်တူမှော်ပညာ သဘောတရားပင်ဖြစ်၏။

ဒုတိယအမျိုးအစားကား ဓာတ်ကူးမှော်ပညာဟုခေါ်ဆိုရမည့် ကွန်တေးဂျီယပ်စ် မက်ဂျစ် (CONTAGIOUS MAGIC)ပင် ဖြစ်လေသည်။ အဝတ်သည် လူနှင့် ထိတွေ့နေရသဖြင့် လူ၏ဓာတ်သည် ကူးစက်နေ၏။ ယုံ...ကို

www.burmeseclassic.com

ယူ၍ မကောင်းသဖြင့် စီရင်ခဲ့သော် ထိုအဝတ်ပိုင်ရှင်ဖြစ်သော လူတွင် မကောင်းကျိုးတွေ ဖြစ်ပေါ်လာသည်ဆိုခြင်းကား ဓာတ်ကူးမှော်ပညာသဘောပင် ဖြစ်၏။ မြန်မာပြည်တွင် စွဲလမ်းခဲ့ကြသော ရိုပ်ဖမ်းသံဖမ်း ခြေရာကောက် စသည့်ပြုစားနည်းများမှာ ယင်းဓာတ်ကူးမှော်ပညာသဘောကို အခြေခံ၍ စီမံပြုလုပ်ကြခြင်းပင်ဖြစ်လေ၏။ ဤနှစ်မျိုးကို ရှေးဦး စွာသိထားပြီးမှ အစွဲအလမ်းကလေးတွေကို လေ့လာသည်ရှိသော် အချို့သော အစွဲအလမ်းကလေးတွေမှာ မှော်ပညာကို ယုံကြည်မိ၍ ဖြစ်ပေါ်လာသော အစွဲအလမ်းကလေးများ ဖြစ်ကြောင်းကို တွေ့ရှိရပေသည်။ ကျွန်ုပ်သည် ဤစာကို ရေးသားရာ၌ ၁၉၆၅ ခုနှစ်၊ ဇူလိုင်လထုတ် ရှုမဝမဂ္ဂဇင်းပါ မောင်သော်၏ မြန်မာ့မလုပ်ကောင်းများဆောင်းပါးနှင့် အက်ဒဝင်နှင့် မိုနာရက်ဖို့ဒ် (EDWIN AND MONA A. RADFORD)တို့နှစ်ယောက် ရေးသားပြုစုခဲ့သော အစွဲအလမ်းများ စွယ်စုံကျမ်းဟုခေါ်ဆိုရမည့် အင်ဆိုင်ကလိုပီးဒီးယားအော့ဖ်ဆူ ပါစတစ်ရှင်းစ် (ENCYCL OPAEDIA OF SUPERSTITIONS) ကျမ်းများကိုလည်း ကိုးကားပါကြောင်း ဖော်ပြလိုပါ၏။

ကိုင်း・・・စတင်လေ့လာကြပါစို့။

## ဘုန်းကြီးအရိပ် မနင်းကောင်း

ဤအစွဲကို လေ့လာလျှင် ဓာတ်ကူးမှော်ပညာသဘော သက်ဝင်နေသည်ဟုလည်း ယူဆနိုင်ပါ၏။ ဓာတ်ကူးသည့်သဘောဖြင့် ဘုန်းကြီး၏အရိပ်သည်လည်း တစ်နည်းအားဖြင့် ဘုန်းကြီးပင်ဖြစ်နေရာ နင်းလိုက်ခြင်းသည် ဘုန်းကြီးကိုနင်းရာရောက်၏။ ထို့ကြောင့် အပြစ်ကြီးလှသည်ဆိုကာ ရှောင်ကြဉ်ရန် တားမြစ်ခြင်းဖြစ်ပုံရ၏။ ဘာသာရေးအရ ကြည်ညိုကိုင်းရှိုင်းဖြစ်ဖြစ်သောကြောင့် တတ်နိုင်သရွေ့ လိုက်နာသင့်သည်ဟု ကျွန်ုပ် ယူဆပါသည်။ ဆက်လက်၍ ဖော်ပြလိုသည်ကား အရိပ်နှင့်ပတ်သက်၍ ကမ္ဘာအနှံ့အပြား စွဲလမ်းကြပုံကို ဖော်ပြလိုပေသည်။ အရိပ်ဆိုသည်မှာ နှစ်မျိုးရှိ၏။ မှန်တွင်ထင်ဟပ်သောအရိပ်နှင့် အလင်းကြောင့်ဖြစ်ပေါ်လာရသော အရိပ်ဟူ၍ နှစ်မျိုးဖြစ်သည်။ ဤနေရာတွင် ဖော်ပြလိုသည်မှာ မှန်ထဲတွင်ထင်သော အရိပ်မဟုတ်ဘဲ အလင်းဝှရောင်ကြောင့် ဖြစ်ပေါ်လာသော အရိပ်ကိုပင် ဖော်ပြလိုပါသည်။

ကမ္ဘာအနှံ့အပြားရှိ လူများသည် ယခင့်ယခင်ကပင် အရိပ်ဆိုသည်မှာ လူတွေမြင်ရသောဝိညာဉ် လိပ်ပြာဖြစ်၍ လူ၏ကိုယ်ခွဲပင်ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ သို့ဖြစ်လေရာ အရိပ်ကိုဒုက္ခပေးလျှင် အရိပ်ရှင်၌ ဒုက္ခအန္တရာယ် ကျရောက်နိုင်သည်ဆို၏။ ကျွန်ုပ်ငယ်စဉ်က ကြားဖူးသည့်စကားဖြစ်သော လင်းတငှက်၏အရိပ်ကို ဖနောင့်ဖြင့်ထိအောင်ပေါက်နိုင်လျှင် ပျံနေသောလင်းတသည် အောက်သို့ကျ၏ဟူခြင်းမှာ ဤသဘောမျိုးပင်ဖြစ်မည်ဟု ယူဆရပါ၏။ ဥရောပတိုက် အရှေ့ပိုင်းတွင် ကြာရှည်လာခဲ့ပြီဖြစ်သော အစွဲအလမ်းတစ်ခုရှိ၏။ ယခင်က အဆောက်အဦအသစ်တစ်ခုဆောက်ပြီဆိုလျှင် လူကိုစတေးမှ အဆောက်အအုံ ပြီးမြောက်အောင်မြင်မည်ဟူသော အယူအဆရှိခဲ့၏။ သို့သော် နောင်တွင် လူကိုစတေးရန် မဖြစ်နိုင်တော့သောကာလ၌ ဆောက်လုပ်သူများသည် လူတစ်ယောက်၏ အရိပ်ကို ကြိုးဖြင့် တိတ်တဆိတ်တိုင်းတာ၍ ထိုကြိုးကို အုတ်မြစ်၏အောက်တွင်မြှုပ်၍ တည်ဆောက်ကြသည်။ အချို့ကမူ မသိနားမလည်သော သူကို အဆောက်အအုံဆောက်လုပ်ရာသို့ ခေါ်ငင်လာပြီး အုတ်မြစ်ချမည့်နေရာတွင် သူ့အရိပ်ကိုကျရောက်စေရန် ဖြားယောင်း၍ နေရောင်တွင် ရပ်ခိုင်းသည်လည်းရှိသည်ဟု သိရ၏။ ထိုနှစ်နည်းအနက် မည်သည့်နည်းဖြင့်လုပ်လုပ် အရိပ်ပိုင်ရှင်သည် ၁၂ လ အတွင်းသေဆုံး၍ သူ၏ဝိညာဉ်မှာ မြေကြီးထဲတွင် ချုပ်မိသွားကာ ဘုမ္မစိုးများကျေနပ်၍ အဆောက်အအုံ ပြီးမြောက်အောင်မြင်သည်ဟု အစွဲအလမ်းရှိလေသည်။ ဤအစွဲအလမ်းများကို ဆင်ခြင်ကြည့်လျှင် လူ၏အရိပ်သည် လူနှင့်တစ်နည်းမဟုတ်တစ်နည်း နီးစပ်စွာဖြစ်ပေါ်၍ အရိပ်ကို ကာယကံရှင်နှင့် ထပ်တူထပ်မျှ သဘောထားတတ်ကြကြောင်းကို တွေ့မြင်နိုင်လေတော့သည်။ သို့ဖြစ်သောကြောင့် ကျွန်ုပ်တို့ မြန်မာလူမျိုးများသည်လည်း ဘုန်းကြီး၏အရိပ်ကို မနင်းမိအောင် ရှောင်ကြဉ်ကြခြင်းသည် သံဃာတော်အပေါ်၌ ရှိသောသည့် စိတ်ထားနှင့် ရှေးက အစွဲတို့ ပေါင်းစပ်သွားခြင်းဟု ယူဆရပေ၏။

## သက်န်းနှင့်ထဘီ မထိကောင်း

ဤအစွဲမှာမူ ကန္တာရီအလှာနှင့် မသက်ဆိုင်လှဟု ထင်ပါသည်။ သင်္ကန်းသည် ရဟန်းသံဃာသုံးဖြစ်၍ မြင့်မြတ်၏။ အမျိုးသမီးမှာမူ မူလကပင် ယောက်ျားလောက် မမြင့်မြတ်



www.burmeseclassic.com

www.burmeseclassic.com

ဟူသော အစွဲအမှတ်ရှိရင်းစွဲဖြစ်သဖြင့် အမျိုးသမီးအသုံးအဆောင်ဖြစ်သော ထဘီမှာ ယုတ်နိမ့်သည်ဟု သဘောထားကြရာ မြင့်မြတ်သောသက်န်းနှင့် ယုတ်နိမ့်သော ထဘီတို့ မထိစေအပ်ဟူသည်မှာ ဘာသာရေးကိုင်းရှိုင်းသော ရှုထောင့်မှကြည့်လျှင် သင့်လျော်ပါသည်။ ထို့ပြင် ရဟန်းသံဃာဟူသည်မှာ အိမ်ရာမထောင်။ လူဘောင်နှင့် ကင်းကင်းရှင်းရှင်း သီတင်းသုံးနေသည့် ပုဂ္ဂိုလ်ဖြစ်၍ မာတုဂါမခေါ် အမျိုးသမီးများနှင့် ဝေးလေကောင်းလေ ဖြစ်ပါသည်။ သို့ဖြစ်ရာ ရဟန်းသံဃာ အသုံးအဆောင်ဖြစ်သည့် သင်္ကန်းနှင့် အမျိုးသမီးအသုံးအဆောင်ဖြစ်သော ထဘီတို့ ဝေးဝေးရှိစေရမည်မှာ သဘာဝကျလှပေတော့သည်။

## ကျောင်းပစ္စည်း အိမ်တွင်မသုံးကောင်း

ဤသည်လည်း ဘာသာရေးကို အခြေခံထားသော အစွဲအလမ်းဖြစ်ပါသည်။ ရဟန်းသံဃာဟူသည် ကိုယ်ပိုင်ပစ္စည်းရှိသူ မဟုတ်ပါ။ သို့ဖြစ်ရာ အလှူရှင်များက သံဃာတော်များကို ရည်စူး၍ လှူဒါန်းထားသောပစ္စည်းများကို မိမိ၏အိမ်တွင် ယူသုံးသည်ရှိသော် အပြစ်ရှိသည်မှာ သဘာဝကျပါ၏။ ဘာသာရေးကိုင်းရှိုင်းသူများ အထူးလိုက်နာသင့်ပါသည်။ ကန္တာရအတတ်မှာလည်း ဘာ သာရေးဆိုင်ရာ စွမ်းအင်များကို မှီခိုရသည့်အခါများလည်း ရှိပေရာ ကန္တာရီအလွှာမှာလည်း ဤအစွဲအလမ်းကို လေးစားလိုက်နာရသည်သာ ဖြစ်ပါ၏။

## ဆွမ်းတော်တင် မစားကောင်း

ဤအစွဲအလမ်းနှင့် ပတ်သက်၍ တော်တော်ကလေး ဆွေးနွေးရပေလိမ့်မည်။ ကျွန်ုပ်၏ အသိမိတ်ဆွေထဲတွင် ဘုရားဆွမ်းတော်ကို ဟင်းလျာများအပါအဝင် အသီးအနှံများဖြင့် ကျကျနန ကပ်လှူပြီးသော် အချိန်တန်သောအခါတွင် ဆွမ်းပွဲများကိုချ၍ စားသောက်ကြသည့်သူ အတော်များများရှိနေပါသည်။ သူတို့က နတ်ပွဲကောင်စားကြသေးတာ။ ဘုရားဆိုတာ နတ်ထက်မြတ်လို့ သာပြီးတောင် စားထိုက်သေးတယ်ဟု ဆိုကြ၏။ ကိုယ့်အယူအဆ ကိုယ့်ဖြေရှင်းချက်ဖြင့် ကိုယ်ပြုလုပ်ကြခြင်းဖြစ်သဖြင့် ကျွန်ုပ်သည် သူတို့ကို ဘာမျှမပြောလိုပါ။ ကျွန်ုပ်၏ ကန္တာရပညာဆိုင်ရာ ဥပဇ္ဈာယ်ဆရာဖြစ်သူ ပခုက္ကူအောင်(ခေါ်) ဆရာကြီးဦးအောင်ပြည့်အား ဤကိစ္စနှင့် ပတ်သက်၍ မေးမြန်းဖူးပါသည်။ ဆရာကြီးက ကျွန်ုပ်တို့အား ဆွမ်းတော်တင်မစားရဟု တားမြစ်ပါသည်။ အကြောင်းရင်းမှာ ကပ်လှူစဉ်က ဘုရားအားရည်စူး၍ ကပ်လှူသည်။ ဘုရားနှင့်ထိုက်တန်သော စားဖွယ်ကို လူအံနေဖြင့် မစားသင့်ဟုဆို၏။ ဘုဥ်းချင်းမတူ၍ မစားသင့်ကြောင်း ရှင်းပြပါသည်။ အာစက်လျှာစက် ညံ့တတ်ကြောင်းကိုလည်း ပြော၏။ သာဓကအားဖြင့် မနုဟာမင်းဖြစ်စဉ်ကိုပြသည့် ဦးကုလား၏ မဟာရာဇဝင်တော်ကြီး ပထမတွဲတွင် မနုဟာမင်းအကြောင်း အောက်ပါအတိုင်း ဖော်ပြထားသည်ကို ဖတ်ရှုရ၏။

မနုဟာမင်း ကိုလည်း မြင်းကပါ အရပ်၌ အလုပ်အကျွေးနှင့်တကွ တွေ့ရ၏။ ထိုမနုဟာမင်း အာနုဘော်သည်ကား စကားပြောသော် ခံတွင်းမှ ပြောင်ပြောင်ထွက်သောဟူ၏။ အနော်ရထာမင်းစောလည်း မနုဟာမင်း အဖူးအမြင် လာ၍ ဦးချသောအခါ ကြက်သီးမွေးညင်းထ၍ ထိတ်ထိတ်လန့်လန့် ရှိတော်မူချေ၏။ ရှည်လတ်သော် မနုဟာမင်း တုန်းတန်ခိုးအာနုဘော်ကို ညှံ့စေခြင်းငှာ မနောလင်ပန်းနှင့် စားတော်ပြင်ပြီး ဘုရားမှာတင်စေ၍ ထိုစားတော်ဖြင့် မပြတ် မနုဟာမင်းကို ကျွေးတော်မူ၏။ မနုဟာမင်းလည်း မစူးမစမ်း မဆင်မခြင် စားတော်ခေါ်လေ၏။ ရှည်လတ်သော် မိမိခံတွင်းမှထွက်သော စက်ရောင်သည် ကွယ်ခဲ့၏။ ထိုသို့ စက်ရောင်ကွယ်ရာတွင်မှ ငါကြံဖြားသော်လည်း မဖြစ်နိုင်ရာဟု နလုံးချေသောဟူ၏။ ယင်းသို့မှ သံဝေဂရသည်ဖြစ်၍ သံသရာဝယ် ကျင်လည်သရွေ့ သူနိုင်သည်ကို မဖြစ်လိုဟူ၍ ဘုရားဆက်ဝယ်တစ်ဆူ ပရိနိဗ္ဗာန်ပြုတော်မူဟန် ပေါင်းလည်းတစ်ဆူတည်တော်မူ၏။ ထိုဘုရားကို ယခုတိုင် အောင်မနုဟာဟူ၍ တွင်၏။

ဤသည်ကား ဦးကုလားရာဇဝင်က ဖော်ပြသော မနုဟာမင်း၏ အကြောင်းတည်း။ မည်သို့ပင်ဖြစ်စေ မိမိကပြန်၍စားမည်ဟူသော ကြိုတင်ဆုံးဖြတ်ချက်ဖြင့် ဆွမ်းတော်ကို ကောင်းမွန်လှသည့် ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်သည်ရှိသော် စေတနာဖြူစင်ထက်သန်မှုမှာ သံသယဖြစ်ဖွယ်ရာရှိပါသည်။ ထို့ကြောင့် စေတနာသန့်သန့်ဖြစ်စေရန် မိမိကပြန်၍ စားသောက်သည်မဟုတ်သော်လည်း ဘုရားရှင်တော်သို့ရည်စူး၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်းကား ဘဝင်ကျနစ်သက်ရာ ဖြစ်ပေသည်ဟူ၍ ကျွန်ုပ်ယူဆမိပါသည်။

သက်လုံ



www.burmeseclassic.com

www.burmeseclassic.com

# ဘေးရန်ကာဆီး ကြံတိုင်းပြီးကြစေ

■ ဇာဖြူပွင့်

မေလ၏ တစ်ခုသော ချုပ်ညရီမှာ မနန်းစံတစ်ယောက် မျက်နှာမသာမယာဖြင့် ကျွန်မအိမ်ရောက်လာသည်။ ဘုရားသောက်တော်ရေလဲ၊ ပန်းကပ်နှင့် ကျွန်မ အလုပ်ရှုပ်နေသည်။ ချက်ချင်း သူ့ကိုမမြင်။ ဘုရားခန်းနှင့်ဧည့်ခန်းက နံရံတစ်ချပ်ခြားမို့ မမြင်တာသေချာပါသည်။ သူကလည်း အသံမပေး။ ဘုရားမီးပူဇော်ဖို့ မီးခြစ်ထွက်ယူမှ ဧည့်ခန်းထဲမှာ သူထိုင်နေတာ တွေ့လိုက်ရသည်။

"လာသာ လာရတယ်။ အန်တီနဲ့တွေ့ပါ့မလား။ ခရီးသွားနေမလား။ တထိတ်ထိတ်နဲ့ လာရတာ။ အန်တီရှိနေသို့ တော်ပါသေးရဲ့"

"ခု ဘာကိစ္စတွေဖြစ်လာပြန်လို့လဲ။ နင့်ကိုမြင်လိုက်ရင် ဘယ်တော့မှ မသက်သာဘူး။ အရာရာ အကြောင်းကြောင်းတွေ ပလုံစီနေတာပဲ"

"အန်တီကလည်း ပြောရော့မယ်။ အားကိုးစရာ အန်တီပဲရှိတာကို။ ကိစ္စရှိ ပြေးမလာလို့ မေးစရာတို့ ဘယ်သူ့သွားမေးရမလဲလို့"

သနားဖွယ်ရာ မျက်နှာငယ်လေးနဲ့ ဆိုလာပြန်တော့ ကျွန်မရင်ထဲမှာ သူ့ကို ကရုဏာသက်ရပြန်ပေသည်။

"ခုတလော အိမ်မှာ အငယ်ကောင်လေးက ညညကောင်းကောင်း မအိပ်ဘူး။ လန့်လန့်နေတယ်။ အရောင်းအဝယ်ပါးလို့ စားဝတ်နေရေးလည်း အဆင်မပြေဘူး။ သူများတွေရဲ့ အတိုက်အခိုက် အနှောင့်အယှက် လုပ်ထားတာတွေ ရှိနေမှာ။ အဲဒါတွေကလည်း တစ်မှောင့်။ ဈေးရောင်းကသော ချက်ပြုတ်လျှော်ဖွပ် တစ်နေ့တစ်နေ့ ဝလချိုးကို ညည်နေတာပဲ။ အန်တီ့ဆီတောင် ခုမှလာရတာကြည့်"

"ပြောစရာ ကုန်ပြီလား။ နောက်ထပ် ဘာပြဿနာတွေ ရှိသေးလဲ"

"အရေးတကြီး ပြောစရာက အငယ်ဆုံးကောင်ကို သူများနှောင့်ယှက်ထားတယ် မှတ်တယ်။ သိပ်မသက်ာလို့ အန်တီ့ဆီ သမီးလာတာ"

မနန်းစံရောင်းတာက ကြက်သား၊ ငါးမိုးစုံ။ နှုတ်ဝစီက ခပ်ကြမ်းကြမ်း။ သူ့ဆိုင်မှာ ဝယ်လိုက်သော အသားငါးတို့ကို ပြန်ချိန်ကြည့် အလေးကမပြည့်။ မပြည့်တာ သွားမပြောလေနဲ့။ သူက ဝယ်သူကို ရန်ပြန်တွေ့တာ။ သူ့အသံက ကက်ကက်လန် စွာတေးလန်ကို ကြောက်ကြသည်။ ဓာတ်သိတွေ သူ့ဆီမှာ မဝယ်ကြ။ သိပ်မကြာသေးခင်က အလှူခံတစ်ဖွဲ့ လှူငယ်လေးတွေပါ။ ဈေးထဲမှာ အလှူခံရင်း စွာတေးလန်သီချင်းကို သူ့ဆိုင်နားမှာ ထပ်တလဲလဲဖွင့်၍ ငါးခုတ်ဓားမကြီး တရွယ်ရွယ်နှင့် ရန်လိုက်တွေ့တာမို့ သူ့နာမည်ကို စွာတေးလန်ဘွဲ့ ရသွားသည်။

သည်လောက် အာကြမ်းလျှာကြမ်း နှုတ်သီးကောင်းနေမှ သူ့ကို မုန်းတီးသူ၊ မလိုသူတွေ အများကြီးရှိမှာပေ့ါ။ လူမတတ်ပေးမယ့် လက်ဖက်ထုပ်ဘာဝ်သူတွေ ဒုနဲ့ဒေး။ ဆရာသည်၊ ပညာသည်တွေ ငွားမလုပ်ဟု မပြောနိုင်။ မနန်းစံကို ဘာလုပ်ပေးရင်ကောင်းမလဲ အမြန်တွေးရ၏။ အပြင်မှာ မှောင်ရီပျိုးစပြုလာပြီ။ ကျွန်မကလည်း ဘုရားရှိခိုး ပုတီးစိပ်ရဦးမည်။

"နန်းစံ. . .နင် ညတိုင်း ဘုရားရှိခိုးပြီးမှ အိပ်တယ်မဟုတ်လား"

"သမီး မနက်ည ဘုရားရှိခိုးပါတယ် အန်တီရယ်။ လုပ်ကိုင်စားသောက်ရတာက အကုသိုလ်အလုပ်ဖြစ်နေလို့ ဘုရား၊ တရားကို မမေ့ပါဘူး။ ဝတ်မပျက်အောင် ဂရုစိုက်ပါတယ်"

"အေးပါ အေးပါ။ အဲဒါဆို မနက်ည ဘုရားရှိခိုးပြီးရင် ပရိတ်ကြီး ၁၁ သုတ်ကို မနက် ၁၁ ခေါက်၊ ည ၁၁ ခေါက်ရွတ်။ တစ်လလောက် ဆက်တိုက်ရွတ်။ ဒါဆို နင်ကြုံ



www.burmeseclassic.com

www.burmeseclassic.com

တွေ့နေရတဲ့- ပြဿနာတွေ ရှင်းသွားသိမ့်မယ်"

"တခြား အဆောင်ယတြာတစ်ခုခု ပေးလိုက်ပါလား အန်တီရယ်။ သမီးမှာ မနက်ဈေးရောင်းရ၊ ဈေးကြိုရ၊ ဈေးကပြန်ရောက် ဟင်းချက်ပြုတ်ရ၊ ပရိတ်ကြီး ၁၁ သုတ်ကို ဘယ်အချိန်သွားရွတ်ရမှာလဲ။ မေတ္တာသုတ်တစ်ပုဒ်ကိုတောင် မနည်းရွတ်ရတာ။ ၁၁ သုတ်ဆို ပြီးပါလေရော။ သမီးမရွတ်နိုင်ဘူး အန်တီရဲ့"

ကျွန်မသည် နန်းစံကို ပြုံးစစဖြင့် ကြည့်နေဖြစ်သည်။ ရင်ထဲကနေ စကားလုံးတချို့ ပလုံစီနေသည်။ နှုတ်က ဖွင့်မပြောဖြစ်ပါ။ အကယ်၍သာ သည်ပရိတ်၊ သည်ဂါထာကို ရွတ်ပါ ရွှေတစ်ဆယ်သားလောက် ကျိန်းသေရမည်ဟု ပြောကြည့် ကြိုးစားအားခဲ၍ ပါးစပ်က အမြုပ်တွက်မတတ် ရွတ်လိုက်ကြမည်။ ဘမျိုးမိုးလုံးညံ့ရမည်ဖြစ်သည်။ လူတွေ လူတွေ ဘုရားစာရွတ်ရမယ်ဆို တွန့်ခနဲ ဖြစ်သွားကြပြီး ဝန်ထုပ်ဝန်ပိုးကြီး ခေါင်းပေါ်ရွက်လိုက်ရသလို ဖြစ်ဖြစ်သွားကြသည်။

"ခက်လိုက်တာ နန်းစံရယ်။ နင်က ဥပုသ်ဆိုရင် ပြီးတာမျိုး ဘာလေးဆောင်လိုက်ဆို သဘောတွေကျပြီး အလွယ်လက်ခံကြ လုပ်ချင်ကြတယ်။ မြတ်စွာဘုရားရဲ့ နှုတ်ကပတ်တော်ဖြစ်တဲ့ ဂုဏ်တော်၊ ပရိတ်ရွတ်ရမယ်ဆို မလုပ်ချင်ကြဘူး။ အဲဒါကိုက မှားနေတာ။ နင့်ကို ပရိတ်ရွတ်ခိုင်းတာလေးနဲ့ နင်တောင် တွန့်ခနဲဖြစ်နေပြီ။ မပြောကောင်း မဆိုကောင်း နင့်ကိုယ်မှာ၊ နင်တို့အိမ်ထဲ၊ ခြံထဲမှာ မကောင်းဆိုးဝါး နာနာဘာဝ၊ တစ္ဆေသရဲတွေ ကပ်ငြိနှောင့်ယှက်နေတယ်ဆိုရင် ပရိတ်ကြီး ၁၁ သုတ်ကို နေ့ည ရွတ်ကြည့်လိုက်စမ်းပါ။ အဲဒီ မကောင်းဆိုးဝါးတွေက နင်ရွတ်တဲ့ ပရိတ်တရားသံကြားတာနဲ့ နင့်ကို တော့တာ ဘိုင့်ဘိုင်လို့တောင် နှုတ်မဆက်နိုင်ဘူး သေပြေးရှင်ပြေး ပြေးကြမှာ"

ပရိတ်ကြီး ၁၁ သုတ်ရွတ်ရမှာ အတော်ကြီး ဝန်လေးနေသော်လည်း သူကြုံတွေ့ရင်ဆိုင်နေရတာတွေနှင့် နှိုင်းယှဉ်ပြီး ကျွန်မ ရွတ်ခိုင်းတာ ရွတ်ဖို့ ဆုံးဖြတ်လိုက်ဟန်တူပါသည်။

"သမီးအတွက် အကောင်းဆုံးဖြစ်မယ်ထင်လို့ အန်တီ ရွတ်ခိုင်းတာပဲလေ။ သမီး ကြိုးစားရွတ်ပါ့မယ်"

ဘေးရန်ကာကြီး ကြံ့တိုင်းပြီး ပရိတ်ကြီး ၁၁ သုတ်ကို အတိုချုပ်ကိုရေးပြီး မိတ္တူကူးထားရာ မနန်းစံကို တစ်ရွက် ပေးလိုက်သည်။ ပထမ သူ့ အီလည်လည်နှင့် ရွတ်ရန်ဝန်လေးနေခြင်းမှာ ပရိတ်ကြီး ၁၁ သုတ်ထဲကအတိုင်း အရှည်ကြီးတွေ ရွတ်ရမှာ မှတ်နေခြင်းကြောင့်ပင်။

"အန်တီရယ်…သမီးက ပရိတ်ကြီး ၁၁ အရှည်ကြီးတွေကို ၁၁ ခေါက်ရွတ်ရမှာ မှတ်လို့ စိတ်ညစ်နေတာ။ သည့်လိုလေး ရွတ်ရမှာဆို သမီးက မနက်ည ၁၁ ခေါက်မက ရွတ်နိုင်တယ်။ ကျေးဇူး‌ပဲ အန်တီရယ်။ ခုညကစပြီး သမီး ရွတ်ပါ့မယ်။ သမီး ပြန်လိုက်ဦးမယ်နော်"

ပြောပြောဆိုဆိုနှင့် ကျွန်မကို နှုတ်ဆက်ပြီး မနန်းစံ ပြန်သွားသည်။

ကျွန်မလည်း ဘုရားရှိခိုးချိန်က အနည်းငယ် နောက်ကျသွားပြီမို့ ဘုရားသောက်တော်ရေချမ်း၊ ပန်း၊ ဆီမီးတို့ ကပ်လှူလျက် မြတ်စွာဘုရားကို ရှိခိုးပူဇော်ရဦးမည်။ နေ့စဉ်မပျက် ရွတ်ဖတ်နေကျ ပရိတ်ကြီး ၁၁ သုတ် အတိုချုပ်ကို ဘေးရန်ကာဆီး ကြံ့တိုင်းပြီးစေဖို့ ရွတ်ဖတ်ရပါဦးမည်။ ဘုရားဟော ဒေသနာမှာ ကံသာလျှင် အမိ၊ ကံသာလျှင် အဖ ဆိုထားသည် မဟုတ်ပါလား။

ဘေးရန်ကာဆီး ကြံ့တိုင်းပြီး ပရိတ်ကြီး ၁၁ သုတ်

၁။ မင်္ဂလသုတ္တံ မဟာတေဇံ မံရက္ခတု။
၂။ ရတနသုတ္တံ မဟာတေဇံ မံရက္ခတု။
၃။ မေတ္တသုတ္တံ မဟာတေဇံ မံရက္ခတု။
၄။ ခန္ဓသုတ္တံ မဟာတေဇံ မံရက္ခတု။
၅။ မောရသုတ္တံ မဟာတေဇံ မံရက္ခတု။
၆။ ဝဋ္ဋသုတ္တံ မဟာတေဇံ မံရက္ခတု။
၇။ ဓဇဂ္ဂသုတ္တံ မဟာတေဇံ မံရက္ခတု။
၈။ အာဋာနာဋိယသုတ္တံ မဟာတေဇံ မံရက္ခတု။
၉။ အင်္ဂုလိမာလသုတ္တံ မဟာတေဇံ မံရက္ခတု။
၁၀။ ဗောဇ္ဈင်္ဂသုတ္တံ မဟာတေဇံ မံရက္ခတု။
၁၁။ ပုဗ္ဗဏှသုတ္တံ မဟာတေဇံ မံရက္ခတု။
သဗ္ဗ ပရိတ္တံ အမှာကံ၊ သီဃံ ရက္ခတု။

---

ဇာဖြူမွှေး

---



www.burmeseclassic.com

www.burmeseclassic.com

# တခဝထဲဂာ သမ္ဗုဒ္ဓေ

## ကျော်ဇင်သွေး (သာယာရွှေပြည်ဟိန်း)

ဆရာကြီး ဦးမောင်မောင်မြင့်အေးနှင့် ဆရာမကြီး ဒေါက်တာစောယုနွယ်တို့ ဦးဆောင်ဖွင့်လှစ်သော အဘမင်းသိခ်၏ ပညာအမွေလက်ဆင့်ကမ်းပွဲ ဗေဒင်သင်တန်း တက်စဉ်က ဆရာကြီး ဦးမောင်မောင်မြင့်အေးမှ ဘာသာရေး သိမှတ်ဖွယ်ရာများကို သင်ကြားပေးပါ၏။ ဆရာသင်ပေးသော အကြောင်းအရာများတွင် သီလ၊ သမာဓိ၊ ပညာအကြောင်း နေရာမှန်၊ အချိန်မှန်၊ ဂါထာမှန်၊ ဆုတောင်းမှန် စသည့် မှန်လေးမှန်အကြောင်းများအပြင် ဂါထာတော်များအကြောင်း လည်း ပါဝင်လေ၏။

ဆရာက ဂါထာတော်များအကြောင်း သင်ကြားသော အခါ စိတ်ဝင်တစား မှတ်သားနားထောင်ပြီး သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီး၏ အစွမ်းထက်မြက်ပုံကို သတိရလိုက်မိ၏။

ထို ဂါထာတော်မြတ်ကြီး၏ အကျိုးပေးကြီးမားပုံကား ကျွန်ုပ်၏ဘဝတွင် မည်သည့်အခါမျှ မေ့လိမ့်မည် မဟုတ်ပေ။ မေ့အပ်သောအကြောင်း မဟုတ်၍ မေ့လို့လည်း ရမည် မဟုတ်ပါ။ ထိုအကြောင်းကား ကျွန်ုပ် လူလိမ်ခံရသော အကြောင်းဖြစ်ပြီး ထိုအကြောင်းကို ကျွန်ုပ်၏ ငယ်ပေါင်း သူငယ်ချင်းများနှင့် ဆုံမိတိုင်း မကြာခဏ ပြောပြမိသော အကြောင်းလည်းဖြစ်ပါ၏။

လွန်ခဲ့သော အနှစ် ၂၀ ခန့်က ဖြစ်၏။ ကျွန်ုပ် ရေတ်သီးအရောင်း အဝယ်လုပ်ငန်း လုပ်နေစဉ်က ရှိသမျှ အရင်းငွေများအားလုံး လူလိမ်ခံရခြင်း ဖြစ်ပါ၏။ ထိုစဉ်က လူယုံသတ်၍ ရှိသမျှငွေရင်းအားလုံး လူလိမ်ခံရစဉ် လိမ်သွားသော လူငယ်တစ်ဦးအပေါ်တွင် ကြီးစွာသော ဒေါသအမျက်များ ထွက်ခဲ့မိပါ၏။ ယခု အသက်အရွယ်ရလာပြီး ဘာသာတရားများ မွေ့လျော်လာသောအခါ ဆင်းရဲဒုက္ခရောက်ခြင်းသည် အကုသိုလ်၏ အကျိုးပေးချိန်ဖြစ်ပြီး အဆင်ပြေချောမွေ့နေခြင်းသည် ကုသိုလ်၏ အကျိုးပေးချိန်ဖြစ်ကြောင်း ရိပ်စားမိခဲ့ပါ၏။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဆိုဆုံးမမှုကိုလည်း သတိရမိ၏။

တစ်ညတွင် ဆရာတော်ကြီး၏ တရားပွဲမှရသော သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်း အစုလိုက်အပုံလိုက်ကို ရှိသမျှအကုန် သူခိုး ခိုးသွားသည်ဟုဆို၏။ ဆရာတော်ကြီး၏ အနီးနေ တပည့်များက ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားရန် လျှောက်သောအခါ ဆရာတော်ကြီးက -

"တော်ကြပါ မောင်တို့ရာ။ ငါ ဘဝတစ်ခုခုက သူများ ပစ္စည်းခိုးခဲ့တယ်ဆိုတာ လူသိရှင်ကြား ဖော်ထုတ်သလို ဖြစ်နေပါ့မယ်"ဟု မိန့်တော်မူခဲ့လေ၏။

ကျွန်ုပ်မှာလည်း လူလိမ်ခံရခြင်းသည် လောကီအလိုအရ လူကဲခတ်ညံ့သောကြောင့်ဟု ဆိုရပါမည်။ လောကုတ္တရာအလိုအရ ပြောရပါမူ ရှိသမျှငွေများ အလိမ်ခံရသည်မှာ သံသရာတစ်လျှောက် ကျင်လည်ခဲ့ရာ ဘဝတစ်ခုခုတွင် သူတစ်ပါးပစ္စည်းကို လိမ်လည်ခဲ့ဖူးသောကြောင့် ဖြစ်လိမ့်မည်ဟု တွေးရင်း ပြုံးမိပါသေး၏။

ငွေအလိမ်ခံရစဉ်က ပါဝင်ကူညီခဲ့သော ဒုရဲအုပ်စခန်းမှူးသည် မြို့နယ်ရဲ တပ်ဖွဲ့မှူးဘဝနှင့် ပင်စင်ယူသွားပြီဖြစ်၏။ ထိုစဉ်က အသက် ၂၀ ကျော်အရွယ် ကိုကိုမောင်ဆိုသော လူငယ်လေးသည် ယခု အသက် ၄၀ ကျော်ဖြစ်နေပြီး ထိုစဉ်က ကျွန်ုပ်နှင့်အတူ ငွေလိမ်သူများကို လိုက်လံရှာဖွေပေးရာသော သူငယ်ချင်း ကိုမြသန်းသည်လည်း ကျွန်ုပ်နှင့်ရွယ်တူ အသက် ၅၀ ကျော်အရွယ် လူကြီးတစ်ယောက်အဖြစ် ကျန်းကျန်းမာမာနှင့် ရှိနေပါ၏။ ကျွန်ုပ်ထံမှ ငွေများ လိမ်သွားသော မောင်အေးလွင်မှာ မကြာခင်က ဆုံးပါးသွား



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း သိရ၏။

မောင်အေးလွင်နှင့် အဖော်လူ ငယ်နှစ်ယောက်သည် ကျွန်ုပ်အား နေ့စဉ် ငရုတ်သီးများ ဝယ်...။ နံနက်ပိုင်းတွင် ကျွန်ုပ်ထံမှ ငွေများထုတ်ယူသွားကြပြီး တောရွာများသို့ ကုန်ဝယ်သွားကြ၏။ ညနေပိုင်းရောက်လျှင် ကျွန်ုပ်အား ကုန်များလာပေး ငွေအပိုအလိုရှင်းစနစ်ဖြင့် ၎င်းလူငယ်များနှင့် ဆက်ဆံနေသည်မှာ နွေရာသီတစ်ခုလုံး ဖြစ်၏။ နှစ်ဦးနှစ်ဖက် အဖုအထစ်မရှိ အဆင်ပြေနေကြ၏။ အဆင်မပြေသောနေ့မှာ ငွေများထုတ်ယူသွားသော်လည်း ကုန်ပစ္စည်းများလည်း လာမပေး၊ လူလည်းပျောက် နှစ်ရက်သုံးရက်ကြာမှ အေးလွင်တို့ လိမ်သွားကြပြီဖြစ်ကြောင်း သိရလေ၏။

ကျွန်ုပ်နှင့် သူငယ်ချင်းကိုမြသန်းတို့သည် အေးလွင်၏ မိသားစုများ၊ ၎င်းတို့ရှိနိုင်သည့်နေရာများကို လိုက်လံရှာဖွေကြသော်လည်း ရေထဲတွင် ငါး၏ခြေရာကို ရှာရသကဲ့သို့ အစအနပင်မတွေ့ခဲ့ပါ။ စခန်းမှူးဦးလှမြင့်မှာ မိမိနှင့် ရင်းနှီးနေသူဖြစ်သောကြောင့် အကြောင်းစုံ ပြောပြသောအခါ -

"ဒါ ဖိုးတွမ်ကီးအစစ်ပဲဗျ။ ခင်ဗျား အမှုဖွင့်မယ်ဆိုရင်တော့ ဖမ်းရမှာပဲ။ ဖမ်းရင်လည်း ထောင်ကျဖို့တော့ သေချာတယ်ဟု ဆိုလေ၏။

ကျွန်ုပ်သည် ဦးလှမြင့်စကားကို နားထောင်ပြီး တွေ၍ စဉ်းစားနေ၏။ ထိုသူငယ်တို့သည် ငရုတ်သီးဝယ်ရန် ငွေများကို လမ်းတွင် ဖဲဝိုင်းတွေ၍ ဝင်ရောက်ကစားကြသောကြောင့် ကုန်သွားခြင်းဖြစ်ကြောင်း သတင်းကြားရ၏။ မိမိနှင့် တစ်မြို့တည်းသားများလည်းဖြစ်၏။ ငွေများကိုလည်း ပြန်လျော်ပေးနိုင်ခြေမရှိသော လက်လုပ်လက်စားများသာ ဖြစ်ကြ၏။

မိမိငွေလည်း ပြန်မရ၊ သူတို့လည်း ထောင်ကျ၊ အမှုတွေလည်းဖြစ်၊ အကောင်းတစ်ခုမှမတွေ့၊ တောက်ခါစမီးကို ဘာပြီးမာတ်ဆီလောင်းသလို ဖြစ်မှာပါပဲဟု တွေးမိသောကြောင့် ရဲစခန်း၌ အမှုဖွင့်ခြင်း မပြုခဲ့ပါ။

ထိုစဉ်က ရွှေတစ်ကျပ်သား ပေါက်ဈေးမှာ နှစ်သောင်းကျော်ခန့်လောက်သာ ရှိသောကြောင့် ငွေတစ်သိန်းခွဲခန့်သည် တန်ဖိုးရှိသည်ဟု ဆိုရပေမည်။ ထိုငွေလေးနှင့် ငရုတ်သီးဝယ်၍ ရန်ကုန်ရှိ ဘုရင့်နောင်ပွဲရုံသို့ တင်ပို့နိုင်သော ကုန်သည် ပေါက်စလုပ်နိုင်သည့် ငွေဖြစ်၏။

မိုးကျစကာလ ကျွန်ုပ်၏ လူမမည်ကလေးသုံးယောက်မှာ ကျောင်းအပ်ရတော့မည်ဖြစ်၏။ ငရုတ်သီးရာသီချိန်လည်းကုန်ပြီ။ လုပ်စရာအလုပ်လည်းမရှိ၊ ငွေရင်းလည်းမရှိ၊ ကျွန်ုပ်မှာ အလွန်အမင်း စိတ်တုန်လှုပ်ချောက်ချားလျက်ရှိပါတော့၏။ ထိုင်မရ ထမရ၊ စားမဝင် အိပ်မပျော်၊ ကြီးစွာ ဒုက္ခကို ခံစားနေရလေတော့၏။ ထိုခံစားမှုနှင့်အတူ ဘာလုပ်ရမလဲ ဘယ်လိုလုပ်ရ မလဲဟု ထပ်တလဲလဲတွေးနေရင်း အရေးကြုံလျှင် ရတနာမြတ်သုံးပါးကို သတိရလေ့ရှိသော ဗုဒ္ဓဘာသာဝင်တို့၏ ထုံးစံအတိုင်း ကြားဖူးနားဝရှိသော သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးကို သတိရလိုက်၏။

ကျွန်ုပ်သည် သမ္ဗုဒ္ဓေဂါထာတော်ကို အလွတ်ရထားသော်လည်း အနက်အဓိပ္ပာယ်ကိုတော့ မသိခဲ့ပါ။

သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကြီးသည် ယုံကြည်စွာ ရွတ်ပွားလျှင် အချုပ်အနှောင်ကျနေသူများပင် လွတ်မြောက်နိုင်သည်ဟု ဆိုကြရာ မိမိ၏ စားဝတ်နေရေး အခက်အခဲလောက်ကော့ ကယ်တင်ပေးနိုင်မှာ သေချာတယ်ဟု တွေးမိသောကြောင့် နေ့စဉ် သမ္ဗုဒ္ဓေဂါထာတော်မြတ် တစ်ထောင်တိတိကို ကိုးရက်တိုင်တိုင် မပျက်မကွက် ရွတ်ပွားရန် ဆုံးဖြတ်လိုက်လေတော့၏။

ရှင်ဇွဲတော် မြတ်ဘုရားအား သောက်တော်ရေနှင့် အလင်းတိုင်များ ကပ်လှူပူဇော်ပြီး ဘုရားဝတ်ပြု သီလဆောက်တည်ကာ အဓိဋ္ဌာန်ပြုလိုက်၏။

ဘုရားတပည့်တော်သည် သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးအား နေ့စဉ် တစ်ထောင်တိတိ ကိုးရက် မပျက်မကွက် ရွတ်ပွားပူဇော်ပါမည်ဘုရား။ ဤကောင်းမှုကြောင့် ဘုရားတပည့်တော် ရင်ဆိုင်နေရသော ငွေကြေးအခက်အခဲသည် ပြေလည်ရပါလို၏ဘုရား။

အဓိဋ္ဌာန်ပြုသည့်အတိုင်း ကျွန်ုပ်သည် နေ့စဉ် သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကြီး တစ်ထောင်ခေါက်ရအောင် ကြိုးစား၍ ရွတ်ပွား၏။ ရွတ်ပွားပြီးတိုင်း ၃၁ ဘုံရှိ ဝေနေယျများအား အမျှဝေ၏။ သစ္စာပြု၏။

ကျွန်ုပ်၏ ခုနှစ်တန်း၊ ငါးတန်း၊ နှစ်တန်း က...



www.burmeseclassic.com

www.burmeseclassic.com

ငယ်များသည် ကျောင်းတက်ရန် တပြင်ပြင်ရှိနေကြ၏။ ဇနီးသည်ကား မှိုင်တွေနေ၏။ ယောက္ခမကြီးကား တဖျစ်တောက်တောက် မြည်တွန်တောက်တီးနေ၏။ "ပူမနေပါနဲ့ အဆင်ပြေသွားမှာပါ"ဟု ဇနီးသည်ကို အားပေးရင်း ကျွန်ုပ်ကား မတည်ငြိမ်သောစိတ်နှင့် ဘုရားရှင်ကိုသာ အာရုံပြုနေမိပါတော့၏။

သမ္မုဒ္ဒေ ဂါထာတော်မြတ်ကြီးအား နေ့စဉ် ခေါက်ရေတစ်ထောင်ရွတ်ပွားရာ သုံးနာရီခွန်းစွန်းကြာ၏။ ကျွန်ုပ်သည် ထိုအချိန်က အသက် ၃၀ ကျော်အရွယ် လူငယ်သာဖြစ်သောကြောင့် ညောင်းညာကိုက်ခဲခြင်း မရှိသည်ကို သတိထားမိ၏။

ယခု အသက် ၅၀ ကျော်အရွယ်တွင် သုံးနာရီကျော်လောက် တစ်ဆက်တည်းထိုင်ရမည်ဆိုလျှင် အလွန်ခက်ခဲပေလိမ့်မည်။ ညောင်းညာသည့်ဒဏ်ကို ခံနိုင်မည်မဟုတ်ဟု တွေးမိ၏။

ထိုအတွေးနှင့်အတူ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် တရားရှာဟူသော ဆိုရိုးစကားသည် ရာနှုန်းပြည့် မမှန်လောက်ဟု စဉ်းစားမိ၏။

နုပျိုသန်မာသော အချိန်တွင် တရားရှာပါ။ ကျန်းမာသန်စွမ်းနေသည် ဖြစ်သောကြောင့် ပို၍လျင်မြန်စွာ လွယ်ကူစွာ တရားရနိုင်မည်ဖြစ်၏။ ထို့ကြောင့် တရားဘာဝနာအလုပ်ကို တတိယအရွယ်ရောက်မှ ရှာဖွေရမည်ဟု တရားသေတွက်မထားဘဲ ငယ်ရွယ်နုပျိုစဉ်ကပင် ပညာရှာရင်း၊ ဥစ္စာရှာရင်း တရားကိုလည်း ပူးတွဲရှာဖွေနေသင့်ပါကြောင်း တွေးမိပါ၏။

သမ္မုဒ္ဒေဂါထာတော်မြတ်ကြီး၏ အကျိုးကျေးဇူးကို ဆက်လက်ဖော်ပြပါတော့မည်။

ကျွန်ုပ်သည် သမ္မုဒ္ဒေဂါထာတော်မြတ်ကြီးအား နေ့စဉ် ခေါက်ရေတစ်ထောင်ရသည်အထိ ယုံကြည်အားကိုးစွာ ရွတ်ပွားပူဇော်လာရာ ခုနစ်ရက်မြောက်သောနေ့ကို ရောက်ပြီဖြစ်၏။ မတည်မငြိမ်သောစိတ်များလည်း အတော်အတန် ငြိမ်သက်တည်ကြည်မှုရလာသောကြောင့် နေအိမ်ရှေ့တွင် ထိုင်နေစဉ် တစ်မြို့တည်းနေ ကိုကိုမောင်ဆိုသော လူငယ်လေးသည် စက်ဘီးကိုတွန်းရင်း ကျွန်ုပ်၏ နေအိမ်ခြံဝင်းထဲသို့ ဝင်ရောက်လာလေ၏။ ကိုကိုမောင်မှာ အသက် ၂၀ ကျော်အရွယ် လူငယ်လေးသာဖြစ်ပြီး ငရုတ်သီးအရောင်းအဝယ်လုပ်သူဖြစ်၏။ လူချင်းသိသော်လည်း ရင်းနှီးကျွမ်းဝင်မှုမရှိ။ ကျွန်ုပ်ထံသို့လည်း ရံခါမျှပင် လာဖူးသူမဟုတ်သောကြောင့် -

"ညီလေး ဘယ်လဲကွ"ဟု ကျွန်ုပ်ကမေးရာ "ဦးမောင်ကို ပြောမလို့ ဦးလူခွေး စီထဲမှာ ငရုတ်သီးဖလံကျားတွေ တော်တော်များတယ်။ တော်တော်လည်းကောင်းတယ်။ ကျွန်တော့်ကိုခေါ်ပြတာ စိတ်မဝင်စားတာနဲ့ အစ်ကိုများ စိတ်ဝင်စားမလားလို့ လာပြောတာ"ဟု ဆိုလေ၏။

ကျွန်ုပ်သည် ငရုတ်သီးဟူသော အသံကို ကြားလိုက်သည်နှင့် ထမင်းဆာနေသူ ကြက်သားဟင်းနံ့ကို ရလိုက်သကဲ့သို့ ဆတ်ခနဲ ခေါင်းထောင်သွားပြီး "ဟုတ်လား။ စိတ်ဝင်စားတာပေါ့။ ငါသွားကြည့်လိုက်မယ်"ဟု ပြောစဉ် ကိုကိုမောင်လည်း စက်ဘီးလေးကိုတွန်း၍ ခြံထဲမှ ပြန်ထွက်သွားတော့၏။

ငရုတ်သီးတွင် အကောင်းနှင့် ဖလံဖြူဟုရှိရာ ငရုတ်သီးတောင်သူများက ငရုတ်သီးမရောင်းမီ ဖလံဟုခေါ်သော အဖြူကွက်ပါသည့် ငရုတ်သီးများကို ရွေးထုတ်ဖယ်ရှားရပါ၏။ ၎င်းဖလံငရုတ်သီး၏ဈေးမှာ ငရုတ်သီးအကောင်းဈေး၏ သုံးပုံတစ်ပုံဈေးလောက်သာ ပေါက်၏။

ကျွန်ုပ်သည် ကိုကိုမောင်လာ ပြောပြီး ခဏအကြာသည်နှင့် တရုတ်လူမျိုး ဦးလူခွေးထံထွက်လာခဲ့၏။ ဦးလူခွေး၏သားများက ၎င်းတို့မှာ အလွန် အလုပ်ရှုပ်နေ၍ "စီ" ထဲမှ ငရုတ်သီးများကို မြန်မြန်ရောင်းချင်ကြောင်း ပြောကြ၏။ ငရုတ်သီး"စီ"ထဲသို့ လှမ်းလော၍ကြည့်လိုက်သောအခါ အနီများသော ဖလံငရုတ်များကို တွေ့ရလေ၏။ ကျွန်ုပ်သည် ငရုတ်သီးအကြောင်းကို သိထားသူဖြစ်သောကြောင့် မြင်လိုက်သည်နှင့် ထိုဖလံငရုတ်များကို အလွန်သဘောကျနေမိတော့၏။ အဖြူရောင်နည်း၍ အနီရောင်များခြင်း၊ ငရုတ်သီးအတောင့်ကြီး ထွားခြင်းတို့ကြောင့် သဘောကျမိခြင်းဖြစ်၏။

ဈေးမေးကြည့်သောအခါ -



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုပဲ ဈေးပြောပါ" ဟု ဆိုသောကြောင့် ရန်ကုန် ညောင်ပင်လေးဈေးမှ ရေတ်ဖလံဈေးကို သိထားသော ကျွန်ုပ် က ကိုးထောင်ဈေးလောက်တော့ ပေါက်တယ်ဟုဆိုရာ တရုတ်ညီအစ်ကိုများက တစ်သောင်းဈေးလောက်ထားရန် ပြောကြပါ၏။

ထိုစဉ်က ရန်ကုန်ပေါက်ဈေးမှာ တစ်သောင်းငါး ထောင်ကျပ်ဈေး ဖြစ်သောကြောင့် ၎င်းတို့ပြောသော တစ် သောင်းဈေးနှင့်ပင် အရောင်းအဝယ် ဖြစ်သွားခဲ့ပါ၏။

ရေတ်သီးအားလုံး၏ အလေးချိန်မှာ တစ်ထောင် ကျော်သည်ဖြစ်သောကြောင့် တစ်ဖြတ်လျှင် အိတ် ၃၀ စီ နှစ်ဖြတ်ယူမည်ဟုပြောရာ အားလုံးက သဘောတူကြပါ၏။

တစ်မြို့တည်းသားများ ဖြစ်သောကြောင့် ကုန်ဖိုးငွေ ကို ပေးချေရန်မလို။ စရန်ငွေပေးရန် လိုသောကြောင့် မိတ် ဆွေတစ်ဦးထံမှ ငွေနှစ်သောင်းကျပ် ခေတ္တလှည့်၍ စရန် အဖြစ် ပေးထားလိုက်ပါ၏။ ရေတ်သီးအိတ် ၃၀ ခန့်ချိန် ပြီး ဇနီးသည်ကို ညောင်ပင်လေးဈေးမှာ တစ်သောင်းခွဲဈေး ပေါက်တယ်။ ရန်ကုန်ရောက်တာနဲ့ ဈေးအတက်အကျသိရ အောင် ဖုန်းဆက်ဖြစ်အောင်ဆက်ပါဟု မှာရ၏။ ညောင်ပင် လေးဈေးတွင် ကျွန်ုပ်၏ ရေတ်သီးပို့နေကျ ဖောက်သည်များ ရှိသောကြောင့် ဇနီးသည်တစ်ယောက်တည်း လွှတ်လိုက်ရ သော်လည်း စိတ်ပူပင်မှုမရှိပါ။ ရေတ်သီးအိတ်များနှင့် ဇနီး သည်ကို ရောဝတီသင်္ဘောနှင့် တင်ပေးလိုက်ပြီး ကျွန်ုပ် သည်လည်း မိမိရှတ်ပွားနေသော သမ္ဗုဒ္ဓေဂါထာတော်မြတ် ကြီးကို ကိုးရက် အဓိဋ္ဌာန်မပျက်ရအောင် ဆက်လက်ရွတ် ပွားပူဇော်နေမိပါတော့၏။

နောက်တစ်နေ့ နေ့လယ် လောက်တွင် ဇနီးသည်မှ ပေါက်ဈေး တစ်သောင်းခွဲဖြစ်ကြောင်း၊ ရေတ်သီးများ ရောင်း ပြီးဖြစ်ကြောင်း၊ ငွေများလည်း အကျေအလည်ရကြောင်း၊ ကျန်ရေတ်သီးများကိုလည်း ဆက်လက်၍ ချိန်ယူထားစေ လိုကြောင်း ဖုန်းဆက်လာပါ၏။

ထိုရေတ်သီးအိတ် ၃၀ ရောင်းရသော အမြတ်ငွေ မှာ သုံးသောင်းခွဲခန့်ဖြစ်ရာ ထိုခေတ် ထိုအချိန်က ကျွန်ုပ် တို့မိသားစုအတွက် တစ်မိုးတွင်းထိုင်စား၍ရသော အမြတ်ငွေ ဖြစ်ပါ၏။ ထိုစဉ်က ကျွန်ုပ်၏ဝမ်းသာမှုကို ဘယ်လိုပင် စာစီ ကုံးလို့ ရေးသားသော်လည်း ပြည့်စုံလုံလောက်လိမ့်မည် မဟုတ်ပါ။

မှတ်ချက်။ ။ စပါးများထည့်ထားသော ဂိုထောင်ကြီး ကို စပါးစိဟု ခေါ်သကဲ့သို့ ရေတ်သီးအများကြီးထည့်ထား သော ဂိုထောင်ကို ရေတ်စိဟု ခေါ်ကြပါ၏။ ကျွန်ုပ်၏ သမ္ဗုဒ္ဓေ ဂါထာမြတ်ကြီး ရွတ်ပွားပူဇော်မှု ကိုးရက်အဓိဋ္ဌာန်လည်း ပြည့်ခဲ့ပြီဖြစ်၏။

ကျွန်ုပ်၏ ရင်ထဲ၌ အသက်ဘေးမှ သီသီကလေး ကပ်၍ လွတ်မြောက်ခဲ့သောလူ၏ ပျော်ရွှင်မှုမျိုးကို ခံစားနေ ရပြီး တစ်စုံတစ်ရာ အန္တရာယ်မှ လွတ်မြောက်လာသူသကဲ့ သို့ စိတ်သည် ပေါ့ပါးလွတ်မြောက်လျက် ရှိနေလေတော့၏။

နောက်တစ်နေ့တွင် ယခင်ချိန်ယူခဲ့သော ရေတ်သီး အိတ် ၃၀ ဖိုး ကုန်ဖိုးငွေများကို အကျေချေပေးပြီး ထပ်မံ ချိန်ယူထားသော ရေတ်သီးအိတ် ၃၀ ဖြင့် ရန်ကုန်သို့ လိုက်ပါ ခဲ့ပါတော့၏။

ရေတ်သီးအိတ် ၆၀ ကျော်အတွက် ထိုခေတ် ကာလက ငွေရှစ်သောင်းခန့် အမြတ်ငွေရခဲ့သည်ဖြစ်ရာ ကျွန်ုပ်လူလိမ်ခံရသောငွေ၏ တစ်ဝက် ကျော်ပြန်ရသည်ဟု ဆိုရပါလိမ့်မည်။

ကျွန်ုပ်၏ စိတ်နှလုံးညှိုးနွမ်းမှု၊ ဆင်းရဲဒုက္ခရောက် နေမှုကို ဝိဇ္ဇာမသကဲ့သို့ ချက်ချင်းပြေလည်သွားစေသည်မှာ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးကြောင့်သာ ဖြစ်ပါတော့၏။

လူ့ဘဝကိုရောက်သည့်အခိုက် ဗုဒ္ဓဘာသာဝင်တစ် ယောက် ဖြစ်ရသည်မှာ အရတော်ပေစွ။ ရတနာမြတ်သုံးပါး ကို ဆည်းကပ်ကိုးကွယ်သူတိုင်းသည် စီးပွားရေး၊ လူမှုရေး ကျန်းမာရေးအခက်အခဲများကို ကျော်လွှားလွန်မြောက်စေ နိုင်ခြင်း၊ ဘေးဒုက္ခအန္တရာယ်တို့ကို ကာကွယ်ပေးခြင်း၊ တရား သဖြင့်ပြုလုပ်သော အလုပ်ဟူသမျှ အောင်မြင်စေနိုင်ခြင်းဟူ သော အံ့ကျိုးကျေးဇူးများကို ခံစားကြရမည်မှာ မလွဲဧ ကန်ဖြစ်ပါတော့၏။

သမ္ဗုဒ္ဓေ ဂါထာတော်မြတ်ကြီး၏ အနက်အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com

ကို ပူးတွဲတင်ပြလိုက်ပါ၏။

## သမ္ဗုဒ္ဓေဂါထာတော် ဘုရားရှိခိုး

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒ သဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿနိ၊
နမာမိ သိရသာ မဟံ။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာဒ ရေန နမာမဟံ။

၃။ နမက္ကရာ နဘာဝေန၊
ဟိ တွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကာ အန္တရာယာပိ၊
ဝိနာ သန္တု အသေသတော။

၁။ အဋ္ဌဝီသံ-သုံးပါးဘဝ သုံးလောကတွင် ဉာဏ ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန် သော။ သမ္ဗုဒ္ဓေစ-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း။

ဒွါဒသဉ္စသဟဿကေ-နိဗ္ဗာန်ကိန်းအောင်း စက်မွှေ့ လျောင်းသည့် တစ်သောင်းနှစ်ထော 	ကုန်သော သမ္ဗုဒ္ဓေ၊ လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်း ခေါင်တို့ကို လည်းကောင်း။

ပဉ္စသတသဟဿနိ-သောင်းတိုက်စကြဝဠာ ဂုဏ် ရောင်ဝါရှိန် ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေ၊ နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်း ကောင်း။

အဟံ-ခန္ဓာငါး၀ သမ္မုတာကို ငါဟုစွဲခေါ် ဘုရားထပည့် တော်သည်။ သိရသာ-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ-ဦးနှိမ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။

၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ-ဂင်္ဂါမြစ်ထဲ ငွေသောင် သဲက နည်းစေထသော။ အနန္တ-သင်္ချာဂဏန်း တွက်ရေ မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ထသော။ နိဗ္ဗုတာ-ဘုံဇာတ်ခပ်သိမ်း ငြိမ်းအေးတော်မူပြီးထသော။ ဇိနဉ္စ-နှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင် စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင် အပေါင်းကိုလည်းကောင်း။ တေသံ-ထိုငါးသိန်းတစ်သောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏။ ဓမ္မဉ္စ-မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်တန်ပိုင်း ဖြတ် တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ-တပည့် သား သံဃာတော်မြတ်အပေါင်းတို့ကိုလည်းကောင်း။

အဟံ-သည်။ အာဒရေန အာဒရံ-ရိုသေစွာ။ နမာမိ-ရှိခိုးပါ၏။

၃။ နမက္ကရာ နဘာဝေန-ဤသို့ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ်စေတနာ ကြောင့်။ သဗ္ဗေ-ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ-ဘေးရန်တို့ကို။ ဟိတွာ-ပယ်ဖျက်၍။ အနေကအန္တရာယာပိ-များစွာကုန်သော အန္တရာယ်တို့သည်လည်း။ အသေသတော-အကြွင်းအကျန် မရှိသောအားဖြင့်။ ဝိနာသန္တု-ပျောက်ပျက်စေကုန်သတည်း။

ကျော်ဇင်သွေး(သာယာရွှေပြည်ဟိန်း)





www.burmeseclassic.com

www.burmeseclassic.com

# ဉာဏ်ရည်ကို ဘယ်လိုစမ်းမလဲ

## ပေါင်ပေါင်စန်းထွေး

လူပုဂ္ဂိုလ်တစ်ဦးအတွက် အိုင်ကျူသည် အရေးကြီး၏။

အိုင်ကျူဟူသော ဝေါဟာရသည် အင်္ဂလိပ်ဘာသာ "Intelligent Quotient) ကို အတိုကောက် ပြုထားသော ဝေါဟာရဖြစ်၏။ လူငယ်လူရွယ်တို့အကြားတွင် အိုင်ကျူသည် မစိမ်းလှသော ဝေါဟာရဖြစ်သည်။ အိုင်ကျူသည် မြန်မာဘာသာအားဖြင့် ဉာဏ်ရည်အတိုင်းအတာဟု ဆိုရမည်ဖြစ်ပေသည်။ အသိဉာဏ်ပြကိန်းဟုလည်း ဝေါဟာရပြုဖူးသည်။

တစ်နည်းအားဖြင့် အိုင်ကျူသည် စိတ်ပညာဝေါဟာရဖြစ်၏။ အရည်အချင်းစစ်ဆေးရာတွင် လူတစ်ဦး၏အိုင်ကျူကိုသိရန် လိုအပ်သည်။ အလုပ်တာဝန်တစ်ခုခု၌ ရွေးချယ်ခန့်ထားမည်ဆိုလျှင် အိုင်ကျူသည် ထိုသို့ ရွေးချယ်တာဝန်ပေးခံရမည့်သူ၏ အရည်အသွေးကို အကဲဖြတ်ရာတွင် အထောက်အကူပြုသည်။

လူအမျိုးမျိုးရှိရာတွင် အိုင်ကျူသည် အမျိုးမျိုးရှိသည်။ အိုင်ကျူအတိုင်းအတာ အနိမ့်အမြင့်ကိုလိုက်၍ လူရည်လူသွေး တစ်နည်းတစ်ဖုံ ဖော်ပြနေသည်။ ထို့ကြောင့် ပညာရေးတွင် အိုင်ကျူစီမံခန့်ခွဲရေး၌ အိုင်ကျူခေါင်းဆောင်မှုတွင် အိုင်ကျူဟူ၍ အိုင်ကျူသည် ရေပန်းစားလျက်ရှိလေသည်။

ဉာဏ်ရည်ကို စမ်းသပ်ကြည့်မှုတွင် ပထမဆုံးဆောင်ရွက်ခဲ့သူမှာ ဆာဖရန်စစ်ဂယ်လတန်ဖြစ်သည်။ "သတ္တဝါတို့၏ မူလအစ"ဟူ၍ ဆင့်ကဲဖြစ်စဉ်အကြောင်းကို ရေးသားသော အင်္ဂလိပ် သဘာဝသိပ္ပံပညာရှင် ချားဒါဝင်နှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်သည်။ စိတ်ပညာရှင်တို့ကမူ ဂယ်လတန်သည် ဒါဝင်ထက်ပင် ဉာဏ်ထက်မြက်သူဖြစ်သည်ဟု အကဲဖြတ်ခဲ့ကြသည်။

အထက်ပါ ကနဦးစမ်းသပ်မှုကို ပြုလုပ်ခဲ့သည့် ဂယ်လတန်၏ အယူအဆမှာ ခိုင်ခိုင်မာမာမရှိဟု သူ့ခေတ်နှောင်းပိုင်း ပညာရှင်တို့က သဘောပေါက်ကြသည်။

ဉာဏ်ရည် စမ်းသပ်မှုတွင် နောက်ထပ် နောက်ထပ် ပေါ်လာသော ပညာရှင်မှာ ပြင်သစ်လူမျိုး စိတ်ပညာရှင်ဖြစ်သည်။ သူ့အမည်မှာ အဲလဖရက်ဘင်းနေး ဖြစ်သည်။ ဘင်းနေးအား ၁၉၀၄ ခုနှစ်တွင် ပြင်သစ်အစိုးရက တာဝန်တစ်ခုပေးသည်။ ထိုတာဝန်မှာ ပါရီမြို့တော်ဝန်းကျင်ရှိ ကျောင်းများတွင် ဉာဏ်ဆိုင်းသဖြင့် စာညံ့သော ကျောင်းသားများကို ရွေးချယ်ဖယ်ထုတ်ရန်ဖြစ်သည်။

ထိုတာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် ဘင်းနေးသည် အခြားပုဂ္ဂိုလ်တစ်ဦးနှင့် တိုင်ပင်လျက် စမ်းသပ်မှု ၅၄ မျိုးပါသော စနစ်တစ်ရပ်ကို လွယ်ကူအောင် ရေးဆွဲခဲ့သည်။ သူနှင့် တွဲဖက်ရေးဆွဲသူမှာ ဒေါက်တာသီယိုဒိုဆိုင်မွန်ဖြစ်သည်။ သူတို့နှစ်ဦးပေါင်း ရေးဆွဲစမ်းသပ်မှု နည်းစနစ်ကို ဘင်းနေးဆိုင် မွန်နည်းဟု ခေါ်သည်။

ဘင်းနေးဆိုင်မွန်နည်းဖြင့် စမ်းသပ်ရာတွင် စမ်းသပ်မှုများ ကျယ်ပြန့်လာသည်။ ထိုစမ်းသပ်မှုတွင် ဝေါဟာရ စကားလုံးများကို နားလည်ခြင်း၊ စိတ်ကူးဖြင့် ထင်မြင်နိုင်ခြင်း၊ အာရုံစူးစိုက်ခြင်း၊ ကြွက်သားများက အားထုတ်နိုင်ခြင်း၊ ခရီးအကွာအဝေးကို ခန့်မှန်းနိုင်ခြင်း စသည့် များစွာသော လုပ်ငန်းတို့ကို ပြုလုပ်၍ စမ်းသပ်သည်။

ပြင်သစ်စိတ်ပညာရှင် ဘင်းနေးသည် သူ့နည်းဖြင့် စမ်းသပ်ရာ၌ ဉာဏ်ရည်ဆိုသည်မှာ ဘာဖြစ်သည်ဟု ကွဲပြားအောင်ဖွင့်ဆိုရန် ကြိုးစားခြင်းမပြုခဲ့။ သူ့စမ်းသပ်မှုသာ အဖြေမှန်ရနိုင်သည်ဟုလည်း မပြော။ သူ့နည်းများကို စတန်ပြုလုပ်ခြင်း(အစွမ်းပြခြင်း)ဟု သာမန်အားဖြင့်သာ ခပ်လွယ်လွယ်အမည်ပေးခဲ့လေသည်။

ဘင်းနေးနှင့် တွဲဖက်ဖြစ်သူ ဒေါက်တာဆိုင်မွန်ကမူကား နောက်ပိုင်းတွင် ဉာဏ်ရည်စမ်းသပ်မှုကို အသက်အရွယ်နှင့်ယှဉ်၍ ဆက်စပ်ကြည့်ရမည်ဟု သဘောပေါက်သည်။ ထိုစိတ်ကူးကို အခြေပြုလျက် သူ့နောက်ပိုင်းတွင် ပေါ်ပေါက်လာသော စိတ်ပညာရှင်များက သချာပုံသေနည်းတစ်

www.burmeseclassic.com

ကို ချမှတ်နိုင်ခဲ့သည်။

သူတို့၏ အိုင်ကျူစမ်းသပ်မှု ပုံသေကိန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

$$\frac{\text{စိတ်ဓာတ်အရွယ်}}{\text{အသက်အရွယ်}} \times ၁၀၀ = \text{အိုင်ကျူ}$$

(အိုင်ကျူကိုလိုလျှင် စိတ်ဓာတ်အရွယ်ကိုလည်း အသက်အရွယ်နှင့်စား၊ ရလဒ်ကို ၁၀၀ နှင့်မြှောက်ရန်)

ထိုပုံသေနည်းအရတွက်လျှင် အသက် ၁၀ နှစ်အရွယ် ကလေးတစ်ဦးသည် ၁၀ နှစ်အရွယ်ကလေးတိုင်း ပြုလုပ်သည့် စိတ်ဓာတ်ဖွံ့ဖြိုးမှု အခြေအနေရှိလျှင် သူ၏ အိုင်ကျူအဆင့်သည် ၁၀၀ ဖြစ်၏။ ထိုသို့မဟုတ်ဘဲ သူ့ကို စမ်းသပ်ကြည့်ရာ၌ ၁၅ နှစ်အရွယ် ကလေးတစ်ဦး၏ စိတ်ဓာတ်အခြေအနေရှိနေကြောင်း တွေ့ရလျှင် သူ၏အိုင်ကျူအဆင့်သည် ၁၅၀ ဟု တွက်၍ရသည်။ ထို့ကြောင့် လူတိုင်း၏ ပျမ်းမျှအိုင်ကျူအဆင့်မှာ ၁၀၀ ဖြစ်လေသည်။

ယနေ့ အသုံးပြုလျက်ရှိကြသော အိုင်ကျူစမ်းသပ်မှုစနစ်မှာ စတင်းဖို့နှင့် ဘင်းနေးတို့၏ စနစ်သစ်ဖြစ်သည်။ ယခင်နည်းများထက် သိမ်မွေ့ရှုပ်ထွေးသည်။ သို့သော် အိုင်ကျူကိုစမ်းသပ်ရာတွင် တစ်နည်းမကရှိသည်။ ထင်ရှားသော နည်းတစ်ရပ်မှာ နှုတ်ဖြင့်မေးမြန်း ပြောဆိုခြင်းထက် လက်တွေ့လုပ်ကိုင် ပြစေသည်။ အရာဝတ္ထုပစ္စည်းများကို စုပုံပေးထားပြီး တစ်ခုနှင့်တစ်ခု ဆီလျော်မည့် ရှေ့နောက်အစီအစဉ်ကို ရှာဖွေပေးရသည်။ အခြားနည်းများကား ဉာဏ်ရည်ဉာဏ်သွေး အခြေအနေကို ဦးနှောက်တွေးခေါ် လှုပ်ရှားမှုနှင့် ဆက်စပ်၍ ကြည့်ရန် ကြိုးစားသည်။

ဉာဏ်ရည်ဆိုတာဘာလဲ။

ဉာဏ်ရည်စမ်းသပ်မှု စနစ်များကို တွင်ခဲ့ကြသူများသည် အသိဉာဏ်(Intelligence)ဆိုတာ ဘာလဲဟု အနက်ဖွင့်ဆိုရန် ကြိုးစားခဲ့ကြသည်။ မှန်ကန်စွာ ဆုံးဖြတ်နိုင်ခြင်းကို အသိဉာဏ်ဟုခေါ်မည်လော၊ မှတ်သားတတ်သော အသိဉာဏ်ကို ဆိုလိုသလော၊ အကျိုးအကြောင်းဆက်စပ်၍ စဉ်းစားခေါ်နိုင်ခြင်းသည် အသိဉာဏ်ဖြစ်သလော၊ နှုတ်မှ ပြောဆိုသော ပုံဥပမာကိုးကားချက်ကို စိတ်က မြင်သာထင်သာဖြစ်နိုင်ခြင်းကို ဉာဏ်ရည်ဟုဆိုမည်လော စိတ်ပညာရှင်အများစုက ငြင်းနိုင်ပါသည်။ သို့သော်...ဟု စကားခံ၍ ဖြေကြားသည်။

သို့သော်ဟူရာ၌ ဦးနှောက်ထိုင်းသော သူတစ်ဦးသည် ကိန်းဂဏန်းများစွာတို့ကို အရှည်ကြီးချ၍ ပေါင်းနိုင်သော အစွမ်းရှိသည်ကို တွေ့ရသည်။ အိုင်ကျူညီမျှ၍ ဉာဏ်ရည်တူသည်ဟု စစ်ဆေးတွေ့ရှိရသော သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ခြားနားသောနယ်ပယ်များတွင် ကျွမ်းကျင်လိမ္မာပုံချင်း မတူကြပြန်သည်ကို တွေ့ရ၏။ တစ်ဦးမှာ နှုတ်မှုရေးရာတွင် အရုပ်ကြီးလို ဖြစ်နေတတ်ပြီး လက်တွေ့ဆက်စပ်လုပ်ဆောင်ရာတွင် အစွမ်းပြနိုင်သူ ဖြစ်ချင်ဖြစ်မည်။ ဒုတိယလူမှာ နှုတ်မှုရေး၊ လက်မှုတွင်ပါ အစွမ်းတူနေချင်နေမည်။ သူတို့နှစ်ဦးသည် ဉာဏ်ရည်ကိန်းချင်း တန်းတူပါလျက် အဘယ်ကြောင့် ဤသို့ခြားနားရပါသလဲဟု မေးစရာရှိသည်။

သို့ရာတွင် ဉာဏ်ရည်နှင့်မဆိုင်ဟု အများကယူဆသော အခြေအနေများလည်းရှိသည်။ မနုဿဗေဒပညာရှင် ကားလော့စ်ကာစတီနေဒါးဆိုသူက အနောက်တိုင်းသားများသည် ကမ္ဘာကြီးနှင့်စပ်လျဉ်း၍ ထင်မြင်သော အထင်အမြင် အယူအဆတို့မှာ ဥရောပတိုက်သားတို့ထံမှ လက်ခံရရှိသော အကျိုးအကြောင်းဆက်စပ်မှု ပုံစံများအရသာ ခံယူသဘောပေါက်ကြသည်။ ထိုမှလွဲ၍ အခြားတစ်ပါးသော အခြေအနေများကိုကား ခံယူသိရှိခြင်းမရှိ။ အချို့အဖြစ်အပျက်များကိုမူ ရှိပါလျက် မသိနိုင်ဖြစ်ကြသည်ဟုဆိုသည်။ အစဉ်အလာအားဖြင့် နားလည်သိရှိထားခဲ့ကြသော အချက်များမှအပ အခြားကိစ္စများကို ရှိမရှိ လေ့လာဖို့သင့်လေသည်။ ဥပမာအားဖြင့် အာရုံလွန်သိရှိခြင်း၊ ကွက်ကွက်ကွင်းကွင်း ဓာတ်ပုံရိုက်ကူးထားသကဲ့သို့ မှတ်သားတတ်ခြင်း၊ အတွေးအမြင်တူခြင်းဆိုသော ဖြစ်ရပ်မျိုးတို့ဖြစ်သည်။

တီထွင်ဖန်တီးမှုအစွမ်းနှင့်ပတ်သက်၍လည်း လေ့လာချက်များအရ သိရှိရသည်မှာ အိုင်ကျူမှန်ကန်မှုရှိသော ကလေးတို့သည် တီထွင်မှုစွမ်းရည် မြင့်မားကြပြီး ဉာဏ်ရည်သာ၍ တီထွင်မှုအစွမ်း နိမ့်ကျသောကလေးတို့နှင့် တန်းတူဆောင်ရွက်နိုင်ကြသည်ကို တွေ့ရ၏။ တီထွင်မှုရှိသော ကလေးတို့သည် ပြဿနာများကို ဖြေရှင်းရာ၌ ကိုယ်ပိုင်နည်းလမ်းများဖြင့် ရှင်းလင်းတတ်ကြပြီး မှန်ကန်သောအကြောင်းများကို များယွင်းစွာ အဖြေများပေးတတ်ကြ၏။ အချို့မှာ ဘေးသို့ချော်၍ ရှုပ်ထွေးစွာတွေးတတ်ကြ၏။ အမှန်အားဖြင့် အသိဉာဏ်အစွမ်းအစသည် တစ်သက်လုံး ပုံသေရှိသည်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

အဆင့်ဆင့်ပြောင်းလဲလျက်ရှိသည်ကို တွေ့ရလေသည်။

လူဦးနှောက်သည် အချို့သော အရွယ်များ၌ အချို့သောစွမ်းရည်များကို ဖွံ့ဖြိုးရရှိစေရန် စီမံထားပြီးသားရှိ၏။ တစ်စုံတစ်ရာ ချွတ်ချော်သွားလျှင်လည်း ထိုစွမ်းရည်တို့မှာ တစ်သက်လုံး ရပ်တန့်၍သွားတော့သည်။ ကြွက်ကလေးများနှင့် စမ်းသပ်သောအခါ ကြွက်ကလေးတစ် ကောင်ကို ငါးရက်မှ ၁၀ ရက်သားအရွယ်၌ လျှပ်စစ်ဓာတ်ပေး၍ဖြစ်စေ၊ ပွတ်သပ်၍ဖြစ်စေ စိတ်ကိုနှိုးကြွစေပါက ထိုကြွက်ငယ်သည် သူ့တစ်သက်လုံး စူးစမ်းရှာဖွေသူဖြစ်သွား၏။ သို့သော် အကျိုးသင့် အကြောင်းသင့် တွေးခေါ်မှု၌ကား ထူးထူးခြားခြားမဖြစ်တော့ပေ။ သို့တည်းမဟုတ် ၁၄ ရက်သားအရွယ်တွင် ထိုကဲ့သို့ စိတ်ကိုနှိုးကြွအောင် ပြုလုပ်ပေးပါက သူသည် ပြဿနာများကို ဖြေရှင်းရန် တော်လာသူဖြစ်လာပြီး စူးစမ်းရှာဖွေသည့် အလုပ်၌မူ ဖွံ့ဖြိုး၍မလာတော့ပေ။ စမ်းသပ်သူတို့အလိုအရ ထိုကဲ့သို့ စိတ်ကိုနှိုးကြွအောင် ပြုလုပ်ပေးခြင်းသည် ကော်တီကိုစတာရုန်း (Corticosterone) ခေါ် ဟော်မုန်းဓာတ်ကို ထွက်စေ၍ ထိုဓာတ်က ဦးနှောက်၌ သက်ရောက်ပြီးလျှင် အချို့သောဉာဏ်ရည်များကို ပွားများစေ၏။

အထက်ပါ အယူအဆသည် လူတို့၌လည်း အလားတူဖြစ်နိုင်သည်။ ကလေးတစ်ဦးကို အသက် ၁၀ လမှ ၁၈ လအတွင်း စနစ်တကျနှိုးကြွအောင် ပြုလုပ်ပေးပါက အကျိုးအကြောင်း ဆက်စပ်တွေးခေါ်မှု၌ ထူးထူးချွန်ချွန်ဖြစ်နိုင်၏။ ကလေးတို့သည် အသက်သုံးနှစ်မှ လေးနှစ်အရွယ်အတွင်း အရာဝတ္ထုများကို မှတ်သားနိုင်သောမှတ်ဉာဏ်သည် အပွင့်လန်းဆုံးအချိန်ဖြစ်သည်။ ထိုနောက်ပိုင်းတွင် ကိုယ်အစွမ်းအစသည် အရွယ်ရသည်နှင့်အမျှ ယုတ်လျော့သွားသည်။ ထို့ကြောင့် အချို့သော ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များက ကလေးများကို ဤအရွယ်၌ စာဖတ်ကျင့် သင်ကြားပေးသင့်သည်ဟု ဆိုလိုချင်ကြသည်။ အကြောင်းမှာ စာဖတ်ခြင်းသည် ပုံသဏ္ဌာန်များကို မှတ်သားခြင်းနှင့် စပ်ဆိုင်နေသောကြောင့် ဖြစ်လေသည်။ ကနေဒါနိုင်ငံ၊ တိုရွန်တိုတက္ကသိုလ်မှ ရေဂန်ကော်လာဆိုသူက ကလေးများကို စောစီးစွာ စာဖတ်ကျင့်ပြုလုပ်ပေးခြင်းသည် ဉာဏ်ထက်မြက်အောင် အချိန်သင့် လေ့ကျင့်ပေးခြင်း ဖြစ်သည်ဟု ယုံကြည်လေသည်။

လက်ရှိ အယူအဆများအရ ဉာဏ်ပညာထက်မြက်၍ တော်သောသူတို့၌ အောက်ပါအခြေအနေများနှင့် ပြည့်စုံ ကြောင်း တွေ့ရလေသည်။

(၁) ဉာဏ်ပညာတော်သောသူသည် မိသားစုထဲ တွင် တစ်ဦးတည်းသောကလေး၊ သို့မဟုတ် အကြီးဆုံးသော ကလေး ဖြစ်တတ်သည်။

(၂) ဉာဏ်တော်သော ကလေးသည် အမိနို့ကို သောက်စို့ကြီးပြင်းလာခဲ့ရသော ကလေးဖြစ်ဖို့များသည်။ နို့ချိုတိုက်ကျွေးသောမိခင်သည် ကလေးအပေါ်တွင် ပို၍ စောင့်ရှောက်ယုယခွင့် ရသည်။ ထို့ပြင် မိခင်၏နို့၌ စစ္စတင်း (Systine) ခေါ် ဉာဏ်ရည်ထက်မြက်နိုင်သော ဓာတ်ပစ္စည်း တစ်မျိုးပါဝင်သည်။

(၃) ဉာဏ်ကောင်းသောသူသည် အအိပ်နည်းသူ ဖြစ်ဖွယ်ရှိသည်။ သူအိပ်နေသောအခါ၌လည်း မျက်လုံး သူငယ်အိမ်က ပို၍ကြာရှည်စွာ လှုပ်ရှားသည်။ ဦးနှောက်၏ လှုပ်ရှားဆောင်ရွက်မှု တက်ကြွသောကြောင့်ဖြစ်သည်။

(၄) ဉာဏ်ရည်ကောင်းသောသူသည် ယောက်ျား လေးဖြစ်လျှင် မိန်းကလေးဆန်၍ မိန်းကလေးဖြစ်လျှင် ယောကျ်ားလေးဆန်တတ်သည်။ အကြောင်းမှာ ဝမ်းတွင်း၌ စဉ် မိခင်၏ ကိုယ်တွင်းဟော်မုန်းဓာတ် အပြောင်းအလဲရှိသော ကြောင့် ဖြစ်သည်ဟု ဆိုကြသည်။

(၅) ဉာဏ်ရည်ကောင်းသောသူသည် ဦးနှောက်တွင် အတွန့်ပို၍များသည်။

ဉာဏ်ရည်ဉာဏ်သွေး အမျိုးမျိုးကို ဤကဲ့သို့ စမ်း သပ်၍ အမှတ်အသားပြုခဲ့ကြရာ ဉာဏ်ရည်ဉာဏ်သွေး တိုင်းတာခြင်းဟူသည်မှာ အကြမ်းဖျင်းသာလျှင် ဖြစ်ပေသည်။ ဤလုပ်ငန်းသည် ရှုပ်ထွေးပြီး ဓာတုဗေဒသဘော သက် လျက် အစဉ်လည်း ပြောင်းလဲနေသော အခြေအနေကို ပုံ ယူရသည့် အလုပ်ဖြစ်ကြောင်းကို သဘောပေါက်အပ်ပါသည်။

## မောင်မောင်စန်းဝေ

ဝန်ခံချက် ။ ဤဆောင်းပါးသည် ၂၀၀၄ ခု ဇွန်လထုတ် ရဲပညာဂျာနယ် အမှတ်(၁၁)မှ ဆရာမောင် ရှင်၏ ဆောင်းပါးဖြစ်ပြီး စာဖတ်သူများ ဗဟုသုတ ရည်ရွယ်၍ ပြန်လည်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (တာဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com



# ဘာဖြစ်လို့ စိုက်မှာလဲ

◎ ဂန္ဓာရီဆြာအံ့

ရန်ကုန်မြို့ တစ်ဖက်ကမ်းရှိ မြို့နယ်သို့ ကျွန်ုပ် မကြာခဏ ရောက်လေ့ရှိပါသည်။ အကြောင်းမူ ကျွန်ုပ်၏တပည့်ကလေး မောင်အောင် မှာ ဒလတွင်နေထိုင်သောကြောင့် ချေ၏။ သူနေထိုင်သော ရပ်ကွက် မြို့မရပ်ကွက်ဖြစ်၏။ ကျွန်ုပ်၏ မွေးခြံပေါက် တပည့်ကလေးကား ဆရာမှန်း သိတတ်သူဖြစ်လေ ၎င်း၏အိမ်သို့ ကျွန်ုပ်ရောက်လာ တိုင်း စားကောင်းသောက်ဖွယ် နှင့် ဧည့်ခံတတ်၏။ ခြေဆုပ်လက် ပြုတတ်၏။ ကျွန်ုပ်ပြန်တော့မည် ရှင် ပစ္စည်း (သို့မဟုတ်) ငွေကြေး တစ်စုံတစ်ရာနှင့် ကန်တော့တတ်ပြီး သင်္ဘောကူးတို့ဆိပ်ထိတိုင်အောင် သူ နင်းသော ဆိုက်ကားဖြင့် လိုက်လံပို့ ဆောင်ပေးတတ်ချေ၏။

ဆိုက်ကားကို ကိုယ်ပိုင်နင်းရုံ မက အပိုသုံးစီးလည်း ထောင်ထားနိုင် သဖြင့် တစ်နေ့တစ်နေ့ သူရသော ဝင်ငွေမှာ မဆိုးဟု ကောက်ချက်ချနိုင်၏။ ၎င်းပိုင်ဆိုင်သော အိမ်ခြံဝင်းကလေးမှာ ပေအတော်အတန် ကျယ်ဝန်းလေရကား စားပင်၊ သီးပင်၊ ပန်းပင်များနှင့် အတော်လေးကို နေချင့်စဖွယ်ကောင်းလှ၏။ သူ၏ဝါသနာမှာ သစ်ပင်စိုက်ခြင်းဖြစ်လေရာ သူ့အိမ်ခြံဝင်း၌ စားပင်၊ သီးပင်၊ ပန်းပင်များ ဝေဝေဆာဆာ ရှိနေခြင်းသည် အဆန်းတော့မဟုတ်ပါချေ။ ခုတလော ကျွန်ုပ် ၎င်းအိမ်သို့ မရောက်သည်မှာ သီတင်းပတ်တော်တော်များများ ရှိသွားခဲ့ပြီဖြစ်၏။ အကြောင်းမူ ဓနုဖြူမြို့နယ် အတွင်းရှိ ဆကာကြီးဟု အမည်ရသော ကျေးရွာကလေး၌ ခေတ်ကျနေ၍ ဖြစ်၏။ ထိုကျေးရွာ၌ 'ကျွဲသိုး' ဟူသည့် မလှမပအမည်နာမပိုင်ရှင် တပည့်ကလေးတစ်ဦး ရှိနေ၍ဖြစ်၏။ ၎င်းသည် နယ်လှည့်ပွဲစားလုပ်ရင်း အဆိုပါ ဆကာကြီးကျေးရွာမှ အထည် ကုန်သည် အပျိုကြီး မပန်းလှိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းပါသွားသည့်အတွက် ဆံ ိးနောက် သျှောင်ပါခဲ့ခြင်း ဖြစ်ချေ သည်း မောင်အောင်မင်းကဲ့ သို့ ဆရာ၊ ဆရာမှန်းသိတတ်သူဖြစ် လေရာ ၎င်း၏ တခုတ်တရ အလည် အပတ်ခေါ် မှုကြောင့် ကျွန်ုပ်ရောက်ရှိ သွားခဲ့ခြင်း ဖြစ်လေ၏။

ဆကာကြီးမှ ရန်ကုန်ပြန်ရောက် တော့ ဦးစွာသတိရလိုက်သူကား တပည့်ကလေး မောင်အောင်မင်းဖြစ် လေရာ ကျွန်ုပ်လည်း ခြေခင်းလက် ခင်းသာသည့်တစ်နေ့၌ ဒလသို့ရောက် ရှိသွားပြန်လေတော့၏။ ကျွန်ုပ်မရောက် သည်မှာ အနည်းငယ်ကြာသွား၍ လောမသိ။ အနေအထားတွေမှာ တစ် မျိုးတစ်ဖုံ ဖြစ်၍နေလေတော့သည်။

"ကိုယ့်ဆရာအရင်းမို့ ပြောရဦး မယ် ဆရာရေ။ ခုတလော ဘာလုပ် လုပ် ဘာကိုင်ကိုင် အဲဆင်ပြေတယ် ရယ်လို့ မရှိဘူး။ ကံမရှိ ဉာဏ်ရှိတိုင်း မွဲလေရှာ့သလား မပြောတတ်ပါဘူး ဆရာရယ်။ ယောင်ထားတဲ့ ဆိုက်ကား တွေကလည်း တန်ဖိုးကြီးကြီးမားမား တွေ ပျက်နေလို့ ပြန်ဖြည့်ရတာနဲ့ အရင်းထဲကကို တော်တော်ကလေး ပါသွားပြီ။ ယောင်ထားတဲ့ ဆိုက်ကား တင်မဟုတ်ဘူး၊ ကျွန်တော်နင်းနေတဲ့ ဆိုက်ကားကိုပဲကြည့်။ ရှေ့ဖောက်၊ နောက်ဖောက်၊ နှစ်ခုလုံးကျိုးနေတယ်။ ကြာရင်ဖြင့် ခက်ရချည်ရဲ့ ဆရာရယ်"

သည်လိုမျိုး ညည်းတွားလာ တော့လည်း ဆရာဖြစ်သော ကျွန်ုပ် အဖို့ စိတ်မကောင်း။ သည်တော့ စီးပွားပျက်ဖို့ ဘာအကြောင်းတွေများ ဖန်လာလေသနည်းဟု ကျွန်ုပ်စဉ်းစား နေပါချေတော့၏။ သည့်အတွက် ခြံထဲ သို့ဆင်းကာ ဟိုဟိုသည်သည် လျှောက် ကြည့်လိုက်လေ၏။ ဤတွင် ကျွန်ုပ် အရင့်အရင်လာစဉ်က မတွေ့ခဲ့ရလေ သော အပင်တစ်ပင် စိုက်ထားသည် ကို တွေ့လိုက်ရ၏။ ထိုအပင်ကား ခံတက်ပင် ဖြစ်လေ၏။

"ဟေ့ . . . မောင်အောင်မင်း၊ ဒီကိုလာစမ်းပါဦး။ ဒါ မင်းစိုက်တဲ့ အပင်လား"

"ခံတက်ပင်ကို ပြောတာလား။ ဟုတ်တယ်လေ ဆရာရဲ့။ သူငယ်ချင်း တစ်ယောက်အိမ်က အပင်ပေါက် တောင်းပြီး စိုက်ထားတာ"

"မင်းက တနင်္ဂနွေသား မဟုတ် လား"

"ဟုတ်တယ်လေ ဆရာရဲ့။ ဘာ ဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ။ အင်္ဂဝိဇ္ဇာဗေဒင် အရ နေ့နံသားတစ်ယောက်ဟာ ကိုယ့်နေ့နံရဲ့ အညွန့်ကနေ အမြစ်ကျ တဲ့အပင်ကို မစိုက်ရဘူး။ စိုက်ရင် စီးပွားပျက်တတ်သတဲ့။ ကဲ . . . နုတ် ပစ်လိုက်ကွာ။ ဆရာပြောတာ နား ထောင်စမ်း"

"ဟုတ် . . ဟုတ်ကဲ့ဆရာ"

ကျွန်ုပ်၏စကားကြောင့် တပည့် ကျော်လည်း ၎င်းတခုတ်တရ စိုက်ပျိုး ထားသော ခံတက်ပင်အား နုတ်ယူ လွှင့်ပစ်လိုက်ချေတော့၏။ ထိုသို့ထိုပ ကျွန်ုပ်တို့ဖြစ်ပြီးခဲ့သည့်သမယ နောက် တစ်ကြိမ် ၎င်းထံ အလည်ရောက် သောအခါတွင်မူ "ဆရာ့ကြောင့် စီးပွား ရေး ပြန်ကောင်းလာပြီ"ဆိုသည့် ဆီး ကြိုစကားကို ကြားလိုက်ရရာ ဝမ်းသာ ပီတိဖြစ်ရချေ၏။ ဤ၌ နေ့နံသားများ အဖို့ မိမိတို့နေ့နံနှင့် အညွန့်၊ အမြစ်ကျ သည့် အပင်များကို 'ဘာဖြစ်လို့စိုက်ရ မှာလဲ'ဟု ရင်တွင်းဆန္ဒကို ဖော်ထုတ် ရင်း မစိုက်သင့်သည့်အပင်များကို အင်္ဂဝိဇ္ဇာပညာအလိုအရ ဇယားနှင့် ဖော်ပြလိုက်ပါသတည်း။

| နေ့နံ | မစိုက်သင့်သော အပင်များ |
|---|---|
| တနင်္ဂနွေ | ခံတက်ပင်၊ ခွေးတောက်ပင်၊ ကြိမ်နွယ်ပင် |
| တနင်္လာ | ညောင်အုန်းပင် |
| အင်္ဂါ | ရင်ခတ်ပင်၊ ဝက်သစ်ချပင်၊ ရှောက်ချိုပင် |
| ဗုဒ္ဓဟူး | ပင်စိမ်းပင်၊ ပုန်းညက်ပင်၊ မုန်ညင်းပင် |
| ကြာသပတေး | သရက်ပင်၊ သလဲပင်၊ သံပရာပင်၊ သံလွင်ပင် |
| သောကြာ | တမာပင်၊ ဒန်းပင်၊ နံ့သာဖြူပင် |
| စနေ | အင်ကြသစ်ပင် |

■ ဂန္ဓာရီဩဘာ



www.burmeseclassic.com

www.burmeseclassic.com



# သက်ကြီးရွယ်အို ကျန်းမာလိုသော်

ဆရာ့ခေါင်ထွဋ်မြင့်

“အခုတစ်လော အိမ်ကအမေ တစ်ယောက် တရှောင်ရှောင်ဖြစ်နေတယ် ဆရာ။ သမီးတို့မှာလည်း အလုပ်ကတစ်ဖက်နဲ့မို့ အဖော်ကလေးကို ကသီလင်တနိုင်တာပဲဆရာရယ်။ သမီးဆို ခွင့်တစ်ပတ်တောင်ယူထားရတယ်။ အဆင်မပြေရင် အလုပ်ထွက်သ[illegible]ွက်ရှိမှာပဲဆရာ။ အမေ့ကို စိတ်တိုင်းကျပြုစုချင်တယ်”

“သာဓုပါကွယ်...သာဓုပါ... သာဓုပါ။ အနန္တောအနန္တဂိုဏ်းဝင် မိဘတွေကို ပြုစုလုပ်ကျွေးရတာဟာ အင်မတန်မှ ကုသိုလ်ကြီးလှပါတယ်။ မိဘကျေးဇူးသိတတ်တဲ့ သားသမီးဆိုတာ ဘယ်တော့မှ ဆင်းရဲဒုက္ခမရောက်တတ်ပါဘူး။ သမီးမှာက ဖခင်ကြီးမျက်ကွယ်ပြုသွားတဲ့နောက်ပိုင်း သည်မိခင်ကြီးကိုပဲ တွယ်တာနေရတာကလား”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် ဆရာ။ သမီးအဖို့ အမေ့အသက် တစ်ရက်ပိုရှည်လေ ကုသိုလ်တစ်ရက်ပိုရလေတယ်ရယ်လို့ သဘောထားပါတယ်။ အမေ့ရဲ့ကျန်းမာရေးအတွက် ဘာတွေလုပ်ပေးသင့်တယ်ဆိုတာကိုလည်း အကြံဉာဏ်ပေးပါဦး ဆရာ"

သည်တော့လည်း မိဘကျေးဇူးကို မြင်းမိုရ်ဦးသဖွယ် သဘောထားသည့် သမီးငယ်လေးအပေါ် စာနာကရုဏာသက်မိရတော့သည်။ ထိုအခါ ဝယ် မိမိလေ့လာဆည်းပူးထားသည့် ပညာများအပေါ် မူတည်လျက် အကျိုးရှိရာရှိကြောင်း နည်းလမ်းကောင်းကို စဉ်းစားရတော့သည်။

"သည်လိုလုပ် သမီးရေ"

"ဟုတ်ကဲ့ပြောပါဆရာ"

"ခုဆို သမီးမှာက မိခင်ကြီးသာ ရှိတော့တာမို့ သမီးရဲ့မိခင်ကြီး ကျန်းမာရေးကောင်းဖို့အတွက် မိခင်ကြီးရဲ့ မွေးနေ့ရက်ကျရောက်လေတိုင်း ကုသိုလ်ကောင်းမှုတစ်ခုခုကို လုပ်ပေးရမယ်။ အဲသည်နေ့မှာ သက်သတ်လွတ်စားပေးနိုင်ရင် အကောင်းဆုံးပဲ သမီးရဲ့"

"စားရမှာပေါ့ ဆရာရယ်။ သမီးက အသားငါးကို သိပ်မခုံမင်ပါဘူး"

"ကောင်းပါလေ့ကွယ်။ အဲသည်နေ့မှာ ဘုရားတစ်ဆူဆူကိုသွားပါ။ မိခင်ကြီးရဲ့ မွေးနံထောင့်မှာ နံ့သင့်ပန်းတွေကို လှူပေးပါ။ ဆွမ်းကပ်မယ်ဆိုရင် ကြာဆံကြော်ကို ကပ်ပေးပါ။

ကိုယ့်အိမ်မှာဆိုရင် ဘုရားရှင်စံပယ်ကိန်းဝပ်နေတဲ့ ကျောင်းဆောင်ရှေ့မှာ မိခင်ကြီးဝတ်ဆင်လေ့ရှိတဲ့ အင်္ကျီတစ်ထည်ကိုရွေးထုတ်ပြီး ပခုံးပေါ်တင်လို့ မနက်ကို ဓာရဏပရိတ်တော် ခုနစ်ခေါက်၊ ညကို ဓာရဏပရိတ်တော်ကိုပဲ ခုနစ်ခေါက်တိတိ ရွတ်ပေးပါ"

"လုပ်မယ်ဆရာ။ ဓာရဏပရိတ်ကိုလည်း သမီးအလွတ်ကျက်ထားပါတယ်"

"ကောင်းတာပေါ့ သမီးရယ်။ ဒါက မိခင်ကြီးသာ သက်ရှိထင်ရှားရှိသူအတွက်နော်။ ဖခင်ကြီးသာရှိရင်လည်း မိခင်ကြီးအတွက် လုပ်သလိုမျိုး လုပ်ပေးရမယ်။ အဲ…မိစုံဖစုံရှိရင်လည်း မိဘနှစ်ပါးအတွက်ရည်စူးပြီး မိဘရဲ့ အဝတ်အစားကိုလုပ်ပေါ့။ ပရိတ်တော်ကိုလည်း ရွတ်ပေါ့။ မိဘတွေရဲ့ကျေးဇူး ဂုဏ်အင်ဟာ အင်မတန်မှ ကြီးလှပါတယ်။ သ…လိုမျိုး လုပ်ဆောင်ပေးတာ သားသမီးအဖို့ သံသရာအဆက်ဆက်အတွက် သိပ်ကိုအကျိုးကျေးဇူးကြီးမားလှတယ် သမီး"

"သိပ်ကောင်းတာပဲ ဆရာ။ သမီးဆရာပြောသလို လုပ်မယ်ဆရာ"

"လုပ်ပါကွယ်…လုပ်ပါ။ သမီးအတွက် ကျေးဇူးသိပ်ကိုကြီးမားမယ့် လောကီလောကုတ် အစီအရင်တစ်ခုဆိုရင် မမှားဘူးသမီး။ ဪ…ဒါထက် သမီးတို့အိမ်မှာ ဆွမ်းခံကိုယ်တော်တွေများ ကြွလေ့ရှိသလား"

"ရှိတာပေါ့ ဆရာရယ်။ ရှိတာတောင်မှ ဆွမ်းခံကိုယ်တော် တစ်ပါးတည်းတောင်မှ မဟုတ်ဘူး။ သုံးပါးတိတိတောင်မှ ဆရာ"

"ဟုတ်ပြီ။ အဲဒါဆိုရင် ဆွမ်းလောင်းတဲ့အခါမှာ မိဘရဲ့အဝတ်အစားကို ပခုံးပေါ်တင်ပြီး ဆွမ်းလောင်းပါ။ ဒါ့အပြင် ကိုယ့်အိမ်ရှေ့လာရပ်တဲ့ အလှူခံပုဂ္ဂိုလ်တွေကို ထွက်ပြီးလှူမယ်ဆိုရင်လည်း ဆွမ်းလောင်းသလိုပဲ လှူပေါ့ သမီးရယ်"

"စိတ်ချပါဆရာ၊ ခုလိုမျိုး သမီးရဲ့ သောကအတွက် ကူညီလမ်းညွှန်ပေးဟာကျေးဇူးတင်ပါတယ်။ ဆရာ့ကို သမီးကန်တော့ပါရစေ"

"သာဓုပါကွယ်…သာဓု…သာဓု"

လူတစ်ယောက်၏ သောကအပေါ်ဖြေဆည်ရာအတွက် ကူညီလမ်းညွှန်ပေးလိုက်ရသည့်အတွက် ပေါ့ပါးလန်းဆတ်သွားခဲ့ရသည်။ စာရှုသူတို့အနေနှင့်လည်း အိမ်ရှိသက်ကြီးရွယ်အိုများ ကျန်းမာရေးအတွက် အကျိုးရှိစေရန် လုပ်ဆောင်နိုင်ကြောင်း တင်ပြလိုက်ရပါသည်။


ဆရာခေါင်ထွဋ်မြင့်





www.burmeseclassic.com

www.burmeseclassic.com



# နှဝင်းစေတီမှာ ဆောင်ရွက်ပါ

ဆရာသိဒ္ဓိအောင်

"ဘယ်ကိုသွားမလို့လဲ ဆရာ။ လက်ထဲမှာလည်း ဆွဲခြင်းတစ်ဖက်နဲ့"

"ဩော်···မောင်ကျော်ဦးပါလား။ ဘယ်ကိုမှ မဟုတ်ပါဘူး။ ရွာဦးကျောင်းက ကိုးနဝင်းစေတီကိုသွားပြီး ကိုးနဝင်းယတြာချေမလို့ပါ"

"ဘယ်လို···ကိုးနဝင်းယတြာဟုတ်လားဆရာ"

"ဟုတ်တယ် မောင်ကျော်ဦးရေ။ ကိုးနဝင်းစေတီမှာ သွားချေမယ့် ကိုးနဝင်းယတြာပါပဲကွယ်။ တချို့ဆရာတွေက 'နဝသိဒ္ဓိယတြာ'လို့လည်း ဆိုကြပြန်သေးသကွယ့်"

"ဒါထက်···မသိလို့မေးပါရစေ ဆရာ။ ယတြာဆိုတာ ဘာလဲဟင်။ ဘာ့ကြောင့်လူတွေ ယတြာချေကြတာလဲ"

"ယတြာဆိုတာကတော့ ကိုယ့်အပေါ် ဖိစီးကျရောက်လာမယ့် ဘေးအန္တရာယ်တွေ၊ အနှောင့်အယှက်တွေကို ကြိုတင်ကာကွယ်တဲ့ လောကီအစီအရင်တစ်ခုလို့မှတ်ပါကွယ်။ ပြီးတော့ လောကီအကျိုးစီးပွား တိုးတက်ရာတိုးတက်ကြောင်းအတွက် ကူထောက်ပေးတဲ့ အစီအရင်ဆိုရင်လည်း မမှားပေ



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ သည့်အတွက် လောကီဗေဒင်ပညာရပ်ကို ယုံကြည်ကိုးစားကြသူတွေဟာ ယတြာချေကြတာပဲပေါ့။ ရတနာသုံးပါးကို ကပ်လှူပူဇော်ရတဲ့ ယတြာမျိုးဆိုရင် လောကီအတွက်သာမဟုတ်ဘူး။ လောကုတ္တရာအတွက်ပါ အကျိုးဖြစ်ထွန်းပါတယ်။ ဒါကြောင့်လည်း လူတွေဟာ ယတြာချေကြတာပဲပေါ့"

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော့်အနေနဲ့ လက္ခဏာ၊ ဗေဒင် စတဲ့ ပညာရပ်တွေအပေါ် ယုံကြည်သက်ဝင်မှု အပြည့်ရှိပါတယ်။ ဒီတော့ မြုပ်နှံထားတဲ့လုပ်ငန်းကနေ ငွေတွေပြန်ဝင်လာဖို့ရယ်၊ ကိုယ့်အထက်လူကြီးတွေက အခွင့်အရေးပေးလာဖို့ရယ်၊ လူချစ်လူခင်များလာဖို့ရယ်၊ ပြီးတော့ သွားလေရာ၊ လာလေရာ အန္တရာယ်ကင်းပြီး စိတ်ချမ်းသာဖို့အတွက်ရယ် အဲဒါတွေအတွက် ယတြာချေချင်တယ်။ ဘယ်လိုမျိုးယတြာကို ချေရင်ကောင်းမလဲဆရာ။ လုပ်ပါဦး"

"ဒါဆို အခုဆရာချေမယ့် ကိုးနဝင်းကိုက် 'နဝင်္ဂသိဒ္ဓိယတြာ'ကို ချေပေါ့"

"ချေမယ်ဆရာ။ အဲသည်အတွက် ဘယ်လိုမျိုး လုပ်ရကိုင်ရမယ်ဆိုတာ ညွှန်ပါဦး"

"ကောင်းပြီ။ လက်တွေ့မျက်မြင်ဖြစ်ရလေအောင် ဆရာနဲ့လိုက်ခဲ့ချေ"

"လိုက်မယ် ဆရာ"

သို့ဖြင့် မောင်ကျော်ဦးလည်း ကျွန်ုပ်ထံမှ လက်ဆွဲခြင်းကို ကူဆွဲကာ ကျွန်ုပ်သွားရာနောက်သို့ လိုက်ခဲ့လေပော့၏။

အရှေ့ကျောင်းဝင်းသို့ ရောက်လေသောအခါ ဖိနပ်များကို ချွတ်လိုက်ကြလေ၏။ ပြီးနောက် သင့်ရာနေရာ၌ ချထားလိုက်ကြပြီး နတ်လမ်း၌ စကြံလျှောက်နေသော ဘုန်းတော်ကြီးအား ဝတ်ဖြည့်လိုက်ကြ၏။

"သာခုဗျာ . . . သာခု . . . သာခု၊ ကိုင်း . . . ကိုင်း ကိုးနဝင်းစေတီကို သွားဖူးကြ။ လိုရာဆုတောင်းကြ။ အဓိဋ္ဌာန်ဝင်ချင်ဝင်ကြ"

"တင်ပါ့ဘုရား"

ဘုန်းတော်ကြီး၏ ခွင့်ပြုချက်ဖြင့် ကျွန်ုပ်တို့သည် ကိုးတောင်ပြည့် ကိုးနဝင်းစေတီတော်ရှိရာသို့ ရောက်ခဲ့ကြလေ၏။

"ကိုင်း . . . 'နဝင်္ဂသိဒ္ဓိယတြာ'လုပ်တော့မယ်။ သေသေချာချာ မှတ်ထား မောင်ကျော်ဦးရေ့"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်လည်း ဆွဲခြင်းထဲထည့်ယူလာခဲ့သည့် ပစ္စည်းပစ္စယတို့အား ထုတ်ယူလိုက်သည်။ ဦးစွာထွက်လာသည်မှာ လင်ပန်းတစ်ချပ်ဖြစ်၏။

"ဆရာ အခုလုပ်မှာတွေက ကိုးနဝင်းနဲ့ပတ်သက်တာတွေချည်းပဲကွယ့်။ စေတီက ကိုးနဝင်းစေတီ။ လင်ပန်းဆိုတာ ဗုဒ္ဓဟူးနံနဲ့ ကြာသာပတေးနံ။ ဒီတော့ ၉ ရတယ်။ ဟောဒီမှာကြည့် မုန့်လုံးရေပေါ်။ ဒါလည်း ၉ ပါပဲ။ ဟောကြည့်။ လင်ပန်းထဲကို ကိုးလုံးထည့်လိုက်ပြီ။ ပြီးတော့ လိမ္မော်။ ဒါလည်း ၉ ပါပဲ။ သူ့ကိုလည်း နွှာပြီး ကိုးမြွာထည့်ရတယ်။ လက်ဖက်၊ ဒါလည်း ၉ ပဲ။ သူ့ကိုလည်း ကိုးပုံပုံပြီးထည့်ရတယ်။

ပြီးရင် ဘုရားကို ဆွမ်းအဖြစ်ကပ်မယ်။ အဲ . . . သောက်တော်ရေကိုးခွက်လည်း ထည့်ရမယ်။ ဆွမ်းကပ်ပြီးတဲ့အခါ ဂုဏ်တော်ကိုးပါးကို အာရုံရှုနှစ်စွာရွတ်ဆိုပြီး ပုတီးကိုးပတ်စိပ်ရမယ်။ ပြီးတာနဲ့ ပန်းကိုးပွင့်နဲ့ ဘုရားခြေတော်ရင်းမှာ ထိုင်ပြီးကန်တော့ရမယ်။ ကိုးပါးသီလခံရမယ်။ ဒါဆိုရင် 'နဝင်္ဂသိဒ္ဓိယတြာ' ပြီးမြောက်ပြီပေါ့ မောင်ကျော်ဦး"

"မှတ်သားစရာပါလား ဆရာရယ်၊ နောက်ရက် ကျွန်တော့်မွေးနေ့ကျတဲ့အခါ ဟောဒီ ကိုးနဝင်းစေတီတော်ကို လာဖူးပြီး ယတြာချေမယ်ဆရာ။ ဒီယတြာဟာ ကုသိုလ်ရတဲ့ ယတြာပါပဲလား ဆရာရယ်"

မောင်ကျော်ဦးကား ကျွန်ုပ်စီမံဆောင်ရွက်နေသည့် ယတြာကိုသဘောအကျကြီးကျနေပေပြီ။ အကုန်အကျလည်း ပြောပလောက်အောင် မများ။ ကုသိုလ်ဘာဝနာ ပွားနိုင်သည့်အပြင် လောကီကောင်းကျိုးကိုပါ ပေးစွမ်းနိုင်သော အဆိုပါယတြာလေးကိုဖြင့် စာရှုသူတို့ လုပ်ကိုင်ရင်း ဘဝ၌အမြတ်ရစေခြင်းအလို့ငှာ ရေးသားတင်ပြလိုက်မိပါတော့၏။

**ဆရာသိဒ္ဓိအောင်**



www.burmeseclassic.com

www.burmeseclassic.com

# သစ္စာအကျိုးထင်လင်း နဝင်းအင်း

မော်တင်သိန်းဇော်ဂ

| | | | |
|---|---|---|---|
| ၄ | ၅ | ၃ | ၆ |
| ၁ | ၈ | ၂ | ၇ |
| ၆ | ၃ | ၅ | ၄ |
| ၇ | ၂ | ၈ | ၁ |

လာဘာအဘယအင်း

| | | | |
|---|---|---|---|
| ၇ | ၆ | ၃ | ၂ |
| ၃ | ၂ | ၇ | ၆ |
| ၃ | ၇ | ၂ | ၃ |
| ၂ | ၃ | ၆ | ၇ |

အင်္ဂါရသအင်း

| | | |
|---|---|---|
| ၂ | ၁ | ၆ |
| ၄ | ၉ | ၅ |
| ၃ | ၈ | ၇ |

နဝင်းသိဒ္ဓိအင်း



www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၄ | ၅ |
| ၄ | ၅ |

## လာဘရန်ကာအင်း

ကျေးဇူးတော်ရှင် ဆရာတော်မြတ်ဘုရားကြီးများ၊ ကျေးဇူးရှင် ဆရာသခင်ပညာရှင်များ ချီးမြှင့်စေညွှန်း အသုံးပြုကြသော "နဝင်းသိဒ္ဓိအင်းမြတ်"များ ဖြစ်ပါသည်။

လောကီရေးဆိုင်ရာ ကျန်းမာရေး၊ လူမှုရေး၊ အကြံအစည်၊ ကိုယ်ရေးကိစ္စအဖြာဖြာတို့နှင့် လာဘ်လာဘ၊ ဥစ္စာစီးပွား ပွင့်လန်းရေး၊ ရန်အတိုက်အခိုက် အမှုပြဿနာ၊ ပယောဂဆေးများ ကာကွယ်ရေးတို့အတွက် အသုံးပြုခဲ့သော၊ စီရင်နိုင်သော အထူးထက်မြတ်စွာရှိသော အင်းတော်မြတ်များဟု လေ့လာမှတ်သားရပါသည်။ ဆိုင်ရာ ဩဝါဒါစရိယတော်များ၊ စာပေကျမ်းလာတို့နှင့် သမားစဉ်မြတ်တို့အရ နာခံသိရှိရပါသည်။ အချို့အင်းမြတ်တို့မှာ နှစ်ပေါင်းလေးငါးဆယ်ကျော်ကပင် စာရေးသူအနေနှင့် ရိုကျိုးထွတ်မြတ်စွာ စုဆောင်းအသုံးပြုခဲ့ရပါသည်။ ဆိုင်ရာ ဩဝါဒါစရိယတော်၊ စာပေကျမ်းလာတို့နှင့် သမားစဉ်တို့အရ တင်ပြပါ နဝင်းအင်းမြတ်များမှာ လောကီအကျိုးစီးပွားသဗ္ဗပေါင်းစုံတို့အတွက် ဘက်စုံတို့က အကျိုးပြုကြသလို အထူးသဖြင့် "လာဘ၊ အဘယအင်းမြတ်" မှာ လာဘ်လာဘ၊ အရောင်းအဝယ်၊ ဈေးခေါ်တို့ ပွင့်လန်းပြီး ဘေးဥပဒ်ရန်အန္တရာယ်များကို ကင်းရှင်းလွတ်မြောက်စေတတ်သည်။ "အဋ္ဌာရသအင်းမြတ်"မှာလည်း လူမှုကိစ္စသဗ္ဗစုံနှင့် အထူးသဖြင့် ပယောဂဆေးများကို ကင်းရှင်းလွတ်မြောက်စေတတ်သည်။ "လာဘရန်ကာအင်းမြတ်"မှာလည်း လာဘ်လာဘ၊ အရောင်းအဝယ်များကို ပွင့်လန်းစေပြီး အထူးသဖြင့် အတိုက်အခိုက်၊ ရန်စွယ်၊ အမှုပြဿနာများကို ကျော်လွှား ကင်းရှင်း လွတ်မြောက်စေတတ်သည်။ "နဝင်းသိဒ္ဓိအင်းမြတ်" မှာလည်း ကိုယ်ရေးကိုယ်တာ၊ ကျန်းမာရေး၊ လူမှုရေး၊ ဥစ္စာစီးပွား၊ အကြံအစည်၊ သဗ္ဗအလုံးစုံတို့ကို အထူးတလည်မျှ အောင်မြင်ထက်မြက်စေတတ်သည်ဟု ယုဥ်တွဲထပ်ဆင့်တိုးအရ လေ့လာမှတ်သားရပါသည်။

"အင်းတော်မြတ်များ"တို ဆိုင်ရာဩဝါဒလာနှင့် စေညွှန်းချက်တို့အရ စီရင်အသုံးပြုနိုင်ကြသလို အထူးသဖြင့် အမြိတ္တစတ်ရက်များ၊ လပြည့်နေ့ရက်မြတ်များ၊ ရက်ရာဇာနေ့များ၊ ပြဿဒါးလွတ်သော မြန်မာနှင့် အင်္ဂလိပ်ရက် ၉ ရက်နေ့များ၊ စန်း(တနင်္လာဂြိုဟ်) ဥစ်နှင့် ကာသစ်ခံသော နေ့ရက်များ၊ မိမိမွေးနေ့ရက်များနှင့် အရေးတကြီး အရေးပေါ်ဖြစ်သော လိုအပ်ရာနေ့ရက်တို့၌ ရတနာဒီပံများ၊ အောင်လံများ၊ ရွှေ၊ ငွေ၊ ကြေး၊ ထန်းရွက်၊ ဂုံစက္ကူများ၊ ရေစင်ရေမန်းများအနေနှင့် စီရင်ခင်းကျင်း၍ အသုံးပြုနိုင်ကြပါသည်။ ရွတ်ဖတ်သိဒ္ဓိတင်၍ ဆောင်သနိုင်ကြပါသည်။

မှတ်ချက် ။ ။ သက္ကစ္စသဒ္ဓါ၊ အတိယုံကြည်ဂါရဝ၊ သစ္စာသီလ၊ အဓိဋ္ဌာန်တို့နှင့် စီရင်အသုံးပြုဆောင်သက ပကတိအထင်အရှား မမြင်ဘိဋ္ဌ လက်တွေ့မျှ အောင်လင်းစေတတ်သော ကိုယ်တွေ့၊ စာတွေ့ အင်းမြတ်များ ဖြစ်ပါသည်။

ဝန်ခံချက် ။ ။ ကျေးဇူးတော်ရှင် ဆရာတော်မြတ်ဘုရားကြီးများနှင့် အထင်ကရ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစဉ်ဆောင်းပါးများပါတို့ထံမှ နာခံ၊ စုဆောင်း၊ လေ့လာ၍ တစ်ဆင့်လက်ကမ်းတင်ပြခြင်း ဖြစ်ပါသည်။

မော်တင်သိန်း(ဇော်)



www.burmeseclassic.com

www.burmeseclassic.com

# သောတာပန်နှင့် ပုထုဇဉ်ခြားနားချက်

ကျော်သန်း(တိုင်းရင်းဆေး)

သောတာပန်နှင့် ပုထုဇဉ်သည် မျက်မြင်အားဖြင့် ထူးခြားချက်မရှိပါ။ သူတို့၏ ဉာဏ်အမြင်မှာသာ ကွာခြားသင့်သလောက် ကွာခြားပါသည်။

ပုထုဇဉ်နှင့် သောတာပန် ဝိပဿနာတရားကို အားထုတ်၍ နိဗ္ဗာန်ဉာဏ်ဝင်နေလျှင် ထိုဉာဏ်ဝင်နေခိုက်၌ နှစ်ဦးစလုံးပင် လောကကြီးကို ငြီးငွေ့လျက် စီးပွားရေး၊ ကြီးပွားရေးတို့ကို ဂရုမစိုက်လို၊ လောကီစည်းစိမ်တို့ကို မခံမင်မနှစ်သက်၊ ဝတ်ရေးစားရေးတို့၌လည်း တော်သလို၊ လျော်သလို၊ ဖြစ်သလို နေတတ်ကြသည်။ ဝိပဿနာကို အားမထုတ်တဲ့ နေတာကြာလျှင်မူကား လောကကြီးကို ငြီးငွေ့ခြင်းများ လျော့ပါးလျက် စီးပွားရေး၊ ကြီးပွားရေးတို့၌ နဂိုက ဝါသနာအတိုင်းသာ နေတတ်ကြသည်။

ထိုသို့ မြတ်စွာဘုရားလက်ထက်တော်က သာဝတ္ထိပြည်၌ လူဦးရေ ခုနစ်ကုဋေကျော်ရှိသည့်အနက် ငါးကုဋေကျော်သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာများဖြစ်ကြသည်။ သူတို့သည် ပုထုဇဉ်များကဲ့သို့ပင် သမ္မာအာဇီဝ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက်၍ နေကြပေသည်။

သောတာပန်သည် အနုသယကိလေသာ ခုနစ်ပါးရှိသည့်အနက် ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယသာ ပယ်နိုင်သေးသည်။ ကာမရာဂါနုသယ နှင့် ပဋိဃာနုသယသည် နည်းနည်းမျှ မပယ်ရသေးပါ။ ထို့ကြောင့် ခုနစ်နှစ်အရွယ်က သောတာပန်ဖြစ်သော ဝိသာခါသည် ၁၆ နှစ်အရွယ်တွင် အိမ်ထောင်ကျ၍ သမီးနှစ်ဆယ်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင်ရအောင် ကာမဂုဏ်စည်းစိမ်ကို ပျော်ပျော်ကြီး ခံစားစံစားခဲ့သည်။ အရှိုးတစ်သိန်းတန်သော မာလိကာတန်ဆာကို အိမ်ထောင်ကျပြီးမှတောင် ဝတ်ဆင်သေးသည်။ ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းရ၍ အားရဝမ်းသာလှသဖြင့် ကျောင်းကို လှည့်ရင်း သီဆို၍ ကသေးသည်။ သူ၏မြေးကလေးတစ်ယောက် သေဆုံးစဉ် ပရိဒေဝမီး တောက်ပြီး လူးလိမ့်၍ ငိုသေးသည်။ ယခုလည်း နတ်ပြည်ခြောက်ထပ်ရှိသည့်တွင် အမြင့်ဆုံးဖြစ်သော ဝသဝတ္တိနတ်မင်းကြီး၏ မိဖုရားဖြစ်လျက် ကာမဂုဏ်စည်းစိမ်ကို မြိန်မြိန်ကြီးခံစားစံစား၍ နေသေးသည်။ ထို့ပြင် ယခုရှိသော သိကြားမင်းသည်လည်း မြတ်စွာဘုရားရှိစဉ်က သောတာပန်ဖြစ်သည်။ ယခုအခါ နတ်မိဖုရားပေါင်းမြောက်မြားစွာတို့နှင့် လောကီစည်းစိမ်ကို ခံစားလျက်ရှိသည်။

ထို့ပြင် ရဟန်းဘဝနှင့် တရားအားထုတ်ရင်း အသက်ကုန်၍ နတ်ပြည်သို့ ရောက်သွားသော သမဏနတ်သားသည် တရားအားထုတ်နေစဉ်တွင် နတ်သမီးတွေကို စက်ဆုပ်သဖြင့် မြတ်စွာဘုရားထံ ရောက်သွားရာ တရားနာရသဖြင့် နတ်သားရော၊ နတ်သမီးတွေပါ သောတာပန်ဖြစ်ပြီး ယခုအခါ တရားအားထုတ်နေစဉ်က နတ်သမီးတွေကို စက်ဆုပ်ရွံရှာဖွယ်ဟု ထင်ခဲ့သော သမဏနတ်သားသည် ထိုနတ်သမီးတွေနှင့်ပင် ပျော်ပျော်ကြီး ခံစား၍နေသည်။

ထို့ပြင် မဟာနာမ်မင်းသည် သကဒါဂါမ်အဖြစ်နှင့်ပင် ထီးနန်းစည်းစိမ်ကိုမစွန့်လွှတ်ဘဲ တိုင်းပြည်အုပ်ချုပ် ဘုရင်လုပ်၍နေသည်။ ရှင်ဘုရင်လုပ်ရင်း တိုင်းခန်းလှည့်လည်သောအခါ အနုသယကိလေသာတွေက ရှိသေးသဖြင့် ကာမရာဂပဋိဃအစရှိသော ကိလေသာတွေက ထကြွသောင်းကျန်းလာသော

www.burmeseclassic.com

ကြောင့် မြတ်စွာဘုရားထံ သွား၍လျှောက်ထားသည်။

"အရှင်ဘုရား . . . တပည့်တော် သကဒါဂါမိဖြစ်ပါလျက် ကိလေသာများ ထကြွသောင်းကျန်း၍လာပါတယ်ဘုရား။ အဲဒီလို ကိလေသာများ ထကြွသောင်းကျန်း၍နေစဉ် သေသွားပါက တပည့်တော်ရဲ့ လားရာဂတိဟာ အဘယ်ကဲ့သို့ ဖြစ်နိုင်ပါသလဲ" ဟု လျှောက်ထားလေ၏။

"အရှေ့ဘက်သို့ ကိုင်း၍နေတဲ့ သစ်ပင်ကိုခုတ်လှဲရင် အရှေ့ဘက်သို့သာ လဲရမယ်၊ သင်မဟာနာမ်အရိယာဖြစ်တဲ့အတွက် ကောင်းရာသုဂတိဘုံသို့သာ လားမယ်။ စိတ်သာချပါ" ဟု ဥပမာပြ၍ မိန့်တော်မူသည်။

ထို့ပြင် သုဓမ္မါမြေနမင်းကြီးသည် အနာဂါမ်အဖြစ်နှင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်၍နေသည်။ မင်းလုပ်၍နေရင်း နန်းတော်ပေါ်၌ပင် အရေပြားတွယ်လက်ကိုရပြီး ပရိနိဗ္ဗာန်စံရသည်။

ထို့နောက် ဝိသာခသူဌေးကြီးသည် အနာဂါမ်အဖြစ်နှင့်ပင် သူဌေးဘဝကို မစွန့်ဘဲနေခဲ့သည်။ သူ၏ဇနီးဖြစ်သူ ဓမ္မဒိန္နာသည် ရဟန္တာဖြစ်၍ မြတ်စွာဘုရား၏ တေဒဂ်ရ ဓမ္မကထိကာဘိက္ခုနီမ ဖြစ်သည်။ ဓမ္မဒိန္နာရဟန္တာမသည် သူ၏လင်ယောက်ျားခင်ပွန်းတော်ခဲ့ဖူးသော အနာဂါမ်သူဌေးကြီးနေသော သူ၏အိမ်ရှိသောလမ်းကို ဘယ်တော့မှ ဆွမ်းခံကြွတော်မမူဖူးပေ။ တိုအခါ ဝိသာခသူဌေးကြီးက ဓမ္မဒိန္နာရဟန္တာမထံသွား၍ လျှောက်ထားသည်။

"အခြားသို့ ဆွမ်းဆန်ခံကြွတော်မမူဘဲ သူ့ရဲ့အိမ်သို့ နေ့စဉ်ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူရန်နဲ့ အိမ်သို့ မကြွလာနိုင်တဲ့အခါ ဆွမ်းကို ကျောင်းသို့လာ၍ ပို့ပါရစေ။ မိမိတို့ရဲ့ ပစ္စည်းဥစ္စာများမှာ သုံးမကုန်စွဲမကုန် ရှိနေပါ၍ ဘာမျှစိုးရိမ်စရာမရှိပါ" ဟု လျှောက်ထားလေသည်။

"သင်က အနာဂါမ်၊ ကျွန်ုပ်က ရဟန္တာဖြစ်၍နေပေမယ့် မသိတဲ့လူများက သင်နဲ့ ကျွန်ုပ် ဟိုတုန်းက လင်မယားဖြစ်ခဲ့သဖြင့် ကဲ့ရဲ့သပြီး၍ စကားတင်းဆိုကြလိမ့်မယ်။ ဒါကြောင့် အတင်းပြောတတ်တဲ့ သူယုတ်မာတို့မှာ ကျွန်ုပ်တို့ကို အကြောင်းပြု၍ အပါယ်သို့လားရမှာကို စိုးရိမ်မိတယ်။ ဒါ့ကြောင့် သင်ပို့သောဆွမ်းကို မဆိုထားနဲ့တော့၊ သင်နေတဲ့ လမ်းကိုတောင် ဆွမ်းခံမကြွလိုပါ" ဟု ပြန်ပြောလိုက်သည်၊

ဤအချက်ကိုထောက်၍ မြတ်စွာဘုရားရှိစဉ်အခါက ရဟန္တာနှင့် အနာဂါမ်များကိုတောင်မှ ကြံကြံဖန်ဖန် ကဲ့ရဲ့တတ်တဲ့သူများ ရှိသေးလျှင် ယခုလို ဝိပဿနာခေတ်ကြီး၌ ဘုရားသာသနာတွင်းရှိ ကျင့်ကြံနေသော ယောဂီများ၊ ကမ္မဋ္ဌာန်းဆရာများ၊ သောတာပန်များအဖို့ ကဲ့ရဲ့ ပြစ်တင်တတ်သောသူများ သာ၍ပေါများမည်ကို ဖေဒင်မေးနေစရာတောင် မလိုတော့ပေ။

ထို့ကြောင့် အရိယာအစရှိသော သူတော်ကောင်းများကို ကဲ့ရဲ့တတ်သော လူများသည် မိမိကိုယ်တိုင်ကိုယ်တွေ့ ဗဟုသုတမရှိဖူးသောသူများ၊ ကျမ်းဂန်ကို နှံ့စပ်အောင် မတတ်သောသူများ၊ စာတိုပေစတစ်စွန်းတစ်စသာ တတ်၍ မိမိကိုယ်ကို ပညာတတ်ကြီးဟု အထင်ခံလိုသောသူများ၊ ကိုယ်တိုင်ကြံဖန်၍ အားထုတ်ဖူးသော်လည်း ဈာန်ကရိုဏ်းမကျ၍ မဖြစ်နိုင်သောသူများ၊ ကိုယ့်ထက်သာ မနာလိုသောသူများ၊ ဤလိုလူစားမျိုးကသာ ကဲ့ရဲ့တတ်ပါသည်။ ယင်းသို့ ဝိပဿနာသမားနှင့် သောတာပန်များ၏အကြောင်း ကဲ့ရဲ့ ပြစ်တင်တတ်သောသူများသည် ပဉ္စတ်နှင့် ပရမတ်ကိုတောင် စာလိုသာနည်းနည်းပါးပါးပြောနိုင်သော်လည်း ပဋိပတ်နည်းနှင့် ကွဲအောင် ခွဲ၍မပြနိုင်ကြပါ။ ဤသည်ကား သောတာပန်နှင့် ပုထုဇဉ်တို့ ခြားနားချက်ဖြစ်သည်။

ကျော်သန်း(တိုင်းရင်းဆေး)
၀၉–၄၂၀၁၁၃၈၀၀

ကျမ်းကိုး
ဝိပဿနာပါရဂူကျမ်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ယုံကြည်ကိုးကွယ်ကြရာဝယ်

ပီတာမြဦး

"အမှန်အတိုင်းပြောရရင် ကျွန်တော် အချုပ်ခံရပြီး ထောင်ထဲရောက်လာတဲ့ ဒီနေ့အထိ ဒီဖြစ်ရပ်ဆန်းကို ဘယ်သူ့ကိုမှ မပြောပြခဲ့ဖူးသေးဘူး ဆရာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အမှုက ဘယ်သူမှ မယုံကြည်နိုင်လောက်အောင် ထူးခြားဆန်းကြယ်လွန်းနေလို့ပါဆရာ"

ကျွန်ုပ်သည် တစ်ခုသော နံနက်ခင်း၌ ထောင်မှုံစံ(၂၁)ခေါ် အကျဉ်းသားမှတ်ပုံတင်စာအုပ်နှင့် အကျဉ်းသားလူသစ်များကို စစ်ဆေးနေခဲ့သည်။ ထိုအထဲမှ ခိုးမှု၊ အတုပြုလုပ်မှုတို့ဖြင့် ထောင်ခုနစ်နှစ် ကျလာသော အကျဉ်းသား ဇော်ဦးဆိုသူ၏ ဖြစ်စဉ်ကို မေး မြန်းစုံစမ်းကြည့်ရာ သူက အထက်ပါအတိုင်း စတင်ပြောဆိုလိုက်ခြင်းဖြစ်၏။

ကျွန်ုပ်က -

"အေး…မင်းပြောတာ မှန်တယ် ဇော်ဦး။ ပြောမယုံ ကြုံဖူးမှသိ ဆိုသလိုလူ့ဆိုတာမျိုးကလည်း ဘယ်လောက်ပဲ ထူးခြားဆန်းကြယ်တယ်ပြောပြော ကိုယ်တွေ့မဟုတ်ရင် မယုံချင်တက်ကြဘူးလေ။ ဒါပေမယ့် ဆရာကတော့ ယုံကြည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလောကမှာ ဆရာကို လူ့အသိဉာဏ်နဲ့ လိုက်လို့မမီနိုင်တဲ့ ဖြစ်ရပ်ဆန်းတွေ ပြည့်နှက်နေလို့ပဲကွယ့်"

ကျွန်ုပ်စကားကြောင့် အကျဉ်းသား ဇော်ဦးက မျက်လုံးဝိုင်းကြီးများဖြင့် တအံ့တသြကြည့်သည်။ ယနေ့အထိ မည်သူတစ်ဦးတစ်ယောက်ကိုမှ မပြောရသေးဆိုသော ဖြစ်ရပ်မှန်ကို ဖွင့်ပြောရန် သင့်မသင့် ချင့်ချိန်နေဟန်လည်း ရှိ၏။

"ဒါကြောင့်မို့ မောင်ဇော်ဦးအနေနဲ့ ဆရာ့အပေါ် ဘယ်လိုမှ ဒွိဟသံသယဖြစ်မနေဘဲ ဖြစ်ပျက်ခဲ့သမျှကို ယုံယုံကြည်ကြည် ပြောပြပေးဖို့ တောင်းဆိုပါရစေကွယ်"

ကျွန်ုပ်က ဆက်၍တွန်းအားပေးလိုက်သည်။ ဇော်ဦးမှာ အတန်ငယ်ကြာအောင် တွေဝေနေပြီးမှ ဆုံးဖြတ်ချက်ချလိုက်ဟန် ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ကောင်းပါပြီ။ ဒါဆိုလည်း ပြောပြပါတော့မယ်။ အမှန်တော့ ကျွန်တော့်အဖြစ်က မ,ဘက်လိုက်မိလို့ မိုက်ဘက်ပါခဲ့တဲ့ အဖြစ်မျိုးပါ ဆရာ"

"ဟုတ်လား၊ အဲဒါ ဘာကိုဆိုလိုတာလဲကွယ့်"

"ဆိုလိုချင်တာက မိန်းမခိုင်းသမျှ မဆင်မခြင်လုပ်ခဲ့မိတာပါဆရာ"

"အင်း…မိန်းမက ဘာတွေခိုင်းလို့များ မဆင်မခြင်လုပ်မိခဲ့တာလဲကွယ့်"

"ဟုတ်ကဲ့၊ ဒါတွေကို လိပ်ပတ်လည်အောင် ပြောမယ်ဆိုရင် မင်္ဂလာဈေးအထည်ဆိုင်ကိစ္စက စပြောမှထင်တယ်ဆရာ"

"အင်း…ဆိုပါဦး"

"တကယ်တော့ ဒီအထည်ဆိုင်ဟာ ကျွန်တော့်မိန်းမ မရွှေကျော့ရဲ့ မိရိုးဖလာလုပ်ငန်းပါ။ သူ့မိဘလက်ထက်ကတော့ ကြည့်မြင်တိုင်ညဈေးတန်းမှာ ဖွင့်ခဲ့တာပါ။ ကျွန်တော်နဲ့အိမ်ထောင်ကျပြီးနောက်ပိုင်း ကျွန်တော့်ကားပွဲစားလုပ်ငန်းကလည်း နှံသမားပါးစပ်လိုပိန်လိုက်၊ ဖောင်းလိုက်ဖြစ်နေတာနဲ့ မရွှေကျော့က သူကျွမ်းကျင်တဲ့ အထည်ဆိုင်ကို မင်္ဂလာဈေးမှာ ဖွင့်ခဲ့တာလေ ဆရာ"

"ဩော်…"

"မရွှေကျော့က ကျွမ်းကျင်တော့ ဆိုင်ဖွင့်လိုက်တယ်ဆိုရင်ပဲ ရောင်းသိုက်ရဲတာ လက်မလည်နိုင်အောင်ပါပဲ ဆရာ။ နောက်ပိုင်း သူတစ်ယောက်တည်းနဲ့ မရလို့ အကူမိန်းကလေးငါးယောက်တောင် ခေါ်ထားရတဲ့အထိ ရောင်းအားတက်လာတယ်။ ဈေးသည်တို့ရဲ့ သဘာဝအတိုင်း ပတ်ဝန်းကျင် အထည်ဆိုင်တွေရဲ့ မနာလိုဝန်တိုစိတ်နဲ့ ဝိုင်းပယ်ဖွှာပုံတာလည်း ခံရသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဆိုင်ဖွင့်လိုက်တာနဲ့ သူတို့ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

တွေ ရောင်းအားသိသိသာသာ ကျသွားလို့ပါပဲဆရာ"

"ဟုတ်လား"

"ဒါပေမယ့် မကြာပါဘူး။ မမြွေကျော့ရဲ့ ငယ်သူငယ်ချင်း သဲသဲ ကျွန်တော်တို့ဆိုင်နဲ့ မျက်စောင်းထိုးလောက်မှာ အထည်ဆိုင်လာဖွင့်ပါလေရော။ အဲဒါ ချက်ချင်းဝင့်လည်သလိုပါပဲဆရာ။ ဘာဖြစ်လို့လဲဆိုတော့ သဲသဲဆိုင်ဖွင့်တဲ့နေ့ကစပြီး ကျွန်တော်တို့ဆိုင် ရောင်းအား သိသိသာသာ ကျသွားခဲ့လို့ပါပဲ"

"အင်း..."

"ဘယ်လောက်အထိ ရောင်းအားကျလာသလဲဆိုရင် တစ်လအတွင်း အရှုံးစာရင်းပြလာတဲ့အထိပါပဲ။ အဲဒီနေ့ကစပြီး မမြွေကျော့တစ်ယောက် မစားနိုင်၊ မသောက်နိုင်ဖြစ်လာပြီး တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေတာ တွေ့လိုက်ရတယ်ဆရာ"

"ဘာများလဲကွယ့်"

"အမှန်တော့ မမြွေကျော့ဟာ မွေးရာပါ ဈေးရောင်းမော်ပါတယ်လို့တောင် ပြောရလောက်အောင် ဈေးရောင်းကောင်းတဲ့သူပါ။ ခု သဲသဲဆိုင်လာဖွင့်မှ ထူးထူးဆန်းဆန်း သူ့ဆိုင်အရောင်းကျတာကို အစာမကြေနိုင်ဘူးဖြစ်နေတယ်။ ဒါကြောင့် သူ့စိတ်ထဲမှာ သဲသဲဈေးရောင်းကောင်းတာ သွေးရိုးသားရိုးမဖြစ်နိုင်ဘူး။ သူ့မှာ ဈေးရောင်းကောင်းစေတဲ့ လာဘ်ခေါ်အဆောင်ကောင်းတစ်ခုခုရှိလို့ ဖြစ်ရမယ်လို့ တန်းတန်းစွဲ ယုံကြည်နေတယ်ဆရာ"

"သြော်..."

"ဒါကြောင့် ဥပုသ်ဈေးပိတ်ရက်တစ်ရက်မှာ သဲသဲတို့အိမ်အလည်သွားသလိုလိုနဲ့ လေ့လာကြည့်တော့မှ သဲသဲဈေးရောင်းကောင်းတာဟာ သူတို့အိမ်ဘုရားမှာ ကိုးကွယ်ထားတဲ့ လာဘမုနိရုပ်ပွားတော်ကြောင့်ဆိုတာ သိခဲ့ရတယ်လေ"

"ဟုတ်လား"

"အင်း...ဒါက ဈေးရောင်းကောင်းတဲ့ အဆောင် ဘယ်ဟုတ်ပါတော့မလဲ။ ဒါက ဘုရားရုပ်ပွားတော်ပဲလေ"

"ဟုတ်တယ် ဆရာ၊ မမြွေကျော့က ကျွန်တော့်ကို အဲဒီ သဲသဲတို့ဘုရားကျောင်းဆောင်က လာဘမုနိရုပ်ပွားတော်ကို သွားခိုးခိုင်းတာလေ"

"ဟော...ဒါဆို မင်းမိန်းမစိတ်က ပုံမှန်ဟုတ်သေးရဲ့လားကွယ့်"

"ဘယ်ပုံမှန်ဟုတ်ပါတော့မလဲ။ အဲဒီကိစ္စနဲ့ အရူးတစ်ပိုင်းလို ဖြစ်နေပြီပေါ့"

"ဒါဆို အဲဒီဘုရားကို မင်းသွားခိုးပေးခဲ့ရတာပေါ့"

"အဲလိုလည်း မဟုတ်သေးဘူး ဆရာ။ တော်ကြာ ဘုရားပျောက်လို့ ကျွန်တော့်အိမ် လာရှာမှ ခိုးရာပါပစ္စည်းနဲ့ အမိခံရနေရဦးမယ်။ ကျွန်တော်တို့က အိမ်နားနီးချင်းတွေ မဟုတ်လား"

"ဒါဆို မင်းခိုးမှုနဲ့ ဘယ်လိုထောင်ကျလာခဲ့တာလဲ"

"ဒါက ဒီလိုပါ။ ကျွန်တော် တစ်နေ့ သဲသဲတို့အိမ်သွားပြီး သူတို့ဘုရားကျောင်းဆောင်ရှေ့မှာ ပုတီးစိပ်ချင်ယောင် သွားဆောင်နေခဲ့တယ်။ အိမ်သားတွေလစ်မှ အသင့်ပါလာတဲ့ ကင်မရာနဲ့ လာဘမုနိရုပ်ပွားတော်ကို လေးဘက်လေးတန် ရှုထောင့်အမျိုးမျိုးကနေ ဓာတ်ပုံရိုက်ယူခဲ့တယ်။ ဉာဏ်တော်ကို တိုင်းကြည့်တော့ ကိုးလက်မတိတိ ရှိတယ်။ အဲဒါကို ကြည့်မြင်တိုင်က ပန်းပွတ်ပညာရှင်ဆီအပ်ပြီး ဓာတ်ပုံထဲကအတိုင်း တစ်ထေရာတည်းတူအောင် ထုခိုင်းလိုက်တယ်။ အားလုံးပြီးတော့မှ ဒါတိုင်းလို ပုတီးစိပ်ချင်ယောင်ဆောင်ပြီး အလစ်မှာ အသစ်လုလာတဲ့ ရုပ်ပွားတော်နဲ့ လဲယူလာခဲ့တယ်ဆရာ"

"ကြံကြံဖန်ဖန်"

"ကျွန်တော့်မိန်းမ မမြွေကျော့ခမျာ အဲဒီလာဘမုနိရုပ်ပွားတော်ကိုလည်း မြင်ရော အိမ်ရာမှာလဲနေရာက ဝေါက်ခနဲထလာပြီး ရုပ်ပွားတော်ကို ဘုရားကျောင်းဆောင်မှာ ဆီမီးပူဇော်ပြီး ပါးစပ်ကလည်း ဆီမန်းမန်းသလို တဖွဖွဆုတွေတောင်းနေလိုက်တာ မဆုံးနိုင်အောင်ပါပဲ"

"ဟုတ်လား။ ဒါဆို မမြွေကျော့ရဲ့ အထည်ဆိုင် အဲဒီနေ့ကစပြီး ပြန်ရောင်းကောင်းလာမှာပေါ့"

ကျွန်ုပ်မေးခွန်းကို ဇော်ဦး ခေါင်းညိတ်၍ ဝမ်းသာအားရ ပြန်ဖြေလိမ့်မည်ဟု ထင်ထားခဲ့၏။ သို့သော် ဇော်ဦးမှာ သက်ပြင်းတချချ၊ ခေါင်းတခါခါဖြင့် ဖြေ၏။

"ဈေးရောင်းကောင်းဖို့နေနေသာသာ အရင်ကထက်တောင် ပိုရှုံးလာသေးတယ်ဆရာ။ သဲသဲတို့မှာတော့ ပိုလို့ဈေးရောင်းကောင်းလာရုံတင်မက သေးဘူး။ ဘေးကဆိုင်ခန်းကိုပါ ငှားပြီး လုပ်ငန်းတိုးချဲ့ရတဲ့အထိ ကြီးပွားချမ်းသာလာခဲ့ပါတယ်"

"ဟုတ်လား။ ဒါထက် မင်းက ဘုရားချင်းလဲထားပါရဲ့နဲ့ ဘယ့်နယ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ခိုးမှုနဲ့ ထောင်ကျလာရတာလဲ"

"ကျွန်တော် ဘုရားချင်းလဲတာ ပေါ်သွားလို့ ရဲတိုင်ရာက အမှုဖြစ်ပြီး ထောင်ကျခဲ့ရတာပါ"

"ဟေ . . .ဘုရားချင်းလဲတာ ဘယ်လိုလုပ် ပေါ်သွားခဲ့တာလဲ"

"တစ်နေ့ညမှာ သဲသဲ အိပ်မက် မက်သတဲ့။ အိပ်မက်ထဲမှာ သူတို့ လာဘမုနိရုပ်ပွားတော် ကျွန်တော်တို့ အိမ် ဘုရားကျောင်းဆောင်ပေါ် ရောက် နေတယ်လို့ မက်သတဲ့။ ဒါသေချာ အောင် သူတို့ဘုရားကျောင်းဆောင်က ရုပ်ပွားတော်နောက်ဘက်မှာရှိတဲ့ အံ ဝှက်ကိုဖွင့်ကြည့်တော့ မရဘူးလေ။ ဒါကြောင့် ကျွန်တော့်အိမ်လိုက်လာပြီး လာဘမုနိရုပ်ပွားတော်နောက်က အံ ဝှက်ကိုဖွင့်ကြည့်တော့မှ ရတယ်ဆရာ။ အဲဒီ အံဝှက်ထဲမှာ သူတို့မိသားစုရဲ့ ဓာတ်ပုံတွေထည့်ထားတာတဲ့။ နောက် ဆုံး နိဂုံးချုပ်လိုက်တော့ ရုပ်ပွားတော်ကို ဓာတ်ပုံရိုက်ယူပြီး အတုလုပ်ခဲ့တဲ့ ကျွန် တော်က နောက်မှာ အံဝှက်ပါမှန်းမသိ တော့ အဖမ်းခံရတော့တာပေါ့ဆရာ"

"ဒါနဲ့ အခု မင်းထောင်ကျလာ တော့ အဲဒီလာဘမုနိရုပ်ပွားတော်တွေ ဘယ်ရောက်ကုန်လဲ"

"အမှုစစ်နေတုန်းက တရားရုံး တော်မှာ သက်သေခံပစ္စည်းအဖြစ် တင် ပြခဲ့တယ်။ အမှုပြီးတော့ သဲသဲတို့အိမ် မှာပဲ ပြန်သီတင်းသုံးနေကြတယ်ဆရာ"

"ဆရာသိချင်တာက သူတို့အရင် ကိုးကွယ်နေခဲ့တဲ့ လာဘမုနိရုပ်ပွား တော်အစစ်ကို ပြောတာကွယ့်"

"အဲဒီအစစ်ကော၊ အတုကော နှစ်ဆူစလုံးကို တရားရုံးမှာ လျှောက် ထားတောင်းခံပြီး ကိုးကွယ်နေကြတယ် တဲ့ဆရာ"

"ဟုတ်လား"

ကျွန်ုပ်က ခေါင်းတဆတ်ဆတ် ညိတ်ပြမိသည်။

"အေး . . .ဇော်ဦး၊ အမှန်တော့ မင်းတို့အဖြစ်က ရိုးရိုးလေးနဲ့ ရှုပ်နေတဲ့ အထင်မှား၊ အမြင်မှားရာက ပေါ်ပေါက် လာတာလို့ ဆရာထင်တယ်။ မရွှေ ကျော့ ဈေးရောင်းမော်တကယ်ပေါက် မပေါက် မပြောနိုင်သလို သဲသဲက လည်း လာဘမုနိရုပ်ပွားတော်ကို ကိုး ကွယ်လို့ ဈေးရောင်းကောင်းတာလို့ ဆရာမထင်မိဘူးကွယ့်"

ဇော်ဦး မျက်လုံးဝိုင်းသွားကာ -

"မင်းပဲ စဉ်းစားကြည့်လေကွာ။ မသဲသဲတို့က လာဘမုနိအစစ်ကို ကိုး ကွယ်တုန်းကထက်တောင် မင်းဓာတ်ပုံ ရိုက် ထုလုပ်ပြီး လဲထားခဲ့တဲ့ ရုပ်ပွား တော်အတုကို ကိုးကွယ်ချိန်ကျမှ ပိုပြီး စီးပွားတက်လာတယ်မဟုတ်လား"

ဇော်ဦး ဆတ်ခနဲခေါင်းညိတ်ပြ သည်။

"အဲဒါ ဟုတ်တယ်ဆရာ။ ဒါဖြင့် ဘာလို့ ဒီလိုဖြစ်ရတာလဲဆရာ။ ကျွန် တော်ဖြင့် နားကိုမလည်တော့ဘူး"

"ဒါက ရှင်းရှင်းလေးပါကွယ်။ မသဲသဲတို့ လာဘမုနိကိုးကွယ်တယ်ဆို တာ ဘာအကျိုးတရားမှ မမျှော်ဘဲ ကြည်ညိုသဒ္ဓါစိတ်၊ ယုံကြည်စိတ် အပြည့်နဲ့ ကိုးကွယ်ခဲ့တာပဲကွယ့်။ ဒါ ကြောင့်လည်း လာဘမုနိအတုကို အရင် က ကိုးကွယ်နေကျ အစစ်အမှတ်နဲ့ ဆက်ကိုးကွယ်ခဲ့လို့ ပိုတောင်စီးပွား တက်လာတယ်လေ။ အဓိကကတော့ ဗုဒ္ဓဘုရားပေါ်မှာ အလေးအမြတ်ထား တဲ့ ယုံကြည်ကိုးကွယ်စိတ်ကြောင့်ပဲ ကွယ့်"

"ဟုတ်ကဲ့ ဆရာ"

"အဲ . . .မရွှေကျော့ကျတော့ ဒီလို မဟုတ်ဘူးလေ။ မသဲသဲဈေးရောင်း ကောင်းမှုအပေါ် မနာလိုဝန်တိုစိတ် ကြောင့် လောဘတက်ပြီး ရလိုမှုအတွေး စိတ်နဲ့ ကိုးကွယ်တာမို့လို့ ဘယ်လိုမှ အကျိုးမများနိုင်ဘူးကွယ့်။ ပြီးတော့ အဒိန္နာဒါနကံကြီးထိုက်အောင် မင်းကို သွားခိုးခိုင်းပြီးမှ ကိုးကွယ်တာဆိုတော့ ပိုဆိုးပြီပေါ့ကွယ်"

ဇော်ဦး ခေါင်းတဆတ်ဆတ်ညိတ် ကာ -

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော် အခုတော့ သဘောပေါက်ပါပြီ။ အမှန် တော့ မိန်းမကို ကြောက် . . .အဲ . . . ချစ်တဲ့စိတ်နဲ့ မဆင်မခြင်ပြုခဲ့မိတာကို က ကျွန်တော့်အမှားပါ။ ခုမှတော့ နောင်တရရုံကလွဲပြီး ဘာမှမတတ်နိုင် တော့ပါဘူး"

ခေါင်းငိုက်စိုက်ချကာ အကျဉ်း ထောင်ထဲသို့ တစ်လှမ်းချင်း ပြန်ဝင် သွားသော ဇော်ဦးကို ငေးစိုက်ကြည့် ရင်း ကျွန်ုပ်သက်ပြင်းမောတစ်လုံး ရှူ ထုတ်လိုက်မိသည်။

စင်စစ် ယုံကြည်ကိုးကွယ်မှုပြုရာ တွင် လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာစိတ်များ ကင်းစင်၍ ဖြူစင် သန့်ရှင်းစွာ ကြည်ညိုသဒ္ဓါပွားများနိုင်ကြ ရန် လိုအပ်လှသည်မဟုတ်ပါလား။

ပီတာမြင့်ဦး

www.burmeseclassic.com

www.burmeseclassic.com


## ထူးထွေဆန်းပြားသော

# အလိုအလျောက် မီးလောင်မှုများ

လုမိုး(ပညာရေး)

ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၂၀၀၄ ခုနှစ် မေလနောက်ဆုံးရက် သတ္တပတ်နှင့် ဇွန်လ ပထမပတ်အတွင်း ထုတ်ဝေသော ဂျာနယ်များ၊ သတင်းစာများတွင် စိတ်ဝင်စားဖွယ်ရာ ခေါင်းစဉ်ဖြင့် ဖော်ပြထားသော မိတ္ထီလာမြို့ လူစည်ကားရာ ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်တွင် ပုဏ္ဏက အမှုတစ်ခု ဖြစ်ပွားခဲ့ကို ကျွန်တော်များ ဖတ်ရှုခဲ့ကြရ၏။ ထိုပုဏ္ဏကကိုက်မှုမှာ မြန်မာနိုင်ငံတွင် ဖြစ်ပွားပြီး ဖြစ်ပွားလေ့မရှိသော ပုဏ္ဏကတိုက်မှုမျိုးဖြစ်သည်ဟု ဒေသခံသတင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။

ထိုအိမ်၏ ပိုင်ရှင်အမည်ကို အကြောင်းကြောင်းကြောင့် ဖော်ပြခြင်းမရှိခဲ့သော်လည်း အငြိမ်းစားတပ်မတော်အရာရှိတစ်ဦး ပိုင်ဆိုင်သော အိမ်တစ်အိမ် ဖြစ်သည်ဟု သိရ၏။ ထိုအိမ်တွင် အိမ်ခန်းများအတွင်း အလိုအလျောက် မီးလောင်မှုများ ဖြစ်ပွားခဲ့သည်။ ပထမတွင်မူ ပေါ့ဆမှုကြောင့် မီးလောင်ခြင်းဟု ယူဆကြသော်လည်း နောင်အခါ မကြာခဏ အလိုအလျောက် မီးထတောက်ရာမှ လောင်ကျွမ်းခြင်းဖြစ်သည်ဟု သိရ၏။ ယုံကြည်စိတ်ချရသူများ၏ ပြောပြချက်အရ ထိုအိမ်တွင် အလိုအလျောက် မီးလောင်မှု တစ်ဆယ့်သုံးကြိမ်ကိုတိ ဖြစ်ပွားခဲ့သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက အထက်ဖော်ပြပါနေအိမ်အား ပိတ်ထားစေကာ အိမ်သားများကို တစ်နေရာသို့ ပြောင်းရွှေ့ထားရသည်ဟု ဆိုသည်။ ထိုသတင်းကို အင်တာနက်စာမျက်နှာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့သဖြင့် လူအများ စိတ်ဝင်စားဖွယ်





www.burmeseclassic.com

www.burmeseclassic.com



တာင်းတစ်ပုဒ် ဖြစ်ခဲ့ရသည်။

ဤကဲ့သို့ ပြုလုပ်သူအထင်အရှားမရှိဘဲ ခဲများကျ ခြင်း နေအိမ်များ၏ ပြတင်းတံခါးများ အလိုအလျောက် ဖွင့်ခြင်း,ပိတ်ခြင်း၊ လျှပ်စစ်မီးခလုတ်များ အလို အလျောက် ဖွင့်ခြင်း,ပိတ်ခြင်း၊ ရေချိုးခန်း၊ ထမင်းစားခန်း၊ ခန်းများမှ ရေခလုတ်များ ဖွင့်ခြင်း,ပိတ်ခြင်း၊ ပရိ ဝများ၊ မီးဖိုချောင်သုံး အိုးခွက်ပန်းကန်၊ ဇွန်း ရင်း၊ ဓားများ အလိုအလျောက် ရွေ့လျားခြင်း၊ နံရံ တွင် စာရေးသူမရှိဘဲ ထူးဆန်းသော စာတမ်းများ ခြင်း တစ်စုံတစ်ယောက်က ဆွဲယူသွားသကဲ့သို့ အိပ် စောင်များ၊ ခေါင်းအုံးများ ရွေ့လျားခြင်း၊ နံရံများ များကို တစ်စုံတစ်ယောက်က အဆက်မပြတ် ခြင်း အဝတ်အစားများ အလိုအလျောက် မီးထ ခြင်းနှင့် အခြားထူးဆန်းသော သဘာဝလွန် သွန်အရာများ ဖြစ်သည်ဟုဆိုသည်။ ထိုကဲ့သို့ ဖြစ်ရပ်ကို ကျွန်တော်တို့ကမူ ပုဏ္ဏကတိုက်မှု (Poltergeist Phenomena) ဟု ခေါ်သည်။ ထိုထူးခြားဖြစ်စဉ်များကို အနောက်တိုင်းမှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် ဖော်ပြခဲ့သည်သာမက ရုပ်သံလွှင့် အစီအစဉ်များတွင်လည်း ယင်းသဘာဝလွန် ဖြစ်ရပ်များ အကြောင်း အသေးစိတ်ထုတ်လွှင့်ပေးခဲ့ကြ၏။ ထိုဖြစ်ရပ်များကို မနောသုတေသနအသင်းများ၏ မှတ်တမ်းများတွင်လည်း အထောက်အထား ခိုင်ခိုင်မာမာနှင့် ဖော်ပြထားခဲ့၏။ ဤကဲ့သို့ ပုဏ္ဏကတိုက်မှုကို ထဲစိုက်မက်မက် သုတေသနပြုခဲ့သော မနောသုတေသီနှင့် မှုခင်းဒဿန ပညာရှင် ကမ္ဘာကျော်စာရေးဆရာကြီး ကိုလင်ဝီ(လ်)ဆန် (Colin Wilson)ကမူ သူ၏အရောင်းရအသွက်ဆုံး စံချိန်တင်ခံရပြီး ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော "Poltergeists" ပုဏ္ဏကလောဟူသော စာအုပ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပွားခဲ့သော ပုဏ္ဏကတိုက်မှုများကို အထောက်အထား သာကေခိုင်ခိုင်မာမာနှင့် စုစုစည်းစည်း တင်ပြထားခဲ့၏။

သူ၏ရေးသားချက်အရ ဆိုရသော် ကမ္ဘာ့အရပ်ရပ်၌ ပုဏ္ဏကတိုက်သည်ဟုဆိုသော ထူးခြားဖြစ်စဉ်အားလုံးသည် ပုံစံတူညီပြီး ရုတ်တရက်ဖြစ်ပေါ်လာသော်၊ ရုတ်တရက်ပျောက်ကွယ်သွားလေ့ရှိသည်ဟု ဆိုသည်။ အံ့ဖွယ်သူရဲကောင်းနေ့သည်မှာ ပုဏ္ဏကတိုက်ခံရသည်ဟုဆိုသော နေအိမ်အဆောက်အအုံများတွင် လွှင့်ပေါက်သော ခဲများ၊ ကျောက်တုံး၊ သလဲများ၊ မြေစိုင်ခဲများသည် ထိုအဆောက်အအုံများတွင် နေထိုင်သောသူများအား ထိမှန်သောအခါ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရခြင်း မရှိသည်ကို တွေ့ရပြီး ပုဏ္ဏကတိုက်ခြင်းဖြစ်ရပ်အများသည် ညအချိန်တွင်သာ မဟုတ်၊ နေ့ခင်းကြောင်တောင် လူအများရှေ့တွင်ပင် ဖြစ်ပွားသည်ကို တွေ့ရသည်ဟု ဆိုသည်။

ဤသို့ ဖြစ်ပွားခြင်းကို လူအချို့ကမူ နာနာဘာဝများ၊ ပရလောကသားများ၏ ပယောဂဟု ယူဆကြသည်။ ထိုဖြစ်ရပ်ဆန်းများကို အခြေခံ၍ ရုပ်ရှင်ရိုက်ကူး


www.burmeseclassic.com

ပြသသည်။ ရုပ်ရှင်များတွင်လည်း အလားတူ ကွယ်လွန်သူတို့၏ ပရောဂဟု ပြသလေ့ရှိသော်လည်း ပုဏ္ဏကတိုက်မှုအများမှာ ကွယ်လွန်သူတစ်ဦးဦးနှင့် ဆက်စပ်ခြင်းမရှိဟု ဆိုသည်။ ထူးဆန်းနေသည်မှာ ထိုပုဏ္ဏကတိုက်သည်ဟုဆိုသော နေအိမ်များ၊ စျေးဆိုင်များ၊ ရုံးခန်းများတွင် ကြုံတွေ့ကြရသူများအနက် ယောက်ျားကလေး သို့မဟုတ် မိန်းကလေး၊ ဆယ်ကျော်သက်များ ရှိနေတတ်သည်ကို တွေ့ရသည်ဟု ဆိုသည်။ သုတေသီအချို့ကမူ ဤသို့သော ထူးဆန်းစွာယှက်ယှက်မှုများကို ထိုဆယ်ကျော်သက်ရွယ်များက ပြုလုပ်နိုင်ပါသလားဟု ဆိုကြ၏။

သို့သော် သုတေသီ ကိုလင်ဝီလဆန်၏ သုတေသနပြုချက်အရဆိုရလျှင် ထိုထူးခြားဖြစ်စဉ် ဖြစ်ပွားနေသော နေရာများတွင် အထက်ဖော်ပြပါ မီးကောင်ပေါက်ဆယ်ကျော်သက်များ နောက်ပြောင်မှုကို လက်ပူးလက်ကျပ် မျက်ဝါးထင်ထင် မတွေ့ရသည်သာမက ထိုဆယ်ကျော်သက်များ မရှိသည့်အခါတွင်လည်း ထိုဖြစ်ရပ်များဖြစ်ပွားနေသည်ကို တွေ့ရသည်။ ယင်းထူးခြားဖြစ်ရပ်များကို ဓာတ်ပုံများ၊ ဗီဒီရိုများဖြင့် မှတ်တမ်းတင်ရိုက်ကူးထားမှုများလည်း ရှိခဲ့၏။

မနောသုတေသီ အများကမူ ဤသို့ထူးခြားဖြစ်စဉ်ဖြစ်ပွားသော နေအိမ်များ၊ ရုံးများရှိ ဆယ်ကျော်သက်များ၏ စိတ်ဂနာမငြိမ်မှု စိတ်စွမ်းအင်ကြောင့် ရုပ်ဝတ္ထုများ လှုပ်ရှားခြင်းဖြစ်သည်ဟု ဆိုကြသော်လည်း အများကမူ ထိုအဖြေကို လက်ခံလိုခြင်းမရှိကြ။ ယနေ့ထိ အဘယ်ကြောင့် ပုဏ္ဏကတိုက်မှုဖြစ်ရသည်ဟူသော အဖြေကို လူအများလက်ခံလာအောင် သဘာဝကျသော အဖြေမပေးနိုင်ကြ။ အဘယ်ကြောင့် ရုတ်တရက်ဖြစ်ပေါ်လာပြီး အဘယ်ကြောင့် ရုတ်တရက် ရပ်စဲသွားသည်ကိုလည်း ရှင်းရှင်းလင်းလင်း မသိကြသေးပေ။

ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း ပုဏ္ဏကတိုက်မှုနှင့် ဆင်တူသော ဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်ကို သတင်းစာများ၊ ဂျာနယ်များတွင် မကြာခဏ ဖတ်ရှုခဲ့ရ၏။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကျွန်တော်ကြုံ




တွေ့ခဲ့ရသော ပုဏ္ဏကတိုက်မှုဟု အများကယူဆခဲ့သော ဖြစ်ရပ်တစ်ခု ဒုတိယကမ္ဘာစစ်မီးကြီး ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ကူးစက်မလာခင် သုံးနှစ်ခန့်က ကျွန်တော့် ဇာတိဖြစ်သော စကုမြို့၊ ဖောင်တန်းရပ်ရှိ အိမ်တစ်အိမ်တွင် ဖြစ်ပွားခဲ့သည်။ ထိုအိမ်အား သလဲများ၊ ကျောက်ခဲများဖြင့် မြေစိုင်ခဲများဖြင့် နေ့ခင်းကြောင်တောင်တွင်လည်းကောင်း၊ ညတွင်လည်းကောင်း ပစ်ခတ်လျက်ရှိသည်။ ထိုအိမ်အား ပုလိပ်(ရဲ)များ၊ ရပ်ကွက်တွင်းမှ လူငယ်များ အမြဲမပြတ် စောင့်ကြည့်နေသည့်ကြားမှပင် ခဲများ၊ မြေစိုင်ခဲများ ကျခဲ့သည်။ ဤကဲ့သို့ ဘာကြောင့်ဖြစ်ရသည်ကို လူအများလက်ခံလာအောင် သဘာဝကျကျ ရှင်းမပြနိုင်ကြ။ ထိုဖြစ်ရပ်သည် ရက်သတ္တပတ်နှစ်ပတ်ခန့်ကြာသည်နှင့် ရပ်စဲသွားခဲ့သည်။ ရုတ်တရက်ဖြစ်ပေါ်လာသော ဖြစ်ရပ်သည် အဘယ်ကြောင့်ရပ်စဲသွားသည်ကို မည်သူမျှရှင်းမပြနိုင်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ကျွန်တော်သည် အလယ်တန်းကျောင်းသားတစ်ဦး ဖြစ်သဖြင့် ထိုဖြစ်စဉ်ကို မျက်ဝါးထင်ထင် ကြည့်ခဲ့ရဖူးသည်။ ၁၉၅၆ ခုနှစ်ဆန်းပိုင်းခန့်ကလည်း ကျွန်တော့်ဇာတိမြို့ ဆင်ခြေဖုံးရှိ သမတီရပ်ကွက်ရှိ အိမ်တစ်အိမ်တွင် အလားတူဖြစ်ရပ်တစ်ခု ဖြစ်သည်။ ဤအချိန်တွင် ကျွန်တော်သည် ဇာတိ စကုမြို့အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် အမှုထမ်းနေခဲ့သဖြင့် ထိုထူးခြားဖြစ်စဉ်ကို သေသေချာချာ စူးစမ်းလေ့လာခဲ့ရသည်။ ထိုစဉ်ကလည်း ရဲနှင့် တာဝန်ရှိသူများသည် စနစ်တကျစောင့်ကြပ်နေစဉ်မှာပင် ထိုအိမ်ခေါင်မိုးနှင့် နံရံများအား ခဲများ၊ ကျောက်ခဲများဖြင့် အဆက်မပြတ် နေ့ညမဟူ ပစ်ခတ်နေသည်ကို ကြုံကြရ၏။ ထိုသဘာဝလွန် လောကီလွန် ထူးခြားဖြစ်စဉ်သည်လည်း ရုတ်တရက် ပေါ်ပေါက်လာသကဲ့သို့ ရုတ်တရက် အလိုအလျောက် ရပ်စဲသွားသည်ကို တွေ့ခဲ့ရ၏။

ကျွန်တော် ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အထက်တန်းကျောင်း (ယခင် စိန့်ဂျွန်းအမျိုးသားအထက်တန်းကျောင်း)တွင် ကျောင်းအုပ်ကြီးအဖြစ် ထမ်းဆောင်နေစဉ်ကလည်း အလုံမြို့နယ် ရပ်ကွက်တစ်ခုရှိ နေအိမ်တစ်အိမ်တွင် အထက်ဖော်ပြပါ အိမ်များကဲ့သို့ ခဲများ၊ မြေစိုင်ခဲများ၊ ကျောက်ခဲ၊ သလဲများဖြင့် အချိန်မပြတ် ပစ်ခတ်နေသည်ဟု ဆိုကြသည်။ ဤတွင် ပါတီကောင်စီဝင်များသည် ထိုအိမ်အား နေ့ညမပြတ် စောင့်ကြည့်နေခဲ့ကြသော်လည်း ထိုထူးခြားဖြစ်စဉ်မှာ ရပ်စဲမသွားခဲ့။ သို့သော် ရက်အတော်အသင့် ကြာလာသည်နှင့် ထိုဖြစ်ရပ်သည် အလိုအလျောက် ရပ်စဲသွားသည်ကို တွေ့ကြရ၏။

၁၉၉၈ ခုနှစ်၊ ဇွန်လတွင် ရန်ကုန်မြို့၊ မြေနီကုန်းလမ်းဆုံရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသော ဆိုင်တစ်ဆိုင်တွင် ပုဏ္ဏကကိုက်သည်ဟု အများကယူဆထားသောဖြစ်ရပ်တစ်ရပ် ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ် ဖြစ်ပွားစဉ်ကလည်း သက်ဆိုင်ရာတာဝန်ရှိသူများ စောင့်ကြပ်ကြည့်ရှုနေစဉ်ပင် သဘာဝလွန်ဖြစ်ရပ်များနှင့် ကြုံကြရကား ထိုလမ်းဆုံရှိ ကွန်ပျူတာအရောင်းဆိုင်သို့ လူအများ လာကြည့်ရှုကြရာ ပွဲလမ်းသဘင်မျှ စည်ကားလှ၏။ ယင်းထူးခြားဖြစ်စဉ်မှာလည်း ရုတ်တရက် ဖြစ်ပျက်လာသကဲ့သို့ ရုတ်တရက်ပင် ရပ်စဲသွားတော့၏။

ဤနေရာတွင် အလျှင်းသင့်သဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ရဲမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးဘအေးကိုယ်တိုင် ကြုံရသည့် ပုဏ္ဏကတိုက်မှုကို တင်ပြရမည်ဖြစ်ပါသည်။ ထိုဖြစ်ရပ်ကို အငြိမ်းစားရဲမင်းကြီး ဦးဘအေးသည် သူ၏ကိုယ်ရေး အတ္ထုပ္ပတ္တိဖြစ်သော "အငြိမ်းစားရဲမင်း ကြီး ဦးဘအေး၏ ဘဝခရီးနှင့် အတွေ့အကြုံများ" စာအုပ်တွင် ခုတ်ပုံအထောက်အထားသာဓကနှင့် တင်ပြထားခဲ့သည်။ ရဲမင်းကြီးအငြိမ်းစား ဦးဘအေးမှာ ကျွန်တော်တို့လေးစားရသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ရကား ဤကိစ္စနှင့်ပတ်သက်၍ မဟုတ်မမှန် လုပ်ကြံပြောဆိုရေးသားမည် မဟုတ်ပါ။ ထိုထူးခြားဖြစ်စဉ်ကို ရဲမင်းကြီးဦးဘအေးသည် ၁၉၄၁၊ ဧပြီလ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့ထိ မန္တလေးမြို့ အရှေ့ပြင်ရှိ အိမ်ကြီးတစ်လုံးအား ငှားရမ်းနေထိုင်စဉ် ကြုံတွေ့ရခြင်းဖြစ်၏။

ထိုကာလက ဒုတိယကမ္ဘာစစ်မီးကြီး အရှေ့တောင်အာရှသို့ ကူးစက်လာခြင်းမရှိသေး။ ဥရောပတိုက်တွင်မူ နာဇီဂျာမဏီခေါင်းဆောင်သော ဝင်ရိုးတန်း မဟာမိတ်နိုင်ငံများနှင့် အင်္ဂလန်နိုင်ငံခေါင်းဆောင်သော မဟာမိတ်နိုင်ငံများသည် ကျားကုတ်ကျားခဲ တိုက်ခိုက်နေကြသောအချိန်ဖြစ်၏။ စစ်ဒီရေသည် နာဇီဂျာမဏီခေါင်းဆောင်သော ဝင်ရိုးတန်း မဟာမိတ်တို့ဘက်မှ မြင့်တက်လျက်ရှိနေပြီး နာဇီဂျာမဏီတို့အဖို့ ဒုတိယကမ္ဘာစစ်ကြီး အောင်နိုင်ရန် သေချာသလောက်ဖြစ်နေသည်။ တရုတ်နိုင်ငံတွင် မကြေညာသောစစ်ပွဲ ဆင်နွှဲနေသော ဖက်ဆစ်ဂျပန်တို့သည် အရှေ့တောင်အာရှသို့ ခြေဦးလှည့်ရန် ပြင်ဆင်လျက်ရှိ၏။ အမေရိကန်ပြည်ထောင်စုသည် တရုတ်မြန်မာ လမ်းမကြီးမှ စစ်လက်နက်ပစ္စည်းများ၊ ရိက္ခာများ၊ စစ်အသုံးအဆောင်ပစ္စည်းများ၊ လောင်စာဆီများအား တရုတ်နိုင်ငံသို့ ပေးပို့လျက်ရှိရာ တရုတ်မြန်မာ လမ်းမ



www.burmeseclassic.com

www.burmeseclassic.com

ကြီးကြောင့် မြန်မာနိုင်ငံမှာ ဖက်ဆစ်ဂျပန်တို့၏ အမိက ပစ်မှတ် ဖြစ်လာရမည့် အခြေအနေဖြစ်၏။

ဤအချိန်တွင် မြန်မာနိုင်ငံ ပုလိပ်(ရဲ)အဖွဲ့တွင် အရာရှိအဖြစ် အမှုထမ်းနေရသော မြန်မာနိုင်ငံ အငြိမ်းစားရဲမင်းကြီး ဦးဘအေးမှာ မန္တလေးမြို့တွင် စခန်းချထားသော ဗြိတိသျှအစိုးရ သေနတ်ကိုင်တပ်ဖွဲ့တပ်ရင်း (၇)တွင် အရာရှိအဖြစ် ပြောင်းရွှေ့အမှုထမ်းခဲ့ရ၏။ ထိုစဉ်ကာလက စစ်ဘက်သို့ ပြောင်းရွှေ့လာခဲ့ရသော ရဲအရာရှိများအား တပ်ရင်းအတွင်းရှိ အရာရှိများနေအိမ်တွင် နေထိုင်ရန်၊ ရုတ်တရက် စီစဉ်ပေးနိုင်ခြင်း မရှိသေးသော ဗြိတိသျှအစိုးရသည် ရဲအရာရှိအသွင် စစ်ဗိုလ်များအား မန္တလေးမြို့ရှိ ရပ်ကွက်များတွင် ဗြိတိသျှတပ်မတော်အာဏာပိုင်များက အိမ်များငှားရမ်းပေးခဲ့၏။ ဤတွင် ဦးဘအေးမိသားစုသည် အထက် ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့် မန္တလေးမြို့ အရှေ့ပြင်ရပ်ကွက်အတွင်းရှိ အိမ်တစ်လုံးအား ငှားရမ်းနေထိုင်ခဲ့ကြ၏။

ထိုကာလက ဦးဘအေးမှာ သိပ္ပံသမားတစ်ဦးဖြစ်သည်သာမက စစ်ဘက်တွင်လည်း တာဝန်ထမ်းဆောင်နေရကား တစ္ဆေ၊ နာနာဘာဝတို့ကို အယုံအကြည် မရှိသည်သာမက တစ္ဆေကိုယ်ထင်ပြသည်၊ ပရလောကသားတို့ ခြောက်လှန့်သည်၊ ပုဏ္ဏကတိုက်သည် စသော သဘာဝလွန်၊ လောကီလွန် ဖြစ်ရပ်များကို သူပြောကိုယ်ပြော ဖါးစပ်ဂေဇက် ယုံတမ်းစကားများဟု မှတ်ယူထားသူဖြစ်သည်။

သို့သော် တစ်ရက်တွင်မူ မိသားစု ထမင်းစားနေစဉ် အိမ်ပေါ်သို့ ခဲတစ်လုံးကျသည့်အသံ ကြားရသဖြင့် အိမ်ပေါ်သို့တက်ကြည့်ရာ ဖန်ဂေါ်လီတစ်လုံးအား ကြမ်းပြင်ပေါ်တွင်တွေ့ရ၏။ ထိုနေ့တွင် တစ်ညလုံး သူ့အိမ်ပေါ်သို့ ခဲကျသည်ဟုဆိုသည်။ အိမ်အတွင်းရှိ ခွာတ်စင်မှ ခွာတ်ပြားများ၊ အိုးခွက်ပန်းကန်ပြားများ၊ သူ့ဇနီး၏ အလှပြင်ပစ္စည်းများ၊ လှန်းထားသော အဝတ်များအား ကစဉ့်ကလျားဖြစ်အောင် ပြုလုပ်ထားသည်။ ဤသို့အဖြစ်မျိုး နေ့ရောညပါ ကြုံတွေ့လာရသည်။ သူ့အိမ်တွင် ပုဏ္ဏကတိုက်သည်ဟူသော သတင်းကြားရသော တပ်တွင်းမှ ဗြိတိသျှအမျိုးသားအရာရှိများသည် လာရောက်ကြည့်ရှု စူးစမ်းလေ့လာကြသည်။ ထိုစဉ်က ဗြိတိသျှအမျိုးသား ဒုဗိုလ်မှူးကြီး မက်ကာသီ၊ ဗိုလ်မှူးစောကြာဒိုနှင့် တပ်ရေးအရာရှိ ဂျင်မိတို့ လာရောက်ကြစဉ် မှာပင် နေအိမ်ပေါ်သို့ ခဲများကျလာသည်သာမက ဧည့်သည် ဗိုလ်မှူးများထိုင်နေသော နေရာထိ ခဲများကျလာသဖြင့် ဧည့်သည်များမှာ တအံ့တသြဖြစ်ကြရတော့၏။

ဦးဘအေးသည် ထိုရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းမှ ဘုန်းတော်ကြီးအား ပင့်ခဲ့ရ၏။ ဘုန်းတော်ကြီးသည် စာရွက်တစ်ရွက်အား အင်းချပေးခဲ့ပြီး ထိုစာရွက်အား အိမ်ခေါင်တိုင်တွင် ချိတ်ဆွဲစေခဲ့၏။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ထိုအင်းချထားသောစာရွက် ခေါင်တိုင်မှာ ကပ်သည့်နေ့ကစ၍ ပုဏ္ဏကတိုက်မှု ရပ်စဲသွားသည်ဟုဆိုသည်။

အမှန်အားဖြင့် "Poltergeist" ဟူသော ဝေါဟာရမှာ အင်္ဂလိပ်ဘာသာ ဝေါဟာရမဟုတ်ပေ။ ဂျာမန်ဘာသာ စကားလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ "Noisy Spirit" ဆူညံသောဝိညာဉ် ဟူ၏။ မြန်မာတို့ကမူ ထိုဝေါဟာရကို ပုဏ္ဏကဟု ဘာသာပြန်ဆိုခဲ့ကြသည်။ ဤဆောင်းပါးအစတွင် ဖော်ပြသည့်အတိုင်း ပုဏ္ဏကတိုက်မှုနှင့် ပတ်သက်၍ နိုင်ငံတကာမှ မှတ်တမ်းတင်ထားသော ပုဏ္ဏကအမှုတွဲများ အားလုံးသည် ခပ်ဆင်ဆင်တူသည်ကို တွေ့ကြရသည်။ မီးလောင်မှုဖြစ်ပွားသည့် ဖြစ်စဉ်များလည်း တွေ့ကြရပါသည်။ မိတ္ထီလာမြို့တွင် ဖြစ်ပွားသော ပုဏ္ဏကတိုက်မှုနှင့် ပတ်သက်သော နောက်ဆက်တွဲသတင်းတွင်မူ သက်ဆိုင်ရာမှ တာဝန်ရှိသူများသည် မီးအလိုအလျောက်လောင်သည့် အဝတ်အစားများ၊ ခေါင်းအုံးများ၊ စောင်များကို ခွာတ်ခွဲခန်းသို့ပို့၍ စူးစမ်းစစ်ဆေးနေသည်ဟု သတင်းစာများတွင် ဖော်ပြထား၏။

ယခုရေးသားဖော်ပြမည့် ပုဏ္ဏကတိုက်မှုမှာ အင်္ဂလန်နိုင်ငံ၊ လင်ကွန်ရှိုင်းယားပြည်နယ် ကျေးရွာတစ်ရွာရှိ



www.burmeseclassic.com

www.burmeseclassic.com

လယ်သမားကြီးတစ်ဦး၏ နေအိမ်တွင် အလိုအလျောက် မီးလောင်မှုဖြစ်ပွားသည့်အမှုတစ်မှုအကြောင်း ဖြစ်ပါသည်။ ထိုအမှုတွဲကို အင်္ဂလန်နိုင်ငံမှ ကမ္ဘာ့ကျော် ဗြိတိသျှမနောသုတေသနအသင်းမှ ထုတ်ဝေသော သုတေသနဂျာနယ်တွင် အထောက်အထား သာဓက ခိုင်ခိုင်မာမာနှင့် ဖော်ပြထားခဲ့သည်။ ထိုဖြစ်ရပ် မှန်မှုခင်းအား ထိုစဉ်က လင်ကွန်ရှိုင်းယားပြည်နယ်မှ ထုတ်ဝေသော ဒေသခံသတင်းစာကြီးတစ်စောင်ဖြစ်သော "လင်ကွန်ရှိုင်းယားပွဲတင်သံ"သတင်းစာနှင့် လန်ဒန်မြို့မှ စောင်ရေအများဆုံး ထုတ်ဝေရသော ဒေလီတယ်လီဂရပ်(ဖ်) သတင်းစာကြီးတွင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့သည်ဟု သိရသည်။ မှတ်တမ်းများအရ အင်္ဂလန်နိုင်ငံ၊ လင်ကွန်းရှိုင်းယားပြည်နယ်နှင့် ဒီဗွန်ရှိုင်းယားပြည်နယ်များသည် သဘာဝလွန်၊ လောကီလွန်ဖြစ်ရပ်များ အများဆုံးဖြစ်ပွားသည့်ပြည်နယ်နှစ်ခု ဖြစ်သည်။ ထိုပြည်နယ်ရှိ ယာတောအိမ်များ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ ရဲတိုက်ဟောင်းများနှင့် လူနေအဆောက်အအုံများတွင် မကြာခဏ ပုဂ္ဂလကတိုက်မှု၊ နာနာဘာဝခြောက်လှန့်မှု၊ ကွယ်လွန်သူတို့ ကိုယ်ထင်ပြမှုများနှင့် တွေ့ကြုံရသည့်အကြောင်းများကို အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သတင်းမီဒီယာများက အထောက်အထားများဖြင့် ဖော်ပြလေ့ရှိရာ လူအများကမူ ထိုပြည်နယ်နှစ်ခုအား ဝိညာဉ်များကျက်စားရာနယ်မြေဟု ဆိုကြ၏။

လင်ကွန်ရှိုင်းယားပြည်နယ် ဘင်ဘရုတ်မိသားစုပိုင် ယာတောနေအိမ်တွင် ၁၉၀၅ ခု၊ ဇန်နဝါရီလ ၂၅ ရက်နေ့ ညဉ့်ပိုင်းမှစတင်၍ နေအိမ်အိပ်ခန်းအတွင်းရှိ စောင်များ၊ ခေါင်းအုံးများ၊ ချိတ်ထားသော အင်္ကျီများတွင် အလိုအလျောက် မီးစွဲလောင်မှုများ ဖြစ်ပွားခဲ့၏။ ပထမတွင်မူ အိမ်ရှင်ဖြစ်သူလယ်သမားကြီး မစ္စတာဘင်ဘရုတ်သည် မတော်တဆ မီးဖိုမှမီးပွားလွင့်စဉ်ကျရာမှ မီးစွဲလောင်ကျွမ်းခြင်း ဖြစ်သည်ဟု ယူဆခဲ့သည်။ သို့သော် နောက်ထပ်ဖြစ်ပွားသော မီးလောင်မှုများမှာမူ အိမ်သူအိမ်သားများ မျက်စိရှေ့မှာပင် ရုတ်တရက် မီးထတောက်ခြင်းဖြစ်သဖြင့် သဘာဝလွန်၊ လောကီလွန်ဖြစ်ရပ်ဟု မှတ်ယူထားပြီး ယာတောအနီးရှိ ကျေးရွာမှ အုပ်ချုပ်ရေးတာဝန်ရှိသူနှင့် ရဲသားတို့အား သတင်းပေးပို့ခဲ့သည်။ တာဝန်ရှိသူများကလည်း ထိုကျေးရွာမှ ကျောင်းဆရာတစ်ဦးနှင့် သိက္ခာတော်ရ ခရစ်ယာန်သင်းအုပ်ဆရာတို့အား ခေါ်ဆောင်ခဲ့ကြပြီး ထိုလယ်သမားကြီးနေအိမ်တွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြ၏။ ဒေသခံသတင်းစာများမှ သတင်းထောက်များနှင့် ဒေလီတယ်လီဂရပ်(ဖ်)သတင်းစာမှ အထူးသတင်းထောက်တစ်ဦးလည်း လာရောက်၍ ယင်းကိစ္စနှင့်ပတ်သက်၍ သတင်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြ၏။

နယ်မြေခံ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးနှင့် အပျော်တမ်းမီးသတ်တပ်ဖွဲ့မှ ရဲဘော်အချို့လည်း လာရောက်စောင့်ကြပ်ခဲ့၏။ ထိုစဉ်က မှတ်တမ်းအရ အထက်ဖော်ပြပါ လယ်သမားကြီး၏ နေအိမ်တွင်း အလိုအလျောက် မီးလောင်မှု တစ်ဆယ့်ခုနစ်ကြိမ် ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ၎င်းဖြစ်ရပ်သည် ရက်သတ္တနှစ်ပတ်နီးပါး ဖြစ်ပွားခဲ့သည်။ အိမ်ရှင်များနှင့် ဒေသခံတာဝန်ရှိသူများသည် နည်းလမ်းအမျိုးမျိုးနှင့် ယင်းကိစ္စကို ဖြေရှင်းရန် ကြိုးစားခဲ့သော်လည်း ထိုအလိုအလျောက် မီးလောင်မှုမှာ ပပျောက်သွားခြင်းမရှိခဲ့ပေ။ နောက်ဆုံးတွင် ထိုယာတောနေအိမ်မှ မိသားစုများအား အခြားတစ်နေရာသို့ ပြောင်းရွှေ့စေပြီး နေအိမ်အား ပိတ်ထားခဲ့ရသည်။ ၎င်းတွင် အလိုအလျောက် မီးထတောက်လောင်မှုမှာ ရုတ်တရက် ရပ်စဲသွားခဲ့သည်ဟုဆိုသည်။ ထိုဖြစ်ရပ်အား သတင်းမီဒီယာများနှင့် မနောသုတေသီများကမူ ပုဂ္ဂလကတိုက်မှုဖြစ်သည်ဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး
(1) Fire from Heaven
(2) Poltergeists? By Colin Wilson
(3) Superminds



www.burmeseclassic.com

www.burmeseclassic.com



# ခြောက်ချားခဲ့ရ ညတစ်ည

■ မွန်မြတ်သီဂိ

အခု ပြောပြမှာတွေက ကျွန်မရဲ့ တကယ့်ကိုယ်တွေ့ ဖြစ်ရပ်မှန်တွေပါ။ စိတ်ကူးယဉ်တာတွေ မဟုတ်ပါဘူး။

၁၉၇၉-၈၀ ခုနှစ်ကာလတွေတုန်းက...။

ကျွန်မယောက်ျားက ထားဝယ်မြို့မှာရှိတဲ့ စက်မှုလက်မှု အထက်တန်းကျောင်းမှာ ခေတ္တမျှ မော်တော်ယာဉ် သင်တန်း ဌာနမှူးအနေနဲ့ တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်ပါတယ်။

သူက ထားဝယ်မြို့မှာ တာဝန်ကျနေတယ်။ ကျွန်မက ရန်ကုန်မြို့ရဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနမှာ အလုပ်လုပ်နေရတယ်။ တစ်နေ့မှာတော့ -

"ဩော်...ငါ့ယောက်ျားလည်း ထားဝယ်ကိုရောက်နေတာ ခြောက်လလောက်ရှိပြီ။ အဆင်မှပြေရဲ့လားမသိဘူး။ ငါတော့ လိုက်သွားပြီး အခြေအနေကြည့်ဦးမှပဲ" လို့ စိုးရိမ်စိတ်တွေဖြစ်လာမိလို့ ကျွန်မလည်း အလုပ်မှခွင့်ယူပြီး ထားဝယ်မြို့ကို လေယာဉ်ဖြင့် သွားခဲ့ပါတယ်။

ရောက်တဲ့နေ့မှာပဲ ယောက်ျားကို ထပင်းဟင်းတွေ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေး။ သူနေထိုင်ရတာ အဆင်ပြေမပြေ မေးမြန်း။ စကားတွေလည်း ပြောမကုန်နိုင်အောင်ပါပဲ။

ည ၈ နာရီလောက်မှာ "ဆရာကြီးကတော် ရောက်နေတယ်ကြားလို့ ကျွန်တော်တို့တွေ လာနှုတ်ဆက်တာပါ" ဆိုပြီး ကျောင်းစောင့်ဝန်ထမ်းတွေ လာနှုတ်ဆက်ကြပါတယ်။ သူတို့ကိုလည်း လက်ဖက်သုပ်တွေကျွေး၊ ကော်ဖီ၊ ရေနွေးကြမ်းတွေတိုက် စကားတွေ ဖိုးဖွဲ့ပြောဆိုဖြစ်ကြပါတယ်။ စကားတွေ ပြောနေရင်းနဲ့ ည ၉း၃၀ နာရီအချိန်ရောက်

www.burmeseclassic.com

ရော ခရီးပန်းပြီး အိပ်ချင်လာလို့ စကား ဝိုင်းကိုဖြတ်ပြီး စောစော အိပ်ရာဝင်ဖြစ် ခဲ့ပါတယ်။

ခရီးပန်းလာလို့ ကျွန်မလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတုန်း ခွေးအူသံတွေ ကျယ်လောင်လွန်းလို့ လန့်နိုးခဲ့ပါတယ်။ ခွေးအူသံတွေကလည်း အဆက်မပြတ်ကြားနေရတော့ ကျွန်မလည်း ကျောတွေချမ်းပြီး၊ ကြက်သီးတွေ တဖြန်းဖြန်းထပါလေရော။

အဲဒါနဲ့ ဘေးခုတင်ကို လှမ်းကြည့်လိုက်တော့ ယောက်ျားကလည်း သူ့ခုတင်မှာမရှိဘူး။ မှိန်ပျပျအလင်းရောင်အောက်မှာ နာရီကြည့်လိုက်တော့ ည ၁၂ နာရီတိတိ။ ကျွန်မစိတ်အထင် ယောက်ျား အပေါ့အပါးထသွားတာပေါ့။ ကျွန်မလည်း မျက်လုံးမှိတ်ပြီး ဆက်အိပ်လိုက်တယ်။

အဲဒီအချိန်မှာပဲ ကျွန်မခြေချင်းဝတ်ကို လက်အေးစက်စက်ကြီးနှစ်ဖက်နဲ့ ဆွဲကုတ်ပြီး ခုတင်အောက်ကို ဆွဲချလိုက်ရတယ်။ ကျွန်မရဲ့ ခါးအပေါ်တစ်ပိုင်းက ခုတင်ပေါ်မှာရှိပြီး တင်ပါးဆုံကနေပြီး အောက်ပိုင်းတစ်ခုလုံး ခုတင်အောက်ရောက်နေပြီ။

"ဟယ် . . . ဘာဖြစ်တာပါလိမ့်။ ဒီ အိပ်ရာပြောင်းအိပ်လို့ အထာမကျလို့ ဖြစ်တာများလား"အဲလိုတွေးပြီး ကျွန်မလည်း နေရာပြန်ရွှေ့၊ ခုတင်ပေါ် ပြန်တက် ဆက်ပြီး အိပ်လိုက်တယ်။

အိပ်ပျော်မယ်ကြံတုန်း ခြေကျင်းဝတ်ကနေပဲ လက်အေးစက်စက်ကြီးနှစ်ဖက်နဲ့ ဆွဲကုတ်ပြီး နောက်တစ်ကြိမ် ခုတင်အောက်ကို ဆွဲချပြန်ရော။ ဒီတစ်ခါတော့ လက်သည်းချွန်ကြီးတွေနဲ့ လက်ချောင်းကြီးတွေကလည်း စောစောက ထက် ပိုပြီးအေးစက်။ ကျွန်မကိုယ်တစ်ပိုင်းက အပေါ်မှာ၊ ခါးကနေစပြီး တစ်ပိုင်းလုံးက ခုတင်အောက်ရောက်နေတယ်။ အမလေး ကျွန်မအရမ်းကြောက်သွားပြီ။ ကြောက်လွန်းလို့ ရင်တွေလည်း တဒုန်းဒုန်းနဲ့ခုန်နေတာ။

ကျွန်မစိတ်ထဲ မသင်္ကာတော့ဘူး။ ခွေးတွေကလည်း အဆက်မပြတ်အူတုန်း။ ယောက်ျားကလည်း ဘေးခုတင်မှာမရှိ။ ကြောက်ကြောက်နဲ့ ဘုရားဂုဏ်တော်တွေ အကုန်ရွတ်။ ပြန်အိပ်လို့လည်းမရတော့ဘူး။ ကျွန်မ ငုတ်တုတ်ထထိုင်ပြီး ဘုရားစာတွေ ရွတ်နေရင်းနဲ့ပဲ အခန်းထဲမှ ဟိုဘက်ထောင့်က တတောက်တောက်၊ ဒီဘက်ထောင့် တတောက်တောက်နဲ့ အသံတွေကြားရ၊ ခြေသံတွေ တရှပ်ရှပ်ကြားရလို့ လှမ်းကြည့်လိုက်တော့ မည်းမည်းအကောင်ကြီး။ မျက်လုံးကြီးကရဲပြီး ကျွန်မကို စိုက်ကြည့်နေတယ်။

ကျွန်မ ဆက်မနေရဲတော့ဘူး။ အခန်းမီးတွေအမြန်ထဖွင့်ပြီး "ယောကျ်ားရေ . . . ယောက်ျား ဘယ်သွားနေတာလဲ။ ဘယ်သူမှမရှိကြဘူးလား"လို့ ကျွန်မ အကျယ်ကြီး ထအော်မိတော့တယ်။

အဲဒီလိုလည်း အော်ခေါ်ရော ကျောင်းစောင့်နှစ်ယောက် ပြေးလာပြီး အခန်းတံခါး အပြင်ဘက်ကနေ "ဆရာကြီးကတော် ဘာဖြစ်တာလဲ။ ဘာဖြစ်တာလဲ။ မကြောက်ပါနဲ့ ကျွန်တော်တို့ အပြင်မှာရှိတယ်"ဆိုပြီး တံခါးဝမှာလာပြီး အသံပေးကြပါတယ်။

ကျွန်မလည်း အခန်းတံခါးဖွင့်ပြီး အကျိုးအကြောင်း ဖြစ်ရပ်ကုန်စင် ပြောပြနေတုန်း ကျွန်မခင်ပွန်းလည်း လက်နှိပ်ဓာတ်မီးကြီးကိုင်ပြီး ရောက်လာပါတော့တယ်။

"ယောက်ျား ဘယ်လိုဖြစ်တာလဲ ဘယ်တွေသွားနေတာလဲ။ ဒီမှာလာပြီး ဆွဲချခံနေရလို့ အိပ်လို့ကို မရတော့ဘူး။ ညကြီးသန်းခေါင် ဓာတ်မီးတစ်လုံးကိုင်ပြီး ဘယ်တွေလျှောက်သွားနေတာလဲ" ဆိုပြီး ကျွန်မလည်း ကြောက်လည်း အရမ်းကြောက်၊ စိတ်လည်းအရမ်းတိုပြီး သူ့ကို ရန်တွေ့ပါလေရော။

ပြောလို့မှ မဆုံးသေးဘူး။ ပုပ်စော်တွေနံလိုက်တာ အရမ်းပါပဲ။ တစ်ခန်းလုံးကို မွှန်ထူနေတာပါပဲ။ ခွေးချေးနံ့လည်းမဟုတ်၊ အမိုက်ပုပ်နံ့လည်းမဟုတ် လူသေကောင် ပုပ်အက်အက်အနံ့ကြီး။ ကျွန်မတို့အားလုံး နံလွန်းလို့ နှာခေါင်းတွေ ပိတ်လိုက်ကြရတယ်။ ယောက်ျားဖြစ်သူ နွားချေးနင်းလာလို့ အခန်းတစ်ခုလုံး နံနေတာပဲလို့ ထင်ကြတာ။ အဲဒါနဲ့ သူ့ခြေထောက်တွေ ဖိနပ်တွေကြည့်တော့လည်း ဘာမှမရှိဘူး။

ကျွန်မ သိလိုက်ပြီ။ ဒါ မကောင်းဆိုးဝါးတွေ။ စောစောက ကျွန်မကို ကုတင်ပေါ်ကဆွဲချတယ်။ အခု ယောက်ျားနဲ့ကပ်ပါလာပြီး အပုပ်နံ့တွေပေးပြန်ပြီ။ အပုပ်နံ့က တော်တော်နဲ့မပျောက်ပါဘူး။ ဒါနဲ့ ကျွန်မတို့အားလုံး ဘုရားစာတွေ ရွတ်ဖတ် မေတ္တာပို့ အမျှဝေလိုက်မှ အဲဒီ အပုပ်နံ့ဆိုးတွေ ပျောက်ကွယ်သွားပါတော့တယ်။

ကျောင်းစောင့်ဝန်ထမ်း နှစ်ယောက်ကလည်း တကယ်အားကိုးရပါတယ်။ "ဆရာကြီးတို့ စိတ်ချလက်ချအိပ်ပါ။ ကျွန်တော်တို့ အခန်းဝမှာ လာစောင့်အိပ်ပေးပါ့မယ်"ဆိုပြီး သူတို့လည်း အခန်းဝမှာ စကားပြောရင်း စောင့်ပေးမှ ကျွန်မလည်း မိုးလင်းထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်



www.burmeseclassic.com

www.burmeseclassic.com

ပျော်သွားတော့တယ်။

မနက်မိုးလင်းတော့ မနက်စာစား သောက်ရင်း "ယောကျ်ားရေ… ရှင်က ညသန်းခေါင် ဓာတ်မီးတစ်လက်နဲ့ ဘယ်တွေသွားနေတာလဲ။ ဘာဖြစ်လို့လဲ" မေးတော့မှ "ဒီကျောင်းက အသစ်ကြီးလေ။ ဟိုဘက်မှာလည်း ကျောင်းဆောင်သစ် ထပ်ဆောက်နေတော့ ဘိလပ်မြေအိတ်တွေထားတယ်။ ခွေးတွေအူပြီး ဟောင်လွန်းလို့ သူခိုးများလာလားဆိုပြီး ထသွားကြည့်တာ" တဲ့။ အဲဒီတော့မှ ဝန်ထမ်းနှစ်ယောက်ကလည်း -

"ဆရာကြီးကတော် ကြောက်မှာစိုးလို့ ကျွန်တော်တို့ကမပြောတာ။ ဒီကျောင်းမှာ သရဲအရမ်းခြောက်တာ။ ညဘက်ဆို ဆရာကြီးအဖော်ရအောင် ကျွန်တော်တို့နှစ်ယောက်လုံး အခန်းထဲမှာ တူတူလာအိပ်ပေးကြတာ။ အခု ဆရာကြီးကတော်လာလို့ တခြားအခန်းမှာ သွားအိပ်ကြတာပါ။ ကြောက်မှာစိုးလို့ ကြိုမပြောတာ ခွင့်လွှတ်ပါ။ ကျောင်းပတ်ပတ်လည်ကို ကြည့်လိုက်ပါဦး။ အားလုံး သင်္ချိုင်းမြေပုံတွေချည်းပဲ" လို့ ပြောပြကြပါတယ်။

ဒီတော့မှ ကျွန်မလည်း ပြတင်းပေါက်ကနေ အပြင်ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်တဲ့အခါ အိုး… ပတ်ပတ်လည် အုတ်ဂူတွေချည်းပါလား။ ကျွန်မတို့အိပ်တဲ့ ကျောင်းအဆောင်ခန်းနဲ့ သင်္ချိုင်းခြံစည်းရိုးက ပေနှစ်ဆယ်ကျော်လောက်ပဲခြားတယ်။ ကျွန်မခင်ပွန်းကလည်း သီးသန့်အိပ်ခန်းလိုမျိုး နေရတာမဟုတ်။ ကျောင်းအသစ်ကြီးဆိုတော့ ပေတစ်ရာလောက်ရှည်တဲ့ ကျောင်းဆောင်ကြီးရဲ့ စာသင်ခန်းတွေမှာ အစွန်ဆုံးအခန်းကို သူနေရတာပါ။

အဲဒါနဲ့ ကျွန်မလည်း ဒီပုံစံနဲ့ ဆက်နေလို့ မဖြစ်တော့ဘူးဆိုပြီး ဘုန်းကြီးကျောင်းကို စုံစမ်းမေးမြန်းသွားခဲ့ပါတယ်။ ဘုန်းကြီးကျောင်းရောက်တဲ့အခါ ကျောင်းထိုင်ဆရာတော်ကြီးကို ဖယောင်းတိုင်၊ နို့ဆီ၊ သကြား၊ ဆွမ်းထမင်း၊ ဟင်း၊ ဝတ္ထုငွေငါးရာကျပ် ကပ်လှူရင်း ညက ဖြစ်ပျက်ခဲ့ပုံတွေကို လျှောက်ထားမေးမြန်းရပါတယ်။

ဆရာတော်က ပြောပြပါတယ်။ "တစ်ချိန်က ဒီကျောင်းပတ်ဝန်းကျင်ဟာ သင်္ချိုင်းပေါင်းစုံရှိတဲ့နေရာပဲ။ တရုတ်လူမျိုး၊ ကုလားလူမျိုး၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ၊ မြန်မာ စတဲ့ လူမျိုးပေါင်းစုံရဲ့ သင်္ချိုင်းမြေနေရာတွေပဲ။ ဒကာမကြီး ပြတင်းပေါက်ဖွင့်ပြီး ပတ်လည်ကြည့်လိုက်ရင် တွေ့ရတဲ့ အုတ်ဂူတွေအားလုံး လူမျိုးပေါင်းစုံရဲ့ အုတ်ဂူတွေပဲ"

"ဘုန်းကြီးကိုတောင်မှ ကျွဲယောင်ဆောင်ပြီး လာခြောက်တာ။ တစ်ည ဘုန်းကြီးက ကျောင်းဝင်းထဲမှာ စင်္ကြံလျှောက် တရားမှတ်နေတုန်း ကျွဲမည်းမည်းကြီး၊ အကြီးကြီးပဲ။ ဘုန်းကြီးကို ခတ်ဖို့ ပြေးလာတာ။ ဘုန်းကြီးလည်း ဘုရားစာထွေရွတ်၊ မေတ္တာပို့၊ အမျှဝေမှ ပျောက်သွားတာ။ ဒီကျောင်းကလည်း သင်္ချိုင်းမြေနေရာ တစ်ဆက်တည်းပဲ" လို့ ပြောပြပါတယ်။ "ဒကာမကြီး မကြောက်ပါနဲ့။ သူတို့နှောင့်ယှက်မရအောင် ဘုန်းဘုန်း စီမံပေးလိုက်မယ်" ဆိုပြီး -

ဆန်ကို ဆန္ဒွင်းမှုန့်နဲ့ ရောနယ်၊ မြတ်စွာဘုရားရဲ့ ဂုဏ်တော် ပရိတ်တော်တွေရွတ်။ ဖယောင်းတိုင်၊ ရေမန်းတော်တွေ ပေးလိုက်ပါတယ်။ "ဆန်မန်းကို ပန်းကန်ထဲထည့်ပေးပြီး ကိုယ့်အခန်းရောက်ရင် မြတ်စွာဘုရားထံကပ်လှူပူဇော်ထားပါ။ ညနေစောင်း မိုးချုပ်ခါနီးရင် ဒီဆန်မန်းကို ကိုယ်နေတဲ့ပတ်ဝန်းကျင်မှာ မကောင်းဆိုးဝါးတွေ လာလို့မရအောင် စည်းဝိုင်းဝိုင်းပါ။ ရေမန်းတော်နဲ့ အခန်းကို ပက်ဖျန်းပါ။ ဖယောင်းတိုင်တစ်နေ့သုံးတိုင် မြတ်စွာဘုရားကို ထွန်းညှိပူဇော်ကပ်လှူပြီး ဘုရားရှိခိုး၊ ဂုဏ်တော်ပွားများ မေတ္တာပို့သပြီးမှ အိပ်ပါ" လို့ မှာကြားပါတယ်။

"တစ်ခုတော့ အထူးသတိထားရမယ်။ ဆန်မန်းပေါက်ပေါက် ရေမန်းတော်တွေနဲ့ စည်းချပြီးရင် အပြင်ကို လုံးဝမထွက်ရတော့ဘူး" လို့ သေချာထပ်ပြောပါတယ်။

ကျွန်မလည်း ညနေ နေဝင်ရီတရောအချိန် ရောက်ပြီဆိုတာနဲ့ ဘုန်းဘုန်းမှာကြားချက်တွေအတိုင်း လိုက်နာဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ရောက်ရောက်ချင်း တစ်ညတာပဲ မကောင်းဆိုးဝါး ပရလောကသားတွေရဲ့ အနှောင့်အယှက် ခံခဲ့ရပေမယ့် နောက်ရက်တွေကစပြီး ဆရာတော်ကြီး စီမံပေးတဲ့ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်၊ ပရိတ်တော် တန်ခိုးတော်တွေကြောင့် ကျွန်မ ထားဝယ်မှာ ၁၀ ရက်နေထိုင်ခဲ့တာ နောက်ထပ် အနှောင့်အယှက်တွေ မကြုံတွေ့ခဲ့ရတော့ပါဘူး။

ဒါကြောင့် နာနာဘာဝ၊ မကောင်းဆိုးဝါး၊ သရဲတစ္ဆေတွေရှိတယ်ဆိုတာ မယုံလို့မရပါဘူး။ ကျွန်မကိုယ်တိုင် ကြုံတွေ့ခဲ့ရလို့ပါပဲရှင်။

(မှတ်ချက် ။ စာရေးသူ၏မိခင်ဖြစ်သူကိုယ်တိုင် အမှန်တကယ်ကြုံတွေ့ခဲ့ရပုံများကို ခံစားရေးဖွဲ့ထားပါသည်။)

မွန်မြတ်သီရိ



www.burmeseclassic.com

www.burmeseclassic.com

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး

# ရှေးဟောင်းစေတီတော် ပြုပြင်တည်ဆောက်ရေးအတွက် ကုသိုလ်ပြု လှူဒါန်းရန် ဖိတ်ခေါ်လွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး၌ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်ကဟု ခန့်မှန်းရသော ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါသည်။

ထိုစေတီပျက်အား ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ၂၂-ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)ရှိ ဓမ္မဝါစီကျောင်းတိုက်မှ သီလရှင် 'ဒေါ်နန္ဒဝတီ' သည် ပြုပြင်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ကျေးရွာရှိ ဆရာတော် 'ဦးသီဟ' နှင့် ရပ်ရွာလူကြီးများကို တိုင်ပင်လျက် ၁၃၇၆-ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ်သံဃာ့နာယက ဆရာတော်အပါအဝင် ပင့်သံဃာ ၉ ပါးတို့နှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက် ပရိဝုဏ်ကိုင်းလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် လိုအပ်သည့် အစီစိတွင်း တူးဖော်ခြင်း၊ ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါသည်။

ဤတွင် ခုနစ်ရက်သားသမီးအပေါင်းတို့အနေဖြင့် သာသနိကအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးလျက် ဗုဒ္ဓသာသနာ အစွန့်ရှည်ရန် ပါဝင်လှူဒါန်းလိုကြပါက အောက်ပါပုဂ္ဂိုလ်အသီးသီးထံ လှူဒါန်းနိုင်ကြပါကြောင်း စေတနာလောင်း၍ နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများ**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)
(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါစီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉ဂဂ)
(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၆၀၉)
(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ဂွတ္တလစ်) (၀၁-၄၁၀၉၂၃)
(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်ဇေတာလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄ဂ၇၀၉)
(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တောဘုမ္မာ ဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု

## မောင်ဟိန်းကျော်

(ယခင်လမှအဆက်)

"သက်ခိုင် • • •သက်ခိုင်"

ဟင်းလင်းပြင်ကြီး၏ တစ်နေရာမှ ကျွန်ုပ်ကို ခေါ်သည့် အသံအား ကြားရသည်။

"သက်ခိုင် • • •သက်ခိုင်"

အသံရှင်ကိုမူ ရှာ၍မတွေ့! အသံမှာ ဆရာတော်ဘုရား၏အသံဟု ချက်ချင်းသိလိုက်သည်။ ကျွန်ုပ်ပြောချင်သော စကားများကို စိတ်ထဲမှာ ပြောနေမိသည်။

"အရှင်ဘုရား၊ တပည့်တော်ကို ဆယ်တင်ပါဘုရား။ တပည့်တော်ကို ဆယ်တင်မှာဆိုရင်ဖြင့် ကိုယ်ထင်ပြပါဘုရား။ တပည့်တော်ကို ဆုံးမလမ်းညွှန်ပါဘုရား"

ကျွန်ုပ်သည် ထိတ်လန့်အားငယ်စွာဖြင့် ကြွေကြွေကွဲကွဲ မြည်တမ်းနေသည်။

ခေါ်သံ ထပ်မံ မပေါ်လာတော့ချေ။

ကျွန်ုပ်သည် အဆုံးမရှိ အစမရှိသော ဟင်းလင်းပြင်ကြီးဆီသို့ တက်ဟုန်ထိုး ပြေးထွက်လိုက်သည်။ သို့သော် ကျွန်ုပ် ဘယ်အရပ်ဘယ်ဒေသကိုမှ မရောက်ပေ။

လျိုက်ခနဲ ဖြစ်သွားပြီး မှိတ်ထားသောမျက်လုံးတို့ကို ဖွင့်ကြည့်လိုက်၏။ ဘုရားဝတ်ပြုစဉ်က နေရာတွင် ကြုံ့ကြုံ့ကလေး အထိုင်မပျက် နဂိုအနေအထားအတိုင်းပင် ဖြစ်သည်။ ပြိတ္တာရှိရာဘက်သို့ လှည့်ကြည့်လိုက်သည်။ ပြိတ္တာက ကျွန်ုပ်ကို ရပ်စောင့်နေပုံရ၏။

"ကဲတစ္ဆေကောင် ဘာဆုတွေများတောင်းနေလို့လဲကွ"

"ဘာမှ မတောင်းပါဘူးကွာ"

ကျွန်ုပ်က ထိုမျှသာပြန်ပြောပြီး သရက်ပင်ဘုံသို့ပြန်ရန် ထရပ်လိုက်သည်။

ထို့နောက်သရက်ပင်သို့ရောက်သောအခါ စေတီလေးရှေ့၌ ဝတ်ပြု



www.burmeseclassic.com

www.burmeseclassic.com

စဉ် ကျွန်ုပ်မျက်စိထဲပေါ်လာသည့် အဖြစ်အပျက်များကို ပြောပြလိုက်၏။

"မင်းကိုလည်း ငါ ပြောပြစရာ ရှိတယ် တစ္ဆေကောင်"

"ပြောလေကွာ၊ဘာပြောမှာလဲ"

ပြိတ္တာ၏ဟန်ပန်၊ ပြိတ္တာ၏လေသံတို့သည် ခါတိုင်းနှင့်မတူဟု ကျွန်ုပ်ထင်မှတ်နေမိသည်။ ကျွန်ုပ်ရှိရာ အကိုင်းသို့ကူးလာပြီး ကျွန်ုပ်အနီးတွင် ယှဉ်တွဲ၍ ထိုင်လိုက်သည်။

"မင်းနဲ့ငါ ဝတ်ပြုနေတုန်း နားကားကြီး လာသွားတယ်"

"ဟုတ်လား၊ ငါ မသိလိုက်ဘူး"

"နားကားကြီးက ငါ့ကိုလာလှုပ်လို့ ဝတ်ပြုတာအာရုံပြတ်သွားပြီး သွားပြီးကြည့်တော့ နားကားကြီးဖြစ်နေတာ တွေ့ရတယ်"

"ငါ့ကျတော့ ဘာလို့မခေါ်တာလဲ"

"သူက ငါ့ကိုပြောစရာရှိတယ်၊ ဘန့်ဘွေးပင်ကို လာခဲ့လို့ပြောပြီး ပြန်သွားတယ်၊ ငါ ဘုရားဝတ်မပြုတော့ဘဲ မင်းကို စောင့်နေတာ"

"ဒါဆို အခု မင်းမသွားသေးဘူးလား၊ ဘယ်အချိန် သွားရမှာလဲ မင်းဥစ္စာ"

"အချိန်တော့ မပြောပါဘူး၊ အဲဒါ ငါအခုပဲ သွားလိုက်ရင် ကောင်းမလားလို့ မင်းကို မေးချင်လို့"

"ပြိတ္တာ…မင်းဘာဖြစ်နေလဲ၊ ကြက်နာကျနေတဲ့အတိုင်းပဲ၊ မင်းကို ကြည့်ရတာ မသက်မသာကြီးနဲ့"

"ငါလည်း မသိဘူး၊ နားကားကြီးလာသွားပြီးကတည်းက ငါ အခုလို မအီမလည်ကြီး ဖြစ်နေတာ၊ ဒါကြောင့် နားကားကြီးဆီကို ငါ တစ်ကောင်တည်း မသွားချင်ဘူးကွာ"

"ဘာလဲ…ငါပါ လိုက်ခဲ့ရမလား၊ ငါ့ကို မလိုက်စေချင်လို့ မင်းကိုပဲ ပြောသွားတဲ့ဥစ္စာ၊ ငါ လိုက်ဖို့မလိုဘူးလို့ ထင်တယ်"

"ဟုတ်တော့ ဟုတ်ပါတယ် တစ္ဆေကောင်ရယ်၊ ငါ ဘာဖြစ်နေမှန်း မသိဘူး၊ မင်းနဲ့ဆိုရင် နားကားကြီးဆီ သွားမယ်၊ မင်း မလိုက်ရင် ငါ မသွားချင်ဘူး"

"ဟ…ဟ ဒီလိုမလုပ်နဲ့လေ၊ မင်းနဲ့ပတ်သက်တဲ့ ပြောစရာရှိလို့ လာခေါ်တာဥစ္စာ မသွားလို့ ဘယ်ဖြစ်မလဲ၊ ဒီလို လုပ်၊ ငါ လိုက်ခဲ့မယ်၊ ဟိုရောက်လို့ နားကားကြီးက ငါ့ကို မလိုဘူးဆိုပြီး ပြန်ခိုင်းရင် ငါ ပြန်မယ်၊ မင်းက နေခဲ့၊ ဟုတ်ပြီလား"

"အေးပါကွာ၊ မင်းလိုက်ခဲ့ရင်တော့ သွားမယ်"

"ကဲ…ကဲ ပြိတ္တာ ဘာမှထပ်မရှည်နဲ့၊ လာ…သွားကြမယ်"

✤ ✤ ✤

✧ ဒုဂ္ဂတိ ဂါမံ ဒူသေန္တိ

(ဒုဂ္ဂတိဂါမံ=အပါယ်ဒုဂ္ဂတိရောက်မည့်အကြောင်း မကောင်းညစ်ဆိုး ဒုစရိုက်မျိုးကို ဒူသေန္တိ-သူကောင်းလက်နက် တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေကုန်သတည်း)

နားကားကြီးသည် ဘန့်ဘွေးပင်ပေါ်၌ နားရွက်တစ်ဘက်ကိုခင်းကာ ကျန်နားရွက်တစ်ဘက်ကို စောင်သဖွယ်ခြုံလွှမ်းလျက် အိပ်နေသည်။ ကျွန်ုပ်နှင့် ပြိတ္တာတို့ ဘန့်ဘွေးပင်အနီး ရောက်လျှင် နားကားကြီးသည် ဘန့်ဘွေးပင်ပေါ်မှ ခုန်ချလိုက်သည်။

"မင်းလည်း လိုက်လာတယ်လား၊ ကောင်းတယ်၊ ကောင်းတယ်၊ လာကြ၊ ဇရပ်မှာ ပြောကြရအောင်"

နားကားကြီးက ပြောလျက်မှာပင် သချိုင်းတွင်းမှ ကုန်းမြင့်ပေါ်၌ရှိသော ဇရပ်ဆီသို့ ဦးဆောင်ထွက်သွားသည်။ ကျွန်ုပ်တို့လည်း နောက်မှလိုက်သွားပြီး ဇရပ်အတွင်း၌ အသီးသီးထိုင်လိုက်ကြသည်။

ကျွန်ုပ်တို့ ထိုင်လျှင်ထိုင်ချင်း ဇရပ်ထဲသို့ အရိပ်မည်းနှစ်ခု လိုက်ဝင်လာသည်။ နှစ်ကောင်စလုံးမှာ ကြည့်ရဆိုးလှသော ပုံပန်းများဖြစ်သည်။ သို့သော် နှစ်ကောင်စလုံး ဘောင်းဘီဝတ်ထားကြ၏။ တစ်ကောင်ကား အထီး တစ်ကောင်ကား အမ ဖြစ်သည်။

"မင်းတို့ ဘာလာလုပ်တာလဲ မင်းတို့နဲ့မဆိုင်ဘူး၊ သွား သွား ကိုယ့်နေရာကိုယ် ပြန်သွား"

ဘောင်းဘီဝတ် သူရဲနှစ်ကောင်လည်း ချက်ချင်းပင် သချိုင်းတစ်နေရာရှိကုက္ကိုပင်သို့ ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်က ဘာကောင်တွေလဲ နွားကားကြီးရဲ့"

"အစာလာတောင်းတာ၊ ဒီကောင်တွေက မျိုးမစစ်တွေလေ၊ နှစ်ကောင်စလုံး မိဘတွေက ဓားမဦးချလယ်သမားတွေပဲ၊ မြို့ကျောင်းထားပေးလိုက်တော့ တောနာမည်တွေပျောက်၊ သူတို့ ပထွေးနာမည်တွေတပ်၊ ပါတီတွေ၊ ပွဲသဘင်တွေတက်၊ အချိန်ဖြုန်း၊ မိဘငွေဖြုန်း၊ သောက်စားမူးယစ်ရမ်းကားကြတယ်လေ၊ အဲဒီနှစ်ကောင်က မင်္ဂလာမဆောင်ဘဲ လင်မယားဖြစ်နေကြတယ်။ တစ်နေ့ ပွဲသဘင်မှာ မူးရမ်းကြရင်း ရိုက်ကြနှက်ကြနဲ့ သေရော၊ သေတော့ နှစ်ကောင်စလုံး ခရစ်တော်ရဲ့ သားသမီးတွေဆိုပြီး သူတို့သင်္ချိုင်းမှာ သင်္ဂြိုဟ်တယ်။ သင်္ချိုင်းကကောင်တွေက ခရစ်တော်သာသမီးအတုတွေဆိုပြီး မောင်းထုတ်လိုက်သို့ နေဖို့စားဖို့ရှာရင်း ဒီကိုရောက်လာတာ"

"အဲဒါ နွားကားကြီးက လက်ခံထားတာလား"

"ငါက လက်ခံချင်လို့၊ ခင်းတို့ကို သနားလို့ မဟုတ်ဘူး။ ဒီကောင်တွေဟာ ငရဲကိုကျမယ့်အကောင်တွေ၊ ဒါပေမယ့် ခင်းတို့ရဲ့ မိဘတွေက ဒီကောင်တွေသေတာကို မသိရသေးဘူး သိရင်သပိတ်သွတ်ကြဦးမှာ မိဘတွေရဲ့ဆန္ဒကိုဖြည့်ပေးဖို့ ခင်းတို့ကို ထိန်းထားရမယ်လို့ ဘုမ္မစိုးနတ်ကြီးက ငါ့ကို တာဝန်ပေးထားတယ်။ ဒါကြောင့် ဒီကောင်တွေကို စားချိန်မှာစားဖို့ အဆင်သင့် ရှာဖွေကျွေးနေရတာပေါ့"

"နေပါဦး နွားကားကြီးရဲ့ သူတို့ မိဘတွေက သပိတ်သွတ် အမျှဝေတာကို သူတို့ကသာဓုခေါ်ရင် မြင့်မြတ်တဲ့ဘုံကို ရောက်သွားမှာပေါ့ မဟုတ်ဘူးလား"

"ဘယ်ရောက်မလဲ ပြိတ္တာရဲ့ ကျောက်ခဲကို ဆီဆုံထဲ ထည့်ကြိတ်လို့ ဆီဖြစ်ပါ့မလား၊ ဒီအကုသိုလ်တုံးကြီးတွေဟာ တာဝတိံသာကို ပစ်မြှောက်လိုက်ပေမယ့် အထက်ဘုံ ဘယ်ဘုံမှာမှ တင်မနေဘဲ အဝီစိအထိ တောက်လျှောက်ကျမယ့်ဟာတွေကွ၊ ခင်းတို့ မိဘတွေက သူတော်ကောင်းတွေ၊ သူတော်ကောင်းတွေ ပြုလုပ်တဲ့အလှူဒါနကို အမျှဝေတဲ့အခါ ဝသုန္ဒြေနတ်မင်းကိုတိုင်တည်ပြီး အမျှဝေလေ့ရှိတယ်၊ အဲဒီလိုတိုင်တည်တော့ ဝသုန္ဒြေနတ်က ဘုမ္မစိုးနတ်အဆင့်ဆင့်ကို ထပ်ပြီးတာဝန်ပေးတယ်၊ သူတော်ကောင်းတွေ ရည်ညွှန်းအမျှဝေတဲ့ဆီရောက်အောင် ဆောင်ကြဉ်းပေးရတယ်။ ဒီတော့ ဘုမ္မစိုးနတ်တွေက ရည်ညွှန်းတဲ့သတ္တဝါကို လိုက်ရှာဖွေပြီး အသိပေးရတယ်၊ သာဓုခေါ်နိုင်တဲ့ဘဝဆိုရင် သာဓုခေါ်ပေါ့။ ဒီကိစ္စကိုသိတော့ ဘုမ္မစိုးက ဒီကောင်တွေကို တွေ့ပြီး ငါ့အပိုင်းမှာ ဖြစ်နေလို့ တခြားထွက်မသွားအောင် ထိန်းခိုင်းထားတာပေါ့ကွာ"

"သူတို့သေတာ မိဘတွေသိသွားတဲ့အခါ သပိတ်သွတ် အမျှဝေရင် သူတို့ဆီကို ဘုမ္မစိုးနတ်က လာအသိပေးမှာပေါ့"

"အေး ဟုတ်တယ်"

"ကျုပ်တို့တုန်းက ဒီလိုလာပြောတာမျိုး မရှိပါလားဗျ"

ကျွန်ုပ်က ရုတ်တရက် မေးလိုက်သည်။

"အမျှအတန်းဝေတဲ့လူက ဝသုန္ဒြေနတ်မင်းကို အသိသက်သေအဖြစ် တိုင်တည်ပြီး အမျှဝေမှ ဝသုန္ဒြေနတ်မင်းကတစ်ဆင့် ဘုမ္မစိုး၊ ဘုမ္မစိုးကနေ ငါတို့လို ကွင်းပိုင်ဆီ အဆင့်ဆင့်တာဝန်ပေးပြီး အသိပေးရတာ၊ ဒီလို အမျှဝေတယ်ဆိုတာ လူတိုင်းမဝေကြဘူး၊ သူတော်ကောင်းတရားခါးဝတ်ပုဆိုးလိုမြဲမြဲပြီး လိုက်နာကျင့်ကြံသူတွေကမှ ဝသုန္ဒြေနတ်မင်းကို တိုင်တည်ပြီး အမျှဝေလေ့ရှိတာ"

မယ်ဆင့် အမျှဝေစဉ်က ကျွန်ုပ် အခြားတစ်နေရာရောက်နေပြီး ကျွန်ုပ်အား အသိပေးမည့်သူမရှိခြင်းကို နားလည်သွားတော့သည်။

"ပြိတ္တာကို ခေါ်ရတာက သူ့မိဘတွေအကြောင်း ပြောပြမလို့ပါကွာ"

www.burmeseclassic.com

"ဟင် ဟုတ်လား။ ဒါများ နားကားကြီးရယ် ဘုရားမှာတုန်းက ပြောလိုက်လည်းရတာပဲ၊ ဒီလိုလာခိုင်းတာလဲဗျာ"

ပြိတ္တာသည် မချီတင်ကဲဖြစ်သွားသည်။ သူသိချင်လွန်းလှသော သူ့မိဘများ၏ အကြောင်းဆိုသည်နှင့် အားတက်ရှင်လန်းသွားပြီးမှ မိဘအတွက် စိုးရိမ်သွားဟန်ဖြင့် မျက်နှာချက်ချင်းညှိုးကျသွားသည်။

"ဟိုမှာ ပြောရင် တစ္ဆေကောင် အာရုံပျက်သွားမှာစိုးလို့ မပြောခဲ့တာကွ၊ ပြီးတော့ နည်းနည်းရှည်လျားမယ်၊ ဒါကြောင့် ဒီကိုလာဖို့ ပြောခဲ့တာကွ"

"ဟုတ်ပါပြီ အဲဒါတွေ ထားပြီး အဖေ အမေတို့အကြောင်းသာမြန်မြန် ပြောပါတော့ဗျာ"

"သိပ်လည်း ဟိုထင် ဒီထင် လျှောက်မထင်ပါနဲ့၊ ငါပြောမှာက သတင်းကောင်းပြောမှာပါ ပြိတ္တာရယ်၊ ကဲကဲ အစ အဆုံးပြောမယ် နားထောင်ပေတော့"

❀ ❀ ❀

တစ်နေ့သ၌ မန်ကျည်းပင်အောက်တွင် ပြေးလွှားဆော့ကစားနေကြသည့် ကလေးများအနက် ကျော်ကျော်အမည်ရှိ ကလေးတစ်ယောက်မှာ ခြေခေါက်လဲကျသွားခဲ့သည်။ လိမ့်သွားပြီး မန်ကျည်းပင်အမြစ်မြှာတစ်ခုအနီးတွင် ရပ်တန့်သွား၏။ ကစားဖော်ကလေးသုံးဦးက ကျော်ကျော်ထံ ပြေးလာပြီး တစ်ယောက်တစ်ဘက် ဝိုင်းဝန်းထူမပေးလိုက်ကြသည်။ ထူမ,ထားသူများက လက်များလွှတ်လိုက်သောအခါ ကျော်ကျော်သည် ရပ်မနေနိုင်ဘဲ "အား" ခနဲ အော်ကာ ခွေလဲကျသွားလေသည်။

ကျော်ကျော်၏ ခြေကျင်းဝတ်နေရာမှ ခြေမထောက်နိုင်အောင် နာကျင်သည့် ဝေဒနာ ခံစားနေရသောကြောင့်ဖြစ်သည်။ကလေးတစ်ယောက်က ကျော်ကျော့်မိခင်ကို အပြေးအလွှားသွားရောက်ပြောပြသဖြင့် လာရောက်ခေါ်ယူသွားခဲ့သည်။

အိမ်သို့ရောက်လေလျှင် မိခင်က သနပ်ခါးတောင်းအတွင်းမှ တောလျှောက်မြစ်ကို ကျောက်ပျဉ်၌သွေးကာ ကျော်ကျော်၏ ညာဘက်ခြေချင်းဝတ်အား လိမ်းကျံပေးလိုက်၏။ ကျော်ကျော်၏ ခြေချင်းဝတ်မှာ မသက်သာဘဲ ပို၍နာကျင်နေသည်။ သုံးရက်မြောက်နေ့တွင် ခြေချင်းဝတ်တစ်ဝိုက် ယောင်ကိုင်းလာပြီး ဖောင်းကားနေတော့၏။

အနာရှိန်ကြောင့် တစ်ကိုယ်လုံးမှာလည်း ခြစ်ခြစ်တောက်အောင် အပူရှိန်တက်နေသည်။ ထိုမှုမက ညဘက် အိပ်ပျော်နေစဉ် ကြောက်မက်ဖွယ် အသံနက်ကြီးဖြင့် ဟစ်အော်တတ်သည်။ ဝိုင်းဝန်းဖေးမထားသည့် အဖေ၊ အမေတို့၏လက်ကို အတင်းကန်ကျောက်ရုန်းဖယ်နေသည်။ မျက်စိများက ကြောက်ရွံ့နေဟန်ဖြင့် လူတွေကို ကြည့်သည်။

သို့ဖြစ်၍ ထိုသတင်းကြားသိရသူတို့က ကြားဖူးနားဝရှိဖူးသည်တို့ကို မှန်းဆပြောဆိုကြသည်။

"မြေကိုင်တာ ဖြစ်မယ်"

"ကလေးချော်လဲတဲ့ နေရာကို ရေလောင်း၊ ဖွဟဲ့ . . . ဘာဟဲ့ ပြောရတယ်"

"အခုမှဆိုတော့ မြေပါလှန်ပစ်လိုက်"

"မြေလှန်တယ်ဆိုတော့ ပေါက်တူးတစ်လက်ယူသွား။ ကလေး လဲကျတဲ့နေရာမှာ မြေကြီးကို ရုပ်ပြီးပေါက်၊ အထက်အောက်လှန်ပြီး ရေလောင်း။ မကောင်းဆိုးဝါးတွေ မနှောင့်ယှက်နဲ့လို့ပြောပြီး ပြန်လာခဲ့ လှည့်မကြည့်နဲ့"

"အပမှီတာများလားမှ မသိတာ၊ ခေါ်စာလေးဘာလေး ပစ်ကြည့်ပါလား"

တစ်ယောက်တစ်မျိုးပြော တစ်မျိုးပြုလုပ်ခဲ့သည့်တိုင် ကျော်ကျော်လေး၏ဝေဒနာမှာ မသက်သာပေ။ ခြေချင်းဝတ်မှာ ယောင်မြဲ၊ ကယောင်ကတမ်း အော်မြဲ။

"ရိုးရာကိုပစ်ထားလို့ သတိပေးတာဖြစ်မယ်၊ ထိုင်ပွဲဖြစ်ဖြစ် ပေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကျော်၏ မိဘများမှာ သားလေးဝေဒနာ ပျောက်နိုးနိုးဖြင့် အမောဖပ်တင်လျက် ရှိကြသည်။

တစ်နေ့သ၌ ဆွမ်းခံကြွဘုန်းကြီး သိသွားပြီး ကျော်ကျော်၏မိဘများကို ဘုန်းကြီးကျောင်းသို့ခေါ်ယူကာ ဖြစ်ရပ်မှန်အား ပြောပြလိုက်သည်။

"လွယ်လွယ်ပြောရရင် သရဲဖမ်းစားတယ်လို့ပြောရမှာပဲ၊ အဲဒီ မန်ကျည်းပင်မှာ သရဲနှစ်ကောင်ရှိတယ်၊ ဒကာကြီးတို့ရဲ့သားကို တမင်သက်သက်ဒုက္ခပေးတာ မဟုတ်ဘူး၊ သူတို့ဘဝကိုကယ်မဖို့ အကူအညီတောင်းတာဖြစ်လိမ့်မယ်"

"ဒီအပင်မှာ ရွက်နချိန်၊ အသီးတင်ချိန်ဆို ကြွတဲ့လူ အပင်ပေါ်တက်ပြီး ခူးကြ ရိုက်ချကြ လုပ်နေတဲ့လူတွေကိုတော့ မလုပ်ဘဲ အပင်အောက်မှာကစားတဲ့ကလေးထဲက ကျော်ကျော်ကိုမှရွေးပြီး ဖမ်းစားရသလဲဘုရား"

ကျော်ကျော်၏ ဖခင်က မကျေနပ် လျှောက်ထားလိုက်သည်။

"ဒကာကြီးတို့ရဲ့သားက ကျော်ကျော် ဖြစ်နေလို့လုပ်တာ"

"အဲ့ ဘယ်လိုကြောင့်ပါလဲ အရှင်ဘုရား"

ကျော်ကျော်၏ မိခင်က နားမလည်နိုင်သဖြင့် မေးလျှောက်လိုက်၏။

"မန်ကျည်းပင်က သရဲနှစ်ကောင်မှာ လူ့ဘဝတုန်းက ကျော်ကျော် အမည်ရှိတဲ့ သားလေးတစ်ယောက်ရှိတယ်၊ အဲဒီသားလေးက သူတို့အရင်ကွယ်လွန်သွားပြီး ပြိတ္တာဘဝမှာရောက်နေတယ်၊ ဒီလို ပြိတ္တာဘဝရောက်တာကို သူတို့လင်မယားကွယ်လွန်ပြီး မန်ကျည်းပင်မှာ သရဲဖြစ်တော့မှ သိလာရတယ်၊ အဲဒီ သားဖြစ်တဲ့ ပြိတ္တာဟာ လူ့ဘဝမှာ လူပြန်ဝင်စားပြီး အမိအဖသရဲတွေအတွက် ရည်မှန်းလှူဒါန်းရင် သူတို့ သရဲဘဝကကျွတ်မယ်လို့ စွဲမှတ်ထားတယ်။ ဒကာကြီးတို့ရဲ့ သားနာမည်က ကျော်ကျော်ဆိုတော့ ကလေးတွေကစားရင်း နာမည်ခေါ်ကြတဲ့အခါ ကျော်ကျော် ကျော်ကျော်လို့ နေ့စဉ်နေ့တိုင်းခေါ်တာ ကြားကြားနေရတော့ သူတို့သားလေး လူ့ဘဝမှာလူဖြစ်ပြီး သရဲဘဝရောက်နေတဲ့ အမိအဖတွေကို မေ့သွားပြီလို့ ထင်မှတ်သွားတယ်၊ ဒါကြောင့် သူတို့သားလေးလို့ထင်နေတဲ့ကျော်ကျော် သတိရလေအောင် ဖမ်းစားပြီး ကလေးအပူကြီးလို့ သတိလစ်ဟာသွားချိန်မှာ အဖေတို့ အမေတို့ကို ကယ်မဖို့ လာလာပြောကြတယ်၊ အဲဒီအခါ သရဲတွေရဲ့ ကြောက်စရာပုံပန်းကိုမြင်ပြီး ထိတ်လန့်တကြား ထ,ထ အော်တော့တာပေါ့"

"ဒါဆိုတပည့်တော်ရဲ့သားလေးက အတိတ်ဘဝက သူတို့ရဲ့သားဖြစ်ခဲ့တာလား ဘုရား"

"မဟုတ်ဘူး၊ ဒကာကြီးတို့သားလေးရဲ့ နာမည်ခေါ်သံကို နေ့တိုင်းကြားနေရပြီး သူတို့ အစွဲအလမ်းဖြစ်တဲ့ နာမည်ဖြစ်နေတော့ ဒကာကြီးတို့ရဲ့ သားလေးကို သူတို့ရဲ့သားလေး လူပြန်ဖြစ်နေတယ်လို့ ထင်မှတ်နေတာပေါ့"

"ဒီလိုဆိုရင် တပည့်တော်သားလေးဟာ မဆီမဆိုင် ဒုက္ခရောက်ရတာပေါ့၊ အဲဒီသရဲတွေကို ဘယ်လိုနိုင်နင်းအောင် လုပ်ရမလဲဘုရား"

"ဒီနေရာမှာ ဒကာကြီးကို တစ်ခုလောက် မေတ္တာရပ်ချင်တယ်"

"အမိန့်ရှိပါဘုရား"

"သရဲတွေက ထင်မှတ်ထားသလိုပဲ ဒကာကြီးတို့ရဲ့သားကို သရဲတွေရဲ့သား လူဝင်စားတာဖြစ်တယ်လို့ သဘောထားလိုက်ပါ"

"ဟို...ဒါ"

ကျော်ကျော်၏ မိဘနှစ်ပါးတို့မှာ ဘုန်းကြီးကို ဘယ်လို ပြန်၍လျှောက်ရမည်မှန်းမသိ ဖြစ်သွားခဲ့ကြသည်။

"သတ္တဝါဆိုတာ ကယ်ကောင်းပါတယ် ဒကာကြီး၊ ခုလို ပြောရတာကလည်း သူတို့ကျွတ်ချိန်တန်လို့ဖြစ်လာတာလို့ ဘုန်းကြီးစိတ်မှာ ထင်နေတယ်၊ ဘုန်းကြီးပြောသလို လိုက်နာမယ်ဆိုရင်ဖြင့် သူတို့ကလည်း ကျွတ်ချိန်တန်ရင်ဖြင့် သရဲဘဝကနေ လွတ်ကျွတ်သွားမယ်၊ ဒကာကြီးတို့ရဲ့ သား



www.burmeseclassic.com

www.burmeseclassic.com

လေးကျော်ကျော်လေးလည်း ဝေဒနာ ပျောက်ကင်းမယ်၊ ဒကာကြီးတို့လည်း ကုသိုလ်မှ မွန်မြတ်တဲ့ကုသိုလ်ကြီးကို ရမယ်"

"မှန်ပါ ဒီလိုဆိုရင်ဖြင့် ဆရာတော်ဘုရားစီစဉ်တဲ့အတိုင်း တပည့်တော်မတို့ လိုက်နာပါ့မယ်ဘုရား"

ကျော်ကျော့်မိခင်က အာမဘန္တေခံလိုက်၏။

"ဒကာကြီးတို့က ဘုန်းကြီးသုံးပါးတတ်နိုင်ရင် သုံးပါး၊ ငါးပါးတတ်နိုင်ရင် ငါးပါးပေါ့၊ ပင့်ဖိတ်ပြီး သင်္ကန်းကပ်လှူ ဆွမ်းကပ်လှူရမယ်၊ အခြားဒါတဗ္ဗဝတ္ထုဖြစ်ဖြစ် ပရိက္ခရာအစုံပဲဖြစ်ဖြစ် လှူနိုင်လေ ပိုကောင်းလေပဲ"

"မှန်ပါ လှူပါ့မယ်ဘုရား"

"သရဲတွေ ကျွတ်မကျွတ်တော့ ဘုန်းကြီး အာမ မခံနိုင်ဘူးနော်၊ သူတို့ မကျွတ်သော်လည်း ဒကာကြီးတို့မှာ အလှူဒါနပြုလို့ ကုသိုလ်ရတဲ့အလုပ်ပါပဲ"

"သားလေး ဝေဒနာပျောက်ဖို့ အရေးကြီးပါတယ် ဘုရား"

"ကျော်ကျော် လုပ်ရမယ့် အလုပ်ရှိသေးတယ်"

"မှန်ပါ အမိန့်ရှိပါဘုရား"

"အလှူရက်မတိုင်မီ ညနေစောင်း နွားရိုင်းသွင်းချိန်လောက်မှာ ကျော်ကျော်ကို မန်ကျည်းပင်ဆီ ခေါ်သွား စားစရာတစ်စုံတစ်ရာ ယူသွား"

"တင်ပါ့ဘုရား"

"စားစရာတွေကို အပင်ရင်းမှာ ပုံပြီး အဖေနဲ့ အမေစားဖို့ စားစရာများ ယူလာပါတယ်၊ ဒီမှာ လာစားကြပါ။ မနက်ဖြန် အဖေနဲ့အမေကို ရည်မှန်းပြီး သံဃာငါးပါးကို ပရိက္ခရာအစုံနဲ့ ဆွမ်းဆက်ကပ်မှာဖြစ်ပါတယ်။ အမျှယူရန်အတွက် သားရဲ့အိမ်သို့ လာခဲ့ကြပါ၊ သာဓုခေါ်ဆိုကြပါလို့ ကျော်ကျော့်ကို ပြောခိုင်း။ ပြောပြီးပြန်လာခဲ့၊ နောက်နေ့ တရားနာ အမျှဝေတာကိုတော့ ဘုန်းကြီး အဲဒီနေ့မှာ ညွှန်ပြပေးမယ်"

"မှန်လှပါ၊ တပည့်တော်တို့ တသွေမတိမ်း လိုက်နာပါ့မယ်ဘုရား"

"သာဓု . . . သာဓု . . . သာဓု"

"အဲဒီ မိသားစုက ဆရာတော် ညွှန်ပြတဲ့အတိုင်း လှူဒါန်းအမျှဝေလိုက်ကြတယ်၊ မင်းမိဘတွေကလည်း သာဓုခေါ်နိုင်ခဲ့လို့ သရဲဘဝကလွတ်ပြီး မြင့်မြတ်တဲ့ဘုံဘဝကိုရောက်သွားကြပြီ၊ အဲဒီအကြောင်း မင်းကိုပြောပြဖို့ ငါ့ကို ဘုမ္မစိုးနတ်တစ်ယောက် လာပြောသွားတယ်ပြိတ္တာ"

နားကားကြီး ပြောပြသည်များကို နားထောင်ပြီးသောအခါ ကျွန်ုပ်သည် လူတွေပြောပြောနေသလို ပြောရလျှင် ဖရဏာပီတိ ဂွမ်းဆီထိ ဖြစ်သွားမိသည်။ ပြိတ္တာကိုယ်တိုင်လည်း ကျွန်ုပ်ထက် အဆပေါင်းများစွာ ပျော်သွားမည်ကား မလွဲကေန်တည်း။

"နားကားကြီး ပြောသလိုဆိုရင် ကျုပ်မိဘတွေကို မတွေ့ရတော့ဘူးပေါ့ ဟုတ်လား"

"မြင့်မြတ်တဲ့ဘုံကို ရောက်သွားပြီဆိုမှတော့ ဘယ်တွေ့ရတော့မလဲ ပြိတ္တာရ"

နားကားကြီးမပြောမီ ကြားဖြတ်ပြောလိုက်သည်။

"ဒီလိုဆိုရင် ငါ . . ငါ . . လူပြန်မဖြစ်နိုင်တော့ဘူးပေါ့"

ပြိတ္တာသည် ဝမ်းပမ်းတနည်း ဖြစ်နေ၏။ သူ့ကို ကျွန်ုပ် ဘာပြောရမှန်း မသိတော့ဘဲရှိနေစဉ် နားကားကြီးက

"မင်း လူပြန်ဖြစ် မဖြစ်ဆိုတာ ငါလည်းမသိနိုင်ဘူး၊ မင်းလည်း မသိနိုင်ဘူး။ မင်းတို့နှစ်ကောင်က ပရဒတ္တူပဇီဝိတလို့ခေါ်တဲ့ သူတစ်ပါးပေးတဲ့ အစားအစာကိုအမှီပြုပြီး အသက်ရှင်ရခဲ့တာ၊ မင်းတို့နေရာကို ဝေါ်မှတ်ခြင်း မပြတ်တမ်း၊ နှိပ်စက်ခံ နေရတဲ့ဥပ္ပိ သိကပြိတ္တာမျိုးတွေ အစာရှာဖွေ မင်းတို့ဆီ ရောက်မလာအောင်လည်း ငါက စောင့်ကြည့်နေရသေးတယ် ဘုန်းကြီးကျောင်းနားမှာ သွားလာ ထိုင်ဖို့ ခွင့်ပြုထားတော့ ဘုရား နဲ့ထိတွေ့ ယဉ်ပါးလာပြီး လူတို့ အတန်းဝေတဲ့အခါ သာဓုခေါ်နိုင် အခွင့်အလမ်း ပေါ်ပေါက်နိုင်တာ

www.burmeseclassic.com

"သာဓု ခေါ်နိုင်နိုင် မနိုင်နိုင် ကျုပ်ဘဝက ဘာကောင်းတော့မှာလဲ ဗျာ"

"ဒီမှာ ပြိတ္တာ၊ ကျွန်ရစ်တဲ့ သက်ဆိုင်သူကပဲ ဖြစ်ဖြစ်၊ အခြား တစိမ်းကပဲဖြစ်ဖြစ် အမျှဝေတဲ့အခါ သာဓုခေါ်နိုင်တဲ့ မင်းတို့လို ပရဒတ္တူပဇီဝိတပြိတ္တာမျိုးတွေအဖို့ တစ်နေ့နေ့မှာ သာဓုခေါ်နိုင်ပြီး လူဖြစ်မလား၊ နတ်ဖြစ်မလား၊ တိရစ္ဆာန်ဖြစ်မလား ဘုံတစ်ခုခုကို ကူးပြောင်းနိုင်ကြမှာပဲကွ"

ပြိတ္တာသည် ငြိမ်သက်စွာ နားထောင်နေသည်။

"ဒီလိုမှ မဟုတ်ရင်လည်း တစ်ယောက်ယောက်ကို လာနေချင်တဲ့အကြောင်း အိပ်မက်ပေးလိုက်၊ သူက ခွင့်ပြုရင် သူ့ဝမ်းဗိုက်ထဲ ဝင်စားလိုက်ရင် မင်းဖြစ်ချင်တဲ့လူ့ဘဝ ရောက်နိုင်တာလည်း မင်းတို့လို ပရဒတ္တူပဇီဝိတပြိတ္တာမျိုးပဲကွ"

"ဟာ ဒါဆို အိပ်မက်ဘယ်လို ပေးရသလဲ နားကားကြီး"

ကျွန်ုပ်က အလျင်စလို ဒရောသောပါးမေးလိုက်၏။

"မင်းဝင်စားချင်တဲ့ လူ့အိမ်ရှေ့ကိုသွား၊ အဲဒီလူအိပ်တဲ့ ခေါင်းရင်းဘက်ကနေ မင်းဖြစ်ချင်တာကိုပြော၊ ဟိုလူ အိပ်မက်မက်လိမ့်မယ်၊ သူက ခွင့်မပြုရင်တော့ ဝင်စားလို့မရဘူး။ ခွင့်ပြုရင်တော့ သူ့အစာစားတဲ့အခါ ရေသောက်တဲ့အခါ အဲဒီ အစာမှာ ရေမှာ ဝင်လိုက်သွားရင် ဝင်စားလို့ရတာပေါ့၊ ပြိတ္တာမိဘတွေအကြောင်း လာပြောတဲ့ဘုမ္မစိုးနတ်က မင်းတို့ကို အသိပေးပြောပြဖို့ ငါ့ကိုမှာသွားလို့ ငါက အခုပြောပြတာ၊ ကဲ . . . ငါလည်း ပြောစရာကုန်ပြီ သွားတော့မယ်"

နားကားကြီးက သူ၏စကားပြီးဆုံးသည်နှင့် နားရွက်ကြီးနှစ်ဘက်အား ငှက်များ အတောင်ပံသဖွယ် ရိုက်ခတ်လျက် ဘန်ဒွေးပင်ပေါ်သို့ ထွက်သွားလေသည်။ ကျွန်ုပ်နှင့် ပြိတ္တာလည်း အတွေးကိုယ်စီဖြင့် သရက်ပင်ဘုံသို့ တိတ်ဆိတ်စွာ ပြန်လာခဲ့ကြလေတော့သည်။

ကျွန်ုပ်တို့သည် ကိုယ့်အကိုင်းပေါ်ကို ပြန်ရောက်ပြီးသည်နှင့် အုန်းမောင်းခေါက်သံ၊ ကြက်ဦးတွန်သံများ ကြားရချိန်ထိ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေခဲ့ကြလေသည်။

ကျွန်ုပ်နှင့် ပြိတ္တာသည် တစ်ချိန်တည်း တပြိုင်တည်း၌ အကုသိုလ်အကျိုးပေးများ ကုန်ဆုံးသွားပြီဟူ၍ နားလည်လိုက်မိသည်။ နားကားကြီး ပြောပြချက်များမှာ ဤသဘောပင် မဟုတ်လော။

ကျွန်ုပ်တို့သည် လူ့ဘဝ၌ဝင်စားနိုင်သည့် အခွင့်အရေးနှင့် နည်းလမ်းကိုလည်း ဘုမ္မစိုးနတ်က ညွှန်ပြသွားခဲ့ပြီမို့ နားကားကြီးမှတစ်ဆင့် သိခဲ့ရချေပြီ။

ကျွန်ုပ်သည် အိပ်မက်ပေးပြီး လက်ခံသူရှိလျှင် လူ့ဘဝတွင် လူပြန်ဖြစ်ဖို့ သေချာသွားပြီဟု အနိုင်အမာ သတ်မှတ်လိုက်သည်။

ပြိတ္တာသည် အဖြေရှာဖွေနေဟန်တူသည်။ မည်သည့်အဖြေဟူ၍ကား သေချာတိကျစွာ ကျွန်ုပ် မသိပေ။ သူ့မိဘများ မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိသွားခြင်းအတွက် သူ ငေးတိငေးငိုင် ဖြစ်နေမည်လားဟု ကျွန်ုပ်ခန့်မှန်းကြည့်သည်။ ဖြစ်လည်းဖြစ်နိုင်ပြီး မဖြစ်လည်းမဖြစ်နိုင်ပေ။ ပြိတ္တာကိုယ်စား ပြိတ္တာနေရာမှာနေပြီး ကျွန်ုပ် စဉ်းစားကြည့်သည်။

မိဘများသည် အစွဲအလမ်းတစ်ခုကြောင့် အယူလွဲပြီး မန်ကျည်းပင်၌ အစိမ်းသရဲဖြစ်ရသည်။ ထိုစွဲလမ်းမှုအား ဖြတ်တောက်နိုင်ပါက မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိခံစားကြရမည်ဖြစ်သည်။ ရွှေငွေဥစ္စာကို တပ်မက်စွဲလမ်းသည့်ကြားမှ ပြိတ္တာဘုံဘဝ၌ ဖြစ်နေသော သားလေးကျော်ကျော်အား မြင်တွေ့လိုက်ရသဖြင့် သားဟူ၍ ကြိုးတစ်မျှင် ထပ်မံရစ်ပတ်ခံရပြန်လေသည်။ သားကျော်ကျော် လူ့ဘဝတွင် ဝင်စားပြီးသော အခါတွင်မှ မိမိတို့အား ရည်စူးလှူဒါန်း အမျှဝေသောအချိန်၌ မိမိတို့မှာ သရဲ



www.burmeseclassic.com

www.burmeseclassic.com

ဘဝမှလွတ်ကြမည်ဟု မှတ်စွဲထားလိုက်ကြ၏။ ဗြိတ္တာကလည်း မိဘနှစ်ပါးတို့အား ကယ်မရသဖြင့် လူ့ဘဝကူးပြောင်းနိုင်မည့် အခွင့်အလမ်းနှင့် အချိန်အခါကို စောင့်မျှော်နေခဲ့သည်။

ယခု ကျော်ကျော်အမည်ရှိ ကလေးငယ်တစ်ဦးအား အမှီပြု၍ သူ၏မိဘတို့ ပင်ပန်းဆင်းရဲ ဒုက္ခတုံး၊ ဒုက္ခခဲဘဝမှ ကျွတ်လွတ်သွားခဲ့ချေပြီ။ ကိုယ်တိုင် ကယ်မချင်သော်လည်း မကယ်နိုင်သည့်ဘုံဘဝမှာ ဖြစ်ရသောကြောင့် မိဘတို့အား လျစ်လျူရှုနေခဲ့ရသည်။ မိဘတို့မှာ ကျွတ်ချိန်တန်၍ မြင့်မြတ်သော ဘုံဘဝသို့ရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း သိလာရသည်မှာ ကောင်းလှသည်ကား မှန်၏။ သို့သော် အမိအဖတို့ ဘယ်ဘုံဘဝရောက်ပြီး မိမိလည်း ဘယ်ဘုံသို့ ရောက်မည်ဟူ၍ အတိအကျ မသိရသောအဖြစ်သည် အတော်ပင် ခိုးလိုခုလုနိုင်လှပေသည်။

သို့ဖြစ်၍ ဗြိတ္တာ၏အဖြစ်ကို နားလည်မိသည့်အားလျော်စွာ သူ့အား အနှောင့်အယှက် တစ်စုံတစ်ရာမဖြစ်အောင် ခပ်မဆိတ်ပင် ဖာသိဖာသာ နေလိုက်တော့သည်။

❀ ❀ ❀

အရှေ့လောကဓာတ်၌ နေလုံးကြီး လုံးလုံးထွက်ပြူလာချိန်ကျမှပင် ရွာဦးစေတီလေးဆီသို့သွားရန် ကျွန်ုပ်ဟန်ပြင်လိုက်၏။ ဗြိတ္တာလည်း ကျွန်ုပ်ကဲ့သို့ပင် လျှပ်ရှားဟန် မြင်လိုက်ရသဖြင့် သူ့အား တစ်ခွန်းတလေမှ ပြောဆိုခြင်းမပြုဘဲ ရည်မှန်းဦးတည်ရာသို့သာ ထွက်လာခဲ့သည်။

ရေးဦးစွာ ဝါးစင်လေးအပေါ်မှ အစားအစာများကို ယူငင်စားသောက်လိုက်ကြသည်။ စားသောက်ပြီးနောက်လည်း ကျွန်ုပ်တို့သည် စကားမပြောမဆိုဘဲ စေတီလေးရင်ပြင်ဝတ်ပြုနေကျနေရာ၌ ဝတ်ပြုနေကျအတိုင်း ဘုရားရှိခိုးဦးခိုက် ငြိမ်သက်စွာထိုင်လျက် အာရုံညွှတ်နေလိုက်ကြသည်။

အတန်ကြာဝတ်ပြုပြီးနောက် ဘုန်းကြီးကျောင်းနံဘေး သရက်ပင်သို့ သွားရာတွင် ကျောင်းပြတင်းပေါက်မှ တစ်ဆင့် ဆရာတော်နှင့် ဦးထွန်းကြိုင်၊ ဦးတင်မြတို့ကို မြင်လိုက်ရသည်။

"ဘုန်းကြီး သဘောကတော့ သက်ခိုင်ကို လူ့ဘဝမှာ လူပြန်ဖြစ်စေချင်တယ်"

ဆရာတော်၏ စကားကြောင့် သရက်ပင်သို့ ဆက်မသွားတော့ဘဲ ပြတင်းပေါက်အနီးရှိ ပိန္နဲပင်သို့ ဝင်ရောက်ထိုင်နေလိုက်သည်။ ဗြိတ္တာလည်း ကျွန်ုပ်၏နံဘေးတွင် ယှဉ်တွဲဝင်ထိုင်လိုက်၏။

"မြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တမြုံ့မြုံ့ဆိုတဲ့စကား ဒကာကြီးတို့ ကြားဖူးမှာပေါ့၊ ဒီစကားဖြစ်ပေါ်လာတာက သုမနာဒေဝီမခေါ်တဲ့ ရဟန္တာမတစ်ပါးရဲ့ ဘဝဖြစ်စဉ်တရားတော်ကြောင့် ဖြစ်လာတာပဲဗျ"

"မှန်ပါ၊ အမိန့်ရှိတော်မူပါဘုရား"

ဦးထွန်းကြိုင်နှင့် ဦးတင်မြတို့က ဖြိုင်တူလျှောက်ကြ၏။

"အတိုချုပ်ပြီး လိုရင်းပဲပြောကြပါစို့ရဲ့၊ ကကုသန်မြတ်စွာဘုရားလက်ထက်မှာ အမျိုးသမီးလေးတစ်ဦးဟာ သေလွန်ပြီးနောက် ဆွမ်းစားကျောင်းတစ်ခုအနီးမှာ ကြက်မလေးလာဖြစ်တယ်။ ယောဂီရဟန်းတစ်ပါးရဲ့ ဓာမ္မဋ္ဌာန်းတရားစာ ရွတ်ဆိုနေတာကို နေ့တိုင်းကြားရတယ်၊ ကြက်မလေးဟာ ဘာမှနားမလည်ပေမယ့် တရားစကားအသံကို ကြည်ညိုမိတယ်၊ တစ်နေ့တော့ သိမ်းငှက်တစ်ကောင်က ဖမ်းသုတ်စားလို့ ဇက်ကျိုးပြီး သေရတယ်၊ အဲဒီကြက်မလေးဟာ မင်းသမီးဘဝမှာ သွားဖြစ်တယ်။ ဒါဟာ တရားကို မသိနားမလည်သော်လည်း ကြည်ညိုစိတ်နဲ့ နားထောင်ခဲ့ရလို့ မင်းသမီးဖြစ်တာ၊ အဲဒီဘဝမှာ တရားကို လိုက်စားတဲ့အထုံကပါလာတော့ ပရိဗိုဇ်ဝတ်တယ်၊ ပရိဗိုဇ်ဘဝက သေတဲ့အခါ ပထမဈာန်ရလို့ဗြဟ္မာဖြစ်တယ်၊ ဗြဟ္မာသက်တမ်းကုန်လို့စုတေတော့ လူ့ဘဝမှာ သူဌေးသမီးဖြစ်ပြန်တယ်၊ အဲဒီဘဝ၌သေ



www.burmeseclassic.com

www.burmeseclassic.com

တော့ ဝက်မလေးဖြစ်ပြီး ဝက်စားကျင်းမှာ ဝက်တို့ဘဝ တမြုံ့မြုံ့စားရတယ်၊ ဒီမိန်းကလေးဟာ ကြွက်မဘဝမှာ ကြည်ညိုစိတ်ကြောင့် မင်းသမီးဖြစ်၊ ပထမရှာန် တရားရလို့ အဲဒီဈာန်စိတ်ကြောင့် ဗြဟ္မာပြည်မှာ ကိုယ်ရောင်ကိုယ်ဝါ ဝင်းထိန်ရတဲ့ ဘဝဖြစ်ရတာတို့ မင်းသမီးဘဝမှာ မာန်မာနမောက်မာလို့ ဝက်ဖြစ်ရတာတို့ကို မသိတဲ့ ဗြဟ္မာဖြစ်တော့လည်း ဗြဟ္မာစည်းစိမ်ခံစား၊ ဝက်ဖြစ်တော့လည်း ဝက်စည်းစိမ်ခံစားပြီး အချိန်ကာလတွေကြည်ရှည်စွာ ဘဝအမျိုးမျိုးပြောင်းခဲ့ရတယ်၊ ဒါကို သဟိသံဝေဂရဖို့ ပညာရှိများက ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တမြုံ့မြုံ့လို့ ဆိုစကားထားခဲ့တာပဲ၊ ဒကာကြီးတို့ ဝက်စားကျင်းဆိုတာရော သိကြရဲ့လား"

"နှံပါ၊ သိပါတယ်ဘုရား၊ မစင်တွင်းကို ပြောတာပါဘုရား"

"ဝက်မလေးဘဝကနေ သေပြန်တော့ မင်းမျိုးမှာဖြစ်ပြန်တယ်။ အဲဒီက သေပြန်တော့ သာမန်အမျိုးသမီးအဖြစ် လူ့ဘဝမှာဖြစ်တယ်။ အဲဒီလူသာမန်ဘဝကသေတော့ နေခဲ့ဖူးတဲ့ သင်္ဘောဆိပ်ကိုဖွဲ့ပြီး လှေသူကြီးတစ်ဦးရဲ့ သမီးဖြစ်လာတယ်။ လှေနဲ့ ကုန်ကူးတဲ့ဘဝမှာ လူဖြစ်ပြီးသေတော့ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)အနုရာဓမြို့မှာ အစိုးရပိုင်းအမျိုးမှာဖြစ်တယ်၊ အဲဒီကသေတော့ အနုရာဓမြို့တောင်ဘက်က ရွာတစ်ရွာမှာ သုမနာဆိုတဲ့ သူဌေးကြီးရဲ့သမီး ဖြစ်ပြန်သည်။ သူ့နာမည်ကို သုမနာလို့ပဲခေါ်တယ်။ ဒုဋ္ဌဂါမဏိမင်းရဲ့ အမတ်နဲ့တွေ့ပြီး အမတ်ကတော်ဖြစ်ပြန်တယ်၊ ယောကျ်ားရဲ့ ရွာကိုလိုက်နေရတယ်၊ အဲဒီရွာမှာ အရှင်အနုရဒ္ဓါမထေရ်က ဆွမ်းခံကြွရင်း အမတ်ကတော်ကိုတွေ့ပြီး နောက်ပါရဟန်းတို့ကို အမတ်ကတော်ရဲ့ ဘဝအဆက်ဆက်ကို သိတော်မူလို့ ဝက်မလေးဟာ ဒီနေ့ အမတ်ကတော်ဖြစ်နေကြောင်းပြောတယ်။ မယ်သုမနဟာ ဒီစကားကြားတော့ ဘဝဟောင်းတွေကို ပြန်ပြီးအောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ် ဖြစ်ပေါ်လာသတဲ့"

ဆရာတော်က စကားခေတ္တနားပြီး အမောဖြေနေသည်။ ဦးထွန်းကြိုင်တို့သည် တိတ်ဆိတ်စွာငြိမ်သက်လျက် ဆရာတော် ဆက်လက်ဟောမည့်အသံကို နားစွင့်ထားပုံရ၏။

"အဲဒီမှာ အမတ်ကတော်ဟာ အတိတ်ဘဝတွေကို မြင်လာသိလာတယ်၊ တရားကို ကြည်ညိုတဲ့ကြွက်မလေးဟာ နောက်ဘဝမှာ တရားအားထုတ်တဲ့ ပရိုဗိုဇ်ဖြစ်တာ ဗြဟ္မာဖြစ်တာ မာနကြီး သူဌေးသမီးဖြစ်တာ၊ ဝက်ဖြစ်တာ၊ လှေသင်္ဘောဆိပ်ကိုဖွဲ့ပြီး လှေသူကြီးဖြစ်တာ၊ ပင်လယ်ရပ်ခြားကိုခွဲလို့ ကိုင်းတစ်ပါးမှ သူဌေးသမီးဖြစ်၊ အမတ်ကတော်ဖြစ်တာတွေဟာ တဏှာကြောင့် သံသရာမှာ ဆယ်သုံးဘဝဖြစ်လိုက်ရတာ ဘဝအမျိုးမျိုး၊ အဖြစ်အမျိုးမျိုး ဒီတော့ သုမနာဟာ သံဝေဂဉာဏ်ဖြစ်လာပြီး သူ့ယောကျ်ားထံခွင့်တောင်းပြီး ရဟန်းဘဝကူးပြောင်းပြီး ရဟန္တာမဖြစ်သွားခဲ့တယ်။ ရဟန္တာမဖြစ်တော့ ဒီမှာတင် ဘဝအသစ်ဖြစ်ဖို့မရှိတော့ဘူး။ မရှိတော့ ပရိနိဗ္ဗာန်ပြုပြီး ခန္ဓာဇာတ်သိမ်းသွားခဲ့တယ်"

"မှန်လှပါ သတိတရားရဖို့ ကောင်းပါတယ် အရှင်ဘုရား"

"ဘုန်းကြီးက ဒီအဋ္ဌကထာကို သတိရမိတော့, သက်နိုင် လူ့ဘဝမရောက်ဘဲ နတ်ဘုံတို့ တိရစ္ဆာန်ဘုံတို့ ရောက်သွားမှာ စိုးရိမ်ပူပန်နေမိတယ်၊ လူ့ဘဝရခဲ့ရင်တော့ လူဝင်စားဆိုတာမျိုးဟာ အတိတ်ဘဝက ရစ်ပတ်ထားတဲ့ သံယောဇဉ်တွေနဲ့ ပြန်ပြီးထိတွေ့တဲ့အခါ အတိတ်ဘဝတွေကို ပြန်သတိရတတ်တယ်။ ဘုန်းကြီးလည်း ကျေးရွာရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားတော်တွေကို နာကြားရပြီး ကျင့်ကြံအားထုတ်ရာမှာ ခရီးရောက်လှပေမယ့် ဘုန်းကြီးမှာလည်းသက်နိုင်ကြောင့် နောက်ဆံတငင်ငင် ဖြစ်နေတယ်။

ဆက်ပါဦးမည်・・・

**မောင်ဟိန်းကျော်**



www.burmeseclassic.com

www.burmeseclassic.com

# အာဟာရဖြည့်၊ ဆေးဖက်ဝင် စားပင်သီးနှံများ

■ သုတေသီဆရာငြိမ်း

## ဆေးဖက်ဝင်သည့် ခရေပွင့်၊ ခရေသီး


ပင်ယံထက်မှာ မနေဘဲ ပင်ခြေရင်းသို့ ကြွေကျကာ ခြောက်သွေ့သည့်တိုင် ရနံ့မပြယ်သော ခရေပွင့်အား အမျိုးသမီးများ နှစ်သက်ကြပါသည်။ ကြိုးဖြင့်သီကုံးကာ ဘုရားပန်းကပ်ကြသလို အမြတ်တနိုးလည်း ပန်ဆင်လေ့ရှိကြသည်။ ခရေပင်မှ ဖြစ်တည်လာသော ခရေပွင့်၊ ခရေသီးများကား ဆေးဖက်လည်း ဝင်လှပါသည်။


ခရေ၏အရသာနှင့် အကျိုးသွား ပဥ္စင်းပါးစလုံးကို ဆေးဝါးဖော်စပ်ရာ၌ ထည့်သွင်းအသုံးပြုလေ့ရှိကြပါသည်။ ခရေခေါက်သည် ချို၏။ ခါး၏။ အေး၏။ ဂုဏ်နှင့်စွမ်းရည်ကို တင်ပြရလျှင် အသီးသည် ပြေပြစ်၏။ အူတို့ကို တွန့်ရှုံ့စေ၏။ ခံတွင်းကို မြိန်စေ၏။ သွားတို့ကို ခိုင်စေ၏။ ချုပ်၏။ နူတ်မမြိန်ခြင်း၊ သွားများပျက်စီးခြင်း၊ သွေးဖောက်ပြန်ခြင်းတို့ကို သက်သာပျောက်ကင်းစေ၏။

ခရေအခေါက်သည် နှလုံးကို အားရှိစေ၏။ ဝမ်းမီးကို ပွားစေ၏။ ပိုးတို့ကို ဖျက်ဆီးတတ်၏။ တွန့်ရှုံ့စေတတ်၏။ သွားဖုံးရောဂါများ၌ အကျိုးပြု၏။ သည်းခြေဖောက်ပြန်ခြင်းကို သက်သာပျောက်ကင်းစေ၏။ ခရေစေ့သည် လှုပ်ရှားနေသော သွားတို့ကို ခိုင်မာစေ၏။ ခရေပွင့်ကို ရှူပါက ခေါင်းကိုက်ခြင်းကို သက်သာပျောက်ကင်းစေ၏။

**၁။ မကျွရပေါက်လျှင်၊ သွားဖုံးရောင်လျှင်၊ ခံတွင်းနာဖြစ်လျှင်**

ခရေခေါက်၊ ဆီးဖြူခေါက်၊ ရှားခေါက် ငှင်းအခေါက်





www.burmeseclassic.com

www.burmeseclassic.com

သုံးမျိုးကို ပြုတ်၍ နေ့အခါတွင် လေး,ငါးခါခန့် ငုံထွေးပေးခြင်းဖြင့် ပါးစပ်၌ မကျွရနာပေါက်ခြင်း၊ သွားဖုံးရောင်ခြင်း၊ ပါးစပ်၌ ပူလောင်ခြင်း စသော ခံတွင်းနာအားလုံးကို ပျောက်ကင်းစေပြီး သွားများခိုင်ခံ့လာပါလိမ့်မည်။

## ၂။ ဝမ်းရောဂါဖြစ်လျှင်

အတိသာရခေါ် ဝမ်းရောဂါဖြစ်လျှင် ခရေစေ့ကိုသွေး၍ ရေအေးနှင့် သောက်ပေးပါ။ သက်သာပျောက်ကင်းသွားပါလိမ့်မည်။ ကာလကြာမြင့်သော ဝမ်းရောဂါအတွက်ကိုမူ ခရေသီးအမှည့်၏ အသားကို စားသုံးပေးခြင်းဖြင့် သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ၃။ ကလေးချောင်းဆိုးနေလျှင်

ခရေပွင့်အစို ၁ ကျပ် ၈ ပဲသားကို ရေ ၃ မတ်သားနှင့် တစ်ညလုံး စိမ်ထားပါ။ မနက်မိုးလင်းတွင် ထိုစိမ်ရည်ကို စစ်၍ ကလေးအား တိုက်ပေးပါ။ ဤနည်းအတိုင်း ခုနစ်ရက်မျှ ဆက်တိုက် တိုက်ပေးလျှင် ချောင်းဆိုးဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ၄။ နလုံးရောဂါခံစားနေရလျှင်

ခရေခေါက်ကိုပြုတ်ပါ။ ရလာသော ဆေးရည်ကို သောက်သုံးပေးခြင်းဖြင့်လည်းကောင်း၊ ခရေပွင့်ကို ရှူပေးခြင်းဖြင့်လည်းကောင်း၊ ခရေသီးကို စားပေးခြင်းဖြင့်လည်းကောင်း ခံစားနေရသော နလုံးရောဂါဝေဒနာ သက်သာလျော့ပါးသွားပါလိမ့်မည်။

## ၅။ သွားများ နဲ့နေလျှင်၊ နာကျင်ကိုက်ခဲနေလျှင်

ခရေပွင့်အစို သုံးမတ်သား၊ ဗာဒံစေ့ သုံးစေ့၊ သကြား သုံးပဲသားတို့ကိုရော၍ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပြီး ရေကိုပါ ထပ်မံသောက်ပေးပါ။ သွားများနဲ့ခြင်း၊ နာကျင်ကိုက်ခဲခြင်းတို့သာမက မီးယပ်အဖြူဆင်းခြင်းရောဂါ၊ ဓာတ်ချူရောဂါတို့ပါ သက်သာပျောက်ကင်းစေပါသည်။

• • •

## အစွမ်းထက်၊ ဆေးဖက်ဝင် ပူဒီနာပင်

ဈေးတစ်ဈေးသို့ဝင်၍ ကုန်စိမ်းတန်း၌ ရှာဖွေကြည့်လျှင် ပူဒီနာပင်ကို အစည်းကလေးများ စည်းနှောင်လျက် ရောင်းချသည်ကို တွေ့ရပါလိမ့်မည်။ ပူဒီနာသည် အစိမ်းရောင်ရှိသော အပင်များအနက် Chlorophyll များစွာပါရှိကြောင်း တွေ့ရှိရပါသည်။ ဒံပေါက်ဆိုင်သို့ရောက်လျှင် သခွားသီး၊ ငရုတ်သီးစိမ်း၊ ပူဒီနာတို့ကို လှီးချွတ်၍ သံပုရာဆမ်းထားသော တို့မြုပ်စရာပန်းကန်ကို တွေ့ရပါလိမ့်မည်။ အချို့သောအိမ်များတွင် ပူဒီနာကို သီးသန့်သော်လည်းကောင်း၊ မန်ကျည်းသီးထောင်း,သနပ်တို့နှင့်သော်လည်းကောင်း တို့မြုပ်စားသုံးတတ်ကြပါသည်။

ပူဒီနာနှင့် စပ်လျဉ်း၍ ဆီးနည်းခြင်း၊ လေသက်ခြင်း၊ ဝမ်းချုပ်ခြင်းနှင့် သွေးတိုးရောဂါဝေဒနာရှင်များအတွက် ဓာတ်စာအဖြစ် တိုင်းရင်းဆေးဆရာများမှ ညွှန်းလေ့ရှိကြပါသည်။ အရသာပိုင်းအနေနှင့် ပူသည့်အရသာ၊ ခါးသည့်အရသာ၊ စပ်သည့်အရသာများ ရှိကြသည်။ ထိုအရသာများက ပျော့ပျောင်းမှုရှိကြပေသည်။ ဂုဏ်သတ္တိများအနေဖြင့် နှုတ်ကိုမြိန်စေပြီး မွှေးကြိုင်သောအနံ့ကို ပေးဆောင်စေနိုင်ပါသည်။ အစာမကြေသူများအဖို့ ဝမ်းမီးကို တောက်စေနိုင်သည်။ သလိပ်ကျပ်ခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းပျက်ခြင်းနှင့် အဖျားပိုးများ ရှိနေခြင်းတို့အတွက် ပူဒီနာသည် ထိရောက်စွာ ကာကွယ်ပေးနိုင်သည့် အာနိသင်များ ရှိပေသည်။ ပူဒီနာပင်ကို အိန္ဒိယပြည်တွင် လေဆေးအဖြစ်သော်လည်းကောင်း၊ ဝမ်းဗိုက်နှင့် သက်ဆိုင်သော ရောဂါဝေဒနာများတွင် သောက်ဆေးအဖြစ်သော်လည်းကောင်း အသုံးပြုလေ့ရှိကြပေသည်။ ထို့အပြင် ချဉ်တနီး(Chutney) အဖြစ် ကြက်သွန်နီ၊ သခွားသီး၊ ငရုတ်သီးစိမ်းတို့နှင့် ရောနှော၍လည်းကောင်း စားသုံးလေ့ရှိကြပေသည်။

ပူဒီနာမှုန့် အနည်းငယ်ကို ရေဖြင့်သော်လည်းကောင်း၊ အစားအစာဖြင့်သော်လည်းကောင်း စားသုံးပေးခြင်းအားဖြင့် ရောဂါဝေဒနာများစွာ ပျောက်ကင်းနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

၁။ ဝမ်းဗိုက်နာကျင်နေလျှင်

ပူဒီနာကို နွားနို့တွင်ဖော်လည်းကောင်း၊ လက်ဖက်ရည်ကျွင်သော်လည်းကောင်း တည့်၍သောက်ပါက ဝမ်းဗိုက်နာကျင်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

၂။ အဖျားတက်နေလျှင်၊ ကြို့ထိုးနေလျှင်၊ စာတ်မတည့်၍ အရေပြားပေါ်၌ အင်ပျဉ်ထနေလျှင်

ပူဒီနာပင်ကို ပြုတ်ဆေးရည် (Decoction) အဖြစ်သော်လည်းကောင်း၊ ပူဒီနာလက်ဖက်ရည် (Mint Tea) အဖြစ်သော်လည်းကောင်း နေ့ဆေးခွက်ပမာဏအတိုင်း သောက်သုံးပေးခြင်းအားဖြင့် ကိုယ်တငွေ့ငွေ့ဖြင့် အပူရှိန်တက်နေသော အဖျားကို ရုတ်ခြည်းကျစေနိုင်ပါသည်။

ထို့အပြင် ကြို့ထိုးခြင်းနှင့် ဓာတ်မတည့်၍ အရေပြားပေါ်၌ အင်ပျဉ်များထနေခြင်းတို့ကိုလည်း သက်သာပျောက်ကင်းစေနိုင်ပါသည်။

၃။ ခေါင်း၊ အလွန်အမင်းကိုက်နေလျှင်

ပူဒီနာပျော့ဖတ်ကို နားထင်တွင်အုံ၍ စည်းနှောင်ထားပါ။ အလွန်ခေါင်းကိုက်နေခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။





၄။ လန်းလန်းဆန်းဆန်း ကျန်းကျန်းမာမာ ဖြစ်လိုလျှင်

ပူဒီနာ လက်ဖက်ရည်ကြမ်းတစ်ခွက်ကို နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သောက်သုံးပေးပါက အစာအိမ်တွင်းရှိ အစာတို့ ကြေညက်စေသည့်အပြင် လန်းလန်းဆန်းဆန်း ကျန်းကျန်းမာမာဖြစ်နေပါလိမ့်မည်။

၅။ ကိုယ်ခံအားနည်းနေလျှင်၊ နှလုံးတုန်နေလျှင်၊ နေထိုင်မကောင်း၍ ပျို့အန်နေလျှင်

ပူဒီနာ လက်ဖက်ရည်ကြမ်း (သို့) ပူဒီနာမှုန့်တို့ကို မကြာခဏ သောက်သုံးပေးခြင်းအားဖြင့် ကိုယ်ခံအားနည်းခြင်းဝေဒနာ၊ နှလုံးတုန်ဝေဒနာ၊ နေထိုင်မကောင်း၍ ပျို့အန်သောဝေဒနာများ အမြန်ဆုံး သက်သာပျောက်ကင်းသွားပါလိမ့်မည်။

သုတေသီဆရာငြိမ်း

၁၉ ။၂၀၁၃၄၄



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ်ာ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၁၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ဝိဇ္ဇာမိုရ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာမိုရ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအရွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568) သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့ သွေးသန့်ဆေးများလည်း ရရှိသည်။

- ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၅၂၅၁၃၅)
- မင်္ဂလာတောင်ညွန့်ဖြန့်ချိရေး - အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
- ပင်မဖြန့်ချိရေး - ကိုဝင်းမြင့်+မဘောဘိ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလှမိုး(သိမ်ကြီးဈေး)၊ လှထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မရှူး(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ဗန္ဓုလ(ဈေးချို)၊ အာရောဂျ(သိမ်ကြီးဈေး)၊ အာရောဂျ နှ(၄)၊ နေပြည်တော်မြို့မဈေး ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မှန်းတည့်ချိန်မှာ အရိပ်ရှာသူ

## ကျော်မြသန်း

လူ့ပတ်ဝန်းကျင်ကို အကျိုးပြု နိုင်သော လူသားဖြစ်မှသာ လူ့ဘဝ ၏ ထန်ဖိုး အကျိုးအမြတ်ကို ခံစား ရမည်။

× × ×

သူနှင့် ကျွန်တော်

(တစ်)

လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ် ကျော်ခန့်က ကျွန်တော် ငါးမျိုးရပြီး အုတ်ကိုးပျော်မင်းသား ဖြစ်ခဲ့စဉ်က သူ့ဒွေး သား မောက်ထွင်းမှု လူသတ်မှုတရားခံ ကိုသက်ထွန်းနှင့် တွေ့ခဲ့သည်။

ငါးခံတွင်းမှ မလွတ်ခင် တိုက်ခိုက် ဆန့်ဆန် အဖျားရောဂါကြောင့် မှုလာ ထိုင်ရာ အချုပ်ဆောင်ကနေ ဆေး ဆေးရုံသို့ ရောက်သွားခဲ့ရာမှ ကိုသက် ထွန်းဆိုသော ဓာတ်ရိုးမိတ်ဆွေသစ်တစ် ယောက်နှင့် ခင်မင်ရင်းနှီးခဲ့သည်။

ကျွန်တော်တို့ နှစ်ယောက်မှာ အတင်းချုပ်ယုဉ်လျက် နေထိုင်ခဲ့ရပြီး အိပ် ရာအထက်မှာ ထခွင့်မရကြသည့် လူနာ များ ဖြစ်ကြသည့်အလျောက် အကျဉ်းခံ များ၏ ကုန်လွန်ခဲ့သော အချိန်များကို အဆောင်းသုံ၍ ထွေရာလေးပါးပြောဆို ခြင်း ကုန်လွန်စေခဲ့ရ၏။

သို့နှယ် ပြောကြဆိုကြရင်းမှ သူ ၏ဘဝ တစ်စိတ်တစ်ပိုင်းကို သိလာရ သည်။ စိတ်ဝင်စားစရာများ ယှက်ဖြာပါ ရှိလာသည်။

ထောင်ထဲမရောက်မီက သူသည် သူ့ဒွေးသား လက်ဖက်စိုက်ခင်း လုပ်ငန်း ရှင်၊ သို့တစေ သူ၏အမှုမှာ သူ၏ဂုဏ် ပုဒ်နှင့် မလိုက်ဖက်သော အမှုဖြစ်သမို့ သူ့အပေါ် စိတ်ဝင်စားမှုဖြစ်ရသည်။

သူက ဖောက်ထွင်းမှု၊ လူသတ်မှု တရားခံ။ နှလုံးရောဂါဝေဒနာကြောင့် ထောင်ဆေးရုံတွင် နေရသည်။ အကြံ အဖန်မဟုတ်၊ အမှန်အကန် နှလုံးရောဂါ ဝေဒနာသည်။

လူပုံပန်းနှင့်လည်းကောင်း ဂုဏ် ပုဒ်နှင့်လည်းကောင်း မလိုက်ဖက်သည့် မှုခင်းတရားခံ ဖြစ်နေသောကြောင့် သူ ၏ အမှုဖြစ်ကြောင်းကို စပ်စုမိရသည်။

သူကလည်း လိုလိုလားလားပင် ပြောပြသည်။

ထောင်ထဲရောက်နေသူ အချင်း ချင်း မှုဖြစ်ကြောင်းကို ပြောကြပြီဆိုရင် အကွယ်အဝှက်မပါ၊ အထိမ်အချန်မရှိ၊ အလှည့်အပတ် မသွယ်ဝိုက်ဘဲ အရင်း အမြစ်ကိုလှန်၍ ဘွင်းဘွင်းရှင်းရှင်း ပွင့် ပွင့်လင်းလင်းပြောတတ်စမြဲ ရှိကြသည်။

ရဲစခန်းနှင့် တရားရုံးတို့တွင် ထွက်ဆိုအစစ်ခံသလို အထိမ်အဖုက်၊ အလှည့်အပတ်မပါ။

တရားရုံးတွင် ပြစ်ဒဏ်သက်သာ မှု ရစေရန် မှုဖြစ်ကြောင်းကို အသွယ် အဝိုက်၊ အလှည့်အပတ်များဖြင့် ဖော၍ ထွက်ဆိုကြသည်။

ထောင်ထဲရောက်၍ အချင်းချင်း ပြောကြပြီဆိုရင်တော့ ပရိယာယ်မသွယ်၊ စကားတန်ဆာပဆင်ဘဲ အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်း လေးလေးပင်ပင် ပြောလေ့ရှိကြသည်။

ကိုသက်ထွန်းက သူ၏မှုခင်းဖြစ် ရပ်ကြောင်းကို အရင်းအတိုင်းပင် ဖောက် သည်ချပြောသွားခဲ့သည်။

သူ၏ မှုခင်းဖြစ်ရပ်ကြောင်းမှာ ကြိုတင်ကြံစည်ကျူးလွန်မှု မပါဘဲ ဖြစ် လာသည့် ဖြစ်ရပ်ကြောင်းများအပေါ် အခြေတည်၍ အလှည့်အပြောင်းလုပ်ပြီး မီးစင်ကြည့်ကခဲ့ရမှု ရှောင်နိုင်၊ ရှောင်နိုင် ဘဲ ကျွမ်းတိုးမှောက်ခုံဖြစ်ကာ ကြောင် ကျမကျဘဲ ခွေးကျကျ ဆိုသလို ဖြစ်ရ သော မှုခင်းဖြစ်ရပ်ကြောင်းမျိုး ဖြစ်၏။

မည်သို့ပင်ရှိပါစေ ဘယ်သူမပြု မိမိမှုကြောင့် ခံရသည်သာ သူသာချင် ဟု ဆိုရပါမည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(နှစ်)

ပဋိပက္ခမှ ပြွမ်းတီးသော လူ့ဘဝ လမ်းကြောင်းတွင် ပဋိပက္ခမှ အတိမ်းအစောင်း နက်ရှိုင်းသွားသောအခါ ဖြေရှင်းရန် ခက်ခဲသည့်အဆင့်သို့ ရောက်ရှိသွားတတ်၏။

ကိုသက်ထွန်းလည်း အဆုံးစွန်သော အဆင့်သို့ ရောက်ရှိနေပေပြီ။

သူ၏မှုခင်းဖြစ်ကြောင်းကို သုံးသပ်၍ ကောက်ချက်ဆွဲကြည့်လိုက်သောအခါ မျက်ကွယ်ပြု၍မရသောအကြောင်း သုံးချက်ကို တွေ့ရှိလာရသည်။

(၁) မကောင်းမှုပြုလျှင် မကောင်းသော အကျိုးဆက်များကို ဘဝမခြားဘဲ တစ်ဖန်ပြန်လည်၍ ခံရတတ်ကြောင်း။

(၂) မွေးဖွားခြင်းမှ သေဆုံးခြင်း ခရီးအစနှင့် ခရီးအဆုံး လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေရသည့် ဘဝခရီးသည် လူသားများ မကောင်းမှုနှင့် နွယ်ယှက်မိသောအခါ လာခြင်းကောင်းသော်လည်း ပြန်ခြင်းမကောင်းသည့် အဖြစ်ဆိုးကိုသာ တွေးပိုက်တတ်ရကြောင်း။

(၃) တူသောအကျိုးပေးဟူသော ဆိုရိုးစကားအတိုင်း မကောင်းမှုပြုလုပ်လျှင် ပြုလုပ်မှုအတိုင်းအတာနှင့်အညီ တူသောအကျိုး ပေးသည်မှတစ်ပါး အခြားမရှိသည်ကို ပို၍ လေးနက် နက်ထင်စေကြောင်းတို့ပင် ဖြစ်၏။

ထို့ပြင်တစ်စ သူ၏မှုဖြစ်ကြောင်းတွင် ဆင်ခြင်စရာ၊ သတိမူစရာ၊ သင်ခန်းစာယူစရာ၊ သံဝေဂယူစရာ အကြောင်းများလည်း ပြွမ်းတီး‌ဘက်နွယ် ရစ်ထွေးနေသည်ကို တွေ့ရပါလိမ့်မည်။

ဤအကြောင်းများကြောင့် သူ့၏မှုခင်းဖြစ်ရပ်ကြောင်းမှာ စာရေးသူ၏ စာဖတ်ပရိသတ်အတွက် တစ်စိတ်တစ်ပိုင်း အကျိုးပြုစရာများ ပါဝင်နေသည်ဟု ခံစားမိသည့်အလျောက် အချိန်ညာညောင်းခဲ့ပေမယ့် အခါမနှောင်းဟူသော ဆန္ဒမွန်ဖြင့် ဤစာအုပ်ကို ရေးဖွဲ့လိုက်ပါသည်။

ကလျာဏဇိစ - ကောင်းမှုကို ပြုလေ့ရှိသောသူသည်၊

ကလျာဏံ - ကောင်းကျိုးကို ခံစားရမည်မှ တစ်ပါး အခြားမရှိ။

ပါပကာရီစ - မကောင်းမှုကို ပြုလေ့ရှိသောသူသည်၊

ပါပကံ - မကောင်းကျိုးကို ခံစားရမည်မှတစ်ပါး အခြားမရှိ။

ဇာတ်ကောင် အမည်များ၊ နေရာဒေသများ လွှဲပြောင်းထားသည်မှအပ ဖြစ်ရပ်မှန် ဝတ္ထု၊ ဖြစ်ကြောင်းနှင့် သူ့အကြောင်းကို ဆက်လက်၍…။

သန့်စင်သော စေတနာဖြင့်…

(ကျော်မြသန်း)

× × ×

အပိုင်း(၁)

နိဂုံး၏အစ

(တစ်)

ထိုညက သန်းခေါင်ကျော်အချိန်တွင် ဦးလာဘသည် ကျွန်တော်အိပ်တတ်သော ယုဇနလမ်းမှ အိမ်ခန်းသို့ ရောက်လာသည်။

ကျွန်တော်သည် တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သော်လည်း မြို့ထဲတွင် အလည်လွန်နေပါက အဆောင်သို့မပြန်ဘဲ သီးသန့်ထားထားသည့်အခန်းတွင် အိပ်လေ့အိပ်ထရှိပါသည်။

ဤအကြောင်းကို ဦးလာဘ အပါအဝင် ကျွန်တော့်အပေါင်းအသင်းများလည်း သိထားကြသည်။

၁၉၆၀ ပြည့်နှစ်များဆီက ရန်ကုန်တက္ကသိုလ်၏ အုပ်ချုပ်ရေးစနစ်မှာ လျော့ရဲရဲ ရှိပါသည်။ နေ့ကျောင်းသားများကို မဆိုထားဘဲ၊ ကျွန်တော့်လို အဆောင်နေ ကျောင်းသားများပင် တစ်ညလုံး အဆောင်မပြန်ဘဲ နေ၍ရပါသည်။ တစ်ခါတစ်ရံမှသာ လာရောက်စစ်ဆေးတတ်သော အဆောင်မှူးနှင့် ကြုံသည့်အခါမျိုးတွင် အကြောင်းပြချက်ကောင်းကောင်းဖြင့် ပြောဆိုတတ်လျှင် ပြဿနာပြီးပြတ်သွားတတ်ပါသည်။

ထို့ကြောင့်လည်း မိုးကုတ်ကျောက်တွင်းသူဌေးသား ကျွန်တော့်မှာ သုံးနိုင်ဖြုန်းနိုင်သူပီပီ မြို့ထဲတွင်ပါ အသင့်အိပ်နိုင်ရန် ရေကျော်ဘက်တွင် အိမ်ခန်းတစ်ခန်းကို ငှားထားခြင်းဖြစ်ပါသည်။

ထိုနေ့ည အဖြစ်အပျက်မှာမှ တစ်သက်တာတွင် အမှတ်တရဖြစ်စေမည့် အကြောင်းဖြစ်သည်ကို နောင်တွင်မှ သိခဲ့ရပါသည်။

ထိုညက ဦးလာဘ ရောက်မလာမီလေးတွင်ပင် ကျွန်တော့်အခန်းသို့ ပြန်ရောက်ခဲ့သည်။ အိပ်တော့မည်ဟု စိတ်ကူးလိုက်ချိန်တွင်မှ ဦးလာဘရောက်လာသည်။ မမျှော်လင့်သော ရောက်လာခြင်းမျိုးဖြစ်ပြီး သူ၏ အပြုအမူများမှာလည်း

www.burmeseclassic.com

လှုပ်လှုပ်ရှားရှား ပျာယီးပျာယာနိုင်လွန်းလှသည်။

အသားလတ်လတ်၊ အရပ်ပျပ်ပျပ်၊ ကိုယ်လုံးပြည့်ပြည့်၊ မျက်နှာဖောင်းအစ်အစ်၊ အကြည့်စူးစူး၊ တည်ငြိမ်သော လှုပ်ရှားမှုဟန်ပန်တို့ကြောင့် သူ့အသွင်မှာ မြင်ရုံဖြင့် မှတ်ထင်စရာကောင်းသည်။

ထိုနေ့ညကမူ အဝတ်အစား ဖိုသီဖတ်သီနှင့် သူ၏သွင်ပြင်မှာ ခံ့ညားသည့်ပုံဟန် မပေါ်လွင်။ အသက်ငါးဆယ်ကျော်ဟု ဆိုသော်လည်း အမှုအပင်ရှိဟန်မတူသော သူ့အသွင်မှာ အသက်လေးဆယ်ကျော်မျှဟု ခန့်မှန်းရသည်။

ယခုတော့ ယခင်ကနှင့်မတူ။ အလွန်လှုပ်ရှားတုန်လှုပ်လွန်းနေဟန်ရှိနေသည်။

"ထိုင်လေဗျာ ဦးလာဘ။ မိုးတိုးမတ်တတ်ကြီး။ ခင်ဗျားကိုကြည့်ရတာ သေက်သာလိုက်တာ။ ဘာများဖြစ်လာသို့လဲဗျာ"

ကျွန်တော်ပြောမှ ခုတင်ဘေးတွင်ရှိသော ပက်လက်ကုလားထိုင်၌ ဝင်ထိုင်သည်။ သို့သော် ကျောချထိုင်ခြင်းမျိုးမဟုတ်။ ထပြေးတော့မည့်ပုံမျိုးဖြင့် ပက်လက်ကုလားထိုင်အစွန်းကို တင်ပါးထိရုံတ်ရုံ ခြေထောက်ကိုအားပြု၍ ထိုင်လိုက်ခြင်းဖြစ်သည်။

ယခုအချိန်အထိ သူဘာမျှမပြောသေးဘဲ မလုံမလဲသော မျက်လုံးများဖြင့် အခန်းတံခါးကို ကစ်ချက်ကြည့်လိုက်သည်။ ပြီးမှ လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး နှုတ်ခမ်းကို လျှာဖြင့်သပ်လိုက်သည်။

ကျွန်တော့်မှာ သူ့အကျင့်ကို သိထားသူပီပီ သံဗီရိုပုလေးထဲမှ ဝီစကီအရက်ပုလင်းကို ထုတ်ယူပြီး ဖန်ခွက်ထဲ လက်နှစ်လုံးခန့် ထည့်ကာ သူ့ဆီ လက်ကမ်းပေးလိုက်ရသည်။ သူကလည်း ဘာမျှမပြောဘဲ လှမ်းယူကာ တစ်ကျိုက်တည်း မော့ပစ်လိုက်သည်။

"ကဲ…ဆိုစမ်းပါဦး ဦးလာဘကိစ္စ။ ကျွန်တော် ဘာကူညီရမလဲပြော"

ထိုအချိန်အထိ သူက ဘာမျှမပြောသေးပါ။ ယခုမှ တွေဝေ့သူလို ကျွန်တော့်ကို စူးစူးစိမ်းစိမ်း ကြည့်နေပါသည်။

"ဩော်ဗျာ…ဦးလာဘရယ်၊ ကျွန်တော်ပါဗျ။ မောင်သက်ထွန်းပါ။ ခင်ဗျားဘာဖြစ်နေတာလဲ၊ ပြောစမ်းပါဦး။ ကျွန်တော်ဘာလုပ်ပေးရမလဲ"

အားမလိုအားမရဖြင့် သူ့ကို ထပ်ဆင့်မေးလိုက်ရသည်။

"ကူညီဖို့လည်းမဟုတ်ဘူး။ လုပ်ပေးဖို့လည်း မဟုတ်ပါဘူး"

သူ့ထံမှ အသံသြသြကို စတင်ကြားရသည်။

"ကျုပ် မောင်ရင့်ကို ပစ္စည်းလေးတစ်ခုနဲ့ ငွေတွေပေးထားချင်လို့ပါ"

"ဘာများလဲဗျ ဦးလာဘ"

သူ့စကားကြောင့် ကျွန်တော် တအံ့တသြဖြင့် မေးလိုက်ရပြန်သည်။

"မောင်ရင်…ကျုပ်ကို သိတယ်နော်"

သူက ဂရုတစိုက်မေးလာသည်။

ယခုတော့ သူ၏အပြုအမူရော အသံပါ တည်ငြိမ်စပြုလာချေပြီ။ ဝီစကီတန်ခိုးကြောင့်လားမသိ၊ သူ့မျက်လုံးများ အရောင်များပါ တောက်ပလာသည်။

"အိုး…သိတာပေါ့ ဦးလာဘရယ်၊ ဦးလာဘနဲ့ ကျွန်တော် ရင်းနှီးခဲ့ကြတာ နှစ်နှစ်ပဲပြည့်တော့မယ်ဟာ"

"ပြီးတော့ကော"

"ဦးလာဘဟာ ဒုစရိုက်မှုနဲ့ မကင်းတဲ့အလုပ်မျိုး လုပ်တတ်တဲ့သူ၊ အဲဒါတွေဟာ သိပ်ကောင်းတဲ့ အလုပ်တွေတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် ဦးလာဘမှာ စိတ်ရင်းကောင်းရှိတယ်လေ"

"ဟုတ်လား။ ဆိုစမ်းပါဦး"

"ဟိုဗျာ…တစ်ခါက ဆွေဆွေနဲ့ ကျွန်တော် လေဘာတီဟိုတယ်မှာ စားသောက်ပြီး ပိုက်ဆံပေးမယ်လုပ်တော့မှ ခါးပိုက်နှိုက်ခံရမှန်း သိတော့တယ်။ ငွေဘယ်လိုပေးရမှန်း မသိဘဲ အကျပ်ရိုက်နေတုန်း ဒီအရင်က တစ်ခါမှမသိခဲ့ဖူးတဲ့ ဦးလာဘက စိုက်ရှင်းပေးလိုက်တယ်လေဗျာ။ ဒီကတည်းက ဦးလာဘနဲ့ ကျွန်တော် စပြီးခင်ခဲ့ကြတာမဟုတ်လား"

"ဒါပဲလား မောင်ရင်"

"ရှိသေးတာပေါ့ဗျာ"

ပြောစရာအကြောင်းပေါင်းများစွာ ရှိသော်လည်း သူရော ကျွန်တော်ပါ သိခဲ့ပြီးသော အကြောင်းကို ပြန်ပြောချင်စိတ် ကုန်နေပါသည်။ ထို့ကြောင့် စကားပြောင်းရန် ကြိုးစားလိုက်ရပါသည်။

"နေပါဦး ဦးလာဘရဲ့၊ ဦးလာဘ ပေးမယ်ဆိုတာက ဘာမို့လို့လဲဗျ"

"ကျုပ်ပေးမယ်ဆိုတာကိုတော့ ပေးမှာပါပဲလေ။ ဒါပေမယ့် ကျုပ် မောင်ရင့်ကို ပြောစရာတွေ ရှိသေးတယ်၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com

တော့ ကြိုတင်သိထားဖို့ လိုမယ်"

"ဘာကိုလဲ ဦးလာဘ"

"ကျုပ် အဖမ်းအဆီးခံရဖို့ ရှိနေတယ်"

"ဗျာ...ဘာယ်လို ဦးလာဘ"

ကျွန်တော် တအံ့တသြဖြင့် မေးဖြစ်သွားပြန်သည်။

"ဟုတ်တယ် မောင်ရင်။ ကျုပ်ပြောတာ အမှန်ပဲ။ ဒါကြောင့် ကျုပ်အကြောင်းအားလုံး မောင်ရင့်ကို ပြောပြသွားချင်တယ်"

ကျွန်တော် ကြွေဝေသွား၍ပြန်သည်။

"မောင်ရင် စိတ်ဝင်စားပါတယ်နော်"

"ဟာဗျာ...ဦးလာဘရယ်၊ ဦးလာဘကျေးဇူး ကျွန်တော့်အပေါ် ရှိနေတာပဲဟာ စိတ်ဝင်စားတာပေါ့"

"မဟုတ်သေးပါဘူး။ မောင်ရင့်ကသာ ကျုပ်ရဲ့ အသက်သခင် ကျေးဇူးရှင်ပါကွာ။ မောင်ရင်သိပါတယ်နော်"

သူက တစ်ညတုန်းဆီက အဖြစ်ကို ရည်ညွှန်းပြောခြင်းဖြစ်သည်။

"ကဲပါဗျာ၊ ထားပါတော့။ ဦးလာဘပြောမယ်ဆိုတာကိုသာ..."

သည့်နောက်တော့ သူပြောပြသည့် သူ့ဘဝအကြောင်းကို ရင်မောစွာနားထောင်ရပါတော့သည်။

စင်စစ် သူသည် ပြည်မဘားကတ်ဦးသာ ဖြစ်သည်။ လူမှန်းမသိသော သူ၏ကလေးဘဝသည် ဟွဲ့ယ်ရာမဲ့ဖြစ်ခဲ့သည်။ အဖေ၊ အမေကို မမြင်ဖူးလိုက်ရဘဲ အိမ်နီးချင်း ဒုစရိုက်သမားကြီးတစ်ဦး၏ မွေးစားသားဖြစ်ခဲ့ရသည်။ ဒုစရိုက်သမားတို့အလယ်တွင် ပေဘာင်သည့်ပေည့် ကြီးပြင်းခဲ့ရပြီး အရွယ်ရောက်ခဲ့သည်။

ရေမျောကမ်းတင် ဘဝတွင် အလွယ်လမ်းကိုလျှောက်ရင်း အပျော်အပါး စွဲလမ်းလာသည်။ အပေါင်းအသင်းဲ့ရှုပြီး ဒုစရိုက်မှုနှင့် ယဉ်ပါးခဲ့သည်။

တစ်ကြိမ်တွင် မွေးစားဖခင်ကြီး၏ ဖောက်ထွင်းမှုကြီးမှာ သူ့အပေါ် အရိပ်မိုးလာသဖြင့် ပြည်နယ်ဘက်သို့ ထွက်ပြေးရင်း မလေလွင့်ခဲ့ရသည်။ သူ့ရုပ်၊ သူ့အသွင်ကို အမြဲပြုပြီး နာမည်ကို ပင် ပြည်နယ်သားဆန်ဆန် "လာဘ"ဟု ပြောင်းပစ်လိုက်သည်။

ရှမ်းပြည်နယ်တစ်ခွင်တွင် ပြိုပြစင်မျှ သူ့လှုပ်ရှားကျက်စားခဲ့သည်။ ထိုဒေသတွင် ဆယ်နှစ်ခန့်ကြာခဲ့ပြီး မွေးစားဖခင်ကြီး သေဆုံးသည့်သတင်းကြားမှ ပြည်မသို့ ပြန်လည်၍ ခြေချခဲ့သည်။

ရန်ကုန်သို့ ပြန်ရောက်သောအခါ လက်ကြောမတင်းချင်သော သူ့အား ဒုစရိုက်သမား ပေါင်းဟောင်းသင်းဟောင်းများက ခရီးဦးကြိုဆိုသည်။ သို့ဖြင့် မကောင်းမှုဒုစရိုက် လုပ်ငန်းများတွင် အစုအပေါင်းနှင့် ပါဝင်လုပ်ကိုင်ဖြစ်သွားသည်။

ဒုစရိုက်သမားဆိုသော်လည်း သူ့တစ်သက်သာတွင် အထူးရှောင်ကြဉ်ခဲ့သော ပြစ်မှုကြီးနှစ်မျိုးရှိသည်။

လူသတ်မှုနှင့် မုဒိမ်းမှု။

"အခုတော့ ကျုပ်အသက်ကြီးပြီ၊ ငါးဆယ်ကျော်ပြီ"

သူ့သဘောထားကို ရှင်းပြနေသည်။

"ရှင်းရှင်းပြောရရင် ကျုပ် ဆက်မမိုက်ချင်တော့ဘူး။ ထောင်လည်း အကြိမ်ကြိမ်ကျခဲ့ပြီ၊ ရဲဘက်မှာလည်း မှတ်တမ်းရှိနေပြီ။ ဘယ်နေရာ ဘာလေးမဖြစ်လိုက်နဲ့ ရဲတွေက ကျုပ်ဆီရောက်လာတော့တာပဲ။ ကျုပ် အသီးဘိုင်အပြေကောင်းလို့သာပေ့။ နို့မို့ဆို ကျုပ် ထောင်ကျမယ့်အကြိမ်ပေါင်း ငါးဆယ်ထက်နည်းမယ်မဟုတ်ဘူး"

သူက စကားကို ဆက်မပြောသေးဘဲ ဝီစကီပုလင်းကို သူ့ဘာသာသူယူကာ ဖန်ခွက်ထဲငှဲ့ထည့်ပြီး သောက်သည်။ ဘာမျှဝင်မပြောသာသော ကျွန်တော်က သူ့ကို အသာကြည့်နေဆဲမှာပင် သူ့စကား ပြန်ဆက်သည်။

"ဖြစ်ချင်တာက ငွေအလုံးအခဲ အစုအပုံရဖို့ပဲ။ တစ်သက်လုံး ရလာခဲ့တဲ့ ငွေတွေဟာ သဲထဲရေသွန်ပဲ။ လွယ်လွယ်ရတော့လည်း လွယ်လွယ်ကုန်သွားတာပေါ့လေ။ စုလို့လည်းမရဘူး။ အကြံအဖန်ဆက်လုပ်ဖို့ဆိုပြန်တော့လည်း မလွယ်ချင်တော့ဘူး"

ပြောနေရင်းမှ သူသည် ကျွန်တော့်ကို လှမ်းကြည့်ပြီး မေးလာသည်။

"ကျုပ် ဘာဖြစ်လို့ ငွေအလုံးအခဲလိုသလဲ၊ သိလားမောင်ရင်"

ကျွန်တော် ခေါင်းခါပြလိုက်ရသည်။

"ကျုပ်ရဲ့ အကောင်းဆုံးအရွယ်မှာ ရှမ်းပြည်နယ်ရောက်ခဲ့တယ်။ အဲဒီဒေသကို သိပ်သဘောကျတယ်။ သံယော



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်။ ရှိသားပွင့်လင်းတဲ့ တောင်ပေါ်ဒေသကို ကျုပ်ပေးဆပ်ရမယ့် ဘဝဝင့်ကြွေးကို ကျုပ် တာဝန်ကျေပေးဆပ်ချင်ပါတယ်။ ငွေအလုံးအခဲသာရရင် ရှမ်းပြည်နယ်ကိုပြန်၊ ခြံမြေတွေဝယ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဇောက်ချလုပ်ပစ်လိုက်မယ်။ ဒါကြောင့်လည်း အခုဆိုရင် ကျုပ် ဘယ်သူနဲ့မှ တွဲမလုပ်ဘဲ တစ်ကိုယ်တော် လှုပ်ရှားခဲ့တာပေါ့။

"ကျုပ်တစ်သက်တာ အတွေ့အကြုံနဲ့ ပြောရရင် အပေါင်းအသင်းများလေ မလုံခြုံလေပဲ။ ကောင်းရောင်းကောင်းဝယ်လုပ်ရင်တော့ အပေါင်းအသင်းများလေ ကောင်းလေပေါ့။ အခုဟာက မကောင်းမှုဒုစရိုက်လုပ်ငန်း။ စိတ်ကွယ်ရာမရှိဘူး။ တစ်ယောက်ကြောင့် မမိရင် အခြားတစ်ယောက်ကြောင့် မိတတ်တယ်။ ဒါကြောင့် ကျုပ်အပေါင်းအသင်းတွေကို အဆက်ဖြတ်လိုက်တယ်။

"အဲဒါတောင် ရဲတွေ၊ စုံထောက်တွေက ကျုပ်ကို မျက်ခြည်အပြတ်မခံကြဘူးလေ။ ဒီကြားထဲ အဆက်ဖြတ်ခဲ့တဲ့ ကျုပ်ပေါင်းဟောင်းသင်းဟောင်းတွေကလည်း ကျုပ်လှုပ်ရှားမှုကို စောင့်ကြည့်နေကြတယ်။ ဝေစုမပေးရင် ရဲကိုတိုင်ပေးမယ့်သဘောပေါ့"

"ရင်မောစရာကြီးပါလား ဦးလာဘရယ်"

"ဟုတ်တယ်၊ မှန်တယ်။ ခုမှတော့ ကျုပ်တစ်သက်လုံး ရင်မောခဲ့ရတာပါ။ ဒါကြောင့်လည်း ကျုပ်အငြိမ်းစားယူချင်ပြီလေ"

"ကျွန်တော်ကူညီနိုင်တာများ ရှိရင်…"

"မလိုပါဘူး၊ မလိုပါဘူး"

သူ့အသံ ဩဩကြီးမှာ တိုတောင်းပြတ်ထင်သွားသည်။

"ရှုး…တိုးတိုး ဦးလာဘ"

ကျွန်တော်က ဘေးအခန်းများကို သတိရလိုက်သဖြင့် သူ့ကို သတိပေးလိုက်ရသည်။

"အိုး…ဟုတ်သားပဲ၊ ကျုပ်သတိလစ်သွားတယ်"

သူ့အသံမှာ အတော်ကြီးပင် တိုးဝင်သွားပါသည်။

"ကျုပ်လိုသလောက်ငွေ အခုရလာပြီ မောင်ရင်ရဲ့"

"ဗျာ"

"သိပ်အံ့ဩသွားသလား"

ကျွန်တော် ခေါင်းညိတ်ပြမိသည်။

"အင်း…နောက်ပြီး ကျုပ်အငြိမ်းခံရဖို့လည်း သေချာပြီ"

"ဟင်…ဒါအမှန်ပဲလား"

"ဟုတ်တယ်။ ဒီတစ်ကြိမ် ကျုပ်ဖောက်တာက အိမ်မဟုတ်ဘူး။ ပွဲရုံကငွေထားတဲ့ မီးခံသေတ္တာ။ နောက်ပြီး လက်အိတ်နဲ့ဖောက်တာ မဟုတ်တော့ လက်ဗွေရာတွေ ကျန်ခဲ့လိမ့်မယ်"

"ဒီလိုဆိုလည်း ခင်ဗျားရှောင်နေပါတော့လားဗျာ။ ရနိုင်ဘက်ကိုပဲဖြစ်ဖြစ်၊ ထားဝယ်ဘက်ကိုပဲ ဖြစ်ဖြစ်ပေါ့"

ကျွန်တော်က စိုးရိမ်စိတ်ဖြင့် အကြံပေးကြည့်သည်။

သူက ခေါင်းခါပြသည်။

"မဖြစ်ပါဘူး မောင်ရင်။ ရှောင်လို့မလွတ်တော့ဘူးဆိုတာ ကျုပ်ကိုယ်ကျုပ်သိနေတယ်။ ကျုပ်ကိုယ်တိုင်ကလည်း အဖမ်းခံချင်နေတာ"

"ဗျာ…ခင်ဗျားပြောတာတွေ ကျွန်တော် ဘာမှနားမလည်တော့ဘူး ဦးလာဘ"

"ဒီလိုလေ။ ပြစ်မှုကျူးလွန်လာတဲ့ ဒုစရိုက်သမားအဖို့ မသေခင် အလုံခြုံဆုံး နေရာဟာ အကျဉ်းထောင်ပဲ မဟုတ်လား မောင်ရင်ရဲ့"

သူက လက်ထဲတွင်အသင့်ရှိနေသော ဖင်ခွက်ထဲမှအရက်ကို ကျိုက်ချလိုက်ပြီးမှ ဆက်ပြောသည်။

"အခု ကျုပ်လိုချင်တဲ့ငွေ ရပြီ။ ထောင်ကျခံပြီးရင် ကျုပ် ရှမ်းပြည်နယ်တက်ပြီး အလုပ်လုပ်ဖို့ပဲလိုတော့တယ်"

သူ့စိမ်ချက်ကို ကျွန်တော်သဘောပေါက်သွားသည်။ ထို့ကြောင့် ဘာမျှမမေးတော့ဘဲ ငြိမ်နေလိုက်သည်။

"မောင်ရင့်ကို ကျုပ်အသိပေးခဲ့ရဦးမယ်။ ကျုပ်မှာ သမီးလေးတစ်ယောက် ရှမ်းပြည်နယ်မှာ ရှိသေးတယ်။ ကျုပ်မိန်းမကတော့ သေသွားခဲ့ပါပြီ။ အဲ…သမီးလေးကတော့ ခုလောက်ဆိုအင်း…ဆယ့်ရှစ်၊ ဆယ့်ကိုး၊ အဲ…နှစ်ဆယ်။ ဟုတ်တယ်၊ နှစ်ဆယ်လောက်ရှိပြီထင်ရဲ့။ ကျုပ်သမီးကို ကျုပ်ယောက္ခမအထီးကြီးက မွေးထားတယ်"

သူ့စကားကို စိတ်ဝင်စားမိသော်လည်း မရေရာသော စကားလုံးများကြောင့် ကျွန်တော် ပြုံးမိသည်။

"မရယ်နဲ့ မောင်ရင်ရေ။ ကျုပ်က လူဆိုးဆိုတော့ ကျုပ်ယောက္ခမက သူ့



www.burmeseclassic.com

www.burmeseclassic.com

မြေးလေးနဲ့ မပတ်သက်စေချင်ဘူးတဲ့လေ။ အင်း…ဒါဟာလည်း ခပ်ကောင်းကောင်းပဲ။ ကျုပ်သမီးဟာ သူ့မှာ အဖေရှိမှန်းတောင် သိရှာမယ်မထင်ဘူး။ ဒါပေမယ့် ခက်နေတာက ကျုပ်ပဲ။ အသက်ပဲကြီးလာလို့လား မပြောတတ်ဘူး။ ကျုပ်သမီးလေးနဲ့ အတူနေချင်လာတယ်။ လူကောင်းဖြစ်ချင်ပြီပေါ့လေ"

သူ့အသွင်ရော အသံပါ စောစောကနှင့် မတူတော့ပါ။ အေးဆေး၍ တည်ငြိမ်လာသည်။

"ကဲ…ဦးလာဘ၊ ကျွန်တော်ဘာကူညီရမလဲ။ ဆိုပါတော့ဗျာ။ ခင်ဗျားထောင်ထဲရောက်နေတုန်းမှာ…"

"အ…အား"

သူက လက်ဝါးဖြန့်ကာ၍ ကျွန်တော့်စကားကို တားသည်။

"ကျုပ်လည်း ဒါပဲပြောမလို့။ တကယ်လို့များ ကျုပ်ထောင်ကျသွားရင် ကျုပ်ကို မောင်ရင် လာမတွေ့ဖို့ပဲ"

"ဘယ်လိုဗျ ဦးလာဘ"

"မောင်ရင်နဲ့ ကျုပ် အဆက်အသွယ်ရှိတာကို အများမသိစေချင်လို့ပေါ့။ ရှင်းပြီလား။ ဒါကြောင့် အမှုစစ်ဖို့ ရုံးထုတ်လာရင်တောင် မောင်ရင်လာမတွေ့ပါနဲ့နော်။ ကျုပ်မေတ္တာရပ်ခံပါတယ်"

သူက အလေးအနက် ပြောနေသည်။

"ဦးလာဘ စောစောကပြောတဲ့ ကျွန်တော့်ကိုပေးထားချင်တယ်ဆိုတာ ငွေတော့မဟုတ်ပါဘူးနော်"

ကျွန်တော်က သတိပေးရင်း မေးလိုက်ရသည်။

"ရှင်းရှင်းပြောရရင် ငွေတွေရော၊ တခြားအရေးကြီးတဲ့ ပစ္စည်းတစ်ခုကိုပါ ပေးထားခဲ့ချင်တာ"

ဦးလာဘသည် ပြောပြောဆိုဆို သူ့လွယ်အိတ်ထဲကို နှိုက်လိုက်သည်။ ပါလာသော အရာမှာ ကိုယ်တိုက်ဆပ်ပြာမွှေးထည့်၍ရသော အရွယ်ရှိသည့် သံဘူးလေးဖြစ်ပါသည်။ ထို့ပြင် မျက်မှန်အိတ်တစ်ခုကိုလည်း ဆွဲထုတ်လိုက်ပါသေးသည်။ တကယ့် မျက်မှန်အိတ်တော့မဟုတ်ပါ။ သော့ချောင်းလေးများ တွဲချိတ်ထားသော သားရေအိတ်သာ ဖြစ်ပါသည်။

"ခင်ဗျားဟာက သော့တွေရော၊ ဆေးတံခြစ်တဲ့ သံချောင်းတွေရောပါလားဗျာ"

ကျွန်တော့်စကားကြောင့် သူ့မျက်နှာပေါ်တွင် အပြုံးလဲ့လဲ့ ဝေ့သီသွားသည်။ သူက မီးခံသေတ္တာဖွင့်ပုံဖွင့်နည်းများကို ပြောပြ၍ ဇိရိယာလေးများ အသုံးပြုပုံပြုနည်းကိုလည်း သဘောပေါက်အောင် ရှင်းလင်းပြသပါသည်။

ကျွန်တော်က သူ့သော့တွဲကိရိယာစုကို စိတ်ဝင်စားသဖြင့် ကိုင်တွယ်ကြည့်မိပါသည်။ အရွယ်စုံ၊ ဆိုဒ်စုံ၊ အတိုအရှည်မညီသော သော့တံခုနစ်ချောင်းရှိသည်။

"ဒီသော့တွေကတော့ ဘယ်သေတ္တာကိုမဆို ဖွင့်လို့ရတာချည်းပဲ။ မရမရှိဘူး။ နောင် ကြုံကြိုက်တဲ့အခါ မောင်ရင် လက်တွေ့စမ်းသပ်ကြည့်ပေါ့။ ဘယ်လောက် အသုံးဝင်၊ အသုံးတည့်တယ်ဆိုတာ သိလိမ့်မယ်"

"ထားပါတော့၊ ခု ဦးလာဘက ဒါတွေ ဘာလို့ ကျွန်တော့်ကို လာပေးနေရတာလဲ။ အမွေဆက်ခံစေချင်လို့လား"

"မဟုတ်တာ မောင်ရယ်။ မောင်ရင့်ဆီမှာဆိုတော့ ပိုပြီးလုံခြုံစိတ်ချရမှာမို့ပါ"

"ဒါကတော့ ခင်ဗျားအထင်ကိုး။ တကယ်လို့များ အကြောင်းကြောင်းကြောင့် ရဲဘက်က အနံ့ရသွားလို့ ငွေရော ပစ္စည်းတွေပါ ကျွန်တော့်လက်ထဲမှာ တွေ့သွားရင်တော့ ကွိခန်းပဲဗျို့"

"မဖြစ်နိုင်တာ မောင်ရင်ရယ်။ ဒါအတွက် တွေးပူမနေစမ်းပါနဲ့။ ကျုပ်အတတ်နိုင်ဆုံး အကာအကွယ် လုပ်ထားပါတယ်။ နောက်ပြီး မောင်ရင့်အနေနဲ့ ကျုပ်ကို အဆက်ဖြတ်ထားစေချင်တာကလည်း အဲဒါကြောင့်ပဲ။ အို…မောင်ရင်ထင်သလို ဖြစ်ကိုမဖြစ်စေရပါဘူး။ စိတ်ချ၊ စိတ်ချ"

"ကဲ…ဒါဆိုလည်း ကျွန်တော် ဘာလုပ်ပေးရမလဲပြော ဦးလာဘ"

"ကျုပ် မောင်ရင့်ကို ငွေအပါအဝင် ဒီပစ္စည်းကိုပါ အပ်ခဲ့မယ်။ မောင်ရင်က မိုးကုတ်သူဌေးသားဆိုတော့ သုံးနိုင်ဖြုန်းနိုင်တယ်။ ဘယ်သူမှလည်း သံသယရှိမှာမဟုတ်ဘူး"

"ဒါကတော့ ဦးလာဘအထင်ကိုးဗျ။ နာမည်ကြီး ထမင်းဝတ် အမြဲတမ်း ဘိုင်ကျနေတတ်တာ ဦးလာဘလည်း သိသားနဲ့ဗျာ"

"အဲဒါကတော့…ကျုပ်တို့ အတွင်းကျကျလူတွေလောက်သာ သိ



www.burmeseclassic.com

ထားတာပါ။ အများအမြင်ကတော့ မိုးကုတ်ကျောက်တွင်း သူဌေးသား ကိုသက်ထွန်းဟာ ငွေကို ရေလိုသုံးနေတယ်လို့ သိထားကြတယ်လေ”

သူ့စကားကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။

“ကဲပါ မောင်ရင်ရာ။ ဘာမှပြောမနေနဲ့။ ကျုပ်ပြောတာသာ နားထောင်”

သူက မျက်နှာတည်မျက်နှာထားဖြင့် ဆက်ပြောသည်။

“ကျုပ် ထောင်ကထွက်လာရင် မောင်ရင့်ဆီ လာမှာနော်”

“လာပေါ့ဗျာ၊ လာရမှာပေါ့။ အဲဒီအခါကျတော့ ဦးလာဘပစ္စည်းနဲ့ ငွေတွေလည်း ရရမှာပေါ့။ ကျွန်တော် ကတိပေးပါတယ်”

“ဒီနေရာမှာလည်း ကျုပ်ပြောချင်တာ ရှိပြန်သေးတယ်။ ဟဲဟဲ···”

“ဘာကိုလဲဗျာ ဦးလာဘ”

“မပြေးသော် ကန်ရာရှိ ဆိုသလိုပေါ့။ ရန်သူမျိုးငါးပါးနဲ့တွေ့ရင် ဘယ်သူခံနိုင်မလဲ မောင်ရင်။ ဒါကြောင့် ဒီကိရိယာတွေကို ကျုပ်လွှင့်မပစ်ခဲ့တာပေါ့။ တကယ်လို့အပ်လာပြီဆိုရင် လုပ်စားလို လုပ်စားဖြားသဘောနဲ့ ချန်ထားချင်တာ မောင်ရင်ရဲ့။ ကဲပါလေ ဟောဒီမှာ”

သူက ပြောပြောဆိုဆို လွယ်အိတ်ထဲက စက္ကူထုပ်တစ်ထုပ်ကို ဆွဲထုတ်လိုက်သည်။ အညိုရောင်စက္ကူကို ဖြေလိုက်သောအခါ ရာတန် ငွေစက္ကူတစ်ထပ်ကြီးကို တွေ့ရသည်။ လုံးချင်းဝတ္ထုစာအုပ်ထုထု နှစ်အုပ်လောက်ရှိသည်။ သို့သော် အသစ်စက်စက်များ မဟုတ်။ ခပ်လတ်လတ်ထဲက ဖြစ်သည်။

“ငွေက ဘယ်လောက်ရှိလို့လဲဗျ”

“သိန်းတော့ ကျော်မှာပေါ့။ အစွန်းထွက်ကတော့ ကျုပ်ယူထားလိုက်တယ်။ အထဲမရောက်ခင် နည်းနည်းပါးပါး သုံးလိုက်ဦးမယ်။ ဟောဒီဘူးကတော့ စိန်ထည်တွေ ထည့်ထားတဲ့ဘူးပဲ”

သူက ငွေနှစ်ထုပ်ကို ကျွန်တော့်ဆီ လှမ်းပေးရင်း ဆက်ပြောသည်။

“မောင်ရင်လည်းသုံးနော်။ အနည်းဆုံး တစ်ဝက်လောက်ကျန်ရင် တော်ပြီ”

“မဟုတ်တာဗျာ”

“ဟုတ်ကိုဟုတ်တယ် မောင်ရင်၊ ဘာဖြစ်လို့လဲသိလား”

ကျွန်တော်က ခေါင်းခါပြလိုက်သည်။

“ကျုပ်လေ···မောင်ရင်တိုက်တဲ့ အရက်ကိုသောက်ပြီး မူးခဲ့ပေါင်းများပါပြီ။ မောင်ရင့်မှာ အပေါင်းအသင်းကလည်းများ။ ဝါသနာကလည်းစုံတော့ ငွေဟာ လောက်တယ်လို့မှမရှိတာ။ အခုတော့ အဆင်ပြေပြီပေါ့”

“ကျွန်တော်က ကိုယ့်အမေ ငွေကိုသာ ဖြုန်းတာပါဗျာ။ အမေတစ်ခု သားတစ်ခု မဟုတ်လား”

“အခုတော့ ကျုပ်ငွေကိုပါ သုံးစမ်းပါ မောင်ရင်ရာ။ မသုံးမှာတောင် ပူမိတယ်။ ဘယ့်နှယ်···ငွေထုပ်ပိုက်ပြီး ဘိုင်ကျသလိုနေရတာဟာ လိပ်ပြာမသန့်ချင်စရာကြီးပါ။ ကဲပါ··သိမ်းထားလိုက်စမ်းပါ မောင်ရင်ရာ၊ မြန်မြန်လုပ်”

ကျွန်တော်က ငွေနှစ်ထုပ်ကို ခေါင်းအုံးအောက်သို့ ဖြန့်ထည့်အပြီး လှည့်အကြည့်တွင် ဦးလာဘ ထိုင်ရာမှ ထလိုက်သည်ကို တွေ့ရသည်။

“ကျုပ်သွားတော့မယ် မောင်ရင်”

သူက လက်ကမ်းသဖြင့် ကျွန်တော်ကလည်း လက်ကို ကမ်းပေးလိုက်ရသည်။ သူ၏ ဆုပ်ကိုင်မှုမှာ တင်းကျပ်လှသဖြင့် မျက်နှာကို မော့ကြည့်လိုက်ရာ သူ၏ တည်တည်ငြိမ်ငြိမ်အကြည့်ကို တွေ့လိုက်ရ၏။

“ဦးလာဘ ကံကောင်းပါစေဗျာ”

သူက ဘာမှမပြော။ အေးဆေး လေးပင်သော ခြေလှမ်းများဖြင့် အခန်းတံခါးဖွင့်ကာ ထွက်သွားပါတော့သည်။

ဘာကြောင့်ရယ်မသိ။ အားနည်းလှသော မီးပွင့်အောက်တွင် သူ့ကျောပြင်ကြီးကို ကြည့်ကျန်ရစ်ရသော ကျွန်တော့်ရင်ထဲတွင် တစ်မျိုးကြီးခံစားလိုက်ရ၏။

ကျွန်တော်တို့နှစ်ယောက် ထိုသို့တွေ့ခဲ့ရခြင်းသည် နောက်ဆုံးအကြိမ်ဖြစ်ကြောင်း အချိန်လွန်မှ သိခဲ့ရသည်။ ထို့ကြောင့်လည်း အိပ်မက်ဆန်သော တွေ့ဆုံခြင်းဟု ကျွန်တော် မှတ်တမ်းတင်ထားရခြင်း ဖြစ်ပါသည်။

× × ×

(နှစ်)

နောက်တစ်နေ့မှာ စနေနေ့ဖြစ်သည်။ စနေလို နေ့မျိုးသည် ကျောင်းချိန်အပြည့်တက်ရန် မလိုပါ။ ကျူတိုရီရယ်ဟုခေါ်သော စာမေးပွဲမှတ်တမ်းကလေးကိုသာ ရေးတင်ကြရပါသည်။ ကျွန်တော် သွားဖြေချင်စိတ် မရှိလှပါ

www.burmeseclassic.com

ကျွန်တော့်မှာ ယမန်နေ့ညက မိုးလင်းခါနီးမှ အိပ်ပျော်ခဲ့သဖြင့် ယနေ့နံနက်တွင် အိပ်ရာထ နောက်ကျခဲ့ရသည်။ ထို့ပြင် ညကကိစ္စကိုလည်း စိတ်စောနေပြန်သဖြင့် အိပ်ရာထသည်နှင့် မျက်နှာသစ်၊ အဝတ်အစားလဲ၍ လက်ဖက်ရည်ဆိုင် သွားထိုင်ပြီး နေ့စဉ်ထုတ်သတင်းစာကို အလောတကြီး ဖတ်ဖြစ်ခဲ့သည်။ ဂရုတစိုက် ရှာဖွေဖတ်ခဲ့သော်လည်း ဦးလာဘနှင့် ပတ်သက်သော သတင်းတစ်စွန်းတစ်စမျှပင် မတွေ့ခဲ့ရပါ။ ဝမ်းသာသလိုပင် ဖြစ်ရပါသေးသည်။

ကျောင်းအဆောင်အခန်းသို့ ပြန်ခဲ့သည်။ အိပ်ရာပေါ် ကျောခင်းလိုက်သော်လည်း အိပ်၍ကား မပျော်ပါ။

ကျွန်တော် ရန်ကုန်တက္ကသိုလ် ရောက်လာသည်မှာ ခုနစ်နှစ်ရှိပါတော့မည်။ ယခုမှ ဘီအက်စ်စီ စီနီယာဟု ခေါ်သော သိပ္ပံအထက်တန်းနောက်ဆုံးနှစ်သို့ ရောက်ပါသေးသည်။ သာမန်အားဖြင့် တစ်နှစ်တစ်တန်း တက်ရသော အတန်းမျိုးကို ကျွန်တော်က နှစ်နှစ်တစ်တန်းနှုန်းဖြင့် တက်နေသလိုဖြစ်နေသည်။ စာမေးပွဲအောင်၍ သိပ္ပံဘွဲ့လေး ရလိုက်သည်မှလွဲလျှင် ကျွန်တော့်ဘဝအတွက် ဘာမျှထူးခြားလာစရာ အကြောင်း မရှိပါ။ ထို့ပြင် ဤပညာဖြင့် လုပ်ကိုင်စားသောက်စရာလည်း လိုမည် မဟုတ်ပါ။

ဆိုလိုသည်မှာ သုံးမကုန် ဖြုန်းမကုန် အလုံးစုံ ပြည့်စုံနေသော ကျွန်တော့်လိုလူမျိုးအတွက် မိုးကုတ်မြို့သည် နယ်ကျဉ်းလွန်းလှသည်။ ဒါ့အပြင် ကျွန်တော့်မိဘများ၏ ရေးရိုးအစဉ်အလာစွဲများကြောင့် စိတ်ကြိုက် ပျော်ပါးလွတ်လပ်ချင်သော ကျွန်တော့်ဆန္ဒကို ချုပ်တည်းထားရသလို ဖြစ်နေသည်။ ကျွန်တော့်ဖခင် ဦးထွန်းလှိုင်မှာ ကျွန်တော် ခုနစ်တန်းအောင်သောနှစ်၊ ကျွန်တော် လူပျိုပေါက်အရွယ်တွင် မြေတွင်းပိ၍ သေဆုံးသွားခဲ့သည်။

ဤသည်မှာလည်း ထူးဆန်းသမှု ပြု၍ ပြောစရာဖြစ်နေပါသည်။ အဖေ့လို ကျောက်တွင်းသူဌေးက ဘာကြောင့် တွင်းထဲဆင်းရသနည်း။ မိုးကုတ်ကျောက်တွင်းလောက၏ ထုံးစံမှာ ကျင်းထောင်၊ ကျင်းဦးစီး၊ ကျင်းလုပ်သားဟူ၍ သုံးမျိုးသာ ရှိသည်။ အဖေက ကျင်းထောင်ဖြစ်သည်။ ကျင်းပိုင်ရှင်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျောက်တွင်းသူဌေးဖြစ်သည်။

ကျင်းဦးစီးဆိုသူမှာ ကျင်းလုပ်သားတစ်ဦးပင် ဖြစ်သည်။ သူက ကျောက်တူးသက်ရင့်ပြီး ကျွမ်းကျင်သည့်သူဖြစ်သည်။ ကျောက်လောကတွင် သူ့ကို မော်ကြာဟု ခေါ်ကြသည်။

ကျင်းလုပ်သားဆိုသည်မှာ ကျင်းတူးသမားသက်သက် ဖြစ်သည်။

အဖေက ကျင်းဦးစီးနှင့် ကျင်းလုပ်သားများကို ငှားထားသည်။ သူတို့အတွက် စားဝတ်နေရေး၊ ရိက္ခာနှင့် ကျင်းတူးရန်အတွက် ပစ္စည်းကိရိယာတန်ဆာပလာတို့ကို တာဝန်ယူရသည်။

ပစ္စည်းရသည့်အခါ တန်ဖိုး၏ တစ်ဝက်ကို အဖေက ယူသည်။ ကျန်တစ်ဝက်ကို ကျင်းဦးစီးနှင့် လုပ်သားတို့က ခွဲယူကြသည်။ ဤနေရာတွင် အဖေ့လိုကျင်းထောင်က ကျင်းဦးစီးကို သဘောတွေ့ ကျေနပ်သည်ဆိုလျှင် အဖေ့ဝေစုထဲမှ သပ်သပ်ခွဲပေးတတ်သေးသည်။

ရိုးသားသော၊ ကြိုးစားသော၊ ကျွမ်းကျင်လိမ္မာပါးနပ်သည့် အကျဉ်းဦးစီးမျိုးကို ကျင်းထောင်တိုင်းက သဘောကျကြသည်၊ အလိုရှိကြသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ လူအများက အဖေ့အပေါ် ယိုးစွပ်ကြသည်။ အဖေ့အား လောဘအိုးဟု ပြောဆိုကြခြင်းပင် ဖြစ်သည်။

တွင်းထဲသို့ အဖေကိုယ်တိုင် ဆင်းစရာမလို။ သို့သော် သူလူများကို စိတ်မချနိုင်သည်ကတစ်ကြောင်း၊ အဖိုးတန်ကျောက်ကောင်းကို တွေ့ထားပြီဟု ယုံကြည်နေသည်ကတစ်ကြောင်းတို့ကြောင့် အဖေကိုယ်တိုင် တွင်းထဲဆင်းခဲ့ခြင်း ဖြစ်နိုင်သည်။ ယခုတော့ သူ့လောဘက သူ့ကိုသတ်သွားချေလေပြီဟု ဆိုရမလို ဖြစ်ခဲ့သည်။

ကျွန်တော့်အမေ ဒေါ်အေးသက်မှာမူ နာမည်နှင့်လိုက်အောင် အေးဆေးပါ၏။ ဘုရားတရားကိုင်းရှိုင်းသူဖြစ်၍ တရားသဘောကို ရှုမြင်တတ်သူလည်း ဖြစ်သည်။ ခင်ပွန်းသည် သေဆုံးရ သော ထိုကျောက်တွင်းကိုလည်း မမြင်ချင် မကြည့်ချင်၊ မပိုင်ချင်တော့ဟု ဆို ရောင်းပစ်လိုက်သည်။ ဤသို့ဖြင့် ကျွန်တော်တို့တွင် ကျောက်တွင်းသုံးတွင်း အနက်မှ နှစ်တွင်းသာ ကျန်တော့သည်။

ဤတွင် ကျွန်တော့်အဖို့



www.burmeseclassic.com

အရေးတစ်ခု ဖြစ်လာသည်။ အမေသည် တစ်ဦးတည်းသောသား ကျွန်တော့်ကို စာကြိုးစားခိုင်းသည်။ ဆယ်တန်းအောင် လျှင် ရန်ကုန်တက္ကသိုလ် ပို့မည်ဟူ၍ လည်း ဆိုသေးသည်။

ထို့ကြောင့် ကျွန်တော် စာကြိုး စားခဲ့သည်။ ကြိုးစားသမှ အထူးကြိုးစား ခြင်းဖြစ်သည်။ အမေကလည်း အထူး အားပေးစောင့်ရှောက်သည်။

ထိုစဉ်က ပညာရေးစနစ်မှာ အထက်တန်းဟုဆိုသော ရှစ်တန်း ကျောင်းသားသည် ကိုးတန်းအောင်စရာ မလိုဘဲ ဆယ်တန်းဟုခေါ်သော မက် ထရစ်စာမေးပွဲကို ဆန္ဒရှိလျှင် ဝင်ဖြေ နိုင်ခွင့်ရှိသည်။

ကျွန်တော် မည်မျှကြိုးစားလိုက် သနည်းဆိုလျှင် တစ်နှစ်တည်းနှင့် မက် ထရစ်စာမေးပွဲကို အောင်ခဲ့ခြင်းပင် ဖြစ် သည်။ ထိုနှစ်က ဤသို့အောင်သူများထဲ တွင် မိုးကုတ်မြို့မှ ကျွန်တော်တစ် ယောက်တည်းသာ ရှိခဲ့သည်။

ဤသို့ဖြင့် အမေ့ကတိ၊ ကျွန် တော့်ဆန္ဒအတိုင်း ရန်ကုန်တက္ကသိုလ်သို့ ကျွန်တော်ရောက်လာရသည်။

ထိုစဉ်က ဆယ်တန်းအောင်သူ များသည် မိမိဝါသနာပါရာ ဆန္ဒရှိသလို ဘာသာရပ်ကို သင်ယူဆည်းပူးခွင့်ရှိသည်။ ဆရာဝန်၊ အင်ဂျင်နီယာ စသည့်ဖြင့် အသအာမခံချက်ကောင်းသော ပညာကို သင်ယူလိုက သင်ယူနိုင်သည်။ သို့ သော် ငွေကုန်ကြေးကျများမည်။ အထူး ကြိုးစားရသည်။ စာသင်နှစ်လည်း ရှည် သည်။ အမေကမူ ကျွန်တော့်ကို ဘူမိ ဗေဒဘာသာရပ်ကိုသာ ယူစေခဲ့သည်။

ယင်းဘာသာရပ်သည် ဆရာဝန်၊ အင် ဂျင်နီယာတို့လောက် မခက်သော်လည်း ဝိဇ္ဇာပညာရပ်များထက်တော့ ခက်ပါ သည်။ ပထဝီဝင်ဘာသာရပ်နှင့် နွယ်ပြီး လက်တွေ့သင်ခန်းစာတွေက များပြား လွန်းသည်။

အမေက သူ့ရည်ရွယ်ချက်နှင့်သူ ဖြစ်သော်လည်း ရန်ကုန်တက္ကသိုလ် တက်ခွင့်ရခြင်းဖြင့် ကျေနပ်နေသော ကျွန်တော်ကလည်း ကျွန်တော့်ရည်ရွယ် ချက်ဖြင့်ကျွန်တော် စာဒကမတက်ဘဲ ဘူမိဗေဒဘာသာရပ်ကို ယူလိုက်သည်။

ယင်းဘာသာရပ်သည် အလွန် ခက်ပါသည်။ သင်ယူသူ ကျောင်းသား များလည်း နည်းပါသည်။ ကျောင်းကို အပျော်သဘော လာတက်သော ကျွန် တော့်အဖို့ ပိုဆိုးပါတော့သည်။ ထို့ ကြောင့်လည်း နှစ်နှစ်မှ တစ်တန်း အောင်နေခြင်းလည်း ဖြစ်ပါမည်။

ကျွန်တော်ကလည်း ကျွန်တော် ပင်ဖြစ်သည်။

ရန်ကုန်သည် မိုးကုတ်မြို့နှင့် မတူ ပါ။ ငွေကြေးသာ တတ်နိုင်လျှင် ဘာ မဆို ရနိုင်သည်။ တရားဥပဒေနှင့်သာ မဆန့်ကျင်လျှင် ဘာမဆို လုပ်နိုင်ခွင့်ရှိ သည်။ မိမိလုပ်သမျှကို ခံစားနိုင်လောက် အောင် ကျွန်တော့်မှာ ငွေကြေးကိစ္စက အဆင်ပြေနေသည်။

ဤနေရာ၌ ကျွန်တော့်ဘဝတွင် အလွန်အရေးပါသော ပုဂ္ဂိုလ်တစ်ဦး အကြောင်းကို ပြောပြပါဦးမည်။

ထိုပုဂ္ဂိုလ်၏အမည်မှာ ဦးဘသာ ဖြစ်သည်။ အသက်ငါးဆယ်ခန့်ရှိသော လူကြီးလူကောင်းတစ်ဦးလည်း ဖြစ် သည်။ မဂိုလမ်း(ရွှေဘုံသာလမ်း)တွင် ရွှေဆိုင်ကြီးရှိသည်။ သူ့အိမ်မှာ ဝင်ဒါ မီယာ ဆိတ်ငြိမ်ရပ်ကွက်တွင် ရှိသည်။ ကျွန်တော့်ဖခင် အသက်ရှင်စဉ်ကတည်း က ဦးဘသာအိမ်သည် ကျွန်တော့်မိဘ များ၏ စားအိမ်၊ သောက်အိမ်၊ တည်းခို အိမ်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျွန် တော့်မိဘများ၏ အစ်ကိုကြီးအရင်းလို အားကိုးရသူလည်း ဖြစ်သည်။

အဖေ့ကျောက်တွင်းက ထွက် သမျှ ကျောက်နှင့် ပတ္တမြားတို့ကို ဦးဘသာကသာလျှင် ထုခွဲရောင်းချပေး ခဲ့သည်။ ဈေးကောင်းရသည်သာမက ငွေကြေးကိစ္စတွင်လည်း အလွန်စိတ်ချ ရသည်။

ဦးဘသာတွင် ဘုရားတရားကိုင်း ရှိုင်းသော ဇနီးကြီး ဒေါ်မြမြမှတစ်ပါး သားသမီးလည်းမထွန်းကားခဲ့ပါ။ မွေးစား သမီးမှာလည်း မြန်မာစစ်သံမှူးတစ်ဦး နှင့် အိမ်ထောင်ကျသဖြင့် ပြင်သစ်နိုင်ငံ သို့ ရောက်နေသည်။

ဦးဘသာက ကျွန်တော့်ကိုလည်း သူ့သားထွေးလေး တစ်ယောက်လို သဘောထားပြီး ကူညီစောင့်ရှောက် ဆုံးမတတ်ပါသည်။ အမေသည် ရန်ကုန် တက္ကသိုလ်ရှိ ကျွန်တော့်အား လူကြုံနှင့် ငွေပို့နောက်ကျတတ်သည့် အခါမျိုး၊ ကျွန်တော့်တွင် အရေးတကြီး လိုသည် မျိုးနှင့် ကြုံလျှင် ဦးဘသာထံတွင် လို သလောက် ငွေကြေးယူနိုင်ခွင့်ရှိသည်။

ကျွန်တော်က ဦးဘသာထံ သိပ် မသွားလိုလှပါ။ ဦးဘသာက ကျွန်တော် တောင်းသမျှငွေကို မတွန့်မတို ချောချော ချူချူကား ပေးပါ၏။ သို့ရာတွင် ငွေများ

www.burmeseclassic.com

သည့်အခါတိုင်း ဆုံးမစကား ရှည်ရှည်လျားလျား ပြောတတ်ခြင်းကမူ ကျွန်တော့်စိတ်ကိုကျဉ်းကျပ်စေလေ့ရှိပါသည်။

“အေးကွယ်…ငွေသုံးတာလည်း သုံးတာပေါ့။ စာကိုတော့ ကြိုးစားကွယ့် မောင်သက်ထွန်းရဲ့။ အခု မောင်သက်ထွန်းသုံးတဲ့ငွေဟာ သာမန်ကျောင်းသားတစ်ယောက် သုံးငွေထက် လေးငါးဆလောက် ရှိနေတယ်။ ငွေကြေးကတော့ အကြောင်းမဟုတ်ပါဘူး။ စာမေးပွဲအောင်ဖို့က အရေးကြီးတယ်။ မင်းအမေကများဆိုရင် မင်းသာ သိပ္ပံဘွဲ့ရပြီး နိုင်ငံခြားကိုတောင် ပညာဆက်သင်ဖို့ လွှတ်ချင်သေးတယ်တဲ့။ ဘယ့်နှယ်လဲ မင်းကော မသွားချင်ဘူးလား”

ဤအခါမျိုး၌ ကိုယ့်အကြောင်းကိုယ်သာသိသော ကျွန်တော်က ဘာမျှပြန်မပြောဘဲ ပြုံးနေလိုက်ရပါသည်။

“မင်း သိပ်ကံကောင်းတယ်နော် မောင်သက်ထွန်း။ အမေတစ်ခု၊ သားတစ်ခု၊ ညီအစ်ကိုမောင်နှမတွေလည်း မရှိတော့ မင်းလိမ္မာရင် မင်းအတွက်ချည်းပဲ။ တစ်နေ့ကျရင် မင်းအမေလုပ်ငန်းကို မင်းပဲ ဦးစီးရမှာ။ သိပ္ပံပညာတွေကလည်း သိပ်ထွန်းကားနေတာ။ ပညာတတ်တစ်ယောက်အနေနဲ့ မင်းသာဝင်လုပ်ရင် ခုထက် အများကြီး အကျိုးဖြစ်ထွန်းမှာ သေချာတယ်”

ဤအခါမျိုးတွင် ကျွန်တော် ဘာမျှမပြောတတ်အောင် ဖြစ်ခဲ့ရပြန်သည်။

“ပြင်သစ်ရောက်နေတဲ့ ဦးသမီးဆီက စာလာတယ်။ အဲဒီထဲမှာ ဘာရေးထားသလဲဆိုတော့ မင်းတို့ မိုးကုတ်ကကျောက်တွင်းသူဌေး ဦးပေါ်လာက သူ့သားကို ပြင်သစ်လွှတ်ပြီး မြန်မာ့ကျောက်မျက်ရတနာဆိုင် ဖွင့်စေခဲ့တာ သိပ်အလုပ်ဖြစ်ထွန်းနေတယ်လို့ ပါတယ်ကွ”

ဘာပြန်ပြောရမှန်း မသိသော ကျွန်တော်က ခေါင်းကိုသာ ကုတ်နေလိုက်ရသည်။

“ဒီအကြောင်းကို မင်းအမေ မအေးသိတော့ မင်းဘွဲ့ရရင် ဆက်ပြီး ပညာသင်၊ နောက်ပြီး ဟောင်ကောင်မှာဖြစ်ဖြစ်၊ စင်္ကာပူမှာဖြစ်ဖြစ် ရတနာဆိုင်ဖွင့်ပေးချင်သတဲ့။ ကဲ…ဘယ်လိုလဲ”

မဖြေတတ်သော ကျွန်တော်က စိတ်ဝင်စားဟန်သာပြပြီး ရင်ထဲကမူ ရယ်ချင်နေခဲ့ပါသည်။

ဤသို့လျှင် ကျွန်တော် ငွေသွားယူသည့်အခါတိုင်း ဦးဘသာသည် တစ်မျိုးမဟုတ် တစ်မျိုးမျိုးဖြင့် ဆုံးမအကြံပေးစကား ပြောတတ်လေ့ရှိပါသည်။

ကျွန်တော်ကလည်း ကျွန်တော်ပင်။ အသိခေါက်ခက် အဝင်နက်သည့် လူစားမျိုးတွင် ကျွန်တော်လည်း ပါဝင်မည် ထင်ပါသည်။ တစ်နှစ်တစ်တန်း မအောင်သည်ကိုမမှု၊ လက်ကိုင်ငွေမရှိမှာသာ ပူနေတတ်သည်။

စာမေးပွဲမအောင်၊ အတန်းမတိုးသော်လည်း မိတ်ဆွေသစ်များကား နှစ်စဉ်နှင့်အမျှ တိုးလာတတ်ပါသည်။

တက္ကသိုလ်လောကတွင် သူနည်းနှင့်သူ နာမည်ကြီး လူသိများတတ်ကြသည်။ ကျွန်တော့်လို ငွေကို ရေလိုသုံးသူအဖို့ နေရာနယ်ပယ်တိုင်းတွင် နာမည်ကျော် လူသိများသော မိုးကုတ်သူဌေးသားလေးဖိုးထင်ပေါ် ဖြစ်နေပါတော့သည်။

ကျွန်တော် ကျောင်းဆောင်သို့ ပြန်မအိပ်လျှင် အရေးမကြီးပါ။ စာသင်ခန်းထဲတွင် ကျွန်တော့်ကို မတွေ့လျှင်လည်း ကိစ္စမရှိ။ ယုတ်စွအဆုံး စာမေးပွဲအတွက် မှတ်စုများရေးပြီးသားမရှိလျှင်လည်း အကြောင်းမဟုတ်ပါ။ အရာရာကို ကျွန်တော့်အပေါင်းအသင်းများက ပိရိစွာ ဖန်တီးကူညီပေးကြပါသည်။

ကျွန်တော့် အပေါင်းအသင်းများမှာ လူစုံပါသည်။ တက္ကသိုလ်ကျောင်းသားများသာမဟုတ်။ အရပ်သား၊ အမှုထမ်း၊ စာရေးဝန်ထမ်းများလည်း ပါကြသေးသည်။ သူတို့ဝါသနာကလည်း စုံလှချေ၏။

ဖဲ၊ အရက်၊ မိန်းမ၊ အလောင်းအစား၊ အားကစား၊ စာပေအနုပညာ၊ တေးဂီတ၊ ပန်းချီဆရာများသာမက ကားသမား၊ ယာဉ်မောင်း၊ ယုတ်စွအဆုံး ဆိုက်ကားသမားပင် ပါကြသည်။

ဤသူများထဲတွင် ငွေကြေးကြောင့် ခင်မင်သူများရှိသလို အပေါင်းအသင်းဝင်ဆံ့သော ကျွန်တော့်သဘောထားကို နှစ်လို၍ ပေါင်းသင်းနေကြသူများလည်း ရှိကြပါသည်။

ယင်းအခြေအနေများကြောင့်လည်း ဦးလာဘနှင့် ကျွန်တော် သိကျွမ်းခင်မင်ရင်းနှီးစရာ ဖြစ်လာရပါသည်။

အကြောင်းကား ဤသို့…။

*(ရွှေလဆက်ရန်)*

## ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com


**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း ... ဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၈၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရေ ...
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၈၄ ခု၊ ဩဂုတ်လအတွင်း
မြန်မာပြည် ဒေသရှေ့မြောက်အေသ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၈၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
အံ့သြချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အ ... ၁)



၂၁ ဂူရု

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ.



# ဂမ္ဘီရ ဆရာလှမျိုး(B.Sc) ၏

- လုပ်ငန်းအတွက် ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ။
- ခုနစ်ရွေ ခုနစ်နံ ကံပွင့် လာဘ်ပွင့် အဓိဋ္ဌာန်နှင့် ကံကောင်းအောင်မြင် ယတြာများ။
- ကံပွင့် လာဘ်ပွင့် ဂါထာမန္တန်များ။

ထွက်ပြီ

ဖြန့်ချိရေး - စာပေနန်းတော်
ဖုန်း - ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၃၄၀၉၃၄၊ ၀၉-၇၃၃၄၀၉၃၆


www.burmeseclassic.com

www.burmeseclassic.com

# ညှို့ရှိုးကောင်းကင်မှ ကြယ်စင်

မြနန်းရှင်

ယခင်လမှအဆက်

ပန်းချီ စံလွင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရမိုးကောင်းကင်မှ ကြယ်စင်

(ယခင်လမှအဆက်)

■ မြနန်းရှင်

အခန်း(၁၁)

တစ်စတစ်စနှင့် သင်းမြ၏ကိုယ်ဝန်လည်း နေ့စေ့လစေ့ မွေးဖွားချိန်ရောက်ရှိလာပြီး အခက်အခဲမရှိ ချောမောလွယ်ကူစွာပင် မွေးဖွားလေတော့သည်။

"ယောကျ်ားလေးတော့ ... ယောကျ်ားလေး"

"အူဝဲ ... အူဝဲ"

ကလေး၏ အောင်မြင်စွာ လူ့လောကသို့ ရောက်ရှိလာကြောင်း အသံကိုကြားလိုက်ရသဖြင့် မီးနေခန်းအပြင်ဘက်မှာ ခြေမကိုင်မိ၊ လက်မကိုင်မိ ပျာယာခတ်နေသော ကိုဖိုးတူး၏မျက်နှာမှာ အပြုံးတို့ဖြင့် တောက်ပနေသလို ဘုရားခန်းမှာ ဘုရားရှိခိုးမေတ္တာပို့သပေးနေသော ဦးဘစိန်မျက်နှာမှာလည်း ဝမ်းသာရွှင်ပျမှုက ထင်ဟပ်လို့နေချေပြီ။

သို့သော် ...

ထိုကလေး၏ ပါးစပ်အထက်နှုတ်ခမ်းသွားစွယ်နေရာမှာ သဘာဝသွားဖုံးသားမဟုတ်ဘဲ မြွေစွယ်ရာနှင့် တစ်ပုံစံတည်းတူသော အစွယ်နှစ်ခု ပါရှိလာလေသည်။ ရုတ်တရက်မြင်တွေ့လိုက်ရသဖြင့် ဝမ်းဆွဲဒေါ်ညိုမှင်သတ်ပေါ်လက်ဖိကာ လန့်ဖျပ်သွားရသည်။

မီးနေသည် သွေးတက်မည်စိုး၍ လန့်စိတ်ကြောင့် မအော်မိရန် ထိန်းထားပြီး ကလေးကို အနီးနှင့်ပတ်ကာ ဘိုးအေဖြစ်သူ ဦးဘစိန်ကိုခေါ်ကာ အပ်နှံလိုက်လေသည်။

ဦးဘစိန် ကလေး၏သွားစွယ်ကို သေသေချာချာကြည့်ရာ ချွန်မြနေပြီး မိခင်နို့တိုက်ပါက အမေဖြစ်သူ ဒုက္ခရောက်သွားနိုင်ပေသည်။

သည်လိုနှင့် ဝမ်းဆွဲဒေါ်ညိုမှ တစ်ဆင့် တစ်ရွာလုံး ထိုသတင်း ပျံ့နှံ့ကုန်တော့သည်။

ဆရာတော်ကျောင်းသို့ ဖိုးတူး ပြေးကာ လျှောက်ရပြန်လေသည်။

"ဒါကြောင့် သင်းမြကို သတိထားလို့ ငါပြောခဲ့တာပဲ။ လူပုံစံလေး မွေးပေလို့ တော်သေးရဲ့။ သူတို့ပုံသဏ္ဌာန်အတိုင်း မွေးဖွားဖို့ သူတို့က ကြိုးစားတာပဲလေ။ ဒါပေမယ့် ဘုရားရှင်ရဲ့ တရားဓမ္မလက်နက်၊ တရားစက်ကိုတော့ သူတို့ မလွန်ဆန်ရဲဘူးလေ။ ဒကာဖိုးတူး ..."

"ဘုရား"

"ငါအခုပြောတာ, သေသေချာချာ နားထောင်။ သင်းမြကို နို့မတိုက်စေနဲ့။ အိမ်က နွားမနို့ပဲ တိုက်မယ်နော်။ အသွင်အပြင်က လူပဲနော်။ သဘာဝဟန်ပန်က သူတို့စိတ်ဓါး ယူပ်ရှားမှုကအစ စောင့်ကြည့်ပေတော့"

"တင်ပါ့ဘုရား"

"ဒကာဖိုးတူး မြွေတွန်သံကြားရင်တော့ သည်ကလေးကို ဒီရွာမှာကြီးပြင်းခိုင်းလို့ မရချေဘူး။ တစ်ရွာလုံး ဒုက္ခရောက်သွားလိမ့်မယ်။ အရွယ်ရောက်မှ အတူနေကြပေတော့"

ကလေးမွေးဖွားပြီးသည့် ညကစ၍ မြွေတွန်သံများ အဆက်မပြတ်ပေါ်ကာ ရွာသူရွာသားများ ထိတ်လန့်ကုန်ကြလေပြီ။

နောက်ဆုံး ...

ရွာက လူကြီးသူမတို့နှင့်တိုင်ပင်ကာ ဦးဘစိန်၏ညီဖြစ်သူ ဦးထွန်းစိန်နေထိုင်သော မိုင် ၂၀ ကျော်ဝေးသည့်မြို့သို့ပို့ရန် သဘောတူကြရသည်။

တဖြည်းဖြည်းနှင့် ညစဉ်ညတိုင်း လူခြေတိတ်ပြီဆိုတာနှင့် မည်သူမျှ အပြင်မထွက်ရဲဖြစ်အောင် မြွေတွန်သံများ၊ မြွေလှုပ်ရှားသံများ ကြောက်ခမန်းလိလိ ကြားနေကြရသည်။

ဆရာတော်ထံ ရွာသူ၊ ရွာသားများက ဝိုင်းဝန်းလျှောက်တင်ကြပြန်သည်။

"အရှင်ဘုရား ဒီကလေးက ရွာကို ဒုက္ခပေးမယ့် ပုံသဏ္ဌာန်ရှိပုံရတယ် ဘုရား။ ဒကာဦးဘစိန်တို့ကို အရပ်



www.burmeseclassic.com

www.burmeseclassic.com

ပေးပါဘုရား။ သူညီ ဦးထွန်းစိန်ထံ မြန်မြန် ကလေးပို့နိုင်မှဖြစ်မယ်ဘုရား''

''ညစဉ်ညတိုင်း ကြောက်လို့ အိပ်လည်းမပျော်၊ ကြာရင် ရွာသားတွေ ဒုက္ခပင်လယ်ဝေတော့မယ် ဘုရား''

ဆရာတော်ကတော့ ခေါင်းညိတ်ကာ ကွမ်းမြုံ့ရင်းနားထောင်လေသည်။

''အေး ... ဒကာစိန်ကို ခေါ်လာခဲ့ချေ''

''တင်ပါ့ဘုရား''

ရွာသားတစ်ယောက် ခပ်မြန်မြန်ပင် ပြေး၍ခေါ်ချေတော့သည်။

ဦးဘစိန် ရောက်လာတာနှင့် အချိန်မဆိုင်းဘဲ ဆရာတော်က မိန့်ရှာသည်မှာ

''ဒကာစိန် ... အကြောင်းကတော့ ပေါ်လာပြီ။ အများကောင်းမှုအတွက် ကလေးကို နေရာရွှေ့ပြောင်းကြရမယ်။ ကလေးကို သည်အတိုင်း လက်လွှတ်စပယ်ခေါ်လို့ မရဘူးကွဲ့။ ဟောဒီက ဒကာစိန်အပြင် သတ္တိကောင်းတဲ့ လူကြီးနှစ်ဦးလောက် ရွေးချယ်ပြီး ဥပုသ်သီလဆောက်တည်ပြီး လိုက်ပို့ရမယ်။

ဟောဒီ့မယ် ကျုပ်ရဲ့ သိမ်ကိုးသိမ်ဝင်ပြီး အောင်မြင်ထားတဲ့ သင်္ကန်းတော်ကို စွန့်လိုက်မယ်။ ဒီသင်္ကန်းနဲ့ ကလေးကို အနီးပဟာ ထုပ်ရမယ်နော်။ သူတို့မျက်ခြည်ပြတ်အောင် ဖြတ်ပစ်ရတာပေါ့။ ဒကာတို့ ကလေးမိဘများကို ကျေနပ်အောင် ပြောဆိုကြ။ ဆရာတော်ကလည်း မိန့်မှာတယ်လို့ ပြောကြဖို့''

''တင်ပါ့ဘုရား''

ဦးဘစိန်နှင့်အတူ ရွာလူကြီးများ လိုက်ပါလာကြသည်။

''ဆရာတော်ကတော့ အဲသလို မှာကြားဆောင်ရွက်ခိုင်းတာပဲကွဲ့''

ရွာသူကြီးစကားအဆုံးမှာ သင်းမြက တရှုံ့ရှုံ့ငိုလေသည်။

ရင်နှင့်လွှယ် မွေးထားရသော သားလေးကို ဝအောင်ပင် ရင်ငွေ့လှုံခွင့် မပေးနိုင်ဖြစ်ရသည်။ နို့တိုက်ကျွေးခွင့် မရရှိသဖြင့် ဝမ်းနည်းမှုကဖော်မပြနိုင်အောင်ပင်။ ကိုဖိုးတူးကပင် သင်းမြကို ဖျောင်းဖျရသည်။

''ငါ ကိုယ်ချင်းမစာလို့ပြောတာ မဟုတ်ပါဘူး သင်းမြရယ်။ ခုနစ်ရက်သားသမီးကို စိတ်ချမ်းသာအောင် ငါတို့ ကူညီရမယ်လေ။ ဆရာတော်ကလည်း လိုအပ်လို့ ဒီလိုဆောင်ရွက်ခိုင်းတာပေါ့''

''ဟင့် ... ဟင့် ရှုတ် ... ကျုပ်က ... ကျုပ်က ကိုးလလွယ် ဆယ်လမွေးခဲ့ရတာပါတော်။ ကျုပ် ... ကျုပ်သားလေးကို ဝအောင်ချစ်ခွင့်၊ ဝအောင်နို့တိုက်ခွင့် ကျုပ်ရင်ခွင်ထဲမှာ သားလေးကို တဝကြီး ထွေးပိုက်ထားချင်တာပေါ့။ ခုကြည့်စမ်း။ ဒီ ကျိန်စာမြွေရဲ့နှောင့်ယှက်မှုက ခုထိ ပြီးကို မပြီးနိုင်။ ဆုံးခန်းမတိုင်သေးပါလားနော်။ သူတို့ကြောင့် အစ်မနဲ့ အမေလည်း ခွဲရ။ ခုတစ်ခါ ကိုယ့်ကလေးနဲ့လည်း ခွဲရတော့မယ်။ အမလေး ကျုပ်ရင်တွေ ကွဲထွက်တော့မယ်''

ပြောရင်း ပြောရင်း နှင်းမြ ပုံရက်သားလဲကာ သတိလစ်သွားတော့သည်။

''ဟဲ့ ... ဟဲ့ ကလေးမ''

''သင်းမြ ... သင်းမြ''

''ဖိုးတူး နင့်မိန်းမ သတိလစ်သွားပြီ''

သမီးဖြစ်သူကိုကြည့်ပြီး ဦးဘစိန် မျက်ရည်စို့နေရပြီ။

ဖိုးတူးလည်း မျက်ရည်ပေါက်ပေါက်ကျ သင်းမြကို ပွေ့ထားရင်း သတိရအောင်အော်ခေါ်နေတော့သည်။

''ကိုဘစိန် ... ဆရာတော်ပေးလိုက်တဲ့ဆေးမှုန့် ဘယ်မှာလဲ''

ရွာသူကြီးပြောမှ ဦးဘစိန် သတိဝင်လာကာ အကျႌအိတ်ကပ်ထဲမှ ဆေးထုပ်ကိုဖြေ၍ ...

''တစ်ဝက်ကို ဖျော်လာခဲ့''

''တစ်ဝက်ကို ဖိုးတူး နှာဝနဲ့ တည့်အောင်ပွတ်ပေးစမ်း။ ငယ်ထိပ်ပေါ်လိမ်းပေး။ ဟုတ်ပြီ ... ဟုတ်ပြီ''

ဦးဘစိန် ဆရာတော်၏ အမြော်အမြင်ကို သဘောပေါက်သထက် ပေါက်လာတော့သည်။

အားလုံး တစ်နာရီခန့် ယောက်ယက်ခတ် အလုပ်ရှုပ်ပြီး မကြာခင်မှာ

''ဟင်း''ခနဲ သက်ပြင်းချသံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာပြီး သင်းမြ မျက်လုံးပွင့်လာတော့သည်။

''ဟော ... သတိရလာပြီ။ သတိရလာပြီ''

''သင်းမြ ... သင်းမြ သတိရပြီလား။ နေရတာ သက်သာရဲ့လား''

''သက်သာပါတယ်တော်။ ကျုပ် သတိလစ်သွားတာလား''

''ဟုတ်တယ်လေ''

''ဩော် ... ဒါဆို အိပ်မက်မက်နေတာလား၊ အိပ်ပျော်သွားတာလား လို့ ထင်နေတာ''

သင်းမြ လေသံက အမောတကောနှင့် ဖြစ်နေပုံရသည်။

''ဖြည်းဖြည်းပြော သင်းမြ။ နင် အားနည်းနေတယ် ထင်တယ်။ ဟော



www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ ဆရာတော်ပေးတဲ့ သိဒ္ဓိဝင်ဆေး ဖျော်ထားတယ်။ သောက်လိုက်ဦး''

ဖိုးတူးက အသင့်ဖျော်ထားသော ဆေးခွက်ကို ဖွန်းနှင့်ခပ်ကာ သင်းမြ ပါးစပ်ထဲသို့ အသာတိုက်ကျွေးလိုက်သည်။ သင်းမြ ဆေးကို အသာမျိုချရင်း ...

"အား ... ခုမှပဲ ရင်ထဲမှာ ပူလောင်မှောပန်းတာတွေ အေးငြိမ်းသွားတော့တယ်။ ကျွန်မအတွက်နဲ့ ရွာလူကြီးတွေကို အားနာလိုက်တာရှင်။ အကုန်လုံး အလုပ်ရှုပ်ကုန်ကြပြီ''

သင်းမြက အားနာစကားဆိုကာ တောင်းပန်လိုက်ပြီး တစ်ဆက်တည်းပင် ...

"ကိုဖိုးတူး ကျုပ်တို့သားလေးကို ဦးလေးထွန်းဆီ ပို့လိုက်ပါတော်''

သင်းမြ ခွင့်ပြုသံကြားမှ အားလုံး စိတ်မကောင်း။ စိတ်မကောင်းသော်လည်းစိတ်အေးသွားကြရသည်။

"ကျုပ် ဘာလို့ ခုလိုပြောရတာလဲဆိုတော့ တော်တို့နဲ့ ငိုပြီး စကားပြောရင်းက ကျုပ်အာရုံတွေ မည့်းမှောင်ကျသွားပြီး နေရာတစ်ခုကို ရောက်သွားတယ်။

လူတစ်ယောက်မှ မရှိတဲ့ ဧရာမ မြေသတ္တဝါချည်းနေတဲ့ နေရာကိုပေါ့။ ကျုပ်တို့ ထင်းခုတ်သွားတဲ့တောထဲမှာပဲ ရှိနေတယ်။ အဲဒီမြေတွင်းကြီးက တောင်အမြင့်ဆုံးရဲ့ အောက်မှာပဲ။

သူတို့အားလုံး သွားလာလှုပ်ရှားနေတာကို ကျုပ်က အပေါ်စီးကနေ မြင်နေတယ်။ သူတို့မှာလည်း ဘုရားစေတီ ရှိတယ်။ ရွှေရောင်က ဝင်းအိနေတာပဲ။ ကြည်ညိုသပ္ပာယ်ဖွယ် ကောင်းလိုက်တာ။ အဲဒီမှာ ခေါင်းပြတ်တဲ့ မြွေကြီးနှစ်ကောင်ကို ခေါင်းတလားမှာ ဆေးစိမ်သလို ဘုရားရှေ့မှာ ပူဇော်ထားရာယ်လေ။

အဲဒါက ယခု သူတို့ရွာနေမှာ အုပ်ချုပ်တဲ့ မြွေဘုရင်ရဲ့ မိဘနှစ်ပါး ဖြစ်ပုံရတယ်။ ဒီမြွေခေါင်းပြတ်ကို လာလာဦးတိုက်ပြီး မြွေတွေရဲ့မျက်လုံးထဲမှာ မျက်ရည်တွေစီးကျနေတာ မြင်နေရတယ်။ သူတို့ရဲ့ ပူဆွေးသောကကို ကျုပ်ဖြင့် မြင်တောင်မမြင်ရက်ဖူး။

အဲ့ဒီမှာ မြွေဘုရင်ဖြစ်သူရဲ့ ဘေးမှာ မြွေတစ်ကောင်က အတော်ကို စိုပြည်တောက်ပနေတယ်။ သူက မြွေဘုရင်ဘယ်သွားသွား ဘေးကလိုက်ပါရတယ်။ မြွေတွေဆိုပေမယ့် ဥပုသ်သီလစောင့်ကြ၊ ဘုရားပူဇော်ကြတာလည်းရှိတာ မြင်နေရတယ်။

ကျုပ်လေ ကြည့်ရင်း ကြည့်ရင်း စိတ်ဝင်စားလာတယ်။ နောက်တစ်နေရာကို ကျုပ်လှမ်းမြင်ရပြန်တယ်။ မြေပုံကားချပ်ကြီးလိုပါပဲ။

အဲဒီမြင်နေရတဲ့ အိုးအိမ်နေရာတွေက ကျုပ်တို့ရွာဖြစ်နေတယ်။ နေ့စဉ် အလှည့်ကျ မြွေတပ်စိတ်တွေက ရွာပတ်ဝန်းကျင်မှာ ဖြန့်ကြက်ထားတယ်။ ဘာကြောင့်ပါလိမ့်လို့ ကြည့်နေရင်းက ရွာကို အတော်ဂရုတစိုက် ရှိနေပုံရနေတယ်။

ကျုပ်တို့ရွာက လူတွေ ဘ ဥပုသ်ဝင်တဲ့မြွေမှန်းမသိ၊ ဘာမှန်းမသိ ရိုက်ကြနက်ကြလုပ်လို့ ဒဏ်ရာဒဏ်ချက်ရလာတဲ့ မြွေဂီလာနတွေလည်း ရှိတာကိုး။ သူတို့စကားသံကို နားမလည်ပေမယ့် သူတို့ပြောနေတာကို အလိုလို နားလည်နေမိသလို ဖြစ်နေတယ်။

မကြာခင်မှာ သူတို့ကို သတ်ဖြတ်နှိပ်စက်တဲ့ရွာကို မြွေတွေကဝိုင်းပြီး သူတို့ပါးစပ်က တန်ခိုးအရှိန်နဲ့ မီးတွေမှုတ်ထုတ်ပြီး တိုက်ခိုက်ကြမှာလေ။ ဒီလို လုပ်နိုင်ဖို့က သူတို့ထဲက အုပ်စုဝင် အဓိကမြွေကို ရွာရဲ့စည်းဝိုင်းထဲကို ရောက်အောင်ပို့ထားပြီးပြီ။ ဒါနဲ့ ကျွန်မက ကြည့်ရင်းကြည့်ရင်းကနေ ဘယ်သူ့ဆီမှာများလဲလို့ သိလိုစိတ်ဖြစ်နေစဉ်မှာ ....

လားလား ... စောစောကမြွေဘုရင်အနီးမှာ လိုက်ပါလာတဲ့ အိမ်ရှေ့အရာ မြွေမင်းသားပေါ့။ သူကပဲ ရွာကို တိုက်ခိုက်ဖို့ စီစဉ်ညွှန်ကြားနေတာပဲ။

အဲဒီမြွေ အိမ်ရှေ့မင်းသားကို ကြည့်ရင်းက မြွေမဟုတ်ဘဲ ကျွန်မ သားလေးဖြစ်နေလိုက်၊ မြွေဖြစ်လိုက်နဲ့ပေါ့။ ကြည့်ပြီး ကျုပ်လည်း တော်တော် တုန်လှုပ်နေတုန်း ဝတ်ဖြူစင်ကြယ်နဲ့ လူရယ်၊ အဝတ်ညိုနဲ့လူရယ် နှစ်ယောက်က ဘယ်ညာလက်တွဲပြီး အချိန်စေ့ပြီ ပြန်ကြရအောင်ဆိုပြီး ခေါ်ထုတ်လာတာပါပဲ။

ကျုပ်မှာ မြင်ရတွေ့ရတာတွေ ရင်မှာလှိုက်မောနေတုန်း ဆရာတော့် ဆေးကြောင့် ခုလို အေးအေးဆေးဆေး ပြန်ပြောပြနိုင်တာပါ။ ဘာပဲဖြစ်ဖြစ် ဆရာတော်ရဲ့စကားကိုနားထောင်ပြီး ကျုပ်ကလေးကို လူစင်စစ်လေး ဖြစ်အောင် မွေးဖို့က ဒီတစ်နည်းပဲရှိတာလေ။ ကျုပ်လိုက်နာပါ့မယ်တော်''

သင်းမြစကား အဆုံးမှာတော့ အနားမှာရောက်နေသော အိမ်နီးချင်း၊ ရွာသူ၊ ရွာသားများ စုတ်တသပ်သပ် နားထောင်ရင်း ကြက်သီးမွေးညင်းများပင် ထလကုန်သည်အထိပင်။

"ဒါဆို ဖိုးတူးရော သင်းမြ



www.burmeseclassic.com

www.burmeseclassic.com

သဘောတူရင် ဆရာတော်ကိုလျှောက်တင်ပြီး အချိန်ခါတောင်းရမယ်။ ပြီး လိုက်ပို့မယ့်လူတွေ ကိုးပါးသီလစောင့်သွားရမယ်တဲ့။ ဆရာတော်စည်းချပေးမယ်နဲ့တူတယ်''

''မှန်ပါ့ခင်ဗျာ''

ရွာသူကြီးစကားကို ဦးဘစိန်ထောက်ခံပြီး ...

''ကဲ ... နှင်းမြ ဒီကလေးက မြေ့သူတော်ကောင်းကနေ လူ့သူတော်ကောင်းဖြစ်ဖို့ ရောက်လာတာကို ကယ်တင်တယ်မှတ်။ ဟုတ်ပြီလား''

''ဟုတ်ပါတယ်တော်။ ကျုပ်စိတ်ဖြေတတ်ပါပြီ။ ကောင်းသလို စီစဉ်ကြပါ''

အားလုံးရင်ထဲမှာ စိတ်တထင့်ထင့်တော့ ရှိနေကြဆဲ ဖြစ်ပေမည်။

★★★

## အခန်း(၁၂)

''မောင်ကဏ္ဍ''

ဆရာတော်က ကဏ္ဍဟု အမည်ကင်ပွန်း တပ်ပေးလိုက်ခြင်း ဖြစ်သည်။

လိုက်ပါပို့ဆောင်မည့် ရွာလူကြီးများက ကျောင်းမှာ ညအိပ်ကာ ကိုးပါးသီလခံယူကြရသည်။

ပြီးလျှင် ရွာ၏စည်းရိုးအပြင်ဘက် မြို့သို့သွားနိုင်သည့် အရှေ့ဘက်ရွာအဝမှ စောင့်ဆိုင်းနေရပေမည်။

ကလေးကို ဆရာတော်ကိုယ်တိုင် သိမ်ကိုးသိမ်အောင်သင်္ကန်းနှင့် အနီးပမာထုပ်ပိုး၍ သယ်ဆောင်ကာ ပို့ဆောင်ပေးမည် ဖြစ်သည်။ ထိုကလေးကို သယ်ဆောင်ဖြတ်သန်းချိန် ရွာရှိ ယောကျ်ား၊ မိန်းမ၊ ကလေး မကျန် အိမ်ပြင်မထွက်ရ။ တံခါးပိတ်နေကြရမည်။ ဆရာတော် ကလေးပို့ကာ ပြန်ကြွလာပြီး ရွာဦးကျောင်း အုံးမောင်း နှစ်ဆယ့်တစ်ချက်ခေါက်ချိန်တွင် နေမြဲတိုင်းနေ၊ လုပ်ငန်းခွင်ဝင်မြဲတိုင်း ဝင်နိုင်ပေမည်။

သေရေးရှင်ရေး အရေးကိစ္စမို့ အားလုံးက ညီညွတ်နေကြပြီ။ ကျောတစ်မို့နှင့် ညစဉ်ညတိုင်း တုန်လှုပ်ချောက်ချားဖွယ် မြွေတွန်သံများကိုလည်း ကြားရခြင်းဘေးမှ ကင်းဝေးချင်ကြပါပြီ။

ထူးတော့ ထူးဆန်းပေပြီ။ ရွာစည်းရိုး စည်းပြင် လူစိမ်းသူစိမ်းပင် ဖြတ်မလာကြပေ။ တစ်ရွာလုံး နေသာသာ လုပ်ငန်းလုပ်ရန်ကောင်းချိန်မှာ အိမ်တံခါးများပိတ်ကာ ငြိမ်နေကြသည်မှာ ခွေးတစ်ကောင်မျှပင် ဟောင်သံမထွက်။ ကျေးငှက်သံပင် တိတ်ဆိတ်လို့နေချေပြီ။

တောင်ဝှေး တဒေါက်ဒေါက်နှင့် ဆရာတော် ရွာလမ်းအတိုင်း သင်္ကန်းထုပ်လေးပိုက်၍ လာနေမှန်းတော့ ထွက်မကြည့်ဘဲ သိလို့နေကြသည်။

အမှန်က မြွေဝင်စားကလေးကို သူတို့အသိုင်းဝိုင်း မျက်ခြည်ပြတ်ရန် အကာအကွယ်အဖြစ် သိမ်ဝင်သင်္ကန်းကို အသုံးပြုလိုက်ခြင်း ဖြစ်ပေသည်။

ဆရာတော် ကမ်းပေးလာသော သင်္ကန်းငုပ်ကို လက်ခံရင်း –

''ဒကာတို့ ထားခဲ့ရမယ့် နေရာဒေသရဲ့ ဘုရားမှာ အလုပ်စခန်းဝင်ပြီး အပ်နှံပေးခဲ့ကြဦး။ ဥပုသ်သီလက ငါ့ရှေ့ပြန်ရောက်မှ ထွက်ကြရမယ်''

''တင်ပါ့ဘုရား''

ဦးဘစိန်နှင့် ရွာလူကြီးနှစ်ဦး သင်္ကန်းထုပ်လေးပိုက်ကာ ဆရာတော်အား ဦးချကန်တော့ကာ မိုင် ၂၀၀ ကျော်ကွာဝေးသော မြို့ငယ်လေးသို့ ခရီးထွက်ခဲ့ကြလေတော့သည်။

လမ်းမှာ ကလေးငိုမှာစိုး၍ ဆရာတော်ပေးလိုက်သော သိဒ္ဓိဝင်ဆေးမှုန့်လေးကို နို့ဘူးထဲထည့်ဖျော်ကာ တိုက်ရလေသည်။

ရွာမှာတော့ ထိုနေ့ ထိုအချိန်မှစ၍ မြွေတွန်သံများ ပျောက်ကွယ်သွားရလေတော့သည်။

ဆရာတော်၏ ဂုဏ်ကျေးဇူး ဖြင့် စီစဉ်မပေးပါက လိုက်ပါပို့ဆောင်သူရော၊ ရွာရှိလူများကို ကလဲ့စားချေခံရပေမည်။

ထိုအရေးကိုမြင်၍ ဆရာတော်က ကြိုတင်ကာကွယ်စီစဉ်ပေးခြင်း ဖြစ်ပေသည်။

★★★

သင်္ကန်းထုပ်ဖြင့် ရောက်လာသော ကလေးငယ်ကို ဦးထွန်းစိန်တို့ ဖနီးမောင်နှံမှာ အထူးအဆန်းသဖွယ် ကြည့်နေလေသည်။

ဖြူဖြူဖွေးဖွေး တစ်တစ်ရစ်ရစ်လေးမို့ ချစ်ခင်စိတ်က တဖွားဖွား ပေါ်ပေါက်လာရလေသည်။

တကယ့်ကို ရင်ခွင်ပိုက်အရွယ်လူမမယ်လေး။ မိဘကို ခွဲခွာလာရတာကိုကြည့်ပြီး ကရုဏာစိတ်တို့ကလည်း တစိမ့်စိမ့် ယိုစီးကျလာတော့သည်။

သွားစွယ်နှစ်ခု ပါလာတာကလွဲ၍ တစ်ခစ်ခစ် ရယ်မောလိုက်သံလေးက ဦးဘစိန်ပင် မြေးကို ထားခဲ့ရမှာ ခွဲခဲ့ရမှာ သံယောဇဉ်မပြတ်နိုင် ဖြစ်နေရသည်။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်မှ အချိန်ကာလ နက္ခတ်ဖြင့် တွက်ချက်ကာ အချိန်မီ ပြန်ရောက်ရမည်ဟု မှာထား၍ မှာစရာရှိတာမှာပြီး ပြန်ဖို့ပြင်ကြရသည်။

"ထွန်းစိန် ... ဆရာတော်က ခရီးသွားရင်း မေးစက်တာ ကလွဲလို့ ညအိပ်ခွင့်မရှိဘူး ငါ့ညီ။ ကလေးကို ဘုရား၊ တရားနဲ့ နီးစပ်အောင် မွေးပေးပါကွာ"

"စိတ်ချပါ အစ်ကိုရာ။ လူတစ်ယောက်ကယ်ရတာ ကုသိုလ်ရပါတယ်ဗျ။ သားသမီးရင်းလို၊ မြေးအရင်းလို ချစ်မြတ်နိုးစိတ်နဲ့ မွေးမှာပါ။ စိတ်ချလက်ချသာပြန်ပါ အစ်ကိုကြီး"

"အေး ... ဆရာတော်က ထပ်မှာလိုက်တယ်။ ဒီကလေးကို ကောင်းကောင်းမွေးပေးပါတဲ့။ တစ်ချိန်မှာ သာသနာပြုပုဂ္ဂိုလ် ဖြစ်လာမှာမို့တဲ့။ ဒါကြောင့် ဆရာတော်ကိုယ်တိုင် ပါဝင်စောင့်ရှောက်နေရတာ ဖြစ်တယ်လို့ မှာလိုက်တယ်။ ဆရာတော် မမှာကြားဘဲနဲ့ မင်းတို့ ရွာကို မလာပါနဲ့တဲ့။ ဟောဒီမှာ ဓာတ်သားကို ဖယား တလာပ်ထဲမှာ ရေစိမ်ထားတဲ့။ သွားရော၊ လာစရာရှိရင်၊ လုပ်ငန်းကိစ္စ ပြောဆိုချင်ရင် သုံးပါတဲ့။ လောဘတော့ မတက်စေနဲ့တဲ့။ ကလေးကို စောင့်ရှောက်တဲ့အတွက် ဆရာတော် ချီးမြှောက်လိုက်တာ ဖြစ်တယ်"

ဦးဘစိန် ကမ်းပေးသော ပစ္စည်းကို တရိုတသေလှမ်းယူပြီး လက်အုပ်ချီကာ ...

"ဆရာတော်ကို ဦးတင်ပါတယ်။ စိတ်ချပါလို့ ပြောပေးပါ။ ကျွန်တော် အသက်နဲ့လဲပြီး စောင့်ရှောက်ပါ့မယ်လို့။ ဆရာဘော်ကတောင် သွေးမတော်သားမစပ် စောင့်ရှောက်ပေးတာ ခုလို သာသနာပြုဖို့ရောက်လာတဲ့ ကလေးကို အစွမ်းကုန်စောင့်ရှောက်ပါ့မယ်။ အကြိမ်ကြိမ် ကတိပေးပါတယ်လို့ ပြန်ပြောပေးပါ"

ဘေးက နားထောင်သူများက ကလေးကိုကြည့်ပြီး နို့စို့ရွယ်လေး အမေနှင့်ခွဲရတာ စိတ်မကောင်းပေမယ့် အနာဂတ်ကာလ သာသနာ့ခွဲတမ်းမှာ တစ်နိုင်တစ်ပိုင် တာဝန်ထမ်းမည့် ကလေးဖြစ်၍ ဤမျှတော့ လောကဓံကို ခံစေရတော့မည်ဟု ထင်မြင်ထားလေသည်။ ကလေးကတော့ တခစ်ခစ်ရယ်မောကာ ရွှင်ရွှင်မြူးမြူး ဖြစ်နေလေသည်။

ဦးထွန်းစိန်ဇနီး ဒေါ်ကြာဖြူကတော့ ကလေးသားမွေး မရှိခဲ့သည့် ဘဝမို့ ကလေးကို လက်ထဲကမချ။ ချော့မြူနေလေတော့သည်။

★★★

## အခန်း(၁၃)

တစ်စတစ်စနှင့် 'မောင်ကဏ္ဍ'လေး ကျောင်းနေအရွယ်သို့ ရောက်လာချေပြီ။

သိတတ်စအရွယ်မှစ၍ အသားငါးအညှီ လုံးဝမစားပေ။ ဒေါ်ကြာဖြူကလည်း လူသူတော်ကော ်းလေး ဖြစ်လာမည့်ကလေးမို့ ဂရုတ ်ကရိုက ပေသည်။

မည်သူမျှ မပြောမကြားရဘဲနှင့် ယခုအတူနေသော ဦးထွန်းစိန်နှင့် ဒေါ်ကြာဖြူက မိဘအရင်းအချာ မဟုတ်တာလည်း သိနေရှာသည်။ ခေါ်တာကိုပင် အဖေ၊ အမေဟု မခေါ်ဘဲ "ဘထွေး၊ အရီးထွေး"ဟု ဘာသာခေါ်ခြင်းဖြစ်သည်။

ကျောင်းစာကိုပင် သင်ကာမျှနှင့် မှတ်လွယ်သိလွယ်သည်။ ဘုရားစာ၊ တရားစာဆိုလျှင် ဂျောင်းဂျောင်းပြေး ဆိုတတ်၊ ရွတ်တတ်သည်။

ကလေးသဘာဝ အရုပ်ဝယ်ပေးလျှင် မြွေရုပ်ပါတာကို အလွန်သဘောကျလေသည်။ တစ်ခါတစ်ရံ ဘုရားပွဲဈေးမှ ဝယ်ယူတတ်သော မြွေရုပ်လေးများကို စုဆောင်းကာ မြွေများနှင့် စကားပြောတမ်း ဆော့ကစားနေတတ်သည်။ မြွေရုပ်တွေချကာ စစ်တိုက်တမ်း ကစားတတ်ပြန်သည်။

အတိတ်ဘဝက အထုံတို့သည် တစ်ခါတစ်ရံ ပင်ကိုဗီဇသဖွယ် လိုက်ပါလာတတ်တာကို သဘောပေါက်ထား၍ အသာတကြည် ခွင့်ပြုထားကြခြင်း ဖြစ်သည်။

"ဘထွေး ... သားရဲ့အဖေနဲ့ အမေကို တွေ့ချင်လိုက်တာ၊ သွားလည်ကြရအောင်ဗျာ"

ကလေးကို ကြည့်ပြီး စိတ်မကောင်းဖြစ်ကြရကာ ...

ပူဆာဖန်များတော့ အစ်ကိုဖြစ်သူထံ စာရေးအကြောင်းကြားရလေတော့သည်။ ဦးထွန်းစိန် ရေးပို့လိုက်သော စာကိုကိုင်၍ ဦးဘစိန် ဆရာတော်ထံဝင်တွေ့ရပြန်သည်။ ဆရာတော်ကတော့ ခပ်အေးအေးပင် ...

"ကလေးကတော့ တွေ့ချင်ပြီ ပြောတယ်။ အဖေ၊ အမေကရော တွေ့ချင်တဲ့ဆန္ဒရှိရဲ့လား"

ဆရာတော့်အမေးကို မဆိုင်းမတွပင် ဦးဘစိန် ဖြေလိုက်သည်။

"ဆရာတော်က ခွင့်ပြုမယ်ဆိုရင် သွားတွေ့ချင်ပါတယ်တဲ့ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"အေး ...လူ့လောကီ လူ့သဘာဝ သမုဒယသံယောဇဉ်ကို ကျော်လွှားလို့မှ မရတာကိုး။ အိမ်း ... ဒကာတို့မိသားစုဘဝက သူများလို သွားချင်တိုင်း၊ တွေ့ချင်တိုင်း ဆောင်ရွက်ခွင့်ရှိမနေဘူး။ အတားအဆီးတွေ ရှိနေတယ်။ ကလေးကို အခုအရွယ်ထိ ရောက်အောင် ကျုပ်တို့ ဘယ်လောက်စောင့်မျှော်ခဲ့ရသလဲဆိုတာ ဒကာ စိန်အသိပဲနော်"

"မှန်ပါတယ်ဘုရား"

"ကဲပါလေ ...အဖေရော အမေပါ ဥပုသ်သီလဝင်ကြ။ သူတို့ချည်း သွားပေစေ။ ဒကာက ဒီကနေ ကျုပ်ခိုင်းတဲ့အတိုင်း အဓိဋ္ဌာန်မပျက် လုပ်ပေးနေရမယ်"

"တင်ပါ့ဘုရား"

"သာသနာပြုမယ့်လူ ဆိုတော့ သူ့သဘာဝအရ အသားငါး၊ အညှီအဟောက် မစားရှာဘူးမဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အေး ... သူ့မိဘတွေလည်း ကလေးနဲ့တွေ့ချင်ရင် မာတ်တူမှ ရမှာလေ။ မာတ်တူအောင် ကြိုးစားနေထိုင်သွားရမယ်။

နို့မို့ ဒီကလေးလာခဲ့တဲ့ဘဝက ဘဝတူကောင်တွေက ခြေရာခံ၊ အနံ့ခံက ကောင်းပါဘိနဲ့။ သိလို့ကတော့ လိုက်လံနှောင့်ယှက်မယ့် ဘေးရန်က ကြီးမားပါဘိနဲ့။

ကျုပ်မှာ ထိုင်ရာကမထတမ်း အလုပ်စခန်းနဲ့ ဝိဇ္ဇာကန့်လန့်ကာနဲ့ ကာယ်မကာကွယ်ထားရတာ ဒကာ သိရဲ့သား"

"သိပါတယ်ဘုရား"

"အေး ...ဒါဆို မနက်ဖြန်မနက် ခေါင်းကနေ ခြေဖျားထိ ရေမိုးသန့်စင်၊ ယောဂီဝတ်ပြီးမှ ငါ့ကျောင်းကိုလာ ဥပုသ်လာစောင့်ကြလို့။ ကိုးရက် အဓိဋ္ဌာန်တင်ပြီးမှ ဥပုသ်သည့်ဘဝနဲ့ သွားတွေ့ရမှာနော်"

"တင်ပါ့ဘုရား။ အရှင်ဘုရားမှာတဲ့အတိုင်း ဆောင်ရွက်ပါ့မယ်ဘုရား"

"ဒါနဲ့ ကလေးကို ငါ့ပေးလိုက်တဲ့ မာတ်သားရေ တိုက်တိုက်ပေးလို့။ နို့မို့ အစွယ်လေးက ပိုရှည်လာရင် လောကသားအနေနဲ့ နေရထိုင်ရ ခက်လာမှာစိုးလို့ပဲ"

"ရှိပါတယ်ဘုရား သူ့မိခင်သွားရင် သေသေချာချာ စစ်ဆေးကြည့်နိုင်းပါ့မယ် ဘုရား"

★★★

## အခန်း(၁၄)

"ဦးလေးထွန်း၊ ဦးလေးထွန်း"

သက်နီးစကို ခေါင်းပေါင်းလာသော လူသဏ္ဌာန်နှစ်ဦးကို အံ့ဩစဖွယ် ကြည့်နေသူက 'မောင်ကဏ္ဍ' ပင် ဖြစ်သည်။

"သား ... မောင်ကဏ္ဍ"

မျက်ရည်ဝိုင်းနေသော မိခင်၏ ခေါ်သံကြောင့် အမေဖြစ်သူကို ပြေး၍ ဖက်တွယ်ထားလေတော့သည်။

"သားလေး ..အမေတို့ကို မှတ်မိတယ်နော်"

"ဘိတာပေါ့ မှတ်မိတာပေါ့"

"ငါ့သားလေး ကျောင်းနေရတော့မယ်နော်"

"အတန်းကျောင်း တက်ရတော့မယ်နော် ...။ အမေတို့၊ အဖေတို့ ကျောင်းလိုက်ပို့ရမှာဗျ"

"အေးပါကွာ အေးပါ"

အဖေရော အမေပါ အစုံအလင် မြင်တွေ့ရသဖြင့် မောင်ကဏ္ဍ ပျော်ရွှင်နေလေသည်။

"အမေ ...အမေတို့ကို ညဘက်ဆို ပိုသတိရတယ်။ အမေတို့ကို သတိရတိုင်း သားက ဟောဒီသူငယ်ချင်းတွေနဲ့ကစားပြီး အပြင်းဖြေရတာဗျ"

"ဟင်"

မောင်ကဏ္ဍပြသော သူငယ်ချင်းများဆိုသည်မှာ စက္ကူမြွေရောင်စုံရုပ်ကလေးများပင် ဖြစ်သည်။

ဒါကိုကြည့်ပြီး သင်းမြ မျက်နှာမကောင်းဖြစ်ရချေသည်။

"ဒီပြင်အရုပ်တွေနဲ့ ကစားပါသားရယ်။ အမေ ဈေးမှာဝယ်ပေးခဲ့ပါ့မယ်"

"အဲဒါတွေ သားမှမကြိုက်ဘဲ အမေရဲ့။ သားသူငယ်ချင်းတွေက သားကို မပျင်းရအောင် အတူဆော့ပေးတာပေါ့။ ဒါကြောင့် သား သူတို့နဲ့ပဲ ကစားချင်တာ"

ဖိုးတူးရော သင်းမြပါ စိတ်ပူကြရသည်။ ဆရာတော်ထံ လျှောက်ထားမှဖြစ်မည်ဟု စိတ်ထဲမှာ မှတ်သားရင်း

"မှန်း ... ငါ့သားသွားတွေ ပိုးများစားနေပလားလို့"

ဖိုးတူးက အသာချော့ခေါ်ကာ ကလေးပါးစပ်ကို 'ဟ'ကာ ကြည့်လိုက်သည်။

မွေးရာပါ အစွယ်က သဘာဝသွားထက် မသိမသာ ရှည်ရုံကလွဲ၍ ရုပ်ဆင်းအင်္ဂါကို မထိခိုက်စေ၍ တော်သေးသည်။

ညဘက် ကလေးအိပ်ချိန်မှာ ဦးလေးဖြစ်သူတို့နှင့် စကားပြောရပြန်



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဦးလေး ...ကလေးက သူ့သူငယ်ချင်းတွေဆိုပြီး မြွေစက္ကူရုပ်တွေကို ခေါ်ပြနေတယ်။ ကျွန်မက သားလေးရဲ့ ဘဝဟောင်းနေရာကို မြင်ခဲ့ရသူဆိုတော့ ဦးလေးရယ် ရင်ထိတ်လိုက်တာ"

"နင်တို့က ခုမှမြင်ရတာ။ နင့်အဒေါ်ခမျာ စိတ်ပူပြီး စောင့်ကြည့်ရတာ အမောပဲ။ ဒီလောက်တွေးပြီး မပူပါနဲ့။ မွေးရာပါ ဗီဇအရိပ်က ပါလာပြီး မြွေရုပ်ကို သဘောကျနေတာပါ"

"အဲ့သလိုဆိုရင်တော့ စိတ်အေးရပါပြီ"

ရေနွေးကြမ်းသောက်ရင်း ကလေးအကြောင်း ဆွေးနွေးကြခြင်းဖြစ်သည်။

"ဒီကောင်က ပါးလိုက်တာမှ လှစ်နေတာပဲ။ ဉာဏ်ကလည်း ကောင်းသလားမပြောနဲ့။ အခုသင် အခုရတာ"

"ဦးလေးတို့ ကျွန်မသားလေးကို စောင့်ရှောက်ပေးတာ ကျေးဇူးကြီးလှပါတယ်"

"ဒါတွေ မလိုပါဘူးကွယ်။ နင်တို့ရွာက ဆရာတော်ကိုသာ ကျေးဇူးတင်။ ဒီလိုကိစ္စမျိုး လောကီကိစ္စ ပေါက်မြောက်အောင်မြင်ထားလို့သာ နင်တို့ အသက်ရှင်နေထိုင်နိုင်အောင် ဆောင်ရွက်ပေးနိုင်တာ၊ နင်တို့သားလေး သာသနာပြုနိုင်ဖို့ ငါတို့အားလုံးက စွမ်းနိုင်သမျှ ကူညီပြီး စောင့်ရှောက်ပေးနိုင်တာပဲရှိတယ်လေ။ ဒါကြောင့် နင်တို့လည်း ဘာသာရေးကို လေးလေးစားစား လုပ်ကြပါ"

"ကလေးအတွက်ကိုတော့ စိတ်ချပါတယ်။ ကျွန်မတို့မှာ ကလေးကို လွမ်းလို့ ကြာကြာနေချင်ပေမယ့် ဆရာတော် ညွှန်ကြားသမျှအချိန်ပဲ နေခွင့်ရှိပါတယ်။ ခုတောင် လာနိုင်ဖို့ ဖြစ်သလို ထလာခွင့်မရှိဘူးလေ။ ဥပုသ်အဓိဋ္ဌာန်နဲ့မှ ကလေးဆီလာခွင့်ရှိပါတယ်။ ဒါတောင် ဆရာတော်က စည်းနဲ့ဘောင်နဲ့ သူ့ကာလနဲ့ချိန်ကိုက်ပြီး ရွာကနေဝင်ထွက်နိုင်းခြင်းဖြစ်တယ်"

"ဒီဆရာတော် အတော့်ကို တော်တာနော်။ တို့များငယ်စဉ်ကတည်းက တောအကျင့်၊ တောင်အကျင့် စခန်းတွေ အတော်ပေါက်မြောက်ထားတာ။ လူသူ အသိမခံတာများတယ်။ နင်တို့နဲ့ ပဋ္ဌာန်းဆက်နီးစပ်တာရယ်၊ ဒီကလေး သာသနာ့အမွေဆက်ခံဖို့အတွက် တာဝန်ရှိပုံရတယ်။ ဒါ့ကြောင့် သေသေချာချာ စောင့်ရှောက်ပေးတာဖြစ်မယ်"

"အေး ...ငါ့တူနဲ့တူမ အခုလို ကိုယ့်သားကို စိတ်က မခွဲရက်တာ ကိုယ်ချင်းစာပါတယ်။ ကလေးကလည်း မပြောလို့သာ တစ်ခါတစ်ခါ မှိုင်တွေနေရင် ငါ့မှာ အာရုံပြောင်းပေးနေရတာပါအေ"

ဒေါ်ကြာဖြူကလည်း ကလေးအပေါ် အတော်ကြီး သံယောဇဉ်ကြီးရှာပါသည်။ မွေးဖွားပေးရတာကတစ်ယောက်။ ကြီးပြင်းအောင် စောင့်ရှောက်ပေးရတာကတစ်ယောက် ဖြစ်နေသည်။

အဖေရော အမေပါ ပြန်မည်ဆိုတော့ ကလေးပီပီ ငိုတော့သည်။ သားမျက်ရည်ကျတော့ အမေကလည်း မျက်ရည်ကျပြန်ရော။ ဖအေကမြင်ပြီး မျက်ရည်ဝိုင်းပြန်သည်။ ဘထွေး အရီးတွေပင် မြင်ရုံနှင့် စိတ်မကောင်းကြ။

"အမေတို့က သားကို မချစ်လို့လားဟင်"

ဟု မေးလိုက်သည့်စကားကြောင့် သင်းမြရင်ထဲ မချိတင်ကဲ ခံစားရတော့သည်။ သားဖြစ်သူ၏ ပါးနုစ်ဖက်ကို စူးနင့်အောင်နမ်းကြူရင်း မျက်ရည်လည်ရွဲနှင့် ပြောမိတော့သည်။

"သားလေးရယ် ...အမေလေ သားကိုချစ်လွန်းလို့ ခွဲနေရတာပါကွယ်။ သားလေး အသက်ရှင်ရပ်တည်ဖို့ အမေတို့ကလေ စိတ်ဆင်းရဲခံပြီး ဘထွေးတို့ဆီ ပို့ထားရတာပါ။ ခုတော့ အမေပြောတဲ့စကား သားလေး နားလည်မှာ မဟုတ်ပါဘူး။ ရွာက ဆရာတော်ဘုရားက သားကိုခေါ်လို့ရပြီဆိုရင် ချက်ချင်း လာခေါ်ပါ့မယ် သားလေးရယ်နော်။ ခုတော့ သားလေး မြို့ကျောင်းမှာ စာတွေသင်ရစ်ပါ။ အမေတို့ရွာမှာ ကျောင်းမရှိတော့ သားလေး စာမတတ်ဘဲနေပါ့မယ်။ ဟုတ်ပြီလား။ အမေနဲ့ အဖေက ဒီသားလေးတစ်ယောက်တည်းရှိတာ။ ချစ်တာပေါ့ကွယ်။ နောက်နှစ် ကျောင်းတက်ရရင် အမေတို့ ကျောင်းလိုက်အပ်ပေးမယ်နော် သားလေး"

ကလေးခမျာ နားလည်လား၊ နားမလည်လားမသိ။ ခေါင်းလေးညိတ်ကာ နားထောင်ရှာလေသည်။

မောင်ကဏ္ဍလေးကတော့ အဖေနှင့်အမေကို နောက်ဘက်မှ မျက်စိတစ်ဆုံး သံယောဇဉ်မကုန်နိုင်စွာ ငေးမောရင်း ကျန်ရစ်ခဲ့လေသည်။

★ ★ ★

## အခန်း(၁၅)

ဦးဘစိန်ကတော့ ရာသက်ပန် ဥပုသ်သီတင်း ဆောက်တည်ကာ အဓိဋ္ဌာန်စခန်းဖြင့် ဆရာတော့်အနီးမှာ ဝေယျာဝစ္စပြုရင်း ကျောင်းမှာပင် နေ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။

မောင်ကဏ္ဍလေးပင် အသက်ဆယ့်နှစ်နှစ်အရွယ် ကျောင်းသားဘဝသို့ ရောက်ရှိလာချေပြီ။

လူ့သဘော လူ့သဘာဝအရ ကြာလာတော့ ဖြစ်ပျက်ကြုံတွေ့ခဲ့သော နိမိတ်ဆိုးများကို မေ့လျော့သတိမမူမိ ဖြစ်လာကြသည်။

သင်းမြလည်း သားနှင့်ခွဲနေရတာ နေသားထိုင်သား ကျနေပြီဖြစ်၍ ပူဆွေးလွမ်းဆွတ်မှုများ နည်းနည်းငြိမ်လာပြီဖြစ်သည်။

တစ်နေ့ ....။

အခွင့်ကြုံခိုက် အကွက်ကောင်းစောင့်နေသူ ရန်ငြိုးကြီးသူတို့၏ ကလဲ့စားလက်နက်က လူကသာ မေ့ပျောက်သွားမည်။ ထိုလောကရှိ သတ္တဝါတို့က မေ့ပျောက်နိုင်ခြင်း မရှိချေ။

အကြောင်းကား သူတို့ဘက်တော်သား လူ့လောကရောက်ရှိတာ အဆက်အသွယ် မရတော့သဖြင့် ဒုက္ခပေးရန် စောင့်ဆိုင်းချိန်နှင့် ဒီဘက်က သတိပေါ့လျော့ချိန်မှာ ချိန်ကိုက်မိုးထိသကဲ့သို့ အရှိန်အင်အားပြင်းစွာ ဝင်ရောက်လာတော့သည်။

ချွေးသံရွှဲရွှဲနှင့် ကျောင်းပေါ်ပြေးတက်လာသော အိမ်နီးချင်းက ဦးဘစိန်ထံ အကြောင်းကြားလာတော့သည်။

"သင်းမြ ပိုးကိုက်လို့ ... သင်းမြပိုးကိုက်လို့ ဆေးရုံမှာ"

ထိုစကားကို ဆရာတော် ကြားလိုက်သဖြင့် ကျက်သရေခန်းမှ ထွက်လာကာ နားထောင်လိုက်ပြီး -

"ဒကာစိန် မြေးမောင်ကဏ္ဍကို နောက်တစ်ရက်မကူးခင် ရောက်အောင်ခေါ်ပြီး ဆေးရုံကိုလာခဲ့ကြ။ ကျုပ်ဆေးရုံကစောင့်နေမယ်။ ကလေးကို ခေါ်လာခဲ့ရင် ဟောဒီက ကျုပ်ရဲ့သက်နှံစကို ခေါင်းပေါင်းပြီးမှ ခေါ်ခဲ့။ မင်းတို့လူနာကို အင်္ဂလိပ်နည်းနဲ့ ကုလို့မရနိုင်ဘူး။ သူ့အမေကို သူ့သားကယ်တင်မှရမယ် ကြားလား"

"တင်ပါ့ဘုရား"

"ကဲ ... တုံ့ဆိုင်းမနေနဲ့။ တစ်ယောက်ယောက်ကို ကားလှမ်းအထိလိုက်ပို့ခိုင်း။ ညတွင်းချင်းရောက်လာရင် ပိုကောင်းတယ်"

"ဒါဆို ထပည့်တော် အခုပဲသွားပါ့မယ်ဘုရား"

ကမန်းကတန်း ဆရာတော်အားဦးချပြီး ဦးဘစိန် ညီဖြစ်သူရှိရာ မြို့ငယ်လေးသို့ အရေးတကြီးရောက်ရှိလာပါသည်။ ကားကိုလည်း စင်းလုံးငှားကာ ခေါ်ထားလိုက်သည်။

အစ်ကိုဖြစ်သူ ဆိုက်ရောက်လာပုံမှာ အရေးတကြီးနိုင်လှသဖြင့် ဦးထွန်းစိန်လင်မယားပင် ထိတ်လန့်နေမိသည်။

"သင်းမြ ပိုးထိလို့။ အဲဒါ ဆေးရုံမှာ ကလေးကို နောက်တစ်ရက်မကူးခင် အမြန်ခေါ်ခဲ့လို့ ဆရာတော် မှာလိုက်တယ်။ သူ့အမေအသက်ကို သူ့သားကယ်မှ ရမယ်တဲ့။ ကလေးက လိုက်ချင်တယ်ဆိုမှ ခေါ်ခဲ့ရမယ်တဲ့"

ဒေါ်ကြာဖြူ ရင်ဘတ်ပေါ် လက်ကလေးဖိကာ ...

"ဘုရား ... ဘုရား အတော်အငြိုးကြီးတဲ့ သတ္တဝါတွေပါလား"

"အေးကွယ် ... ဒီလောက် နှစ်ကာလကြာတာတောင် မေ့မသွားကြဘူး ဒုက္ခ ... ဒုက္ခ"

မောင်ကဏ္ဍလေးက အဘိုးဖြစ်သူ ပေါင်ပေါ်တက်ထိုင်ရင်း ...

"အမေ ဘာဖြစ်လို့လဲ အဘိုး"

"သားအမေ ဆေးရုံပေါ်မှာ နေမကောင်းလို့။ အဲဒါ သားလိုက်တွေ့ချင်လား။ အမေ့ကိုတွေ့ချင်လား"

မောင်ကဏ္ဍ ခေတ္တမျှ ဘထွေးအရီးထွေးတို့ကို လှမ်းကြည့်ပြီး -

"လိုက်ချင်တယ်"

မောင်ကဏ္ဍ၏ နှုတ်ထွက်စကားကြားမှ အားလုံး စိုးရိမ်သောက စိတ်အလုံးကြီး ကျသွားရတော့သည်။

"ကဲ ... သား လိုက်မယ်ဆို အဘိုးက ကားငှားထားတယ်ဗျာ။ သားရဲ့ခေါင်းမှာ ဒီသင်္ကန်းစလေး ခေါင်းပေါင်းပေးမယ်။ မဖြုတ်ရဘူးနော်"

"ဟုတ်ကဲ့"

ဦးဘစိန်၊ မောင်ကဏ္ဍတို့နှင့်အတူ ဦးထွန်းစိန်၊ ဒေါ်ကြာဖြူတို့ပါ လိုက်ပါလာကြသည်။

တစ်လမ်းလုံး ဦးဘစိန် သမီးဖြစ်သူအပေါ် မေတ္တာလှမ်းပို့နေရသည်။

ဆေးရုံသို့ ကားထိုးဆိုက်လိုက်တာနှင့် မျှော်နေကြသော ရွာမှ လူအချို့ ပြေးထွက်ကြိုလာကြသည်။

"ဆရာတော် ရောက်နေတယ် ကိုဘစိန်"

ကလေးလက်ကို ဆွဲကာ ဆေးရုံထဲသို့ အပြေးဝင်လိုက်သည်။

ခုတင်ထက်ဝယ် မေ့မျော၍ မြွေဆိပ်တက်နေသော သင်းမြကို မြင်တာနှင့် ကလေးက ငိုတော့သည်။

မည်မျှပင်ဝေးနေပေမယ့် အမေဆိုသောအသိ မေတ္တာစိတ်ကြောင့် မောင်ကဏ္ဍ ဝမ်းနည်းပို့ရှိုက်ရလေသည်။

"သားလေး ... ဆရာတော်ကို ကန်တော့လိုက်ဦးလေ"

www.burmeseclassic.com

နံဘေးကပိုင်းသတိပေးမှ ကလေးက ဆရာတော်အား မော့ကြည့်ကာ ဦးချရှိခိုးတော့သည်။ ဆရာတော်မှ မောင်ကဏ္ဍခေါင်းလေးကိုပွတ်ပြီး ...

"လူကလေး စိတ်အေးအေး ထားနော်။ မင်းရဲ့အမေကို အသက်ရှင် စေချင်လား"

"ရှင်စေချင်ပါတယ်"

"အကောင်းပကတိ ပြန်ဖြစ်စေ ချင်လား"

"ဖြစ်စေချင်ပါတယ်"

"ဒါဆို ဘုန်းဘုန်းခိုင်းတဲ့အတိုင်း လုပ်နိုင်မလား"

"သားက ခိုင်းတာလုပ်ပေးရင် အမေတကယ်နေပြန်ကောင်းမှာလား"

"ဒါပေါ့ လူကလေးရဲ့"

"ဒါဆိုရင် သားလုပ်ပါ့မယ်။ ဘုန်းဘုန်း ခိုင်းချင်တာခိုင်းပါ"

မောင်ကဏ္ဍလေးသည် အရွယ်နှင့်မလိုက်အောင် လိမ္မာရေးခြား ရှိပေသည်။ ကလေးထံမှ ကတိခံယူပြီးတာနှင့် ဘိုးအေနှင့် ဖခင်ထံ ကတိတောင်းပြန်သည်။

"ဒကာစိန်ကော သမီးဖြစ်သူကို ပြန်ကောင်းစေချင်သလား"

"ကောင်းစေချင်ပါတယ် ဘုရား"

"ဒကာဖိုးတူးကရော ဇနီးကို ပြန်ကောင်းစေချင်သလား"

"ကောင်းစေချင်ပါတယ် ဘုရား"

"ကောင်းပြီ။ ဒကာမလေး ပြန်ကောင်းလာအောင် မောင်ကဏ္ဍက ကုပေးလိမ့်မယ်။

သို့သော် ပြီးတာနဲ့ ဒီကလေးကို ဘုန်းကြီးထံ အပြီးပေးအပ်ရမယ်။ ကတိပေးနိုင်မလား"

"ပေးနိုင်ပါတယ် ဘုရား"

ယောက္ခမနှင့်သမက် ပြိုင်တူဖြေလိုက်ကြသည်။

"မွေးစားမိဘများကရော"

"ပေးပါ့မယ်ဘုရား"

"သာဓု ... သာဓု ... သာဓု"

ဆရာတော်သည် မောင်ကဏ္ဍ၏ဦးခေါင်းပေါ် လက်တင်ပြီး ဂါထာမန္တန်တော်များကို ရွတ်ဖတ်ပေးလေသည်။ ထို့နောက် ...

"ကဲ ... လူကလေး၊ မင်းရဲ့ ပါးစပ်နဲ့ မင်းအမေရဲ့ ခြေထောက်က အနာပေါက်ဝကိုစုပ်ယူပေးရမယ်နော်"

ဆရာတော်ပြောသမျှ မောင်ကဏ္ဍလေးမှာ လက်အုပ်ချီနာခံလျက် သူ့မိခင်၏ မြွေဆိပ်ဝင်ထားသော မြွေအစွယ်ဒဏ်ရာ အပေါက်ဝကို ငုံ၍စုပ်ယူစေသည်။ အတန်ကြာမျှ စုပ်ယူနေစဉ် ခုတင်ထက်မှ လူနာမှာ ပြန်လည်လှုပ်ရှားစပြုလာချေပြီ။ တလူးလူး တလွန့်လွန့်ဖြင့် သတိရလာသော လူနာကိုကြည့်ပြီး ဆရာတော်မှ ...

"တော်ပြီ လူကလေး"

ဟု မိန့်လိုက်မှ မောင်ကဏ္ဍလေး ခေါင်းမော့လာနိုင်သည်။

သို့သော် ... မောင်ကဏ္ဍနှုတ်ခမ်းထက်မှ မြွေစွယ်လေးနှစ်ခုက မြွေကိုက်ဒဏ်ရာရသော အစွယ်ပေါက်နှစ်ခုမှာ စိုက်ဝင်ကျန်ခဲ့လေတော့သည်။

"ဟာ ... သားရဲ့သွားစွယ် နှစ်ခု ကျွတ်ကျန်ခဲ့ပြီ"

ဟု အလန့်တကြား မောင်ကဏ္ဍအော်သံကြောင့် ဆရာတော်ကပင် ..

"နေ ... နေ လူကလေး၊ အဲဒါ ပြန်မယူနဲ့တော့။ ဒီဟာကို ဆရာတော့်ထံ လှူလိုက်နော်"

"တင်ပါ့ဘုရား"

"ကဲ ... ဒကာဖိုးတူး၊ အဲဒီ အစွယ်ကို ဟောဒါလေးနဲ့ခွဲနုတ်လိုက်။ ပြီး ဒီဘူးလေးထဲထည့်"

ဆရာတော်မိန့်သမျှ ဖိုးတူးက ဆောင်ရွက်ပေးနေသည်။ ထိုအဖြစ်အပျက် အားလုံးကို ဝိုင်းဝန်းကြည့်နေသူများမှာ အသံပင်မထွက်ရဲ၊ တိတ်ဆိတ်လို့နေသည်။

သင်းမြ သတိကောင်းကောင်း ရလာကာ ဆရာတော်ကို မြင်တွေ့ရသဖြင့် ထထိုင်ကာ ကန်တော့လေသည်။ သားမောင်ကိုပါ မြင်တွေ့လိုက်ရသဖြင့် ခုနကဝေဒနာခံစားနေရသူနှင့်ပင် မတူတော့ချေ။

"ကဲ ... ကျုပ် ကူညီစရာကိစ္စပြီးလို့ ပြန်ကြွမယ်။ ဒကာစိန် ပွဲပြီးရင် ကတိတည်ပါစေနော်"

"တင်ပါ့ဘုရား ... ဟဲ့ ဖိုးတူး ဆရာတော်ပြန်ဖို့ စီစဉ်ဦး"

ဦးဘစိန်ခမျာ ဆရာတော့်ကို ကျေးဇူးလည်းတင်၊ ပို၍ ကြည်ညို၊ လေးစားစိတ်ကြောင့် အစစ မပင်ပန်းစေချင်၍ ဖြစ်သည်။ သို့ပေမယ့် ဆရာတော်က ...

"နေပါစေ ဒကာစိန်ရယ်။ လာတာလည်း ကျုပ်ဘာသာကျုပ် လာတာပါ။ ပြန်တာလည်း ကျုပ်ဘာသာကျုပ် ပြန်ပါရစေ၊ ကျုပ်အတွက်က ယာဉ်ရထား မလိုပါဘူးကွယ်၊ စိတ်က မှန်းရင် ဖြစ်ပါတယ်"

ပြောပြောပြီးပြီး တောင်ဝှေး တဒေါက်ဒေါက်နှင့်ထွက်ခွာသွားသော ဆရာတော်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် တော်တော်ဝေးဝေးသို့ ခရီးရောက်နေပေသည်။

လူလည်း အနာသက်သာနေကောင်း



www.burmeseclassic.com

www.burmeseclassic.com

ပြီမို့ သင်းမြလည်း ဆေးရုံက ဆင်းလို့ရသည်။ အပြန်လမ်းမှာတော့ အားလုံး သိုက်သိုက်ဝန်းဝန်းနှင့် ပျော်ရွှင်စွာ ရွာသို့ ပြန်လာကြတော့သည်။

တွေ့သည့်လူတိုင်းကတော့ ထို အဖြစ်အပျက်ကို တအံ့တသြ ပြော၍ မဆုံးနိုင်ကြ။ မြွေလူသားလေးပါလာ တယ်ဆိုပြီး အိမ်လုံးပြည့် ညှော်သည် များလာလိုက်ကြတာ။ လူမမာသတင်း မေးတာထက် မောင်ကဏ္ဍာကို လာ ကြည့်ကြတာက များလေသည်။

သင်းမြမှာလည်း သူမြွေကိုက် ခံစားရသည့် ဝေဒနာကိုပင် သတိမရ ရှာပေ။ သားကိုပွေ့ဖက်ထားရင်း အပျော် ကြီး ပျော်နေပေသည်။

ဘိုးအေဖြစ်သူကလည်း ကွမ်း တမြုံ့မြုံ့ဝါးရင်း …

"ငါ့မြေးက အမေကိုကယ်တဲ့ အာဇာနည်ကွ"

ဟု လက်သီးလက်မောင်းတန်း ကာ ဂုဏ်ယူဝင့်ကြွားစွာ ပြောနေလေ သည်။ ဖိုးတူးကတော့ သားမျက်နှာ တစိမ့်စိမ့်ကြည့်ကာ လိုအပ်သမျှ လုပ် ပေးနေတော့သည်။

ဘေးအနီးရှိ လူတွေကလည်း အခုမှ ပြန်ပေါင်းဆုံရသည့် မိသားစု ကိုကြည့်ပြီး ဝမ်းသာမျက်ရည်လည် ကြနှင့် အပျော်တွေ ပြည့်ဝနေကုန် သည်။ တော်တော်နှင့် မအိပ်စက်နိုင် ကြဘဲ မောင်ကဏ္ဍာအကြောင်းကို ပြောမဆုံးနိုင် ဖြစ်နေကြတော့သည်။

နောက်တစ်နေ့ မနက်မှာတော့ ကန်တော့ပွဲပြင်ဆင်ကာ ဆရာတော် ထံ သွားရောက်ကန်တော့ကြလေ တော့သည်။

ဆရာတော်က ပြုံးရွှင်စွာ နှုတ် ဆက်ရင်း …

"မြွေလူသားလေး ပါလာတာ ကိုးကွဲ့"

"တင်ပါ့ဘုရား"

ကလေးငယ် ဦးချတာနှင့် ဆရာ တော်က ခေါင်းပေါ်လက်တင်ပေးပြီး ရွတ်ဖတ်ပေးတော်မူသည်။

"ဝမ်းသာပေတော့ ဒကာစိန်။ ဒကာကြီးမိသားစုဝင်အားလုံး နတ်မြွေ များရဲ့ ကျိန်စာသင့်ဘေးက လွတ် ကင်းကြကုန်ပြီ။ သို့ပေမယ့် ဒကာစိန် ကတော့ ပြုမြဲတိုင်း ကုသိုလ်ကောင်းမှု ကို မလျော့ပါးအောင် ယခုအတိုင်းပဲ ကျင့်သုံးဆောက်တည်ပါ။ မောင်ကဏ္ဍာ လေးဟာ သာသနာပြုရမယ့် ပုဂ္ဂိုလ် ဖြစ်လေတော့ ကျုပ်သားတပည့်အဖြစ် တောင်းခံထားတယ်။ ဒီတော့ ကတိ ပေးထားတဲ့အတိုင်း တည်ကြမှာလား"

ဆရာတော်၏ တည်ကြည်လေး နက်တဲ့စကားကိုနားခံရင်း "တည်ပါ တယ်ဘုရား"ဟု မဆိုင်းမတွပင် ပြန် ဖြေလိုက်ကြတော့သည်။

"ဆရာတော် အလိုရှိသလို ခိုင်း စေပါဘုရား။ တပည့်တော်မြေးကိုအပ် ပါတယ်"

"တပည့်တော်ရဲ့သားကို ကတိ အတိုင်း အပ်ပါတယ်ဘုရား"

"တပည့်တော်မတို့ရဲ့ အသက် သခင် ကျေးဇူးရှင်သည် ဆရာတော် ဖြစ်တာမို့ တပည့်တော်မက ကလေး ကို မွေးရုံမွေးတာပါဘုရား။ ဆရာ တော်သာ မကယ်ခဲ့လျှင် ကလေး လည်း လူ့ဘဝသက်တမ်းတို့၊ တပည့် တော်တို့လည်း သေတာကြာလှပါပေါ့

ဘုရား။ ဒါကြောင့် … တပည့်တော် နှမြောတွန့်တိုစိတ် အလျဉ်းမရှိဘဲ သားကို အပ်ပါတယ်ဘုရား"

မိသားစုတွေ အတိုင်အဖောက် ညီလေသည်မို့ ဆရာတော် အထူး ပြောဖွယ်ရာပင် မရှိ။

"ကောင်းပြီ။ မနက်ဖြန်ကစလို့ ငါ့ကျောင်းရိပ်မှာ မောင်ကဏ္ဍာ ငါ့ ကျောင်းသားအဖြစ် အပြီးတိုင် လာ ရောက်စေ။ ဒီကနေ့ကတော့ မိဘများ နှင့် တဝကြီးနေစေဖျား"

ဆရာတော့် စကားအဆုံးမှာ တော့ ဦးဘစိန်မှစ၍ အားလုံး အပြုံး ကိုယ်စီနှင့် ဖြစ်လို့နေသည်။

အိမ်ရောက်တော့လည်း အတွေး တွေနှင့် သင်းမြတစ်ယောက် ပြုံးရွှင် နေသည်။ နံနက်စာ ထမင်းလက်ဆုံ စားရင်း …

"အဘ အခုစားရတဲ့ ထမင်းပိုင်း လောက် ပျော်စရာကောင်းတာ မရှိ ဘူးနော်အဘ။ သမီးရဲ့စိတ်ထဲမှာ တင်းကျပ်လေးလံနေတဲ့ စနိုးစနောင့် ထိတ်လန့်ခြင်းတွေ မရှိတော့ဘူး။ နေရ ထိုင်ရတာ ပေါ့ပါးနေတယ်"

"ဟုတ်ပါရဲ့အဘရယ်။ အရင်က ဆို လူက နေသာနေရ၊ သွားသာ သွားနေရတယ်။ ဘယ်အချိန် ရန်သူနဲ့ ရင်ဆိုင်ရမလည်းဆိုတဲ့ စိုးထိတ်တဲ့ စိတ်နဲ့ အိပ်ကောင်းခြင်းမအိပ်ရ၊ စား ကောင်းခြင်းမစားရ၊ သွားကောင်းခြင်း မသွားရနဲ့ ပျော်ကိုမပျော်နိုင်တာ"

"အဘလည်း အတူတူပါပဲကွယ်။ ကြေကွဲဝမ်းနည်းစိတ်နဲ့ စိတ်ဒုက္ခက် မနည်းကြီး ဖြေသိမ့်နေခဲ့ရတာ … ခုတော့ မြေးလေးနဲ့လည်း နီးနီးကပ်



www.burmeseclassic.com

www.burmeseclassic.com

ကပ် နေရမယ်ဆိုတော့ ဝမ်းသာစိတ်က ပြောမပြနိုင်လောက်အောင်ဘဲ"

မောင်ကဏ္ဍလေးကတော့ ထမင်းဝိုင်းမှာ အဘိုးဖြစ်သူ၊ အဖေ၊ အမေဖြစ်သူတို့ ပြောစကားကို နားထောင်ရင်း တစ်ယောက်တစ်လက် ခွံ့ကျွေးသော ထမင်းလုတ်တို့ကိုစားနေရင်းက

"အဘိုး .. သားကတော့ ဒီနေ့စားရတဲ့ထမင်းက အရသာအရှိဆုံးပဲဗျ"

"ဟား ... ဟား ဒီကောင် ခုမှကလေးလုပ်ရတာကိုး"

ဘိုးအေဖြစ်သူက သဘောကျစွာရယ်ရင်း မအေက သားဖြစ်သူမျက်နှာကို ငေးကြည့်ကာ ...

"ငါ့သားလေးက သာသနာပြုပုဂ္ဂိုလ်တဲ့။ ဘယ်လို သာသနာပြုလေမလဲလို့ အမေ မသေခင် မြင်ချင်စမ်းပါဘိနော်"

သင်းမြကတော့ ဝမ်းသာပီတိအသံနှင့် အနာဂတ်မှာ သားဖြစ်သူအတွက် ကြိုတင်စိတ်ကူးနေမိပြန်တော့သည်။

ယခုလို ကြည်နူးဖွယ်မြင်ကွင်းမျိုး လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်ကစ၍ ပျောက်ကွယ်ခဲ့ရသည် မဟုတ်ပါလား။

★★★

## အခန်း(၁၆)

မောင်ကဏ္ဍ ဝိဇ္ဇာကျောင်းတက်ပြီ ...။

"လူကလေး ဒီနေ့ကစလို့ ဆရာတော်အနီးမှာ အတူတူနေရမယ်။ အိပ်စက်တာတောင် ဆရာတော်ရဲ့ ကျက်သရေခန်းမှာပဲ အိပ်စက်ပါ"

"တင်ပါ့ဘုရား"

"ဒကာစိန် ...ဒီကလေးရဲ့ လာခဲ့တဲ့ ဇာတိဘဝရော ဗြိုဟ်ခွင်နက္ခတ်အရ ကလေးချင်းတူပေမယ့် နေမှုထိုင်မှု စရိုက်မတူတာ သတိထားမိလား"

"မှန်ပါတယ်ဘုရား"

အိမ်သို့ ပြန်ရောက်လာသော မြေးဖြစ်သူသည် အခြားကလေးများကဲ့သို့ အအိပ်မက်၊ အစားမက် အဆော့သန်တာ မရှိ။ ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်တာမျိုးကို ပုံစံတကျ လုပ်ကိုင်ဆောင်ရွက်တတ်လေသည်။

ယခုလို မြေးအဖိုးတန်လေးကို ရခြင်းမို့ ဝမ်းသာဂုဏ်ယူမိလေသည်။

"မယုံစောင့်ကြည့် ဒကာစိန်။ ဒီကလေး ကျုပ်ဆီက ဝိဇ္ဇာမဟာဒွိကျမ်းကို ပိုင်ပိုင်နိုင်နိုင်ရတဲ့ ယောကျ်ားကောင်းပဲ ဖြစ်လိမ့်မယ်"

"ယုံပါတယ်ဘုရား"

"အိမ်း ... ဒါပေမယ့် ကလေးကျောင်းမှာရှိတယ်ဆိုပြီး ဖအေနဲ့မအေ ခဏခဏ မလာကြနဲ့။ ဘိုးအေကလည်း တစ်ကျောင်းတည်းနေတာဆိုပြီး ခေါ်ခေါ်ပြီး ကျွေးတာမွေးတာမပြုနဲ့ ကြားရဲ့လား"

"ကြားပါတယ် ဘုရား"

"အေး ... ဒါဆို ပြန် ဘဲတော့။ မောင်ကဏ္ဍ ခုနက ဘုန်းဘုန်းပြောတာ မင်းလည်းလိုက်နာရမယ်နော်"

"တင်ပါ့ဘုရား"

လိုရင်းတိုရှင်း ပြောတတ်သော ဆရာတော်၏ အတွင်းမနောကို နားလည်ထား၍ သင်းမြတို့လင်မယား ထပြန်လာခဲ့သလို ဦးဘစိန်လည်း ကျောင်းအနောက်ဘက်ရှိ သူနေထိုင်ရာ ဇရပ်ဆောင်သို့ ထွက်လာခဲ့တော့သည်။

မောင်ကဏ္ဍလေးကတော့ အိမ်သားတွေကို စောင်းငဲ့၍ပင် မကြည့်။ ဆရာတော်ရှေ့မှာ ပုဆစ်တုပ်ထိုင်ကာ ဆရာတော်မိန့်လာမည့် စကားကို နာခံရန် အသင့်ဖြစ်နေတော့သည်။

"မောင်ကဏ္ဍ"

"ဘုရား"

"လူကလေး အတန်းကျောင်း ဘယ်အထိ သင်ကြားခဲ့သလဲကွယ့်"

"သတ္တမတန်းအထိပါ ဘုရား"

"ဘုန်းကြီးစာ ပြောင်းသင်ရင်ကော သင်နိုင်ပါ့မလား"

"အရှင်ဘုရား မိန့်ကြားက သင်ပါ့မယ်ဘုရား"

"လောကစာ ဖတ်တတ်ပြီပဲ။ ဘုန်းဘုန်းရဲ့ ဝိဇ္ဇာမဟာဒွိကျမ်းရှုနည်းကို သင်ပေးမယ်။ ဖတ်လည်း ဖတ်ရမယ်၊ မှတ်လည်းမှတ်ရမယ်။ ဒါမှ အကျင့်မှန်၊ လမ်းမှန်ရောက်မယ်"

"တင်ပါ့ဘုရား တပည့်တော် ကြိုးစားပါ့မယ်"

"အေးလေ ... လူကလေးက ပါရမီဓာတ်ခံ ရှိပေတော့ သင်တာနဲ့ တတ်၊ မြင်တာနဲ့ ကြားတာနဲ့ နားလည်မှာပါ။ ဝိဇ္ဇာခရီးမှာ ဒုံးဝေးလို့ မရဘူးကွ"

"မှန်ပါ့ဘုရား"

ဆရာတော်၏ စည်းမျဉ်း၊ စည်းကမ်းအောက်မှာ မောင်ကဏ္ဍ လိုက်နာလေသည်။ နံနက်အရုဏ် အုံးမောင်း မခေါက်ခင် မောင်ကဏ္ဍ ထရလေသည်။ ဆရာတော်၏ ဘုရားခန်း ဝေယျာဝစ္စကို ဆောင်ရွက်နေတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆရာတော် တရားရှုမှတ် အားထုတ်ချိန်မှာ မောင်ကဏ္ဍာ တံခါးဝမှ စောင့်ကာ ဘုရားရှိခိုး၊ ပုတီးစိပ်ကာ တရားအားထုတ်ပွားများရသည်။

နေ့ဘက် ဆွမ်းစားပြီးချိန်မှာ ခေတ္တမျှ နားခွင့်ရပြီး နေ့လယ်ခင်း ၂ နာရီကစ၍ ဝိဇ္ဇာကျင့်စဉ် ကျမ်းစာပေများကို ဖတ်၊ မှတ်နေရသည်။

ညစဉ် ၉ နာရီ ကျောင်းမှာ ဘုရားဝတ်တက်ပြီးလျှင် အခြားကျောင်းရှိကလေးများ၊ ကိုရင်များကဲ့သို့ စိတ်ချလက်ချ အိပ်စက်ခွင့်မရှိ။ ဆရာတော် ကမ္မဋ္ဌာန်းရှုမှတ်ပွားများရာသို့ လိုက်ပါရလေသည်။

တရားထိုင် နည်းစနစ်ကိုလည်း သင်ကြားပေးလေသည်။ ဆရာတော်နှင့် လက်ပွန်းတတီးနေနေရသဖြင့် ကလေးသဘာဝ အိမ်ပြန်ပြေးချင်စိတ်ပင်မရှိ။ ရုပ်+နာမ်တို့၏ ဖြစ်ပျက်မှု၊ နာမ်လောကသားတို့၏ အပြစ်အကျိုးတို့ကို ဆင်ခြင်ပွားများ ထိတွေ့လာရသည့်အခါ ပိုမိုသိချင် နားလည်ချင်လာတော့သည်။

လူကသာကလေးအရွယ် ပညာအသိကတော့ အောက်တန်းမကျဘဲ တဖြည်းဖြည်း နားလည်သဘောပေါက်လာနေသည်။

"လူကလေး သိဒ္ဓိ၊ မဟိဒ္ဓိ၊ ဝိဇ္ဇာတို့ရဲ့ စွမ်းရည်ဆိုတာ ဖုံးလို့လည်း မတော်၊ ဖော်လို့လည်းမကောင်းဘူးကွဲ့။ ဒါကြောင့် ဖုံးတစ်ဝက်၊ ဖိတစ်ဝက် ခရီးဆက်ကြရတာပါပဲ"

"မှန်ပါ့ဘုရား"

မောင်ကဏ္ဍာလေးကတော့ ဆရာတော်မိန့်သမျှ စာနှင့် မှတ်သားလေတော့သည်။

"ရှေးရှေးက ဆရာတော်ဘုရားကြီးတွေ ချမှတ်ခဲ့တဲ့ 'မဟာဂန္ဓာရီ အရိယာဝိဇ္ဇာလမ်းစဉ်'ဆိုတာ ရှိတယ်ကွဲ့။ ဝိဇ္ဇာတွေထဲမှာ အမြင့်ဆုံးက အရိယာဝိဇ္ဇာပဲကွဲ့။ အရိယာဝိဇ္ဇာဆိုတာ သိလား"

"မသိပါဘူး ဘုရား"

"သမထကျင့်စဉ်များ အောင်ပြီးတဲ့အခါ ဝိပဿနာအကျင့်စခန်းကူးပြီး တရားထူးရအောင် ကျင့်နိုင်မှ အရိယာဝိဇ္ဇာဖြစ်ကြရတာ လူကလေးရဲ့။ ကောင်းပြီ။ ဒီလမ်းကို လျှောက်ကြဖို့ ယူကလေးစိတ်အစဉ်မှာ အရိုးစွဲအောင် မှတ်ပေတော့။ ဘုန်းဘုန်းပြန်မေးကြည့်မှာနော်"

"တင်ပါ့ဘုရား"

"တစ်အချက် ဓမ္မကြောင့် ဖြူစင်စွာရတဲ့ ပစ္စည်းဥစ္စာကိုတောင် လိုချင်စိတ်မရှိရဘူး။ ကျန်အခြားအကြောင်းအရာနဲ့ရလာမယ့် ပစ္စည်းဆိုလျှင် ပိုဝေးသေး။

နှစ်အချက် အဖော်သဟဲ မရှာဘဲ တစ်ကိုယ်တည်း ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းရမယ်။ သူငယ်ချင်းအပေါင်းအဖော် မှီတွယ်နေလို့ မရဘူး။

သုံးအချက် အဲဒီကမ္မဋ္ဌာန်း၊ ဒါမှမဟုတ် သမထအာရုံကို နေ့စဉ် ထုံနေအောင် ပွားများအားထုတ်ရမယ်။ အချိန်ရှိနိုက် လုံ့လစိုက်။ ဝီရိယရှိရမယ်၊ ဖွဲနှဲ့ရမယ်။

လေးအချက် သီလကို ဖြူစင်စွာ မကျိုးမပေါက်အောင် စောင့်ထိန်းရမယ်။ ဘယ်သူကဆွယ်ဆွယ်၊ ဘာအကြောင်းတရားပဲကြုံကြုံ ကိုယ်စောင့်ထိန်းတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါး စသဖြင့် သီလတွေထဲက ကိုယ်စောင့်ထိန်းနေတဲ့ သီလကို လုံခြုံအောင်စောင့်ထိန်းရမယ်။

ငါးအချက် နိဗ္ဗာန်သည်သာ အားထားရာတဲ့။ ဒါကတော့ ... လူကလေးအနေနဲ့ နားမလည်နိုင်သေးဘူး။ သေသေချာချာ မှတ်လို့ထားပါ။

သမထပြီးရင် ဘာဝနာကမ္မဋ္ဌာန်းကို ကြိုးစားနေရမှာ ဖြစ်တယ်။ ဒါမှ နိဗ္ဗာန်တံခါးပွင့်မှာ ဖြစ်ပေတယ်။

နောက်ဆုံးတစ်ချက်က အကျင့်စခန်းကို ကိုယ့်ကိုယ်ကိုအားကိုးပြီး တစ်ယောက်တည်းကျင့်ရမယ်။ အဲဒီအကျင့်စခန်းအောင်မြင်ရင် တစ်ကိုယ်ကောင်းဆန်လို့ မရဘူး။ သတ္တဝါ ကယ်တင်ရပေမယ်"

နေ့စဉ် ဆရာတော်အားလပ်ချိန်မှာ ပြောဆိုဆုံးမကြားသမျှ မှတ်သားထားရသည်မှာ မောင်ကဏ္ဍာ အလုပ်သဖွယ် ဖြစ်နေသည်။

မည်သူက ခေါ်မေးမေး ဆရာတော်၏ဝေယျာဝစ္စ ဆောင်ရွက်ပေးနေရသည်ဟုသာ ဖြေဆိုခဲ့လေသည်။

"ဝိဇ္ဇာအကျင့် ကျင့်တဲ့အခါ လူမသိအောင် ကြောင်လက်သည်းဖုက်သကဲ့သို့ နေထိုင်တတ်ရတယ် လူကလေးရဲ့။ အောင်မြင်တဲ့အခါမှာတောင် ဖုံးသင့်တာဖုံး၊ ဖော်သင့်တာ ဖော်ရတယ်နော်"

ဟု ဆရာတော်၏စကားကို မြေဝယ်မကျ မောင်ကဏ္ဍာ နားထောင်ရှာသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

◆ မြနန်းရှင် ◆



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ပါဠိတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ - အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ - ကာလီဒါ့စ် (မြန်မာပြည်)

- ယတြာ ဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေစီးဆောင်လမ်းညွှန် အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၀၁-၅၄၀၇၂၀၊ ၀၉-၃၁၀၂၂၈၁၆

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက်။ ။လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)


**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၉၁၅၂၉၄၂၂

...၁၄လမ်းကြား။ ၇၀-၇၁လမ်းကြား။ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ .၀၉-၉၁၀၄၄၀၂၅

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တောကြီးတစ္ဆေ (၃)

တာတေကြီး

ယ ၁င် လ မှ အ ဆက်

## ဗုန်းဆိုးမြေကို သွေးနဲ့ဆေးသူ

ဤနေရာ၌ အနောက်ရိုးမထဲရှိ 'မြနန်း' ဆိုသော မိန်းမငယ်လေး တစ်ဦးအကြောင်းကို ဖော်ပြရန် လိုပေသည်။ ကျွန်ုပ်အရင် တောနက်ထဲသို့ ဝင်ရောက်၍ သေဆုံးခဲ့ရဖူးသော မုဆိုးတစ်ဦး ရှိလေ၏။ ထိုသူ၏ အမည်မှာ မုဆိုးကျင်ခဲ ဆိုသူဖြစ်ပြီး ရိုးမတောထဲဝယ် တောကျွမ်းသော မုဆိုးဖြစ်သလို ခြသေ့်ကဲ့သို့သော သတ္တဝါအကောင်ကြီးများတောင် ရင်ဆိုင်သတ်ပုတ်နိုင်လေ၏။

မုဆိုးကြီး ဦးလာဘနှင့် အတူပါလာသော အသက်ခပ်ကြီးကြီး မုဆိုးတစ်ဦးက ဆေးပြင်းလိပ်ကို ရှိုက်ဖွာလိုက်ပြီး. . .

"ကျင်ခဲ. . ကျင်ခဲ. . နောက်ဆုံးတော့လည်း တကျော့ပေမက သူ့ကို အနိုင်ယူသွားပေတာပဲ"

ဟု ဆိုသောအခါ ကျွန်ုပ်က. .

"လုပ်ပါဦး မုဆိုးကြီးရေ၊ ကိုကျင်ခဲ ဘယ်လိုသေတယ်ဆိုတာ ပြောပြပါဦး"

ဟု ဆိုလျှင် မုဆိုးကြီးက ဆေးပြင်းလိပ်မှ မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ပြီး. . :

"ဒီလို ငါ့တူရ. . ဒီ 'မြနန်း'ဆိုတဲ့ မိန်းမငယ်လေးအကြောင်းက လည်း မိကြတဲ့လူတွေ သယ်ဆောင်လာတာ ပါးစပ်ရာဇဝင်ကို ဖြစ်ရော"

ဟု ဆိုလေ၏။

မုဆိုးကြီးက. . .

"သီပေါ ပါတော်မူတဲ့အချိန်တုန်းက မြနန်းတို့ဟာ စော်ဘွားသမီးတွေထဲက တစ်ယောက်အပါအဝင်လေ။ ဖြစ်ချင်တော့ မြနန်းနဲ့ကြိုက်တဲ့ ရှမ်းဆရာတစ်ယောက်က လူသွေးနဲ့ ဆေးဖော်ဖို့ဆို အရှင်လတ်လတ်ဖမ်းပြီး သချိုင်းကုန်းမှာ လူတွေ ခေါ်ခေါ်သတ်ရင် နောက်ဆုံး သူ့ချစ်သူကို အနောက်ရိုးမဘက်ညာခေါ်ပြီး သတ်ပစ်ခဲ့တယ်။ ဘယ်လောက်တောင် ရက်စက်လဲဆို သူ့ချစ်သူနောက်လိုက်တဲ့ ရံရွေတော်တွေလည်း သတ်ပစ်တယ်။ နောက်ဆုံး အင်္ဂလိပ်အစိုးရက တပ်နဲ့တောင် ဖြိုယူခဲ့ရတယ်"

ဟု ဆိုလေ၏။

ကျွန်ုပ်မှာ မြနန်းအား လွန်စွာရက်စက်ခဲ့သော ရှမ်းဆရာ၏ အဖြစ်အပျက်ကို အံ့သြထိတ်လန့်စေခဲ့၏။

မုဆိုးကြီးက. . .

"ဒီလိုနဲ့တင် ပြီးသေးဘူး ငါ့တူ၊ ကျင်ခဲခမျာလည်း မြနန်းနဲ့ တောထဲမှာတွေ့ပြီး ချစ်ကြိုက်သွားခဲ့တာ နောက်ဆုံး မြစ်ထဲမျောလာတဲ့ ပုပ်ပွနေတဲ့ အလောင်းမြင်မှ ကျင်ခဲမှန်း သိရတယ်။ ကိုယ့်လူက သေတာတောင် မျက်နှာလေးပြုံးပြီး သေရှာတာဆိုတော့ မသေခင် သူတစ်ခုခု ကျေနပ်သွားပုံရတယ်"

ဟု ဆိုသောအခါ ဝိုင်းဖွဲ့နားထောင်နေသော မုဆိုးများက ရယ်မောလိုက်ကြလေ၏။

ကျွန်ုပ်မှာ ကိုယ်တွေ့ကြုံခဲ့ရသော မြနန်းအကြောင်းကိုတွေးပြီး စိတ်မကောင်း လွန်စွာဖြစ်မိ၏။ အကယ်၍များ ကျွန်ုပ်အား မုဆိုးကြီးတို့အဖွဲ့ မလာရောက်ခဲ့လျှင် ကျွန်ုပ်လည်း ရုန်း၍မရသော တကျော့နွံထဲဝယ် နစ်မြုပ်မှာ သေချာပေ၏။ ထိုဆိုး



www.burmeseclassic.com

www.burmeseclassic.com

ကျင်ခဲလို ကွန့်ပ်လည်း ပြုံး၍ သေပွဲဝင်ရမည် ဖြစ်လေ၏။

ကွန့်ပ်တို့ အားလုံးမှာ ည အမှောင်အောက်၌ မဟုတ်ဘဲ ထိန်လင်းသော လပြည့်နေ့ကြီးနှင့် ရေတံခွန်နားဝယ် မအိပ်ကြတော့ဘဲ စကားစမြည် ပြောဖြစ်ကြ၏။ ကွန့်ပ်တို့ စကားဝိုင်းအား ဦးဆောင်သူမှာ 'မြနန်း'အကြောင်းကို ဖောက်သည်ချသော မုဆိုးကြီး ဦးစံ ဆိုသူပင် ဖြစ်၏။ ၎င်းက. . .

"ကျုပ်လူတွေကလည်း မုဆိုးတွေဆိုတော့ ကျုပ် မေးခွန်းလေး တစ်ခု မေးစမ်းပါရစေ"

ဟု ဆိုလျှင် မုဆိုးများက စိတ်ဝင်စားသွားကြပြီး. . .

"မေး. . . မေး အဘစံ ကြိုက်သလောက်မေး၊ မိုးမလင်းမချင်း ဖြေမယ်"

ဟု ပြောလျှင် မုဆိုးကြီး ဦးစံက ဆေးပြင်းလိပ်ကြီးဖွာကာ ခေါင်းတဆတ်ဆတ် ညိတ်လေ၏။

"ငါသိချင်တာက တစ်ခုတည်းပါကွာ၊ ဖုန်းဆိုးမြေဆိုတာ ဘာကိုခေါ်တာလဲ"

ဟု ပြောလျှင် မုဆိုးတစ်ဦးက-

"အဘရယ်. . ဒါလေးများ ဖုန်းဆိုးမြေဆိုတာ မြေကြမ်းတယ်၊ အဲဒီမြေဟာ ကမ္ဘာပေါ်မှာ ဘာမှ အသုံးမဝင်တဲ့ မြေဖြစ်သလို ဒုက္ခအရောက်ဆုံးမြေလေ"

ဟု ပြောလျှင် မုဆိုးကြီး ဦးလာဘ ပြုံးလိုက်ပြီး. . .

"ကျုပ်သိပြီ အဘ. . ဒီညတော့ ကျုပ်တို့တွေ ပယ်ပယ်နယ်နယ် အခြောက်ခံရတော့မယ် အဘ ဆိုချင်တာမလား၊ ခု ကျုပ်တို့ ထိုင်နေကြတဲ့မြေဟာ ဖုန်းဆိုးမြေပဲ"

ဟု ပြောလိုက်ရာ အဘစံ ဆိုသော မုဆိုးကြီးက ဆေးပြင်းလိပ်ကြီးအား နီရဲနေအောင် မီးဖွာလိုက်လေ၏။ ပြီးမှ. . .

"လာဘ ပြောတာ မှန်တယ်ကွ၊ ငါတို့ ဒီည ကျိန်းသေ မြေကြီးလက်ခတ်မလွဲ ခြောက်ခံရလိမ့်မယ်၊ ကဲ ကြောက်တတ်တဲ့သူ ပါလားဟေ့"

ဟု ပြောလျှင် အားလုံး တညီတညာတည်း 'မပါဘူး' ဟု အော်ကြလေ၏။ မုဆိုးကြီး အဘစံ ပြောသလိုပင် ညနက်ပိုင်းသို့ ရောက်လာသည်နှင့် အတူပါလာသော တောလိုက်ခွေးများ၏ အူသံကို ကြားရလေ၏။ ထို့နောက် ကွန့်ပ်တို့ အနားသို့ ခဲမိုးရွာသလို တဝုန်းဝုန်းနှင့် ပစ်လေ၏။ ရံဖန်ရံခါ၌ စကားသံများ နေရာအနှံ့ ကြားသလို ကြားနေရ၏။ ဒီထက်ပိုဆိုးသည်က လွန်စွာမှ အနံ့မခံနိုင်သော ပုပ်အက်အက်အနံ့ကိုလည်း ရလေ၏။ မုဆိုးကြီးလာဘက ရုတ်တရက် ရေသောက်ဆင်းရန်လာသော မျောက်တစ်ကောင် လှမ်းတွေ့သောအခါ မြားဖြင့် လှမ်းပစ်လိုက်၏။

"ငါ့လူ. . အဲဒီမျောက် သွားကောက်လိုက်"

ဟု ခိုင်းလျှင် ကွန့်ပ်မှာ မျောက်သေကို သွားကောက်လိုက်၏။ မုဆိုးကြီးက ကွန့်ပ်လက်ထဲမှ မျောက်သေကိုယူကာ ဦးခေါင်းမှတစ်ဆင့် ခွဲချလိုက်ပြီး ထွက်ကျလာသော သွေးများကို မြေပေါ် ဖျန်းလိုက်လေ၏။ ကွန့်ပ်မှာ မုဆိုးကြီး လုပ်သမျှကို ကြက်သေ သေသလို ငေးကြည့်နေရာမှ မျောက်သွေးများ ပက်ဖြန်းပြီး မကြာမီ ကွန့်ပ်တို့အား ခြောက်လှန့်မှုမှာ ရပ်ဆိုင်းသွားသည်ကို အံ့သြစွာ တွေ့ရှိရလေ၏။ မုဆိုးကြီး ဦးစံက ပြုံးလိုက်ပြီး. . .

"လာဘ. . မင်း တော်တော် အတွေ့အကြုံများတဲ့ကောင်ပဲ၊ ဒီလိုမှ မလုပ်ရင် ငါတို့တွေအားလုံး တစ်ညလုံး ကောင်းကောင်းအိပ်ရမှာ မဟုတ်ဘူး"

ဟု ပြောလိုက်လေ၏။

ညက အအေးပိုလာသောကြောင့် အအေးဒဏ်မှ ကာကွယ်ရန် ထင်းတုံးများကို မီးထဲသို့ ထပ်ကာထပ်ကာ ဖြည့်ရလေ၏။ ပါလာသော ရိက္ခာခြောက်ထဲမှ ယုန်သားခြောက်ကိုကင်၍ အပျင်းပြေ စားသောက်ကြလေ၏။ ကွန့်ပ်မှာ လပြည့်ညကိုပင် မခံစားနိုင်တော့ဘဲ ထိုည မြန်မြန်လွန်မြောက်ပါစေ ဆိုတာကို ဆုတောင်းနေမိ၏။ ရေတံခွန်စပ်နား၌ ဟိုတွေး ဒီတွေးနေစဉ် ကွန့်ပ်အနားသို့ မုဆိုးကြီး ဦးလာဘ ရောက်လာလေ၏။ ၎င်းက. . .

"ငါ့လူရေ. . ဒီကို မလာခင်တုန်းက ငါ အိပ်မက် မက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးက ငါ့လူကို ရန်ကုန်ကို လွှတ်လိုက်လို့ ပြောနေတာယ်"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"ပေါက်ပေါက်ရှာရှာ မုဆိုးကြီးရာ၊ အိပ်မက်က အိပ်မက်ပဲ၊ ခုဟာက ကျုပ်အနေနဲ့ မုဆိုးကြီးအိပ်မက်အတိုင်း ရန်ကုန်သွားရမယ်ဆိုတော့ ယုတ္တိရှိပါ့မလား"

ဟု ပြောလိုက်ရာ မုဆိုးကြီးက-

"ငါ့လူဘက်က ယုံတာ မယုံတာတော့ မသိဘူး၊ ငါကတော့ ငါ့ကိုယ်ငါ ယုံတယ်၊ ပြောရရင်တော့ အရှည်ကြီးပဲ ငါ့လူ၊ ဥပမာလေးပဲ ပြောတော့မယ်၊ ငါ့လူနဲ့ငါ ဆုံတွေ့တဲ့ အချိန်ပြီးရင် ဘယ်ရောက်ရောက် တစ်နေ့ကို ငါ့အကြောင်း တစ်နာရီလောက် မျက်စိထဲပေါ်အောင် စဉ်းစား၊ အဲဒါမျိုး နေ့တိုင်းလုပ်ပေး။ ပြီးရင် ငါ့လူ့ရင်ထဲမှာ ပြောချင်တာတွေ ပြော(ပြ)ရပြီ"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"မုဆိုးကြီးရယ်. . လွယ်လှချေလား"

ဟု ဆိုလျှင် မုဆိုးကြီးက. . .

"လွယ်တာပေါ့ ငါ့လူ၊ ဒီနည်းက စိတ္တာ တော်တော်များများ ကျင့်တဲ့အခါ ပထမဆုံး အဆင့်ပဲရှိတယ်၊ သာမန်လူတွေလည်း ကျင့်လို့ရတယ်၊ ငါ့လူအတွက် ခရီးလမ်းမှာ ကြုံတွေ့ရသမျှ လိုအပ်မှာပဲ၊ ဒီတော့ ငါ့လူကို ဒါ လက်ဆောင်ပေးလိုက်မယ်၊ လိုက်ရွတ်ထား"

ဟု ဆိုကာ မုဆိုးကြီးမှ ပါးစပ်က နှုတ်တိုက် ရွတ်ပြလေတော့သတည်း။

*မှတ်ချက်-ဤနည်းအား 'စိတ်လွှင့် စိတ်ပြောကျင့်စဉ်' ဟု ခေါ်ပါသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံရှိ ဆာဒူးကြီးများ ကျင့်ကြံတတ်ပါသည်။ စာဖတ်သူများ သိရှိရန် အကျဉ်းချုပ် ဖော်ပြလိုက်ပါသည်။*

(စာရေးသူ)

**"စိတ်လွှင့် စိတ်ပြောကျင့်စဉ်"**

- ရှေးဦးစွာ မိမိနှင့် လွန်စွာမှ ခင်မင်ရင်းနှီးသော သူ(သို့မဟုတ်) မေ့ဖျောက်၍ မရနိုင်သူဖြစ်ဖို့ လိုပါသည်။
- ထိုသူအား စိတ်ထဲ စွဲမိစေရန် တိတ်ဆိတ်ငြိမ်သက်ချိန်၌ အာရုံထင်ဟပ်မှုရှိရန် တစ်နာရီနီးပါး ရုပ်ပုံဖော်နိုင်ဖို့ လိုပါသည်။
- နေ့စဉ်နီးပါးကျင့်၍ အာရုံဝင်စားမိတိုင်း ရုပ်ပုံပေါ်လာလျှင် မိမိ ပြောချင်သော စကားအား စိတ်နှင့်ပင် လှမ်းပြောနိုင်ပါသည်။
- အထူးသဖြင့် အိပ်စက်ချိန်၌ ကျင့်စေချင်ပါသည်။ ပြောချင်သော စကားများအားလည်း ညအိပ်စက်ချိန်မှသာပြောနိုင်ပါသည်။
- ထိုကျင့်စဉ် အောင်မြင်သွားလျှင် မိမိဘက်မှ 'စည်း' ဖောက်သော မကောင်းမှုများအား စိတ်လွှင့်စိတ်ပြော မလုပ်ရပါ။

◆

## ဝိဘစ္စပြောက်တဲ့ ဇာတ်လမ်း

ကျွန်ုပ်သည် မုဆိုးကြီးထံမှ ရန်ကုန်သို့ ထွက်လာခဲ့လေ၏။ ရိုးမတောထဲမှရသော သံသေတ္တာထဲရှိ ရွှေဒင်္ဂါးပြားများထဲမှ နိုင်သလောက်သာ ယူခဲ့ပြီး ရန်ကုန် ရောက်သောအခါ သယ်န်းကျွန်းဘက်၌ ခြံကြီး တစ်ခြံကို ဝယ်ယူခဲ့လေ၏။

ထိုခြံကြီး၏ ပိုင်ရှင်မှာ ချစ်တီးကုလားတစ်ဦးဖြစ်ပြီး ထိုချစ်တီး၏ မိန်းမဖြစ်သူက လင်ငယ်နှင့် လိုက်ပြေး၍ ချစ်တီးမှာ ကိုယ့်ကိုယ်ကိုယ် ဇွဲကြိုးချသေခဲ့ခြင်းဖြစ်၏။ ကျွန်ုပ် ခြံဝယ်မည်ဆိုသောအခါ ဗိုက်ခေါက်ထူထူ၊ သွားခေါခေါနှင့် လိပ်ခါးဖားဖင်ဟု ဆိုရလောက်သော ချစ်တီး၏မိန်းမဖြစ်သူ ဒေစီသောင်းဆိုသော အမျိုးသမီးကြီးက ၎င်း၏ လင်ငယ်နှင့်အတူ ကျွန်ုပ် တည်းခိုရာနေရာသို့ ရောက်လာပြီး. . .

"ဝယ်တာတော့ ဟုတ်ပါပြီ၊ ငါ့မောင်က နှလုံးသွေးတိုး ရှိတတ်လား"

ဟုပြောလျှင် ကျွန်ုပ်က. . .

"နေစမ်းပါဦး. . အဒေါ်ကြီး၊ ဒီအိမ်ဝယ်မှာနဲ့ သွေးတိုး နှလုံးနဲ့ ဘာဆိုင်လို့လဲ"

ဟု ဆိုသောအခါ ဒေစီသောင်းဆိုသော မိန်းမကြီးက. . .

"ဟင်း. . ဟင်း အစ်မတို့က ဘယ်တော့မှ မုသားမပြောဘူး၊ အပြစ်ဆိုလို့ လင်ငယ်ယူတာပဲ ရှိတယ်၊ ဒါလည်း အပြစ်မဟုတ်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ငါ့မောင် စဉ်းစားကြည့်လေ၊ ဒီလောက် အသားမဲမဲ၊ ဗိုက်ပူပူ အမြဲတမ်း ချွေးတွေထွက်ပြီး ညစ်ပတ်နံစော်နေတဲ့ ချစ်တီးကုလားရင်ခွင်ထဲမှာ မမက နေမလား"

ဟု ပြောသော အသံမှာပင် အော်ဂလီဆန်စရာ ကောင်းနေပေ၏။

"ကဲပါ. . . ခင်ဗျားလင်တွေ အကြောင်း ပြောမနေနဲ့တော့၊ ခင်ဗျားအိမ်မှာ သရဲပဲခြောက်ခြောက်၊ ဘယ်လောက်ခိုက်ခိုက် ကျုပ်နေမယ်၊ ဈေးပြော"

ဟု ဆိုကာ ခပ်ပြတ်ပြတ် ပြောလိုက်လျှင် ဒေစီသောင်း ဆိုသော မိန်းမကြီးက. . .

"စဉ်းစားပြောနော်် ငါ့မောင်၊ မမ ရောင်းချင်တဲ့ဈေးက မောင်လေးလို တောသူဌေးရုပ် မပေါက်တပေါက် ဝယ်နိုင်မှာ မဟုတ်ဘူးနော်၊ ရှစ်ထောင်. . . ရှစ်ထောင်"

ဟု ဆိုလိုက်လေ၏။

ကျွန်ုပ်မှာ ရွှေဒင်္ဂါးပြားများ ရောင်းထားသော ငွေစက္ကူအထုပ်ထဲမှ မရေတော့ဘဲ ငွေတစ်သောင်း ထုတ်လိုက်ပြီး. . .

"ရော့. . ပြန်လည်းမအမ်းနဲ့၊ ပြန်လည်း ဘာမှမပြောနဲ့၊ လိုအပ်တာ ကျုပ်ရှေ့နေက ပြောလိမ့်မယ်၊ နေ့ခင်းဆို ခင်ဗျားအိမ်ပေါ် ကျုပ်တက်ပြီ"

ဟု ဆိုလျှင် ဒေစီသောင်း ဆိုသော မိန်းမကြီးမှာ စကားတောင် မပြောနိုင်အောင် ဝမ်းသာလုံးဆို့သွားလေ၏။ ကျွန်ုပ်မှာ အိမ်ရှင်မိန်းမကြီးအား နောက်ထပ်ငွေတစ်ထောင် ထပ်ပေးလိုက်ပြီး. . .

"ကျုပ်ကို ကားကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တဲ့သူရယ်၊ ထမင်းဟင်း ကောင်းကောင်းချက်တတ်သူရယ်၊ ဒရဝမ်ရယ် အမြန်ရှာပေးပေတော့၊ ဒါ ခင်ဗျားကြီးအတွက် ပွဲစားခ"

ဟု ဆိုလျှင် ဒေစီသောင်း ဆိုသော မိန်းမကြီးမှာ ဘာမှမပြောနိုင်အောင် မြေပြင်ပေါ်သို့ ကိုင်းကျွမတတ် ခေါင်းကိုညိတ်ကာ ထွက်သွားလေတော့၏။

ကျွန်ုပ်မှာ ဝယ်ယူလိုက်သော ချစ်တီးပိုင် ခြံကြီးထဲသို့ နေ့ခင်းပိုင်း ရောက်ရှိချိန်၌ လွန်စွာမှ အသားဖြူပြီး ဗိုဟ်ရွဲရွဲ မျက်ပေါက်ကျဉ်းကျဉ်း တရုတ်ကြီးတစ်ဦးက တံခါးထဖွင့်ပေး၏။ ၎င်း၏ပုံစံမှာ အမြဲ အိပ်ရေးမဝသလို ပုံစံဖြစ်ပြီး အသားမဲမဲ ပိန်ပိန်ကုလားမတစ်ဦးနှင့် ကုလားတစ်ဦးကလည်း ကျွန်ုပ်ကို မြင်မြင်ချင်း. . .

"ဆလံမာလေးကွမ်း"

ဟု ဆိုကာ အလေးပြု နှုတ်ဆက်လေ၏။ ဒေစီသောင်း ဆိုသော မိန်းမကြီးက အိမ်ထဲမှ ထွက်လာပြီး-

"သူဌေးလေး ခိုင်းတာအားလုံး လုပ်ပြီးပါပြီ၊ ဟိုခြံစောင့် တရုတ်ကြီး နာမည်က ယန်စီလို့ ခေါ်ပါတယ်၊ ဟိုကုလားလင်မယားက တစ်ယောက်က ထမင်းဟင်း ကောင်းကောင်း ချက်တတ်ပြီး တစ်ယောက်က ဒရိုင်ဘာပါ၊ ဗီနူးနဲ့ ဂျမားလို့ ခေါ်ပါတယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်. .

"ကောင်းပါတယ်. . ကောင်းပါတယ်၊ တစ်ထောင်စားဖူး သူကျေးဇူး ဆိုတာတော့ သိလိမ့်မယ် ထင်ပါတယ်"

ဟု ဆိုလျှင် ဒေစီသောင်း ဆိုသော မိန်းမကြီးက. . .

"ဒီအတွက် မပူပါနဲ့ သူဌေးလေး၊ သူဌေးလေး အဆင်သင့် နေရအောင်လည်း အိမ်တွင်း ပြင်ဆင်သန့်ရှင်းရေး လုပ်ပေးပြီးပါပြီ"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"ကဲ. . ကဲ၊ ပြန်လည်းမပြောနဲ့၊ ပြန်လည်း မအမ်းနဲ့၊ ထပ်ယူသွားဦး"

ဟု ဆိုကာ ငွေစက္ကူ(၅၀၀)တန် တစ်ရွက်ကို ထုတ်ပေးလိုက်၏။ ဒေစီသောင်း ဆိုသော မိန်းမကြီးမှာ သွားများ အကုန်ပေါ်အောင် ပါးစပ်ကြီးဖြဲကာ ပြုံးပြပြီး အိမ်မှ ထွက်ခွာသွားလေ၏။

ခြံစောင့်ကြီး ယန်စီမှာ တရုတ်ဆိုသော်လည်း မြန်မာစကားကို ကမ္ဘာဝါဖတ်မလားတောင် ထင်ရလောက်အောင် ပြောတတ်၏။

"သူဌေးလေးခြံ မလုံခြုံမှာတော့ မပူနဲ့၊ တိရစ္ဆာန်တစ်ကောင် ဖြတ်ပြေးရင်တောင် မလွတ်စေရဘူး"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"တယ်ညွှန်းပါလား ယန်စီရ ခင်ဗျားက ကိုယ်ခံပညာ ကောင်းကောင်းတတ်တယ်နဲ့တူတယ်"

www.burmeseclassic.com

ဟု ပြောသောအခါ ယန်စီက-

"ပေါက်ပေါက်ရှာရှာ သူဌေးလေးရာ ကိုယ်ခံပညာ မပြောနဲ့၊ တစ်ခုခုဖြစ်လာရင် ပြေးတဲ့ပညာတောင် မတတ်ဘူး"

ဟု ဆိုကာ ရယ်မောနေလေ၏။ ပြီးမှ...

"ဒီလိုရှိတယ် သူဌေးလေးရဲ့၊ တိုက်တာခြံတွေ၊ ကားတွေဝယ်ပြီးတဲ့အခါ လူတွေက သူတို့ခြံ၊ စည်းစိမ်၊ ဥစ္စာတွေ လုံခြုံဖို့အတွက် အစောင့်တွေထား၊ အကာတွေကာနဲ့၊ ဒါဟာတကယ်တော့ အစစ်အမှန် လုံခြုံနေဖို့ပါပဲ၊ အဲဒီ လုံခြုံမှုမျိုး လူတိုင်းမှာ မရှိကြတာ မဟုတ်ဘူး၊ သတိမထားမိကြတာ သူဌေးလေးမှာ ကိုယ့်စိတ်ကိုယ် ထိန်းနိုင်တဲ့ လုံခြုံမှု ရှိတယ်ဆိုတာ ယန်စီ ကောင်းကောင်းသိပါတယ်"

ဟု ဆိုလိုက်လေ၏။ ကျွန်ုပ်က-

"ယန်စီရယ်.. အဲဒီလောက်ကြီး မြှောက်မပြောပါနဲ့ကွာ၊ ဒီညစာကို ဗီနူးနဲ့ ဂျမားကို ငါ ကောင်းကောင်း ချက်ခိုင်းထားပါတယ်"

ဟု ပြောလျှင် ယန်စီက ပြုံးဆိုတ်ပြီး...

"ကောင်းတာပေါ့ သူဌေးလေးရာ ကုလား ချက်တဲ့ဟင်းကို တရှုတ်ရှုးရတာ"

ဟု ဆိုလိုက်လေ၏။

ထိုနေ့ ညနေ၌ပင် အိမ်သစ်တက်ပွဲအဖြစ် ဂျမား၏ ဇနီးဖြစ်သူ ဗီနူး ဆိုသော ကုလားမလေးမှ ကြက်သားအကောင်လိုက်ကို မဆလာ၊ ပဲနှင့် အလွန်မွှေးကြိုင်သော ဟင်းခတ်အမွှေးအကြိုင်များဖြင့် ပေါင်းကာ ကြွပ်နေအောင် ကြော်ပေးထားလေ၏။ ပြီးနောက် ပဲကုလားဟင်း၊ ပါပလာကြော်၊ ပုဇွန်အစိမ်း မဆလာသုပ်များဖြင့် ထမင်းဆိုင် ဖွင့်ခဲ့ဖူးသော ကျွန်ုပ်ကိုယ်တိုင်ပင် ဗီနူးလက်ရာ ဟင်းများကို ခံတွင်းတွေ့လေ၏။

ထမင်းစားသောက်ပြီးသောအခါ ယန်စီက ကျွန်ုပ်သောက်ရန်အတွက် လက်ဖက်ရည်ကောင်းကောင်းတစ်ခွက် ဖျော်ပေးလေ၏။ လက်ဖက်ရည်မှာ နို့စိမ်းနှင့် ဖျော်ထားပြီး အကျရေကို စိတ်ကြိုက်နှပ်ထားသောကြောင့် ချိုးကျပြီး အဖတ်လေးများပင် ဝေ့တက်နေလေ၏။

လက်ဖက်ရည်ကောင်းကောင်းအား ဇိမ်နှင့် သောက်နေစဉ်မှာပင် အိမ်ပေါ်ထပ်မှ ဝုန်းဒိုင်းကြဲသော အသံများ ကြားရလေ၏။ ဗီနူးက မျက်လုံးပြူးသွားပြီး...

"သူဌေးလေးနော်... ဗီနူး အလုပ်ပြီးသွားရင် အိမ်ပြန်အိပ်ချင်တယ်၊ ဒီမှာ မအိပ်ရဲဘူး"

ဟု ဆိုသောအခါ ဂျမားက...

"ကုလားလည်း ဗီနူး မအိပ်ရင် မအိပ်တော့ဘူးနော်"

ဟု ပြောလျှင် ကျွန်ုပ်က...

"ကဲပါဗျာ... ခင်ဗျားတို့ အလုပ်တွေပြီးပြီ ပြန်လို့ ရပါပြီ"

ဟု ပြောသောအခါ ဘယ်တုန်းက ပြန်ချင်နေမှန်း မသိသော ဗီနူးနှင့် ဂျမားမှာ သုတ်ခြေတင်ကာ ပြေးကြလေ၏။ ကျွန်ုပ်က...

"ကဲ... ယန်စီကော ပြန်ချင်လား၊ ပြန်ချင်ရင် ပြန်လို့ရတယ်နော်၊ ခင်ဗျား ပြောသလို ကျုပ်က ကိုယ့်စိတ်ကိုယ် လုံခြုံပြီးသားဆိုတော့ ခြံတံခါးမှာ သော့ခတ်မထားလည်း ကိစ္စမရှိပါဘူး"

ဟု ပြောလျှင် ယန်စီက သူ၏ စူထွက်နေသော ဝမ်းဗိုက်ကြီးကို ပွတ်၍...

"ကိစ္စမရှိပါဘူး သူဌေးလေးရာ၊ ကျွန်တော်က တစ်ယောက်တည်းသမားဆိုတော့ ဘာမှလည်း မပူဘူး၊ ဘာမှလည်း မကြောက်ဘူး"

ဟု ဆိုလေ၏။

ကျွန်ုပ်တို့နှစ်ဦး လက်ဖက်ရည်ကို ဇိမ်ခံသောက်နေစဉ် အိမ်အပေါ်ထပ်မှ ဆူညံသံများ ထပ်မံကြားရပြန်လေ၏။

"ချစ်တီးရေ.. မင်း သောင်းကျန်းချင်တိုင်း မသောင်းကျန်းနဲ့ကွ၊ ဒီအိမ်ကို မင်းမိန်းမဆီက ငါ ဝယ်ထားတာ။ ဥပဒေအရဆိုရင် သက်ရှိထင်ရှားရှိတဲ့သူက ရောင်းပိုင်ခွင့်ရှိတော့ မင်း ရှာထားသမျှတွေ မင်းမိန်းမ ရသွားတာပေါ့"

ဟု ဆိုသောအခါ ဆူညံသံများ ငြိမ်သက်သွားပြန်၏။ တစ်အောင့်ကြာသောအခါ အပေါ်ထပ်ဝယ် လမ်းလျှောက်နေသံကို ကြားရပြန်လေ၏။

"ချစ်တီးရေ... သိပ်လည်း



www.burmeseclassic.com

www.burmeseclassic.com

မစဉ်းစားနဲ့ကွာ၊ မင်း အိပ်ချင်ရင် အိပ်တော့၊ ငါလည်း အိပ်တော့မယ်"

ဟု ဆိုနေစဉ်မှာပင် ယန်စီက သူ၏ ဝမ်းဗိုက်ပူပူကြီးကို လှန်ကာ ကုလားထိုင်ပေါ်ဝယ် တရှူးရှူး တရှဲရှဲနှင့် ဝက်ကြီးတစ်ကောင်ပမာ အိပ်စက်နေလေတော့သတည်း။

◆

## မောင်မြရွှေ ဘဝပြောင်းခြင်း

ဤသို့နှင့်ပင် ကျွန်ုပ်သည် ဝယ်ယူထားသော ချစ်တီးခြံကြီးထဲ၌ နေထိုင်ခဲ့သည်မှာ (၃)လ လွန်မြောက်ခဲ့လေ၏။ ဦးကျော်စွာ ဆိုသော လူကြီးကိုလည်း မတွေ့။ ဆက်သွယ်မှုလည်း မရှိသောကြောင့် မုဆိုးကြီး ဦးလာဘ ပြောသလို မရေမရာဟုသာ ထင်မိလေ၏။

နောက်ဆုံး ကျွန်ုပ် စဉ်းစားမိသည်က မုဆိုးကြီး သင်ပေးခဲ့သော စိတ်လွှင့် စိတ်ပြော ကျင့်စဉ်ဖြင့် ဦးကျော်စွာ ဆိုသူအား စကားပြောရန်ပင်ဖြစ်၏။ ကျွန်ုပ်မှာ ရှေးဦးစွာ ငယ်စဉ်က ဖခင်ကြီးနှင့်အတူ သချိုင်းကုန်းသို့ လိုက်သွားလျှင် မြင်တွေ့ခဲ့ဖူးသော ဦးကျော်စွာ၏ ရုပ်ပုံလွှာကို ပုံဖော်မိ၏။ စိတ်ထဲ၌ အာရုံထင်ရှားစွာ မြင်တွေ့သောအခါ ပီပီပြင်ပြင် မြင်တွေ့စေရန် နေ့စဉ် အာရုံပြုလေ၏။ ကျွန်ုပ်မှာ ဦးကျော်စွာကို ပီပီပြင်ပြင် မြင်ရသောညသို့ စိတ်ဖြင့် စကားပြောလေ၏။

"ဦးကျော်စွာရယ်. . ကျုပ်က ခင်ဗျားကို စောင့်ရတာ ကြာပါပြီကော၊ ခင်ဗျားက ကျုပ်ကို ဘာလို့ မဆက်သွယ်တာလဲ"

ဟု ပြောလျှင် ဦးကျော်စွာက တည်ငြိမ်စွာ ပြုံးလေ၏။ ပြီးမှ ၎င်းက

"အချိန်မကျသေးလို့ပါ မြရွှေရာ၊ အချိန်ကျရင် မင်း ငါနဲ့ တွေ့ရမှာပေါ့၊ ခုလည်း တွေ့နေပြီးပြီပဲ၊ မင်း ဘာလုပ်ချင်လဲပြော"

ဟု ဆိုသောအခါ ကျွန်ုပ်က. .

"ကျုပ် ဘာလုပ်ရမယ်ဆိုတာ မသိဘူးလေ၊ ကျုပ်အဖေက ခင်ဗျားဆီမှာ ဘာတွေလုပ်ရမယ်ဆိုတာ ခင်ဗျား ပြောပြလိမ့်မယ်"

ဟု ပြောလျှင် ဦးကျော်စွာ ဆိုသူက တည်ငြိမ်စွာဖြင့် စိုက်ကြည့်နေလေ၏။ ပြီးမှ. . .

"မြရွှေ. . . မင်းဟာ ခုချိန်ကစပြီး ငါ့တပည့်အဖြစ် ခံယူရင် စကားအသုံးအနှုန်းကအစ ပြင်ရမယ်၊ ခု မင်းပြောနေတဲ့ လေသံဟာ ဆရာ တပည့် အပြန်အလှန်ပြောတဲ့လေသံ မပေါက်ဘူး"

ဟု ဆိုလျှင် ကျွန်ုပ်က. . .

"ဒါဆို ကျုပ်က ဦးကျော်စွာကို ဘယ်လိုခေါ်ရမလဲ"

ဟု ပြောလျှင် ဦးကျော်စွာက-

"မြရွှေ. . . ဒီလောကကြီးမှာ 'မာစတာ' ဆိုတဲ့ စကားဟာ ဓာတ်သဘောအရ အထွတ်အထိပ်ကို သုံးတဲ့စကားပဲ၊ ခုချိန်ကစပြီး ငါဟာ မင်းရဲ့ မာစတာပဲ"

ဟု ပြောလျှင် ကျွန်ုပ်ပါးစပ်ဖျားမှနေ၍ နှုတ်တိုက်ရေရွတ်မိနေလေ၏။

"မာစတာ. . . မာစတာ"

ကျွန်ုပ် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ နံနက် ဝေလီဝေလင်း ဖြစ်နေပေ၏။ ဦးကျော်စွာ ဆိုသော ကျွန်ုပ်၏ မာစတာနှင့် စကားပြောချိန်မှာ ကြာမြင့်သွားပေ၏။ ကျွန်ုပ်မှာ အိပ်ချင်စိတ်လည်း မရှိ၍ ခြံထဲသို့ ဆင်းလာသောအခါ တရုတ်ကြီး ယန်စီက လက်ဖက်ရည် အကျရေအိုးကို ကောင်းစွာနှပ်နေလေ၏။

"သူဌေးလေး. . အိပ်မပျော်ဘူးထင်တယ်၊ ဒီမှာ အကျရေ ချိုးတက်ရင် လက်ဖက်ရည် စိမ့်စိမ့်လေး တစ်ခွက် ကျွန်တော် ဖျော်ထားတယ်၊ လောလောဆယ်တော့ နည်းနည်း လန်းသွားအောင် ညက ကျွန်တော် ပြုတ်ထားတဲ့ ဆိတ်ရိုးစွပ်ပြုတ် ပူပူလေး သောက်လိုက်ဦး"

ဟု ပြောကာ ကြွေပန်းကန်ဖြင့် ဆိတ်ရိုးစွပ်ပြုတ်ပန်းကန် လာချပေးလေ၏။ ကျွန်ုပ်လည်း ဆာလောင်နေသည်နှင့် အတော်ဖြစ်ကာ ဆိတ်ရိုးစွပ်ပြုတ်အား သောက်လေ၏။ စွပ်ပြုတ်သောက်နေရင်း ကိုခါးကို သတိရမိလိုက်၏။ ယန်စီတိုက်သော ဆိတ်ရိုးစွပ်ပြုတ်မှာ ယခင်က ကိုခါး ဝယ်ယူလာခဲ့ဖူးသော စွပ်ပြုတ်နှင့် ဆန့်ကျင်ဘက် ဖြစ်နေလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား စွပ်ပြုတ်ကလည်း အရသာ တစ်မျိုးပါလား ယန်စီရ၊ ကျုပ် သောက်ဖူးတဲ့ စွပ်ပြုတ်ကတော့ မဆလာ ငရုတ်ကောင်းနံ့တွေ လျှာပေါ် စွဲလို့ ခင်ဗျားစွပ်ပြုတ်က ချိုချိုရဲရဲကြီး"

ဟု ပြောလျှင် ယန်စီက သူ၏ မျက်ပေါက်ကျဉ်းကျဉ်းလေး ပိတ်အောင်ရယ်လေ၏။ ပြီးမှ ယန်စီက-

"သူဌေးလေး လျှာနဲ့ လွဲချင် လွဲမယ်၊ ဒါပေမဲ့ ဒီစွပ်ပြုတ်က ကျွန်တော့်မိဘတွေဆီက အမွေရခဲ့တာလေ"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"တယ်ညွန်းပါလား ယန်စီရ၊ စွပ်ပြုတ် ပြုတ်နည်းတောင် အမွေရတယ်ဆိုတော့ မင်းနည်းက မခေဘူးပဲ"

ဟု ဆိုသောအခါ ၎င်းက. . .

"ဒီလို သူဌေးလေးရဲ့၊ ကျွန်တော့် အမေက အိန္ဒိယနိုင်ငံ မိုးရေးသူ၊ အဖေက တရုတ်ပြည် ကြယ်ဝေါင်တာ၊ ဆုံချင်တော့ မြန်မာပြည်မှာ စာဆုံပြီး ကျွန်တော့်ကို မွေးဖွားတယ်။ အိန္ဒိယသူစစ်စစ်၊ တရုတ်စစ်စစ် မိဘနှစ်ပါးလုံးက မွေးခဲ့တဲ့ ကျွန်တော်ဟာ မြန်မာစကားစစ်စစ်ပဲ တတ်ခဲ့တယ်၊ ဘာဖြစ်လို့လည်းဆို ကျွန်တော် (၁၀)နှစ်သားလောက်မှာ အဖေနဲ့ အမေ ရန်ဖြစ်ပြီး အဖေကလည်း တရုတ်ပြည် ပြန်သွားသလို အမေကလည်း အိန္ဒိယ ပြန်သွားတယ်၊ ကျွန်တော့်ကိုတော့ အိမ်ကို ဆွမ်းခံကြွတဲ့ ကိုယ်တော်က ချစ်လို့ဆို မွေးစားခဲ့ပြီး ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့ရတာပေါ့"

ဟု ပြောလျှင် ကျွန်ုပ်မှာ ရယ်မိလိုက်၏။ ယန်စီက. . .

"ကျွန်တော့်အဖေက ကျွန်တော့်အတွက် မနက်ဆို စွပ်ပြုတ် ပြုတ်ပေးရင် ဘေးမှာ ကျွန်တော် ရှိနေတတ်တယ်။ အမေ ရောင်းမကုန်တဲ့ ဆိတ်ရိုးတွေကို ထောပတ်၊ သကြားနဲ့ နယ်တယ်။ ပြီးရင် နူးနေအောင် ပြုတ်ပြီး ပျားရည်၊ နွားနို့ ထပ်ထည့် ပြုတ်တယ်။ ပထမတော့ ကျွန်တော် သောက်လို့မရဘူး။ နောက်တော့ ဘိန်းစွဲသလို စွဲသွားပြီး တစ်နေ့လုံး အဲဒါ မသောက်ရရင် မနေနိုင်အောင် ဖြစ်ရတယ်"

ဟု ဆိုသောအခါ ကျွန်ုပ်လည်း ယန်စီ ပြုတ်ပေးသော ဆိတ်ရိုး စွပ်ပြုတ်ကိုသောက်ရင်း အရသာ ခံစားကြည့်ရာ ပထမ ချိုချိုအရသာရှိပြီး နောက်ထပ် ခန္ဓာကိုယ်တစ်ခုလုံး လန်းဆန်းသွားသလို ခံစားလိုက်ရ၏။

"ကောင်းတယ် ယန်စီ၊ မင်းရဲ့ စွပ်ပြုတ်နည်းလည်း ကြုံရင် ငါတတ်အောင် သင်ရဦးမယ်"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်မှာ ညစဉ် ဆိုသလို ကျွန်ုပ်၏ မာစတာ ဖြစ်သော ဦးကျော်စွာနှင့် စိတ်လွှင့်စိတ်ပြောကျင့်စဉ်နည်းဖြင့် ၎င်းထံမှ ပညာများ သင်ရလေ၏။ ဦးကျော်စွာက ကျွန်ုပ်အား. . .

"မြရွှေ. . မင်းစိတ်ထဲမှာ ဖြစ်ချင်တာတွေ၊ ဆန္ဒတွေဟာ သွေးတွေ လည်ပတ်သလို လည်ပတ်နေတတ်တယ်၊ အဲဒီအထဲက မင်းစိတ်မှာ အဖြစ်ချင်ဆုံးဆန္ဒကို သင်ယူလို့ရတယ်"

ဟု ပြောလျှင် ကျွန်ုပ်က. . .

"ဒါဆိုရင် လောလောဆယ် ကျုပ် အင်္ဂလိပ်စကားကို ကောင်းစွာ တတ်မြောက်လိုပါတယ် မာစတာ"

ဟု ဆိုလျှင် ဦးကျော်စွာက. .

"မင်း တတ်မြောက်နေမှာပါ"

ဟု ပြော၏။

ဦးကျော်စွာမှာ ကျွန်ုပ်အား ညစဉ်ဆိုသလို အင်္ဂလိပ်အခြေခံမှစ၍ သင်ကြားပေးရာ ကျွန်ုပ်၏ ရင်ထဲက ပြင်းပျသော ဆန္ဒကြောင့် အချိန်တိုအတွင်း တတ်မြောက်ခဲ့လေ၏။

ကျွန်ုပ်မှာ ဖြစ်ချင်သော ဆန္ဒများအား ညစဉ်ဆိုသလို ကျွန်ုပ်၏ မာစတာထံမှ သင်ကြားခဲ့ရာ ကျွန်ုပ်ကိုယ်ကျွန်ုပ် ယုံကြည်သူ ဖြစ်ခဲ့ရလေ၏။ တစ်ညဝယ် ကျွန်ုပ်က. . .


"မာစတာရယ် . . . ကျုပ် မာစတာနဲ့ လူချင်း တွေ့ချင်လှပြီ"

ဟု ဆိုသောအခါ ဦးကျော်စွာက ပြုံး၍. . .



www.burmeseclassic.com

www.burmeseclassic.com



**ဗိညာဉ်နိမိတ် ဆိပ်ကမ်းပန်းချီ**

"မြရွှေ . . မကြာခင် မင်းနဲ့ငါ ထောင်ထဲမှာ တွေ့ရလိမ့်မယ်"

ဟု ဆို၏။ ကျွန်ုပ်က. . .

"မာစတာကလည်း ကျုပ်က ဘာလုပ်လို့ ထောင်ကျရမှာလဲ"

ဟု ဆိုသောအခါ ဦးကျော်စွာက. . .

"ဒါတော့ ငါ မသိဘူး မြရွှေ၊ မင်း ငါ့နောက်တည့်တည့်က ပန်းချီကားကို ကြည့်စမ်း"

ဟု ပြောရာ ကျွန်ုပ် မျက်စိထဲ ရွက်သင်္ဘောများ သွားလာနေသော ဆိပ်ကမ်းမြို့ပုံ ပန်းချီကားတစ်ချပ်ကို တွေ့ရလေ၏။

"ဒီပန်းချီကားဟာ တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ် မွေးရပ်မြေဖြစ်တဲ့ ရှန်တုန်ဒေသက ပန်းချီကားချပ် တစ်ချပ်ပဲ"

ဟု ပြောလေ၏။ ဆက်၍ပင် ၎င်းက. . .

"ပိုပြီး ထူးခြားတာက ဒီပန်းချီကို လူသေတွေကြားထဲမှာ သွေးသံရဲရဲနဲ့ တိုက်ပွဲကြားမှာ ရေးဆွဲခဲ့တာ ဗိညာဉ်နိမိတ် ဆိပ်ကမ်းပန်းချီလို့လည်း လူသိများတယ်၊ ဒီအတိုင်း ကြည့်ရင် သာမန်ပန်းချီ ထင်ရပေမယ့် တစ်ခုခု ပြောင်းလဲနေတယ်၊ အဲဒီပြောင်းလဲမှုဟာ ရှေ့ပြေးနိမိတ်တွေပဲ၊ ဒါကြောင့် ငါ ပြောနိုင်တာ"

ဟူ၍သာ ဆိုလိုက်လေတော့သတည်း။

***မှတ်ချက်***-*ဤ "ဗိညာဉ်နိမိတ် ဆိပ်ကမ်းပန်းချီ"အား စာဖတ် ပရိသတ်များ စိတ်ဝင်စားမည်ထင်၍ ဖော်ပြပေးလိုက်ပါသည်။*

*(စာရေးသူ*

**(ရွှေ့လဆက်**

**တစ္ဆေတ**



www.burmeseclassic.com

www.burmeseclassic.com


ဝိဇ္ဇာရေ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

**ရွှေပြည်မင်း** ဆရာဦးခင်မောင်ဇွဲ (တဆ-၀၂၂၉၀) **တိုင်းရင်းဆေးကုဌာန**

✱ အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။

✱ နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။

✱ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။

✱ အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ် တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။

✱ ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန်-

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန

အမှတ်-၂၅၊အပိုင်း(၃)၊၁၄ ရပ်ကွက်၊သံသုမာလမ်းမကြီး၊မြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့ ☎ -၅၇၇၆၄၃၊ ၀၉ ၅၀၃၃၁၆၆ ၀၉ ၅၅၁၃၃၆၆

နေ့လယ်(၁၂)နာရီ မှ ည(၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။



**မြင့်စေတနာဆေးတိုက်**

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ ◆အနာကြီးရောဂါ ◆ယားနာ၊ ပွေး၊ ဝဲ၊ နင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, EC-ZEMA, RING WORM, DERMATITIS, Etc.

ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာဆေးတိုက်) ၊ အမှတ် (၃)၊ ဗိုလ်တထောင်ရိပ်မြိုင်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့ ၊ ဖုန်း-၀၁-၆၆၆၄၇၈၀၉-၇၉၈၈၆၉၀


ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့ ၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## ယောက္ခမအိမ်မှ အပြန်

ကျွန်ုပ်သည် စစ်တပ်မှ ထွက်ခဲ့ပြီးနောက် ချောက်မြို့ရှိ ယောက္ခမကြီး၏ တရုတ်ခေါက်ဆွဲဆိုင်တွင် စားပွဲထိုးဖြစ်သွားရလေတော့၏။ ကျွန်ုပ်အဖို့ ထိုအချိန်က ဗြဟ္မာဘုံ စုတေစိတ်ကျ၍ ဝက်ဖြစ်သွားရသော ဗြဟ္မာကြီးထက်ပင် အခံရခက်လှတော့၏။ အရုဏ်မတက်မီ၌ အိပ်ရာမှထ၍ ဆိုင်တွင် တပ်ဆင်ထားသော ပျဉ်တံခါးအချပ်ကြီးများကို ဖြုတ်ရ၏။

ထိုသို့ ဖြုတ်ပြီးလျှင် သယ်၍ ဈေးနံရံ၌ ထားရ၏။ ထို့နောက် တစ်ဆိုင်လုံး တံမြက်စည်းလှည်းရ၏။ အဆီတဝင်းဝင်းထနေသော စားပွဲခုံများကို အဝတ်စိုဖြင့် ပွတ်ရ၏။ ပြီးလျှင် မီးမွှေး၍ ရေနွေးအိုး တည်ရ၏။ ထို့နောက်တွင် အသေတပ်ထားသော လေးထောင့်သံပုံးကြီး တစ်ပုံးတွင် ရေဖြည့်၍ အောက်မှ မီးထိုးပြီးလျှင် ဝက်ရိုးများကို ပြုတ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ယောက္ခမကြီး၏ တရုတ် ခေါက်ဆွဲဆိုင်တွင် လက်ဖက်ရည်ဆိုင်လည်း တွဲ၍ဖွင့်ထားသည်ဖြစ်ရာ လက်ဖက်ရည်ဖျော်ရန် လက်ဖက်ခြောက်များ နှပ်ရ၏။ ထိုသို့ လက်ဖက်ခြောက်နှပ်ပြီးသည်နှင့် လက်ဖက်ရည် စတင်ဖျော်ရတော့၏။

ထိုအချိန်၌ ကျွန်ုပ်၏ ယောက္ခမကြီးသည် အိပ်ရာမှ နိုးနှင့်နေပြီးဖြစ်ရာ ကျွန်ုပ်သည် ၎င်းအား ကြွေရည်သုတ်မတ်ခွက်ကြီးဖြင့် လက်ဖက်ရည်တစ်ခွက် အပြည့်ဖျော်၍ ပေးရ၏။ တရုတ်ကြီးသည် ကျွန်ုပ်၏ လက်ဖက်ရည်ကို တမြုံ့မြုံ့သောက်ရင်း...

"အားကြီးကောင်းတယ် အောင်ထွန်း"

ဟု ပြုံးပြုံးကြီးနှင့် ချီးမွမ်းလေ၏။ ကျွန်ုပ်သည် ၎င်းအား ၎င်း၏ သားသမီးများကဲ့သို့ပင် 'အပါး' ဟု ခေါ်၏။

"ဘာကောင်းတာလဲ အပါး၊ လက်ဖက်ရည် ကောင်းတာလား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"လက်ဖက်ရည်ကောင်းတာ ပြောတာမဟုတ်ဘူး၊ မင်းကို ကောင်းတယ်လို့ ပြောတာ"

ဟု ယောက္ခမ တရုတ်ကြီးက ပြုံးပြုံးကြီးနှင့် ကျွန်ုပ်အား ပြန်၍ ပြောလေ၏။

"ကျွန်တော် ဘာကောင်းလို့လဲ အပါး"

ဟု ကျွန်ုပ်က မေးလိုက်ရာ ယောက္ခမကြီးက...

"ကောင်းတာပေါ့ အောင်ထွန်းရယ်၊ မနက်အစောကြီးထပြီး တံခါးတွေ ဖွင့်တယ်၊ တံမြက်စည်းလှည်းတယ်၊ စားပွဲခုံတွေ တိုက်တယ်၊ ရေနွေးအိုး ကျိုတယ်၊ လက်ဖက်ရည် ဖျော်တယ်၊ အဲဒါ ကောင်းတာတွေပေါ့"

ဟု တရုတ်ကြီးက ပြောလေ၏။

"အပါးကလည်း အဲဒါတွေ ကျွန်တော် နေ့တိုင်း လုပ်နေတာပဲ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လျှင် တရုတ်ကြီးက...

"အဲဒါကြောင့် နေ့တိုင်း မင်းကို ငါ ကောင်းတယ်၊ ကောင်းတယ်လို့ ပြောနေတာပေါ့၊ မင်းက နေ့တိုင်း လက်နဲ့ လုပ်တာကို ငါက ပါးစပ်ကလေးနဲ့ ပြောတာတောင် နေ့တိုင်း မပြောနိုင်ဘူးဆိုရင် ငါ့ဘက်က လွန်ရာကျမှာပေါ့၊ ဒါ့ကြောင့် ငါ မနက်တိုင်း မင်းကို အောင်ထွန်း အားကြီး ကောင်းတယ်လို့ ပြောနေရတာပေါ့။ မင်းကလည်း ကောင်းတာကိုး"

ဟု တရုတ်ကြီးက ပြောလေ၏။ ထိုအချိန်၌မှာပင် ယောက္ခမအဘွားကြီး ထလာပြီးလျှင်-

"အားကြီးကောင်းတယ် လုပ်မနေနဲ့၊ အောင်ထွန်းက ဒီမှာ နေချင်တာ မဟုတ်ဘူး၊ သူ ကျင်ဖုံကို ချစ်လွန်းလို့ နေနေတာ၊ ဒီဆိုင်က ထွက်သွားချင်လှပြီ"

ဟု ဝင်၍ပြော၏။

"အဲဒါကြောင့် အားကြီးကောင်းတယ်လို့ ငါက ပြောရတာပေါ့၊ သူ မနေချင်တဲ့နေရာမှာတောင် ဒီလောက် အလုပ်လုပ်နေတယ်ဆိုရင် သူနေချင်တဲ့နေရာမှာဆိုရင် ဘယ်လောက် အလုပ်လုပ်လိုက်မလဲ မသိဘူး။ ဒါပေမယ့် ခက်တယ်၊ ဘာခက်သလဲဆိုတော့ ငါတို့သမီး ကျင်ဖုံနဲ့ ငါတို့က မခွဲနိုင်ဘူး၊ အဲဒီတော့ အောင်ထွန်း ဒီဆိုင်က ထွက်သွားတဲ့နေ့မှာ ကျင်ဖုံနဲ့ သူနဲ့ ကွဲရမှာပဲ။ ဘာပဲဖြစ်ဖြစ် မင်းတို့ လင်မယားဟာ အကြာကြီး မပေါင်းရဘူး၊ ကွဲသွားမှာပါ၊ ငါကတော့ ကလေးတစ်ယောက်ရတဲ့အထိ မင်းကို ပေါင်းစေချင်သေးတယ်၊ အဲဒီကျတော့ ကွဲချင်လည်း ကွဲပေါ့ကွာ"

ဟု တရုတ်အဘိုးကြီးက ပြောလေ၏။

"မဟုတ်တာပဲ အပါးရယ်၊ ကလေးတို့လို့တွဲလောင်းကျမှ လင်မယားချင်းကွဲရင် ကျင်ဖုံအဖို့ နစ်နာတာပေါ့၊ ကွဲမယ့်အတူတူတော့ ကလေးမရခင် ကွဲတာကောင်းမယ် ထင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကျွန်ုပ်ယောက္ခမ တရုတ်အဘိုးကြီးက ခေါင်းကို တွင်တွင်ယမ်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ယမ်းပြီးနောက်…

"မင်းနဲ့ ငါနဲ့ စိတ်ကူးချင်း မတူဘူးကွ၊ ကလေးမရဘဲနဲ့ ကွဲသွားရင် ငါ့သမီးကို တခြားသူတွေက ယောကျ်ားရပြီးပြီးချင်း ကွဲသွားတယ်လို့ ထင်ကြလိမ့်မယ်၊ အဲဒါ ရှက်ဖို့ကောင်းတယ်၊ ကလေးတစ်ယောက်ရပြီးမှ ကွဲတယ်ဆိုတော့ ကလေးတစ်ယောက်ရတဲ့အထိတော့ ငါ့သမီးက သည်းခံပေါင်းသေးတယ်၊ မတတ်သာတဲ့ အဆုံးမှ လင်မယားကွဲကြတာလို့ အဓိပ္ပာယ်ရတယ်ကွ၊ ပြီးတော့ မိန်းမဟာ တစ်ခုလပ်ဖြစ်သွားရင် မလှတော့ဘူး။ နေထိတဲ့ပန်းကလေးလို ညှိုးသွားရောကွ၊ ဒါပေမဲ့ ကလေးရှိသွားတဲ့အခါကျတော့ ကလေးကြောင့် ပြန်လှလာနိုင်တယ်။ ပန်းပွင့်က ညှိုးနေပေမယ့် ပန်းဖူးလေးက လန်းနေတာကိုကွ၊ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ် ဒီကနေ မင်းထွက်သွားမယ်ဆိုရင် ကလေးတစ်ယောက်ရပြီးမှ ထွက်သွားပါကွာ၊ အေး..အဲဒီလို ထွက်သွားရင်လည်း ပြန်မလာနဲ့တော့"

ဟု ယောက္ခမ တရုတ်အဘိုးကြီးက ပြောလေ၏။

"ဘာဖြစ်လို့ ပြန်မလာရမှာလဲ အပါး"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"မင်းပြန်လာရင် ဓာတ်ထုပ်တွေ ရှုပ်ကုန်မှာပေါ့၊ ဘိုင်စကုတ်တွေ ဘာတွေ မင်းကြည့်ဖူးတယ် မဟုတ်လား၊ ဓာတ်လိုက်က ပျောက်သွားရော အဲဒီမှာ မင်းသမီးက နောက်ယောကျ်ားယူလိုက်ရော၊ အဲဒီလို ယူမလို့လုပ်တုန်း စောစောက ပျောက်သွားတဲ့ ဓာတ်လိုက် ပြန်လည်းရောက်လာရော အားလုံး ကျွက်ကျွက်ဆူကုန်တော့တာပဲ။ အဲဒီမှာ ဓာတ်ထုပ်ကကြည့်လို့ မကောင်းတော့ဘူးကွ၊ မင်းသမီးကလည်း ဘာလုပ်ရမလဲ မသိတော့ သူ့ကိုယ်သူသတ်ပြီး သေတော့မလိုလို ဘာလိုလို လုပ်ပြန်ရော၊ တကယ်လည်း သေလို့ မဖြစ်ဘူး။ တကယ်သေရင် ဓာတ်ယုပ်က တစ်ဝက်ကြီးနဲ့ ပြီးသွားမှာပေါ့၊ အဲဒီတော့ သေမလိုသာလုပ်တယ် မသေဘူးကွ။ ဓာတ်လိုက်ကလည်း ယောကျ်ားကြီးဖြစ်လျက် လွမ်းပြရတယ်ဆိုတော့ မဲ့တဲ့တဲ့ကြီးနဲ့ ကြည့်လို့မကောင်းဘူးကွ။ နောက်ယူမယ့် လူကလည်း အူကြောင်ကြောင် ဖြစ်နေတာပေါ့။ အဲဒီအခါမှာ မင်းသမီးက ဓာတ်လိုက်ကို မောင်းထုတ်လို့လည်းမဖြစ်၊ ခေါ်ထားလို့လည်း မဖြစ်ပေါ့ကွာ၊ အဲဒီမှာ မင်းသမီးက စကားတစ်ခွန်း ပြောလေ့ရှိတယ်ကွ၊ 'အလာကောင်းပေမယ့် အခါနှောင်းသွားပြီ' တဲ့၊ အဲဒီလိုပြောတာပဲ၊ ဘာပြောမှန်းတော့ မသိဘူး။ အလာကောင်းတယ်ဆို အခါနှောင်းဖို့ မရှိဘူးကွ၊ အခါနှောင်းတယ် ဆိုကတည်းက ဒီကောင်လာတာ မကောင်းလို့ပေါ့ကွာ၊ ဒီကောင်လာတာ ညံ့လို့ပေါ့ကွာ၊ အဲဒီတော့ မောင်ထွန်း မင်းကို ငါ တစ်ခုပဲ ပြောလိုက်မယ်။ ဒီကထွက်သွားရင် မင်းပြန်မလာနဲ့တော့၊ တကယ်လို့ မင်းပြန်လာရင် ငါ့သမီး ကျင်ဖုံက စောစောက စကားမျိုးပြောနေရမယ်၊ အဲဒီစကားကို ငါ အအားကြီးနားကလောတယ်"

ဟု တရုတ်အဘိုးကြီးက ရှည်လျားစွာ ပြောလိုက်ရာ ကျွန်ုပ်သည် ရယ်ရသေးတော့၏။

ကျွန်ုပ်သည် ကျွန်ုပ်၏ယောက္ခမ တရုတ်အဘိုးကြီးအား လွန်စွာချစ်ခင်၏။ အမှန်စင်စစ် ကျွန်ုပ် ဤဆိုင်၌ နေထိုင်ခြင်းမှာ ကျွန်ုပ်၏မိန်းမ ကျင်ဖုံကို ချစ်၍မဟုတ်၊ ကျွန်ုပ်၏ယောက္ခမ တရုတ်အဘိုးကြီးအား ချစ်၍ နေထိုင်ခြင်းဖြစ်၏။

ကျွန်ုပ်သည် ကျွန်ုပ်နှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိသော ခေါက်ဆွဲဆိုင် အလုပ်များ၌ နစ်မြုပ်နေရ၏။ ကျွန်ုပ်သည် ထိုဆိုင်မှ ထွက်သွားချင်စိတ်များ တဖွားဖွားပေါ်နေပြီ ဖြစ်၏။

ဤသို့ ထွက်သွားချင်စိတ် ပေါ်နေသည့်အထဲတွင် ကျွန်ုပ်၏ မိန်းမကလည်း ကျွန်ုပ်အား နေ့စဉ်နေ့တိုင်း နှင်ချနေ၏။ သို့ရာတွင် ၄င်း၌ ကိုယ်ဝန်ရနေပြီဖြစ်၏။

တစ်နေ့တွင် ကျွန်ုပ်၏မိန်းမ



www.burmeseclassic.com

www.burmeseclassic.com

သည် ကျွန်ုပ်အား အပြစ်မရှိ အပြစ်ရှာကာ နှင်ချပြန်၏။ ထို့ကြောင့် ကျွန်ုပ်သည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ ကျွန်ုပ်၏ လွယ်အိတ်ကလေးကို လွယ်ကာ ကျွန်ုပ်၏ယောက္ခမ တရုတ်ကြီးအား နှုတ်ဆက်၍ ထွက်ခဲ့လေ၏။

ကျွန်ုပ်၏ယောက္ခမ တရုတ်ကြီးက ကျွန်ုပ်အား...

"အောင်ထွန်း မင်းသွားတော့မလို့လား"

ဟု မေးလိုက်လေ၏။

"ဟုတ်တယ် အပါး၊ ကျွန်တော်သွားတော့မယ်၊ ဒါပေမဲ့ စိတ်ချပါ ကျွန်တော် ဘယ်တော့မှ ပြန်မလာပါဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ကျွန်ုပ်၏ ယောက္ခမ တရုတ်ကြီးက...

"ကောင်းတယ် အောင်ထွန်း၊ မင်းပြန်မလာနဲ့၊ တကယ်လို့ မင်းပြန်လာခဲ့ရင် ငါ့သမီးကျင်ဖုံက 'အလာကောင်းပေမယ့် အခါနှောင်းပြီ' ဆိုတဲ့ စကားမျိုး ပြောနေဦးမယ်၊ အဲဒီစကားဟာ နားငြီးဖို့ ကောင်းပါတယ်၊ အဓိပ္ပာယ်လည်း မရှိပါဘူး"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က...

"စိတ်ချပါ အပါး၊ ကျွန်တော် ပြန်မလာပါဘူး"

ဟု ပြောဆိုကာ ထိုခေါက်ဆွဲဆိုင်မှ အပြီးအပြတ် ထွက်လာခဲ့လေတော့၏။

ထို့ကြောင့် ကျွန်ုပ်သည် မြသုံးလုံးဓာတ်ဆိပ် ဘတ်စ်ကားဖြင့် မိတ္ထီလာသို့ လိုက်ခဲ့၏။

မိတ္ထီလာသို့ ရောက်လျှင် ကုန်ကားကြီးတစ်စီးဖြင့် ရန်ကုန်ဘက်ဆီသို့ လိုက်ပါခဲ့၏။

ထိုကုန်ကားကြီးမှာ အာလူးအိတ်များ တင်ထားသော ကားကြီးဖြစ်၏။

ကျွန်ုပ်သည် ကားပေါ်သို့ တွယ်တက်ပြီးနောက် ထွက်သည့်နှင့် တစ်ပြိုင်နက် အာလူးအိတ်ပေါ်သို့ ကျောကိုလှန်ချ၍ ကျက်သရေရှိလှသော မိုးကောင်းကင်ကြီးအား ကြည့်ကာ လိုက်ပါလာခဲ့လေ၏။

ထိုနေ့သည်ကား တန်ဆောင်မုန်း လပြည့်နေ့ပင် ဖြစ်တော့၏။ မိုးကောင်းကင်ကြီးအား မည်မျှကြာစွာ ကြည့်ရှုလာသည်မသိ၊ နောက်ဆုံး၌ မျက်လုံးညောင်းကာ ငိုက်မျဉ်း၍ အိပ်စက်သွားလေတော့သတည်း။

□

## ကျွန်ုပ် မြင်းကလေး ကျောက်ဖြူ ဖြစ်သွားရခြင်း

ကျွန်ုပ်သည် မှောင်မိုက်သော တွင်းကြီးတစ်ခုအတွင်းသို့ ကျသွား၏။ ကျွန်ုပ်၏ရင်၌ အေးခနဲ ဖြစ်သွား၏။ ဟာခနဲ ဖြစ်သွား၏။ တစ်ကိုယ်လုံး တုန်သွား၏။ ကျွန်ုပ်၏ပါးစပ်သည် အဟောင်းသား ပွင့်သွား၏။ ကျွန်ုပ်သည် ငယ်သံပါအောင် အော်လိုက်၏။ တွင်းသည် မည်မျှနက်သည် မသိ၊ အောက်ခြေသို့ မရောက်နိုင်ဘဲ ရှိလေ၏။ ထိုအချိန်၌ လွန်စွာကြည်လင်သော အလင်းရောင်တစ်ခုသည် ကျွန်ုပ်၏ ကိုယ်ပေါ်သို့ ကျလာ၏။

ကျွန်ုပ်သည် ထိုအလင်းရောင်ကြောင့် ကျောထဲတွင် စိမ့်၍သွား၏။ ထိုအလင်းရောင်ကို ကျွန်ုပ်သည် ငေးစိုက်ကြည့်နေ၏။ ထိုအချိန်၌ နားထောင်၍ မငြီးနိုင်အောင် သာယာသော အသံတစ်သံ ပေါ်လာ၏။

"သင်၏ အပြုအမူများသည် သင်၏ စိတ်အလို၌ ဗဟိုထား၍ ပြုမူခဲ့သော အပြုအမူများသာလျှင် ဖြစ်ခဲ့ပေပြီတကား။ သင်သည် မနုဿလူသားအဖြစ်ထက် မြင်းသတ္တဝါအဖြစ် ဤလောကဓာတ်ခွံ၌ ပါဝင်ကပြရန် သင့်တော့ပေသည်။ ထို့ကြောင့် သင်သည် လူ၏ အဖြစ်ကို စွန့်လွှတ်၍ မြင်း၏ အဖြစ်ကို ရယူပေလော့"

ထိုအသံသည် လွန်စွာသာယာနာပျော်ဖွယ် ကောင်း၏။ ထိုအသံရှင်သည် မည်သူမည်ဝါ ဖြစ်သည်၊ မည်သည့်အရပ်ဒေသက ဖြစ်သည်၊ မည်သည့်အတွက်ကြောင့် ဤစကားကို ပြောသည် ဆိုသည်ကိုမူ ကျွန်ုပ် အနေနှင့် လုံးဝသိရှိခြင်း မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ထိုအသံကို နားထောင်ရသည်မှာ နားတွင် လွန်စွာချမ်းသာ၏။ ထိုအသံကို ကြားပြီးရင်း ကြားနေချင်၏။ ထိုအသံ၌...

"သင်သည် လူ၏ အဖြစ်ကို စွန့်လွှတ်၍ မြင်း၏ အဖြစ်ကို ရယူပေတော့"

ဟူသော စာကြောင်းတစ်ကြောင်း ပါ၏။

ထိုစာကြောင်းမှာ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်အား စော်ကားသော စာကြောင်းဖြစ်၏။ ကျွန်ုပ်ကဲ့သို့သော လူစင်စစ်အား အဟိတ်တိရစ္ဆာန်မြင်း ဖြစ်ရမည်ဟု ပြောနေခြင်းမှာ ကျွန်ုပ်အဖို့ ယမ်းပုံမီးကျ ဒေါပွရမည့်စကား ဖြစ်၏။ သို့သော် ကျွန်ုပ်သည် ဒေါမပွရုံမျှမက ကျေနပ်၍ပင်နေ၏။

လူအဖြစ်ကို စွန့်လွှတ်၍ မြင်းအဖြစ်ကို ရယူရမည်ဆိုသော စကားမှာ ကျွန်ုပ်သည် ပျာတာရာထူးမှ ပြုတ်၍ ဘုရင်ခံရာထူး ရမည်ဟု ပြောသကဲ့သို့ ဝမ်းမြောက်လျက် ရှိပေ၏။

"ကောင်းလိုက်တာ၊ ကောင်းလိုက်တာ၊ ငါတော့ မြင်းဖြစ်ရတော့မယ်"

ဟု ကလေးတစ်ဦးပမာ ကျွန်ုပ်၏စိတ်ထဲ၌ အော်၍နေမိ၏။

ထို့နောက် ကျွန်ုပ်သည် သတိလစ်မေ့မြောသွား၏။ မည်မျှကြာသည်အထိ သတိလစ် မေ့မြောနေသည် မသိပါ။ ကျွန်ုပ် သတိရလာသောအခါ၌ ကျွန်ုပ်၏ဘေးတွင် ဆံမုတ်ဆိတ်များ ဆွတ်ဆွတ်ဖြူလျက်ရှိသော အသက်ခြောက်ဆယ်အရွယ် မြန်မာလူမျိုး အဘိုးကြီးတစ်ဦးသည် ကျွန်ုပ်အား...

"ဟဲ့...ရှောက်ဖြူလေး ရှောက်ဖြူလေး"

ဟု ကျွန်ုပ်အား တဖွဖွ ခေါ်နေသည်ကို ထူးဆန်းစွာ တွေ့ရတော့၏။ ထို့ကြောင့် ကျွန်ုပ်က ထိုအဘိုးကြီးအား...

"ခင်ဗျား ဘာတွေလာခေါ်နေတာလဲ၊ ကျုပ်နာမည် ရှောက်ဖြူ မဟုတ်ဘူး၊ ကျုပ်နာမည် အောင်ထွန်း"

ဟု ပြောလိုက်လေ၏။ ထိုသို့ ပြောသော်လည်း ကျွန်ုပ်၏ ပါးစပ်၌ ထိုစကားများ ထွက်မလာပါ။

မည်သို့ဖြစ်သည်မသိ၊ ကျွန်ုပ် ပါးစပ်မှ 'ဟင်းဟင်းဟင်းဟင်း' ဟူသော အသံများသာ ထွက်နေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကျွန်ုပ် အံ့သြနေ၏။

ထိုအချိန်၌ အဘိုးကြီးသည် ကျွန်ုပ်အား...

"ရှောက်ဖြူလေးရေ၊ နို့စို့ရတော့မယ်"

ဟု ပြောပြန်၏။ ကျွန်ုပ်သည် အဘိုးကြီး၏စကားကို ကြားလျှင် လွန်စွာစိတ်ဆိုး၍သွား၏။

"မဟုတ်တာ မပြောပါနဲ့ အဘိုးကြီးရယ်၊ ဒီအသက်အရွယ်ကျမှ ကျုပ်က နို့စို့ရမတဲ့လား"

ဟု ပြန်ပြောလိုက်၏။ သို့သော် ကျွန်ုပ်၏ပါးစပ်မှ ထိုစကားလုံးများ ထွက်မလာပါ။ 'ဟင်းဟင်းဟင်းဟင်း' ဟူသော အသံများသာ ထွက်နေ၏။ ထိုအချိန်၌ အဘိုးကြီး၏သမီးဟု ယူဆရသော မိန်းကလေးတစ်ဦး ကျွန်ုပ်နှင့် အဘိုးကြီးအနီးသို့ ပြေးလာ၏။ ပြီးလျှင် ထိုမိန်းကလေးက...

"ဖေဖေ သူ့ကို နာမည် ပေးပြီးပြီလား"

ဟု မေးလိုက်လေ၏။ ကျွန်ုပ်သည် လွန်စွာစိတ်ဆိုးသွား၏။ ဤ မလောက်လေး မလောက်စား ကောင်မလေးမျိုးက ကျွန်ုပ်အား နာမည်မရှိသော လူများဟူ၍ ထင်နေသလား မသိပေ။ ကျွန်ုပ်သည် ထိုမိန်းကလေးအား မျက်စောင်းထိုး၍ ကြည့်လိုက်၏။

"ငါ့မွေးရင် ငါ့သမီးလောက်ရှိသေးတဲ့ ကောင်မလေးက ငါ့ကိုများ နာမည်မရှိဘူး အောက်မေ့နေလို့လား"

ဟု လှမ်း၍ပြော၏။ သို့သော် စကားလုံးများကား မထွက်။ 'ဟင်းဟင်း' သာ ဖြစ်နေ၏။ ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကျွန်ုပ် အားမရသကဲ့သို့ ရှိနေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ကျွန်ုပ် အပြစ်တင်လျက်



www.burmeseclassic.com

www.burmeseclassic.com

ရှိ၏။

"ဘယ့်နှယ်ကြောင့် ငါ့စကား တွေက မပီမသ ဖြစ်နေရတာတုန်း"

ကျွန်ုပ်သည် စကားပြော၍ မရ သောကြောင့် စိတ်ဓာတ်ကျလာ၏။ ကျွန်ုပ်သည် မကြာခဏ ပင့်သက်ရှူ နေ၏။ ကျွန်ုပ်၏ စိတ်များသည် ဂနာ မငြိမ်ဖြစ်နေ၏။ ကျွန်ုပ်၏နှလုံးသည် ပူပန်လျက်ရှိ၏။ ထိုအချိန်၌ အဘိုးကြီး က သူ၏ သမီးငယ်အား...

"ဟဲ့ သမီးလေးရဲ့ သူ့တစ်ကိုယ် လုံးဖြူနေတယ် မဟုတ်လား၊ ဒါ ကြောင့် ဒယ်ဒီက ကျောက်ဖြူလို့ နာမည်ပေးထားတယ်"

ဟု ပြောလိုက်ရာ သမီးဖြစ်သူ က...

"ဒယ်ဒီကလည်း ကျောက်ဖြူ ရယ်လို့ နာမည်ကြီးက ရိုးပါတယ်၊ တကယ်ဆိုရင် 'ဂရေဂရီပက်'လို့ မှည့်ရင် မကောင်းဘူးလား"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က...

"ကြည့်စမ်း၊ ကြည့်စမ်း၊ ဒီကောင်မလေး ဘာတွေလျှောက် ပြောနေတာလဲ သူ့အဖေရှေ့မှာ ငါ့ကို 'ဂရေဂရီပက်'လေး ဘာလေးနဲ့ 'ဂရေဂရီပက်'ဆိုတာ နိုင်ငံခြားရုပ်ရှင် မင်းသား ဖြစ်တယ်၊ တချို့က မင်းသမီး ကို မကြာခဏဖက်လို့ သူ့ကိုပြောင်ပြီး 'ဂရေဂရီဖက်' လို့တောင် ခေါ်ကြ တယ်။ အဲဒီ နိုင်ငံခြားရုပ်ရှင်မင်းသားနဲ့ များ ငါ့ကိုနှိုင်းပြီး နာမည်ပေးချင် တယ်၊ ဒီကောင်မလေးကတော့ မှတ်ပုံ တင်မရခင် လင်ရမယ့် ကောင်မလေး ပဲ၊ တော်တော်ကဲတဲ့ ကောင်မလေး"

ဟု ကျွန်ုပ်က တွေးလိုက်မိ၏။

ထိုအချိန်၌မှာပင် ထိုကောင်မ လေးက...

"ဒယ်ဒီ ကျောက်ဖြူကို ဘာ ကျွေးမှာလဲ မြက်ကျွေးမှာလား၊ ကောက်ရိုး ကျွေးရမှာလား"

ဟု မေးလိုက်လေ၏။

ကျွန်ုပ်သည် လုံးဝသည်းမခံနိုင် တော့ပေ။ ကျွန်ုပ်ကို တိရစ္ဆာန်များ အောက်မေ့နေသလား မသိ။ မြက် ကျွေးရမလား၊ ကောက်ရိုး ကျွေးရ မလားတဲ့။ ထွီ...ရိုင်းလိုက်လေကွာ၊ လူကိုများ မြင်းမှတ်နေသလားဟု စိတ် အတွင်း၌ ပြောရင်း ထိုမိန်းကလေး၏ ရင်ဘတ်ကို ကျွန်ုပ်သည် လက်ဖြင့် လှမ်း၍ တွန်းလိုက်၏။

"အမယ်လေး"

ထိုမိန်းကလေးသည် လန့်၍ နောက်သို့ လန်ကျသွား၏။ ထိုမိန်း ကလေးထက် လန့်သူမှာ ကျွန်ုပ်ဖြစ် ၏။ ကျွန်ုပ်၏ ရင်ဘတ်အောက်မှ ဆန့်ထွက်သွားသော ကျွန်ုပ်၏ လက် ကို ကျွန်ုပ်မြင်ရပြီဖြစ်၏။ ကျွန်ုပ်၏ လက်၌ လက်ချောင်းများ မပါ၊ ပုပု လုံးလုံး မာမာကြီးဖြစ်၏။ ထို့ပြင် ကျွန်ုပ်၏ လက်သည်းလည်း အဆ မတန်ရှည်နေ၏။ လက်ပေါ်တွင် အမွေးများ ပေါက်နေ၏၊ အမွေးများ သည် ဆွတ်ဆွတ်ဖြူနေ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏လက်ကို ကြည့်ပြီးနောက် အံ့ဩသွား၏။ ပြီး နောက် ကျွန်ုပ်သည် ကျွန်ုပ်၏ လက် ကို လန့်သွား၏။ ကျွန်ုပ်သည် မျက်လုံးအကြောင်သား ဖြစ်သွား၏။ ကျွန်ုပ်၏ရင်၌ ဒိတ်ခနဲ ဖြစ်သွား၏။ ကျွန်ုပ်တစ်ကိုယ်လုံး ချွေးများစို့လာ၏။ ကျွန်ုပ်၏ပါးစပ်သည် ပွင့်ဟသွား၏။

"ဒါ လူ့ရဲ့ လက်မှ မဟုတ်ဘဲ၊ မြင်းတစ်ကောင်ရဲ့ ခြေထောက်ပဲ"

ဟု တစ်ကိုယ်တည်း ရေရွတ် ရင်း ကျွန်ုပ်၏ ကိုယ်ကိုလှည့်၍ ကြည့်လိုက်၏။ ဆွတ်ဆွတ်ဖြူနေသော မြင်းတစ်ကောင်၏ ကိုယ်လုံးကို တွေ့ ရ၏။ ငုံ၍ကြည့်လိုက်၏။ မြင်း တစ်ကောင်၏ ဗိုက်ကို တွေ့ရ၏။ ဖင်ပိုင်းကို ကြည့်လိုက်၏။ မြင်း တစ်ကောင်၏ အမြီးကို မြင်ရ၏။ 'အမယ်လေး'ဟု ကျွန်ုပ်ယောင်၍ အော်လိုက်၏။ သို့သော် 'အမယ် လေး' ဟူသည့် အသံမထွက်။

"ဟီး ဟီး ဟီး ဟီး ဟီး ဟီး ဟီး"

ကျွန်ုပ် သဘောပေါက်ပေပြီ။ ကျွန်ုပ်သည် လူတစ်ယောက်မဟုတ်။ မြင်းတစ်ကောင်မျှသာ ဖြစ်၏။ သို့ပါ



www.burmeseclassic.com

www.burmeseclassic.com

လျက် အဘယ့်ကြောင့် လူကဲ့သို့ ပြော နေသည်၊ လူ့ကဲ့သို့ တွေးတောနေ သည်ကို မစဉ်းစားတတ်အောင် ရှိလေ တော့၏။ အမှန်စင်စစ် ကျွန်ုပ်သည် မြင်း တစ်ကောင် ဖြစ်၏။ မလှမ်းမကမ်း တွင် ချည်ထားသော ကျွန်ုပ်၏မိခင် မြင်းမကြီးကို တွေ့ရ၏။

ဤခြံ၏ အပြင်ဘက်ရှိ လမ်း ပေါ်တွင် တလှုပ်လှုပ်သွား၍ မြက်စား နေသော ကျွန်ုပ်၏ ဖခင် မြင်းထီးကြီး ကိုလည်း တွေ့ရ၏။ ထိုအချိန်၌ အဘိုးကြီးသည် သူ၏ သမီးအား…

"ဟိုမှာ ဘရောင်နီကြီးကတော့ လမ်းဘေးတစ်လျှောက် ပေါက်နေတဲ့ မြက်တွေကို တပြုတ်ပြုတ်လိုက်ပြီး စားနေလေရဲ့။ ဒီမှာ 'အောင်ကျော်မ' ကတော့ သူ့သား ကျောက်ဖြူကို နို့တိုက်ချင်လှပြီ"

ဟု ပြောလိုက်သံကို ကြားရ၏။

ကျွန်ုပ်ကောင်းစွာနားလည်ပါပြီ။ ကျွန်ုပ်၏ဖခင် မြင်းထီးကြီးမှာ အညို ရောင်ကြီး ဖြစ်သောကြောင့် အိမ်ရှင် မိသားစုက ဘိုဆန်ဆန် 'ဘရောင်နီ' ဟု ပေးထားခြင်းဖြစ်၏။ ကျွန်ုပ်၏ မိခင် မြင်းမကြီးမှာမူ မြင်းမနှင့်မတူဘဲ ခေါက်အလွှားကောင်းသောကြောင့် ယောက်ျားနာမည်တွင် 'မ'တပ်၍ အောင်ကျော်မဟု ပေးထားခြင်း ဖြစ်၏။

"ဟုတ်တယ်၊ အဘိုးကြီးရေ.. ကျုပ်ကလည်း နို့ဆာပြီ၊ ကျုပ်အမေ ကလည်း ကျုပ်ကို နို့တိုက်ချင်နေပြီ၊ အလိုက်ကန်းဆိုး မသိတဲ့ ခင်ဗျားတို့ သားအဖ သွားကြရင်ကောင်းမယ် ထင်တယ်"

ဟု ကျွန်ုပ်က လှမ်း၍ပြောလိုက် ၏။ သို့သော် ကျွန်ုပ်၏ စကားသံမှာ 'ဟင်းဟင်းဟင်းဟင်း'မျှပင် ဖြစ်၏။

အဘိုးကြီးသားအဖသည် ကျွန်ုပ် အားဆွဲ၍ ကျွန်ုပ်၏ မိခင်နားသို့ကပ်၍ ပေးလိုက်၏။ ကျွန်ုပ်သည် မိခင်၏ ဗိုက်အောက်တွင် ခေါင်းကိုလျှို၍ နို့ကို စို့လိုက်၏။ အငမ်းမရစို့လိုက်သော ကြောင့် ကျွန်ုပ်၏သွားနှင့် မိခင်နို့ ခြစ် မိသွား၏။ ထို့ကြောင့် ကျွန်ုပ်၏ မိခင် မှာ ကျွန်ုပ်အား အမြီးနှင့်လှမ်း၍ ပုတ် လိုက်၏။ အဓိပ္ပာယ်မှာ 'ကောင်လေး တော်တော်ဝတ်'ဟူ၍ ဖြစ်တန်ရာ၏။ ကျွန်ုပ်သည် နို့စို့ရင်း ရှူးရှူးတွေ ပေါက်ချလိုက်၏။ ကျွန်ုပ်၏ ရှူးရှူး များသည် ခင်းထားသော အုတ်ခဲများ ပေါ်သို့ကျပြီးလျှင် အပေါ်သို့ ပြန်၍စင် သောကြောင့် အဘိုးကြီးသမီး၏ ဂါဝန်သို့ ရှူးရှူးစက်များမှာ ရွှံ့များဖြင့် ရော၍နေသောကြောင့် မည်းမည်း စက်များ ဖြစ်ကုန်၏။

ထိုအခါ အဘိုးကြီး၏ သမီးက 'ကြည့်စမ်း၊ ကြည့်စမ်း၊ ကျောက်ဖြူ ရယ်၊ မနေ့ကမှ ကျောင်းပိတ်လို့ ငါ လျှော်ထားတဲ့ ဂါဝန်ကလေး နင် သေးပန်းလို့ ပေကုန်ပြီ"

ဟု ဆိုကာ သူ၏ လက်ဝါးနုနု လေးဖြင့် ကျွန်ုပ်၏ တင်ပါးအား မနာ မကျင်ကလေးရိုက်၍ ထွက်သွားလေ တော့၏။ ထိုအခါ အဘိုးကြီးက…

"သမီးရယ် တိရစ္ဆာန်ဆိုတာ ဒီလိုပေါ့ကွယ်၊ ဘယ်သိပါ့မလဲ"

ဟု ပြောလိုက်၏။ ကျွန်ုပ်သည် လွန်စွာဒေါသထွက်သွား၏။ -

"အဘိုးကြီး၊ တိရစ္ဆာန်မို့ ရှူးရှူး တွေ ပြန်စင်တာ မဟုတ်ဘူးဗျို့၊ ခင်ဗျားကိုယ်တိုင် လာပေါက်ကြည့်ပါ လား၊ ခင်ဗျားပေါက်လည်း ဒီလိုပဲ စင်မှာပါပဲ"

ဟု ပြန်၍ပြောလိုက်၏။

ထိုသို့ ပြောရန်အတွက် ကျွန်ုပ် သည် မိခင်၏နို့မှ ပါးစပ်ကို ခွာ ဖြုတ်ရ၏။ ထိုအခါ ကျွန်ုပ်၏ မိခင် က ကျွန်ုပ်အား အမြီးဖြင့် ဖြန်းခနဲ တစ်ချက်ရိုက်ပြန်၏။ အဓိပ္ပာယ်မှာ-

"ကောင်လေးနှယ်၊ နို့စို့မှာ စို့ တာမဟုတ်ဘူး လူတွေကိုများ အဖက် လုပ်လို့"

ဟူ၍ ဖြစ်တန်ရာ၏။

အဘိုးကြီးသည် ကျွန်ုပ်၏ အနီး သို့ လာပြီးလျှင် ကျွန်ုပ်၏ ကိုယ်ကို လက်ဖြင့် ပွတ်ကာ…

'ရောက်ဖြူလေး…ရောက်ဖြူ လေး…"

ဟု ခေါ်ပြန်၏။ ကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com

ရယ်ချင်စိတ်များ တဖွားဖွား ပေါ်လာ၏။ အဘယ်ကြောင့်ဆိုသော် အဘိုးကြီးသည် ကျွန်ုပ်အား 'ရှောက်ဖြူလေး' 'ရှောက်ဖြူလေး'ဟု ခေါ်၏။

သို့သော် သူ၏အပေါ် ရှေ့သွားနှစ်ချောင်းမှာ ကျိုး၍နေသောကြောင့် 'ကျောက်'ဆိုသော အသံကို မပီဘဲ 'ရှောက်'ဟူ၍ ဖြစ်နေသောကြောင့် ဖြစ်၏။

အမှန်စင်စစ် 'ကျောက်'ဟူသော စကားသည် ကဏ္ဍဘဌာန်ဟု ဆိုအပ်သည့် လည်ချောင်းဖြင့် ရွတ်ဖတ်အပ်သော အသံဖြစ်၏။ သို့သော် အသံဖွင့်၍ ထွက်သောအခါ၌ သွားကျိုး၍ လေမလုံခဲ့ပါလျှင် အသံဖြစ်ပေါ်ရာ အရာ၌ လေဟာ၍ 'ရှောက်'ဟူသော အသံသာ ရနိုင်ပေသည်။

အကယ်၍ ဤသို့မဖြစ်စေရန် ဂရုစိုက်၍ အားထည့်ပြီး ရွတ်ဆိုပါကလည်း ကကြီးမည်သော သိထိလခေါ် အသံဖော့၍ ရွတ်ရသည်။ ဗျည်းသည် အားထည့်လိုက်သောကြောင့် ဓနိတဟု ဆိုအပ်သည့် 'ခချေး' သံသို့ ပြောင်းကာ 'ချောက်'ဟူ၍ ဖြစ်သွားပေလိမ့်မည်။

ကျွန်ုပ်သည် မြင်းတစ်ကောင်အနေနှင့် ဤသို့ မသိသင့်ပါ။ သို့သော် မည်သို့ဖြစ်သည် မသိ၊ ကျွန်ုပ်သည် ဤအတိုင်း သိနေ၏။ ထို့ကြောင့် ကျွန်ုပ်၏ ဝမ်းတွင်းအူထဲအသည်းထဲမှ ကလိကလိဖြစ်ကာ ရယ်လိုက်မိလေတော့၏။

"ဟီး ဟီး ဟီး ဟီး ဟီး"

ကျွန်ုပ်တို့ တိရစ္ဆာန်များမှာမူ လူကဲ့သို့ ပြုံးရယ်ခြင်း မလုပ်တတ်ပါ။ ပြုံးရယ်ခြင်းမှာ လူတစ်ဦးတည်း လုပ်နိုင်သော အရာဖြစ်၏။ သို့ပါလျှက် မြင်းတစ်ကောင်မျှသာဖြစ်သော ကျွန်ုပ်သည် ရယ်ပစ်လိုက်၏။ အားရပါးရ ရယ်ပစ်လိုက်၏။

ထိုအခါ အဘိုးကြီးက…

"ရှောက်ဖြူလေးက ဟီတယ်ဟေ့" ဟု ပြောလေ၏။

"ရယ်တယ်လို့ ပြောစမ်းပါ အဘိုးကြီးရယ်။ ဟီတယ်လို့ မပြောပါနဲ့။ ခင်ဗျားတို့ လူတွေ သဘောကျတော့ ရယ်တယ်၊ ကျွန်ုပ်တို့ မြင်းကျတော့မှ ဟီတယ်ရယ်လို့ စကားလုံးကို အဆင့်အတန်း မခွဲစမ်းပါနဲ့ဗျာ"

ဟု ကျွန်ုပ်က ကန့်ကွက်လိုက်လေ၏။

သို့သော် ကျွန်ုပ်၏ စကားများသည် 'ဟင်း…ဟင်း' 'ဟင်း ဟင်း' ဟူသော အသံများသာ ဖြစ်၍နေ၏။

စောစောက ကျွန်ုပ်ပေါက်ချလိုက်သော ရှုံးရှုံးများသည် ကျွန်ုပ်တို့နေထိုင်ရာ အိပ်ခန်း(ခေါ်)မြင်းဇောင်းထောင့်ရှိ ပုရွက်ဆိတ်တွင်းအတွင်းသို့ စီးဝင်သွားပေ၏။

ထိုအခါ၌ လွန်စွာဒေါသကြီးသော ပုရွက်ဆိတ်နီများသည် တွင်းထဲမှထွက်၍ လာကြပြီးလျှင် အနီးဆုံးရှိ အဘိုးကြီး၏ ခြေထောက်ပေါ်သို့ အလုအယက်တက်ပြီးကာ သူ့ထက်ငါ ကြိုးစား၍ ကိုက်ကြသည်ဖြစ်ရာ အဘိုးကြီးသည် ပုရွက်ဆိတ်များကို ခါချရင်း ခုန်ဆွ ခုန်ဆွဖြင့် ကျွန်ုပ်တို့အနီးမှ ထွက်သွားလေတော့၏။

ကျွန်ုပ်သည် အဘိုးကြီး၏ အဖြစ်ကိုကြည့်ကာ ရယ်ချင်လှ၏။ သို့သော် မရယ်လိုက်ပါ၊ ကျွန်ုပ်ရယ်လျှင် အဘိုးကြီးက 'ဟီ'သည်ဟု ထပ်၍ ပြောဦးမည်ဖြစ်၏။ ကျွန်ုပ်သည် ထိုစကားလုံးကို မနှစ်သက်ပါ။ ထို့ကြောင့် မရယ်လိုက်ခြင်း ဖြစ်၏။

အဘိုးကြီးသည် ကျွန်ုပ်တို့ သားအမိကို လှည့်၍ကြည့်လိုက်၏။ ကျွန်ုပ်သည် ခုန်ဆွ ခုန်ဆွ လုပ်ပြလိုက်၏။ ဤသို့ ပြုလုပ်ခြင်းမှာ ကျွန်ုပ်အနေနှင့် 'ဖန်တီး'လိုက်ခြင်းပင် ဖြစ်၏။

အဘိုးကြီးသည် ကျွန်ုပ်၏ ခြေထောက်ကို ပုရွက်ဆိတ်များ ကိုက်နေပြီ ထင်မှတ်ကာ မီးဖိုချောင်ဘက်သို့ တက်သွားပြီးလျှင် ကျိုက်ကျိုက်ဆူနေသော ရေနွေးကရားကြီးကို ယူ၍လာကာ ပုရွက်ဆိတ်တွင်းထဲသို့ ရေနွေးများ လောင်းချ၍ ပုရွက်ဆိတ်များကို အကြင်နာမဲ့စွာ အင်အားသုံး၍ သတ်ဖြတ်ပစ်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်လည်း နို့ဝသွားပြီ ဖြစ်သဖြင့် နို့စို့ခြင်းကိုရပ်၍ ကျွန်ုပ်၏ ဦးခေါင်းဖြင့် အဘိုးကြီးအား ညင်ညင်သာသာ တိုးဝှေ့လိုက်၏။ ဤသို့ ပြုလုပ်လိုက်ခြင်းမှာ ကျွန်ုပ်အနေနှင့် ဒုတိယအကြိမ် ဖန်တီးလိုက်ခြင်းပင် ဖြစ်၏။

အဘိုးကြီးသည် လွန်စွာသဘောကျသွား၏။ ထို့ကြောင့် ကျွန်ုပ်အား ခေါင်းအတွင်းမှ အပြင်သို့ ဆွဲထုတ်ခဲ့ပြီးလျှင် ခြံထဲတွင် လွှတ်ပေးလိုက်လေတော့၏။

ထိုအခါကျမှပင် ကျွန်ုပ်သည် ဟိုပြေးလိုက် ဒီပြေးလိုက်နှင့် မြင်းတို့၏ ပျော်ရွှင်ခြင်းဖြင့် ပျော်ရွှင်ရလေတော့သတည်း။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် နို့စို့ပြီးနောက် ခေါင်းအတွင်းမှ ကျွန်ုပ်သဘောနှင့် ကျွန်ုပ် ခြံထဲတွင် လှည့်ပတ်နေလေ၏။

နံနက်ရှစ်နာရီထိုးလောက်တွင် လူငယ်များသည် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ခြံတံခါးကို တွန်းဖွင့်၍ ဝင်လာကြလေ၏။

ထိုလူငယ်များသည် အဘိုးကြီးကို တွေ့လျှင်...

"ဂွတ်တမောနင်း မာစတာ"

ဟု နှုတ်ဆက်ကြလေ၏။

ကျွန်ုပ်သည် အစပထမ၌ ၎င်းတို့အား မည်သည့်ကိစ္စကြောင့် လာကြသည်ကို မသိခဲ့ပါ။

သို့ရာတွင် ၎င်းလူငယ်များသည် အိမ်ပေါ်သို့ ရောက်သောအခါ၌ ခုံတန်းများ၌ ဝင်၍ထိုင်၏။

၎င်းတို့၏ ရှေ့တွင်မူ စားပွဲစောင်းများ ရှိကြ၏။ အိမ်ရှင် အဘိုးကြီးသည် ၎င်းတို့၏ အရှေ့တွင် မတ်တတ်ရပ်နေ၏။ ထို့နောက် အဘိုးကြီးက...

"ဝမ်းသာစရာစကား ပြောရဦးမယ်ဟေ့၊ တစ်နေ့တုန်းက ဆရာ့ရဲ့ မြင်းမကြီးက မြင်းကလေးတစ်ကောင် ပေါက်တယ်ကွ၊ ဟောဟို မြင်းဖြူလေးပေါ့၊ မြင်းထီးလေးကွ၊ ဆရာက ဒါ့ကြောင့် သူ့ကို 'လစ်တယ်ဝှိုက်စတုံး' 'ကျောက်ဖြူလေး' လို့ နာမည်ပေးထားတယ်"

ဟု ပြောလိုက်လျှင် လူငယ်များသည် ကျွန်ုပ်ဘက်သို့လှည့်၍ ကြည့်ကြကုန်၏။ သူတို့၏ မျက်နှာများသည် ပြုံးရောင်သန်းနေ၏။ ထို့ကြောင့် နှစ်လိုဖွယ်ရာကောင်း၏။

ထို့နောက် လူငယ်တစ်ဦးက...

"ဆရာကြီး မြင်းက ခမျိုးမျိုးရှိတယ်၊ ကျောက်ဖြူလေးက ဘာမျိုးတုံး"

ဟု စပ်စပ်စုစု မေးမြန်းလိုက်လေ၏။

အဘိုးကြီးသည် ပြုံးပြီးနောက်-

"သူ့အဖေက 'မဒရပ်' မျိုးကွ၊

> "အဘိုးကြီး ဘာတွေ လျှောက်ဖြီးနေတာလဲ၊ မြင်းအမျိုးပေါင်း သုံးမျိုး မဟုတ်ဘူးဗျ၊ ဆယ်မျိုး၊ ဆယ်မျိုး၊ မြင်းအကြောင်းကို မသိရင်လဲ မြင်းကို မေးပါဗျ၊ မဖြီးစမ်းပါနဲ့"

သူ့အမေကတော့ မြင်းချော မြင်းသန့်တွေထွက်တဲ့ ကျွန်းကလေးသူအစစ်။ အဲဒီတော့ ကျောက်ဖြူလေးဟာ မျိုးကောင်းမျိုးသန့်ပေါ့ တပည့်ရာ"

ဟု ပြန်၍ ဖြေလိုက်လေ၏။

ထိုအခါ လူငယ်က...

"ကျွန်တော် မေးတာ အဲဒါ မဟုတ်ဘူး ဆရာ၊ မြင်းမှာ 'အသတိုရ်' မြင်းတို့၊ 'သိန္နော' မြင်းတို့ ရှိတယ် မဟုတ်လား၊ ဘယ်အမျိုးထဲမှာ ပါသလဲ လို့ မေးတာ"

ဟု မေးလိုက်လေ၏။

အဘိုးကြီးက...

"မြင်းက သုံးမျိုးရှိတယ်ကွ၊



www.burmeseclassic.com

www.burmeseclassic.com

'အသထိုရ်'ရယ်၊ 'သိန္ဓော'ရယ်၊ 'အာကာပုံ'ရယ်ပေါ့ကွာ၊ ကျောက်ဖြူလေးက 'အာကာပုံ'မျိုးထဲမှာ ပါတယ်ကွ''

ဟု ပြောပြန်လေ၏။

ကျွန်ုပ်သည် လွန်စွာအံ့သြသွား၏။ အဘိုးကြီးသည် ခပ်တည်တည်နှင့် ဖြီးနေခြင်းဖြစ်ကြောင်း ကျွန်ုပ်ကောင်းစွာသဘောပေါက်သွား၏။

ထို့ပြင် နောက်တစ်ခု သဘောပေါက်သည်မှာ အဘိုးကြီးသည် ကျောင်းဆရာဖြစ်၍ လူငယ်များသည် ကျောင်းသားများ ဖြစ်ကြကုန်သည် ဆိုသည့်အချက်ပင်ဖြစ်၏။ ကျွန်ုပ်သည် လှမ်း၍အော်လိုက်၏။

''အဘိုးကြီး ဘာတွေ လျှောက်ဖြီးနေတာလဲ၊ မြင်းအမျိုးပေါင်း သုံးမျိုး မဟုတ်ဘူးဗျ၊ ဆယ်မျိုး၊ ဆယ်မျိုး၊ မြင်းအကြောင်းကို မသိရင်လဲ မြင်းကို မေးပါဗျ၊ မဖြီးစမ်းပါနဲ့''

ဟူ၍ ဖြစ်၏။ သို့သော် ကျွန်ုပ်၏ စကားများမှာ 'ဟင်းဟင်း ဟင်းဟင်း'ဟူ၍သာ ဖြစ်၏။ ထိုအချိန်၌ စောစောက ကျောင်းသားက...

''ကျွန်တော်က မြင်းဆယ်မျိုးလို့ ကြားဖူးလို့ပါ ဆရာ''

ဟု ထပ်၍ပြောရာ အဘိုးကြီးက

''အေး..အေး..အေး..မသေမချင်းမှတ်ထား သုံးမျိုးပဲရှိတယ်''

ဟု ဖွတ်အတင်းပြောလေ၏။ ကျန်သော ကျောင်းသားများက ထိုကျောင်းသားအား 'ဝေးဟေးဟေး'ဟု အောင်ဟစ်နောက်ပြောင်ကြလေ၏။ အဓိပ္ပာယ်မှာ...

''လူတွင်ကျယ်လုပ်ပြီး ဆရာကြီးနဲ့ သွားငြင်းတဲ့ကောင် မှတ်ပေရော့''

ဟူ၍ ဖြစ်၏။

ကျွန်ုပ်သည် ထိုကျောင်းသားအပေါ်၌ သနားစိတ်များဝင်၍လာလေသည်။ ထို့ကြောင့် ကျွန်ုပ်က...

''ဗျို့..အဘိုးကြီး 'အဿကြန္ဓဆိုတဲ့ မြင်းကျမ်းကြီး'မှာ သိန္ဓောမျိုး၊ သုဝဏ္ဏသာမမျိုး၊ အာကာသဘိန္နမျိုး၊ ဝလာဟကမျိုး၊ ဝလာဟက သိပ်မျိုး၊ လောမျိုး၊ လှီးမျိုး၊ ပွေးမျိုး၊ ပုဇဉ်မျိုး၊ မြည်းမျိုး ရှိတယ်လို့ သေသေချာချာ ပြထားတယ်ဗျ၊ ကျောင်းသားကို အနိုင်မကျင့်ပါနဲ့''

ဟု လှမ်း၍ ပြောလိုက်လေ၏။

သို့သော် ကျွန်ုပ်၏ အသံမှာ 'ဟင်းဟင်း၊ ဟင်းဟင်း'ဟူ၍သာဖြစ်၏။ အဘိုးကြီးသည် ကျောင်းသားများအား စာသင်လေတော့၏။ ကျောင်းသားများသည် ဆယ်တန်းကျောင်းသားများ ဖြစ်ကြကုန်၏။ သူသည် ထိုကျောင်းသားများကို မြန်မာစာသင်ပေးရသူဖြစ်၏။ ကျောင်းသားများသည် အတန်းကျောင်းကို တက်ရ၏။ ထိုအတန်းကျောင်းတွင် တက်ရောက်သင်ကြားခြင်းကို အားမရဘဲ ကျွမ်းကျင်သော ဆရာများထံတွင် ကျောင်းလခ ပူဇော်ကာ အပြင်၌ ထပ်၍သင်ယူရ၏။ အဘိုးကြီးသည် မြန်မာစာ၌ ကျွမ်းကျင်သည်ဟု ဆို၏။ ယခင်ကလည်း ပညာရေးဌာနတွင် ကျောင်းဆရာအဖြစ် လခစား လုပ်ကိုင်ခဲ့သည်ဆို၏။ ယခုမူ အသက်ခြောက်ဆယ်ပြည့်သဖြင့် ထိုအလုပ်မှ အနားယူခဲ့သည်ဆို၏။

ဤကဲ့သို့ အဘိုးကြီးသည် မိမိမသိသည်ကို မသိဟု ဝန်မခံဘဲ ဆက်လက်ဖြီးဖြန်းနေပါက ကျွန်ုပ်သည် ကျောင်းသားများအတွက် စိတ်မကောင်းဖြစ်မိ၏။ သို့သော် ကျွန်ုပ် ဘာမျှမတတ်နိုင်ပါ။ ကျွန်ုပ်ပြောတတ်သည်မှာလည်း 'ဟင်းဟင်း၊ ဟင်းဟင်း'သာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် စာသင်ခန်းဘက်သို့ လှည့်ကြည့်ကာ ကျောင်းသားများအား...

''ကိုယ့်လူတို့ကတော့ ဒီဆရာကြီးဆီမှာ ပညာသင်ရင် အနာဂတ်မှာ...''

ဟု လှမ်း၍အော်လိုက်၏။

သို့သော် ကျွန်ုပ်၏ စကားများမှာ 'ဟင်းဟင်း၊ ဟင်းဟင်း' ဟူ၍ပင် ဖြစ်ပေတော့သတည်း။

(ရှေ့လ ဆက်ရန်)

သဗ္ဗေသတ္တာ ကမ္မဿကာ

မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com

# ဆေးဖက်ဝင်အပင်များ

သမားတော်ကြီးဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)

ဒေါက်ခွရွက်ပင်များသည် အပင်ငယ်မျိုးဖြစ်ပြီး အမြင့်ပေ တစ်ပေမျှသာ ဖြစ်၏။ သဲများသော ကုန်းမြင့်များပေါ်တွင် အလေ့ကျပေါက်ကြ၏။ အရွက်၊ ရိုးတံရှည်၍ အရွက်ထူ၏။ အပွင့်သည် သေးငယ်၏။ များသောအားဖြင့် အရွက်ကို အသုံးပြုကြ၏။ ရသာမှာ ချို၏။ အေး၏။ အနည်းငယ်စပ်၏။ အကျိုးသွားမှာ မလဓာတ်များကိုသုတ်သင်စေတတ်၏။ သွေးအန်နာ၊ သွေးပျက်နာများကို ပျောက်ကင်းစေတတ်၏။ လေကိုပွားစေ၏။ သလိပ်ကိုရစေ၏။ လည်ချောင်းနာနှင့် အသက်ရှူပြွန်ချောင်းနာဖြစ်ပါက အရွက်၏ သတ္တုရည် ငုံပေးပါက ပျောက်ကင်းစေ၏။ အူဥဖြစ်သော ရောဂါတို့ကို ဒေါက်ခွရွက်ချက်စားခြင်းဖြင့် ပျောက်ကင်းစေ၏။ ဆီးချိုရောဂါဖြစ်ပါက ဒေါက်ခွရွက်သတ္တုရည်တိုက်ပေးက ပျောက်၏။ လေထိုးလေအောင့်၊ ဘေးထိုးရင်ကျပ်နာဖြစ်ပါက အစေ့ကို အမှုန့်ပြု၍တိုက်က ပျောက်ကင်းစေ၏။

## ကြက်မောက်ဆူးပြန်ပင်

ကြက်မောက်ဆူးပြန်ပင်ကို အချို့ကတော့ ကြက်မောက်ပင်ဟုခေါ်ဆိုကြ၏။ ၎င်းအပင်သည် အပင်ငယ်မျိုးဖြစ်၍ အမြင့်ပေ နှစ်ပေမှ သုံးပေထိသာ ရှိ၏။ ပင်စည်ရိုးမှ ထွက်သော ညှာတံတွင် ဆူးကလေးများပေါက်နေပြီး ထိလျှင် စူးကပ်၍ပါလာတတ်ကြ၏။ ကြက်မောက်ဆူးပြန်ပင်ကို အဖြူမျိုးနှင့် အနီမျိုး နှစ်မျိုးတွေ့ရှိရ၏။ တိုင်းရင်းသမားတော်များက စစ်စိန်ပင်ဟုခေါ်ပြီး တောင်သူဦးကြီးများကတော ကြက်မောက်ပင် (သို့) ကျွဲနှာခေါင်းချိတ်ပင်ဟု ခေါ်ဆိုကြ၏။

ကြက်မောက်ဆူးပြန်အဖြူပင်၏ အကျိုးသွားအာနိသင်မှာ နှုတ်ကိုမြိန်စေ၏။ ဝမ်းမီးကိုတောက်စေ၏။ ဆီးဝမ်းကို မှန်ကန်စေ၏။ လေဒေါသနှင့် သလိပ်ဒေါသတို့ကို ငြိမ်းစေ၏။ လေထိုးလေအောင့်ရောဂါ၊ ဝမ်းဗိုက်တင်းသောရောဂါ၊ အော့အန်နှာ အရေပြားရောဂါ၊ ယားနာများ နှလုံးတုန်၊ ရင်ခုန်၊ နှလုံးအားနည်းရောဂါများပါ ပျောက်ကင်းစေ၏။

ကြက်မောက်ဆူးပြန်အနီ၏ ဂုဏ်သတ္တိအကျိုးသွားများမှာ လေသလိပ်ကို ကြေစေ၏။ ခြောက်ကပ်စေ၏။ အသည်းရောင်အသားဝါရောဂါဖြစ်ပါက ကြက်မောက်ဆူးပြန်အနီပင် အခြောက်လှန်း၊ အမှုန့်ပြုပြီး အခြားတိုင်းရင်းဆေးမယ်များဖြင့်ရော၍ သုံးကြ၏။ ၎င်းအပြင် ကြက်မောက်ဆူးပြန်ပင် ပဥ္စငါးပါးစလုံး ရေဖြင့် သုံးခွက်တစ်ခွက်တင် ကျို၍တိုက်ပေးပါကလည်း အသည်းရောင်အသားဝါရောဂါပျောက်၏။ တိုင်းရင်းသမားတော်ကြီးများသည် ကြက်မောက်ဆူးပြန်ပင် အခြောက်လှန်း၊ ကြော်ချပြီး ရက္ခမူဆားအဖြစ် ဆေးဖက်တွင် အသုံးပြုကြ၏။ မည်သည့်ဆေးဖုံတွင်အဆို ကြက်မောက်ဆူးပြန်ဆား အနည်းငယ်ထည့်၍ ဖော်စပ်ပါက ဆေးစွမ်းပို၍ထက်၏။

ကြက်မောက်ဆူးပြန် ရက္ခမူဆားကို ရှေးခေတ်က ရန်ကင်းတောင်တွင် သီတင်းသုံးခဲ့သော "ရေငုံဆရာတော်ကြီး" လက်ကိုင်ထား သုံးစွဲခဲ့ပုံများကို ဖော်ပြရမည်ဆိုပါက

၁။ မျက်စိနာသော်၊ တိမ်သလ္လာစွဲခဲ့သော် ကဆော့မြစ်သွေးရည်တွင် ရက္ခမူဆားအနည်းငယ်ထည့်၊ မိန်းမဖြစ်သော် ယောက်ျားလေးစို့သော နို့ရည်ဖြင့် ရော၍ခပ်၊ ယောက်ျားဖြစ်ခဲ့သော် မိန်းကလေးစို့သော နို့ရည်ရောထည့် ခပ်က ပျောက်၏။

၂။ ချောင်းဆိုးရင်ကျပ် သလိပ်ကပ် ဖြစ်ခဲ့သော် ရက္ခမူဆား ၄ဲ သားတွင် ရောက်ရည်ဖြင့် ထည့်၍သောက်က ပျောက်၏။ နှာတာရှည်ချောင်းဆိုးရောဂါများပါ ပျောက်၏။

၃။ ဝမ်းတွင်း၌ လေလုံးများထပါက သံပရာရည်

www.burmeseclassic.com

တွင် ရက္ခမူဆား အနည်းငယ်ထည့်၍ လျက်ပေးပါက ပျောက်၏။

၄။ နလုံးတုန်၊ ရင်ခုန် မူးဝေမောပန်း ဖြစ်ပါက သွေးဆေးအဖေး ၄ သား၊ ရက္ခမူဆား ၁ သားရော၍ ကြံရည်တွင်ထည့်သောက်က ပျောက်ကင်းစေနိုင်၏။

ကြက်မောက်ဆူးပြန်ပင် ရက္ခမူဆားကို ဆောင်ထားခြင်းဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပေးမည် ဖြစ်ပေသည်။

## နမဏီသန်လျက်ပင်ငယ်

နမဏီသန်လျက်ပင်ငယ်သည် နွယ်ပင်မျိုးနွယ်တွင် ပါဝင်ပြီး နမဏီသန်လျက်ပင်ကြီးနှင့် တူ၏။ အရွက်သာလျှင် ကွဲပြား၏။ အလေ့ကျပေါက်သောအပင်မျိုး ဖြစ်ပြီး အညာဒေသဖြစ်သော ရွှေဘို-မုံရွာ-ရေဦး-ခင်ဦး-ဒီပဲယင်း-ဘုတလင် စသော မြို့များတွင် ပို၍ပေါက်ကြ၏။ ပင်စည်တွင် ဆူးနက်ကလေးများပါရှိ၏။ အထက်မြန်မာပြည်တွင် ရှဥ့်မတက်ပင် ဟု ခေါ်ဆိုကြ၏။ အပွင့်များသည် အဖြူရောင်ဖြစ်ပြီး အသီးသည် အစိမ်းရောင်ဖြစ်၏။ မှည့်သောအခါ အနီရောင်ဖြစ်လာ၏။ အသီးစိမ်းများကို အညာဒေသတွင် ဟင်းချက်၍လည်း စားကြ၏။

အကျိုးသွားအာနိသင်မှာ အသီးသည် သလိပ်ကို နိုင်၏။ အရွက်၏ သတ္တုရည်လိမ်းပေးပါက ယားယံခြင်းများ ပျောက်၏။ အမြစ်သည် ဝမ်းမီးကို တောက်စေ၏။ အဖုအကြိတ်ဖြစ်သော် အမြစ်ကို သွေးလိမ်းပေးက ပျောက်ကင်းစေ၏။



## ဒေါင်းစရစ်ပင်

ဒေါင်းစရစ်ပင်သည် နွယ်ပင်မျိုးဖြစ်၏။ အခြားအပင်ကြီးများပေါ်တွင် နွယ်ဆက်၍ ပေါက်ကြ၏။ ၎င်း၏အပွင့်သည် အလွန်မွှေးကြိုင်၏။ အချို့ပန်းဥယျာဉ်များတွင် စင်ထိုး၍ စိုက်ပျိုးကြ၏။ အပွင့်များသည် အဝါရောင်ဖြစ်ပြီး အကိုင်းလိုက်ပြွတ်သိပ်၍ ပွင့်သောကြောင့် လှပ၏။ ပန်းရနံ့သင်းပျံ့မွှေးကြိုင်သောကြောင့် လူတိုင်း နှစ်သက်ကြ၏။

ဂုဏ်သတ္တိနှင့် စွမ်းရည်မှာ ခေါင်းမူးဝေကိုက်ခဲဖြစ်ပါက ပန်းပွင့်ရှူပေးပါက ပျောက်ကင်းစေ၏။ သွေးအန်၊ သွေးကျ၊ သွေးယိုစီးပါက အပွင့်၏ သတ္တုရည်ကို တိုက်ပေးက ပျောက်၏။ နားနာ၊ နားပြည်ယိုနာ ဖြစ်ပါက အပွင့်သတ္တုရည် ထည့်ပေးပါက ပျောက်ကင်းစေ၏။ မျက်စိနှင့်ပတ်သက်သော ဝေဒနာများလည်း ပျောက်ကင်းစေနိုင်၏။



ဒေါင်းစရစ်ပန်း

## နဘူးကြီးပင်

နဘူးကြီးပင်များသည် ပင်လတ်မျိုးဖြစ်၏။ ပင်စည်သည် နီညိုရောင်ဖြစ်၏။ အရွက်များသည် အဖျားချွန်၏။ အစိမ်းရောင်စိုလွင်၏။ ရေမြေလိုက်၍ အရွက်အကြီးအသေး ကွာခြား၏။ အလျား ၁၀ လက်မခန့်နှင့် ဖြက် ခြောက်လက်မ ခန့် ရှိကြ၏။ အလေ့ကျပေါက်သော အပင်ဖြစ်ပြီး သဲသောင်များတွင် ပေါက်တတ်၏။ အရွက်ပေါ်တွင် ရှက်ကြောများ ပါရှိ၏။ နဘူးကြီးပင်၏ ဆေးဖက်ဝင်ပုံကို လူသိနည်းကြ၏။

နဘူးကြီးပင်၏ ဂုဏ်သတ္တိအကျိုးသွားများမှာ အနာ



www.burmeseclassic.com

www.burmeseclassic.com

ဟောင်း၊ အနာခွေးများကို နဘူးကြီးရွက် သတ္တုရည်ဖြင့် လိမ်းပေးပါက အသားနုတက်၍ မြန်စွာပျောက်၏။ ၎င်းအပြင် ဟင်းအား ဌနှံ့ဖြင့် တစ်နေ့နှစ်ကြိမ်လည်း သောက်ပေးရ၏။ နဘူးကြီး ရွက်ပြုတ်ရည်ဖြင့် အနာကို ဖန်ဆေးပေးပါက အမြန်ပျောက်ကင်းစေ၏။



နဘားကြီးပင်


## နကျယ်ပင်

နကျယ်ပင်များသည် ပင်လတ်မျိုးဖြစ်၏။ ပင်စည် နံ့တံ့တွင် အခွက်ကလေးများ ပါရှိ၏။ အပွေးသည် အနီ ရောင်ဖြစ်ပြီး ခြောက်၍ ကွာကျလျှင် အပြားကလေးများ ဖြစ်၏။ အရွက်များပေါ်တွင် ကြေးနီရောင် အမွေးနုကလေး များရှိ၏။ နောက်ကျောဘက်တွင် အဖြူရောင်အမွေးနုကလေး များ ပါရှိ၏။ အရွက်များသည် အဖျားချွန်၏။ အရွက်နားများ နှင့် အတွန့်များ ပါရှိ၏။ ပွင့်ဖတ်က အခံရွက်များသည် စိမ်း ညိုရောင်ဖြစ်ပြီး အဖြူပွင့်များ ပွင့်ကြ၏။ အသီးများသည် လုံး၍ ကတ္တီပါရောင် အမွေးများပါရှိ၏။

နကျယ်ပင်၏ ဂုဏ်သတ္တိစွမ်းရည်မှာ ဒေါသသုံးပါး အလုံးကို နိုင်၏။ အသံကို ကောင်းစေ၏။ ရင်ကျပ်၊ ချောင်းဆိုး ခြင်းကိုလည်း ပျောက်ကင်းနိုင်၏။ အထူးအားဖြင့် ချောင်းဆိုး သွေးပါ (မြစ်ချောက်ရောဂါ)များပါ ပျောက်ကင်းစေ၏။ အဖောရောဂါများနှင့် သွေးအန်၊ သွေးကျရောဂါများပါ ပျောက် ကင်းစေနိုင်၏။

## နမဏီသန်လျက်ပင်ကြီး

နမဏီသန်လျက်ပင်ကြီးမျိုးသည် နွယ်ပင်မျိုးတွင် ပါဝင်၏။ အရွက်များ အရင်းဝိုင်းပြီး အဖျားချွန်၏။ အပွင့်များ သည် အဖြူရောင်ဖြစ်၏။ အသီးများသည် လုံး၍ ရှည်၏။ ငယ်စဉ်စိမ်း၍ မှည့်သောအခါ အနီရောင်ဖြစ်လာ၏။ အသီးနု များကို ဟင်းချက်စားကြ၏။ ခါး၍ အလွန်ကောင်း၏။



ဂုဏ်သတ္တိအကျိုးသွားများမှာ အသီးသည် သလိပ် ကို နိုင်၏။ အမြစ်သည် ခါး၏။ အေး၏။ သည်းခြေခိုးကို ထုတ်ပယ်စေ၏။ ဝမ်းမီးကို တောက်စေ၏။ မီးနေသည်များ မီးတွင်း၌ဖျားပါက အမြစ်ခေါက်ကို ပြုတ်၍တိုက်ပေးပါက ပျောက်ကင်းစေ၏။ အဖုအကြိတ်၊ ယားယံနာများဖြစ်ပါက အရွက်သတ္တုရည်ကို လိမ်းပေးပါက ပျောက်ကင်းစေ၏။ ဝမ်းဖောဝမ်းရောင်၊ ဝမ်းကိုက်ရောဂါဖြစ်လျှင် အမြစ်ကို အမှုန့်ပြုပြီး ဆန်ဆေးရည်ဖြင့် တိုက်ပေးက ပျောက်၏။

သမားတော်ကြီးဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)

ကျမ်းကိုး

ရွှေဆောင်တင်ဆွေ၏ ဆေးနည်းတိုနှင့် ဆေးဖက်ဝင် အပင်များကျမ်း။



www.burmeseclassic.com

www.burmeseclassic.com

သောင်းဥာဏ်(ပန်းထော်ကျွန်း)

# အလျှော့တွက်

မြန်မာနိုင်ငံသုံး၊ ထုံးတမ်းစဉ်လာအရ တရားဝင်သတ်မှတ်ချက်အဖြစ် "အလျှော့တွက်" ဟူသော စည်းမျဉ်းဥပဒေရှိသည်ကား ရွှေထည်ပစ္စည်းရောင်းဝယ်ရေးတွင် ဖြစ်ပါသည်။ ရွှေထည်ပစ္စည်းများ ပြုလုပ်ရောင်းဝယ်ရာတွင် "အလျှော့တွက်" ကို ရောင်းသူဝယ်သူ သဘောတူပြီး ဈေးနှုန်းသတ်မှတ်ကာ ဝယ်သူက ရှင်းပေးရစမြဲဖြစ်သည်ကို လူတိုင်း သိပါသည်။

ရွှေထည်ပစ္စည်းတစ်ခုကို ပုံဖော်၍ ပြုလုပ်ရာ၌ ပြုလုပ်သူသည် လိုအပ်သည့် ပစ္စည်းအလေးချိန် အတိအကျရှိနိုင်ရန် အသားတင်ကျန်ရှိရမည့် ရွှေအလေးချိန်နှင့် ကိုက်ညီအောင် ထုဆစ်ပြုလုပ်ရပါသည်။ ထိုအခါ ရွှေထည်ပစ္စည်းပြုလုပ်သူ ပန်းထိမ်သည် ကျန်ရှိရမည့် ရွှေအလေးချိန်ထက်ပိုကာ ရွှေစိုက်ထည့်သုံးရပါသည်။ လိုအပ်သော ပုံဖော်ရာတွင် ထုဆစ်၍ ပဲ့ထွက်လာမည့် ရွှေအတွက် စိုက်ရွှေကို သင့်တော်သလို ထည့်သုံးခြင်းဖြစ်သည်ဟု ငယ်စဉ်ကပင် ကြားဖူးနားဝရှိခဲ့ဖူးပါသည်။ ရွှေပန်းထိမ်သည် ရွှေထည်ပစ္စည်းကို လိုအပ်သည့်ပုံဖော်ရာတွင် စူးဆောက်ကိရိယာများဖြင့် ကျွမ်းကျင်စွာထုဆစ်၍ ပြုလုပ်ရပါသည်။

ထိုအခါ ရွှေမှုန့်ရွှေစအချို့သည် မတော်တဆအားဖြင့် အောက်ခံဗန်းထဲသို့မကျဘဲ ဘေးတစ်ဖက်သို့ လွင့်စဉ်မှုမျိုး ကြုံရတတ်သည်။ ထိုသို့ မတော်တဆ အလေအလွင့်ဖြစ်မှုရှိပါက စိုက်သုံးသောရွှေ၌ အရှုံးရှိနိုင်သည်။ ရွှေမှုန့်ရွှေစသည် တန်ဖိုးကြီးသောအရာ ဖြစ်သဖြင့် အနည်းငယ်မျှ လွင့်စင်မိသော်လည်း ငွေကြေးကများပါသည်။ ထို့ကြောင့်ပင် ဝယ်သူသဘောတူကာ ပေးရသည့် "အလျှော့တွက်" ဟူသည့် သတ်မှတ်ချက် စည်းမျဉ်းဥပဒေကို ရှေးခေတ်ကပင် တီထွင်ပြဌာန်းထားခဲ့သည်ဟု ထင်မြင်ယူဆမိပါသည်။ ရွှေပန်းထိမ်လုပ်ငန်းရှိ ထက်အောက်ဝန်းကျင်မှ လေလွင့်နေသော ရွှေမှုန့်ရွှေစများကို ရွှေကျင်သော နည်းစနစ်ဖြင့် ပြန်လည်ရယူနိုင်သော်လည်း အလုံးစုံ အကုန်အစင်ဖြင့် မရနိုင်ပေ။

ပန်းထိမ်ဖိုဝန်းကျင်ရှိ အမှိုက်၊ သဲ၊ မြေကြီး စသည်တို့ကို တူးဖွဲ့သိမ်းယူကာ ရေနှင့်ဖျော် ဆေးကြောပြီးနောက် ထိုဆေးသည့်ရေကို ရွှေကျင်ဗန်းဖြင့် ကျင်ရပါသည်။ ရွှေမှုန်ရွှေစများနှင့်အတူ တခြားလေးသော သတ္တုစများရောနှောကာ ရွှေကျင်ဗန်း အလယ်ချိုင့်၌ စုနေကြပါသည်။ ထိုအရာများကို အမှုန့်များမှ အခဲဖြစ်အောင် လုံအိုးထဲ၌ထည့်ကာ အပူပေးရပါသည်။ ရွှေနှင့်ရောနေသော သတ္တုများ စင်ကြယ်စေရန် အက်စစ်ရည်ထဲသို့ ထည့်လိုက်သောအခါ သတ္တုများ အက်စစ်တွင်ပျော်ဝင်ကာ ရွှေအစစ်သာ ကျန်ခဲ့ပါသည်။ အက်စစ်ရည်သည် ရွှေကိုပျော်စေနိုင်သည့် စွမ်းအားမရှိသဖြင့် ရွှေသားစစ်စစ်ကို ရရှိနိုင်ပါသည်။ ရွှေသည် တန်ဖိုးကြီးသောပစ္စည်းဖြစ်သောကြောင့် အလေအလွင့် ဆုံးရှုံးမှုမရှိရလေအောင် တီထွင်ကြံဆနည်းဖြစ်လိမ့်မည်ဟု တွေးတောမိပါသည်။ ဤသည်မှာ ကျွန်မသိနားလည်သမျှ ရွှေထည်ပစ္စည်း ဗဟုသုတအနည်းအကျဉ်းဖြစ်ပါသည်။

ရွှေထည်ပစ္စည်း ပြုလုပ်ရောင်းဝယ်ရေးမှ "အလျှော့တွက်" အလေအလွင့်ကိစ္စများကို တွေးတောမိရာမှ ကျွန်မ၏အာရုံတွင် မိမိကြုံတွေ့ခဲ့သည့် ကိုယ်တိုင်သိမြင်မှု၊ ပတ်ဝန်းကျင်၌ တွေ့မြင်ခဲ့မှု၊ တွေ့မြင်နေဆဲ အလေအလွင့် "အလျှော့တွက်" များကို ဆက်ကာတွေးမိပြန်ပါသည်။ ငွေကြေးတန်ဖိုးများသော ရွှေထည်ပစ္စည်းမျိုးတွင်သာ "အလျှော့တွက်" နှုန်းထားရှိသည် မဟုတ်ပေ။ ရွှေထည်ပစ္စည်းနှီးပါး တန်ဖိုးများသည့်ပစ္စည်းများ၊ ရွှေထက်ပင် လိုအပ်မှုပိုသည့် အရာများ၊ တန်ဖိုးငွေနည်းသော်လည်း မသုံးမဖြစ်သုံးနေရသော လူသုံးကုန်ပစ္စည်းမျိုးစုံတို့၌လည်း "အလျှော့တွက်" များ အလွန်ရှိနေသည်ကို တွေ့မြင်မိပါသည်။

တန်ဖိုးနည်းသော်လည်း များစွာ



www.burmeseclassic.com

www.burmeseclassic.com

သော "အလျှော့တွက်"အကြိမ်ပေါင်း၏ တန်ဖိုးကို ပေါင်းစုလိုက်ပါက ရွှေဝယ်သည့် "အလျှော့တွက်"တန်ဖိုးထက် အဆပိုများမည်မှာ အမှန်ဖြစ်ပေသည်။ ရွှေကို တစ်နှစ်တွင် တစ်ကြိမ်ဝယ်ဖြစ်ပါက "အလျှော့တွက်"တန်ဖိုးကို တစ်ကြိမ်သာ ပေးရပါသည်။ သို့သော် မိမိအိမ်တွင်မူကား နေ့စဉ်ပင် "အလျှော့တွက်"တန်ဖိုးကို အမြဲပေးနေကြရပါသည်။ စားဝတ်နေမှုအတွက် အသုံးပြုနေသမျှသော ပစ္စည်းများ၏ "အလျှော့တွက်"ကျခံနေရသည့် အကြိမ်ပေါင်းကား မရေမတွက်နိုင်အောင် များပြားစွာရှိနေကြောင်း သတိထားကာ သုံးသပ်ကြည့်ပါက လူတိုင်းသိနိုင်ပါသည်။ ကျွန်မကိုယ်တိုင်လည်း ထင်ထင်ရှားရှား သိမြင်လာရပါသည်။

မြန်မာတို့၏ အသက်သွေးကြောဟူ၍ တင်စားလောက်သည့် မြန်မာ့အစားအစာ ထမင်းသည်ကား ကျွန်မတို့နေ့စဉ်စားနေကြသည့် အာဟာရဖြစ်သည်ကို လူတိုင်းသိပါသည်။ ဆန်ကို ချက်သော် ထမင်းဖြစ်လာရကြောင်းကိုလည်း လူမမည်ကလေးငယ်များကပင် သိကြပါသည်။ ထမင်းဖြစ်ရန်အတွက် စပါးရနိုင်အောင် ပျိုးထောင်စိုက်ပျိုး၊ ရိတ်သိမ်း၊ ကြိတ်ခွဲ၊ သန့်စင်ပြီး ထမင်းဖြစ်သည်ထိ အဆင့်ဆင့် လုပ်အားစိုက်သုံး ပြုလုပ်ရပါသည်။ မိုးလေဝသအခြေအနေနှင့် ဒွန်တွဲကာ ကျွဲနွားများ၊ စက်ကိရိယာများဖြင့် အချိန်သုံး၊ လူအင်အားသုံးကာ လယ်သမားများသည် ကြိုးပမ်းဆောင်ရွက်ကြရပါသည်။ ထမင်းဖြစ်လာသည်ထိ မည်မျှ ရှန်းကန်လှုပ်ရှားရပုံများကို ကျွန်မသည် လယ်သမားမျိုးဆက်တစ်ဦးဖြစ်၍ သေချာစွာသိထားပါသည်။

ရှေးလူကြီးများက "စပါးနှံတစ်နှံတွင် သီးသောစပါးစေ့များမှ ထမင်းခုနစ်စေ့ကို အလွန်စည်းကမ်းတကျ အလေအလွင့်ကို သတိထားကာ အဆင့်ဆင့် ပြုလုပ်တတ်သူသာ စားရသည်"ဟူ၍ ပြောစမှတ်ရှိကြောင်းကို ကြားဖူးနားဝရှိခဲ့ရပါသည်။ အဖိုးတန်သော မြန်မာ့မြေမှ အဖိုးမဖြတ်နိုင်လောက်အောင် အရေးကြီးသော ဆန်စပါးမှ အာဟာရကိုဖြစ်စေသည့် ထမင်းတွင်လည်း ကျွန်မတို့နိုင်ငံတွင် "အလျှော့တွက်"ကုန်ကျစရိတ်ရှိနေသည်ကို သိမြင်လာပါသည်။ နေ့စဉ်စွန့်ပစ်နေကြသော ကျွန်မတို့မြန်မာနိုင်ငံရှိ အိမ်ထောင်စုများမှ ထမင်းကျန်များ၏ "အလျှော့တွက်"တန်ဖိုးကို တွက်ချက်ကြည့်နိုင်ခဲ့သော် ရွှေထည်ပစ္စည်း ဝယ်ယူစဉ်ပေးရသော "အလျှော့တွက်"နှုန်းထားထက် အဆများစွာသာနိုင်လောက်သည်ဟု မှန်းဆမိပါသည်။ ကျွန်မကိုယ်တိုင်သည် မြန်မာနိုင်ငံသား လယ်သမားမျိုးဆက်ဖြစ်ပါလျက်နှင့် ထမင်း၏ "အလျှော့တွက်"ကုန်ကျစရိတ်ကို ပေးနေသူ တစ်ဦးအပါအဝင် ဖြစ်နေသည်ကို သိမြင်မိ၍လည်း စိတ်ဘဝင်၌ မောပန်းနွမ်းလျသကဲ့သို့ ခံစားမိရပါတော့သည်။

ထမင်းတစ်မျိုးတည်းသာ မဟုတ်။ အခြားစားသောက်ဖွယ် အစုံအလင်၊ ရေ၊ မီး၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းတိုင်း၏ "အလျှော့တွက်"နှုန်းထားများကား ပြောမပြတတ်အောင် ရှိနေကြောင်းလည်း နေ့စဉ်နှင့်အမျှ သိမြင်နေမိပါသည်။

ရောင်းကုန်ပစ္စည်းများကို ရောင်းချရာတွင် ကုန်ပစ္စည်းအမျိုးအစားအလိုက် ပစ္စည်း၏ "အလျှော့တွက်"ကို မှန်းဆ၍ အမြတ်တင်ကာ ဈေးနှုန်းသတ်မှတ်ပြီး ရောင်းချပါမှ အကျိုးအမြတ်ကို ရရှိနိုင်ပေမည်။ ရောင်းသူများကား အမြတ်ရရှိမှသာ ရောင်းကြပါသည်။ သို့သော် ဝယ်ယူစားသောက်အသုံးချသူများတွင်မူကား ဝယ်ယူစဉ်ကလည်း "အလျှော့တွက်"တန်ဖိုးကို ပေးခဲ့ရသည်။ စားသောက်အသုံးချရာတွင်လည်း "အလျှော့တွက်"ရှိနေကြပြန်သဖြင့် နှစ်ထပ်တိုး"အလျှော့တွက်"ကို ပေးနေရသကဲ့သို့ပင် ဖြစ်နေသည်ဟု လိုအပ်သော အသုံးအဆောင်ပစ္စည်းများကား လူတိုင်းအတွက် ရှောင်လွှဲ၍မရနိုင်သော လိုအပ်ချက်ဖြစ်ပါသည်။ လူတန်းစား အနိမ့်၊ အလတ်၊ အမြင့်မရွေး မိမိတို့နှင့်ကိုက်ညီသော စားဝတ်နေရေးလိုအပ်ချက် မရှိသူဟူ၍ မရှိချေ။ လိုအပ်ချက်ဟူသမျှ၌ အဓိကနှင့် သာမညကို ခွဲခြားသိတတ်နိုင်သည့် ဉာဏ်ပညာစွမ်းရည်ဖြင့် ချင့်ချိန်တတ်စေရန် သတိထားလေ့ကျင့်ရပါမည်။

ဗုဒ္ဓဘုရားရှင်၏ တရားတော်အရ လူတို့၏ခန္ဓာဖြစ်စဉ်မှစ၍ ဝသဏ္ဍာစေနိုင်းရာသို့ အာရုံခံစားမှုများက သမုဒယ၏ လှည့်စားချက်အတိုင်း လိုက်နာဆောင်ရွက်ကြပေသည်။ ထိုအာရုံများခံစားမှုတိုင်းအတွက် "အလျှော့တွက်"များကို အပိုပေးနေကြသည်ဟူ၍သာ မိမိကိုယ်တိုင်ရှုမြင်ကာ သိထားမိ

www.burmeseclassic.com

သည်။ အာရုံမျိုးစုံတို့၏ လွှမ်းမိုးမှုဖြင့် စေခိုင်းသမျှ ခံစားဖွယ်ရာ၊ စားဝတ်နေရေးအတွက် အသုံးအဆောင်ပစ္စည်းများ တိုးတက်ထွန်းကားနေသော ခေတ်ကာလအချိန်လည်း ဖြစ်နေပေသည်။ လူကြီးလူငယ်၊ လူရွယ်၊ လူလတ်၊ ကျားမ မရွေး အရွယ်အလိုက် တဏှာစေရာ လိုအပ်ချက်မျိုးစုံကား ပစ္စည်းမျိုးစုံ၊ နည်းမျိုးစုံဖြင့် တောရော မြို့ပါ နေရာအနှံ့တွင် မြူဆွယ်ကာရှိနေပါသည်။ ကမ္ဘာတစ်လွှား လျှင်မြန်စွာ ပြန့်ပွားနေသော ကာလအချိန်အခါ ရောက်နေပေသည်။ ထို့ကြောင့်ပင် ပုထုဇဉ်များ၏ အာရုံများလည်း လိုချင်မှု လောဘများနေကြရသည်ဟုပင် ထင်မြင်မိပါတော့သည်။ သို့သော် မိမိတို့တွင် ရှိနေသမျှသော အသိဉာဏ်ပညာဖြင့် သတိထားကာ ဝီရိယစိုက်ထိန်းသိမ်း ဆင်ခြင်လေ့ကျင့်ပါက သမုဒယ လှည့်စားလျက် တဏှာစေရာ၊ လောဘ၊ ဒေါသ၊ မောဟများ လျော့ပါးလာနိုင်မည်ဟု တွေးဆမိပါသည်။ ထိုအခါ အပိုဆုကြေးအဖြစ် ကုန်ကျနေရသော "အလျော့တွက်နှုန်းထားလည်း လျော့ပါးလာနိုင်ပေမည် ဟူ၍လည်း တွေးတောမိပါသည်။

လူတို့အတွက် လိုအပ်ချက်များကား ပြည့်စုံပြီးမြောက်သည်ဟူ၍ မရှိနိုင်လောက်အောင် များပြားပေသည်။ သဘာဝနိယာမအရ ခန္ဓာငါးပါး အဖွဲ့အစည်းဖြစ်၍သာ တော်ပါသေးသည်။ ခန္ဓာဆယ်ပါးဖွဲ့စည်းမှုသာ ဖြစ်ခဲ့လေသော် ဟူ၍ပင် လွန်ကဲသော အတွေးများဖြင့် တွေးမိရပါသည်။ ခန္ဓာငါးပါး အဖွဲ့အစည်း၊ ခန္ဓာဖြစ်စဉ်မှစ၍ ခန္ဓာစေခိုင်းရာ သမုဒယများစွာဖြင့် ပြုလုပ်ဆောင်ရွက်နေကြရသောသူများသာ ဖြစ်သည်ဟူ၍လည်း ယုံကြည်ကာ သိမြင်ပါသည်။ ထိုအသိကို မိမိ၏ဉာဏ်မျက်စိဖြင့် ရှုမြင်၍ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှန်း၊ ဖြစ်ပျက်ဆုံးထိ မကျင့်ဆောင်နိုင်သမျှ ကာလပတ်လုံး ပုထုဇဉ်လူသားများကား အဓိ လိုအပ်ချက်ကို နည်းနည်း "အလျော့တွက်"က များများပေးနည်းဖြင့် ရုန်းကန်ကာ ရှာဖွေနေကြရဦးမည်။ မောပန်းကြ ဦးမည်ပါတကားဟူ၍လည်း တွေးတောမိပါသည်။

အာရုံခံစားမှုအတွက် အမှန်တကယ် လိုအပ်ချက်တိုင်းတင် အသွေးအမွှားများကို ပင် အလေးထား၍ "အလျော့တွက်" အလေအလွင့်ကိစ္စများ နည်းပါးလာနိုင်အောင် တဖြည်းဖြည်းမရှိတော့သလောက် ဖြစ်နိုင်စေရန် သတိထားကြိုးစားလေ့ကျင့် ဆောင်ရွက်နိုင်ပါက ဘဝ၏ရုန်းကန်မှု မောပန်းခြင်းသည် အနည်းအများ လျော့ပါးသက်သာလာလိမ့်မည်။ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာယာမှုလည်း ခံစားရခြင်း အနည်းအများဆိုသလို တိုးပွားလာနိုင်လိမ့်မည်ဟူ၍ တွေးတောယူဆမိပါသည်။

ဤသို့ပင် "အလျော့တွက်"ရှိနေမှု "အလျော့တွက်"၏ အပိုကုန်ကျခံနေရသည့် နှုန်းထားများကို တွေးနေမိစဉ် မိမိကိုယ်တိုင်၌ "အလျော့တွက်" အများဆုံး ပေးမိနေသည့်အရာကို စိစစ်မိပါသည်။ ကျွန်မသည် ဖြတ်သန်းခဲ့သော ကာလတစ်လျှောက်တွင် တခြားအာရုံခံစားမှုများ၏ "အလျော့တွက်" ထက် ပိုနေသည့်အရာမှာ အချိန်၏ "အလျော့တွက်" ဖြစ်နေသည်ဟူ၍ သိမြင်မိပါသည်။

ကျွန်မ၏ အသက်အရွယ်အလိုက် ဆောင်ရွက်မှုများတွင် မိမိ၏ခန္ဓာ ဖြစ်စဉ်အရ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဟူ၍ ခန္ဓာဖြစ်စဉ်တန်း၏ ဇရာချိန်သို့ ရောက်ရှိနေပေပြီ။ ခန္ဓာ၏ တေဇောမီးလောင်မြိုက်မှုကြောင့် အိုမင်းသော အရွယ်သို့ ရောက်ရှိနေသော်လည်း "အလျော့တွက်"ရှိနေ၍ ပေးခဲ့သည့် အချိန်များကို ပေါင်းစုကာ ကြည့်မြင်ခဲ့မှုမရှိသေးကြောင်း သိလာရပါသည်။ ဇရာဖိစီးမှု ပြီးမြောက်လေသော် ဗျာဓိမှသည် မရဏဆီသို့ ရောက်ရပါမည်။ မိမိ၏အချိန် များမှ"အလျော့တွက်" ပေးကာ ဆုံးရှုံးမှုများ မရှိရလေအောင် သတိထားဆင်ခြင်ပြီး ဗုဒ္ဓတရားတော် နည်းလမ်းများကို အတတ်နိုင်ဆုံး မိမိဉာဏ်အဆင့်မီသမျှဖြင့် လိုက်နာကျင့်ဆောင်ရတော့မည် ဖြစ်နေပြီဟူ၍လည်း သိမြင်လာပါသည်။

သို့မှသာ "အလျော့တွက်"များ နည်းပါးကာ မိမိ၏နောက်ဆုံးအချိန်၌ မောပန်းမှုသက်သာကာ ဘဝကို အဆုံးသတ်နိုင်ပေမည်ဟု မိမိကိုယ်တိုင် မိမိကို အားပေးပြီး အတွေးများကို ရပ်နားလိုက်ရပါတော့သည်။ ဩော်...လူတို့၏အမြင့်မြတ်ဆုံး အလှူဒါနကုသိုလ်ရေးမှအစ အနိမ့်ဆုံး အမှိုက်စွန့်ခြင်းထိ "အလျော့တွက်"တန်ဖိုးများကို ပေးဆပ်နေကြရပေသည်တကား။

သောင်းဉာဏ်(ပန်းထော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးလှ ရွှေမင်းသမီး

မနဿကျော်ဝင်း




www.burmeseclassic.com

www.burmeseclassic.com

# နှလုံးလှ ရွှေမင်းသမီး

မနသကျော်ဝင်း(အမျိုးသားစာပေဆုရ)

၁၉၄၇ ခုနှစ်တွင် ဖြစ်၏။ ဖိလစ်ပိုင်ပြည်၊ မနီလာမြို့တွင်းတစ်နေရာတွင် အသက် ၁၅ နှစ်အရွယ် မြီးကောင်ပေါက်မလေး ရိုဆာရိုလ်ဆားလ် (Rosa Rosal) သည် သူမအတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည့် ဓာတ်မှန်ဌာနမှ အိမ်သို့ပြန်လာစဉ် ရုပ်ရှင်ထုတ်လုပ်သူတစ်ဦး၏ ဂရုပြုရှုစား သတိထားခြင်းကို အမှတ်မထင် ခံလိုက်ရ၏။

"ဒီကောင်မလေးရဲ့ ရုပ်ရည်ဟာ သိပ်ပြီး ဓာတ်ပုံစားမယ့် ရုပ်မျိုးပဲ"ဟုသော အကဲဖြတ်မိခြင်းနှင့်အတူ သူ၏ စတူဒီယိုထဲသို့ ခေါ်ဆောင်သွားကာ အစမ်းသဘော သရုပ်ဆောင်မှုတစ်ခု ပြုလုပ်စေသည်။ ကင်မရာတကယ်စားသည့် ရုပ်မျိုး ဟုတ်မဟုတ် အစမ်းရိုက်ကူးကြည့်၏။ ထိုရုပ်ရှင်ထုတ်လုပ်သူ အကြိုက်တွေ့သွားသည်နှင့် သူမသည် ရုပ်ရှင်လောကထဲတွင် ခြေချခွင့် ရရှိသွားခဲ့လေတော့၏။

ရိုဆားလ် ၁၇ နှစ်သမီးအရွယ်မှာပင် ဖိလစ်ပိုင်ရုပ်ရှင်လောက၌ တောက်ပသော ကြယ်တစ်ပွင့်အဖြစ် ထွန်းလင်းလျက်ရှိနေပေပြီ။ ရုပ်ရှင်ဇာတ်ကားအတော်များများ ရိုက်ကူးပြီးချိန်၌ထား ဖိလစ်ပိုင်ရုပ်ရှင်လောကတွင် အထင်ရှားအကျော်ကြားဆုံးနှင့် လူကြိုက်အများဆုံး အမျိုးသမီးသရုပ်ဆောင်တစ်ဦးအဖြစ် သံရုပ္ပဆောင်နိုင်ခဲ့ပြီးဖြစ်၏။ ဤသို့ အောင်မြင်မှုအပေါင်း ခညောင်းနေစဉ် ကာလမျိုးတွင် လူငယ်အတော်များများသည် မိမိတို့၏ အားလပ်ချိန် ပါတီပွဲများ၊ ပျော်ပွဲရွှင်ပွဲများ တက်ရောက်ခြင်း၊ မိမိဝါသနာပါရာ အပျော်အပါးတစ်မျိုးမျိုးကို လိုက်စားခြင်းတို့ဖြင့် အချိန်ဖြုန်းတတ်ကြ၏။ ရိုဆားလ်မှုကား ထိုသို့မဟုတ်။ သူမ၏ အားလပ်ချိန်များကို ကံမကောင်း အကြောင်းမလှသူများအား ကူညီရန်အတွက် အသုံးပြုခဲ့၏။

တစ်ရက်သ၌ ဖိလစ်ပိုင် အထွေထွေရောဂါကု ဆေးရုံကြီးသို့ သွားရောက်လေ့လာစဉ် ကြုံတွေ့ခဲ့ရသော မြင်ကွင်းနှင့် ဖြစ်ရပ်တစ်ခုက သူမ၏ဘဝတစ်ခုလုံးကို ပြောင်းလဲသွားစေရန် အကြောင်းဖန်စေခဲ့၏။ ရိုလ် ဆားမြင်တွေ့လိုက်ရသည်ကား ငါးထပ်တိုက်ပေါ်မှ ပြုတ်ကျပြီး သေငယ်ဇောဖြင့် မြောနေရှာသူ လူငယ်လေးတစ်ယောက်၏ မလှုပ်မယှက် ရုပ်ခန္ဓာပင်တည်း။ နောက်ထပ် သုံးရက်ခန့်အကြာတွင် ထိုဆေးရုံသို့ သူမရောက်ရှိပြန်သည့်အခါ၌လည်း ထိုလူငယ်လေး၏ အခြေအနေမှာ ဘာမှထူးခြားတိုးတက်မှု မရှိ။

"ဦးနှောက်နှင့် အာရုံကြောအထူးကု သမားတော်ကြီးတစ်ဦးဦးနဲ့ သူ့ကို ပြသပေးဖို့လိုတယ်"ဟု သူနာပြုဆရာမများက ရိုလ်ဆားကို ပြောပြခဲ့ကြ၏။ ယင်းလိုအပ်ချက်အတွက် ရိုလ်ဆားက ဖြည့်ဆည်းပေးခဲ့၏။ ဦးနှောက်နှင့် အာရုံကြောရောဂါ အထူးကုသမားတော်ကြီးက ထိုသူငယ်ကို သွေးသွင်းကုသရန် အရေးတကြီး လိုအပ်လျက်ရှိကြောင်း ရှင်းပြခဲ့၏။ အဓိကပြဿနာမှာ လိုအပ်သည့် သွေးအမျိုးအစား အမြန်ဆုံးရရှိရေးပင် ဖြစ်၏။

"အသိအကျွမ်းတချို့နဲ့ တွေ့ဆုံပြီး ကျွန်မ အကူအညီတောင်းခံခဲ့တာ နောက်ဆုံးမှာတော့ ဖိလစ်ပိုင်အမျိုးသား ကြက်ခြေနီအသင်းကြီး(PNRC)က အကန့်အသတ်နဲ့ ထောက်ပံ့ထုတ်ပေးခဲ့တဲ့ သွေးပုလင်းတွေကို ရရှိခဲ့တယ်"

သေငယ်ဇောနှင့် မြောနေသူ ထိုသူငယ်လေးကို သွေးသွင်းကုသပေးလိုက်သောအခါ သက်မဲ့ရုပ်အလောင်းလို မလှုပ်မယှက်ဖြစ်နေသည့် ရုပ်ခန္ဓာကလေးသည် ချက်ချင်း ပြန်လည်သက်ဝင်လှုပ်ရှားလာ၏။

"အဲဒီသူငယ်လေး မျက်လုံးပြန်ဖွင့်လာတာရယ်၊ သူ့မိခင်က ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

ရှာလွန်းလို့ မျက်ရည်ကျတာရယ်ကို မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းက တစ်သက်လုံး ကျွန်မရဲ့ အာရုံထဲက မထွက်နိုင်တော့ဘူးရှင်" ရှိဆားလ်က သူမ၏ ခံစားချက်ကို ရင်ဖွင့်ပြခဲ့ခြင်းဖြစ်၏။ သွေးသွင်းကုသခြင်းကဲ့သို့ ရိုးရိုးရှင်းရှင်းနှင့် လွယ်ကူသော အလုပ်တစ်ခုက တန်ဖိုးမဖြတ်နိုင်သည့် လူ့အသက်တစ်ချောင်းကို ကယ်တင်နိုင်သည်ဟူသော အတွေးအမြင်နှင့် အသိကလည်း သူမ၏ နှလုံးသားတွင် စွဲငြိကပ်တွယ်သွားရတော့၏။

"သွေးသွင်းကုသမှု ခံယူဖို့ လိုအပ်တဲ့ လူနာတိုင်းဟာ လိုအပ်တဲ့သွေးအမျိုးအစားနဲ့ ပမာဏကို အချိန်မီ ချက်ချင်း ရရှိသင့်တယ်လို့ ကျွန်မ ခံယူမိပါတယ်"ဟု သူမ၏ အယူအခနှင့် ခံယူချက်ကိုလည်း ပြောပြခဲ့၏။ ၁၉၅၀ ပြည့်နှစ်မှစ၍ သူမသည် ဖိလစ်ပိုင် အမျိုးသားကြက်ခြေနီအသင်းကြီးတွင် စေတနာ့ဝန်ထမ်း အသင်းသူတစ်ဦးအဖြစ် ပါဝင်ကာ သွေးလှူဒါန်းမှု လုပ်ငန်းအတွက် လှုံ့ဆော်ရေးနှင့် သွေးသွင်းကုသရန် လိုအပ်သူ ဖိလစ်ပီးနိုးလူမျိုးအားလုံးတို့အတွက် လိုအပ်သော သွေးများ ရရှိရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့၏။ သို့ဖြင့် သွေးလှူ သွေးသွင်းကုသခြင်း မြတ်ဒါနအစုစုအတွက် သူမသည် ရာသက်ပန် စည်းရုံးရေး လှုံ့ဆော်ဆောင်ရွက်ပေးသူ စေတနာ့ဝန်ထမ်းတစ်ဦး ဖြစ်လာခဲ့ရလေတော့သည်။

ဥမ္မာဒန္တီအဆင်းလို

ထိုနှစ်ကာလများအတွင်း ရှိဆားလ်သည် ကိုကိုကာလသားတို့ မေ့မူးပြီး ရူးသွားနိုင်လောက်အောင် သူမ၏ အဆင်းရူပကာဖြင့် ညို့ယူဖမ်းဆောင်နိုင်သူ မင်းသမီးချောတ ဦး ာဖြစ် ဖိလစ်ပိုင်ရုပ်ရှင်လောက ငွေရောင်ပိတ်ကားပေါ်တွင် တစ်ဟုန်ထိုး ကျော်ကြားကာ အထွတ်အထိပ်သို့ ရောက်ရှိလာရ၏။

"လူ့ဆိုးခန်းကနေ သရုပ်ဆောင်ရတာမျိုးကို ကျွန်မ ပိုပြီးလိုလားနှစ်သက်တယ်။ ဘာကြောင့်လဲဆိုတော့ သိပ်ပြီး ကွဲပြားခြားနားတဲ့ ကျွန်မရဲ့ ပင်ကိုစရိုက်နဲ့ ခြားနားဆန့်ကျင်ဘက် သရုပ်ဆောင်ရတာကြောင့်ပါပဲ"ဟု ပြောပြခဲ့၏။ သူမ လျှမ်းလျှမ်းတောက် ကျော်ကြားနေချိန်၌လည်း လူသားချင်းစာနာစိတ်ဖြင့် ရိုင်းပင်းကူညီသည့် လူမှုရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ခဲ့၏။

ဗဟိုသွေးလှူဘဏ်ကြီးနှင့် ဆက်သွယ်ဆက်စပ် လုပ်ဆောင်ပေးနေသည့် ကာလအတွင်းမှာ သူမသည် အကြမ်းဖက်ခံရသူ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ပေးသည့် ဗဟိုဌာနကို တည်ထောင်ပေးသည်။ ထို့အပြင် သားသမီးငတ်နေသူ အိမ်ထောင်စုများနှင့် မိဘငတ်နေသူ သားသမီးများကို ရှာဖွေဆုံစည်းပေးပြီး သာယာသော မိသားစုများ ဖြစ်လာစေရန်လည်း ကူညီဆောင်ရွက်ပေးခဲ့၏။

ကလေးသူငယ်များအားလုံး တန်းတူအခွင့်အရေး ရရှိနိုင်စေရန်အတွက် သူမ ာည် စေတနာမေတ္တာ အဟုန်ကြီးမားစွာ ဆောင်ရွက်ပေးခဲ့၏။ "မိသားစုတိုင်းက သူတို့ရဲ့ ရင်သွေးငယ်တွေကို ကျောင်းပို့နိုင်ရမယ်၊ ပညာကောင်းကောင်း သင်ယူနိုင်အောင် စွမ်းဆောင်ပေးကြရမယ်"ဟု ရှိဆားလ်က သူမ၏ စေတနာနှင့် ဆန္ဒကို တင်ပြခဲ့၏။

သမိုင်းဝင် ထူးထူးခြားခြား ဖြစ်ရပ်များနှင့် အတူ

နှစ်ပေါင်းများစွာ ကာလအတွင်း ရှိဆားလ်သည် ထူးခြားသော သမိုင်းဝင်ဖြစ်ရပ်မျိုးနှင့် တွေ့ကြုံခဲ့ရ၏။ ကိုယ်တိုင်ပါဝင်လှုပ်ရှားခဲ့၏။ ကိုရီးယားစစ်မြေပြင်တွင် ပါဝင်ဆင်နွှဲခဲ့ကြရသည့် ဖိလစ်ပိုင်စစ်သားများအား သီဆိုကပြဖျော်ဖြေပေးခြင်း၊ ၁၉၈၆ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၌ ဖြစ်ပွားခဲ့သော EDSA အုံကြွတော်လှန်မှုကြီး၌ အာဏာပိုင်အဖွဲ့အစည်းများနှင့် လက်တွဲကာ ကူညီဆောင်ရွက်ပေးခဲ့ခြင်းတို့မှာ သာဓကအချို့ပင် ဖြစ်၏။

ဗီယက်နမ်စစ်ပွဲကြီး ပြီးဆုံးချိန်၌ ရှိဆားဦးဆောင်ခဲ့သည့် "သွေးလှူ သွေးသွင်း ညီနောင်ရင်း" (Operation Blood Brother) စီမံချက်လုပ်ငန်းမှာ ဖိလစ်ပိုင်၌ ထင်ရှားသော သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် ကျန်ရစ်ခဲ့၏။ သူမသည် မနီလာမြို့တော်ရှိ ဆေးရုံများသို့ သွားရောက်ပြီး သွေးသွင်းကုသရန် လိုအပ်သူ လူနာများ၏ စာရင်းကောက်သူ၏။ ထို့နောက် မနီလာမြို့မှ နော်ရှိခန်



www.burmeseclassic.com

www.burmeseclassic.com

အကြာ မော်တော်ကားဖြင့် သွားရောက်ရသည့် အမေရိကန်စစ်တပ်များရှိရာ "ကလာ့က်ဘေ့(စ်)" အခြေစိုက် လေတပ်စခန်းသို့ သွားရောက်ပြီး သူမ၏ အဆင်းရူပကာဖြင့် ဆွဲဆောင်ကာ သွေးလှူဒါန်းရေးအတွက် စည်းရုံးလှုံ့ဆော်၏။

"ကျွန်မဟာ ရုပ်ရှင်မင်းသမီးတစ်ယောက်ဖြစ်ပြီး အားလပ်ချိန်မှာ အခုလို စေတနာ့ဝန်ထမ်းအလုပ်မျိုးတွေ လုပ်ဆောင်နေကြောင်း သိသွားကြတော့ သူတို့တစ်တွေ ဝမ်းမြောက်ဝမ်းသာ အားတက်သရော ကူညီခဲ့ကြပါတယ်" ဟု ရိုလ်ဆားက ပြောပြခဲ့၏။

၁၉၅၅ ခုနှစ်တွင် ရိုလ်ဆားသည် "ဆန်နီဘွိုင်" (Sonny Boy) ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု (FAMAS)ကို ချီးမြှင့်ခြင်းခံခဲ့ရ၏။ (ထိုဆုသည် ဖိလစ်ပိုင်၏ အော်စကာရုပ်ရှင်ဆုနှင့် ညီမျှသော အဆင့်အတန်းမျိုးရှိ၏။) ရိုလ်ဆားသည် ထိုဆုမျိုးကို နောက်ထပ် သုံးကြိမ်ချီးမြှင့်ခြင်း ခံရသေး၏။ နောက်ပိုင်း ကာလများ၌ အခြားသရုပ်ဆောင်များ ချီးမြှင့်ခြင်းခံရသည့် ရွှေစင်ရုပ်ဆုဆိုသည်တို့မှာ ရိုလ်ဆားကို ချီးမြှင့်ခဲ့သော တကယ့်ရွှေစင်ရွှေသား ရုပ်တု၏ ပုံတူပွားများသာ ဖြစ်၏။

၁၉၉၉ ခုနှစ်တွင် ရိုလ်ဆားသည် သူမဆောင်ရွက်ခဲ့သော လူသားချင်း စာနာစိတ်ဖြင့် ရိုင်းပင်းကူညီခဲ့သည့် လူမှုရေးလုပ်ငန်းများအတွက် "ရေမွန်မာ့ဂ်ဆေးဆေး"(Ratmon Magsaysay) ဆုကို ချီးမြှင့်ခြင်းခံခဲ့ရ၏။ ထိုဆုသည် အာရှ၏ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုအတွက် လျာထားခြင်းခံရသော ဆုမျိုးဖြစ်၏။ အဆိုပါဆု၏ တစ်စိတ်တစ်ဒေသဖြစ်သော အမေရိကန်ဒေါ်လာ ငါးသောင်းကို ရိုလ်ဆားသည် ဆင်းရဲနွမ်းပါးသူ တစ်သောင်းတို့အား မျှဝေလှူဒါန်းခဲ့၏။ ကောလိပ်တက်ရန် ငွေကြေးအခက်အခဲတွေ့နေသူ ကျောင်းသားအချို့ကို မလှူဒါန်းလိုက်နိုင်သဖြင့် သူမခမျာ စိတ်မကောင်းဖြစ်ခဲ့ရရှာသေး၏။

"အင်း...တချို့က ဒီထက်မက လိုအပ်နေကြရှာတာကိုး" ဟု သူမက ရင်နာစွာဖြင့် ပြောဆိုခဲ့၏။ သူမ၏ ဘဝ တစ်လျှောက်၌ ဤကဲ့သို့ ထူးခြားသော ဖြစ်စဉ်ဖြစ်ရပ်မျိုးတွေ မြောက်မြားစွာ ရှိခဲ့သော်လည်း ရိုလ်ဆားသည် ဖိလစ်ပိုင်အမျိုးသားကြက်ခြေနီအသင်းကြီးနှင့် တွဲဖက်ဆောင်ရွက်ခဲ့သည့် သွေးလှူဘဏ်များ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကို ဂုဏ်အယူဆုံးဖြစ်၏။ ယခုအခါ ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းလုံးတွင် သွေးလှူဘဏ်ပေါင်း ၆၂ ခုကို တည်ထောင်ပေးခဲ့ပြီး သွေးသွင်းကုသရန် လိုအပ်သူလူနာအားလုံးအတွက် အချိန်မရွေး တံခါးဖွင့်ပေးလျက်ရှိသည်။ ၎င်းဆားသည် အသက် ၇၈ နှစ်အရွယ် ရှိပြီဖြစ်သည်။ သွေးလှူဒါန်းရေးအပါအဝင် လူသားအကျိုးပြုလုပ်ငန်းများကို နှစ်ပေါင်း ၆၀ ကျော် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော်လည်း ယခုအသက်အရွယ်တိုင်အောင် မမောနိုင် မပန်းနိုင် အားကြိုးမာန်တက် ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်၏။ သွေးလှူဘဏ်များအတွက် သွေးရရှိရေးနှင့် ရန်ပုံငွေ တိုးမြှင့်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်၏။ သွေးလှူဘဏ်တွေ ရန်ပုံငွေကြွယ်ဝပါမှ တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်မီ နည်းပညာရပ်များနှင့် အထောက်အကူပစ္စည်းကိရိယာများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သောကြောင့်ပင်တည်း။

"ကျွန်မရဲ့ မွေးနေ့ပွဲကို တစ်ခါမျှ မလုပ်ခဲ့ဖူးပေမဲ့ ကြက်ခြေနီအသင်းကြီးရဲ့ နှစ်ပတ်လည်အထိမ်းအမှတ်နေ့တော်ကျင်းပခွင့်ရတာကို သိပ်ပြီးကျေနပ်အားရ ဂုဏ်ယူမိပါတယ်" ဟု အသက် ၇၈ နှစ်အရွယ် ရွှေမင်းသမီးကြီး ရိုဆာရိုလ်ဆားက ကြည်နူးအားရစွာ ပြောပြခဲ့သည်။

မနသဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

*Ref* - Reader's Digest 2010, Sept Sara Etchell \ The life Blood That's Rosa Rosal.





www.burmeseclassic.com

www.burmeseclassic.com

# ဗိဿနိုးပျူခေတ်မှာ ဘုရင်မပန်ထွာ ကံကြမ္မာ

မောင်ကျေးဇူး

၂၃ ‧ ၇ ‧ ၂၀၁၅ နေ့ထုတ် Popular Naws မှာ "ဘုရင်မဆိုတဲ့ ရာထူးနဲ့ တိုင်းပြည်ကို ကျကျနန စီမံအုပ်ချုပ်နိုင်ခဲ့သူ" ခေါင်းစဉ်ပါ အိမ်စည်စိုးစံရဲ့ ဆောင်းပါးကို ဖတ်ရှုရပါတယ်။ စာရေးဆရာမကြီး ရွှေကူမေနှင်း ပြောပြတာပါတဲ့။

ရွှေကူမေနှင်းဆိုတာ စာရေးသူနဲ့ ရန်ကုန်တက္ကသိုလ်ကလောင်အသင်းမှာ ဆုံခဲ့ဖူးပါတယ်။ အဲဒီတုန်းက ကျွန်တော့်ကလောင်နာမည်က "တောင်တွင်းမင်းစိုး" ပါ။ ရွှေကူမေနှင်းက စာရေးသူထက် စာပေဝါရင့်ပါတယ်။ စာပေနဲ့ သူ့ရဲ့နိုင်ငံရေးရပ်တည်ချက်ကို လေးစားမိပါတယ်။ ရွှေကူမေနှင်းဟာ တောင်တွင်းကြီးနဲ့ သွေးမျိုးအဆက်အစပ်လည်းရှိတယ်လို့ သိထားပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တောင်တွင်းကြီးသားပါ။ ဗိဿနိုးမြို့စွန် (ဆင်ခြေဖုံး) ရန်ပယ်ချောင်းဘေးက ဂျွတ်ကုန်းရွာဇာတိပေါ့။

သရေခေတ္တရာနဲ့ခေတ်ပြိုင် ဗိဿနိုးပျူနိုင်ငံမှ ပန်ထွာဘုရင်မရဲ့ စီမံခန့်ခွဲအုပ်ချုပ်မှုစွမ်းရည်ကို ချီးကျူးအမွှမ်းတင်သွားတဲ့ ရွှေကူမေနှင်းကို လေးစားဂုဏ်ပြု သာဓုခေါ်ပါတယ်။ စာရေးသူအနေဖြင့်လည်း တောင်တွင်းကြီးကထုတ်တဲ့ ပုဏ္ဏဝတီမဂ္ဂဇင်း အမှတ်(၁)မှာ မြန်မာအမျိုးသမီး ဂုဏ်ပြုကဗျာ ရေးဖွဲ့ခဲ့ဖူးတာကို ကောက်နုတ်ဖော်ပြပါရစေ။

"မြန်မာရာဇဝင်မှာ ဘုရင်နဲ့ညားလို့ မိဖုရားဖြစ်တာကို မဆိုလို။ ကိုယ်တိုင် ဘုရင်မကြီးဖြစ်ခဲ့ဖူးတဲ့ သာဓကရှိပါတယ်"

ဒါပေမယ့် မြန်မာအမျိုးသမီးထဲက ဘုရင်မဖြစ်ဖူးတဲ့ ပန်ထွာနဲ့ ရှင်စောပုသမိုင်းကို မေ့မှိန်ထားလိုသူတွေရှိတယ်။ ခေါင်းဆောင်နေရာမှာ အမျိုးသမီးကို နေရာမပေးလိုကြဘူး။ ဘယ်လောက်ပဲ ပင်ကိုအရည်အချင်းပြည့်ပြည့် အပြစ်မရှိအပြစ်ရှာတဲ့ အင်အားစုတွေ မြန်မာနိုင်ငံမှာ ရှိတယ်။ အကောင်းမမြင် အဆိုးမြင်တဲ့ ကိုယ်ကျိုးယုဉ် အတ္တလွှမ်းကဲအုပ်စုပေါ့။ ဒီအခြေအနေမျိုးမှာ ပန်ထွာဘုရင်မကို ထုတ်ဖော်ချီးကျူးသွားတဲ့အတွက် ရွှေကူမေနှင်းကို ကျေးဇူးတင်ပါတယ်။

သို့ပေမယ့် ဗိဿနိုးကို မြောက်အရပ်က မွန်ဂိုမြင်းတပ်တွေ ချီတက်သိမ်းပိုက်၊ ပစ္စည်းယူ၊ မီးရှို့ဖျက်ဆီးခဲ့လို့ ပန်ထွာဘုရင်မ ကလေးမြို့ဘက်အထိ ထွက်ပြေးရပြီး သူ့ပြည်သူတွေနဲ့ အရှေ့စည်း၊ အနောက်စည်း၊ တောင်စည်း၊ မြောက်စည်းရွာတွေ တည်ထောင်ကာ နေထိုင်ခဲ့တယ်ဆိုတဲ့ ရွှေကူမေနှင်းရဲ့ ပြောစကားကတော့ အများသိထားတဲ့ သမိုင်းအချက်အလက်နဲ့ ကွဲပြားခြားနားနေပါတယ်။ ဗိဿနိုးကို သိမ်းပိုက်မီးရှို့ ဖျက်ဆီးတာ မွန်ဂိုမြင်းတပ်တွေမဟုတ်ပါ။ သရေခေတ္တရာက ဒွတ္တပေါင်မင်းကြီးပါ။ ပန်ထွာဘုရင်မကိုပါ သိမ်းပိုက် မိဖုရားကြီးမြှောက်ခဲ့ပါတယ်။ မချစ်သော်လည်း အောင့်ကာနမ်းခဲ့ရတဲ့ ပန်ထွာဘုရင်မမှာ ဒွတ္တပေါင်နဲ့ သားတော်တစ်ပါးထွန်းကားခဲ့ပါတယ်။

ဒွတ္တပေါင်ကို အခဲမကြေ၊ မကြည်ဖြူ၊ မကြည်ညိုနိုင်တဲ့အတွက် ဘုန်းတန်ခိုးမှေးမှိန်စေတဲ့ မျက်နှာသုတ်ပဝါဆက်၊ နတ်မျက်ရှင်ကွယ်အောင် ကြံဆောင်ခဲ့လို့ ပြဿနာတက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မဟာမြိုင်တောကြီးထိ ပန်ထွာဘုရင်မ ထွက်ပြေးခဲ့ရရှာတာပါ။ မြောက်အရပ်က မွန်ဂိုမင်းတပ်တွေလာပြီး ဗိဿနိုးကို ချေမှုန်းဖျက်ဆီးတယ်ဆိုရင် ပန်ထွာဘုရင်မ မြောက်အရပ် ကလေးမြို့ဘက် ပြေးပါ့မလား။

တောင်တွင်းကြီးကထုတ်တဲ့ ပုဏ္ဏဝတီမဂ္ဂဇင်း အမှတ်(၃)မှာ စာရေးသူရဲ့ "ဗိဿနိုးမြို့ပြ ကမ္ဘာ့အမွေ" အိုင်ချင်းကဗျာမှာ ဒီလိုရေးဖွဲ့ခဲ့ပါတယ်။

"ဗိဿနိုးရာဇဝင်၊ ပန်ထွာဘုရင်မခေတ် ကလိမ်ကကျစ် ဒွတ္တပေါင်လက်ချက် စည်တော်မျက်နှာဖျက်ဆီး ရန်ပယ် ချောင်းရေမစီးတော့မှ ဘုရင်မကြီးကို သိမ်းပိုက် တစ်မြို့လုံး မီးတိုက်လိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ရွှေတောင်ကိုရောက်တုန်းက ချော့ခေါ်စေတီကို ဖူးခဲ့ရတယ်။ ပန်ထွာဘုရင်မကို ဒွတ္တပေါင်မင်းကြီးက ချော့ခေါ်ခဲ့ရတဲ့ အထိမ်းအမှတ်နဲ့ တည်ထားခဲ့တဲ့စေတီမို့ ချော့ခေါ်ဘုရားလို့ လူသိများယကြပါတယ်။

ဒွတ္တပေါင်မင်းကြီးအပေါ် တန်ခိုးဩဇာကျဆင်းသွားအောင် လုပ်ရကောင်းလားလို့ ပန်ထွာဘုရင်မကို အမုန်းပွားရန်ငြိုးထားတော့ ပန်ထွာဘုရင်မ ထွက်ပြေးတာ စစ်ကိုင်းတိုင်းဒေသကြီးရှိ မဟာမြိုင်တောကြီးအထိပါ။ ဒွတ္တပေါင်တပ်တွေ နောက်ကလိုက်ပေမယ့် မမီနိုင်တော့ပါဘူး။ သေလောက်ပြီ ယုံကြည်ပြီး သရေခေတ္တရာသို့ တပ်ခေါက်ပြန်ခဲ့ကြတယ်။

ပန်ထွာဘုရင်မဟာ ဗိဿနိုးမြို့ပျက်ကြီးကို ပြန်လည်မထူထောင်နိုင်တော့ပါဘူး။ ဒွတ္တပေါင်က ရှင်ယောင် (ရဟန်းတု)စေလွှတ်ပြီး စည်တော်ကြီး ဖျက်ဆီးခဲ့တဲ့အတွက် နန်းကျဘုရင်မ ဖြစ်ခဲ့ရတဲ့ ပန်ထွာဟာ မဟာမြိုင်တောကြီးထဲကို ရဟန်းသံဃာတွေ အလာမခံဘူး။ ဗိဿနိုးမြို့ဟောင်း အတွင်းမှာလည်း အလားတူပါပဲ။ မဟာမြိုင်တောကြီးထိ ပန်ထွာဘုရင်မ ထွက်ပြေးတယ်ဆိုတာ မိဘတွေရဲ့ ဇာတိဒေသ (အဖေက တကောင်း။ အမေက စစ်ကိုင်း)မို့ပါ။

မျက်မှောက်ခေတ်မှာ ဗိဿနိုးမြို့ဟောင်းအတွင်း သီတင်းသုံးနေတဲ့ ဆင်မြီးဆွဲဇာတိ နန်းတွင်းဆရာတော်ဟာ ပန်ထွာဘုရင်မရဲ့ ကိုယ်ရံတော်တပ်မှူးဖြစ်ခဲ့ဖူးပါသတဲ့။ ပန်ထွာအပါအဝင် မကျွတ်မလွတ်သေးတဲ့ သတ္တဝါတွေကို တရားဟော တရားပြနေတဲ့အတွက် ဗိဿနိုးမြို့တွင်းမှာ ကျောင်းဆောက်သီတင်းသုံးခွင့်ရှိတာလို့ သိရပါတယ်။

အလားတူ မဟာမြိုင်တောကြီးထဲမှာ သီတင်းသုံးတောရဆောက်တည်နေတဲ့ မဟာဗောဓိမြိုင်ဆရာတော်ကြီးဆိုရင်လည်း ပန်ထွာမိဖုရားကြီးရဲ့သား ဝင်စားတယ်လို့ မှတ်သားဖူးပါတယ်။ အမိတော်ခဲ့ဖူးတဲ့ ပန်ထွာဘုရင်မကို “မိပန်” လို့ သူရဋ္ဌမဂ္ဂဇင်းထဲက ဆရာတော်ဘုရားကြီး ကိုယ်တိုင်ရေးဆောင်းပါးမှာ ခေါ်ဝေါ်သုံးနှုန်းထားပါတယ်။

မဟာမြိုင်တောကြီးထဲမှာ သီတင်းသုံးဖို့ မော်ဘီကရောက်လာတဲ့ သဲဖြူဆရာတော်(ဇာတိ-ရေဦး)ကို ဘုရားတည်ဖို့ ပန်ထွာဘုရင်မကအိပ်မက်ပေးတော့ မဟာဗောဓိမြိုင် ဆရာတော်ကြီးထံသွားပြီး ဝတ်ဖြည့်ဂါရဝပြု လျှောက်ထားတယ်။

“တပည့်တော်မှာ သပိတ်သက်နန်းပဲပါတာ။ အခုမှ ရောက်ခါစမို့ ဘုရားတည်ဖို့ မလွယ်ပါဘုရား”

“လုပ်ငန်းသာစလိုက်။ ကျန်တာ လိုတာ မိပန်ကူညီလိမ့်မယ်”

မဟာဗောဓိမြိုင် ဆရာတော်ကြီးက လိုအပ်တဲ့အကူအညီပေးရုံသာမက ဘုရားတည်မည့် ချက်မရေ့ခွဲ ကိုယ်တိုင်ပန္နက်ရိုက်ပေးပြီး ၁၀၈ တောင် ဉာဏ်တော်မြင့်မည့် ဘုရားအစွဲကို “စည်သာမုနိ” လို့ ပေးတော်မူတယ်။ ပန်ထွာဘုရင်မကို အကြောင်းပြုပြီး ဒေါ်မာလာဝင်းတို့ ဇနီးမောင်နှံရဲ့ အောင်မြင်ထွန်းကားကုမ္ပဏီက ဘုရားတည် ပြီးစီးအောင်လှူဒါန်းပါတယ်။ ဘုရားစေတီအနီးမှာ ဓမ္မာရုံလည်း ဆောက်လုပ်

ဘယ်နေ့ဘယ်အချိန် မှန်ထဲကြည့်ရင် သူ့ပုံပေါ်လာမယ်လို့ ပန်ထွာဘုရင်မ အိပ်မက်ပေးတဲ့အတိုင်းကြည့်တော့ ပန်ထွာပုံပေါ်လာတယ်။ အမိအရ ဓာတ်ပုံရိုက် ရုပ်တုပြုလုပ်ကြတယ်။ ပန်ထွာဘုရင်မ ရုပ်တုမှ မျက်ရည်များပင် စီးကျပါသတဲ့။ ဗိဿနိုးနန်းတွင်းဆရာတော်၊ မဟာဗောဓိမြိုင်ဆရာတော်၊ သဲဖြူဆရာတော်၊ ဘုရားတည် ဓမ္မာရုံဆောက်ပေးတဲ့ ကုသိုလ်ရှင် အောင်မြင်ထွန်းကား ကုမ္ပဏီတို့ကျေးဇူးကြောင့် ပန်ထွာဘုရင်မ ကျွတ်လွတ်တော့မယ့် နိမိတ်ပုံများလို့ယူဆပါတယ်။ ကျွတ်လွတ်တော့မှာမို့ ဝမ်းသာလို့ကျတဲ့ မျက်ရည်တွေဖြစ်မှာပါ။

မောင်ကျေးငှ


ကျမ်းကိုး

(၁) ဆရာတော်ဦးဉာဏ၏ တောင်တွင်းကြီးရာဇဝင်သစ်၊
(၂) နိုင်ဝင်းဆွေ၏ မဟာ့ရာမေတ္တာ ဝတ္ထုရှည်၊
(၃) တောင်တွင်းကြီးမော်ကွန်း ၂၀၁၄ ခုနှစ်၊
(၄) သူရဋ္ဌမဂ္ဂဇင်း ၄၊ ၂၀၁၅၊
(၅) ရေအေးပြန်လည်ထူထောင်ရေးကာလ ကလေးမြို့နှင့် ကလေးဝရောက်ခိုက် မဟာမြိုင်တောဘုရားဖူးပြန် ကလေးဝ ရွှေမုဋ္ဌောဘုရား ဂေါပက ဒု-ဥက္ကဋ္ဌ ဦးဖိုးထိန်နှင့် ကလေးမြို့မှ ဘုရားမ ဒေါ်ခင်အုန်းမြင့်တို့၏ ကိုယ်တွေ့ပုံရိပ်များ။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဂူတွင်းဝယ်နေသူ မာယာရှင်၏ ညွတ်ကွင်း

■ အောင်သပြေ

ကဿပဘုရားသခင် လက်ထက်တော်က ဖြစ်၏။ ကိမိလမြို့၌ "ပုညကုသလ"ဟူသောအမည်ဖြင့် ဘာသာရေးအသင်းတစ်သင်းရှိ၏။ ကုသိုလ်ကောင်းမှုကို စိတ်တူညီမျှပြုလုပ်သောကြောင့် "ပုညကုသလ"ဟူ၍ ထင်ရှားသောအသင်းဖြစ်၏။ အသင်းသားဦးရေမှာ ငါးရာအထိရှိ၏။ ယင်းအသင်းကို သောတာပန်အဆင့်သို့ရောက်သူ ဥပါသကာ သူကြွယ်တစ်ဦးက ခေါင်းဆောင်ခဲ့သည်။

သူတို့၏ ဆောင်ရွက်ချက်များမှာ အရာနှင့်ထင်ထင် အကျိုးသက်ရောက်လှပေသည်။

- ပျက်စီး ဟောင်းနွမ်းနေသော ဘုရားအို၊ ကျောင်းအို၊ တံတားအိုများကို သစ်လွင်အောင် ပြုပြင်ကြသည်။

- ရေရှားပါးသော ဒေသများတွင် အများသောက်သုံးနိုင်ရန်အတွက် ရေတွင်း၊ ရေကန် တူးဖော်ခြင်း၊ ဆည်မြောင်း၊ တာတမံများ ဆည်ဖို့ခြင်း၊ အရိပ်အာဝါသဖြစ်စေခြင်းငှာ လမ်းဘေးဝဲယာတို့၌ သစ်ပင်စိုက်ပျိုးခြင်း စသော ပုညကုသလအမှုများကို တက်ညီလက်ညီပြုကြကုန်၏။

- ကျောင်း၊ ကန်မရှိသေးသော ဒေသများ၌လည်း သာသနာတော်တည်တံ့ပြန့်ပွားရေးကို ရှေးရှုကာ ကျောင်းသစ်များတည်ဆောက်ကြပြီး ထိုကျောင်းများ၌ ရဟန်းသံဃာများကို ပင့်ဆောင်၍ ကိုးကွယ်ကြကုန်၏။

သူတို့၏ဇနီးများသည်လည်း သူတို့၏စရိုက်နှင့် လိုက်ဖက်လှကုန်၏။ ကုသိုလ်ကောင်းမှုပြုရေးတွင် သွေးညီကြ၏။ သူတို့လည်း ပုညကုသလ အသင်းသူများပင်တည်း။ အကျင့်သီလ ဒာစာရဂုဏ်နှင့် ပြည့်စုံသူ အမျိုးသမီးများအဖြစ်ဖြင့် အရပ်ထက်ဝန်းကျင်၌ ထင်ရှား၏။ သူတို့လည်း ကျောင်းကန်၊ ဘုရားနှင့် ယဉ်ပါးသူများ ဖြစ်သည့်အားလျော်စွာ ကျောင်းသို့သွားသော အခါများတွင် ဘာသာရေးကိုင်းရှိုင်းစွာဖြင့် တရားဘာဝနာ နာကြားအားထုတ်လေ့ရှိကြ၏။

တစ်နေ့သောအခါ ထိုအမျိုးသမီး တစ်သိုက်သည် ဘုရားကျောင်းမှအပြန်တွင် နားနေကျအေးရိပ်သာ၌ အပန်းဖြေနားနေကြကုန်၏။ ထိုနေ့တွင် သူမတို့အနားယူနေသော ရိပ်သာနှင့် ခပ်လှမ်းလှမ်းသစ်ပင်အောက်၌ သေသောက်ကြူးတစ်စုတို့ ဝိုင်းဖွဲ့၍မူးနေကြ၏။ အတော်မူးနေသူတစ်ဦးက ထိုအမျိုးသမီးများဘက်သို့ လက်ညှိုးဝဲကာဝဲကာ အရက်မူး အာလုတ်သံကြီးနှင့် -

"ဟော့ . . .ဟိုကောင်မတွေကို ပျက်စီးအောင် ဖျက်နိုင်သူထွက်"

"ရှူး . . .တိုးတိုး . . .တိုးတိုး ကြားသွားပါဦးမယ်။ သူတော်ကောင်းအမျိုးသမီးတွေပါကွာ"

ထိုအမျိုးသမီးများ၏ အကျင့်စာရိတ္တကို သိသူတစ်ယောက်က ဝင်၍ ဟောက်လိုက်၏။

"အဲဒါကြောင့် ပြောတာပေါ့။ မယ်မင်းကြီးမတွေ အကျင့်သီလခိုင်မခိုင် လက်တွေ့စမ်းချင်တာ"

ဟု ပထမလူက ဆိုလေသော် ဒုတိယလူက ဆိုပြန်၏။

"သည်အမျိုးသမီးတွေကို ဘယ်လိုဖျက်ဖျက် မပျက်ဘူးကွ"

"ပျက်စေ့မယ်"

"မပျက်စေရဘူး"

"ကိုင်း...ဒါဖြင့် လောင်းမလား"



www.burmeseclassic.com

www.burmeseclassic.com

"လောင်းမယ်။ ပျက်ရင် တစ်ထောင်ယူ၊ မပျက်ရင် တစ်ထောင်ပေး"

ငွေတစ်ထောင်ကြေး အလောင်းအစားပြုကြ၏။ ဤအထဲတွင် "ပျက်အောင်ဖျက်ပြမယ်"ဆိုသူကား စောင်းသမား၊ ဂီတသမားဖြစ်၏။ ဂီတအားကိုးဖြင့် ရဲဝံ့စွာအလောင်းအစားပြုခြင်း ဖြစ်လေသည်။

တစ်နေ့သ၌ ထိုစောင်းသမား သေသောက်ကြူးသည် ထိုအမျိုးသမီးများ အသွားအပြန်နားလေ့ရှိသော အေးရိပ်သာ၏အနီးတွင် စောင်းတစ်လက်နှင့် အချက်ကောင်းကို စောင့်နေ၏။ ထိုအမျိုးသမီးတစ်သိုက် ရောက်လာကြပြီး အပန်းဖြေကြသည့်အခိုက်တွင် သမုဒယ ဖြောင်းဆန်အောင် ရှေးဦးစွာ စောင်းသံပေးလိုက်ပြီးမှ သီချင်းတစ်ကျော့၊ စောင်းတစ်ကျော့တီးခြင်း။ သီချင်းလည်းဆို၊ စောင်းကိုလည်းတီး။ ဆိုတီး၊ တီးခြင်းပြုလေသော် အမျိုးသမီးတစ်စုမှာ နားမခံသာသဖြင့် ထ၍သွားကြကုန်လေ၏။

သို့သော်...သို့သော်...

ယင်းအမျိုးသမီး တစ်သိုက်ထဲမှ အမျိုးသမီးတစ်ဦးကား မျောက်နဲ့စေးမိသည့်အလား ထိုဂီတ၌ မိန်းမောကာ ထိုင်ရာကပင် မထဘဲ ဂီတကိုသာစွဲနေလေ၏။ ဤအချက်ကို အကွက်ကောင်းစောင့်နေသော သကောင့်သား စောင်းသမားသည် မိမိ၏သို့ကွင်း၌ လည်စင်း၍မိနေသော အမျိုးသမီးအား. သီလပျက်အောင် ကျူးလွန်ဖျက်ဆီးလိုက်ကာ လောင်းကြေးတစ်ထောင်ကို ချောင်ချောင်ကလေးနှင့် ရရှိသွားလေ၏။

နိုင်သူမှာပြုံး၍ ရှုံးသူမှာမဲ့ ဖြစ်သော လောင်းကစားသမားတို့၏ဓမ္မတာအတိုင်း အမျိုးသမီး၏ သီလပျက်မှုကြောင့် အသပြာတစ်ထောင် အရှုံးခံလိုက်ရသော သေသောက်ကြူးတို့မှာ တရှူးရှူး တရှားရှားနှင့် မကျေမနပ်ဖြစ်ကုန်လေ၏။ ထိုအမျိုးသမီးအပေါ်၌ အထင်ကြီးမိတဲ့အတွက် ငါတို့ရှုံးရသည်ဟူ၍ နာလုံးပေါက်ကာ သူ၏ခင်ပွန်းလင်ထံ သွားရောက်ကြပြီး "သင်၏ဇနီးသည် မည်သည့်နေ့ မည်သည့်အချိန်က သေသောက်ကြူးတစ်ဦးနှင့် ကျူးလွန်ဖောက်ပြားကြောင်း"ဖြင့် တိုင်ကြားကြကုန်လေ၏။

"ကျုပ်ဇနီး...သည်လိုမဖြစ်နိုင်ပါဘူး"

"ခင်ဗျားကသာ မဖြစ်နိုင်ဘူးပြော နေတာ။ ကျုပ်တို့မှာတော့ ခင်ဗျားဇနီး အကျင့်စာရိတ္တကောင်းကြောင်း . . . အလောင်းအစားပြုမိတဲ့အတွက် လက်ငင်း အသပြာတစ်ထောင်ရှုံးပြီဗျ"

ဤသို့ အတိအကျ ထောက်ပြသောအခါတွင်မှ လင်ယောကျ်ားမှာ မယားအပေါ်၌ ဇဝေဇဝါဖြစ်လာသဖြင့် မယားကို စစ်မေးကြည့်သောအခါ "ကြံကြီးစည်ရာတော်"ဟူ၍ ကက်ကက်လန် ငြင်းဆန်ခြင်းပြုလေသည့်အပြင် အနီးတွင်ရှိသော ခွေးနက်ကြီးကိုပြကာ ကျိန်ဆိုပြောပါလေ၏။

"အရှင် ကျွန်မကို မယုံကြည်ခဲ့သော် ကျွန်မ ကျိန်ဆိုပါအံ့။ ဤသို့ ယောကျ်ားတစ်ပါးနှင့် ကျူးလွန်ဖောက်ပြားမှုမျိုးကို ကျူးလွန်မိခဲ့ပါသော် ဤနားရွက်ပြတ်ခွေးကြီးသည် ကျွန်မ ဖြစ်လေရာရာဘဝတိုင်း ဘဝတိုင်း၌ ကျွန်မကို ကိုက်ဝါးလို့စားပါစေသား"

ဤသို့ ကျိန်ဆိုသော်ငြားလည်း မယားအတွက် အဆိပ်တက်နေသော ယောကျ်ားက မယုံကြည်။ သူ့အပေါင်းအသင်း မိန်းမဖော်များကို စုံစမ်းဦးအံ့ဟူ၍ ထိုအမျိုးသမီးများထံ သွားရောက်စုံစမ်းလေသောအခါ ထိုအမျိုးသမီးများသည် ဖောက်ပြားကျူးလွန်မှုန်း သိကြသော်လည်း မိမိတို့အချင်းချင်း ဂုဏ်သိက္ခာထိပါးမည်ကို ကာကွယ်ခြင်းငှာ "မသိပါ"ဟူ၍ အညီအညွတ် တစ်သံတည်း ထွက်ဆိုကြကုန်သည့်အပြင် ထိုအမျိုးသမီးနည်းတူပင် ကျိန်ဆိုကြပြန်ကုန်၏။

"အကယ်၍ သိလျက်နှင့် မသိဟုလိမ်လည်၍ မှသားဆိုခဲ့ပါသော် ကျွန်မတို့သည် ဖြစ်လေရာဘဝတိုင်း၌ ထိုသခင်မကျွန်ချည်း ဖြစ်ရပါစေသား"ဟူ၍ ရဲဝံ့စွာ ကျိန်ဆိုကြလေသည်။

ထိုကျူးလွန် ဖောက်ပြားမိသော မိန်းမသည်လည်း စိတ်နှလုံးတွင် အပူမီးတဟုန်းဟုန်းတောက်ကာ မကြာမီ ထိုဝေဒနာဖြင့်ပင် ကွယ်လွန်ရှာလေ၏။ ကွယ်လွန်သော် "ဟိမဝန္တာတောင်၊ ကဏ္ဏမုဏ္ဍာအိုင်ကြီး"၏ အနီးအပါး၌ ဝိမာနပြိတ္တာမ(တစ္ဆေမ)ဖြစ်လေ၏။ ဟိမဝန္တာတောင်၌ အိုင်ကြီးခုနစ်အိုင်ရှိသည့်အနက် ကဏ္ဏမုဏ္ဍာအိုင်မှာ တစ်ခုအဖြစ်ပါဝင်သည်။ ကြွင်းသော အပေါင်းအသင်း၊ ရောင်းရင်း မိန်းမငါးရာသည်



www.burmeseclassic.com

www.burmeseclassic.com

လည်း ကွယ်လွန်ကြသော် မိမိတို့ကျိန် ထားသည့် ကျိန်စာသင့်ကာ ထိုမိန်းမ၏ ကျွန်မများ ဖြစ်ကြကုန်လေသတည်း။

ထိုမိန်းမသည် ရှေးလူဖြစ်စဉ်အခါ ပြုခဲ့ဖူးသော ကုသိုလ်အဘ ဘုန်တို့ကြောင့် နေ့အခါတွင် နတ်ဘုံ၌ ခံစားရဘိသကဲ့သို့ နတ်စည်းစိမ်ကို ခံစားရသော်လည်း ညအခါတွင်မူကား အမှန်တရားကို ဖုံးကွယ်ကျိန်ဆိုခဲ့သော ကျိန်စာကြောင့် ရေကန်အနီးသို့ ညတိုင်း။ ညတိုင်းသွား၍ ခွေးနက်ကြီး၏စားခြင်းကို ခံရလေ၏။

စားပြီးသော် ခွေးနက်ကြီးသည် အရိုးများကို ရေကန်တွင်း ပစ်ချပြီး ပျောက်ကွယ်သွားလေ၏။ ရေကန်ထဲ ပစ်ချလိုက်သော အရိုးများသည် ရေကန်ထဲရောက်သည်နှင့် တစ်ပြိုင်နက် မူလရုပ်သွင်အတိုင်း အသစ်ပြန်၍ဖြစ်ကာ ဗိမာန်ပေါ်သို့တက်၍ အိပ်လေ၏။

နေ့မှာစံ၍ ညမှာခံရသော ပြိတ္တာမ (တစ္ဆေမ)ပေတကား။ အပေါင်းအသင်း ငါးရာတို့သည်လည်း မိမိတို့၏ကျိန်စာ အလျောက် ထိုမိန်းမအပါးတွင် ကျွန်မရံဖြစ်လျက် တည်ရကုန်လေ၏။

"ရွှေဘုံပေါ်မှာ စံရသော်လည်း အချစ်မရှိက အချည်းနှီးသာတည်း"

ဤကား ထိုအမျိုးသမီးငါးရာတို့သည် ညည်းချင်းဖြစ်၏။ ယောက်ျား သည် မိန်းမတို့၏မွေ့လျော်ရာဖြစ်၏။ မွေ့လျော်ဖွယ်ရာ ယောက်ျားတည်းဟူသော အာရုံမရှိလေသည့်အတွက် သူတို့ငြီးငွေ့လာကြကုန်သည်။ ယောက်ျားကို တွေ့လို၊ မြင်လို၊ ယောက်ျားနှင့် မွေ့လျော်လိုကြသည်။

ထို့ကြောင့် သူတို့သည် ယောက်ျားနှင့် တွေ့ရာတွေ့ကြောင်း။ ဉာဏ်နီဉာဏ်နက် ထုတ်ကြကုန်လေ၏။

ထိုနေရာမှာ ကဏ္ဍမုဏ္ဍာရေအိုင်ကြီးမှ ဂင်္ဂါမြစ်သို့ တောက်လျှောက်စီးဝင်သော မြစ်ဖြစ်၏။ ထိုအမျိုးသမီးတို့သည် ဂင်္ဂါသို့စီးဝင်သော မြစ်ကြောင်းအတိုင်း နတ်သရက်သီးများကို မျှောနေကြ၏။ သူတို့၏ စိတ်ကူးယဉ်ချက်မှာ

"ဤနတ်သရက်သီးသည် လွန်စွာ အရသာရှိ၏။ စိတ်ပျိုကိုယ်နုစေ၏။ ဤနတ်သရက်သီးကို စားမိသောသူသည် သရက်သီးရှိရာ ဤဒေသသို့ မလာလည်းဘဲ နေနိုင်မည်မဟုတ်။ မုချ လာရောက်လိမ့်မည်။ ထိုအခါ ငါတို့သည် ယောက်ျားကို တွေ့ရကုန်လတ္တံ့။ ယောက်ျားနှင့်မွေ့လျော်ကြရကုန်လတ္တံ့" ဟူသော စိတ်ကူးယဉ်အကြံအစည်ဖြစ်၏။ ဤစိတ်ကူးဖြင့် နတ်သရက်သီးများကို မျှောနေကြခြင်းဖြစ်သည်။ စင်စစ်ဆိုသော် ယောက်ျားနှင့် မွေ့လျော်ရရေးအတွက် နတ်သရက်သီးကို အောင်သွယ်အဖြစ် အသုံးချခြင်းပင်တည်း။

နတ်သရက်သီးတို့သည် မြစ်ကြောင်းအတိုင်း မျောရာ၏၊ အချို့ကို ရသေ့တို့ ရကုန်၏။ အချို့ ၇ မုဆိုးတို့ ရကုန်၏။ အချို့မှာမူ သောင်ကမ်းများတွင် တင်နေကြကုန်သောကြောင့် သရက်သီးများသည် ထိမိန်းမများ မျှော်လင့်ထားကြသလို အောင်သွယ်ကိစ္စ ဆောင်ရွက်ခွင့်မရကြကုန်။

တစ်လုံးသော သရက်သီးကိုကား ဂင်္ဂါမြစ်တွင် ရေချိုးနေသော ဗာရာဏသီမင်း ရရှိလေ၏။ မျောပါလာသော ဤသရက်သီးသည် သံကွန်ရက်၌ငြိ၍ မင်းချင်းယောက်ျားများသည် မင်းအား ဆက်ကြ၍ ဗာရာဏသီမင်း ရရှိခြင်းဖြစ်၏။ ဗာရာဏသီမင်းသည် ထိုသရက်သီး၌ တပ်မက်ခြင်းပြင်းစွာဖြစ်၍ "မည်သည့်နေရာ၌ရှိကြောင်း" မုဆိုးများကိုခေါ်၍ မေးရာတွင် "အထက်မြစ်ညာ ဟိမဝန္တာတောင်မင်း၌ ရှိကြောင်း ကြားဖူးပါသည်" ဟု လျှောက်တင်လေသော် ဗာရာဏသီမင်းသည် ထိုမုဆိုးတို့အား အသပြာတစ်ထောင်ပေး၍ သရက်သီးကိုယူဆောင်ရန် ဟိမဝန္တာသို့ စေလွှတ်လေသတည်း။

စိမ့်ကြီး။ မြိုင်ကြီးအတွင်း တစ်ခုသောနေရာ၌ ကျောက်ဂူကြီးရှိ၏။ ထိုကျောက်ဂူ၌ ရသေ့သူမြတ်တစ်ပါး တရားအားထုတ်နေ၏။ မုဆိုးသည် တောတောင်အထပ်ထပ်ကို ဖြတ်ကျော်၍ ထိုကျောက်ဂူသို့ရောက်သွားလေ၏။ အရှင်ရသေ့အား မိမိလာရောက်ရခြင်း၏ အကြောင်းကို လျှောက်ထားပြီး "နတ်သရက်သီးရှိရာသို့ သွားရာလမ်းကို ညွှန် ကြားပါရန်" လျှောက်ထားသော အခါ -

"ဤမြစ်ငယ်ကလေးကို အမှီပြု၍ ရေညာသို့လိုက်သွားသည်ရှိသော် အကြင်အခါ တောင်ခေါင်းကို တွေ့မြင်ရလတ္တံ့။ ထိုအရပ်မှစ၍ ည၌အခါ၌ မီးရှူးမီးစည်းကို ယူ၍သွားလော့။ ဤမြစ်ငယ်သည်လည်း ည၌အခါ၌ စီးခြင်းမရှိ။ ထိုကြောင့် သွားခြင်းငှာခက်၏။ နှစ်ယူဇနာ သုံးယူဇနာလွန်သော် သရက်

www.burmeseclassic.com

ပင်ကို တွေ့မြင်ရလတ္တံ့"ဟုဆိုသည်။ ရသေ့သူမြတ်၏ လမ်းညွှန်ချက်အရ အားတက်သရောပင်ဖယ်ခွာခဲ့ပြီးနောက် ထိုသရက်ပင်ဆီသို့ ဦးတည်၍ လျှောက်လာ၏။

"တို့မျှော်လိုက်တဲ့ သရက်သီးတွေ အလကားဖြစ်ကုန်သလား"

"မသိဘူး . . . ယောက်ျားတစ်ယောက်မှ ပေါ်မလာဘူး"

"မလာတာဘဲ ကောင်းပါတယ်"

"ဘာဖြစ်လို့ . . ."

"လာရင် အဝေတည့်မှာမဟုတ်ဘူး။ လေး၊ ငါး၊ ခြောက်ယောက်လာတယ်ပဲထား။ တို့ကအများကြီး။ ဘယ်မှာ အဝေတည့်နိုင်မှာလဲ။ လင်လုပွဲကြီးဖြစ်နေမှာပေါ့"

ထိုအမျိုးသမီးတို့သည် အားအားရှိတိုင်း ယောက်ျားအကြောင်းကိုသာ အလေးပေး၍ဆွေးနွေးကြ၏။ ယောက်ျားကို မြင်ရနိုးနိုးနှင့် မျှော်ကိုးနေကြစဉ် သူတို့အတွက် နတ်ဖက်သောယောက်ျားဟု ဆိုရလေမလား။ မုဆိုးသည် သရက်သီးရှိသော ဥယျာဉ်သို့ရောက်လာလေ၏။ သရက်ပင်ပေါ်မှ သရက်သီးများကို မော်ကြည့်ကာ "နိပ်ဟ။ ဒီသရက်သီးတွေများ ဆက်သလိုက်ရင် ဘုရင်မင်းတရား ငါ့အား ဆုတော်ငွေများစွာ ချီးမြှင့်တော့မှာပဲ"ဟူ၍ အတိုင်းမသိ ဝမ်းသာသွား၏။

ထိုသို့ဝမ်းသာနေခိုက်တွင် အမျိုးသမီးတစ်သိုက်၏ ကျွက်ကျွက်ညံအသံကြော် လှည့်ကြည့်လိုက်ရာ "သူ့လင်ငါ့လင်"ဟူ၍ ငြင်းခုံကာ သူ့ဆီသို့ အတင်းပြေးလာကြသည်ကိုမြင်လျှင် မုဆိုးသည် လန့်ပြီး ကြောက်အားလန့်အားနှင့် ကဆုန်ချ၍ ထွက်ပြေးလေသောကြောင့် ထိုအမျိုးသမီးတစ်သိုက်မှာ လင်မရဘဲ မောဟိုက်ခြင်းသာလျှင် အဖတ်တင်ကာ ကျန်ရစ်ကြလေသည်။ ဗာရာဏသီမင်းလည်း နတ်သရက်သီးပါမလာလေဘဲ "သရက်သီးကို တွေ့ရှိခဲ့ကြောင်း၊ သို့သော် ထိုသရက်သီးကို လူလား၊ နတ်လားမသိ အမျိုးသမီးများစောင့်ရှောက်ကြဟန်တူကြောင်း"သတင်းများကိုသာ ကြားရလေ၏။

ထိုအခါ ဗာရာဏသီမင်းသည် နတ်သရက်သီးကိုသာမက "လူလား၊ နတ်လား"ဆိုသော အမျိုးသမီးများကိုသာ စိတ်ဝင်စားလာရကား ထိုမုဆိုးကို ရှေ့ဆောင်လမ်းပြပြု၍ နတ်သရက်သီးရှိရာ ဟိမဝန္တာအရပ်သို့ ကိုယ်တိုင်သွားပါလေတော့သတည်း။

ဆန္ဒပြင်းထန်သူအား မပြီးမြောက်သောအရာဟူ၍ မရှိပေ။

ဆန္ဒစွဲအားကြီးလှသော ဗာရာဏသီမင်းသည် အဆိုပါ သရက်ဥယျာဉ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်နှင့်အမျှ မုဆိုးမှာမူ လန့်နေ၏။ ထိုနေရာသို့ မလိုက်ဝံ့အောင် ရွံ့နေ၏။ ထို့ကြောင့် "ဤဥယျာဉ်အတွင်းမှာ နတ်သရက်သီးရှိပါသည်ဘုရား"ဟူ၍ သံတော်ဦးတင်ရာ ဗာရာဏသီမင်းသည် သရက်ပင်သို့ ရှေးရှုစိတ်ဝင်စား၍ သွားနေစဉ်တွင် မုဆိုးသည် မင်းကိုထားခဲ့ပြီး နောက်သို့ ပြန်ပြေးလေ၏။ ထို့ကြောင့် ဗာရာဏသီမင်းမှာ တစ်ပါးတည်း ထိုသရက်ပင်အောက်သို့ ရောက်သွားသောအခါ ဒေဝစ္ဆရာ နတ်ကညာကဲ့သို့ လှပသော အမျိုးသမီးများကို အံ့ဩစွာတွေ့ရလေ၏။ ဤသည့်နောက်ပိုင်း အချိန်တွင်မူ ဗာရာဏသီမင်းမှာ ထိုအမျိုးသမီးငါးရာတို့၏ သခင်မ ဝိမာနပြိတ္တာမ၏ ဝိမာန်တွင် ဝိမာန်ရှင်မများနှင့်အတူ ခံစားစံစားနေလေ၏။ ဗာရာဏသီမင်းမှာ မိမိတပ်မက်လိုသော နတ်သရက်သီးကို မှီဝဲရလေသဖြင့် အသားအရေကြည်လင်၍ အားအင်ခွန်အားဗလလည်း သန်စွမ်းလာ၏။ ဝိမာန်ရှင်ဝိမာန၏ နတ်အတွေ့၌လည်း မွေ့နေ၏။ ထို့ကြောင့် ဗာရာဏသီ ရွှေထီး၊ ရွှေနန်းကိုပင် မေ့ခမန်းဖြစ်၍နေပြီတည်း။

"ဩော် . . . လောကမှာ ဤသို့သော မွေ့လျော်ဖွယ်ရာများလည်း ရှိပါသေးကလား"မိမိခံစားရမှုအပေါ် အခြေခံ၍ ထိုဝိမာန်ကိုပင် ချီးကျူးမိလေ၏။ ဝိမာန်ရှင် ဝိမာနကလည်း ဗာရာဏသီမင်းအား ပျော်ရွှင်အောင်ထား၏။ ပြုစုလုပ်ကျွေး၏။ ဗာရာဏသီမင်းလည်း နေ့အခါများတွင် နတ်၌ဖြစ်သော အဆိုတော်၊ နတ်၌ဖြစ်သော တူရိယာများ အဖြစ် ထင်မှတ်ရာလေ၏။

"ပြိတ္တာ(တစ္ဆေမ)တွေကြားထဲ ငါရောက်နေပါကလား"ဟူ၍ကား သူမသိရှာပေ။

ဥတုသုံးပါးသည် ချားရဟတ်ကဲ့သို့ လည်နေ၏။ နွေရောက်လာလိုက်၊ လုစ်ခနဲပျောက်သွားလိုက်၊ မိုးရောက်လာလိုက်၊ လုစ်ခနဲပျောက်သွားလိုက်၊



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းရောက်လာလိုက်၊ လှစ်ခနဲ ပျောက်သွားလိုက်၊ သည်လိုနှင့်ပင် ရာသီဥတု တစ်ခုပြီးတစ်ခု များသည်ထက် များ၊ ပွားသည်ထက်ပွား၍ နှစ်ပရိစ္ဆေဒတွေ ကြာညောင်းသော်လည်း ဗာရာဏသီမင်းမှာ ဝိမာနထံမှ ရွေ့ပြောင်းခြင်း မရှိလေဘဲ ဝိမာနနှင့်သာလျှင် အမြဲပျော်နေ၏။ ယခုလည်း ဝိမာနသည် ဗာရာဏသီမင်းအား ရွှေမှုန်ဝတ်ဆံကြာမျိုးစုံသည့်ရေကန်သို့ ခေါ်သွားပြီးလျှင် သာယာသောရှုခင်းများကို ပြလေ၏။ ဗာရာဏသီမင်းလည်း ရှေ့ နောက်၊ ဝဲ၊ ယာ ဖီလာထုတ်သန်း၊ တင့်ဆန်းလှပုံများကို ကြည့်ကာ မချီးကျူးဘဲ မရနိုင်အောင် ဖြစ်လာ၏။

"ဝိမာန…သင်၏ဘုန်းသမ္ဘာကား ကြီးမားလှပါပေစွ။ ကန်တော်တွင်းဆင်းတဲ့ စောင်းတန်းတွေကလည်း ရွှေနှင့်တဝင်းဝင်း။ ပန်းရန့်တွေ ဆိုတာကလည်း တသင်းသင်းနှင့်။ တယ်သာယာတဲ့ရှုခင်းပါလား။ ဒီကနေ ဟိုကို လှမ်း၍ ကြည့်လိုက်တော့လည်း သင်စံစားတဲ့ ဗိမာန်ဆောင်က ရတနာရောင်တွေဟာ မှုက်တောင်ခတ်သလို တလျှပ်လျှပ်မြူးလို့ပါလား။ ဘုန်းထူး၊ ကံထူး၊ ပါရမီထူးသူတို့ နေထိုင်ရာဒေသပါကလား"

ဗာရာဏသီမင်းသည် ဝိမာနနှင့် ကန်တော်မင်္ဂလာတွင် အတူလျှောက်ရင်း ချီးကျူးလေ၏။

"မောင်ဘုရား ခံစားတဲ့ ဗာရာဏသီနိုင်ငံဆိုတာနဲ့ ဘယ်ဟာက သာပါသလဲ"

ဝိမာန်က မေးသောအခါတွင်မူ ရုတ်တရက် အဖြေမပေါ်လာဘဲ ခဏကြာမှ -

"ဒါက ဒီလိုရှိပါတယ် ဝိမာန။ ဟိုကသာတယ်၊ ဒီကသာတယ်လို့ ပြောဖို့ခက်ပါတယ်။ လိမ္မော်သီးမှာလည်း သူ့အရသာနဲ့သူ၊ ရှောက်သီးမှာလည်း သူ့အရသာနဲ့သူ ရှိကြသလိုပေပ။ ဘယ်သင်းကဘယ်လိုဟု ပြောဖို့မလွယ်ပါဘူး"

"မောင်ဘုရား စကားထဲမှာ နေပြည်တော်ကို လွမ်းသံတွေ ပါနေပါကလား"

"လွမ်းတယ်၊ မလွမ်းဘူးရယ်လို့ ဘယ်ဟုတ်ပါ့မလဲကွယ်။ သိထားဖူးတဲ့ အရာတစ်ခုကို စိတ်ထဲမှာ ပျက်မသွားသလိုပေါ့"

ဤသို့ အတုံ့အလှယ် ချစ်ခွန်းသွယ်ရခြင်းသည်ပင်လျှင် သူတို့၏ချစ်ခရီးရှည်ကြီးလျှောက်ဖို့အတွက် တံတားဆောက်ပေးသကဲ့သို့ ရှိ၍လေ၏။ ဗာရာဏသီမင်း၏ အသည်း၌ ဝိမာနစွဲနေဘိသကဲ့သို့ ဝိမာန၏ နှလုံးပလ္လင်တွင်လည်း ဗာရာဏသီဘုရင် အမြဲစံစားလျက်ရှိနေလေသည်။

ကာလ အတန်ကြာညောင်းသောအခါ ဝိမာနနှင့်ပတ်သက်၍ ဗာရာဏသီမင်းအဖို့မှာ သတိထားစရာမျှ ဖြစ်ပေါ်လေ၏။ ညဉ့်သန်းခေါင်ကျော်လောက်တွင် ဝိမာန၏ အရိပ်အခြည်ကို သတိရှိရှိနှင့် အကဲခတ်နေ၏။

ညသန်းခေါင် ရောက်သောအခါ ဝိမာနသည် ဗာရာဏသီမင်း အိပ်ပျော်၊ မပျော် အသာစောင်းငဲ့၍ကြည့်၍။ ဤသည်ကို ဗာရာဏသီမင်းကသိ၍ အိပ်ပျော်ဟန်ဖြင့် တခေါခေါဟောက်ပြလျှင် ဝိမာနသည် အိပ်စက်ရာမှ အသာကြွ၍ ထပြီးလျှင် စက်ခန်းဆောင်မှ ထွက်သွားလေသော် ဗာရာဏသီမင်းသည် နောက်ယောင်ခံ၍ ချောင်းလေ၏။

အကာလ ညဉ့်လွှာရုံအောက် ရေကန်စောင်းတွင် ခွေးနက်ကြီးတစ်ကောင်သည် လျှာကြီးကို ထုတ်ကာထုတ်ကာနှင့် ရှိနေ၏။ ဗာရာဏသီမင်းသည် ပန်းချုံတစ်ခုတွင်းဝင်၍ ချောင်းနေစဉ် ခွေးနက်ကြီးရှေ့သို့ ဇွေ့ခနဲ ရောက်လာသော ဝိမာနအား ခွေးနက်ကြီး ကျွတ်ကျွတ်ဝါး၍ စားလေသော် ဗာရာဏသီမင်းသည် လန့်၍သွားလေ၏။ ခွေးနက်ကြီးသည် ဝိမာနအား တစ်ကိုယ်လုံးဝါး၍ စားပြီးသောအခါ အရိုးများကို ခါတိုင်းကဲ့သို့ ကန်ထဲသို့ ပစ်ချ၏။ အရိုးများ ကန်ထဲရောက်သည်နှင့်တစ်ပြိုင်နက် မယုံကြည်နိုင်အောင် အဆန်းအပြားကို တွေ့ရ၏။ ထိုအရိုးများက တစ်ဖန် ဝိမာန နဂိုရုပ်သွင်အတိုင်း အကောင်းပကတိဖြစ်လာပြီး ဗိမာန်သို့ပြန်သွားသည်ကို တွေ့ရလေ၏။

"ဟယ်…ဘယ်လိုဖြစ်တာပါလိမ့်"

ဗာရာဏသီမင်းသည် မျက်ဝါးထင်ထင်မြင်တွေ့ရသော ဖြစ်ရပ်ဆန်းများကို မစဉ်းစားတတ်အောင်ဖြစ်နေ၏။

ဒုတိယနေ့ လိုက်၍ချောင်း၏။ ပဌမနေ့ကအတိုင်းပင် တွေ့ရ၏။

တတိယနေ့ လိုက်၍ချောင်း၏။ ပဌမနေ့ကအတိုင်းပင် တွေ့ရ၏။

ဝိမာန ညသန်းခေါင်ကျော်လျှင်



www.burmeseclassic.com

www.burmeseclassic.com

ထသွား၊ ရေကန်ဘေးတွင် ခွေးစားခံ၊ အရိုးကို ကန်ထဲချ၊ အရိုးကတစ်ဖန်ပြန်၍ အသက်ရှင်၊ အကောင်းပကတိဖြစ်။

ထိုအခါ ဗာရာဏသီမင်းမှာ သည်းမခံနိုင်အောင် ဖြစ်လာသည်။ "မယားထိတားကြည့်"ဆိုသကဲ့သို့ မိမိ ချစ်မြတ်နိုးသူ ဝိမာနကိုစားသော ခွေး အပေါ်တွင် အမျက်ဒေါသ ခြောင်း ခြောင်းထလာလေတော့သည်။

"ဒီခွေးဟာ ဝိမာန၏ရန်သူဖြစ်ရမည်။ ဝိမာနရန်သူသည်လည်း ငါ့ရန်သူပင်တည်း။ ရန်သူကို ငါလက်ပိုက်၍ ကြည့်နေမည်လော"

လေးရက်မြောက်သော ညဉ့်ကား ဗာရာဏသီမင်းသည် ဝိမာနထွက်သွားလေသောအခါ လေးလက်နက်ကို စွဲကိုင်၍ လိုက်လေ၏။ ချောင်းနေသော ပန်းချုံတွင်းမှ လေးကို အသင့်ပြင်၍ စောင့်နေ၏။

လမင်းကြီး ထိန်ထိန်သာနေသည်။ ထိန်ထိန်သာနေသော လရောင်အောက်တွင် ခွေးနက်ကြီး၏အမွေးများမှာ မည်းနက်ချိုပ်မှောင်၍ ပိတုန်းရောင်တောက်နေ၏။ မကြာခင် ဝိမာနသည် ခွေးရှေ့သို့လာနေစဉ် ဗာရာဏသီမင်းသည် ပန်းချုံတွင်းမှ လေးနှင့်ချိန်ထား၍ ဝိမာနရောက်လာ၍ ခွေးနက်ကြီးကိုက်စားလေသောခဏ၌ ဗာရာဏသီမင်းက မြားနှင့် ခွင်းလိုက်လေရာ ချက်ကောင်းကိုထိမှန်ချက်ကြောင့် ပြင်းထန်စွာ အော်မြည်လျက် ခွေးနက်ကြီးရော ဝိမာနပါရေကန်ထဲသို့ စိုက်ကျသွားလေ၏။ သို့သော် အသက်ရှင်လျက် ပကတိအတိုင်း ကုန်းပေါ်သို့ပြန်တက်လာသော ဝိမာနကိုသာ မြင်ရပြီး ခွေးနက်ကြီးကား မြားချက်ဖြင့် အသက်ထွက်သွားရာလေပြီတည်း။

ဗာရာဏသီမင်းမှာ ဤတောထဲ ရောက်ခါမှ စိတ်ကူးယဉ်ထက်ဆန်းကြယ်သော ဖြစ်ရပ်များနှင့် မျက်ဝါးထင်ထင် ရင်ဆိုင်တွေ့ကြုံရလေသောအခါ ဝိမာန၏ဘဝဖြစ်စဉ်အတွက် ကရုဏာသက်မိလာသည်။

"ဝိမာန၏ ဘဝကား နေ့မှာစံ၍ ညမှာခံရသော ပြိတ္တာ(တစ္ဆေမ)မျိုးပါကလား။ ဘာ့ကြောင့် ဤအဖြစ်မျိုး ဘဝမျိုးသို့ သူခမျာ ရောက်နေရရှာပါလိမ့်"

ဗာရာဏသီမင်းသည် ဝိမာနအား မေးလေသောအခါ ဝိမာနသည်လည်း သူ၏ဘဝဖြစ်အင်ကို မှန်သည့်အတိုင်း ဤသို့ အစီရင်ခံရရှာလေ၏။

"အသက်တမျှ မြတ်နိုးလှသော ဗာရာဏသီပြည်ကြီးရှင်သခင် မောင်တော်ဘုရား။ ဝိမာန၊ ဝိမာနဟူ၍ ချစ်စနိုးစွာ ခေါ်ဝေါ်ခြင်းခံရပါသော ကျွန်တော်မသည် ဟိုးရှေးသရောအခါက ကိမိလမည်သောမြို့တွင် သူကြွယ်တစ်ဦး၏ဇနီး ဖြစ်ခဲ့ပါ၏။ ကျွန်တော်မ၏ ခင်ပွန်းလင်မှာ အကျင့်သီလနှင့် ပြည့်စုံသူဖြစ်၍ ထင်ရှားပါသည်။ ကျွန်တော်မလည်း သူတော်စင်၏ ချစ်ဇနီးပီပီ အကျင့်သီလ အာစာရဂုဏ် လုံလောက်ပြည့်ဝစွာ နေထိုင်လာခဲ့ရာက တစ်နေ့သောအခါတွင် ဂီတနှင့် မြူဆွယ်လာသော သေသောက်ကြူး၏အလိုသို့ ပါမိသည့်အတွက် သူ၏ အဓမ္မကျင့်ကြံဖျက်ဆီးခြင်းကို ခံရပါ၏။

"ပြည်ကြီးရှင် ထိုအကြောင်းကို အတွင်းသိ၊ အစင်းသိဖြစ်သော သေသောက်ကြူးတစ်ခုက ကျွန်တော်မ၏ ခင်ပွန်းအား တိုင်ကြားပြောဆိုသောအခါ ခင်ပွန်းလင်က ကျွန်တော်မကို မမေးရက်၊ မေးရက်နှင့် မလွှဲသာ၍ မေးခြင်းပြုပါသည်။ ထိုအခါ မိန်းမသားတို့၏ ဇဝနဉာဏ်ဖြင့် စဉ်းစားခဲ့၏။ ခင်ပွန်းလင်ဖြစ်သူမှာ မြို့မျက်နှာဖုံး ဂုဏ်ကြီးရှင်သူ တော်စင်ဖြစ်ခြင်းကြောင့် ဟုတ်မှန်သောအတိုင်း ဝန်ခံလိုက်ချေက ခင်ပွန်းလင်၏ ဂုဏ်သိက္ခာကိုလည်း ထိခိုက်အံ့။ ငါ့မှာလည်း လူတောသူတောထဲ မဝင်ဆံ့အောင် အရှက်ကြီးကွဲ၊ အကျိုးနည်းလေအံ့ဟူ၍ အရှက်နှင့် ဂုဏ်သိက္ခာကို ငဲ့သောအားဖြင့် မဟုတ်မမှန်ပါ။ ယောက်ျားတစ်ပါးနှင့် ဖောက်ဖောက်ပြားပြား မရှိခဲ့ပါဟူ၍ ဤသို့ အမှန်ကို ဖုံးကွယ်ခဲ့သည်သာမက အကယ်၍ မယုံခဲ့သော် ကျွန်မကျိန်ဆိုပါအံ့။ ဖောက်ပြားခြင်းမှန်လျက်နှင့် မမှန်ဟု ငြင်းဆိုချေက ကျွန်မသည် ဖြစ်လေရာရာဘဝတိုင်း၌ ခွေးနက်ကြီး၏ ကိုက်ဝါးစားသောက်ခြင်းကို ခံရပါစေသားဟူ၍ ကျိန်ဆိုခဲ့ပါ၏။ ဤကျိန်စာသင့်လေ၍ ယခုဘဝတွင် ရှေးကရှိခဲ့သော သီလအကျိုးကြောင့် နေ့အခါမှာ ဝိမာန်၌ ခံစားနေရသော်လည်း ညအခါတွင် ခွေးနက်ကြီး၏ စားခြင်းကို ခံနေရပါ၏။

"အရှင်သခင်ပြည်ကြီးရှင်၊ သခင်မောင်ဘုရား၏ ကျေးဇူးတရားကား ကြီး



www.burmeseclassic.com

www.burmeseclassic.com

မားလှပါပေစွ၊ အနှစ်နှစ်အလလ ညအခါများ၌ခွင် ခွေးစားခံလာရသော ဝဋ်မှ သခင်ချွတ်၍ လွတ်မြောက်ရပါပြီ"

ထိုစကားကိုကြားလျှင် ဗာရာဏသီမင်းမှာ များစွာ ဓမ္မသံဝေဂရလာမိ၏။

"မမှန်မှသား ဆိုမိခြားရုံနှင့် ဤမျှဆိုးဝါးသောအဖြစ်သို့ ရောက်ရပါကလား။ ငါတို့သည်လည်း လူသားဖြစ်တုံလျက်နှင့် ပြိတ္တာ(တစ္ဆေမ)နှင့် စပ်ယှက်ပေါင်းသင်းမိချေသည်တကား။ လူသည် လူချင်းသာလျှင် နေသင့်သည်တကား။ ငါသည် လူနှင့်ကင်းကွာကာ နေပြည်တော်မှ ခွာလာခဲ့သည်မှာလည်း ကြာညောင်းလာလေပြီတကား။ ဤ၌နေခြင်းဟာ မသင့်တော်တော့ပြီ"

ဗာရာဏသီမင်း၏ သန္တာန်၌ ဤသို့သော အသိစိတ်များ တဖွားဖွား ပွက်၍ပွက်၍ ထလာကုန်တော့သည်၊ ဝိမာနကိုကြည့်လိုက်တော့လည်း မျက်ရည်ကလေးတစစနှင့် သနားစရာဖြစ်နေသည်၊ သူနှင့် ကြာမြင့်စွာ မေတ္တာကူးလျက် ကြင်နာပေါင်းဖက်လာခဲ့သည်များကို တွေးမိပြန်တော့လည်း "ပစ်ရမှာလည်း အဆီနှင့်ရွဲရွဲ၊ စားရမှာလည်း သဲနှင့်ရှပ်ရှပ်"ဆိုသကဲ့သို့ ခွဲရမှာလည်း ခက်လျက်၊ ဗာရာဏသီမင်းမှာ မင်းနေပြည်တော်နှင့် ဝိမာနပြိတ္တာအကြားတွင် ဗျာများနေမိ၏။

သို့သော် ဗာရာဏသီမင်းသည် လူသားယောက်ျား မဟုတ်လေသလော။ လူအများတို့ထက် သာလွန်ထူးချွန်သော ဘုန်းကံပါရမီရှင် အာဇာနည်စိတ်ဓာတ်မျိုးကြောင့် တိုင်းပြည်အုပ်စိုးသောမင်းအဖြစ်သို့ ရောက်ရှိခဲ့ပြီ။ ဤတော၊ ဤတောင်၊ ဤလျှိုမြောင်သို့ ရောက်လာခြင်းမှာလည်း သူ၏ယောက်ျားမြတ်ပီသသော စိတ်ဓာတ်များ၏ လှုံ့ဆော်တွန်းပို့ချက်အရ ရောက်လာခဲ့ခြင်းဖြစ်ပေသည်။

"ယောက်ျားကောင်းမည်သည် သင့်သည်ကို တိုး၍လုပ်အပ်၏၊ မသင့်သည်ကို နောက်သို့ဆုတ်အပ်၏"

"ငါကား ယောက်ျားမြတ်ဖြစ်ပါလျက် မနေအပ်သောအရပ်၌ မပြုအပ်သော အမှုကို အဘယ်ကြောင့် ဆက်၍ ပြုမည်နည်း။ ငါတစ်ဦးတစ်ယောက်အတွက်နှင့် ယောက်ျားမြတ်တို့၏ ဂုဏ်သိက္ခာကို မထိပါးစေသင့်။ လူသားတစ်ဦးအနေဖြင့် နေခြင်းဟာ မသင့်လျော်သော ဤအရပ်မှ ငါခွာအံ့။ ဝိမနာအပေါ်၌ အသက်နှင့်ထပ်တူ မေတ္တာအောင်လံ တလူလူလွှင့်ခဲ့သည်ကား မှန်၏။ သို့သော် အမျိုးဇာတ်ချင်း ခြားနေသည်တကား"

ဗာရာဏသီမင်းသည် ဝိမာန၏အဖြစ်မှန်ကို သိလာသည့်အချိန်မှစ၍ မိမိ၏အမှားများကို မြင်လာပြီး နေပြည်တော်သို့ပြန်လိုသောစိတ်များ တဖွားဖွား ပေါ်နေ၏။ ယင်းစိတ်များကား သူ့အား သွေးဆောင်လျက်ရှိနေချေပြီတည်း။

ထို့ကြောင့်လည်း ဗာရာဏသီမင်းသည် အမှန်တရားကို ကျင့်သုံးရန် ယတိပြတ်ဆုံးဖြတ်လိုက်ပြီးနောက် ဝိမာနထံ ပြန်ခွင့်တောင်းကာ ဗာရာဏသီပြည်သို့ ပြန်ခဲ့လေသတည်း။

အထက်ပါဖြစ်ရပ် . . . ဝိမာန၏အတ္ထုပ္ပတ်ကား ကဿပဘုရားသခင်လက်ထက်တော်က ဖြစ်၍ "အမှန်ကို အမှား၊ အမှားကိုအမှန်"ဆိုပြောမှုဒဏ်ချက်ကား ဤရွှေ့ဤမျှအထိ ပြင်းထန်လှ၏။ ကဿပဘုရားသခင်လက်ထက်တော်က ကျိန်စာသင့်၍ ခံရသော ဝိမာနပြိတ္တာ(ဝိမာနတစ္ဆေ)၏ အဖြစ်မှာ ဤဂေါတမရှင်တော်မြတ်ဘုရား၏ လက်ထက်တိုင်အောင်ပင် ထိုပြိတ္တာအဖြစ်မှ မလွတ်မြောက်သေး။

တစ်ခါတော် အရှင်မောဂ္ဂလာန်ဒေသစာရီကြွချီတော်မူစဉ် တစ်ခုသောနေရာတွင် ဝိမာနပြိတ္တာ(ဝိမာနတစ္ဆေ)ကို တွေ့လေ၍ ထိုအကြောင်းအရာကို ဘုရားသခင်အား လျှောက်ထား၏။ ထိုအခါ ဘုရားသခင်က . . .

"မောဂ္ဂလာန် ဤအဖြစ်မျိုးရှိ၏။ ရှိကြောင်း ငါသိ၏။ ဤရွှေ့ဤမျှ အဖြစ်ဆိုးလှသော ဘဝမျိုးကို မရောက်ရလေအောင် မိမိကိုယ်ကို စောင့်ရှောက်ရာ၏။ ကိုယ်၊ နှုတ်၊ နှလုံး ဤသုံးပါးကို လုံခြုံအောင် ဆို့ပိတ်ထားက မည်သည့်အဖြစ်ဆိုး၊ မည်သည့်ဘဝဆိုးမျှ ဖြစ်လေမည်မဟုတ်"ဟူ၍ အချုပ်အားဖြင့် ဟောကြားတော်မူလေသတည်း။

အောင်သပြေ

ကျမ်းကိုး

ပေတဝတ္ထု၊ အဋ္ဌကထာ ဥဇ္ဇရိဝဂ် ကဏ္ဍမုဏ္ဍပေတ၊



www.burmeseclassic.com

www.burmeseclassic.com

# ရေယုန်လက်တွေ့ပျောက်သည့် မြန်မာ့ဆေးမြီးတို

ကျိုက်ထော် ခင်မိုးအေး(ဘီအေ)

မြူနှင်းတွေဝေသော ဆောင်းရာသီသို့ ရောက်သည့်အချိန်တွင် လူကြီး၊ လူငယ်မရွေး ပေါက်တတ်သောအနာမှာ ရေယုန် ဖြစ်ပါသည်။

ရေယုန်သည် ပါးစပ်တွင်လည်း ပေါက်တတ်သည်။ တချို့သောလူများတွင် ခါး၌ပေါက်တတ်သည်။ ခါးတွင်ပေါက်သောအနာမှာ ခါးတစ်ပတ်ပြည့်အောင် ပေါက်တတ်သည်။ ရေယုန်ပေါက်သည့်အခါ ရေထိလျှင်ပွားတတ်သည်ဟု အယူရှိသောကြောင့် ရေမထိအောင် သတိထား၍နေကြရသည်။

ရေယုန်ပေါက်ရသည့်အကြောင်းကို ဆန်းစစ်ကြည့်ပါက ရေသောက်နည်းသောကြောင့် ဖြစ်သည်။ ဆောင်းရာသီသည် အေးသောကြောင့် ရေချိုးရမှာ ကြောက်ကြသည်။ တချို့သောလူများသည် ရေသောက်နည်းသောကြောင့် အပူများပြီး အနာပေါက်ခြင်းဖြစ်ပါသည်။

ရေယုန်အနာမှာ အမျိုးမျိုးရှိသည်။ တချို့သောလူများတွင်ပေါက်သော ရေယုန်မှာ သေးငယ်သော်လည်း တချို့သောလူများတွင်ပေါက်သော ရေယုန်မှာ ကြီးသဖြင့် အလွန်နာပါသည်။ ၎င်းရေယုန်ကြီးများကို ဆင်ရေယုန်၊ မြင်းရေယုန်ဟု မြန်မာ့ဆရာများက အမည်ပေးထားပါသည်။

ရေယုန်ပေါက်သည့်အခါ နည်းအမျိုးမျိုးဖြင့် ကုသကြသည်။ တချို့က နေထွက်ချိန်တွင် မန်းတတ်သည့်သူကို မန်းခိုင်းပြီး ရေနှင့်ပက်ဖျန်းပေးကြသည်။ ဤနည်းဖြင့် ပျောက်ကင်းသွားကြသူများလည်းရှိသည်။ တချို့က ကင်းပုံရွက် ခုနစ်ရွက်ကို အမြီးပြန် ခေါင်းပြန် ထပ်ပြီး အလယ်တည့်တည့်ကို ကတ်ကြေးနှင့်ညှပ်၍ နှုတ်မှလည်း "နင်လည်း ရေယုန်၊ ငါလည်း ကင်းပုံ"ဟု ရွတ်ဆိုကာ ကင်းပုံရွက်မှထွက်သောအစေးဖြင့် အနာကို ပွတ်တိုက်ပေးပြီး ၎င်းကင်းပုံရွက်ကို နောက်ပြန်ပစ်လိုက်ရသဖြင့် ပျောက်ကင်းသွားကြသူများလည်း ရှိသည်။

ဆင်ရေယုန်၊ မြင်းရေယုန်များ ပေါက်လျှင် ကုသသောနည်းမှာ "ဦ ဆင်ရေယုန် ဆင်သို့သက် ဆင်သို့ဆင်း"၊ "ဦ မြင်းရေယုန် မြင်းသို့သက် မြင်းသို့ဆင်း"ဟု နှုတ်မှရွတ်ဆိုပြီး ၎င်းဂါထာကို ထန်းရွက်ပျက်နာမှာရေးပြီး နောက်တစ်ဖက်လှန်ပြီး ကိုးကြိမ်မန်းပါ။ နောက် ထန်းရွက်ကိုပြာချပြီး ရေမန်းဆီနှင့် ၃၇ ကြိမ် ထပ်မန်းပါ။ ၎င်းဆေးကိုလိမ်းလျှင် ဝဲနာ၊ ယားနာများအားလုံး ပျောက်ကင်းစေပါသည်။

ကျွန်မ၏နှုတ်ခမ်းပေါ်တွင်လည်း ရေယုန်အနာများ မကြာခဏဆိုသလို ပေါက်တတ်ပါသည်။ ရေယုန်အနာသည် အလွန်နာသဖြင့် ကျွန်မ စိတ်ညစ်ရသည်။ ဆေးကုသမှုခံယူသော်လည်း ကျွန်မ၏နှုတ်ခမ်းပေါ်တွင် ရေယုန်အနာသည် ဆောင်းရာသီတွင် လာရောက်စမြဲပင်။

ယခုတော့ ကျွန်မ စိတ်မညစ်ရတော့ပါ။ ကျွန်မမှာ ရေယုန်အနာကို လက်တွေ့ပျောက်သော ဆေးနည်းဖြင့် ကုသလိုက်သောကြောင့် ဖြစ်ပါသည်။ ၎င်းဆေးနည်းမှာ ရေယုန်အနာကို ပျောက်ရုံသာမက နောင်ဘယ်တော့မှ မပေါက်တော့ချေ။

ကျွန်မ၏ဘကြီး ဦးထွန်း(အငြိမ်းစား စာတိုက်မှူး)သည် ကျွန်မအား ရေယုန်ပျောက်သော ဆေးနည်းကောင်းတစ်ခုကို ပေးထားပါသည်။ ၎င်း၏ဆေးနည်းမှာ "တတ်တူနံ့တူ ဆေးဖက်ယူ" ဆိုသည့်အတိုင်း "ရေယုန်၊ ရဲယို" ဗုဒ္ဓဟူးနံ့အချင်းချင်းကို ယူထားခြင်းဖြစ်ပါသည်။ ကျွန်မ၏ဘကြီးမှာ ဂါထာ၊ မန္တန်၊ ဆေးဝါးတို့ကို ဝါသနာပါပြီး လေ့လာလိုက်စားသောသူ ဖြစ်ပါသည်။ ၎င်းဆေးနည်းမှာ ရေယုန်အနာကို ပေါက်သည့်အချိန်မှစ၍ ရဲယိုရွက်တစ်ရွက်ကိုယူ၍ လက်နှင့်ပွတ်ချေပြီး အစေးထွက်လာသည့်အခါ ၎င်းအနာကို ရဲယိုရွက်၏အစေးဖြင့် ပွတ်တိုက်ပေးရခြင်း ဖြစ်ပါသည်။ ၎င်းအနာကို အနာဖေးကွာသည့်တိုင်အောင် မကြာခဏ ပွတ်တိုက်ပေးရမည် ဖြစ်သည်။ အနာဖေးမကွာမချင်း ကျွန်မ၏နှုတ်ခမ်းပေါ်တွင် မည်းနေပါသည်။ နှုတ်ခမ်းပေါ်တွင် အမည်းစက်ကြီးရှိနေသောကြောင့် စိတ်ညစ်ရသော်လည်း အနာဖေးကွာသွားသောအခါ အသားများတက်လာပြီး ပကတိအတိုင်း ဖြစ်သွားပါသည်။ နောက်နောင်ကို ရေယုန်ဘယ်တော့မှ မပေါက်တော့ပါ။ ကျွန်မကိုယ်တိုင် လက်တွေ့ပျောက်ကင်းသော ဆေးနည်းဖြစ်ပါသည်။ ရေယုန်ပေါက်သောသူများ ဒိဋ္ဌမမ္မ လက်တွေ့ပျောက်ကင်းသော ဆေးနည်းကောင်းဖြစ်သဖြင့် ယုံကြည်စိတ်ချစွာဖြင့်ကုသနိုင်ကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။

ကျိုက်ထော်-ခင်မိုးအေး(ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

# အပျင်းနှင့်အဖျင်း ဒီပနီ

ကိုမောင်သန်းဝင်း

ပျင်းရိခြင်းဟာ အသက်ရှင်သော သူ၏ သင်္ချိုင်းဖြစ်ပါတယ်တဲ့။ မှန်သော စကားတစ်ခွန်းပါလေ။ အကြောင်းမှုကား ပျင်းရိသောသူသည် အသက်မရှိတဲ့သူနဲ့ တူလို့ပါပဲ။ ပျင်းရိခြင်းဟာ သံချေးနဲ့လည်း ပမာတူပါတယ်တဲ့။

အလုပ်ပင်ပန်း၍ နွမ်းနယ်သည်ထက် ပျင်းရိခြင်းသည် ပို၍နွမ်းနယ်လှပါတယ်။ သေရည်သေရက်သောက်စား၍ မူးယစ်ခြင်းနှင့် ပျင်းရိခြင်းဟာ မကောင်းသော အရည်အချင်းတို့နှင့် ပြည့်စုံခြင်းကား တူညီပါပေတယ်။

အကြောင်းမှုကား သူရာမေရက်ကို ကျူးလွန်သောသူတို့သည် အခြားသော ဒုစရိုက်မှုတွေကို ပြုလွယ်သကဲ့သို့ ပျင်းရိသောသူတွေသည်လည်း အခြားသော ဒုစရိုက်အမှုတွေကို ပြုလွယ်ပါပေတယ်။

ပျင်းရိသောသူတို့သည် ကောင်းသောအရာတို့ကို တွေးကြံဆလုပ်ကိုင်လိုခြင်း မရှိကြကုန်။ သို့ဖြစ်လေရာ စိတ်သည် အကောင်းကို မကြံဆနိုင်လျှင် အဆိုးကို ကြံဆကြလေတော့မည်သာ ဖြစ်ပါတယ်။

ထို့ကြောင့် ပျင်းရိသောသူတို့၏ စိတ်သည် မကောင်းရုတ်ချာ၊ ယုတ်မာညစ်ညမ်း။ ဒုစရိုက်ကြမ်းတို့၏ ပျော်စံရာ၊ ကျက်စားရာ ဥယျာဉ်ကြီးနှင့်တူပေ၏။ အခြားသူတို့ကို ဒုစရိုက်က သွေးဆောင်တတ်၏။ ပျင်းရိသောသူ့သည်ကား ဒုစရိုက်ကို မိမိတို့ထံပါးရောက်အောင် ဆောင်တတ်ပေ၏ဟူ၍ ပညာရှိတို့ ဆုံးမဩဝါဒစကား ထင်ရှားရှိပါတယ်။

## ပိုးစုန်းကြူး ဥပမာ

လူတို့သည် ပိုးစုန်းကြူးနှင့် တူကြလေ၏။ အကြောင်းမှုကား ပိုးစုန်းကြူးသည် ပျံ၍နေကာမှ အရောင်အလင်းထွက်ပေါ်လေ့ရှိပါတယ်။ လူတို့သည်လည်း အလုပ်အကိုင်ကို လုပ်နေပါမှ ဂုဏ်သတင်းရှိနိုင်ပါတယ်။ အလုပ်မလုပ်ဘဲ ထိုင်၍မှိုင်နေသည်နှင့် တစ်ပြိုင်နက် ထိုဂုဏ်သတင်း ဆုတ်ယုတ်ကွယ်ပျောက်တိမ်မြုပ်ခြင်းသို့ ရောက်ပါလိမ့်မည်။ အလုပ်မရှိခြင်းသည် များစွာသော ရာဇဝတ်မှုတို့၏ အောင်မြင်သော ရေသောက်မြစ်ကြီးသဖွယ် မဟုတ်ပါလော။

## ပစ္စုပ္ပန်ဝတ္ထုတို့ဖြင့် ပြဆိုခြင်း

ပြင်သစ်ပြည် အကျဉ်းထောင်တစ်ခု၌ အကျဉ်းသားတစ်ယောက်ရဲ့ လက်မောင်းမှာ အောက်ပါစာတန်းတစ်ခု ရှိနေပါတယ်။ စာတန်းရဲ့ အဓိပ္ပာယ်အရကတော့ "အတိတ်ကာလသည် ငါ့ကို လှည့်စားခဲ့၏။ ပစ္စုပ္ပန်ကာလသည် ငါ့ကို နှိပ်စက်ခဲ့၏။ အနာဂတ်ကာလကို တွေးလိုက်သောအခါ ငါသည် တုန်လှုပ်ခြင်းဖြစ်လာပေ၏တကား"ဟူ၍ ဖြစ်ပါတယ်။

အကျဉ်းသားသည် ပျင်းရိအားလပ်ခြင်းကြောင့် ရာဇဝတ်မှုတစ်ခုကို ပြုမိ၍ ထောင်ကျခဲ့သူဖြစ်ပါတယ်။ ထို့ကြောင့်လည်း တာဝန်ရှိသူတို့ရဲ့ အရေးယူမှုကို ခံခဲ့ရသူပါ။ အလုပ်မရှိခြင်းသည် ထောင်သားတို့၏ ပဋိသန္ဓေတည်ရာဌာန မူလအရင်းအမြစ်ဖြစ်ပေသည်ဟု ပြောဆိုသင့်လှပါတယ်။

## အမတ်ကြီး ပြောဆိုပုံ

မာကွက်စပီးနီးလားခေါ် အမတ်ကြီးတစ်ဦးက ဆာဟိုရစ်ဗိုးယားဆိုသူအား "ခင်ဗျားရဲ့ညီ ဘာရောဂါနဲ့ ဆုံးပါးသွားတာလဲ"ဟုမေးရာ "အလုပ်မရှိတဲ့ရောဂါနဲ့ သေဆုံးတာပါ"ဟု ပြန်ပြောခဲ့ပါတယ်။ အဲဒီအခါ အမတ်ကြီးက "အင်း...ဒီရောဂါမျိုးရဲ့ဒဏ်ကို စစ်ဗိုလ်ချုပ်ကြီးတွေတောင် မခံနိုင်ဘူး။ အလွန်ကြောက်စရာကောင်းတဲ့ ရောဂါမျိုးပဲ"ဟု ပြန်ပြောခဲ့ပါတယ်။

မိမိ၏အိမ်၌ လွတ်လပ်စွာနေရ



www.burmeseclassic.com

www.burmeseclassic.com

နိုက် အလုပ်ကို မလုပ်ကိုင်သောသူ သည် ထောင်ထဲသို့ ကျရောက်သော အခါတွင်မူကား လုပ်ကိုင်နိုင်သူတစ် ယောက် ဖြစ်ခဲ့ရပါတော့တယ်။

### သစ်ပင် ဥပမာ

ကိုင်းကောက်သော သစ်ပင်မျိုး သည် ကိုင်းကောက်သော သစ်ပင်ကြီး ဖြစ်လာတတ်သကဲ့သို့ ပျင်းရိသောလူ ငယ်တစ်ယောက်သည် ပျင်းရိသောလူ ကြီးတစ်ယောက် ဖြစ်လာတတ်ကြပါ တယ်။

### ကျီးပေါင်း ဥပမာ

ပျင်းရိခြင်းသည် လူပေါ်၌ ကပ် ရပ်ပေါက်သော ကျီးပေါင်းနှင့် ပမာတူ ၏။ အစဦးသဖြင့် ပိုးမျှင်ကလေးများလို ပေါက်ပြီးအဆုံး၌ သံခြေကျင်း သံကြိုး ကြီးများလို ဖြစ်လာတတ်ကြပါတယ်။

### ဆင်းရဲဒုက္ခ ဖြစ်လာပုံ

ပျင်းရိခြင်းသည် အသွားနှေး၏။ သသခါရိက သဘောမျိုးဖြစ်၏။ မကြာမီ ဆင်းရဲဒုက္ခက မိ၍လာတတ်၏။ ပျင်းရိ ခြင်းနှင့် ဆင်းရဲခြင်းသည် အလွန်ချစ်ခင် ၏။ မခွဲနိုင်မခွာရက် ရာသက်ပန်မြဲ ရွှေ လက်တွဲသိသကဲ့သို့သော အဆွေခင်ပွန်း ကောင်းကြီးများ ဖြစ်ကြပါတယ်လို့ ဆိုပါ တယ်။

### အရသာ

လုပ်ယူ၍ရသော အားလပ်ခြင်းရဲ့ အရသာဟာ အရသာထူးကြီးဖြစ်ပါ တယ်။ အလုပ်မလုပ်ကိုင်ဘဲနှင့် အလကားပဲတင်းရသော အပေါ်စားအား လပ်ခြင်းရဲ့ အရသာဟာ ခါးပူစပ်လောင် ဝန်လေးခြင်းဖြစ်စေပါတယ်တဲ့။

### သူခိုးကြီးဖြစ်လာပုံ

အရွယ်ကောင်း၊ အားခွန်သန် မောင်းကောင်းနေတုန်းအခါတွင် အလုပ် အကိုင်မရှာကြံ မလုပ်ဆောင်ပါဘဲ လူကြီး မိဘ၊ ဆွေမျိုးဉာတကာ သံဃာယတို့ရဲ့ ရှာကြံထားမှုပစ္စည်းတွေနဲ့ စားသောက် နေထိုင်သောသူသည် အိမ်တွင်းသူခိုး ကြီးတစ်ယောက် ဖြစ်လာတတ်ပါတယ်။ အဘယ်ကြောင့် အခွင့်တရားမရှိ၊ အလုပ်မလုပ်ကိုင်ပါဘဲ ဝဝလင်လင် နေနေသင့်ပါသနည်း။ စဉ်းစားပါကုန်။

### အင်္ဂလန်ပြည်၌ အပြစ်ပေးပုံ

အင်္ဂလန်ပြည်ကြီးတွင် ရှေးယခင် အခါ ကာလများဆီက ပျင်းရိ၍ တောင်း ရမ်းစားသောက်သူများကို သက်ဆိုင်ရာ က ရာဇဝတ်ဖမ်းဆီး၍ သေဒဏ်အပြစ် ကြီးပေးကြတယ်လို့ ဆိုပါတယ်။

ပထမပြစ်မှု၌ ကြိမ်ဒဏ်ပေးပါ တယ်။ ဒုတိယပြစ်မှု၌ နားရွက်အပေါ် တစ်ပိုင်းကိုဖြတ်လို့ အပြစ်ပေးပါတယ်။ တတိယပြစ်မှုကျတော့ ထောင်တွင်းချ အပြစ်ပေးပါတယ်။

အကယ်၍ အလုပ်မလုပ်ပါဘဲ လေလွင့်နေကြောင်း ထင်ရှားခဲ့လျှင်မူ တိုင်းပြည်ရဲ့ရန်သူ လူဆိုးကြီး တစ် ယောက်လို့ သတ်မှတ်ပြီး သေဒဏ်ပေး ခြင်းအမှု ပြုပါတယ်တဲ့။

### ရဟန်းသံဃာများအားလည်း သတိမူစေပုံ

ရဟန်း သံဃာတော်မြတ်များ သည် ပရိယတ္တိ၊ ပဋိပတ္တိ အစရှိသော မိမိတို့၏ တာဝန်ဝတ္တရားအလုပ်များကို လက်လွှတ်မထားပါဘဲ စိတ်ကို ငြိမ် သက်စွာ ထိန်းသိမ်းထားခြင်းဖြင့် တရား အလုပ်များကို မအားလပ်နိုင်ဘဲ စောင့် ထိန်းကျင့်ကြံ အားထုတ်တော်မူနေကြ ပါတယ်။

ဤသို့မနေမူဘဲ အားလပ်သည့် အခါ အရပ်လေးမျက်နှာ ထိုထို၌ ပလီဆန်းပြား အရပ်များ၌ မလပ်မနား လှည့်လည်သွားလာ၍ နေနေပါက ထောင်ထဲသို့ ကျတတ်ပါတယ်။ ယင်း ထောင်သည်ကား အခြားမဟုတ်။ အိမ် ထောင်ဖြစ်ပါတယ်တဲ့။

### ပျင်းက ဖျင်းလာပုံ

အပျင်းကြီးသောသူသည် စင်စစ် မုချ "ပ"စောက်နှင့် "ဖ"ဦးထုပ် နီးကပ် လျက် ရှိနေလေရကား ဧကန်မသွေ အဖျင်းဘဝသို့ ရောက်ရှိတတ်ပါတယ်။ ဤမျှသော သင်္ခေပဝစနတ္တဖြင့် အပျင်း နှင့်အဖျင်း ဒီပနီဋီကာကို ရေးသီဖွဲ့လိုက် ရပါကြောင်း။

**ကိုမောင်သန်းဝင်း**

မှီငြမ်း

နေရင်း ဦးကောဝိဒ ဩဝါဒ သာသနာ့အလင်း။ ၁၂၉၉ ခုနှစ်၊ တပို့တွဲ လ၊ ပထမတွဲ၊ စာစောင်(၁)။



www.burmeseclassic.com

www.burmeseclassic.com

# ဈေးရောင်းကောင်းအောင်
# ဆံထိုးအခေါင်

ဝင်းဇော်(သုံးဆယ်)

အရပ်ဒေသတိုင်းတွင် ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အသုပ်ဆိုင်များ ဖွင့်ထားကြသည်မှာ မှိုလိုပေါက်နေသည်။ စားသုံးသူများသည့် ထမင်းဆိုင်။ သောက်သုံးသူများသည့် လက်ဖက်ရည်ဆိုင်ဖြစ်ဖို့ကတော့ မလွယ်။ သာမန်စားသုံးသူ၊ သာမန်သောက်သုံးသူလောက်နှင့်တော့ ကြီးပွားချမ်းသာဖို့ မလွယ် ရောင်းအားကောင်းဖို့ လိုသည်။

ထိုနည်းတူ ဈေးဝန်းများထဲတွင် ဆန်ဆိုင်တွေ အများကြီး ဖွင့်ထားကြသည်။ ကုန်စုံဆိုင်တွေ အများကြီးဖွင့်ထားကြသည်။ ဆိုင်အလုပ်သမားတွေ နားနေချိန်မရှိအောင် ချိန်တွယ်ရောင်းရသော ကုန်စုံဆိုင်၊ ဆန်ဆိုင်က ဈေးဝန်းထဲမှာ တစ်ဆိုင်၊ နှစ်ဆိုင်သာ ရှိသည်။ တစ်ဆိုင်က လက်မလည်အောင် ရောင်းရပြီး တစ်ဆိုင်က သိပ်မရောင်းရ။ ရသောအခါ တစ်ဆိုင်နှင့်တစ်ဆိုင် ရန်ဆောင်လာကြသည်။ သို့ကြောင့် ရှေးလူကြီးသူမတို့က "ကုန်တူရန်ဘက်"ဆိုသည့် ရှေးဆိုရိုးစကား ထားခဲ့ကြသည်။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါ။ အထည်ဆိုင်ချင်းအတူတူ၊ စတိုးဆိုင်ချင်းအတူတူ ရောင်းရသည့်ဆိုင်က ရောင်းရပြီး မရောင်းရသည့်ဆိုင်က မရောင်းရ။

ဈေးရောင်းမကောင်း၍ ညည်းညူနေသည့် အသံများကို ကျွန်တော်ငယ်စဉ်ကတည်းက ကြားဖူးသည်။ ဈေးရောင်းမကောင်းသူများက အဘိုး ဆရာသိန်းထံသို့လာပြီး အကူအညီတောင်းကြသည်ကို သတိရနေမိပါသည်။

တစ်နေ့ အပုံးဆရာသိန်းထံသို့ မိန်းမကြီးတစ်ဦးရောက်လာသည်။ သည်မိန်းမကြီးကို ကျွန်တော်ဈေးဝန်းထဲမှာ မြင်ဖူးသည်။ အသေအချာ စဉ်းစားလိုက်တော့ ကုန်စုံရောင်းသည့် မိန်းမကြီးမှန်း သိလိုက်သည်။ သည်မိန်းမကြီး၏ မျက်နှာက ညှိုးနွမ်းနေသည်။ စိတ်ဆင်းရဲနေသည့်ပုံသဏ္ဌာန်မြင်ရသည်။

"ဟဲ့ . . . မအေးခင်။ နင့်မျက်နှာမကောင်းပါလား"

အဘိုးဆရာသိန်းက ဒေါ်အေးခင်ကို မေးသည်။ ဒေါ်အေ ခင်က အဘိုးဘေးမှ ကြမ်းပြင်ပေါ်သို့ ညင်သာစွာထိုင်ချာ၁ည်။ မျက်နှာမှ ချွေးများကို လက်ဖမိုးဖြင့် သုတ်နေသည်။

"အရောင်းအဝယ်မကောင်းတော့ စိတ်မချမ်းသာဘူး ဆရာသိန်းရယ်"

ဒေါ်အေးခင်၏အသံက အားပျော့နေသည်။

"အရောင်းအဝယ်မကောင်းတာ ကြာပြီလား"

"ကြာပြီ ဆရာသိန်းရဲ့။ အရင်က ကျွန်မတို့ ဈေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com

တန်းမှာ ကျွန်မ ကုန်စုံဆိုင်တစ်ဆိုင်တည်း ရှိတာ။ ပြီးခဲ့တဲ့ နှစ်က တောကနေ မြို့ကို ပြောင်းလာတဲ့ ကိုကျားသစ်၊ မအဲ ရွှေတို့က ကျွန်မဆိုင်ရဲ့ တစ်ဆိုင်ကျော်က ဆိုင်နှစ်ခန်းခွဲကို ဝယ်ပြီး ကုန်စုံဆိုင်ဖွင့်ရောင်းတယ်။ သူတို့ဆိုင်က ရောင်းလိုက်ရတာ။ ကုန်ချိန်ပေးတဲ့ အလုပ်သမားတွေဆိုတာ နားကို မနေရတာ။ နေ့ချင်းညချင်း စီးပွားတက်ပြီး ကိုယ်ပိုင်ကား တောင် ဝယ်လိုက်ပြီ။ ကျွန်မကတော့ ဈေးရောင်းမကောင်း တော့ စားစရိတ်ထဲဝင်ပြီး အရင်းအနှီးတောင် နည်းလာပြီ။ ကျွန်မကို ဈေးရောင်းကောင်းအောင် ယတြာလေးဘာလေး လုပ်ပေးပါဦး"

"ဆောင်ရွက်ပေးရမှာပေါ့ ငါ့ညီမရယ်"

"ဒါနဲ့ ဆရာသိန်း၊ ကျွန်မ ဈေးရောင်းမကောင်းအောင် တစ်ဖက်ဆိုင်က အတိုက်အခိုက်တွေများ လုပ်ထားသလား။ ဇာတာစစ်ဆေးကြည့်ပါဦး"

"ကိုယ်က ဖြူစင်တဲ့စိတ်ထားမွေးရင် ဘယ်သူမှ ကိုယ့်ကို အတိုက်အခိုက်လုပ်လို့ မရပါဘူး"

"စီးပွားရေးအဆင်မပြေတော့ စိတ်မရှင်းလန်းဘူး ဆရာသိန်းရယ်"

အဘိုးဆရာသိန်းက ဒေါ်အေးခင်၏ ဇာတာကို စစ်ဆေးကြည့်သည်။

"ဘာအတိုက်အခိုက်မှ မရှိပါဘူး။ နင့်ဇာတာကလည်း မညံ့ပါဘူး။ နင် ကိုလှဖေဆီ သွားပြီးပြီမဟုတ်လား"

(အဘိုးဆရာသိန်းပြောသော ကိုလှဖေဆိုသူမှာ အဘိုးဆရာသိန်းနှင့် ခေတ်ပြိုင်ဗေဒင်ဆရာတစ်ဦး ဖြစ်ပါသည်။)

"သွားပြီးပြီ ဆရာသိန်း။ သူပေးတဲ့ ယတြာကို ဆောင်ရွက်ကြည့်တာ ဘာမှ မထူးခြားလို့"

"အေးလေ၊ ဒုက္ခရောက်နေတဲ့အခါ ကယ်တင်ရှင်ကို ရှာကြတာပဲ။ ဆရာတစ်ဦးနဲ့တစ်ဦး ပညာရပ်အယူအဆချင်း မတူညီလို့ ယတြာချေပုံချင်းမတူညီတာတော့ ရှိပေလိမ့်မယ်"

"ဟုတ်ကဲ့"

"ဒါပေမယ့် နင့်ကို ကောင်းကျိုးရစေလိုတဲ့ စေတနာနဲ့ ကောင်းကျိုးရရှိစေမှာကတော့ အတူတူပဲဖြစ်လိမ့်မယ်။ နင် ဈေးရောင်းကောင်းအောင် ဆံထိုးယတြာ လုပ်ပေးလိမ့်မယ်။ ဘာကြောင့် ဆံထိုးယတြာကို ပေးရသလဲဆိုတော့ မိန်းမ အများစုက ဈေးရောင်းကြတာမဟုတ်လား။ အေးရွှေ... နင်က တနင်္ဂနွေသမီးဆိုတော့ သစ်ဆိမ့်သားနဲ့ ဆံထိုးလုပ် ပေးလိုက်မယ်"

အဘိုးဆရာသိန်းက သူစုဆောင်းထားသော အသား ထဲမှ သစ်ဆိမ့်သားကို ရှာဖွေပြီး ဆံထိုးလုပ်သည်။ ခဏ ကြာလျှင် လှပသော သစ်ဆိမ့်သားဆံထိုးလေး ဖြစ်လာသည်။ အဘိုးဆရာသိန်းက သစ်ဆိမ့်သားဆံထိုးကို ဒေါ်အေးခင်ထံ သို့ လှမ်းပေးသည်။

"အေးခင်၊ နင်မနက်ဆိုင်ဖွင့်တာနဲ့ ဆံပင်မှာ ဒီဆံထိုး ကို ထိုးပြီး ဈေးရောင်းကောင်းပါစေလို့ ဆုတောင်းပြီး ဈေး ရောင်းပေတော့"

"ကျေးဇူးတင်ပါတယ် ဆရာသိန်းရယ်"

ဒေါ်အေးခင်သည် သစ်ဆိမ့်သားဆံထိုးလေးကို ကိုင် ရင်း ပြန်သွားပါသည်။ ကျွန်တော်က အဘိုးဆရာသိန်းနား တွင် သွား၍ထိုင်သည်။

"တနင်္ဂနွေသမီးက သစ်ဆိမ့်သားဆံထိုးဆိုတော့ ကျန် တဲ့နေ့သမီးတွေကျတော့ ဘယ်လိုအသားနဲ့ ဆံထိုးလုပ်ရမလဲ အဘိုး" ဟု မေးမိသည်။

| | |
|---|---|
| တနင်္ဂနွေသမီး | သစ်ဆိမ့်သားဆံထိုး |
| တနင်္လာသမီး | ဒန့်သလွန်သားဆံထိုး |
| အင်္ဂါသမီး | အောင်မဲဖြူသားဆံထိုး |
| ဗုဒ္ဓဟူးသမီး | ကသစ်သားဆံထိုး |
| ကြာသပတေးသမီး | စွယ်တော်သားဆံထိုး |
| သောကြာသမီး | ဝင်အှူသားဆံထိုး |
| စနေသမီး | မန်ကျည်းသားဆံထိုး |

၎င်းဈေးရောင်းအဆောင်သည် အလွန်အစွမ်းထက် သောကြောင့် အမျိုးသမီးဈေးရောင်းသူများအတွက် ရေးသား တင်ပြလိုက်ရပါသတည်း။

ဝင်းဇော်(သုံးဆ[illegible])



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မ အကြွေးဆပ်နေတယ်

## မမိုးသိမ့်

စစ်ကိုင်းတိုင်းနဲ့ ကချင်ပြည်နယ်စပ်က ရွာလေးတစ်ရွာမှာ မူလတန်းကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ခင်ပွန်းနဲ့အတူ ပြောင်းရွှေ့နေခဲ့ပါတယ်။ တောကျောင်းဆရာဆိုတော့ ရပ်ရွာလူကြီးတွေကရော၊ ကလေးတွေကပါ ချစ်ခင်လေးစားကြပါတယ်။ သက္ကယ်ကျင်းဆိုတဲ့ အဲဒီရွာလေးမှာ ဆရာကြီးနဲ့ ဆရာကြီးကတော်ဆိုပြီး ဦးစားပေးဆက်ဆံကြပါတယ်။ ၁၉၇၃ ကပေါ့။ ကျွန်မတို့ကလည်း အသက် ၃၀ ကျော်တွေဆိုတော့ စိတ်လက်ပေါ့ပါး အေးချမ်းစွာနေခဲ့ကြပါတယ်။ ဒါပေမယ့် သားလေးနှစ်ယောက်ရပြီး ကျောင်းထားရမယ့်အရွယ်မှာတော့ ရွာကနေမြို့ကို ပြောင်းရွှေ့နေထိုင်ခဲ့ကြပါတယ်။ ဆရာကတော့ မြို့ကနေ ငါးမိုင်ဝေးတဲ့ရွာကလေးကို စက်ဘီးနဲ့ အသွားအပြန်လုပ်ပါတယ်။ စာမေးပွဲနီးရင်တော့ အိမ်မပြန်တော့ပါဘူး။ ရွာမှာပဲ အိပ်ပါတယ်။ လေးတန်းစာမေးပွဲဆိုရင်တော့ မြို့ပေါ်မှာလာပြီး စာမေးပွဲဖြေကြရပါတယ်။

၁၀ ယောက်လောက်ရှိတဲ့ တပည့်လေးတွေကို ဆရာကြီးကတော် ကျွန်မက ခွေးတလုံးလုံးနဲ့ ချက်ပြုတ်ကျွေးမွေးရတာပေါ့။ ဆရာကတော့ ကလေးတွေကို စာသင်နေပါတယ်။ ရှမ်းကဒူးကလေးတွေမို့ ရပ်ရွာဓလေ့ထုံးစံအရ မုန်ညင်းရွက်ကိုပဲ အမျိုးမျိုး ပြောင်းလဲချက်ပြုတ်တာကိုပဲ စားနေကြရတဲ့ ကလေးတွေဟာ ကျွန်မချက်တဲ့ ပဲကုလားဟင်းနဲ့ ငါးခြောက်ကြော်ကို ကြိုက်နှစ်သက်ကြပါတယ်။ အကုန်အကျလည်းမများ၊ စားလို့လည်းကောင်းတဲ့ ဟင်းချက်နည်းတွေကို ကျွန်မအမေထံက နည်းလမ်းရခဲ့တာပါ။ အလယ်တန်းပြဆရာ အဖေရဲ့လစာနဲ့ လောက်အောင် ကျွန်မတို့ မောင်နှမသုံးယောက်ကို ကျွေးမွေးခဲ့တဲ့အမေဟာ ခြံထဲက ဟင်းသီးဟင်းရွက်တွေနဲ့ စားကောင်းအောင် ချက်တတ်ပါတယ်။

ကျွန်မတို့ခြံက အကျယ်ကြီးပါ။ စားပင်၊ သီးပင်တွေလည်း အများကြီးပါ။ ခြံထဲကထွက်တဲ့ ချဉ်ပေါင်ရွက်၊ ရုံးပတီသီး၊ ငရုတ်သီးစိမ်းတွေနဲ့ ဆီနည်းနည်းထည့်ကြော်ထားတဲ့ ချဉ်ပေါင်ကြော်ကို ခုထိ သတိရနေတုန်းပါ။ ခြံထွက်ဖရုံသီးနဲ့ ခြံထဲမှာ တစ်ခါတစ်ရံတွေ့ရတဲ့ တောင်ပို့မှိုကိုရောချက်ပြီး မန်ကျည်းသီးစိမ်းထောင်းလေးနဲ့က တစ်မျိုး၊ ကန်စွန်းရွက်နဲ့ ငရုတ်သ ီးစိမ်းရောကြော်တဲ့ ချိုချိုစပ်စပ် ကန်စွန်းရွက်ကြော်ကတစ်မျိုးနဲ့ အမေက သိပ်ချက်တတ်ပါတယ်။ အမေ့သမီး ကျွန်မကလည်း ဆရာ့ရဲ့ ကျောင်းသားလေးတွေကို သူတို့ယူလာတဲ့ ဖရုံသီး၊ ရုံးပတီသီး၊ ဒန့်သလွန်သီး၊ မျှစ်တွေနဲ့ ကုလားဟင်းကောင်းကောင်း ချက်ပြီး ငါးခြောက်လေးတွေကို ငရုတ်သီးစပ်စပ်နဲ့ ကြော်ပေးထားတာမို့ ခေါင်းမဖော်တမ်း စားနေကြတာကိုကြည့်ပြီး ဝမ်းသာကြည်နူးရပါတယ်။

ကျွန်မတို့ ပြောင်းကြတဲ့အခါ သူတို့တွေ ငိုကြလို့ စိတ်မကောင်းဖြစ်ရပါတယ်။ ဒါပေမယ့် ကိုယ့်သားသမီးရှေ့ရေးကိုတွေးပြီး သဘောကောင်း ရိုးသားအေးချမ်းလှတဲ့ ရွာကလေးကနေပြီး မြို့နဲ့အနီးဆုံးရွာလေးကို ပြောင်းခဲ့ကြပါတယ်။ ခရီးမဝေးတဲ့အတွက် ဆရာꩻ ခတွက် သွားရေးလာရေး အဆင်ပြေသလို ကလေးတွေနဲ့ ကျွန်မလည်း အဆင်ပြေပါတယ်။ ရွာက ပြောင်းလာတုန်းက မြေပဲ၊ ကောက်ညှင်းဆန်၊ ကန်စွန်းဥ၊ အုန်းသီး၊ ငှက်ပျောသီး၊ ဆန်တွေအပြင် ထူးထူးခြားခြားပေးလိုက်တာ ဝက်ကလေး တစ်ကောင်ရယ်၊ ကြက်ကလေး နှစ်ကောင်ရယ်ပါ။ ဝက်ပေါက်ကလေးက အဖြူအနက်ကျားအထီးလေး။ နို့မျက်သားမို့ သေးသေးလေးပါ။ သူ့ကို ခေါ်လာခါစက အိမ်ပေါ်မှာတင်ထားပြီး နို့ဘူးတိုက်မွေးရပါတယ်။ သူလေးလ သားလောက်ရောက်တော့ နည်းနည်း ကြီးလာပြီး ဆီး၊ ဝမ်းကိစ္စ ညစ်ပတ်တာမို့ ဝါးလုံးတွေနဲ့ ခြံခတ်ပြီး အိမ်နောက်မှာ ထားရပါတယ်။ ကျွန်မတို့ကို မမြင်ရရင် ငြိမ်ငြိမ်အိပ်နေသလောက် မြင်တာနဲ့ တစ်ပြိုင်နက်



www.burmeseclassic.com

www.burmeseclassic.com

အော်နေတာပဲ။ သူက ရှာရှာပေါက်ပေါက်လည်း လုပ်ပြတတ်တယ်။ သူ့ရဲ့ ခြံလေးထဲက လူခါးလောက်ရှိတဲ့ ဝါးလုံးတန်းပေါ်မှာ ခြေလက်လေးဖက်စလုံး စုရပ်ပြီး ရပ်နေတတ်ပါတယ်။ ခုန်လည်း မချဘူး။ လူက ပွတ်သပ်ပေးပြီး ချီချမှ ဆင်းတော့တယ်။ ခြေနာမှာစိုးလို့ ပွေ့ချရပေမယ့် သိပ်မနိုင်ချင်တော့ပါဘူး။ သူက စားပြီးရင် ပက်လက်လှန်ပေးတယ်။ ကုတ်ပေးပေါ့။ ဗိုက်ကလေးပွတ်ပေးရင် မျက်စိလေးမှိတ်ပြီး အိပ်နေပါတယ်။ ရပ်သွားတာနဲ့ မျက်စိဖွင့်ကြည့်ပြီး အော်တော့တာပဲ။ ဒါပေမယ့် သူက ဝမလာဘူး။ အရိုးကြီးကြီး အမွေးရှည်ရှည်နဲ့ ဝက်နဲ့မတူဘဲ ခွေးစုတ်ဖွားနဲ့ တူနေပါတယ်။ သူတစ်နှစ်သားလောက်ရောက်တော့ အဲဒီအခါ အိမ်ကဆရာက ပြောင်းမိန့်ကျပြီး ရွှေ့ပြောင်းကြရပါတယ်။ အိမ်ကိုလည်းရောင်း၊ သတ်မစားလို့ပွားများတဲ့ ကြက်တွေကိုလည်းပေးပေါ့။ ဝက်လေးကိုတော့ သူငယ်ချင်းတစ်ဦးကိုပေးခဲ့ပါတယ်။ ဝက်တို့ကြက်တို့ဆိုတော့ အလှမွေးမှ မဟုတ်တာဘဲ။ သတ်စားကြမယ်ဆိုတာကို သိသိကြီးနဲ့ ပေးခဲ့ရတာမို့ စိတ်မကောင်းပါဘူး။ ၁၉၇၇ ခုနှစ်မှာ ကျွန်မတို့ ပြောင်းခဲ့ကြတယ်။ ပြောင်းပြီး မကြာခင်မှာပဲ သားလေးတွေနဲ့ကျွန်မကိုထားခဲ့ပြီး ဆရာ ကွယ်လွန်သွားခဲ့ပါတယ်။

ဆရာကွယ်လွန်ပြီး သားလေးတွေနဲ့ကျွန်မ ဘဝကို ရုန်းကန်နေချိန်မှာ ဝက်ကလေးရဲ့အရိပ်ဟာ ကျွန်မကို စတင်ခြောက်လှန့်ခဲ့ပါတယ်။ ပထမဆုံး ကြုံရတာက ခွေးလေးတစ်ကောင်ပါ။ အဖြူအနက်ကျားခွေးလေးကို မိတ်ဆွေတစ်ဦးက လက်ဆောင်ပေးပါတယ်။ အရမ်းလိမ္မာတယ်။ ဗိုက်လေးပွတ်ခိုင်းတယ်။ ခုံတန်းတွေပေါ်တက်ရပ်တာ အားလုံး ဝက်ကလေးလိုပါပဲ။ သူ့အကြွေး ရှိလို့ လာတောင်းသလိုပါပဲ။ နှစ်နှစ်သားလောက်ရှိတော့ ခွေးလေးသေသွားပါတယ်။ အကြွေးတစ်ခု ကျေသွားပြီရယ်ပေါ့။ ဒါပေမယ့် နောက်နှစ်ကျတော့ ခွေးလေးတစ်ကောင် လက်ဆောင်ပေးပြန်ရော။ အဖြူအနက်ကျား တယ်ရီယာလေးပါ။ တုတ်တုတ်လို့ခေါ်ပါတယ်။ အရင်သေသွားတဲ့ခွေးလေးက သားသားတဲ့။ အဲဒီခွေးလေးကလည်း ဝက်ကလေး အကျင့်အတိုင်းပါပဲ။ ကျွန်မ သူ့ကိုပေးလိုက်လို့ အသတ်ခံရတယ်ဆိုပြီး စွဲလမ်းဝိညာဉ်စိတ်ဖြင့် သူတို့အဖြစ်နဲ့ ရောက်လာကြသလိုပါပဲ။ ကျွန်မလည်း သေသေချာချာ ပြုစုကျွေးမွေးပါတယ်။ ကိုယ်က အကြွေးပေးဆပ်စရာရှိရင် အဲဒီလူ့အိမ်မှာ ခွေးနွားသွားဖြစ်သတဲ့။ သူတို့ကတော့ ကျွန်မကို အကြွေးလာတောင်းကြတဲ့ ကျွန်မပေးဆပ်ရမယ့် ကြွေးရှင်တွေပါ။ နောင် မကြာပါဘူး။ တုတ်တုတ်လည်း သုံးနှစ်သားအရွယ်မှာ သေသွားပြန်တယ်။ အကြွေးတွေကျေပြီထင်ရဲ့လို့ စိတ်အေးချမ်းနေတုန်းမှာ အိမ်နားနီးချင်းအိမ်က ကြောင်မတစ်ကောင်ဟာ ဘယ်လိုနှင်လို့မှမသွားဘဲ အိမ်မှာလာပြီး သားပေါက်ပါတယ်။ အထီးလေးနှစ်ကောင်၊ အမလေးတစ်ကောင်ပါ။ အမလေးက အမေတူ အဝါကျားလေးပါ။ အထီးလေးတွေက၊ အဖြူနဲ့ အနက်ကျားလေးတွေပါ။ ဒီတစ်ခါလည်း အကြွေးလာတောင်းကြပြန်ပြီထင်ရဲ့၊ ဆရာတော်ဦးဗုဒ်က နန်းမတော်မယ်နုကို ပြောသလို သူကြွေးရှိက ဆပ်ရပေမပေါ့။ ခုဆိုရင် နှစ်လသားရှိနေပြီဖြစ်တဲ့ ကြောင်လေးတွေဟာ ကျန်းမာသန်းစွမ်းစွာနဲ့ ဆော့ကစားနေကြပါပြီ။ ကြောင်စာက တစ်မျိုး၊ ကြောင်ငါးကတစ်ဖုံနဲ့ ပြုစုကျွေးမွေးရင်း အကြွေးဆပ်နေရပါတယ်။ မနက်ပိုင်း ၅း၃၀ ဆိုရင် သူတို့တွေက လာပြီးအစာတောင်းကြတယ်။ ခုတင်ဘေးမှာ တန်းစီအော်နေတဲ့ သူတို့သားအမိတွေကြောင့် အိပ်မရဘဲ ထပြီး အစာကျွေးရပါတယ်။ တံခါးဖွင့်ပေးရတယ်။ အစာစားပြီး ရေသောက်ကြတယ်။ ပြီးတော့ တန်းစီပြီး သူတို့အတွက် အိမ်သာဖြစ်တဲ့သဲပုံကို သွားကြတယ်။ မစင်စွန့်ပြီးရင် ပြန်လာပြီး ရေသောက်ကြတယ်။ ပြီးတာနဲ့ ပြောင်းဆန်အောင် ဆော့ကြပါလေရော။ ကျွန်မ ထမင်းချက်နေရင် သူတို့အိပ်ကြတယ်။ ထမင်းကျက်ချိန်ကျရင် ထလာပြီး အစာတောင်းကြတယ်။ ဒါတွေဟာ တိုက်ဆိုင်တယ်ဆိုပေမယ့် ဝက်ကလေးနဲ့ အမူအကျင့်တူတာ အဖြူအမည်းကျား အရောင်လေးတွေတူနေတာ၊ လိုက်လံ ရှာဖွေမမွေးရဘဲ တိုက်ဆိုင်မှုနဲ့ရောက်လာတာတွေကြောင့် မယုံချင်လည်း ယုံမိပါတယ်။

ကျွန်မစွန့်ပစ်ခဲ့တဲ့ ဝက်ကလေးဟာ ဘယ်လောက်များ ကျွန်မအပေါ် နာကြည်းစွဲလမ်းနေမလဲဆိုပြီး စိတ်မကောင်းဖြစ်မိပါတယ်။ အဖြူအမည်းကျား တိရစ္ဆာန်လေးတွေဟာ ကျွန်မကို အကြွေးလာတောင်းသူများလို့ပဲ ထင်ပါတယ်။ ဒါကြောင့် အကြွေးတွေကျေပါစေလို့ ဝက်ကလေးကိုရည်စူးပြီး မေတ္တာပို့ရင်း (ကျွန်မ အကြွေးဆပ်နေပါတယ်)

မမိုးသိင်္ဂ

www.burmeseclassic.com

www.burmeseclassic.com



# ခွေးအဆိပ်ချ မန္တန်

ဝသုန်ဟိန်းထက်

မအူပင်မြို့နယ် ခုနစ်အိမ်တန်းကျေးရွာလေးကို ကျွန်မ ရောက်လာတော့ စိတ်ထဲမှာ ငယ်စဉ်တောင်ကျေးကလေးဘဝက ပြေးလွှားဆော့ကစားခဲ့ကြသော လယ်ကန်သင်းရိုးတာဘောင်များကိုလည်းကောင်း၊ သူငယ်ချင်းတွေနဲ့ ချောင်းထဲမှာ ကြာချိုးခဲ့တာတွေကိုလည်းကောင်း တရေးရေးပြန်မြင်ယောင်လာခဲ့ပါသည်။

တကယ်တော့ ဒီဒေသ၊ ဒီနေရာဟာ ကျွန်မ၏ ဇာတိချက်မြှုပ်ဒေသပင်ဖြစ်၏။ သို့သော် ကျွန်မ၏ဇာတာကိုက ဘာနဲ့မတန်၊ နန်းဟန်ပေါက်နေသလားမသိ။ ကိုးတန်းအောင်ပြီးတာနဲ့ ရန်ကုန်သို့ ထွက်လာခဲ့မိသည်။ ဆယ်တန်းကိုရန်ကုန်မှာပဲ ကျောင်းတက်သည်။ သူငယ်ချင်းတွေနဲ့ အဆောင်မှာနေရင်း အာယာဖွယ်ပျော်စရာညများကို အခုထိမမေ့။

တက္ကသိုလ်တက်ပြီး ရူပဗေဒအထူးပြုဖြင့် ဘွဲ့ရပြီးတဲ့အထိ ရန်ကုန်မှာပဲ တစ်ယောက်တည်းနေဖြစ်ခဲ့သည်။ ရွာကိုခြေဦးတောင် မလှည့်မိ။ ဒါကြောင့်အမေက ခဏခဏပြောသည်။

"အမယ်လေး… မိရှုပါတို့များ တို့ရွာမှာမပျော်ဘူးတဲ့တော်။ ရွာတော်ရှင်မနဲ့များရန်ဖြစ်ထားသလား အောက်မေ့ရတယ်။ တစ်ခါတလေများတောင် ပြန်လာဖို့စိတ်မကူးဘူး။ တစ်လတစ်ခါ ဖုန်းဆက်ဖို့တောင် မနည်းကြီးပြောရတယ်။ တကယ် မိစိမ်းကားမကြီးလေ"

ဟု အမေက အိမ်နီးချင်းတွေကို ပြောနေက။

အမှန်တော့ ကျွန်မက မိဘမောင်နှမ ဆွေမျိုးသားချင်းတွေကို ချစ်ပါသည်။ သံယောဇဉ်ရှိပါသည်။ သို့သော် အရာရာမှာ အမြင့်ကျယ်လိုတဲ့ ကျွန်မအတွက်တော့ ရန်ကုန်မှာပဲ နေချင်မိသည်။ ရန်ကုန်မှာပဲ ပျော်နေမိသည်။

အခုတော့ သန်းခေါင်စာရင်းကိစ္စတစ်ခုကြောင့် ကုမ္ပဏီမှခွင့်ယူ၍ ရွာကို ခဏပြန်ခဲ့ရသည်။ အလွန်ဆုံးကြာမှ တစ်ပတ်ဟု တွက်ထားသည်။ ကိစ္စပြီးတာနဲ့ ရန်ကုန်ပြန်မယ်ပေါ့။ အခုတော့ မိစိမ်းကားမကြီးတစ်ယောက် ရွာကိုပြန်လာပြီအမေလို့ ရင်ထဲမှ တီးတိုးပြောနေမိသည်။

"ဝုတ်…ဝုတ်"

"အမယ်လေး…အား"

အတွေးရေယဉ်ကြောထဲမှာ ဘယ်လောက်နစ်မျောသွားမိသည် မသိ။ ချုံပုတ်တစ်ခုနံဘေးမှ ရုတ်တရက်ပြေးထွက်လာသော ခွေးတစ်ကောင်က ကျွန်မခြေသလုံးကို ဆွဲဟပ်၍ ထွက်ပြေးသွားသည်။ မီးစနဲ့အတို့ခံလိုက်ရသလို နာကျင်သောဒဏ်ရာများကြောင့် ကျွန်မလည်း ညွတ်ခွေလဲကျသွားတော့သည်။ ငုံ့ကြည့်လိုက်တော့ ခြေသလုံးနေရာမှာ သွားစွယ်ရာနှစ်ပေါက်။ သွေးတွေက တစိမ့်စိမ့်ကျနေသည်၊ နာကျင်မှုက အသည်းခိုက်တမျှ။ မျက်လုံးများပင် ပြာဝေလို့လာသည်။

"အား…ကျွတ်…ကျွတ်…ကျွတ်…နာကွာပါပဲနော်"

အနီးအနားမှာ လူသူလေးပါး အရိပ်အယောင်ပင် မတွေ့။ တစ်

www.burmeseclassic.com

ယောက်ျားတည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိတော့။ မျက်ရည်ဥတွေက ပါးပြင်ပေါ် တလိမ့်လိမ့်ကျဆင်းလာခဲ့သည်။ ခွေးဆိပ်တက်လာလို့လား မသိ။ ဒဏ်ရာက တစ်စစ်စစ်ကိုက်ခဲလာသည်။ မတ်တတ်ရပ်ဖို့ပင် မဟန်တော့။

ထိုအခိုက်မှာပင် တာရိုးပေါ်သို့ တက်လာသော လူကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ဝါးခမောက်ကြီးကို ဆောင်း ပေါက်တူးတစ်လက်ကို ပခုံးပေါ်ထမ်းထားတဲ့ လူကြီးတစ်ယောက် ဖြစ်သည်။ နေလောင်ထား၍ အသားအရေက နီစပ်နေ၏။ ကျွန်မ အားတက်သရောဖြင့် လှမ်းအော်ခေါ်လိုက်မိသည်။

"ဘကြီး…ဘကြီးရေ လုပ်ပါဦး"

ကျွန်မရဲ့ ဖျစ်ညှစ်အော်လိုက်တဲ့ အသံကို ကြားသွားပုံရသည်။ ထိုလူကြီးက ကျွန်မရှိရာသို့ ခပ်သွက်သွက် လျှောက်လာ၍ -

"ဟင်…ငါ့တူမ ဘယ်လိုဖြစ်ရတာတုန်း။ အလို…သွေးတွေထွက်နေပါလား"

ဟု အနီးတွင် ထိုင်ချရင်းမေးလိုက်၏။

"အခုလေးတင် ခွေးကိုက်သွားတာပါ ဘကြီး။ ခြေထောက်က တစ်စစ်စစ်နဲ့ အရမ်းကိုက်နေပြီ"

"အင်း…သွားဆိပ်တက်နေပြီကိုး။ ဖြစ်မှဖြစ်ရလေ။ လတ်တလော လုပ်ပေး စရာဆိုလို့ ဘာဆေးမှလည်း မပါဘူး။ ဒါပေမယ့် အမြန်သက်သာမယ့် နည်းတစ်ခုတော့ရှိတယ်သမီး"

"လုပ်ပေးပါအဘရယ်၊ သမီးကို ကူညီပါ"

ဘကြီးက မြေပေါ်ထိုင်ချ၍ သူ၏ ညာခြေဖဝါးတွင် ညာလက်ခလယ်ဖြင့် တစ်စုံတစ်ခုရေးလိုက်သည်ကို ကျွန်မ တွေ့လိုက်ရ၏။ ပါးစပ်မှလည်း တစ်စုံတစ်ခုကို တီးတိုးရွတ်ဆိုနေလေသည်။

"ကဲ…သမီး ခြေဆင်းလိုက်။ ခြေဆန့်ထား။ အင်း…ဟုတ်ပြီ ဟုတ်ပြီ"

ထိုဘကြီးက ကျွန်မ၏ခွေးကိုက်နာပေါ်သို့ သူ၏ညာခြေဖဝါးဖြင့်မိုး၍ နှုတ်မှ တတွတ်တွတ်ရေရွတ်ရင်းမှ နင်းချလိုက်၏။

"အား…နာတယ် အဘ…အား"

"ခဏ…ခဏလေးသည်းခံနော်။ ဘာမှမဖြစ်ဘူး။ ပြီးပြီ…ပြီးပြီ"

ဘကြီးက သူ့ခြေဖဝါးကြီးဖြင့် ကျွန်မ၏ခြေထောက်အနာကို ဖိနင်းရင်း အောက်ကို ဆွဲချနေ၏။ ဘယ်နခါ ဘယ်နှကြိမ်ဆွဲချမှန်းတော့မသိ။ ကျွန်မကတော့ အံကိုတင်းတင်းကြိတ်ရင်း ဇောချွေးများပင် ပြန်နေရပြီ။

ထူးခြားမှုတစ်ခုက အနာရှိအစွယ်ပေါက်နေရာမှ ညိုညိုမည်းမည်းသွေးပုပ်များ စီးကျလာသည်ကို အံ့သြစွာ တွေ့ရှိလိုက်ရပါတော့သည်။

"မကြောက်နဲ့သမီး ခွေးဆိပ်တွေ ကျလာပြီ။ သမီး သက်သာသွားလိမ့်မယ်။ အနာလည်းမရင်းတော့ဘူး"

အမှန်တကယ်လည်း ခွေးအဆိပ်သွေးပုပ်များက စီးထွက်နေ၏။ တစ်စစ်စစ်နာကျင်မှုလည်း လျော့ပါးလာ၏။ တခဏအတွင်းမှာပင် သက်သက်သာသာ ဖြစ်လာရသည်။

"ဒါ ခွေးဆိပ်ချမန္တန်ရဲ့ အစွမ်းပဲ။ ရိုးရိုးခွေးတင်မကဘူး။ ခွေးရူးပါနိုင်တယ်။ အနာမရင်း။ ပြည်မတည်ဘဲ သူ့ဟာသူ တဖြည်းဖြည်း ကျက်သွားလိမ့်မယ်။ ဒါ အဘတို့ရဲ့ မိရိုးဖလာပွဲတွေနည်းတွေမို့ ငါ့တူမ ဘာမှမစိုးရိမ်နဲ့။ ဘာမှမဖြစ်တော့ဘူးလို့သာမှတ်"

"ကျေးဇူးတင်ပါတယ်…အဘရယ်"

"ရပါတယ်ကွာ။ တစ်ဖက်သားဒုက္ခရောက်ချိန်မှာ ကူညီခွင့်ရတာ မွန်မြတ်တဲ့ကိစ္စပဲ။ ဒါနဲ့ ငါ့တူမလေးက ဘယ်ကိုလာတာတုံး။ ဘယ်သူ့သမီးတုံးကွဲ့"

"ဟုတ်…သမီးက ဦးစိန်ဝင်းရဲ့ သမီးပါ အဘ"

"ဟော…ဦးစိန်ဝင်း။ ဒေါ်မြတို့ရဲ့ သမီးပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်အဘ။ အဘက သိလို့လား"

"ဟာ…သိသမှ သိပ်သိတာပေါ့။ သိရုံတင်ဘယ်ကမလဲ။ သမီးမိဘတွေက အဘရဲ့ကျေးဇူးရှင်တွေပါ။ အင်း…ကြုံမှကြုံတတ်ပလေကွယ်။ ကျေးဇူးရှင်သမီးကို ကျေးဇူးဆပ်ခွင့်ရတာပေါ့။ ဒါနဲ့ တူမက အကြီးလား အငယ်လားကွဲ့"

"သမီးကအကြီးပါ အဘ။ မိ[illegible]က အငယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဪ…ဪ ဒါဆို မယ်မြ ခဏခဏပြောပြောနေတဲ့ ရန်ကုန်က သမီးကြီးဆိုတာပေါ့"

"ဟုတ်ပါတယ်အဘ။ ကိစ္စတစ်ခု ရှိလို့ ခဏပြန်လာတာပါ"

"ဒါနဲ့ သမီးနာမည်က…"

"ရှုပါခိုင်ပါ အဘ"

"အင်း…ဟုတ်ပြီဟုတ်ပြီ။ အဘ မှတ်မိလာပြီ။ မိရှုပါ မိရှုပါနဲ့ ပြောနေကြတာ သမီးကိုး။ ကဲလာ…အဘတွဲခေါ်ခဲ့မယ်။ ဘာမှမပူလေနဲ့။ သိပ်လည်း မဝေးတော့ဘူး"

ဤသို့ဖြင့် အဘတွဲခေါ်၍ ကျွန်မလည်း ခြေတပေါင်ကျိုးနဲ့ လိုက်ပါလာခဲ့ရသည်။ ကံအားလျော်စွာ ထော်လာဂျီတစ်စီးနှင့်ကြုံ၍ အိမ်ရှေ့အထိရောက်ခဲ့ရသည်။ အဖေကတော့ ကိုင်းထဲဆင်းသွား၍မတွေ့။ အမေနဲ့ညီမလေးကတော့ စိုးရိမ်တကြီးနဲ့ ပြေးလာကြိုကြသည်။ အမေကတော့ ထုံးစံအတိုင်း ပါးစပ်က တဖွဖွ ဗျစ်တောက်ဗျစ်တောက်ပြောရင်း မျက်ရည်တွေလည်း ကျလာသည်။

"ဪ…တကယ်တော့ မိဘနဲ့ သားသမီးဆိုတာ အမြဲရှင်သန်နေတဲ့ ရောင်စဉ်တွေပဲ မဟုတ်ပါလား"

သုံးရက်အကြာမှာတော့ အနာ က လုံးဝအကင်းသေသွားပြီ။ ကိုက်ခဲခြင်းလည်းမရှိတော့။ အဲဒီညက ကျွန်မကိုကူညီခဲ့သော အဘ ရောက်လာသည်။ အိမ်ရှေ့ဝါးကွပ်ပျစ်မှာထိုင်ရင်း ရေနွေးကြမ်းတစ်အိုး ထန်းလျက်၊ နမ်းပျစ်တွေနဲ့ညှော်ခံရင်း အဖေနဲ့ စကားလက်ဆုံကျနေကြသည်။ ကျွန်မရောက်သွားတော့ အဘက ပြုံးရွှင်စွာဖြင့် နှုတ်ဆက်၏။

"ဘယ်လိုလဲသမီး ဒဏ်ရာသက်သာသွားပြီလား"

"ဟုတ်ကဲ့အဘ ပျောက်လုနီးနီးပါပဲ"

"အေးဗျာ…ကိုကြီးကောင်းနဲ့သာ မတွေ့ရင် ကျွန်တော့်သမီးတော့ ဒုက္ခပဲ"

ဟု အဖေကလည်း ကျေးဇူးတင်စကားဆို၏။

"အဘ ဒါနဲ့ ဒီဆေးကုနည်းလေးကိုလည်း သမီးကို ရှင်းပြပါဦး။ အရမ်းစွမ်းတာပဲ။ သမီးက မိုက်မှာ ဆေးတွေအများကြီး ထိုးရတော့မယ်မှတ်တာ။ ဒီနည်းလေးသိထားတော့ သူများဒုက္ခရောက်ရင်လည်း ကူညီနိုင်တာပေါ့ အဘရဲ့"

ကျွန်မ၏ တောင်းဆိုချက်ကို အဘက မငြင်းဘဲ လိုလိုလားလားပင် ရှင်းပြပါသည်။

"တူမကြီး စိတ်ဝင်စားတယ်ဆိုတော့ ဝမ်းသာရမှာပေါ့။ အခုခေတ်မှာက အနောက်တိုင်းဆေးဝါးတွေပဲ အထင်ကြီး အားကိုးနေကြတော့ အခုလို စိတ်ဝင်စားသူ မရှိသလောက်ပဲ။ မိရိုးဖလာပညာတွေလည်း တဖြည်းဖြည်းပျောက်ကွယ်လာကြတော့တာပဲ။ အိမ်း…နည်းက မခက်ပါဘူး သမီးရယ်။ လွယ်လွန်းလို့ အထင်သေးစရာတောင်ဖြစ်မယ်။ ဒါပေမယ့် စွမ်း။ မစွမ်းကတော့ ငါ့တူမကိုယ်တွေ့မို့ အထူးပြောစရာ မလိုပါဘူးနော်။ ဒီလိုကွဲ့…"

အဘက စိတ်ရှည်လက်ရှည်ဖြင့် ရှင်းပြသွားပါသည်။ အဘပြောပြခဲ့သော "ခွေးဆိပ်ချမန္တန်"၏ အသုံးချနည်းမှာ ဤသို့ဖြစ်ပါသည်။

ကုသပေးမည့်သူ၏ ညာခြေဖဝါးပေါ်တွင် ညာဘက်ခလယ်ဖြင့် "ကျား" ဟု အသက်အောင့်၍ စတိရေးရမည်။ ထိုခြေဖဝါးဖြင့် ခွေးကိုက်ခံရသူ၏ ဒဏ်ရာပေါ်တင်၍ "ဦး နင်ခွေး ငါကျား နှိမ် ဆရာနှိမ် ကျဆရာကျ သွားဟာ" ဟု ခုနစ်အုပ် အသက်အောင့်ရွတ်ရန် ဒဏ်ရာအပေါ်သို့ ဖိနင်း၍ အောက်သို့ ဆွဲချ ပေးရမည်။ တစ်ခဏအတွင်း ခွေးဆိပ်များကျဆင်းလာသည်ကို မျက်မြင်တွေ့ကြရမည်။ ရိုးရိုးခွေးသာမက ခွေးရူးအဆိပ်ပင်နိုင်၏ဟု ဆိုပါသည်။

ခွေးကိုက်ခံရခြင်းမဟုတ်ဘဲ လူ အကိုက်ခံရပါက အထက်ပါနည်းအတိုင်း ပြုလုပ်၍ "ဦး နင်လူ၊ ငါကျား နှိမ် ဆရာနှိမ်…ကျဆရာကျ သွားဟာ"ဟု ပြောင်းလဲမန်းမှုတ်ရန်သာဖြစ်သည်။

တိမ်မြုပ်ပျောက်ကွယ်စ ပြုနေပြီဖြစ်သော ကျေးလက်ရိုးရာ မြန်မာ့ပညာရပ်လေးတစ်ခုကို အရေးကြုံက အသုံးချနိုင်ရန် စေတနာဖြင့် တင်ဆက်ဖော်ပြလိုက်ရပါတော့သည်။

စာကြွင်း ။ ။ ကိုယ်တွေ့ဖြစ်ရပ် တစ်ပုဒ်အား စိတ်ရှည်စွာ ပြောကြားခဲ့သော "မရှုပါခိုင်"အား ကျေးဇူးတင်လျက်။

ဝသုန်ဟိန်းထက်



www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများအတွက်
# ဆရာမ ဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

၁။ အမိအဘတွေက ကိုယ့်သားသမီးတွေကို ဆင်းစီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ မမှတာပါပဲ၊ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်၊ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ်ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

## မွေးရက်ရွေးခြင်း

၂။ မွေးလာတဲ့ကလေးအတွက် မွေးသည့်အချိန်မှစလို့ လူမှုရေးပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင်ချစ်ခင်စေ၊ နာမည်ကြားရုံနှင့် လူတိုင်းက ဖြူစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

## ကလေးအမည်ပေးလှာ

၃။ မင်္ဂလာဆောင်မယ်တို့အတွက် နေ့ကောင်းနဲ့ရက်သာကိုရွေးပြီး တစ်သက်မခွဲ ရွှေလက်တွဲရမယ့်အဆောင်။

## မင်္ဂလာရက်မြတ်လက်ထပ်ရက်ရွေး

၄။ အလုပ်ကြီးအကိုင်ကြီး ဆိုင်ကြီးကန္နားကြီးတွေအတွက်

## လုပ်ငန်းအမည်ပေး

၅။ ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ။

## အိမ်ဆောက်ပန္နက်တင်မင်္ဂလာ

၆။ နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

## အနုပညာရှင်တို့၏ အမည်ပေးလှာ

စသည့်အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ၊ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့်ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပေးပို့နေပါပြီ။

ချမ်းသာကိုယ်စိတ်မြပါစေ • • • •

**ဆရာမဒေါက်တာစောယုနွယ်**
အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(က)
ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမြင့်သိန်း၏ နည်းစနစ်အတိုင်းဟောသည်
## ဒေါက်တာစောယုနွယ်



ဘကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို ိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ည့်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ည့်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည့်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ ီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်နေရပါမယ်။ မမျှော်လင့်ဘဲ အလှူတစ်ခု လုပ်ရတတ်တယ်။ အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့ရပါလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မခေါ်တဲ့သူတွေတောင် ပြန်ခေါ်မယ့်ကာလဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာသမားကဲ့သို့ ပုဂ္ဂိုလ်များနှင့် အဆင်မပြေဖြစ်မယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စတွေလည်း ဖြေရှင်းပေးရတတ်တယ်။ အလုပ်လုပ်ဖို့ ငွေမရှိလျှင်တောင်မှ ငွေရှိတဲ့သူက ငွေထုတ်ပေးလိမ့်မယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ဂရုစိုက်ပါ။ အထင်အမြင်လွဲမှားခြင်း၊ အစွပ်အစွဲခံရခြင်းများ ဖြစ်တတ်တယ်။ အိမ်ထောင်ရေး ပြိုကွဲမှုများ ဖြစ်တတ်တယ်။ ပျိုရွယ်သူများအဖို့ ယခုကာလတွင် အိမ်ထောင်ပြုလျှင် ရာသက်ပန် ခိုင်မြဲသော အိမ်ထောင်ရေး မဖြစ်နိုင်ပါ။ သင်သည် တပို့တွဲလ၊ တပေါင်းလများ ပါနေရင် အနည်းငယ် ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် အစားမှား၊ သေးမှားခြင်း၊ သွားဒုက္ခပေးခြင်းများ ဖြစ်တတ်တယ်။ အဆိပ်ရှိသောအကောင် အကိုက်ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ယပ်အဖြူရောင်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ဗုဒ္ဓဟူး၊ တနင်္လာ

**ညံ့သောရက်**

အင်္ဂါ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၂၄၊ ၄၂၊ ၄၆

**အထူးသတိပြုရန်**

ယခုကာလအတွင်း မိသားစုအားလုံး ဆိတ်သားဟင်း မစားရ။
အင်္ဂါနေ့နှင့် သောကြာနေ့များတွင် သဇင်ပန်း လှူဒါန်းခြင်း မပြုရ

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်က မိမိမွေးနေ့တိုင်း ဓာတ်ကြီးလေးပါးဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာများ တိုးပွားလာတတ်ပါတယ်။ ကျေးဇူးရှင် မိဘတွေကိုလည်း ပြန်ပြီးကြည့်ရှုစောင့်ရှောက်နိုင်မယ့်ကာလ ဖြစ်ပါတယ်။ စီးပွား သိသိသာသာ တက်မယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းဟောင်းများ မြန်ပေါ်တတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်မယ်။ အထက်လူကြီး ဆရာသမားလို ပုဂ္ဂိုလ်မျိုးက ကြည့်ရှုစောင့်ရှောက်တတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်း တွေ့မယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ ပညာကောင်းရခြင်းများ ကြုံမယ်။ ပြည်ပက ကိုယ့်ကို လာရောက်ဖို့ ခေါ်ယူတာမျိုး ကြုံတွေ့ရတတ်တယ်။ မြေတစ်ကွက်လည်း ဝင်တတ်တယ်။ မိမိအိမ်မှာလည်း စေ့စပ်မင်္ဂလာပွဲတွေ လုပ်ရတတ်တယ်။ သူများမင်္ဂလာပွဲကိုလည်း ပါဝင်လုပ်ဆောင်ပေးရတတ်တယ်။ လွတ်လပ်ပြီး အရွယ်ရောက်သူဆိုလျှင် အိမ်ထောင်ကျတတ်တယ် မင်္ဂလာဆောင်လျှင် စည်ကားတဲ့ မင်္ဂလာပွဲ ဖြစ်တတ်တယ်။ အဖိုးတန်ကျောက်မျက်ရတနာတစ်ခုလည်း ဝင်တတ်တယ်။ အပျို၊ လူပျိုတွေအဖို့ တပေါင်းလမှာ မြောက်အရပ်မှ ချစ်သူရည်းစား ရတတ်တယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ သူတစ်ပါးကြောင့် အမှုအခင်းများနှင့် ပတ်သက်ရတတ်တယ်။ စိုးရိမ်စရာ မရှိပါ။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်ပါလိမ့်မယ်။ စက်ပစ္စည်းအသစ်ဝင်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်နှင့် ပတ်သက်ပြီး စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံးနှင့်ပတ်သက်၍ ကျန်းမာရေး ညံ့ခြင်း၊ ဒူး၊ နား ဒုက္ခပေးခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ တံခွန်အဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၅၊ ၃၃၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေး လုံးဝမသွားပါနှင့်။ ညအိပ်ညနေ နာတာရှည် လူမမာများ သာရောက်ဆေးဝါးကုသပါက လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း ဆီထမင်း(၈)ပုံ၊ စံပယ်ပန်း(၈)ကုံး ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းတဲ့အချိန်ဖြစ်ပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာတတ်တယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာမှာ ဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်ပြီး အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့် ပတ်သက်ပြီး နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာဆောင်ဖြစ်မယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ပြည်ပခရီးသွားလိုလျှင် ယခုအချိန်တွင် ပြုလုပ်ပါက ကံကောင်းတတ်တယ်။ ယခုကာလတွင် အိမ်ဆောက်လျှင် အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသော အိမ်မျိုးရတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ဝင်တတ်တယ်။ ယခုကာလတွင် ဝယ်သောရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေးတာမျိုး ဖြစ်တတ်တယ်။ ကွဲကွာနေသော ဆွေမျိုးများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ရပ်ဆွေမျိုးများ ရောက်လာတတ်တယ်။ စက်ပစ္စည်း အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရပါ။ မဖြစ်မနေ မြေဝယ်ရမယ်ဆိုရင်တော့ ဖျာချောချောလေးတစ်ချပ် ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား၊ ဘာသာခြား မစတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံ၊ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ အကြီးအကဲက ကိုယ့်ကို အကူအညီပေးတတ်တယ်။ ရပ်ဝေးက ကိုးကွယ်နေတဲ့ ဆရာတော်တစ်ပါး ကြွလာတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်လာတတ်တယ်။ သို့သော် ငွေရကာနီးတွင် ငွေကြေးထစ်ငေါ့ ကြီးစွာဖြစ်ပြီးမှ ရတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ (၅)ညွန့်၊ ငြိုပ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၆၂၊ ၄၆၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် သူတစ်ပါး၏ အိမ်ထောင်ရေးကိစ္စ၊ မင်္ဂလာကိစ္စများကို မိမိမှ တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း၊ မိမိနေထိုင်ရာ အိမ်ခြံဝင်းအတွင်း သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံထားခြင်း မပြုရပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်သုတ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင့်သည် ယခုကာလတွင် မရသေးတာတွေ ရလာလိမ့်မယ်။ ရပြီးသားပစ္စည်းတွေလည်း တိုးပွားလာတတ်တယ်။ အလှူအတန်းကိစ္စတွေလည်း ကြုံတွေ့ရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်ပါတယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူဆိုရင် လုပ်ငန်းတွေ တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းများကြုံရလိမ့်မယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အဟောင်းမဝယ်သင့်ပါ။ ဆွေမျိုးအကြီးအကဲနှင့် ပတ်သက်ပြီး ကျန်းမာရေးညံ့တဲ့သတင်း ကြားရတတ်တယ်။ သက်ကြီးရွယ်အိုထဲမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အမည်ပါတဲ့လူရှိရင် တခြားကို ရွှေ့ထားလိုက်ပါ။ တပည့်၊ သားသမီးများနဲ့ ပတ်သက်ပြီး စိတ်ပူရတတ်တယ်။ လုပ်ငန်းတွေကို အင်နဲ့အားနဲ့ တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းနည်းတော့ မလိုက်ပါနှင့်။ လက်ရှိအလုပ်က ကောင်းပါတယ်။ အလုပ်ပြောင်းပြီး မလုပ်ပါနှင့်။ ပြည်ပခရီးသွားရတတ်တယ်။ နိုင်ငံခြားကနေ ကိုယ့်ကို လာရောက်ဖိတ်ခေါ်တာမျိုးလည်း ကြုံရတတ်တယ်။ ခရီးမကြာခဏ ထွက်ရတတ်တယ်။ လာဘ်ရွှင်ပေမယ့် ကျန်းမာရေးတော့ ဂရုစိုက်ပါ။ ဝမ်းဗိုက်နဲ့ ဦးခေါင်း ဒုက္ခပေးတတ်တယ်။ မတော်တဆ ထိခိုက်ဒဏ်ရာရပြီး အရိုးကျိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ ဝါးညွန့် (၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကနက္ကဒန်ထီးဖြူ(၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ

**ညံ့သောရက်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၂၁၊ ၂၇၊ ၃၂၊ ၃၆

**အထူးသတိပြုရန်**

မိမိအိမ်အနီးတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ် တွေ့ပါက ဝင်စရာရှိသော လာဘ်လာဘများ၊ လုပ်ငန်းများ နှောင့်နှေးတတ်သောကြောင့် ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံပါ။
အညံ့များ ပြေပျောက်သွားအောင် ကူညီဆောင်ရွက်ပေးပါမယ်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**


မိမိနေအိမ်ကဘုရားတွင် ငွေထီး(၉)လက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဲ့နေပါတယ်။ ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးပါ။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန်စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများ လုပ်လျှင် ဆွေပြတ်၊ မျိုးပြတ်ဖြစ်ကုန်တတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ မိမိအိမ်တွင် ကိုယ်ဝန်ဆောင်သည်ရှိလျှင် ဆေးရုံ၌ မီးဖွားပါ။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ယခုကာလတွင် ကြွေးပေးခြင်း၊ ကြွေးတောင်းခြင်း မပြုပါနှင့်။ ယခုကာလတွင် အမွေကဲ့သို့ ပစ္စည်းများ ရတတ်ပေမယ့် ယခုအချိန်တွင် လက်ခံပါက အလဟဿ ကုန်သွားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေတတ်တယ်။ မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက်နှင့် ပတ်သက်သော ဝေဒနာများ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၅၊ ၅၃၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းဖြင့် မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေး ချူချာခြင်း၊ ပြဿနာဟောင်း၊ ရောဂါဟောင်းများ ပြန်ပေါ်လာခြင်းမျိုး ဖြစ်တတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါင်း ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်တဲ့ အပြောင်းအလဲတွေ ကြုံတွေ့ရတော့ပါတယ်။ အလုပ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အလုပ်သစ်တစ်ခုလည်း လုပ်ရတတ်တယ်။ အိမ်နေရာအသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ခရီးများ သွားနေရလိမ့်မယ်။ ထိုခရီးများသည်လည်း အကျိုးထူးစေပါလိမ့်မယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရတတ်တယ်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ လက်အောက်ငယ်သားအတွက် စိတ်ညစ်ရတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်တတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ ရာထူးတိုးတာနှင့်အမျှ ပစ်စာ၊ တိုင်စာများလည်း ကြုံရတတ်တယ်။ ဒါပေမဲ့ တနင်္ဂနွေသားသမီး၊ သောကြာသားသမီး ဌာနဆိုင်ရာအကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်း ပေးပါလိမ့်မယ်။ အင်္ဂါ၊ စနေ နာမည်ပါသော သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ မရှည်ရှည်ဘဲ မြေဝင်တတ်တယ်။ ပြည်ပခရီးသွားလျှင် အကျိုးပေးသော ကာလဖြစ်သောကြောင့် ယခုအချိန်တွင် စာရွက်စာတမ်းကိစ္စများ ပြုလုပ်လိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ ခြေထောက်တွင် အန္တရာယ်ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ထီးအနီရောင်(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၆၁၊ ၆၇

### အထူးသတိပြုရန်

ယခုကာလတွင် မိမိပိုင် ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းသစ် မပြုလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း အုန်းထမင်း(၆)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးစဉ်တွေ ပျက်သွားတတ်တယ်။ ဒါပေမဲ့ မထင်မှတ်သောခရီး၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်ခြင်းများ ကြုံမယ်။ လူမျိုးခြား ကူညီမှုပေးတတ်တယ်။ ပြည်ပခရီးဝေး သွားမယ်ဆိုလျှင် ဒီကာလမှာ ထွက်လိုက်ပါ။ အနည်းငယ် စိတ်အနှောင့်အယှက်ဖြစ်စရာတွေ ကြုံလာပေမယ့် အောင်မြင်မှု ရရှိသွားမှာ ဖြစ်ပါတယ်။ မိသားစုအတွင်း စိတ်ဝမ်းကွဲစရာတွေ ကြုံတွေ့ရတတ်တယ်။ ကိုယ်ရည်ရွယ်တာကတခြား၊ မိသားစုဖြစ်ချင်တာက ကခြားဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်နှင့် ပတ်သက်တဲ့ သင်တန်းတက်ရတတ်တယ်။ ပညာရပ်နှင့် ပတ်သက်၍ ကောင်းပါတယ်။ ငွေဝင်နည်းပေမယ့်လည်း ထိကံကောင်းတဲ့ကာလ ဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ် ပေါ်လာမယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်းမျိုး ဖြစ်တတ်တယ်။ သူတစ်ပါး၏ အမှုကိစ္စကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ ကျန်းမာရေး အနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညှပ်(၄)ညှပ်၊ ပေါက်ပန်းဖြူ(၅)ညှပ်၊ ကြက်လျှာ အစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၃၊ ၃၅၊ ၃၃

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ မည်သည့်ပစ္စည်းမှ မငှားပါနှင့်။ ငှားလျှင် ဆုံးရှုံးသွားတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နှီဆွမ်း(၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိတတ်ပါဘူး။ အနစ်နာခံ အရှုံးပေးပြီး နေပေမယ့်လည်း ဖိနှိပ်တဲ့သူ များနေတတ်တယ်။ လုပ်ငန်းသစ်လုပ်ဖို့ စပ်တူလုပ်ဖို့ အကူအညီကောင်းတွေ ရလာတတ်တယ်။ စပ်တူလုပ်ရင် တနင်္ဂနွေ၊ အင်္ဂါက အကောင်းဆုံးပါပဲ။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ ကြံရွယ်ထားရင် ဒီကာလဟာ အကောင်းဆုံးပါပဲ။ ယခုကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးရွားရွား ညံ့သွားတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ အိမ်ငှား၊ မြေငှား အမှုအခင်း သေးသေးလေးလေးတွေ လိုက်လံဖြေရှင်းပေးရတတ်တယ်။ အိမ်မှာသုံးနေတဲ့၊ ရေပိုက်တွေ၊ ရေကန်တွေ ပြုပြင်ရတတ်တယ်။ ပြည်ပခရီးထွက်ဖို့ ကြံရွယ်ထားရင် ကျန်းမာရေးညံ့လို့ ခရီးစဉ် နောက်ဆုတ်ရ တတ်တယ်။ ယခုကာလတွင် သင်သည် တပေါင်းလ၊ ကဆုန်လများ ပါဝင်နေရင် အဲဒီလတွေမှာ မမျှော်လင့်ဘဲ ငွေရတတ် တယ်။ သားသမီးများ ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ဗုဒ္ဓဟူးသားသမီးရှိရင် အိမ်ကနေ ထွက်သွားတတ်တယ်။ ဖွရှထည်ပစ္စည်းလည်း ထွက်တတ်တယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်ကနေ ထွက်တတ်ပါတယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် ဆေးရုံ၌ မီးဖွားပါ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် မိမိအိမ်မှာ လာမွေးလျှင် ကောင်းပါတယ်။ လေနှင့်ပတ်သက်သော ဝေဒနာ၊ ဝမ်းပျက်၊ ဝမ်းလျှော ဖြစ်တတ်တယ်။ စက်ပစ္စည်းတွေလည်း ဝင်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ (၅)ညွန့်၊ ကုက္ကားအဖြူ(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၇၊ ၃၁၊ ၁၃၊ ၁၅

### အထူးသတိပြုရန်

ယခုကာလတွင် လုပ်ငန်းများ မတိုးချဲ့ဘဲ လက်ရှိအလုပ်ကိုသာ ဆက်လုပ်ပါ။ အမှုမဖြေရှင်းရပါ၊ မဖြစ်မနေ ပြဿနာ ဖြေရှင်းရမယ်ဆိုရင် အရှုံးပေးလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူပေါ်တွင် ဆီဆမ်း၊ ဆားဖြူး၍ အုန်းသီးတစ်စိတ်တင်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၆-ခုနှစ်၊ ဇူလိုင်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်ဖွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၇၀၇၀

---

## တနင်္ဂနွေသားသမီးများအတွက်

အတိုက်အခံတွေကြားထဲက အလုပ်နေရာကောင်းတွေ ရတတ်တယ်။ အလုပ်မရှိသူတွေ အလုပ်ရမယ်။ အင်တာဗျူးဖြေရင် အကောင်းဆုံး အနေအထား ဖြစ်မယ်။ အလုပ်ရှိပြီးသားသူများ ရာထူးမတက်သလိုနှင့် တက်မည်။ အိမ်လည်း သည့်ထက်ကောင်းတဲ့အိမ်မျိုးမှာ နေရမည်။ အိမ်ထောင်ဘက်နှင့် မင်္ဂလာပွဲ ဆင်နွှဲရတတ်သည်။

**ယတြာ**

ကလေးငယ်တစ်ဦးကို ခဲတံတစ်ဒါဇင် လက်ဆောင်ပေးလိုက်ပါ။

---

## တနင်္လာသားသမီးများအတွက်

ဝန်ထမ်းများ ရာထူးတက်မည်။ စာချုပ်စာတမ်းကိစ္စတစ်ခု ဖြေရှင်းရတတ်သည်။ ပညာရေးနှင့်ပတ်သက်သောကိစ္စ၊ သင်တန်းကိစ္စ အဆင်မပြေ ဖြစ်မည်။ အိမ်ဟောင်းကို ပြုပြင်ရမည်။ ထီပေါက်နိုင်သည်။ ပြဿနာဖြစ်သူများနှင့် ပြေလည်သွားမည်။ အထက်လူကြီးကြောင့် စိတ်ညစ်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဗုဒ္ဓမြတ်စွယ်တော် ဓာတ်ပုံကို လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

အလုပ်အတွင်း ပြဿနာဟောင်းများ ပြန်ပေါ်တတ်သည်။ အမွေရမည်။ ငွေရေးကြေးရေး ကျပ်တည်းနေတတ်သည်။ အလုပ်ပြောင်းဖို့ စိတ်ကူးရှိရင် နောက်လမှပြောင်းပါ။ အလုပ်သစ်မှာ အဆင်မပြေနိုင်ပါ။ ငယ်ရွယ်သူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။ ဒီအချိန်မှာ မယူတာ ကောင်းပါသည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဘိုးတော်တစ်ပါး၏ဓာတ်ပုံ ဒါနပြုပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

မထင်မှတ်ဘဲ သင်တန်းတစ်ခုတက်ရမည်။ ၎င်းသင်တန်းသည် အလုပ်အတွက် အထောက်အပံ့ဖြစ်မည်။ စက်နှင့်ပတ်သက်ပြီး မတော်တဆ ထိခိုက်မိမည်။ သွပ်၊ သံ၊ သစ် စသော အလုပ်ဌာနတွင် လုပ်ကိုင်သူများ အဆင်ပြေမည်။ အလုပ်ပြောင်းခြင်း၊ အိမ်ပြောင်းခြင်း မလုပ်သင့်ပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အသီးတစ်မျိုး လက်ဆောင်ပေးပါ။

## ကြာသပတေးသားသမီးများအတွက်

အပျော်အပါးအများသော်ကာလဖြစ်သည်။ မိတ်ဆွေများနှင့် ပျော်ပွဲရွှင်ပွဲများ သွားနေရမည်။ ဝင်ငွေလည်း တိုးနေမည်။ အလုပ်မှာလည်း ပျော်နေမည်။ ချစ်လူခင်ပေါ်မည်။ အလှူမင်္ဂလာပွဲများ စီစဉ်ပေးနေရမည်။ စပ်တူရှယ်ယာလုပ်ငန်း အသေးလေးများ လုပ်ရမည်။

**ယတြာ**

ကလေးငယ်တစ်ဦးကို ချောကလက် ဝယ်ကျွေးပါ။

## သောကြာသားသမီးများအတွက်

ခရီးများ ထွက်ရမည်။ အလုပ်ကိစ္စများမှ ငွေဝင်ပေမယ့် အဖတ်မတင်မည်။ မိမိအထက်လူကြီး၊ အောက်လက်ငယ်သားတို့မှ ဒုက္ခပေးမည်။ လူမျိုးခြားနှင့်တွေ့မည်။ ပညာသစ်တစ်ခု သင်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရေသန့်ဝယ်တိုက်လိုက်ပါ။

## စနေသားသမီးများအတွက်

ဆိုင်တစ်ဆိုင်အသစ်ဖွင့်ရမည်။ ရှယ်ယာပေါ်လာမည်။ သို့သော် လုပ်ငန်းမလုပ်သင့်သေးပါ။ စပ်တူကောင်းသည်။ ဝန်ထမ်းများအဖို့ အလုပ်သစ်ရမည်။ ...မည်။ ထီပေါက်မည်။ အစွဲအစွဲခံရတတ်သည်။ အနေအထိုင် ဆင်ခြင်ပါ။

**ယတြာ**

ကလေးငယ်တစ်ဦးကို ဗလာစာအုပ် လက်ဆောင်ပေးပါ။

## ရာဟုသားသမီးများအတွက်

ဝန်ထမ်းများ ရာထူးတိုးခြင်း၊ နေရာကောင်းရခြင်းများ ကြုံရမည်။ လက်ရှိအလုပ်ထက်ကောင်းမည်။ အလုပ်ရှာနေသူများ အလုပ်ရမည်။ အတိုက်အခံကြားမှ အောင်မြင်မည်။ မမျှော်လင့်ဘဲ ငွေတွေဝင်မည်။ အလုပ်နှင့်သက်ဆိုင်သော သင်တန်းတစ်ခု တက်ရမည်။ အိမ်ထောင်ဘက်ကြောင့် စိတ်ညစ်စရာကြုံရလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦး၏ကားကို ဓာတ်ဆီ ထည့်ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## အောင်သိဒ္ဓိ မဟာမြိုင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တ တိက္ခာစာရ မဟာထေရ် သိက္ခာထပ် ဝိဇာတမွေးနေ့ အလှူမင်္ဂလာပွဲ စည်ကားစွာ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၁၂)ရပ်ကွက်၊ မရမ်းခြံ မာလာရုံလမ်းတွင် တည်ရှိသည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း "အောင်သိဒ္ဓိ မဟာမြိုင်" ကျောင်းတိုက်ကြီးတွင် ကျောင်းထိုင်ဆရာတော် အရှင်သူမြတ်ဖြစ်သည့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး "ဘဒ္ဒန္တ တိက္ခာစာရ မဟာထေရ်" ဦးစီးပဓာန နာယက ဆရာတော်ကြီး သိက္ခာထပ် ဝိဇာတမွေးနေ့ပွဲနှင့် ရဟန်းခံ ရှင်ပြု အလှူ မင်္ဂလာပွဲကြီးကို ၁၃၇၈-ခုနှစ်၊ ဦးတန်ခူးလပြည့်(၂၂-၄-၂၀၁၆)သောကြာနေ့၊ နံနက် ၈ နာရီအချိန်က အထက်ပါကျောင်းတိုက်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပြုလုပ်ခဲ့ပါသည်။

အလှူ့ရှင် ရဟန်းဒါယိကာမကြီး ဒေါ်မိမိ ဦးဆောင်စီစဉ်လျက် ဆွေမျိုးမိသားတစ်စုတို့က သက်တော် (၆၆)နှစ်၊ ဝါတော်(၄၇)ဝါ ဖြစ်သည့် "ဘဒ္ဒန္တ တိက္ခာစာရ မဟာထေရ်"အား (၃၆)ကြိမ်မြောက် သိက္ခာထပ်ခြင်း၊ ကျောင်းတိုက်ရှိ သံဃာတော် ဦးသုတ၊ ဦးဂရုဓမ္မ၊ ဦးဇာဂရ (၃)ပါးတို့ကို ထပ်ဆင့်သိက္ခာထပ်ခြင်းအပြင် ဘ•က ကျောင်းသားကလေးများ ဖြစ်ကြသည့် မောင်ဌေးလှိုင်၊ မောင်အောင်လင်း၊ မောင်ဘဇင်တို့အား ရဟန်းသာမဏေ ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်း ဖြစ်သည်။

အဆိုပါ အလှူပွဲသို့ အထူးဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ၊ အလှူရှင်မိသားစု ဆွေမျိုးမိတ်သင်္ဂဟများ၊ စာပေစာနယ်ဇင်း အသီးသီးမှ အယ်ဒီတာများ၊ သတင်းထောက်များ၊ စာပေပညာရှင်များ၊ မီဒီယာများမှ ပညာရှင်များ စုံစုံညီညီ တက်ရောက်ကြလျက် သိက္ခာထပ် ဝိဇာတမွေးနေ့ပွဲ၊ ရဟန်းခံ၊ ရှင်ပြု အလှူတော်ပွဲကြီးအား လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ညနေ ၃ နာရီတွင် အခမ်းအနား ပြီးစီးအောင်မြင်ပြီး အကျွေးအမွေးတို့ဖြင့် တည်ခင်းဧည့်ခံကြောင်း အထက်ပါကျောင်းတိုက်ကြီးမှ သတင်းရရှိပါသည်။

မောင်ယဉ်ဦး(နေဖြူ)

---

## အလှူဒါနပြုကြသူဌာ မဟာစည်ရိပ်သာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်-၁၆၊ သာသနာ့ရိပ်သာလမ်းရှိ မဟာစည် သာသနာ့ရိပ်သာကြီးတွင် တန်ခူးလဆန်း ၂ ရက်(၉-၄-၂၀၁၆)နေ့က အရုဏ်ဆွမ်း၊ နေ့ဆွမ်း အလှူဒါန်များ ပြုခဲ့ကြသည်။

ဘုရားသိမ်ကျောင်း ရဟန်းဒါယကာကြီး၊ မဟာစည်သာသနာ့ရိပ်သာကြီး၏ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် ဥက္ကဋ္ဌကြီး(ဦးလှကြိုင်)အား ရည်စူး၍ အမှတ်-၂/၂-က ကုန်းမြင့်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်မှ သူ၏ မိသားစုတို့က သင်္ကြန်အကြိုကာလတွင် မွန်မြတ်သော ဆွမ်းကျွေးအလှူဒါန ပြုခဲ့ကြခြင်း ဖြစ်ပါသည်။

အရုဏ်ဆွမ်းကို ၅၅၄၀၀ဝိ/- ကုန်ကျခဲ့ပြီး နေ့ဆွမ်း ကျွေးရာတွင် ၁၅၈၆၀၀ဝိ/- ကုန်ကျခဲ့ကြောင်း သိရှိရပါသည်။

အခါကြီးရက်ကြီး မြန်မာ့နှစ်သစ်မင်္ဂလာ အကြိုကာလတွင် ယခုကဲ့သို့ မွန်မြတ်သော အလှူဒါနပြုလုပ်ခြင်းအတွက် သာဓုခေါ်ဆိုနေကြပါသည်။


"တိရစ္ဆာန်မှာ ဆတစ်ရာ၊ လူမှာ ဌာစ်ထောင်မျှ သီလမဲ့သူ တစ်ထောင်ယှဉ်၊ သီလရှိ တစ်သိန်းမျှ၊ အရိယာမှာ သင်္ချေရာမှတ်ပါ အကျိုးရ" ဟု ဆိုထားရာ မဟာစည်ရိပ်သာ တရားကျင့်ကြံ အားထုတ်နေကြသူများအတွက် လှူဒါန်းမှုသည် မည်မျှ ကြီးမြတ်သော အလှူဖြစ်ကြောင်း အားလုံးသိရှိနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါ၏။

တက္ကသိုလ်စိုးယဉ်

www.burmeseclassic.com

www.burmeseclassic.com

## ရွှေတောင်ကုန်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ခန္ဓာဝန် ချတော်မူ



ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား၊ သံလွင်လမ်းရှိ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၏ ဦးစီးပဓာန နာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော် "ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ"သည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် (၁၆-၄-၂၀၁၆)နေ့ မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ခန္ဓာဝန်ချ ပျံလွန်တော်မူပါသည်။

ဆရာတော်ကြီးသည် သက်တော် ၉၅ နှစ်၊ သိက္ခာတော် ၇၅ ဝါ အရတွင် ပျံလွန်တော်မူပြီး အန္တိမဈာပနသာဓုကီဠနပူဇာသဘင်ကို ၁၃၇၈-ခုနှစ်၊ တန်ခူးလပြည့်(၂၂-၄-၂၀၁၆)နေ့ မွန်းတည့် ၁၂ နာရီ၌ ပဲခူးမြို့ သဲဖြူချောင်း ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းတောစခန်းရိပ်သာ၌ ကျင်းပခဲ့ကြသည်။

ဆရာတော်၏ ရုပ်ကလာပ်တော်အား ပဲခူးမြို့ ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမတောစခန်းရိပ်သာတွင် အန္တိမဈာပန မီးသင်္ဂြိုဟ်ပြီး ကျန်ရှိခဲ့သော အရိုးပြာများကို ရေမျှောခြင်း ပြုလုပ်မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

---

## မြန်မာ့တိုင်းရင်းသမားတော်နေ့ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းရင်းသမားတော်များအဖွဲ့မှ ကြီးမှူး၍ တိုင်းရင်းသမားတော်များနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ စုပေါင်းကာ ၁၃၇၇-ခု တပေါင်းလပြည့်နေ့၌ ဒုတိယအကြိမ်မြောက် သမားတော်နေ့ကို ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဂွမ်းလမ်းရှိ အသင်းတိုက်တွင် ကျင်းပခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးမှ တိုင်းရင်းသမားတော်များနှင့် ဆေးဝါးထုတ်လုပ်သူများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံ တိုင်းရင်းသမားတော်အသင်း(ဗဟို)မှ ဥက္ကဋ္ဌကြီး ဦးသန်းညွှန့်မှ အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဆရာကြီး ဦးသောင်းနိုင်မှ သမားတော်နေ့ သတ်မှတ်ကျင်းပရခြင်းအကြောင်း ပြောကြားပါသည်။ ထို့နောက် ယခင် ဗဟိုသမားတော်အသင်း ဥက္ကဋ္ဌဟောင်း ဆရာကြီး ဦးမောင်ဉာဏ်မှ မှဒိတာစကား မြွက်ကြားပါသည်။ ၎င်းနောက် သက်ကြီးသမားတော်ကြီးများအား ကန်တော့၍ လှူဖွယ်ပစ္စည်းများ ပေးအပ်ပြီး နေ့လယ် ၁၁း၃၀ နာရီတွင် အခမ်းအနား ပြီးဆုံးခဲ့ပါသည်။

ဒေါက်တာသက်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



# ဆရာမ ဒေါက်တာစောယုနွယ် နှင့် ခုနစ်ရက်သားသမီးများ၏ နှစ်သစ်ကူး ပရဟိတအလှူနှင့် ခေါင်းဆေးမင်္ဂလာ



ဆရာမ ဒေါက်တာစောယုနွယ်နှင့် ခုနစ်ရက်သားသမီးများ၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော နှစ်သစ်ကူးအါန ဖြစ်သည့် ဘေးမဲ့လွှတ်ခြင်း၊ ဆန်၊ ဆီ၊ ငရုတ်၊ စားသောက် ဖွယ်များနှင့် အဝတ်အထည်များ လှူဒါန်းခြင်း၊ ခုနစ်ရက် သားသမီးများ တစ်နှစ်ပတ်လုံး ဘုန်းကံမြင့်မား ဝင်ငွေ တိုးပွားစေရန် ရေမြန်မာ့ရိုးရာ အစီအစဉ်ဖြစ်သော ခေါင်း ဆေးမင်္ဂလာကို (၁၇-၄-၂၀၁၆)တနင်္ဂနွေနေ့၊ ၁၃၇၈-ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့ နံနက် ၈ နာရီတွင် ဆရာမ ဒေါက်တာစောယုနွယ်၏ နေအိမ်ဖြစ်သော အမှတ်-၂၀၅-က၊ ပိတောက်(၅)လမ်း၊ မြို့သစ်(၈)ရပ်ကွက်၊ ဘုရင့် နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထိုနေ့တွင် စတုဒိသာကျွေးခြင်း၊ ဘေးမဲ့လွှတ် ခြင်း၊ ဆန်၊ ဆီ၊ ငရုတ်၊ စားသောက်ဖွယ်များနှင့် အဝတ် အထည်များ လှူဒါန်းခြင်း၊ ခုနစ်ရက်သားသမီးနေ့နံ မင်္ဂလာအချိန်တွင် ခေါင်းဆေးမင်္ဂလာစီရင်ခြင်းနှင့် ပရဟိတဂေဟာများသို့ လှူဒါန်း ခြင်းများလည်း ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

(၁၁-၄-၂၀၁၆)တနင်္လာနေ့တွင် ကျောက်ဆင်တောရ ဆရာတော်အား သိင်္ကန်ထပ်၍ သံဃာအပါး(၃၀၀)အား ဆွမ်း လောင်းလှူခဲ့ကြောင်းလည်း သိရှိရပါသည်။





www.burmeseclassic.com

www.burmeseclassic.com

## ဆရာမကြီး ယောဂီနန္ဒမာလာ ဦးဆောင်ကျင်းပသော သိင်္ကန်ထပ်နှင့် ရှင်(၁၀၈)ပါး အလှူတော်မင်္ဂလာ



နယ်လှည့်သာသနာပြုနေသော ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်၊ တန်ဆောင်းဒါယိကာမကြီး ဆရာမကြီး ယောဂီနန္ဒမာလာ ဦးဆောင် ကျင်းပသော သိင်္ကန်ထပ်နှင့် ရှင်(၁၀၈)ပါး အလှူတော်မင်္ဂလာကို ဂန့်ဂေါမြို့နယ်၊ နှမ်းခါးကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

(၈-၄-၂၀၁၆)သောကြာနေ့ မွန်းတည့် ၁၂ နာရီတွင် ဆရာမကြီး၏ နေအိမ်ဖြစ်သော ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၂)၊ အမှတ်(R-5B)မှ ကားလေးစီးဖြင့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်သို့ စတင်ထွက်ခွာခဲ့ကြပါသည်။ လိုက်ပါလာကြသူ ဧည့်ပရိသတ်အပေါင်းအား ခရီးစဉ်တစ်လျှောက် အစားအသောက်ကိစ္စများအားလုံးကို ဆရာမကြီးမှ ကျွေးမွေးခဲ့ပါသည်။

အနန္တော အနန္တငါးပါးနှင့်တကွ သံသရာဘဝပေါင်း များစွာက တော်စပ်ခဲ့ကြသော ဆွေတော်ရှစ်သောင်း၊ မျိုးတော်အပေါင်းတို့အား ဦးထိပ်ထားလျက် ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်ကြီး၏ ဝိဇ္ဇာဓာတ်ဖြင့် ဆရာမကြီး ယောဂီနန္ဒမာလာမှ ဦးဆောင်ကျင်းပသော သိင်္ကန်ထပ်နှင့် ရှင်(၁၀၈)ပါး ရှင်ပြုအလှူတော်မင်္ဂလာပွဲကြီးတွင် ကြွရောက်လာကြသော ဧည့်ပရိသတ်များကို နံနက်ပိုင်းတွင် ထမင်းကျွေးမွေးပြီး ညနေပိုင်းတွင် ရန်ကုန်မှ အလှူရှင်များနှင့် တပည့်သာဝကများကို ဆရာမကြီးမှ ဦးဆောင်၍ ကျောက်ဂူတောရ ဆရာတော်အား ဖူးမြော်ရန် လိုက်ပါပို့ဆောင်ပေးပါသည်။ ညပိုင်းတွင် အလှူတော်မင်္ဂလာ ဆိုင်းဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေပါသည်။

(၁၀-၄-၂၀၁၆)ရက်နေ့ ညတွင် ဆရာမကြီး ယောဂီနန္ဒမာလာမှ နှမ်းခါးရွာ ဆရာတော်၊ ကျေးရွာလူကြီးများ၊ ဖြူစင်မေတ္တာ နာရေးကူညီမှုအသင်းမှ လူကြီးများကို တွေ့ဆုံပြီး ဆရာမကြီးနှင့် တပည့်သာဝကများမှ ဖြူစင်မေတ္တာ နာရေးကူညီမှု အသင်းအတွက် အလှူငွေ ငါးသိန်းကျပ်ကို ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းခဲ့ကြောင်းလည်း သိရှိရသည်။

နောက်တစ်နေ့နံနက်တွင် နှမ်းခါးဆရာတော် ဘဒ္ဒန္တ သုမန(သာသနဓဇ ဓမ္မာစရိယ)အား သိင်္ကန်ထပ်မင်္ဂလာ ဆင်ယင်ကျင်းပပါသည်။ ကြွရောက်လာကြသော ဧည့်ပရိသတ်များကို ဆရာမကြီး ယောဂီနန္ဒမာလာမှ ယပ်တောင်၊ ပဌာန်းစာအုပ်၊ ဂျာနယ်၊ ဝင်းပအိမ်ကြွာ သီချင်းခွေ စသည့် ပစ္စည်းများ လှူဒါန်းပေးခဲ့ကြောင်း သိရှိရပါသည်။

ဦးသန့်(လာဘ်မိုးရွှေ)

## ဆရာမကြီး ယောဂီနန္ဒမာလာ ၏ ဒုတိယအကြိမ် ဗုဒ္ဓဂယာ မဟာကံထူးရှင် ရွေးချယ်ပွဲ

အဘဘိုးတော်အောင်မင်းခေါင်ကြီး၏ (၆၄)ကြိမ်မြောက် မဟာထွက်ပွဲ၊ အောင်ပွဲ၊ အကြိုပူဇော်ပွဲကြီး အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဂယာသို့ ဒုတိယအကြိမ် နယ်လှည့်သာသနာပြု ကောင်းမှုရှင် ဆရာမကြီး ယောဂီနန္ဒမာလာ၏ မဟာကံထူးရှင် (၆၅)ဦး ရွေးချယ်ပွဲကြီးကို တော်သလင်းလပြည့်ကျော်(၁)ရက်နေ့ (၁၇-၉-၂၀၁၆)စနေနေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

နန္ဒာမာလာ သင်္ကန်း(၁)စုံ ဝယ်လျှင် ကံစမ်းမဲ(၁)စောင် ချီးမြှင့်ပါမည်။ သင်္ကန်း(၁)စုံကို ၁၅၀၀၀ ကျပ် ဖြစ်ပါသည်။(ကံစမ်းမဲကတ်ပြားပေါ်တွင် ဆရာမကြီး ယောဂီနန္ဒမာလာ၏ မှရင်းလက်မှတ် ပါဝင်မှသာ အသိအမှတ်ပြုပါမည်)

www.burmeseclassic.com

www.burmeseclassic.com





စိတ်သွားတိုင်းကိုယ်ပါ လိုရာ ဆန္ဒ ပြည့်ကြပါစေလို့ ဆုပေးစကား ရှိပါသည်။

စိတ်ထဲက တောင့်တလိုက်တိုင်း အရာဟူသမျှ ပြည့်စုံရမည့်သဘော ရှိပါသည်။

အိမ်လိုချင်ရင် အိမ်ဖြစ်ရမည်။
စိန်လိုချင်ရင် စိန်ဖြစ်ရမည်။

ချစ်တဲ့ရည်းစား စွဲလန်းကြတော့ အမှန်ကေန် ရရမယ်ဆိုသော စာသားသည်လည်း စိတ်ကူးလိုက်တိုင်း ရရစေမည့်ဆိုသောသဘော ရှိပါသည်။

ထို့ကြောင့် ထိုလိုချင်သော စိတ်များကို ဖြူစင်စွာ ထားနိုင်မည် ဆိုပါလျှင် • • •



www.burmeseclassic.com